စတော့အိပ်ချိန်း စာရင်းတင်သွင်းရန် ဖွင့်ဟဖော်ထုတ်ချက်စာတမ်း

မြန်မာနိုင်ငံသားများဘဏ် လီမိတက်
(ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ ၂၇၄/၁၉၉၁-၉၂)

ဤဖွင့်ဟဖော်ထုတ်ချက်စာတမ်းသည် မြန်မာနိုင်ငံ၏ ပြင်ပတွင် ဖြန့်ဝေရန် မဟုတ်ပါ။ ဤစာတမ်းတွင် ဖော်ပြထားသော အစုရှယ်ယာများကို မြန်မာနိုင်ငံ အတွင်းဌာန လည်းကောင်း၊ မြန်မာနိုင်ငံသားနှင့် မြန်မာကုမ္ပဏီတို့ကသာ လည်းကောင်း ဝယ်ယူခြင်း၊ ရောင်းချခြင်း ပြုနိုင်ပါသည်။

၂၀၁၆-ခုနှစ် သြဂုတ်လ ၁၂

သို့

ရန်ကုန်စတော့အိပ်ချိန်း ဖက်စပ် ကုမ္ပဏီ လီမိတက်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

ကုမ္ပဏီအမည်	-	မြန်မာနိုင်ငံသားများဘဏ် လီမိတက်
ကုမ္ပဏီ၏ ကိုယ်စားလှယ်	-	ဦးမြင့်ဝင်း၊ မန်နေးဂျင်းဒါရိုက်တာ
တင်သွင်းသည့် ရက်စွဲ	-	၂၀၁၆-ခုနှစ် သြဂုတ်လ ၁၂ ရက်
ကုမ္ပဏီလိပ်စာ	-	အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်။
ဆက်သွယ်ရန် ပုဂ္ဂိုလ်	-	ဒေါ်ဆွေဆွေမြင့် အထွေထွေမန်နေဂျာ (ဘဏ္ဍာရေးဌာန)
ဆက်သွယ်ရန် လိပ်စာ	-	အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်။
ဖုန်း၊ ဖက်စ်နံပါတ်များနှင့် အီးမေးလ်လိပ်စာ		+၉၅ (၁) ၂၅၀၂၀၉ (ဖုန်း) +၉၅ (၁) ၂၄၅၅၃၂ (ဖက်စ်) <admin@mcb.com.mm>
ကုမ္ပဏီ ၏ ဥပဒေရေးရာ အကြံပေး ပုဂ္ဂိုလ်	-	Allen & Gledhill (Myanmar) Co., Ltd အမှတ် ၀၅-၀၃၊ Union Business Centre (UBC)၊ နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံတော်။
ကုမ္ပဏီ၏ ဘဏ္ဍာရေး အကြံပေး ပုဂ္ဂိုလ်	-	Myanmar Securities Exchange Centre Co., Ltd မြန်မာ့စီးပွားရေးဘဏ် (ရန်ကုန်တိုင်းဒေသကြီး) ပထမထပ်၊ အမှတ် ၂၁-၂၅၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့ နယ်၊ ရန်ကုန် တိုင်းဒေသကြီး ၊ မြန်မာနိုင်ငံတော်။
ကုမ္ပဏီ၏ စာရင်းစစ်	-	ဦးမောင်မောင်အောင် U Hla Tun and Associates, Limited အမှတ် ၆၄ (ဘီ)၊ ပထမထပ်၊ ရွှေဂုဏ်ပလာဇာ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံတော်။

<u>စတော့အိပ်ချိန်း စာရင်းတင်သွင်းခြင်း</u>

ငွေချေးသက်သေခံလက်မှတ် အမျိုးအစား	-	သာမန် အစုရှယ်ယာများ
စတော့အိပ်ချိန်း အမည်	-	ရန်ကုန်စတော့အိပ်ချိန်း (Yangon Stock Exchange)
ဤဖွင့်ဟဖော်ထုတ်ချက်စာတမ်းကို အများပြည်သူသို့ ပြသထားမည့် နေရာ	-	မြန်မာနိုင်ငံသားများဘဏ် လီမိတက် အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်။ မြန်မာနိုင်ငံတော်သားများဘဏ်၏ ဝက်ဘ်ဆိုက် ဖြစ်သည့် http://www.mcb.com.mm တွင်လည်း ကြည့်ရှုနိုင်ပါသည်။

စတော့အိပ်ချိန်း စာရင်းတင်သွင်းခြင်း ဆိုင်ရာ ဤဖွင့်ဟဖော်ထုတ်ချက်စာတမ်းဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများတွင် ထည့်ဝင်ရန် သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာများကို ရောင်းချရန် ကမ်းလှမ်းခြင်း မပြုပါ။

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
၁။ အဓိပ္ပာယ် ဖွင့်ဆိုချက်များ	5
၂။ စတော့အိပ်ချိန်းဝင်နိုင်ရန် ဆောင်ရွက်မှု အကျဉ်းချုပ်	6
၃။ ရွေးချယ်ထားသော ဘဏ္ဍာရေးအချက်အလက်များ	9
၄။ စတော့အိပ်ချိန်း စာရင်းသွင်းခြင်း ဆိုင်ရာ သတင်းအချက်အလက်များ	11
၅။ ဆုံးရှုံးနိုင်ခြေ အကြောင်းရင်းများ	14
၆။ လုပ်ငန်းနယ်ပယ်ဆိုင်ရာ သတင်းအချက်အလက်များ	25
၇။ အစုရှယ်ယာ ထုတ်ဝေသူ အကြောင်းအရာ	36
၈။ စီမံအုပ်ချုပ်ရေးအဖွဲ့မှ လုပ်ငန်း အခြေအနေ သုံးသပ်တင်ပြချက်	79
၉။ အစုရှယ်ယာထုတ်ဝေသူ၏ စီမံခန့်ခွဲမှု၊ အစုရှယ်ယာရှင်များ နှင့် အစုရှယ်ယာများ ဆိုင်ရာအကြောင်းအရာ ဒါရိုက်တာအဖွဲ့ဝင်များ	94
၁၀။ ဆက်နွယ်နေသူနှင့် ပတ်သက်သော ဆောင်ရွက်ချက်ကိစ္စများ (RELATED PARTY TRANSACTIONS)	139
၁၁။ ဘဏ္ဍာရေး သတင်းအချက်အလက်များ	150
၁၂။ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် အစုရှယ်ယာစျေးကွက်	151
၁၃။ သက်ဆိုင်သောမြန်မာနိုင်ငံဥပဒေများနှင့် စည်းမျဉ်းများ အနှစ်ချုပ်	158
၁၄။ အခွန်အခများ	165
၁၅။ အခြား သတင်းအချက်အလက်များ	167
နောက်ဆက်တွဲ (၁) ၂၀၁၅-ခုနှစ် မတ်လ ကုန်ဆုံးသော ဘဏ္ဍာနှစ် အတွက် စာရင်းစစ် စစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ	168
နောက်ဆက်တွဲ (၂) ၂၀၁၆-ခုနှစ် မတ်လ ကုန်ဆုံးသော ဘဏ္ဍာနှစ် အတွက် စာရင်းစစ် စစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ	169

၁။ အဓိပ္ပာယ် ဖွင့်ဆိုချက်များ

ဤ "**ကုမ္ပဏီ**"၊ "**ကျွန်ုပ်တို့ ကုမ္ပဏီ**"၊ ကျွန်ုပ်တို့ "**ဘဏ်**"၊ "**MCB**" နှင့် အလားတူ	-	မြန်မာနိုင်ငံသားများဘဏ် လီမိတက် (Myanmar Citizens Bank Limited)
"**မြန်မာနိုင်ငံတော်ဗဟိုဘဏ်** "	-	မြန်မာနိုင်ငံတော် ဗဟိုဘဏ် (Central Bank of Myanmar)
"**DICA**"	-	ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (Directorate of Investment and Company Administration)
"**YSX**"	-	ရန်ကုန် စတော့အိပ်ချိန်း (Yangon Stock Exchange)
"**ဘဏ္ဍာနှစ်**" ၊ "**FY**"	-	ဘဏ္ဍာနှစ် (နှစ်တစ်နှစ်၏ ဧပြီလ ၁-ရက်နေ့တွင် စတင်ကာ နောင်ကပ်လျက် နှစ်၏ မတ်လ ၃၁-ရက်နေ့တွင် အဆုံးသတ်သည်)
"**ဒါရိုက်တာများအဖွဲ့**"	-	မြန်မာနိုင်ငံသားများဘဏ် လီမိတက်၏ ဒါရိုက်တာများအဖွဲ့ (Board of Directors of MCB)
"**ဒါရိုက်တာ**"	-	MCB ၏ ဒါရိုက်တာ
"**ဖွင့်ဟဖော်ထုတ်ချက်စာတမ်း**"	-	၂၀၁၆-ခုနှစ် သြဂုတ်လ ၁၂ ရက်စွဲပါ ဤ ဖွင့်ဟဖော်ထုတ်ချက်စာတမ်း
"**ဘဏ္ဍာရေးအကြံပေးပုဂ္ဂိုလ်**" ၊ "**MSEC**"	-	Myanmar Securities Exchange Centre Co., Ltd.
"**GDP**"	-	စုစုပေါင်း ပြည်တွင်း ထုတ်ကုန် (Gross Domestic Product)
"**Latest Practicable Date**"	-	31 March 2016
"**စာရင်းတင်သွင်းခြင်း**"	-	YSX တွင် ကုမ္ပဏီ၏ အစုရှယ်ယာများကို တရားဝင် စာရင်းတင်သွင်းခြင်း
"**အစုရှယ်ယာရှင်**"	-	ကုမ္ပဏီတွင် အစုရှယ်ယာ ပိုင်ဆိုင်သူ
"**အစုရှယ်ယာများ**"	-	ကုမ္ပဏီ၏ သာမန် အစုရှယ်ယာများ
"**ကျပ် / Ks** "	-	ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သုံး ငွေကြေး အမျိုးအစား
"**USD/US$**"	-	အမေရိကန်ဒေါ်လာ (American Dollar)
"**EUR**"	-	ဥရောပသုံး ငွေကြေးအမျိုးအစား (European Currency)
"**SGD**"	-	စင်ကာပူဒေါ်လာ (Singapore Dollar)

၂။ စတော့အိပ်ချိန်းဝင်နိုင်ရန် ဆောင်ရွက်မှု အကျဉ်းချုပ်

ရင်းနှီးမြှုပ်နှံလိုသူတို့ အတွက် အသိပေး အကြောင်းကြားချက်

ကျွန်ုပ်တို့ ကုမ္ပဏီ၏ လက်ရှိ ထုတ်ဝေထားပြီး ဖြစ်သော အစုရှယ်ယာများ အားလုံးကို ရန်ကုန် စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းနိုင်ရန် ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်းအား ပြုစုရေးဆွဲထားခြင်း ဖြစ်ပြီး၊ ကုမ္ပဏီ၏ အသစ် ထုတ်ဝေမည့် အစုရှယ်ယာများကို ဝယ်ယူရန် ဤစာတမ်းဖြင့် အများပြည်သူထံ ဖိတ်ခေါ်ခြင်း၊ ကမ်းလှမ်းခြင်း မပြုပါ။ ကုမ္ပဏီ၏ အစုရှယ်ယာများကို မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံတော်တွင် မှတ်ပုံတင်ထားပြီး မြန်မာနိုင်ငံသားများ အပြည့်အဝ ပိုင်ဆိုင်သော ကုမ္ပဏီများကသာ ဝယ်ယူခြင်း၊ ရောင်းချခြင်း ပြုနိုင်ပါသည်။

ကုမ္ပဏီ၏ ဒါရိုက်တာများက စတော့အိပ်ချိန်းတွင် စာရင်းသွင်းရန် ဤ ဖွင့်ဟဖော်ထုတ်ချက် စာတမ်းကို သဘောတူပြီး ဖြစ်သည်။ ဒါရိုက်တာ တစ်ဦးချင်းစီက ဤစာတမ်းပါ အချက်အလက်များ၏ တိကျမှန်ကန်မှုနှင့် ပြည့်စုံမှုကို တာဝန်ခံသည်။ ဒါရိုက်တာ တစ်ဦးချင်းစီက လက်တွေ့ကျသော မေးမြန်းစုံစမ်းမှုများ ပြုလုပ်ပြီးနောက် ၎င်းတို့၏ အကောင်းဆုံး အသိပညာ၊ ယုံကြည်မှုတို့ အရ ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်းတွင် မှားယွင်းသော သို့မဟုတ် ထင်ယောင်ထင်မှား ဖြစ်စေသော ထုတ်ပြန်ချက် မပါရှိကြောင်း၊ ဤစာတမ်းတွင် ထည့်သွင်းရန် ပျက်ကွက်မှုကြောင့် မှားယွင်းစေသော သို့မဟုတ် ထင်ယောင်ထင်မှား ဖြစ်စေသော အခြား အချက်အလက်များ မရှိကြောင်း တာဝန်ခံသည်။

YSX အနေဖြင့် စတော့အိပ်ချိန်း စာရင်းသွင်းခြင်းကို လည်းကောင်း၊ ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်းကို လည်းကောင်း မူအားဖြင့် သဘောတူပြီး ဖြစ်ပါသည်။ YSX က ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်းကို မှတ်ပုံတင်ခြင်းနှင့် သဘောတူခြင်းတို့ကြောင့် စတော့အိပ်ချိန်း စာရင်းသွင်းရန် လိုအပ်သော ဥပဒေ စည်းမျဉ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မှု ပြီးပြည့်စုံပြီ ဟူ၍ သော်လည်းကောင်း၊ YSX က (က) ကမ်းလှမ်းသော အစုရှယ်ယာများကို ဝယ်ယူရန် ထောက်ခံသည်၊ (ခ) ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်းတွင် ပါရှိသော သတင်း အချက်အလက်၊ ယူဆချက်နှင့် ထုတ်ပြန်ချက်တို့၏ တိကျမှန်ကန်မှု အတွက် တာဝန်ယူသည်၊ (ဂ) ရင်းနှီးမြှုပ်နှံသူတို့ အပေါ် ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်းတွင် ပါရှိသော သတင်း အချက်အလက်တို့နှင့် ပတ်သက်၍ ကျရောက်သော တစ်စုံတစ်ရာ ဆုံးရှုံးမှုတို့ အတွက် တာဝန်ယူသည် ဟူ၍ သော်လည်းကောင်း **<u>အဓိပ္ပာယ် မသက်ရောက်ပါ။</u>**

စတော့အိပ်ချိန်း စာရင်းသွင်းခြင်း၏ ရည်ရွယ်ချက်နှင့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ၊ လူကြီးမင်း ၏ကိုယ်ပိုင် ငွေရေးကြေးရေး အခြေအနေ စသည်တို့အား လူကြီးမင်း ကိုယ်တိုင်၏ တန်ဖိုးဖြတ်မှုတို့ အပေါ် ယုံကြည်အားထားလျက် စာရင်းသွင်းခြင်းနှင့် စပ်လျဉ်းသော တိကျမှန်ကန်မှုနှင့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်တို့ကို လူကြီးမင်း ကိုယ်တိုင် သုံးသပ်သင့်သည်။ အကယ်၍ လူကြီးမင်း အနေဖြင့် ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်းနှင့် ပတ်သက်၍ သော်လည်းကောင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံရေးနှင့် ပတ်သက်၍ သော်လည်းကောင်း သံသယ တစ်စုံတစ်ရာ ရှိပါက ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်သည့် လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ် သို့မဟုတ် အကြံပေးပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အခြား ကျွမ်းကျင်သူ အကြံပေးပညာရှင်များနှင့် ဆွေးနွေး တိုင်ပင်သင့်သည်။

ဤဖွင့်ဟဖော်ထုတ်ချက်စာတမ်းအား ပေးပို့ခြင်းသည် လည်းကောင်း၊ ဤစာတမ်း အတွင်း တစ်စုံတစ်ရာ ကမ်းလှမ်းမှု၊ ရောင်းချမှု သို့မဟုတ် လွှဲပြောင်းမှု လုပ်ဆောင်ခြင်းသည် လည်းကောင်း၊ ဤစာတမ်း၏ ရက်စွဲ နောက်ပိုင်း မည်သည့် နေ့ရက်တွင် မဆို ဤစာတမ်း အတွင်း ထည့်သွင်းပါဝင်သော သတင်းအချက်အလက်အား မှန်ကန်ကြောင်း တင်ပြခြင်း ဟူ၍ ဖြစ်စေ၊ ဤစာတမ်း၏ ရက်စွဲ နောက်ပိုင်း၌ ကျွန်ုပ်တို့၏ ကိစ္စများ၊ အခြေအနေများ၊ မျှော်မှန်းချက်များ သို့မဟုတ် ကျွန်ုပ်တို့၏ အစုရှယ်ယာများ အပေါ် အရေးပါသည့်

အတိုင်းအတာဖြင့် မလိုလားအပ်သော ပြောင်းလဲမှု ဖြစ်စေရန် ကြောင်းကျိုးသင့်လျော်သည့် အခွင့်အလမ်း ရှိသော အပြောင်းအလဲ သို့မဟုတ် ဖြစ်ရပ် တစ်စုံတစ်ရာ ပေါ်ပေါက်ထားခြင်း မရှိကြောင်း တင်ပြခြင်း ဟူ၍ ဖြစ်စေ၊ အဓိပ္ပာယ် မည်သည့် အခြေအနေတွင်မျှ မသက်ရောက်ပါ။

ဤ ဖွင့်ဟဖော်ထုတ်မှု စာတမ်း၏ မိတ္တူကို မြန်မာနိုင်ငံသားများဘက် လီမိတက်၊ အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတွင် ရယူနိုင်ပါသည်။ ဖွင့်ဟဖော်ထုတ်မှု စာတမ်း မိတ္တူကို ကုမ္ပဏီ၏ ဝက်ဘ်ဆိုက် လိပ်စာ ဖြစ်သော http://www.mcb.com.mm တွင်လည်း ရယူနိုင်ပါသည်။

မသက်ဆိုင်ကြောင်း ရှင်းလင်းချက်

ဤ ဖွင့်ဟဖော်ထုတ်ချက် စာတမ်းတွင်ပါဝင်သည့် အကြောင်းအရာများကို ကုမ္ပဏီထံမှ လည်းကောင်း၊ ကုမ္ပဏီက ယုံကြည် စိတ်ချရသည်ဟု ထင်သော အခြား ဖစ်မြစ်များမှ လည်းကောင်း ရရှိသည့် သတင်းနှင့် အချက်အလက်များတွင် အခြေခံထားသည်။ ကုမ္ပဏီ၏ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ အကြံပေးသူများ အနေဖြင့် အဆိုပါ သတင်းအချက်အလက်များ၏ တိကျမှု သို့မဟုတ် ပြီးပြည့်စုံမှုတို့နှင့် စပ်လျဉ်း၍ မည်သည့် ကိုယ်စားပြုခြင်း သို့မဟုတ် အာမခံခြင်းကိုမျှ အတိအလင်း သော်လည်းကောင်း အရိပ်အမြွက်အားဖြင့် သော်လည်းကောင်း မပြုလုပ်ပါ။ ဤ ဖွင့်ဟဖော်ထုတ်ချက်စာတမ်းတွင် ပါဝင်သည့် မည်သည့်အရာကိုမျှ ကုမ္ပဏီ၏ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ အကြံပေးသူများက ကတိကဝတ်ပြုမှု၊ တာဝန်ယူမှု သို့မဟုတ် ကိုယ်စားပြုမှု တစ်ရပ်ဟု မှတ်ယူခြင်း သို့မဟုတ် ယုံကြည်အားထားခြင်း မပြုရပါ။ ဤ ဖွင့်ဟဖော်ထုတ်ချက် စာတမ်းတွင် ပါဝင်သော သို့မဟုတ် မှီငြမ်း ကိုးကားထားသော သတင်း အချက်အလက်များ၏ တိကျမှုနှင့် ပြီးပြည့်စုံမှု အတွက် ဘဏ္ဍာရေး အကြံပေးသူများက သော်လည်းကောင်း၊ ဥပဒေရေးရာ အကြံပေးသူများက သော်လည်းကောင်း တစ်စုံတစ်ရာ တာဝန်ယူခြင်း သို့မဟုတ် တာဝန်ခံခြင်း မရှိပါ။

ဤ ဖွင့်ဟဖော်ထုတ်ချက်စာတမ်းကို လက်ခံရရှိ သို့မဟုတ် ကြည့်ရှုသူ တစ်ဦးချင်းစီ အနေဖြင့် ၎င်း၏ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ဆုံးဖြတ်ချက် သို့မဟုတ် ဤစာတမ်းပါ အချက်အလက်များ၏ တိကျမှုနှင့် ပြီးပြည့်စုံမှုတို့အား စုံစမ်း စစ်ဆေးခြင်းနှင့် ဆက်စပ်၍ ကုမ္ပဏီ၏ ဘဏ္ဍာရေး သို့မဟုတ် ဥပဒေဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ သို့မဟုတ် ထို အကြံပေးပုဂ္ဂိုလ်များနှင့် တွဲဖက် လုပ်ကိုင်သော တစ်ဦးတစ်ယောက် အပေါ် ယုံကြည်အားထားမှု မပြုခဲ့ပါဟု ဝန်ခံ အသိအမှတ်ပြုသည်။ ကုမ္ပဏီ၏ ဘဏ္ဍာရေး သို့မဟုတ် ဥပဒေဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ အနေဖြင့် အဆိုပါ စာတမ်း လက်ခံရရှိ သို့မဟုတ် ကြည့်ရှုသူအား အစုရှယ်ယာများ ဝယ်ယူခြင်း သို့မဟုတ် အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ထည့်ဝင်ခြင်း၊ တရားဝင်ခြင်း တို့နှင့် ပတ်သက်၍ မည်သည့် ကိုယ်စားပြု မှုမျှ မပြုလုပ်ပါ။

အနာဂတ် မြော်မြင် ထုတ်ပြန်ချက်များ

ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်းတွင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း၊ နှင့် မဟာဗျူဟာမြောက် အကြိုဆောင်ရွက်ချက်များ အကောင်အထည်ဖော်ခြင်းတို့တွင် ကြုံတွေ့ရမည့် အန္တရာယ်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်များ သာမက၊ ကျွန်ုပ်တို့၏ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဏ္ဍာရေး ဆောင်ရွက်ချက်တို့နှင့် စပ်လျဉ်းသော အခြား ထုတ်ပြန်ချက်များ အပါအဝင်၊ အနာဂတ် ကိစ္စရပ်များ၊ အနာဂတ် ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်မှု ဆိုင်ရာ စွမ်းဆောင်ရည်များနှင့် စပ်လျဉ်း၍ လက်ရှိ ရှုထောင့်များကို ထင်ဟပ်စေမည့် အနာဂတ် မြော်မြင် ထုတ်ပြန်ချက်များ ပါဝင်ပါသည်။ "ယူဆသည်" ၊ "ကြိုတင်တွက်ချက်သည်"၊ "ခန့်မှန်းသည်" ၊ "မျှော်လင့်သည်" ၊ "ကြိုတင်မျှော်မှန်းသည်" ၊ "ယုံကြည်သည်" ၊ "စီစဉ်ထားသည်" ၊ "ရည်ရွယ်သည်" ၊ "(ဖြစ်)နိုင်သည်" ၊ "(ဖြစ်)နိုင်ခြေရှိသည်" ၊ "(ဖြစ်)လာလိမ့်မည်" ၊ "(ဖြစ်လာ)နိုင်သည်" ၊ "(ဖြစ်သွား)နိုင်သည်" ၊ "(ဖြစ်)သင့်သည်" သို့မဟုတ် ၎င်း စာသား တစ်ခုစီ အတွက် သက်ဆိုင်ရာ ဆန့်ကျင်ဘက် စာသား သို့မဟုတ် ပုံစံကွဲများ သို့မဟုတ် အလားတူ ဝေါဟာရတို့ အပါအဝင် အနာဂတ် အတွက် မြော်မြင်ခြင်း

ဆိုင်ရာ ဝေါဟာရများကို အသုံးပြုထားပါသည်။ ၎င်း အနာဂတ် မြော်မြင် ထုတ်ပြန်ချက်များသည် အတိတ်က ပေါ်ပေါက်ထားပြီးသား မှန်ကန်ချက်များ မဟုတ်ပါ။ ၎င်းတို့ကို ဤ ဖွင့်ဟဖော်ထုတ်ချက်စာတမ်း၏ နေရာအနှံ့အပြားတွင် တွေ့နိုင်ပြီး၊ ဘဏ္ဍာရေး အနေအထား၊ လုပ်ငန်းဆောင်ရွက်မှု ရလဒ်၊ ငွေကြေး လွယ်ကူမှု၊ အလားအလာ၊ တိုးတက်မှု၊ မဟာဗျူဟာနှင့် ကုမ္ပဏီ ပါဝင် လုပ်ကိုင်နေသော လုပ်ငန်းနယ်ပယ် စသည်တို့နှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်၊ ယုံကြည်ချက် သို့မဟုတ် လက်ရှိ မျှော်လင့်ချက်တို့ အပေါ် ထုတ်ပြန်ချက်များ ပါဝင်ပါသည်။

အနာဂတ် မြော်မြင် ထုတ်ပြန်ချက်များသည် အနာဂတ် လုပ်ငန်း စွမ်းဆောင်ရည် အတွက် အာမခံချက်များ မဟုတ်ကြောင်း၊ ကုမ္ပဏီ၏ အမှန်တကယ် ဘဏ္ဍာရေး အနေအထား၊ လုပ်ငန်းဆောင်ရွက်မှု ရလဒ်၊ ငွေကြေးလွယ်ကူမှုနှင့် ကုမ္ပဏီ ပါဝင် လုပ်ကိုင်နေသော လုပ်ငန်းနယ်ပယ်၏ ဖွံ့ဖြိုးတိုးတက်မှုတို့သည် ဤ ဖွင့်ဟဖော်ထုတ်ချက် စာတမ်း အတွင်းမှ အနာဂတ် မြော်မြင် ထုတ်ပြန်ချက်များ၏ တင်ပြချက်များ သို့မဟုတ် ထင်ကြေးပေးမှုများနှင့် များစွာ ခြားနားနိုင်ကြောင်း လူကြီးမင်းအား သတိပေးပါသည်။ အနာဂတ် မြော်မြင် ထုတ်ပြန်ချက်များတွင် အခြေခံထားသော ရည်ရွယ်ချက်၊ ယုံကြည်ချက် သို့မဟုတ် လက်ရှိ မျှော်လင့်ချက်တို့ လက်တွေ့ ဖြစ်လာလိမ့်မည်ဟု ကုမ္ပဏီက အာမမခံနိုင်ပါ။

ဖြန့်ဝေခြင်း

ဖွင့်ဟဖော်ထုတ်မှု စာတမ်းကို အီလက်ထရောနစ် ပုံစံဖြင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဝက်ဘ်ဆိုက် လိပ်စာ ဖြစ်သော http://www.mcb.com.mm တွင် ကြည့်ရှု သို့မဟုတ် ရယူနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူတို့ တောင်းဆိုပါက အီလက်ထရောနစ် ပုံစံဖြင့် ဖွင့်ဟဖော်ထုတ်မှု စာတမ်းကို အီးမေးလ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။ ဖွင့်ဟဖော်ထုတ်မှု စာတမ်းကို စက္ကူပေါ် ရိုက်နှိပ်ထားသည့် ပုံစံဖြင့် သော်လည်းကောင်း၊ အီလက်ထရောနစ် ပုံစံဖြင့် သော်လည်းကောင်း လက်ခံ ရရှိခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံသူသည် ယင်းစာတမ်း အတွင်း ပါရှိသော သို့မဟုတ် ဖော်ပြသော အကြောင်းကြားချက်၊ မသက်ဆိုင်ကြောင်း ရှင်းလင်းချက်၊ စည်းကမ်း သတ်မှတ်ချက်နှင့် ထုတ်ပြန်ချက် အားလုံးကို အသိအမှတ်ပြုကာ သဘောတူပြီး ဖြစ်သည်ဟု မှတ်ယူပါမည်။ အီလက်ထရောနစ် ပုံစံဖြင့် လက်ခံ ရရှိခြင်း ဆိုရာ၌ ကုမ္ပဏီ သို့တည်းမဟုတ် ကုမ္ပဏီ၏ ဘဏ္ဍာရေး သို့မဟုတ် ဥပဒေရေး အကြံပေးပုဂ္ဂိုလ်တို့က ဖြန့်ဝေ သို့မဟုတ် ပေးပို့သော အီးမေးလ်တွင် ပူးတွဲသည့် နည်းလမ်း အပါအဝင်နှင့် ယင်းချည်းသာ မကသော နည်းလမ်း တစ်ခုခုဖြင့် လက်ခံ ရရှိခြင်းကို ဆိုလိုသည်။ နောင်တွင် ရင်းနှီးမြှုပ်နှံသူအား ကြိုတင်၍ အသိမပေး အကြောင်းမကြားဘဲ ဤ ဖွင့်ဟဖော်ထုတ်မှု စာတမ်းကို ဖြစ်စေ၊ ယင်းပါ အချက်အလက် တစ်စုံတစ်ရာကို ဖြစ်စေ ပြုပြင် ပြောင်းလဲခွင့် ရှိကြောင်း ရင်းနှီးမြှုပ်နှံသူများအား သတိပေးအပ်ပါသည်။

၃။ ရွေးချယ်ထားသော ဘဏ္ဍာရေးအချက်အလက်များ

အောက် ဖော်ပြပါ ဘဏ္ဍာရေး အချက်အလက်များမှာ ၂၀၁၅-ခုနှစ် မတ်လ ၃၁-ရက်နှင့် ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်တို့တွင် အသီးသီး ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်များ အတွက် စာရင်းစစ် စစ်ဆေးပြီးသော ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းများမှ လည်းကောင်း၊ ရရှိသော အချက်အလက်များဖြင့် ရေးဆွဲ ထားခြင်း ဖြစ်ပါသည်။ ၎င်းတို့၏ မိတ္တူ များကိုနောက်ဆက် တွဲဇယား ၁၊ နှင့် ၂ တို့တွင် အသီးသီးတွေ့ရှိ နိုင်ပါသည်။ လူကြီးမင်း အနေဖြင့် ဤအချက်အလက်များကို "ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းလည်ပတ်မှု ရလဒ်များ အပေါ် ကုမ္ပဏီအုပ်ချုပ်သူတို့၏ ဆွေးနွေးချက်များနှင့် စိစစ်တွေ့ရှိချက်များ" နှင့် တကွ၊ ဤစတော့အိပ်ချိန်း စာရင်းသွင်းရန် ဖွင့်ဟဖော်ထုတ်ချက် စာတမ်းတွင် ပါဝင်သော ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘဏ္ဍာရေး စာရင်းချုပ်များ၊ သက်ဆိုင်ရာ မှတ်စုများနှင့် တွဲဖက်၍ ဖတ်ရှုသင့်ပါသည်။

ဘဏ္ဍာရေးရှင်းတမ်း ဆိုင်ရာ ဖော်ပြချက်

ကျပ်ထောင်ပေါင်း

	၃၁.၃.၂၀၁၆	၃၁.၃.၂၀၁၅
ရပိုင်ခွင့်များ		
မိမိဘဏ်ရှိ ငွေနှင့် အခြားဘဏ်များရှိ ငွေ	၄၀,၄၁၆,၅၉၉	၂၅,၅၉၇,၅၂၁
ချေးငွေနှင့် စာရင်းပို ထုတ်ချေးငွေ	၁၁၅,၂၇၅,၈၄၉	၈၇,၁၁၆,၇၈၀
ကြိုတင်ပေးငွေများနှင့် ရရန်ရှိငွေများ	၇,၅၆၉,၆၁၈	၆,၈၀၁,၇၃၈
ရင်းနှီးမြှုပ်နှံမှုများ	၅၀,၈၅၁,၇၉၃	၃၁,၆၂၀,၅၁၉
ပုံသေပိုင် ပစ္စည်းများ	၈,၀၅၆,၄၀၈	၅,၃၁၁,၃၄၄
စရိတ်-ရွှေ့ဆိုင်း	၅၈,၈၃၆	၁၃၆,၀၉၁
အာမခံခြင်း/လက်မှတ်ရေးထိုးခြင်းနှင့် လက်ခံခြင်းများ	၇,၅၈၃,၇၁၆	၇,၆၁၉,၉၈၅
စုစုပေါင်း ရပိုင်ခွင့်များ	၂၂၉,၈၁၂,၈၁၉	၁၆၄,၂၀၃,၉၇၈
ပေးရန်တာဝန်များ		
စုစုပေါင်း အပ်ငွေများ	၁၄၄,၃၇၀,၂၆၄	၁၀၃,၁၇၈,၉၃၆
အခြား ပေးရန်တာဝန်များ	၁၀,၇၅၅,၇၆၅	၄,၀၃၂,၁၅၄
ငွေပေး အမိန့်လွှာများ	၂၉၇,၅၀၆	၈၂၂,၉၇၂
မြတ်ဝေစု လျာထား	၃,၃၉၇,၃၇၇	၂,၂၆၉,၉၃၂
ဝင်ငွေခွန် လျာထားချက်	၁,၇၈၈,၃၆၁	၁,၂၈၁,၄၀၀
မတောင်းခံသေးသော အမြတ်ဝေစု	၁၅၃,၀၃၈	၉၉,၃၀၈
အာမခံခြင်း/လက်မှတ်ရေးထိုးခြင်းနှင့် လက်ခံခြင်းများ	၇,၅၈၃,၇၁၆	၇,၆၁၉,၉၈၅
စုစုပေါင်း ပေးရန်တာဝန်များ	၁၆၈,၃၄၆,၀၂၇	၁၁၉,၃၀၄,၆၈၇
အစုရှင်များ ရပိုင်ခွင့်		
ထုတ်ဝေပေးသွင်းပြီး ရင်းနှီးငွေ	၄၉,၈၆၉,၇၆၅	၃၇,၁၁၂,၈၂၆
ရှယ်ယာ ပရီမီယံ	,၄,၇၉၉,၄၅၈	၂,၈၈၅,၉၁၇
သီးသန့်ငွေ၊ ရံပုံငွေနှင့် အမြတ်လက်ကျန်များ		
ဥပဒေပြဋ္ဌာန်း အထွေထွေသီးသန့်ငွေ	၄,၃၂၂,၈၅၂	၂,၉၉၁,၂၃၂

အထွေထွေလျာထား (ချေးငွေ)	၂,၃၀၅,၅၁၈	၁,၇၄၂,၃၃၆
အရေးပေါ်ကိစ္စများ အတွက် သီးသန့်ရံပုံငွေ	၁၀,၀၀၀	၅,၀၀၀
ငွေလဲလှယ်မှု ညှိနှိုင်းရံပုံငွေ	၇၅,၁၈၂	၇၅,၁၈၂
အမြတ်/အရှုံး လက်ကျန်	၈၄,၀၁၇	၈၆,၇၉၈
စုစုပေါင်း အစုရှင်များ ရပိုင်ခွင့်	၆၁,၄၆၆,၇၉၂	၄၄,၈၉၉,၂၉၁
စုစုပေါင်း အစုရှင်များ ရပိုင်ခွင့် + ပေးရန်တာဝန်များ	၂၂၉,၈၁၂,၈၁၉	၁၆၄,၂၀၃,၉၇၈

ဝင်ငွေစာရင်းရှင်းတမ်း

		ကျပ်ထောင်ပေါင်း
	ကုန်ဆုံးနှစ်	ကုန်ဆုံးနှစ်
	၃၁.၃.၂၀၁၆	၃၁.၃.၂၀၁၅
စုစုပေါင်း အတိုး ဝင်ငွေ	၁၆,၁၂၂,၆၅၇	၁၀,၀၇၂,၂၂၇
စုစုပေါင်း အတိုး စရိတ်	(၈,၉၉၄,၇၆၀)	(၆,၀၇၉,၉၁၃)
အသားတင် အတိုး ဝင်ငွေ	၇,၁၂၇,၈၉၇	၃,၉၉၂,၃၁၄
အခြား လုပ်ဆောင်မှု ဝင်ငွေများ	၅,၈၀၂,၇၂၄	၄,၂၅၂,၇၅၉
စုစုပေါင်း လုပ်ဆောင်မှု ဝင်ငွေ	၁၂,၉၃၀,၆၂၁	၈,၂၄၅,၀၇၃
လုပ်ဆောင်မှု စရိတ်များ		
ဝန်ထမ်း စရိတ်	(၂,၃၆၃,၆၂၂)	(၁,၅၄၃,၄၄၈)
အခြား လုပ်ဆောင်မှု စရိတ်များ	(၃,၄၇၁,၅၆၉)	(၁,၅၉၄,၇၂၈)
စုစုပေါင်း လုပ်ဆောင်မှု စရိတ်များ	(၅,၈၃၅,၁၉၁)	(၃,၁၃၈,၁၇၆)
အသားတင် အမြတ် (အခွန် မနှုတ်မီ)	၇,၀၉၅,၄၃၀	၅,၁၀၆,၈၉၇
ပုံသေပိုင်ပစ္စည်း ရောင်းချရာမှ		
အမြတ်/အရှုံး	-	(၅၅,၄၅၇)
အမြတ်ဝေစု ရငွေ	၂၁၈	၁၇၀
ဝင်ငွေခွန် လျာထားချက်	(၁,၇၈၈,၃၆၁)	(၁,၂၈၁,၄၀၀)
အသားတင် အမြတ် (အခွန် နှုတ်ပြီး)	၅,၃၀၇,၂၈၇	၃,၇၇၀,၂၁၀
သီးသန့်ငွေ၊ ရံပုံငွေနှင့် လျာထားငွေများ		
ဥပဒေပြဋ္ဌာန်း အထွေထွေသီးသန့်ငွေ	(၁,၃၃၁,၆၂၀)	(၉၄၇,၇၅၂)
အထွေထွေလျာထား (ချေးငွေ)	(၅၆၃,၁၈၂)	(၅၂၅,၃၆၇)
အရေးပေါ်ကိစ္စများ အတွက်		
သီးသန့်ရံပုံငွေ	(၅,၀၀၀)	(၃,၀၀၀)
အသားတင် အမြတ်	၃,၄၀၇,၄၈၅	၂,၂၉၄,၀၉၁

၄။ စတော့အိပ်ချိန်း စာရင်းသွင်းခြင်း ဆိုင်ရာ သတင်းအချက်အလက်များ

ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အကြံပေးအဖွဲ့ ဆိုင်ရာ အသေးစိတ် အချက်အလက်များ

အမည်	-	Myanmar Securities Exchange Centre Co., Ltd.
မှတ်ပုံတင်လိပ်စာ	-	၂၁-၂၅ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ပထမထပ်၊ (ရန်ကုန်တိုင်းဒေသကြီးရုံး)၊ ပထမထပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံတော်။
ကုမ္ပဏီမှတ်ပုံတင်အမှတ်	-	၃ ဂျီဒို/၁၉၉၆-၁၉၉၇။
MIC ခွင့်ပြုမိန့် အမှတ်	-	၁၇၄/၉၆။
ငွေချေးသက်သေခံလုပ်ငန်း လိုင်စင်အမှတ်	-	၀၀၂
တယ်လီဖုန်းနံပါတ်		+၉၅-၁-၃၇၈၆၄၇၊ ၃၈၇၀၃၁
ဖက်စ်နံပါတ်	-	+၉၅-၁-၃၈၇၀၃၂
ဝက်ဘ်ဆိုက်	-	http://www.msecmyanmar.com

ဘဏ္ဍာရေးအကြံပေးအဖွဲ့နှင့် သဘောတူစာချုပ်

ကုမ္ပဏီနှင့် ဘဏ္ဍာရေးအကြံပေးအဖွဲ့တို့သည် ၂၀၁၆-ခုနှစ်၊ ဇန်နဝါရီလ ၁၈-ရက် နေ့စွဲပါ သဘောတူစာချုပ် တစ်ရပ်ကို လက်မှတ် ရေးထိုး ချုပ်ဆိုခဲ့ကြရာ၊ ထိုစာချုပ် အရ ကုမ္ပဏီအား စတော့အိပ်ချိန်း စာရင်းသွင်းရေး အတွက် လည်းကောင်း၊ ၂၀၁၇-ခုနှစ်၊ မတ်လ ၃၁-ရက် မတိုင်မီ အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်း ရောင်းချရေး အတွက် လည်းကောင်း ကုမ္ပဏီ၏ ဘဏ္ဍာရေး အကြံပေးသူ အဖြစ် ဆောင်ရွက်ရန် ဘဏ္ဍာရေးအကြံပေးအဖွဲ့ကို ခန့်အပ် တာဝန်ပေးခဲ့ပါသည်။ ဘဏ္ဍာရေးအကြံပေးအဖွဲ့က အခြား ကိစ္စတို့ ဆောင်ရွက်ခြင်း အပြင်၊ ကုမ္ပဏီ၏ အစုရှယ်ယာများအား YSX တွင် စာရင်း တင်သွင်း ရောင်းချရန် ကုမ္ပဏီသည် စံသတ်မှတ်ချက်များ ပြည့်မီကြောင်း ဘဏ္ဍာရေးအကြံပေးအဖွဲ့၏ အတည်ပြုစာကို ကုမ္ပဏီထံ ပေးအပ်ရမည် ဖြစ်သည်။

တစ်ဖက်အဖွဲ့ (**"လျော်ကြေးပေးသည့်အဖွဲ့"**)၊ လျော်ကြေးပေးသည့်အဖွဲ့အသီးသီး၏ လက်အောက်ခံကုမ္ပဏီခွဲများ၊ တွဲဖက်ကုမ္ပဏီများ၊ ကိုယ်စားလှယ်များ သို့မဟုတ် လျော်ကြေးပေးသည့်အဖွဲ့အသီးသီး၏ ဒါရိုက်တာများ၊ အရာရှိများနှင့် ၀နေ့ထမ်းများဘက်မှ ပြစ်မှုကျူးလွန်မှုတစ်ရပ်ရပ်၊ အချက်အလက်ထိန်ချန်မှု၊ တမင်ပျက်ကွက်မှု၊ တာဝန်ပျက်လျော့မှု၊ ပျက်ကွက်မှု သို့မဟုတ် လိမ်လည်မှုတို့ကြောင့် လျော်ကြေးပေးခံရသည့်အဖွဲ့ထံတွင် ပေါ်ပေါက်သော၊ ကျရောက်သော၊ ခံစားရသော၊ နစ်နာသော သို့မဟုတ် ကျရောက်နိုင်သော၊ ခံစားရနိုင်ဖွယ်ရှိသော၊ နစ်နာဖွယ်ရှိသော ဆုံးရှုံးနစ်နာမှုများ၊ တောင်းဆိုမှုများ၊ ထိခိုက်နစ်နာမှုများ၊ ပေးရန်တာဝန်များ၊ ကုန်ကျစရိတ်များ (တရားရေးကုန်ကျစရိတ်များအပါအဝင်)၊ အသုံးစရိတ်များ၊ အရေးယူဆောင်ရွက်ခြင်းတောင်းဆိုမှုများ၊ တောင်းဆိုမှုဆိုင်ရာဆောင်ရွက်ချက်များ၊ မေးမြန်းချက်များ၊ စုံစမ်းချက်များ၊ အမိန့်များ၊ စီရင်ချက်များ၊ ဆုံးဖြတ်ချက်များ သို့မဟုတ် အစီရင်ခံစာများ (ပြည့်စုံသော လျော်ကြေးပေးစနစ်ပေါ် အခြေခံလျက် တရားရေးစရိတ်များ၊ စိုက်ထုတ်ကုန်ကျငွေများ အပါအဝင်) အားလုံးကို ကုမ္ပဏီနှင့် ဘဏ္ဍာရေးအကြံပေးအဖွဲ့တို့သည် ၎င်းတို့အကြားတွင်လည်းကောင်း၊ ၎င်းတို့၏

လက်အောက်ခံကုမ္ပဏီခွဲများနှင့် တွဲဖက်ကုမ္ပဏီများ၊ ထိုကုမ္ပဏီအသီးသီးမှ ဒါရိုက်တာများ၊ ကိုယ်စားလှယ်များ၊ အရာရှိများနှင့် ဝန်ထမ်းများအပေါ် ပေးလျော်ရန် ကုမ္ပဏီနှင့် ဘဏ္ဍာရေးအကြံပေးအဖွဲ့တို့က သဘောတူပါသည်။ ဘဏ္ဍာရေးအကြံပေးအဖွဲ့သည် ကုမ္ပဏီ၏ မည်သည့် အစုရှယ်ယာကိုမျှ မပိုင်ဆိုင်ပါ။ ထို့ပြင် ကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူရန် ရွေးချယ်ပိုင်ခွင့် သို့မဟုတ် အစုရှယ်ယာများကို မည်သူမည်ဝါ ဝယ်ယူမည်ဟု အဆိုပြုပိုင်ခွင့် မရှိပါ။

YSX သို့ အစုရှယ်ယာ စာရင်းသွင်းမှုနှင့် ပတ်သက်၍ သုံးသပ်အကြံပြုစာ

ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများအား Yangon Stock Exchange Joint-Venture Company Limited (YSX) တွင် စာရင်း တင်သွင်း ရောင်းချရန် အတွက် YSX က ချမှတ်ထားသော စံသတ်မှတ်ချက်များ အတိုင်း ကျွန်ုပ်တို့ ကုမ္ပဏီ ပြည့်မီကြောင်း မြန်မာနိုင်ငံ၌ ငွေချေးသက်သေခံလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင် ရရှိထားသော MSEC က ဖော်ပြ အတည်ပြုသည့်စာကို YSX ထံသို့ ဧပြီလ ၆ ရက် ၂၀၁၆ ခုနှစ် တွင် ပေးပို့ခဲ့သည်။

စတော့အိပ်ချိန်း စာရင်းသွင်းခြင်း

ကုမ္ပဏီသည် ကုမ္ပဏီ၏ အစုရှယ်ယာများအား YSX တွင် စာရင်းသွင်းရန် အတွက် လျှောက်ထားပြီး ဖြစ်ပါသည်။ ခွင့်ပြုချိန်မှ တစ်လ အတွင်း YSX တွင် ကုမ္ပဏီ၏ အစုရှယ်ယာများအား အရောင်းအဝယ် ပြုလုပ်နိုင်မည်ဟု ကုမ္ပဏီက မျှော်လင့်ထားပါသည်။ ဤစတော့အိပ်ချိန်း စာရင်းသွင်းရန် ဖွင့်ဟဖော်ထုတ်ချက် စာတမ်းဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများအား ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် ကမ်းလှမ်းခြင်း မရှိပါ။ YSX ၏ စည်းကမ်းများနှင့် သတ်မှတ်ချက်များ အားလုံးကို ကုမ္ပဏီက လိုက်နာဆောင်ရွက်ရေးအား ဒါရိုက်တာ အဖွဲ့ဝင်များက တာဝန်ယူပါသည်။

စတော့အိပ်ချိန်း စာရင်းသွင်းခြင်း အတွက် ခန့်မှန်း ကုန်ကျစရိတ်များ

စတော့အိပ်ချိန်း စာရင်းသွင်းမှုနှင့် ပတ်သက်သော ကုန်ကျစရိတ်များကို ကုမ္ပဏီက ကျခံမည်ဖြစ်ပြီး၊ ကုန်ကျစရိတ် အသေးစိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

စာရင်းသွင်းကြေး၊	ကျပ် ၃၅ သန်း
ပုံနှိပ်ခနှင့် ကြော်ငြာခ၊	ကျပ် ၁ သန်း
ကျွမ်းကျင်အကြံပေး အတွက် အခကြေးငွေ၊	ကျပ် ၇၅ သန်း
အခြား၊	ကျပ် ၃ သန်း

ရင်းနှီးငွေနှင့်ပေးရန်တာဝန်များ

၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့ အထိ စုစုပေါင်းပေးရန် တာဝန်များနှင့် အစုရှယ်ယာရှင်များ၏ ရရန်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်

အကြောင်းအရာ	**၃၁. ၀၃. ၂၀၁၆**
	(ကျပ်ထောင်ပေါင်း)
လက်ငင်းပေးရန် တာဝန်များ	-
စုစုပေါင်းအပ်ငွေများ	၁၄၄,၃၇၀,၂၆၄
စုစုပေါင်း လက်ငင်းပေးရန် တာဝန်များ	၁၄၄,၃၇၀,၂၆၄
လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ	
စုစုပေါင်း လက်ငင်းမဟုတ်သော ပေးရန်တာဝန်များ	-
စုစုပေါင်း ပေးရန်တာဝန်များ (က)	**၁၄၄,၃၇၀,၂၆၄**
အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ	
ထုတ်ဝေပေးသွင်းပြီး ရင်းနှီးငွေ	၄၉,၈၆၉,၇၆၅
ရှယ်ယာပရီမီယံ	၄,၇၉၉,၄၅၈
သီးသန့်ငွေနှင့်ရံပုံငွေများ	၆,၇၁၃,၅၅၂
အရှုံးအမြတ်လက်ကျန်	၈၄,၀၁၇
စုစုပေါင်း အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ(ခ)	၆၁,၄၆၆,၇၉၂
ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ(က + ခ)	၂၀၅,၈၃၇,၀၅၆

၅။ ဆုံးရှုံးနိုင်ခြေ အကြောင်းရင်းများ

အစုရှယ်ယာများ၌ ရင်းနှီးမြှုပ်နှံခြင်းတွင် သိသိသာသာ ဆုံးရှုံးနိုင်ခြေများ ပါဝင်ပတ်သက်လျက် ရှိသဖြင့်၊ ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်း အတွင်း မီးမောင်းထိုးပြထားသော ဆုံးရှုံးနိုင်ခြေများကို နားလည်သဘောပေါက်သည့် ပုဂ္ဂိုလ်များ အတွက်သာ သင့်လျော်ပါသည်။ လူကြီးမင်း အနေဖြင့် ဤအပိုင်း အတွင်း ဖော်ပြထားသော အောက်ပါ ဆုံးရှုံးနိုင်ခြေ တစ်ခုချင်းကို လည်းကောင်း၊ ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်း အတွင်း ဖော်ပြထားသော အခြား သတင်းအချက်အလက် အားလုံးတို့ကို လည်းကောင်း ဂရုတစိုက် စဉ်းစားသုံးသပ်ပြီးမှသာ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်း ဆိုင်ရာ အဆုံးအဖြတ်ကို ပြုလုပ်သင့်ပါသည်။ ကျွန်ုပ်တို့သည် ဤစာတမ်းတွင် ဖော်ပြထားသည်တို့ထက် မကသော ဆုံးရှုံးနိုင်ခြေများကို ရင်ဆိုင်ကြုံတွေ့ရနိုင်ပါသည်။ အချို့သော ဆုံးရှုံးနိုင်ခြေတို့ကို ကျွန်ုပ်တို့ မသိသေးပါ။ လက်ရှိ အချိန်တွင် အရေးမကြီးဟု မိမိတို့က ထင်မှတ်သော်လည်း နောက်ပိုင်းတွင် အရေးကြီးသည့် ဆုံးရှုံးနိုင်ခြေများ အဖြစ် ပြောင်းလဲသွားသည့် အရာများလည်း ရှိနိုင်ပါသည်။ အောက်ဖော်ပြပါ ကိစ္စ တစ်ရပ်ရပ် ဖြစ်ပွားခြင်း သို့တည်းမဟုတ် လက်ရှိတွင် မသိထားသေးသော သို့မဟုတ် အရေးမကြီးဟု မှတ်ယူထားသော အခြား ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ ဖြစ်ပွားခြင်းသည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ၊ ငွေသား စီးဆင်းမှု၊ ဘဏ္ဍာရေး အခြေအနေနှင့် အလားအလာများအား ထိခိုက် နစ်နာစေနိုင်ပြီး၊ အစုရှယ်ယာများ၌ တစ်စုံတစ်ရာ ရင်းနှီးမြှုပ်နှံထားမှုအား အရေးပါသော အတိုင်းအတာဖြင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ထိခိုက် နစ်နာစေနိုင်ပါသည်။ ထိုအခါ အစုရှယ်ယာများ အရောင်းအဝယ် ပြုသည့် ဈေးနှုန်း မတည်ငြိမ်ခြင်း သို့မဟုတ် ကျဆင်းခြင်း ဖြစ်လာနိုင်ပြီး၊ အစုရှယ်ယာများတွင် လူကြီးမင်း ရင်းနှီးမြှုပ်နှံထားမှု အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဆုံးရှုံးရနိုင်ပါသည်။

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများနှင့် ယေဘုယျ သက်ဆိုင်သော ဆုံးရှုံးနိုင်ခြေများ

အစုရှယ်ယာရှင် တစ်ဦး ဖြစ်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးပန်ကြီးဌာနနှင့် မြန်မာနိုင်ငံသားများဘက် အကြား နီးစပ်သည့် ဆက်ဆံရေးရှိခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးပန်ကြီးဌာန သည် ကုမ္ပဏီ၏ အစုရှယ်ယာရှင် တစ်ဦး အနေဖြင့် မြန်မာနိုင်ငံတော် အတွင်း နှင့် မြန်မာနိုင်ငံတော် ပြင်ပတို့မှ အစိုးရအရာရှိများ၊ အခြား အရေးပါသော ပုဂ္ဂိုလ်များနှင့် ကောင်းမွန်သော ဆက်ဆံရေးများ ထူထောင်ကာ ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုနှင့် အမြတ်အစွန်း ရရှိနိုင်မှုတို့ အတွက် အထောက်အကူပြု ဆောင်ရွက်ပေးခဲ့ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် နိုင်ငံခြား ကုန်သွယ်မှု ကဏ္ဍတွင် အရေးပါသော အသိပညာနှင့် ကျွမ်းကျင်မှုများ ရရှိခဲ့ပြီး၊ လက်ရှိတွင် မြန်မာနိုင်ငံမှ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များသို့ ထုတ်ပေးသည့် ပို့ကုန် သွင်းကုန် လိုင်စင်များ ဆိုင်ရာ လိုင်စင်ကြေးများကို ကောက်ခံပေးလျက် ရှိပါသည်။ လက်ရှိ အချိန်တွင် မိမိတို့၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်မှု အတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးပန်ကြီးဌာန၏ အခန်းကဏ္ဍကို တရားဝင် သတ်မှတ်ထားမှု မရှိသည့် အပြင်၊ မိမိတို့က ပို့ကုန် သွင်းကုန် လိုင်စင်ကြေးများ ကောက်ခံပေးနေမှုနှင့် စပ်လျဉ်း၍လည်း ပဋိညာဉ်စာချုပ် တစ်စုံတစ်ရာ ချုပ်ဆိုထားခြင်း မရှိပါ။

ထိုကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးပန်ကြီးဌာန သည် ကုမ္ပဏီ၏ အစုရှယ်ယာရှင် တစ်ဦး မဟုတ်တော့သော အခါ၊ ကျွန်ုပ်တို့ အနေဖြင့် အဆိုပါ အကျိုးခံစားခွင့် အချို့ သို့မဟုတ် အားလုံးကို မရရှိနိုင်တော့သည့် အတွက် မိမိတို့၏ စီးပွားရေးလုပ်ငန်းနှင့် အမြတ်အစွန်း ရရှိနိုင်မှုတို့ကို အတိုင်းအတာတစ်ခုအထိ ထိခိုက်စေနိုင်ပါသည်။

ကျွန်ုပ်တို့ အပေါ် တရားစွဲဆိုမှု သို့မဟုတ် အခြား စည်းမျဉ်း ဥပဒေ ကြေပ်မတ်ရေး ဆိုင်ရာ အရေးယူမှုတို့ အမှန်တကယ် ခံရနိုင်ခြင်း သို့မဟုတ် ခံရရန် မြိမ်းခြောက်မှု ရှိ နိုင်ခြင်း

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့ အပေါ် တရားစွဲဆိုမှုများ၊ စည်းမျဉ်း ဥပဒေ ကြေပ်မတ် အရေးယူမှုများ ရှိလာနိုင်ပါသည်။ ပုဂ္ဂလိက တရားစွဲဆိုမှုများကို ရင်ဆိုင် ခုခံရခြင်းသည် အချိန်ကာလ ကြာမြင့်ပြီး စရိတ်စက များပြားနိုင်ပါသည်။ ကျွန်ုပ်တို့အား တရားရုံး စီရင်ချက် ချမှတ်ခြင်း ခံရပါက ကျွန်ုပ်တို့ အပေါ် ငွေရေးကြေးရေး ပေးရန်တာဝန်များ သိသာထင်ရှားစွာ ကျရောက်နိုင်ပါသည်။ အစိုးရ ဌာနနှင့် အစိုးရ ဌာန သဘောဆောင် အဖွဲ့အစည်းတို့ကလည်း ကျွန်ုပ်တို့ အပေါ် အရေးယူ ဆောင်ရွက်မှု အမျိုးမျိုး ပြုလုပ်လာနိုင်ပါသည်။ ထို အရေးယူ ဆောင်ရွက်မှုတို့အား ရင်ဆိုင် ခုခံရခြင်း ဆိုင်ရာ ငွေရေးကြေးရေး ကုန်ကျစရိတ်တို့ အပြင်၊ အဆိုပါ အစိုးရ ဌာနနှင့် အစိုးရ ဌာန သဘောဆောင် အဖွဲ့အစည်းတို့က ဥပဒေ၊ နည်းဥပဒေ သို့မဟုတ် စည်းမျဉ်းများ လိုက်နာရန် ပျက်ကွက်ကြောင်း ဆုံးဖြတ်ကာ ဒဏ်ကြေးများလည်း ချမှတ်နိုင်ပါသည်။

ကျွန်ုပ်တို့၏ ဘဏ်ခွဲများ ၏လုပ်ငန်းလည်ပတ်ဆောင်ရွက်တည်ရှိရာ မြေ/အဆောက်အဦးတို့အား သက်တမ်းတိုး ငှားရမ်းနိုင်မှု မရှိနိုင်ခြင်း

Latest Practicable Date အချိန်တွင် ကျွန်ုပ်တို့ အနေဖြင့် မြန်မာနိုင်ငံတော် တစ်ဝန်း၌ ဘဏ်ခွဲ စုစုပေါင်း ၂၁-ခု လည်ပတ် လုပ်ကိုင်လျက် ရှိပါသည်။ ယင်းတို့ အနက် ဘဏ်ခွဲ ၁၄-ခု တည်ရှိရာ မြေကို ကျွန်ုပ်တို့ ပိုင်ဆိုင်ပါသည်။ ကျန် ဘဏ်ခွဲတို့ အနက် ဘဏ်ခွဲ ၄-ခု တည်ရှိရာ မြေအတွက် ကာလရှည် အငှားစာချုပ် ချုပ်ဆို ထားသော်လည်း၊ ဘဏ်ခွဲ ၃-ခု အတွက်မူ တစ်နှစ်လျှင် တစ်ကြိမ် သက်တမ်းတိုးရသည့် ကာလတို အငှားစာချုပ်သာ ရှိပါသည်။

အငှားစာချုပ် တစ်ရပ်ရပ် သက်တမ်း ကုန်ဆုံးချိန်တွင် သက်တမ်း တိုးပေးမည် သို့မဟုတ် သူတပါးအား မငှားရမ်းဟု အာမခံ မရှိနိုင်ပါ။ နောင် ချုပ်ဆိုသော အငှားစာချုပ် တစ်စုံတစ်ရာပါ စည်းကမ်းချက်များသည် MCB အတွက် လက်ရှိ အငှားစာချုပ်ပါ စည်းကမ်းချက်များထက် ပိုမို တင်းကြပ် နိုင်ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် အဆိုပါ ဘဏ်ခွဲတို့ လည်ပတ် လုပ်ကိုင်ရန် အတွက် မြေ မရရှိနိုင်ဘဲ ဘဏ်ခွဲ အရေအတွက် လျော့ချရပါက မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူ (customer) တို့၏ ယုံကြည်ကိုးစားမှုကို ထိခိုက်နိုင်ပြီး၊ မိမိတို့၏ ငွေရေးကြေးရေး စွမ်းဆောင်ရည်ကိုလည်း ထိခိုက် နစ်နာစေနိုင်ပါသည်။

ကျွန်ုပ်တို့၏ ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းနှင့် သီးခြား သက်ဆိုင်သည့် အခြားသော ဆုံးရှုံးနိုင်ခြေများ

ကျွန်ုပ်တို့ထံ တင်သွင်းထားသော အာမခံပစ္စည်းများ တန်ဖိုး ကျဆင်းသွားနိုင်ခြင်း၊ သို့တည်းမဟုတ် ငွေချေးယူထားသူတို့က ၎င်းတို့၏ တာဝန် ဝတ္တရားများ အတိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးရန် ပျက်ကွက်သောကြောင့် အာမခံပစ္စည်း ထုခွဲရောင်းချမှုအား အတည်ပြုဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ရနိုင်ခြင်း၊ ထိုအခါ အာမခံပစ္စည်း၏ မျှော်မှန်းတန်ဖိုး အတိုင်း ပြန်လည် မရရှိနိုင်တော့ဘဲ မိမိတို့ အပေါ် အရှုံး ကျရောက် စေနိုင်ပါသည်။

ကျွန်ုပ်တို့၏ ချေးငွေ အားလုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ စည်းမျဉ်း ဥပဒေ ပြဋ္ဌာန်းချက်များပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အာမခံပစ္စည်း အသီးသီးဖြင့် ကျောထောက်နောက်ခံပြုထားပါသည်။ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အာမခံပစ္စည်း ဆိုရာ၌ မိမိတို့ ဘဏ်တွင် ထားရှိသော ငွေစုဘဏ်အပ်ငွေ သို့မဟုတ် စာရင်းသေအပ်နံငွေ၊ မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်ပစ္စည်း၊ စက်ရုံ၊ စက်ကိရိယာနှင့် ရွှေတို့ ပါဝင်သည်။ ကျွန်ုပ်တို့၏ လက်ရှိ ချေးငွေ မူဝါဒ အရ အများဆုံး ခွင့်ပြုနိုင်သည့် ချေးငွေမှာ အရည်အချင်းပြည့်မီသော ရာဖြတ် တစ်ဦးက တရားဝင် သတ်မှတ်ပေးသည့် အတိုင်း အာမခံပစ္စည်းကို

ရောင်းချလျှင် ရနိုင်မည့် လက်ရှိ စျေးကွက် ပေါက်စျေး၏ ၄၀% သာ ဖြစ်ပါသည်။ သို့သော်လည်း အောက်ပါ အကြောင်း တစ်စုံတစ်ရာကြောင့် အာမခံပစ္စည်း၏ တန်ဖိုး အပြည့်အဝ မရခြင်း ရှိနိုင်ပါသည် -

- ဒေဝါလီခံခြင်း (လူမွဲစာရင်းသတ်မှတ်ခံရခြင်း) နှင့် အပေါင်ရွေးနုတ်ခွင့် ပိတ်သိမ်းခြင်း ဆိုင်ရာ ဆောင်ရွက်ချက်များ နောင့်နေး ကြန့်ကြာနေခြင်း၊
- အာမခံပစ္စည်းတွင် ချွတ်ယွင်းချက် သို့မဟုတ် မပြည့်စုံမှုများ ရှိနေခြင်း (ကြားခံပုဂ္ဂိုလ်များထံမှ လိုအပ်သည့် အတည်ပြုချက်များ ရယူခြင်းကို မစွမ်းဆောင်နိုင်ခြင်းတို့ အပါအဝင်)
- ငွေချေးယူထားသူတို့က လိမ်လည်လှည့်ဖြားခြင်း၊
- အာမခံပစ္စည်း တန်ဖိုး ကျဆင်းခြင်း၊
- သက်ဆိုင်ရာ အာမခံပစ္စည်းအား စျေးကွက်တွင် အလွယ်တကူ ရောင်းမထွက်ခြင်း၊
- အာမခံပစ္စည်း အဖြစ် တင်သွင်းထားသော ရရန်ပိုင်ခွင့်များကို ပြည်သူပိုင်သိမ်းခြင်း။

ချေးငွေ ပမာဏနှင့် အာမခံပစ္စည်း ထုတ်ခွဲရသည့် စရိတ်တို့အား ကာမိစေမည့် တန်ဖိုး တစ်ရပ်ကို ပြန်လည် မရရှိပါက ကျွန်ုပ်တို့ အနေဖြင့် အရှုံးပေါ်မည် ဖြစ်ရာ၊ ထို အရှုံးကြောင့် ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်း ဆောင်ရွက်မှု ရလဒ်တို့ကို ထိခိုက် နစ်နာစေနိုင်ပါသည်။

ကျွန်ုပ်တို့ဘဏ်၏ အောင်မြင်မှုသည် မိမိတို့၏ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ကျွမ်းကျင်ဝန်ထမ်းများ အပေါ်တွင် လည်းကောင်း၊ ၎င်းတို့ကဲ့သို့ ပုဂ္ဂိုလ်များအား မိမိတို့ထံ လာရောက် လုပ်ကိုင်ရန် ဆွဲဆောင်နိုင်စွမ်းနှင့် ထိန်းသိမ်းထားနိုင်စွမ်းတို့ အပေါ် မျှားစွာ မူတည်နေခြင်း။ ထို့ပြင်၊ အဓိကလူ (Key Person) ဆိုင်ရာ အာမခံပေါ်လစီများ မရှိခြင်း။

ကျွန်ုပ်တို့ဘဏ်၏ စွမ်းဆောင်ရည်နှင့် အောင်မြင်မှုသည် မိမိတို့၏ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ကျွမ်းကျင်ဝန်ထမ်းများအား မိမိတို့ထံတွင် ဆက်လက် တာဝန် ထမ်းဆောင်မြဲ ထမ်းဆောင်နေကြစေရန် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်စွမ်း အပေါ် မျှားစွာ မူတည်နေပါသည်။

ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်ရေးအဖွဲ့ရှိ ဝါရင့် ပုဂ္ဂိုလ်များ လက်လွှတ် ဆုံးရှုံးရနိုင်မှု အန္တရာယ်နှင့် စပ်လျဉ်း၍ လွှမ်းခြုံ ကာကွယ်ပေးမည့် အဓိကလူ (Key Person) ဆိုင်ရာ အာမခံပေါ်လစီများ မိမိတို့ထံတွင် မရှိသေးပါ။ အတွေ့အကြုံများသော ဘဏ်လုပ်ငန်း ကျွမ်းကျင်သူများကို ခေါ်ယူ ခန့်ထားနိုင်ရေး အတွက် ပြိုင်ဆိုင်မှု ပြင်းထန်သည် ဖြစ်ရာ၊ နောင် အနာဂတ်တွင် အရေးပါသော ဝန်ထမ်းများကို ဆွဲဆောင်နိုင်ခြင်း ၊ ထိန်းသိမ်းထားနိုင်ခြင်း မရှိပါက ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်တို့ကို အရေးပါသော အတိုင်းအတာဖြင့် ထိခိုက် နစ်နာစေနိုင်ပါသည်။

သို့သော်လည်း သက်တမ်းကြာရှည်စွာရပ်တည်လျက်ရှိသည့် ပြည်တွင်းအဖွဲ့အစည်း တစ်ရပ် ဖြစ်လာနိုင်စေရန် အတွက် နိုင်ငံတကာနှင့် ပြည်တွင်းအတွေ့အကြုံများ ခိုင်ခိုင်မာမာရှိသော နိုင်ငံခြားဘဏ်လုပ်ငန်းရှင်များကို မဝေးတော့သည့် ကာလတွင် အင်အားဖြည့်တင်းမည့် ဘဏ်၏စီမံချက်ဖြင့် ဤအန္တရာယ်ကို လျော့ပါးစေနိုင်မည်ဖြစ်သည်။

အတိုးနှုန်းများ မတည်ငြိမ်ခြင်းသည် ကျွန်ုပ်တို့၏ ငွေသား စီးဆင်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်တို့ကို အရေးပါသော အတိုင်းအတာဖြင့် ထိခိုက် နစ်နာစေနိုင်ခြင်း

ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှု ရလဒ်သည် မိမိတို့၏ အသားတင် အတိုးဝင်ငွေ အပေါ် အဓိက မူတည်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့ အတွက် ဘဏ်၏ အသားတင်

အတိုးဝင်ငွေသည် ဘဏ်၏ စုစုပေါင်း ဝင်ငွေ၏ ၄၉.၆ % နှင့် ၄၃.၅% အဖြစ် အသီးသီး ရှိခဲ့ပါသည် (အသားတင် အတိုးဝင်ငွေ ဆိုသည်မှာ အတိုးဝင်ငွေ စုစုပေါင်း အနှုတ် အတိုးစရိတ် ဖြစ်ပါသည်)။ ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့၌ ကျွန်ုပ်တို့ဘဏ် အတွက် အတိုးဝင်ငွေ ရှာပေးသည့် ရရန်ပိုင်ခွင့်များ၏ အတိုးနှုန်းများမှာ ပုံသေ ဖြစ်ပြီး၊ ကျွန်ုပ်တို့ဘဏ် အတွက် အတိုးစရိတ် ကျသင့်စေသည့် ပေးရန်တာဝန်များ၏ အတိုးနှုန်းများမှာလည်း ပုံသေ ဖြစ်ပါသည်။ မိမိတို့၏ ရရန်ပိုင်ခွင့်များ ဆိုင်ရာ အတိုးနှုန်းများတွင် တစ်စုံတစ်ရာ ကျဆင်းချိန်၌ မိမိတို့၏ ပေးရန်တာဝန်များ ဆိုင်ရာ အတိုးနှုန်းများတွင် အလားတူ ကျဆင်းမှု မရှိပါက မိမိတို့၏ အသားတင် အတိုးဝင်ငွေကို လည်းကောင်း၊ အသားတင် အတိုးမှ ရနှုန်း (margin) ကို လျော့ကျစေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ စည်းမျဉ်း ဥပဒေများ၌ ငွေစုစာရင်းနှင့် စာရင်းသေအပ်နံငွေတို့အတွက် အနိမ့်ဆုံး ပေးရမည့် အတိုးနှုန်းကို ပြဋ္ဌာန်းထားရာ၊ လက်ရှိ အချိန်တွင် တစ်နှစ်လျှင် ၈.၀% ဖြစ်ပါသည်။ သို့ရာတွင်၊ အပ်ငွေ ရရှိရေး အပြိုင်အဆိုင် ဆောင်ရွက်ရသောကြောင့် ကျွန်ုပ်တို့ဘဏ် အနေဖြင့် စာရင်းသေအပ်ငွေတို့ အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ပြဋ္ဌာန်းသည့် အနိမ့်ဆုံး အတိုးနှုန်းထက် ပိုမိုသော အတိုးနှုန်း ပေးရန် ကမ်းလှမ်းရပါသည်။ ပြိုင်ဆိုင်မှု ပိုမို များပြားလာပါက မိမိတို့ အနေဖြင့် အပ်ငွေများ အပေါ် အတိုးနှုန်း ပို၍ ကမ်းလှမ်းလာရစေနိုင်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ စည်းမျဉ်း ဥပဒေများက ကျွန်ုပ်တို့ ထုတ်ချေးသည့် ငွေများ အပေါ် ကျွန်ုပ်တို့ ကောက်ခံခွင့်ရှိသည့် အမြင့်ဆုံး အတိုးနှုန်းကိုလည်း ကန့်သတ်ထားပါသည် (လက်ရှိတွင် ၁၃.၀%)။ ထို့ကြောင့်၊ ကျွန်ုပ်တို့ထံ အပ်ငွေများ အပေါ် ပေးရသည့် အတိုးနှုန်း မြင့်မားလာမှု စရိတ်ကို၊ ကျွန်ုပ်တို့ထံမှ ငွေချေးယူသူတို့သို့ လွှဲပြောင်း ကျရောက်စေရန်လည်း ကျွန်ုပ်တို့ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ယင်းသည် ကျွန်ုပ်တို့ဘဏ်၏ အသားတင် အတိုးဝင်ငွေကို လျော့ကျစေကာ၊ မိမိတို့၏ ငွေသား စီးဆင်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို အရေးပါသော အတိုင်းအတာဖြင့် ထိခိုက်နစ်နာစေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် သည် အပ်ငွေများနှင့် ချေးငွေများအတွက် အတိုးနှုန်းထားများကို အခါအားလျော်စွာ သတ်မှတ်ရမည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သည် အတိုးနှုန်းထားကို အမြင့်ဆုံးသတ်မှတ်နှုန်းထားအောက် လျော့ချလိုက်လျှင် မြန်မာနိုင်ငံသားများဘဏ်လီမိတက် သည်လည်း အမြင့်ဆုံးသတ်မှတ်နှုန်းထားထက်များသော အတိုးနှုန်းဖြင့် ရှိပြီးချေးငွေများ၏ အတိုးနှုန်းထားကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ သတ်မှတ်ချက်နှင့်အညီ လျော့ချရမည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် က အတိုးနှုန်းထားကို အမြင့်ဆုံးသတ်မှတ်နှုန်းထားထက် ပိုမိုတိုးမြှင့်လျှင် အလားတူလိုက်လျောညီထွေသော အပ်ငွေအတိုးနှုန်းထားကိုလည်း အမြင့်ဆုံးသတ်မှတ်နှုန်းထားထက် တိုးမြှင့်ရမည်။ မြန်မာနိုင်ငံသားများဘဏ်လီမိတက် သည် ရှိပြီးချေးငွေများ၏ ချေးငွေအတိုးနှုန်းကို မြှင့်တင်နိုင်ခြင်းမရှိနိုင်သော်လည်း မြန်မာနိုင်ငံသားများဘဏ်လီမိတက် အတွက် ရန်ပုံငွေကုန်ကျစရိတ်များကိုလည်း တိုးမြှင့်ရမည်။ ဘဏ်လုပ်ငန်းကဏ္ဍတွင် ပြိုင်ဆိုင်မှုမြင့်မားခြင်းကြောင့် လိုအပ်သော အပ်ငွေများကို ဆွဲဆောင်နိုင်ရန်အလို့ငှာ အတိုးနှုန်းထားနှင့်ပတ်သက်လျှင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ အတိုးနှုန်းသတ်မှတ်ပမာဏအတွင်းရှိ အတိုးနှုန်းဖြင့် အလုံအလောက် မက်လုံးပေး ဆွဲဆောင်ရမည်ဖြစ်သည်။

IT စနစ်များ၏ အားနည်းချက်များ၊ အနှောင့်အယှက်များနှင့် ပြတ်တောက်မှုများသည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းကို ထိခိုက်နစ်နာစေနိုင်ခြင်း

နည်းပညာ တိုးတက်လာသည်နှင့် အမျှ ကျွန်ုပ်တို့ အနေဖြင့် (အောက်တွင် အဓိပ္ပာယ် သတ်မှတ် ဖော်ပြသော) MPU Card နှင့် MasterCard တို့ကို မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူများ အသုံးပြုနိုင်ရန် ထုတ်ပေးလျက် ရှိပါသည်။ လွှဲပြောင်းပေးချေမှု လုပ်ငန်းရပ်များကို မှတ်တမ်းတင်၊ ကိုင်တွယ် ဆောင်ရွက်ပေးရန် အလို့ငှာ အလိုအလျောက် လုပ်ကိုင်သည့် IT စနစ်များ အပေါ် မိမိတို့ မှီခိုအားထားနေရမှုသည် နည်းပညာ စနစ်ပိုင်း ဆိုင်ရာ

ပြစ်ချက်များကြောင့် ထောက်လှမ်း သိရှိရန် ခဲယဉ်းသည့် ဆုံးရှုံးမှုများ ဖြစ်ပေါ်မည့် အန္တရာယ်ကို ပိုမို များပြားစေနိုင်ပါသည်။ အကျိုးဆက် အနေဖြင့် မိမိတို့၏ ထိန်းချုပ်မှုနှင့် လုပ်ထုံးလုပ်နည်းများ စီမံထားပုံ မပြည့်စုံ မလုံလောက်သည့် အန္တရာယ် ရှိလာနိုင်ပြီး၊ အချက်အလက်များ အတွင်း အမှား ရှာဖွေတွေ့ရှိနိုင်ရေး နှောင့်နှေး ကြန့်ကြာစေနိုင်ပါသည်။

ကျွန်ုပ်တို့၏ IT စနစ်များတွင် ကွန်ရက် ဆက်သွယ်မှု ပြတ်တောက်ခြင်း၊ သတင်းအချက်အလက် လုံခြုံရေးနှင့် browser ကိုက်ညီရေး စသည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ် အမျိုးမျိုး ရှိပါသည်။ (လူ့အမှား၊ သဘာဝ ဘေးအန္တရာယ်၊ လျှပ်စစ် သို့မဟုတ် ဆက်သွယ်ရေး ပြတ်တောက်မှု၊ ဖျက်လိုဖျက်ဆီး ပြုမှု၊ ကွန်ပျူတာ ဗိုင်းရပ်များ၊ လုံခြုံရေး ချိုးဖောက် ဝင်ရောက်မှု (hacking)၊ ဆိုက်ဘာ တိုက်ခိုက်မှု သို့မဟုတ် အလားတူ ကိစ္စများကြောင့် လုပ်ငန်း ထိခိုက် သို့မဟုတ် ရပ်စဲခြင်း၊ သို့တည်းမဟုတ် အင်တာနက်ကျောရိုး ပံ့ပိုးမှု ပေးသော ကြားခံပုဂ္ဂိုလ်တို့ထံမှ ဝန်ဆောင်မှုများ မရရှိတော့ခြင်း စသည့်) ကျွန်ုပ်တို့၏ ထိန်းချုပ်နိုင်မှုအောက် လုံးဝ မရှိသော သို့မဟုတ် တစ်စိတ်တစ်ဒေသသာ ရှိသော ဖြစ်ရပ်တို့မှလည်း မိမိတို့၏ IT စနစ်များသို့ အနှောင့်အယှက်များ၊ ပြတ်တောက်မှုများ ကျရောက်စေနိုင်ပါသည်။ ကျွန်ုပ်တို့၏ ဆက်သွယ်ဆောင်ရွက်သူများသို့ ပံ့ပိုးပေးနေသည့် ဝန်ဆောင်မှုများ အကြီးအကျယ် ပြတ်တောက်ခြင်းကို မိမိတို့ ယခု အထိ မကြုံတွေ့ဖူးသေးပါ။ သို့ရာတွင်၊ ဆက်သွယ်ဆောင်ရွက်သူနှင့် လွှဲပြောင်းပေးချေမှုများ သိသိသာသာ ပိုမို များပြားလာခြင်း သို့မဟုတ် အခြား အကြောင်းရင်းတို့ကြောင့် နောင် အနာဂတ်တွင် ထိုသို့ ကြီးမား ကျယ်ပြန့်စွာ ဝန်ဆောင်မှု ပြတ်တောက်ခြင်းများ မဖြစ်ပွားနိုင်ဟု အာမခံချက် မရှိပါ။ ကျွန်ုပ်တို့ အနေဖြင့် နည်းစနစ်ပိုင်း ဆိုင်ရာ အနှောင့်အယှက်၊ အမှားအယွင်းနှင့် ပြတ်တောက်မှုများ ကြုံတွေ့ရသည် ရှိသော် ကျွန်ုပ်တို့နှင့် ဆက်သွယ်ဆောင်ရွက်သူများအား ပေးနေသည့် ဝန်ဆောင်မှု အရည်အသွေး ကျဆင်းခြင်း၊ ကျွန်ုပ်တို့ အပေါ် ဆုံးရှုံးမှုများ၊ ပေးရန်တာဝန်များ ကျရောက်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပြီး၊ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်တို့ကို အရေးပါသော အတိုင်းအတာဖြင့် ထိခိုက် နစ်နာစေနိုင်ပါသည်။

ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ဖော်ထုတ်၊ စောင့်ကြည့်ပြီး စီမံခန့်ခွဲရေး ဆိုင်ရာ ကျွန်ုပ်တို့၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် ထိရောက်မှု အပြည့်အဝ မရှိပါက ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်တို့ကို အရေးပါသော အတိုင်းအတာဖြင့် ထိခိုက် နစ်နာစေနိုင်ခြင်း

ကျွန်ုပ်တို့၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေး မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ် ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့ အနေဖြင့် အရင်းအမြစ်များကို သိသာထင်ရှားစွာ အသုံးချထားပြီး၊ နောင် အနာဂတ်တွင်လည်း ထိုသို့ ဆက်လက် အသုံးချသွားရန် ရည်ရွယ်ပါသည်။ "အစုရှယ်ယာ ထုတ်ဝေသူ အကြောင်းအရာ - ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေး" အပိုင်းတွင် အသေးစိတ် ဖော်ပြထားပါသည်။ ယင်းသို့ အသုံးချ ဆောင်ရွက်ထားသော်လည်း ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ ဖော်ထုတ်၊ စောင့်ကြည့်ပြီး စီမံခန့်ခွဲရေး ဆိုင်ရာ မိမိတို့၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် ရာနှုန်းပြည့် ထိရောက်သည်ဟု မမှတ်ယူနိုင်ပါ။ ကျွန်ုပ်တို့၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေး စနစ် အချို့သည် အလိုအလျောက် လုပ်ဆောင်သည့် စနစ်များ မဟုတ်ကြသောကြောင့် လူ့အမှား ရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေး နည်းလမ်း အချို့သည် စျေးကွက် အတွင်း အတိတ်ကာလက ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ် အပြုအမူများအား လေ့လာ တွေ့ရှိချက်များ အပေါ် အခြေခံပါသည်။ ထို့ကြောင့် အတိတ်ကာလ အပေါ် တိုင်းတာချက်များက ညွှန်ပြသည်ထက် သိသိသာသာ ပိုမို ကြီးမားနိုင်သော ဆုံးရှုံးနိုင်ခြေ အန္တရာယ်များအား အဆိုပါ နည်းလမ်းတို့ဖြင့် တိတိကျကျ ကြိုတင် ဟောကိန်း ထုတ်နိုင်လိမ့်မည်ဟု တစ်ထစ်ချ မမှတ်ယူနိုင်ပါ။ လုပ်ငန်း လည်ပတ် လုပ်ကိုင်မှု၊ တရားရေးရာနှင့် စည်းမျဉ်းဥပဒေ ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို စီမံခန့်ခွဲရာတွင် အရေအတွက် အလွန် များပြားလှသော လွှဲပြောင်းပေးချေမှုများ၊ ဖြစ်ရပ်များကို ကောင်းစွာ စိစစ် အတည်ပြု မှတ်တမ်းတင်နိုင်ရန် အလို့ငှာ အနိမ့်ဆုံးအားဖြင့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ လိုအပ်ပြီး၊ အဆိုပါ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများသည် ရာနှုန်းပြည့် ထိရောက်လိမ့်မည်ဟု တစ်ထစ်ချ မယူဆနိုင်ပါ။ ဆုံးရှုံးနိုင်ခြေ

အန္တရာယ်များအား ဖော်ထုတ်၊ စောင့်ကြည့်ပြီး စီမံခန့်ခွဲရေး ဆိုင်ရာ ကျွန်ုပ်တို့၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် အပြည့်အဝ မထိရောက်ပါက ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်တို့ကို အရေးပါသော အတိုင်းအတာဖြင့် ထိခိုက် နစ်နာစေနိုင်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးကြီးထွားလာမှုကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ခြင်းမရှိပါက ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းကို ထိခိုက်နစ်နာစေနိုင်ခြင်း

ကျွန်ုပ်တို့ ဘဏ်၏ စုစုပေါင်း ရရန်ပိုင်ခွင့်များမှာ ၂၀၁၅-ခုနှစ် မတ်လ ၃၁-ရက်နေ့၌ ကျပ် ဘီလီယံပေါင်း ၁၆၄.၂၀ ရှိခဲ့ရာမှ ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့၌ ကျပ် ဘီလီယံပေါင်း ၂၂၉.၈၁ အထိ တိုးတက်လာခဲ့ပါသည်။ ကျွန်ုပ်တို့၏ စုစုပေါင်း ရရန်ပိုင်ခွင့်များတွင် အဓိက အစိတ်အပိုင်း ဖြစ်သည့် ချေးငွေစာရင်း တန်ဖိုးကို သိသိသာသာ တိုးတက်လာစေရေး ဆောင်ရွက်သွားရန် အစီအစဉ် ရှိပါသည်။ မိမိတို့၏ ဖွံ့ဖြိုးကြီးထွားလာမှုကို ထိရောက်စွာ စီမံခန့်ခွဲခြင်း ဆိုသည်မှာ အဓိကကျသော ကိစ္စများကို နိုင်နိုင်နင်းနင်း ကိုင်တွယ် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ အဓိကကျသော ကိစ္စတို့တွင် - ကျွမ်းကျင်ဝန်ထမ်းများ ရွေးချယ် ခန့်ထား ထိန်းသိမ်းထားနိုင်ရေး၊ စရိတ်စကများ ကာမိစေသော လုပ်ငန်းစွမ်းဆောင်ရည် ရရှိရေး၊ စဉ်ဆက်မပြတ် အဆင့်မြှင့်သွားနိုင်မည့် ထိရောက်သော နည်းပညာ ယန္တရား အခြေခံ (platform) ကို တည်ထောင် ထိန်းသိမ်းထားရေး၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု စနစ်များအား တိုးတက် ကောင်းမွန်စေရေး၊ အသစ် ပေါ်ပေါက်လာနိုင်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အခြေခံ အသုံးချနိုင်မည့် အသိပညာ ဗဟုသုတ အစုအဝေး (knowledge base) တစ်ရပ် တည်ဆောက်ရေးနှင့် ဆက်သွယ် ဆောင်ရွက်သူတို့အား ပံ့ပိုး ပေးသည့် ဝန်ဆောင်မှုများ အဆင့်အတန်း မြင့်မားမှု သေချာစေရေးတို့ ပါဝင်ပါသည်။

ကျွန်ုပ်တို့၏ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ အကြား သက်တမ်း လွဲချော်မှု ရှိနေနိုင်ခြင်း။ မိမိတို့၏ ငွေများကို အဓိကအားဖြင့် ကာလတို ဘဏ်အပ်ငွေများမှ ရရှိသည် ဖြစ်ရာ၊ အပ်နှံသူတို့ အနေဖြင့် သက်တမ်းပြည့်ချိန်တွင် ထိုငွေများ ဆက်လက် အပ်နှံထားရှိခြင်း မပြုလျှင် ဖြစ်စေ၊ မိမိတို့ အနေဖြင့် ဘဏ်အပ်ငွေများ ဆက်လက် တိုးတက် ရရှိနေအောင် မဆောင်ရွက်နိုင်လျှင် ဖြစ်စေ ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်တို့ကို ထိခိုက် နစ်နာစေနိုင်ပါသည်။

ကျွန်ုပ်တို့၏ ရရန်ပိုင်ခွင့်များတွင် သက်တမ်းတို ပေးချေရန်များ ပါဝင်ပါသည်။ မိမိတို့၏ ငွေများကို ဘဏ်အပ်ငွေများမှ ရရှိပြီး၊ ယင်းအနက် ၂၃.၂၀% သည် စာရင်းရှင်အပ်ငွေ၊ ၃၇.၈၆% သည် ငွေစုဘဏ်အပ်ငွေ၊ ၃၂.၄၀% သည် စာရင်းသေအပ်ငွေ၊ ၆.၅၄% သည် ခေါ်ယူအပ်ငွေ (call deposit) အသီးသီး ဖြစ်ကြပါသည်။ ၂၀၁၆-ခုနှစ်၊ မတ်လ ၃၁-ရက်နေ့၌ ကျွန်ုပ်တို့ ဘဏ်ရှိ တန်ဖိုး အများဆုံး အပ်ငွေစာရင်းတွင် အပ်ငွေ အားလုံး စုစုပေါင်း၏ ၈.၂၉% ရှိခဲ့ပြီး၊ တန်ဖိုး အများဆုံး အပ်ငွေစာရင်း ၁၀သည် အပ်ငွေစုစုပေါင်း ၏ ၃၇.၃၂% ရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏ အတွေ့အကြုံ အရ မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူတို့ အနက် အပ်ငွေပမာဏ ကြီးမားသူအများစုက အပ်ငွေ သက်တမ်းစေ့ချိန်တွင် ဆက်လက် အပ်နှံထားမြဲ ဖြစ်သောကြောင့်၊ မိမိတို့ ငွေများ အတွက် တည်ငြိမ်သော အရင်းအမြစ် တစ်ရပ် ဖြစ်ပါသည်။

သို့သော်လည်း၊ အကယ်၍သာ ကျွန်ုပ်တို့ဘဏ်တွင် ငွေအပ်နှံသူများ အနက် သိသာထင်ရှားသော အချိုးအစား တစ်ခုက အပ်ငွေများ သက်တမ်းပြည့်ချိန်တွင် ဆက်လက် မထားရှိခဲ့လျှင် သို့မဟုတ် ဘဏ်၏ ရရန်ပိုင်ခွင့်များ၏ သက်တမ်းတို့ထက် ပိုမို တိုတောင်းသော သက်တမ်း အတွက်သာ ဆက်လက် ထားရှိခဲ့လျှင်၊ မိမိတို့၏ ငွေကြေးလွယ်ကူမှု (liquidity) ကို ထိခိုက်နစ်နာစေနိုင်ပါသည်။ နောက်ထပ် အပ်ငွေများ ရရှိနိုင်ရေး ဆွဲဆောင်ရန် အလို့ငှာ ပိုမို မြင့်မားသော အတိုးနှုန်းများ မလွဲသာမရှောင်သာ ပေးလာရပြီး၊ ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို အရေးပါသော အတိုင်းအတာဖြင့် ထိခိုက် နစ်နာစေနိုင်ပါသည်။

ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှု အစုစု (portfolio) အတွင်း အတိုး/အရင်း ပေးဆပ်ရန် ပျက်ကွက်နေသည့် ချေးငွေ (Non-Performing Loan - NPL) များ ပါရှိနေမှု အတိုင်းအတာကို အနာဂတ်တွင် ကျွန်ုပ်တို့က ထိထိရောက်ရောက် မထိန်းချုပ်နိုင်ပါက ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို ထိခိုက် နစ်နာစေနိုင်ခြင်း

၂၀၁၆-ခုနှစ်၊ မတ်လ ၃၁-ရက်နေ့၌ ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှု အစုစုတွင် NPL ပါရှိမှုသည် စီမံခန့်ခွဲနိုင်သော အတိုင်းအတာမျှသာ ဖြစ်ပါသည်။ သို့သော်လည်း အနာဂတ်တွင် ကျွန်ုပ်တို့၏ NPL များကို ထိန်းချုပ်နိုင်ခြင်းမရှိပါက ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို အဓိကကျသော အတိုင်းအတာတခုအထိ ထိခိုက် နစ်နာစေနိုင်ပါသည်။

663 MOBILE MONEY လုပ်ငန်း ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အကြောင်းရင်းများ

663 MOBILE MONEY လုပ်ငန်းသည် စီးပွားရေး အရ တွက်ခြေကိုက်လိမ့်မည်ဟု အာမမခံနိုင်ခြင်း

ငွေလွှဲပြောင်း ပေးပို့ရေး ဝန်ဆောင်မှု လုပ်ငန်း တစ်ရပ် ဖြစ်သည့် 663 Mobile Money ကို ၂၀၁၅-ခုနှစ် ဇူလိုင်လ ၁၁-ရက်နေ့တွင် စတင် မိတ်ဆက်ပေးခဲ့ပြီး၊ ၎င်း၏ အဆိုပြု စီးပွားရေး လုပ်ငန်းပုံစံ (business model) မှာ မြန်မာနိုင်ငံတော်တွင် အောင်မြင်နိုင်ကြောင်း သက်သေ မထူရသေးသဖြင့်၊ ၎င်း စီးပွားရေးလုပ်ငန်း သို့မဟုတ် ၎င်း၏ အလားအလာကို အကဲဖြတ် သုံးသပ်ချက် တစ်စုံတစ်ရာ ပေးရန် ခက်ခဲပါသည်။ ကုမ္ပဏီ အနေဖြင့် မိမိ၏ စီးပွားရေးလုပ်ငန်း အစီအစဉ်များအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေး တွက်ခြေကိုက်နိုင်သည့် လုပ်ငန်း တစ်ရပ် ဖြစ်လာလိမ့်မည်ဟု အာမခံချက် တစ်စုံတစ်ရာ မပေးနိုင်ပါ။

663 Mobile Money ၏ စီးပွားရေးလုပ်ငန်း သည်မြန်မာနိုင်ငံတော် အတွင်း မိုဘိုင်း ငွေပေးချေမှု လုပ်ငန်း လုပ်ကိုင် ဆောင်ရွက်နေသော အခြား လုပ်ငန်းအဖွဲ့အစည်းများနှင့် ပြိုင်ဆိုင်မှု ရှိခြင်း

မြန်မာနိုင်ငံတော်တွင် Myanmar Mobile Money ၊ Mykyats ၊ WAVE စသည့် အခြား မိုဘိုင်း ငွေပေးချေခြင်း ဝန်ဆောင်မှု လုပ်ငန်းများ ရှိပါသည်။ ထို့ပြင် အခြားသော မိုဘိုင်း ဆက်သွယ်ရေးလုပ်ငန်းများ၊ ဘဏ်များနှင့် ငွေပေးချေမှု လုပ်ငန်းကုမ္ပဏီများ အနေဖြင့် အလားတူ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည့် အစီအစဉ်များ ကြေညာထားပြီး ဖြစ်ပါသည်။ 663 Mobile Money အနေဖြင့် ထိထိရောက်ရောက် မယှဉ်ပြိုင်နိုင်ပါက ၎င်း၏ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို ထိခိုက် နစ်နာစေနိုင်ပါသည်။

လုံခြုံရေး ကျိုးပေါက်မှုများသည် 663 Mobile Money ၏ စီးပွားရေးလုပ်ငန်းကို ထိခိုက်နစ်နာစေနိုင်ခြင်း

663 Mobile Money ၏ လုံခြုံရေး အစီအမံများ ကျိုးပေါက်လျှင် ဖြစ်စေ၊ ၎င်း၏ ထုတ်ကုန်ပစ္စည်းများ အပေါ် ဆိုက်ဘာ တိုက်ခိုက်မှုများကြောင့် အသုံးပြုသူများ ကန့်သတ် ပိတ်ပင် ခံရလျှင် ဖြစ်စေ ၎င်း၏ ထုတ်ကုန်ပစ္စည်းများသည် အခြား ရွေးချယ်နိုင်သည့် ထုတ်ကုန်ပစ္စည်းတို့လောက် မလုံခြုံကြောင်း ထင်မှတ်ခံရလျက်၊ အသုံးပြုသူများက ၎င်း၏ ထုတ်ကုန်ပစ္စည်းများကို မရွေးချယ်တော့လျှင် ၎င်း၏ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို ထိခိုက် နစ်နာစေနိုင်ပါသည်။

663 Mobile Money ၏ နည်းပညာ ယန္တရား အခြေခံ (platform) ပျက်ပြားလျှင် 663 Mobile Money ၏ လုပ်ငန်း ဆောင်ရွက်နိုင်မှု အပေါ် အလေးအနက် သက်ရောက်မှု ရှိနိုင်ခြင်း

663 Mobile Money ဆိုသည်မှာ အသုံးပြုသူတို့အား ငွေပေးပို့ခြင်း၊ ငွေလက်ခံခြင်း စသည့် မိုဘိုင်းငွေပေးချေမှုဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်သည့် နည်းပညာ အခြေပြု စီးပွားရေးလုပ်ငန်း ဖြစ်သည်။ အဆိုပါ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသည့် နည်းပညာ ယန္တရား အခြေခံ ချွတ်ယွင်းခြင်းကြောင့် 663 Mobile Money က လွှဲပြောင်းပေးပို့ခြင်း လုပ်ငန်းရပ်များ ကိုင်တွယ် ဆောင်ရွက်ပေးမှုတွင် အဟန့်အတား ဖြစ်ခဲ့လျှင်၊ 663

Mobile Money ၏ လုပ်ငန်း ဆောင်ရွက်နိုင်မှု အပေါ် အလေးအနက် သက်ရောက်မှု ရှိနိုင်ပြီး၊ အကျိုးဆက် အဖြစ် ၎င်း၏ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို ထိခိုက် နစ်နာစေနိုင်ပါသည်။

စည်းမျဉ်းဥပဒေ အပြောင်းအလဲများက 663 Mobile Money ၏ စီးပွားရေးလုပ်ငန်းကို ထိခိုက်နစ်နာစေနိုင်ခြင်း

663 Mobile Money သည် အထူးသဖြင့် ငွေလွှဲပြောင်းမှု ဆိုင်ရာ ကိစ္စတို့တွင် ပိုမို များပြားလာသော စည်းမျဉ်း ကြပ်မတ်မှုများကို ရင်ဆိုင်လာရနိုင်ပါသည်။ ထို့ကြောင့် တည်ဆဲ စည်းမျဉ်းများတွင် တစ်စုံတစ်ရာ ပြောင်းလဲခြင်းသည် 663 Mobile Money ၏ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို ထိခိုက် နစ်နာစေနိုင်ပါသည်။

နိုင်ငံနှင့် နိုင်ငံရေး ဆိုင်ရာ အထွေထွေ ဆုံးရှုံးနိုင်ခြေများ

မြန်မာနိုင်ငံတော်၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများ၏ သက်ရောက်မှု

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း အားလုံးနှင့် လုပ်ငန်း လုပ်ကိုင် လည်ပတ်မှု အားလုံးကို မြန်မာနိုင်ငံတော်တွင် အခြေစိုက် ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံတော်၏ လူမှုရေးနှင့် နိုင်ငံရေး အခြေအနေတို့တွင် မလိုလားအပ်သော အပြောင်းအလဲ တစ်စုံတစ်ရာ ဖြစ်ပေါ်ခြင်းသည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို ထိခိုက် နစ်နာစေနိုင်ပါသည်။

အစိုးရ၏ ဥပဒေ စည်းမျဉ်းနှင့် မူဝါဒများ ပြောင်းလဲခြင်း

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ကျွန်ုပ်တို့ ပါဝင်ဆောင်ရွက်နေသော ဈေးကွက်များနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ သက်ဆိုင်သော အစိုးရ ဥပဒေ စည်းမျဉ်းများ သို့မဟုတ် မူဝါဒ များတွင် တစ်စုံတစ်ရာ ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ အတွက် ဝယ်လိုအားကို လျော့နည်းစေသည့် သက်ရောက်မှု ရှိနိုင်ပါသည်။ ယင်းကဲ့သို့သော ဥပဒေ စည်းမျဉ်းများ သို့မဟုတ် မူဝါဒများကို မိမိတို့ အပေါ် ကျင့်သုံးပုံ၌ တစ်စုံတစ်ရာ ပြောင်းလဲခြင်းသည်လည်း ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများကို ထိခိုက် နစ်နာစေနိုင်ပါသည်။ ဖော်ပြခဲ့သည့် အခြေအနေ တစ်ခုခုမှ တစ်ဆင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများ၊ ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို အရေးပါသည့် အတိုင်းအတာဖြင့် ထိခိုက် နစ်နာစေနိုင်ပါသည်။

နိုင်ငံခြားသုံးငွေ ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ

မြန်မာနိုင်ငံတော်ရှိ အများနှင့် သက်ဆိုင်သော ကုမ္ပဏီတို့သည် ကျပ်ငွေလဲလှယ်နှုန်း အတက်အကျကြောင့် ဆုံးရှုံးနိုင်ခြေများမှ ထိထိရောက်ရောက် တန်ပြန်ကာကွယ်မှု (hedging) ပေးနိုင်မည့် ငွေရေးကြေးရေး နည်းနာ အစီအမံ (instrument) ကိုအသုံး မပြုနိုင်သေးပါ။ ကျပ်ငွေ အနေဖြင့် အမေရိကန်ဒေါ်လာ (US$) ကဲ့သို့ နိုင်ငံခြားငွေတို့နှင့် နှိုင်းယှဉ်ရာတွင် တန်ဖိုး လျော့လျှင် သွင်းကုန် စျေးနှုန်းများ မြင့်တက်လာမည် ဖြစ်ကာ၊ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို ထိခိုက် နစ်နာစေနိုင်ပါသည်။

မြန်မာနိုင်ငံတော်၌ အများပြည်သူသို့ ထုတ်ပြန်မည့် သတင်းအချက်အလက်နှင့် စာရင်းအင်းများ အချိန်နှင့် တပြေးညီ ရရှိနိုင်ရန် ခက်ခဲခြင်း

မြန်မာနိုင်ငံတော်၏ လက်ရှိ စီးပွားရေး ပတ်ဝန်းကျင် အခြေအနေများ အတွင်း၌ အခြား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ သတင်းအချက်အလက်နှင့် စာရင်းအင်းများ အချိန်နှင့် တပြေးညီ ရရှိရန် ခက်ခဲနိုင်ပါသည်။ ထိုအခါ မိမိတို့၏ လုပ်ငန်း စွမ်းဆောင်ရည်ကို အကဲဖြတ်ရန် ခဲယဉ်းပြီး၊ စျေးကွက် ဆိုင်ရာ သတင်းအချက်အလက် မစုံလင်သည့် အတွက် မိမိတို့ အစုရှယ်ယာများ၏ စျေးနှုန်း သတ်မှတ်ရာတွင် မထိရောက်ဘဲ ဖြစ်နိုင်ပါသည်။ ထို့ပြင်၊ အခါအားလျော်စွာ ရရှိလာသည့် စီးပွားရေး အခွင့်အလမ်းတို့၏ အကျိုးရှိနိုင်မှုနှင့် အလားအလာများကို မိမိတို့ အကဲဖြတ် သုံးသပ်ရာတွင် သတင်းအချက်အလက်များ၏ မတိကျမှုက အခက်အခဲ ဖြစ်စေနိုင်သည့် အတွက် ကျွန်ုပ်တို့၏ စီးပွားရေး ဆိုင်ရာ အဆုံးအဖြတ်များ အပေါ် ဆိုးကျိုး ဖြစ်စေကာ၊ ယင်းမှ တစ်ဆင့် ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များကို အရေးပါသည့် အတိုင်းအတာဖြင့် ထိခိုက် နစ်နာစေနိုင်ပါသည်။

ကုမ္ပဏီ၏ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံခြင်း ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ

ကုမ္ပဏီ၏ အစုရှယ်ယာ စျေးနှုန်း အတက်အကျ ရှိနိုင်ခြင်း

ကျွန်ုပ်တို့၏ အစုရှယ်ယာများ အရောင်းအဝယ် ဖြစ်သည့် စျေးနှုန်းတွင် အတက်အကျ ရှိနိုင်ပါသည်။ အတက်အကျ ဖြစ်စေနိုင်သည့် အကြောင်းရင်းတို့တွင် မိမိတို့ စီးပွားရေးလုပ်ငန်း၏ စွမ်းဆောင်ရည်၊ လုပ်ငန်းဆောင်ရွက်ချက် ရလဒ်များ၊ ပြိုင်ဆိုင်မှု အခြေအနေများ၊ နိုင်ငံရေး စီးပွားရေး လူမှုရေး ဆိုင်ရာ အထွေထွေ အကြောင်းအချက်များ၊ မြန်မာနိုင်ငံတော်နှင့် ကမ္ဘာ့စီးပွားရေး အခြေအနေများ၊ မြန်မာနိုင်ငံတော်၏ ငွေကြေးစနစ် ဆိုင်ရာ သိသာထင်ရှားသော တိုးတက် ပြောင်းလဲမှုများ၊ မြန်မာနိုင်ငံတော်နှင့် ကမ္ဘာ့ငွေချေးသက်သေခံလက်မှတ် စျေးကွက် အတက်အကျများ၊ ကျွန်ုပ်တို့ ပြိုင်ဘက်များ၏ လုပ်ငန်း စွမ်းဆောင်ရည်၊ မိမိ၏ လုပ်ငန်းစွမ်းဆောင်ရည် ခန့်မှန်းချက် သို့မဟုတ် ငွေရေးကြေးရေး ဆန်းစစ်လေ့လာသူတို့၏ ထောက်ခံချက်တို့တွင် အပြောင်းအလဲ ဖြစ်ပေါ်ခြင်း၊ ပဋိညာဉ်စာချုပ်များ၊ ဝယ်ယူမှုများ၊ မဟာဗျူဟာမြောက် လက်တွဲမှုများ၊ ဖက်စပ် လုပ်ကိုင်မှုများ သို့မဟုတ် အရင်းအနှီး ကတိကဝတ်များနှင့် ပတ်သက်၍ မိမိ သို့မဟုတ် အခြားသူတို့မှ ထုတ်ပြန် ကြေညာချက်များ အပါအဝင် ဖြစ်သည်။ ထို့ပြင် စတော့စျေးကွက်တို့ အပေါ် ရင်းနှီးမြှုပ်နှံသူများ၏ အထွေထွေ ယုံကြည်မှု ကျဆင်းလျှင် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း၊ ဘဏ္ဍာရေး အခြေအနေ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှု ရလဒ်များနှင့် မသက်ဆိုင်သော အခြား အကြောင်းရင်းတို့ကြောင့် ကျွန်ုပ်တို့ အစုရှယ်ယာများ၏ စျေးနှုန်းသည်လည်း ကျဆင်း နိုင်ပါသည်။ ကျွန်ုပ်တို့အား တိုက်ရိုက် မသက်ရောက်စေကာမူ၊ ကျွန်ုပ်တို့နှင့် အမျိုးအစားတူ လုပ်ငန်းနယ်ပယ် အတွင်းရှိ အခြား ကုမ္ပဏီများအား သက်ရောက်သည့် ဖြစ်ရပ်များ အပေါ် တုံ့ပြန်ချက်တို့ကြောင့်လည်း ကျွန်ုပ်တို့၏ အစုရှယ်ယာများ ရောင်းဝယ်သည့် စျေးနှုန်း ကျဆင်းနိုင်ပါသည်။ အခြား အရာများ အပါအဝင် အထက်တွင် ဖော်ပြခဲ့သည့် အကြောင်းရင်း တစ်ခုချင်းက ကျွန်ုပ်တို့၏ အစုရှယ်ယာများ စျေးနှုန်း အပေါ် ဆိုးကျိုး သက်ရောက်စေနိုင်ပါသည်။

MCB သည် YSX ၌ ရှယ်ယာများ ရောင်းဝယ်နိုင်ရေး အတွက် ပထမဦးဆုံး စာရင်းတင်သွင်းကြသည့် ကုမ္ပဏီများ အနက် တစ်ခု ဖြစ်လာပါမည်။ စျေးကွက်တွင် အတက်အကျ အလွန်အမင်း များမှု၊ အကျိုးဆောင်ပွဲစားများ ပျက်ကွက်မှု၊ စာရင်းရှင်းလင်း ပေးချေရန် နှောင့်နှေးမှု၊ အကျိုးဆောင်ပွဲစားများ သပိတ်မှောက်မှု စသည်တို့ကို ကိုင်တွယ် ဖြေရှင်းရန် အလို့ငှာ YSX အား မဖွင့်လှစ်ဘဲ ယာယီ ပိတ်ထားခြင်း အပါအဝင် ပြဿနာများကို ရင်းနှီးမြှုပ်နှံသူတို့ ရင်ဆိုင်ရနိုင်ခြင်း

YSX သည် လုပ်ထုံးလုပ်နည်း အသစ်များကို စတင် အကောင်အထည် ဖော်နေဆဲ ဖြစ်သည့် စတော့ စျေးကွက် အသစ် တစ်ခု ဖြစ်ပါသည်။ ၎င်းအနေဖြင့် ရောင်းဝယ်မှု ကြိမ်နှုန်း၊ စတော့အိပ်ချိန်း အလုပ်ချိန်၊ နေ့စဉ် စျေးနှုန်း

အတက် အကျ ကန့်သတ်ချက်၊ စတော့အိပ်ချိန်း စာရင်းဝင် ဖြစ်ပြီးသည့် ငွေချေးသက်သေခံလက်မှတ်/အစုရှယ်ယာတို့၏ ဈေးနှုန်းများ အတက်အကျတို့နှင့် သက်ဆိုင်သော အရေးကိစ္စရပ် အမျိုးမျိုးကို ရင်ဆိုင် ကြုံတွေ့ရနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူတို့ အနေဖြင့် ဈေးကွက် အတွင်း အတက်အကျ အလွန်အမင်း များမှု၊ အကျိုးဆောင်ပွဲစားများ ပျက်ကွက်မှု၊ စာရင်းရှင်းလင်း ပေးချေရန် နောင့်နေးမှု၊ အကျိုးဆောင်ပွဲစားများ သပိတ်မှောက်မှု စသည်တို့ကို ကိုင်တွယ် ဖြေရှင်းရန် အလို့ငှာ YSX အား မဖွင့်လှစ်ဘဲ ယာယီ ပိတ်ထားခြင်း အပါအဝင် ပြဿနာများကို ရင်ဆိုင်ရနိုင်ပါသည်။ ထို့ပြင်၊ ယခင်က ကျွန်ုပ်တို့ လည်ပတ်ဆောင်ရွက်ပေးနေခဲ့သော ကောင်တာဈေးကွက်၌ ရင်းနှီးမြှုပ်နှံသူတို့ သည် အစုရှယ်ယာ များကို ဆက်လက်၍ ရောင်းခြင်း၊ဝယ်ခြင်းပြုလုပ်နိုင်တော့မည်မဟုတ်ပါ။

မြန်မာနိုင်ငံတော်တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာ အမိန့်ကြော်ငြာစာများ၊ အမိန့်များ နှင့် ညွှန်ကြားချက်များထပ်မံထုတ်ပြန်နိုင်ခြင်း

YSX ၌ ရောင်းဝယ်ကြခြင်းကို မကြာမီကလေးတင်ကသာ စတင်ခဲ့ခြင်း ဖြစ်ပြီး၊ မြန်မာနိုင်ငံတော်တွင် ငွေချေးသက်သေခံလက်မှတ်တို့ ဆိုင်ရာ **အမိန့်, ကြော်ငြာစာများ၊ အမိန့် များ နှင့် ညွှန်ကြားချက်များ** နှိုင်းယှဉ်ချက် အားဖြင့် ဆန်းသစ်နေဆဲ ဖြစ်ပါသည်။ သို့ဖြစ်ရာ၊ ထို နည်းဥပဒေ စည်းမျဉ်းများအား ကျင့်သုံးရာတွင် လည်းကောင်း၊ အဓိပ္ပာယ် ဖွင့်ဆိုရာတွင် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ကွဲပြားခြားနားမှုများနှင့် မသေချာ မရေရာမှုများ ကြုံတွေ့ရနိုင်ပါသည်။

အနာဂတ်တွင် ကျွန်ုပ်တို့၏ အမြတ်ဝေစု ပေးနိုင်စွမ်းသည် မိမိတို့၏ ဝင်ငွေ၊ ဘဏ္ဍာရေး အခြေအနေ၊ ငွေသားစီးဆင်းမှုနှင့် မတည်ငွေရင်း လိုအပ်ချက်များ အပေါ် မူတည်ခြင်း။

ကျွန်ုပ်တို့၏ နောင်အခါ အမြတ်ဝေစု ပေးနိုင်စွမ်းသည် မိမိတို့၏ ဝင်ငွေ၊ ဘဏ္ဍာရေး အခြေအနေ၊ ငွေသားစီးဆင်းမှုနှင့် မတည်ငွေရင်း လိုအပ်ချက်များ အပေါ် မူတည်ပါသည်။ ဘဏ် အနေဖြင့် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက် မိမိတို့၏ အဓိကကျသော လုပ်ငန်းများ (core businesses) တွင် ပြန်လည် ရင်းနှီးမြှုပ်နှံရန် အလို့ငှာ အမြတ်ငွေများကို ပိုမို များပြားစွာ မခွဲဝေဘဲ ချန်လှပ် ထိန်းသိမ်းထားရန် လိုအပ်နိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အစုရှယ်ယာရှင်များအား အမြတ်ဝေစု မပေးနိုင်ခြင်းများလည်း ရှိနိုင်ပါသည်။

နောင် အနာဂတ်တွင် ကုမ္ပဏီက အစုရှယ်ယာများ ထုတ်ဝေမှု သို့မဟုတ် ကုမ္ပဏီ၏ အရေးပါသော အစုရှယ်ယာရှင် တစ်ဦးဦး၏ အစုရှယ်ယာများကို ၎င်းက ရောင်းချမှုကြောင့် အစုရှယ်ယာများ၏ ဈေးနှုန်းကို ထိခိုက်စေနိုင်ခြင်း

ကျွန်ုပ်တို့ ကုမ္ပဏီက အစုရှယ်ယာများ ထုတ်ဝေခွင့် အပေါ်တွင် လည်းကောင်း၊ မိမိတို့၏ အဓိက အစုရှယ်ယာရှင်တို့က ၎င်းတို့ ပိုင်ဆိုင်သော အစုရှယ်ယာများကို ထုခွဲရောင်းချခွင့် အပေါ်တွင် လည်းကောင်း တစ်စုံတစ်ရာ တားမြစ် ကန့်သတ်ထားခြင်း မရှိပါ (ကုမ္ပဏီမှ ထုတ်ဝေထားသော အစုရှယ်ယာ အားလုံး၏ ၁၅% ထက် ကျော်လွန်၍ အစုရှယ်ယာရှင် တစ်ဦးက ထုခွဲရောင်းချခြင်း အတွက်မူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ အတည်ပြုချက် လိုအပ်ပါသည်)။ ကျွန်ုပ်တို့ အနေဖြင့် အစုရှယ်ယာများ မထုတ်ဝေပါဟု လည်းကောင်း၊ အဓိက အစုရှယ်ယာရှင် တစ်ဦးဦးက ၎င်း ပိုင်ဆိုင်သော အစုရှယ်ယာများကို ထုခွဲရောင်းချခြင်း၊ ဝန်ထုပ်ဝန်ပိုး တင်စေခြင်း သို့မဟုတ် ကတိကဝတ် အဖြစ် တင်သွင်းခြင်း မပြုပါဟု လည်းကောင်း လူကြီးမင်းသို့ အာမခံချက် မပေးနိုင်ပါ။ နောက်ထပ် အစုရှယ်ယာများ ထုတ်ဝေရာ၌ လူကြီးမင်း ရထိုက်ခွင့် ရှိသော အစုရှယ်ယာ ကမ်းလှမ်းချက်ကို လူကြီးမင်းက မဝယ်ယူပါက လူကြီးမင်း၏ အစုရှယ်ယာ ပိုင်ဆိုင်မှု အချိုးကို လျော့ကျစေနိုင်သည့် အပြင်၊ အစုရှယ်ယာများ ရောင်းဝယ်သည့် ဈေးနှုန်းကိုလည်း ကျဆင်းစေနိုင်ပါသည်။ နောက်ထပ် အစုရှယ်ယာများကို

လက်ငင်း ရောင်းဝယ်နေသည့် အစုရှယ်ယာ စျေးနှုန်းထက် နိမ့်ကျသော စျေးနှုန်းဖြင့်လည်း ထုတ်ဝေနိုင်ပါသည်။ ကျွန်ုပ်တို့ ၏ အဓိက အစုရှယ်ယာရှင်တို့က အစုရှယ်ယာများကို ရောင်းချခြင်းကြောင့်လည်း အစုရှယ်ယာများ အရောင်းအဝယ် ပြုသည့် စျေးနှုန်းကို ကျဆင်းစေနိုင်ပါသည်။

မကောင်းသတင်း ထွက်ပေါ်မှုကြောင့် အစုရှယ်ယာများ၏ စျေးနှုန်း ထိခိုက်ခြင်း

ကျွန်ုပ်တို့၏ ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိ တစ်ဦးဦးနှင့် ပတ်သက်၍ မကောင်းသတင်း ထွက်ပေါ်မှုသည် ကျွန်ုပ်တို့ အစုရှယ်ယာများ ၏စျေးနှုန်းကို ထိခိုက်စေနိုင်ပါသည်။

အခွင့်မဲ့ ဖော်ပြသော သတင်းအချက်အလက်များကြောင့် အစုရှယ်ယာများ၏ စျေးနှုန်း ထိခိုက်ခြင်း

မြန်မာနိုင်ငံတော်တွင်း ထုတ်ဝေသည့် အချို့သော သတင်းစာစောင်တို့တွင် စတော့အိပ်ချိန်း၌ ကျွန်ုပ်တို့၏ စာရင်းတင်သွင်းခြင်း နှင့် ပတ်သက်၍ သတင်း ဖော်ပြချက်များ ပါရှိခဲ့ပါသည်။ အဆိုပါ သတင်း ဖော်ပြချက်တို့တွင် အချို့သော ဘဏ္ဍာရေးအချက်အလက်များ၊ တန်ဖိုး တွက်ချက်ခြင်းများနှင့် အခြား သတင်းအချက်အလက်များ ပါဝင်ပါသည် (“**သတင်းဖော်ပြချက်များ**”)။ အဆိုပါ သတင်းဖော်ပြချက်များကို ကျွန်ုပ်တို့ထံက ထုတ်ပေးထားခြင်း၊ အများပြည်သူ့ထံ ထုတ်ပြန်ရန် ကျွန်ုပ်တို့က အခွင့်အာဏာ ပေးထားခြင်း မရှိပါ။ ထို့ကြောင့် အဆိုပါ သတင်းဖော်ပြချက်များ၏ မှန်ကန်တိကျမှု၊ ပြည့်စုံမှုတို့နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ လုံးဝ တာဝန် မယူပါ။ အဆိုပါ သတင်းဖော်ပြချက်များနှင့် ယင်းတို့ အခြေခံရာ ထင်မြင်ယူဆချက်တို့၏ ဆီလျော်မှု၊ မှန်ကန်တိကျမှု၊ ပြည့်စုံမှု သို့မဟုတ် ယုံကြည်စိတ်ချရမှုတို့နှင့် စပ်လျဉ်း၍ မည်သည့် တင်ပြခြင်းမျှ မိမိတို့ မပြုလုပ်ပါ။ အဆိုပါ သတင်းဖော်ပြချက်တို့တွင် ပါရှိပြီး၊ စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းရန် အတွက် ပြုလုပ်သော ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်းပါ သတင်းအချက်အလက်များနှင့် မကိုက်ညီ သို့မဟုတ် ဆန့်ကျင်သည့် အရာ မှန်သမျှကို မိမိတို့ ငြင်းဆိုပါသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ - ရင်းနှီးမြှုပ်နှံလိုသူတို့သည် စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းရန် အတွက် ပြုလုပ်သော ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်းပါ သတင်းအချက်အလက်များတွင် လည်းကောင်း၊ ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်းပါ ရက်စွဲ နောက်ပိုင်း အချိန်တွင် ကျွန်ုပ်တို့က အများပြည်သူသို့ ထုတ်ပြန်သည့် အခြား သတင်း အချက်အလက်တို့တွင် လည်းကောင်း အခြေခံလျက်သာ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံရေး ဆိုင်ရာ အဆုံးအဖြတ်များကို ပြုလုပ်ကြရန်နှင့် အခြား မည်သည့် သတင်းအချက်အလက်ကိုမျှ ယုံကြည်အားထားခြင်း မပြုကြရန် သတိပေးအပ်ပါသည်။

၆။ လုပ်ငန်းနယ်ပယ်ဆိုင်ရာ သတင်းအချက်အလက်များ

အခြားနည်း ဖော်ပြမထားပါက - ဤ ဖွင့်ပွဲဖော်ထုတ်ချက် စာတမ်း အတွင်း အသုံးပြုထားသော စျေးကွက် ဆိုင်ရာ အချက်အလက်များနှင့် အချို့သော လုပ်ငန်းနယ်ပယ် ဆိုင်ရာ ကြိုတင် ခန့်မှန်းချက်တို့ကို လုပ်ငန်းနယ်ပယ်တွင်း ကောက်ယူသော စစ်တမ်းများ၊ စျေးကွက် သုတေသနများနှင့် အများပြည်သူ့ နယ်ပယ်ရှိ သတင်း အချက်အလက်များနှင့် လုပ်ငန်းနယ်ပယ် ဆိုင်ရာ ထုတ်ပြန်မှုများမှ ရယူပါသည်။ လုပ်ငန်းနယ်ပယ် ဆိုင်ရာ ထုတ်ပြန်မှုများက ၎င်းတို့တွင် ပါဝင်သော သတင်းအချက်အလက်များကို ယုံကြည်နိုင်ဖွယ် ဇစ်မြစ်များမှ ရယူထားကြောင်း၊ သို့ရာတွင် ယင်း သတင်းအချက်အလက်တို့၏ တိကျမှုနှင့် ပြည့်စုံမှုကို အာမ မခံကြောင်း ယေဘုယျအားဖြင့် ဖော်ပြလေ့ရှိပါသည်။ သူတပါး ဇစ်မြစ်တို့မှ ဖော်ပြချက်များကို ၎င်းတို့ အတွက် ထိုက်သင့်သော ပုံစံ၊ အနေအထားတို့ဖြင့် ကျွန်ုပ်တို့ တင်ပြထားသော်လည်း၊ MCB ၊ ဘဏ္ဍာရေး အကြံပေးအဖွဲ့ (Financial Advisor)၊ ၎င်းတို့ အသီးသီး၏ ဒါရိုက်တာများ၊ အလုပ်သမားများ၊ အေးဂျင့်များနှင့် ကျွမ်းကျင်အကြံပေးများ အနက် မည်သည့် တစ်ဦးတစ်ယောက်ကမျှ အဆိုပါ သတင်းအချက်အလက်များ၏ အကြောင်းအရာ၊ တိကျမှန်ကန်မှုတို့ကို သီးခြား ပြန်လည် ဆန်းစစ်ထားခြင်း သို့မဟုတ် အတည်ပြုထားခြင်း မရှိပါ။ လုပ်ငန်းနယ်ပယ် ဆိုင်ရာ ထုတ်ပြန်မှုတို့သည် နေ့စဉ် အတိအကျတို့မှ သတင်းအချက်အလက်များတွင် အခြေခံ၍ ပြုစုထားခဲ့သည် ဖြစ်၍၊ လက်ရှိ အခြေအနေနှင့် မကိုက်ညီတော့ခြင်း သို့မဟုတ် လက်ရှိ အလားအလာကို မထင်ဟပ်တော့ခြင်းတို့ ရှိနိုင်ပါသည်။ ထို့ကြောင့်၊ ရင်းနှီးမြှုပ်နှံသူတို့ အနေဖြင့် ဤအပိုင်းတွင် ပါဝင်သော သတင်းအချက်အလက်များ အပေါ် ထိုက်သင့်သည်ထက် ပိုမို၍ ယုံကြည် အားထားမှု မပြုသင့်ပါ။

ဘဏ်လုပ်ငန်း ကဏ္ဍ

အခြားနည်း ညွှန်ပြထားခြင်း မရှိပါက - ဤအပိုင်းငယ်တွင် ပါဝင်သော ဘဏ္ဍာရေးနှင့် စာရင်းအင်း အချက်အလက် အားလုံးသည် ၂၀၁၅-ခုနှစ် ဖေဖော်ဝါရီလ နေ့စွဲပါ Deutsche Gesellschaft fur Internationale Zusammenarbeit GmbH (GIZ) ၏ "မြန်မာနိုင်ငံတော်၏ ငွေရေးကြေးရေး ကဏ္ဍ - ဘဏ်များ အတွက် စိန်ခေါ်မှု အပြည့်ဖြင့် ပတ်ဝန်းကျင်" အမည်ရှိ အစီရင်ခံစာ ("GIZ အစီရင်ခံစာ") မှ ဖြစ်ပါသည်။ GIZ အစီရင်ခံစာပါ ထင်မြင်ချက်တို့သည် GIZ သို့မဟုတ် ၎င်း၏ စီမံခန့်ခွဲမှုဘုတ်အဖွဲ့၏ ထင်မြင်ချက်နှင့် မူဝါဒတို့ကို ထင်ဟပ်သည်ဟု အတပ် မပြောနိုင်ပါ။ GIZ အနေဖြင့် GIZ အစီရင်ခံစာပါ အချက်အလက်များ၏ တိကျမှန်ကန်မှုကို အာမ မခံသကဲ့သို့ ၎င်းတို့ကို အသုံးပြုခြင်း၏ အကျိုးဆက် တစ်စုံတစ်ရာ အတွက် တာဝန်ယူမည်မဟုတ်ပါ။

မြန်မာနိုင်ငံတော် ဘဏ်လုပ်ငန်းကဏ္ဍ သမိုင်း

ဗြိတိသျှ ကိုလိုနီ အုပ်ချုပ်မှု အောက်သို့ မြန်မာနိုင်ငံတော် ကျရောက်နေစဉ် ၁۹۶၁-ခုနှစ်တွင် Indian Presidency Bank of Bangal ၏ ရန်ကုန် ဘဏ်ခွဲကို ဖွင့်လှစ်ခြင်းမှ၊ တနည်းအားဖြင့် ၁၉-ရာစုနှစ်မှ မြန်မာ့ ဘဏ်လုပ်ငန်း သမိုင်း စတင်ခဲ့ပါသည်။ Reserve Bank of India ၏ ရန်ကုန်ဘဏ်ခွဲသည် မြန်မာနိုင်ငံတော်၏ ပထမဆုံး ဗဟိုဘဏ် ဖြစ်ပါသည် (၁၉၃၉- ၁၉၄၇)။ မြန်မာနိုင်ငံတော် ၁၉၄၈-ခုနှစ်တွင် လွတ်လပ်ရေး ရပြီးနောက်၊ ဒီမိုကရေစီ အစိုးရ လက်အောက်တွင် ပြည်တွင်းနှင့် နိုင်ငံခြားဘဏ်များ အပါအဝင် ဘဏ်လုပ်ငန်းကဏ္ဍသည် အလျင်အမြန် တိုးတက်ခဲ့ပြီး၊ မြန်မာနိုင်ငံတော်၏ GDP တွင် အနည်းဆုံး သုံးပုံ တစ်ပုံ ပါဝင်ခဲ့ပါသည်။ သို့သော်၊ တော်လှန်ရေးကောင်စီက နိုင်ငံတော် အာဏာကို သိမ်းယူပြီးနောက် ၁၉۶၃-ခုနှစ်တွင် (ပြည်တွင်းဘဏ် ၁၀-ခု နှင့် နိုင်ငံခြားဘဏ် ၁၄-ခု ဖြစ်သည့်) ဘဏ် အားလုံးတို့အား ပြည်သူပိုင် သိမ်းခဲ့ပါသည်။ ထိုအချိန်က တည်ထောင်ခဲ့သည့် ဆိုရှယ်လစ် ဘဏ်လုပ်ငန်း စနစ်၏ အကျိုးဆက် တစ်ခုမှ ဘဏ် ဝန်ဆောင်မှုများ လူထုထံသို့ ပိုမို ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနိုင်ရေး ရည်ရွယ်ချက်ဖြင့် နိုင်ငံပိုင်ဘဏ်များကို နိုင်ငံ တစ်ဝန်းလုံး ဖြန့်ကျက် အသုံးချခြင်း ဖြစ်ပါသည် (ယင်းမတိုင်မီက ဘဏ် အားလုံး နီးပါး ရန်ကုန်မြို့တွင်သာ ရှိခဲ့ကြသည်)။

လွတ်လပ်ရေး ရပြီး နောက်ပိုင်း မြန်မာနိုင်ငံတော်တွင် ငွေကြေးဖျက်သိမ်းမှု စုစုပေါင်း သုံးကြိမ် ပေါ်ပေါက်ခဲ့ရာ၊ နောက်ဆုံးမှာ ၁၉၈၇-ခုနှစ်တွင် ဖြစ်ပြီး၊ လှည့်လည်သုံးစွဲငွေ၏ ၇၅% ကို တန်ဖိုးမဲ့ ဖြစ်စေခဲ့သည်။ ၁၉၉၀-ခုနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေနှင့် မြန်မာနိုင်ငံတော် ဘဏ္ဍာရေးအဖွဲ့အစည်းများ ဥပဒေကဲ့သို့ ဘဏ္ဍာရေး ဥပဒေ အသစ်များကို ၁၉၉၀-ခုနှစ် ဇူလိုင်လတွင် ပြဋ္ဌာန်းခဲ့သည်။ ထို့နောက်၊ ပုဂ္ဂလိကဘဏ် လိုင်စင်များကို ၁၉၉၂-ခုနှစ်တွင် စတင် ထုတ်ပေးခဲ့သည်။ အတိုးနှုန်း မူဝါဒ မခိုင်မာမှုကို အခွင့်ကောင်းယူလျက် (လူသစ်၏ ရင်းနှီးငွေကို လူဟောင်းသို့ အမြတ် အဖြစ် ပေးသည့်) လုပ်ငန်းတုလုပ်ငန်းယောင် ပွန်ဇီ (Ponzi) ပုံစံ အဖွဲ့အစည်းများ ပြိုလဲမှုသည် နောက်ဆုံးတွင် မြန်မာနိုင်ငံတော်၌ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ဘဏ်လုပ်ငန်း အကျပ်အတည်းများ ဖြစ်ပေါ်စေခဲ့ပါသည်။ အလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ ပေးချေမှု များ အပါအဝင် ဘဏ်မှ တစ်ဆင့် ပြုလုပ်သော ငွေ လွှဲပြောင်းပေးချေမှု လုပ်ငန်းရပ်များ အားလုံး နီးပါး ရပ်တုံ့သွားခဲ့သည်။ ပုဂ္ဂလိကဘဏ်များက ၎င်းတို့၏ ပိုင်ဆိုင်မှုများ ရောင်းချခြင်းဖြင့် ငွေကြေးလွယ်ကူမှု (liquidity) ရရှိရန် ကြိုးစားသည့် တစ်ချိန်တည်း၌ပင်၊ ၎င်းတို့ အနက် အများစုက ၎င်းတို့ ထုတ်ချေးထားသည့် ငွေများကို ပြန်ဆပ်ကြရန် တောင်းဆိုဖို့ မဖြစ်မနေ လိုအပ်ခဲ့ကြသည်။ ယင်းမှ တစ်ဆင့် - ငွေချေးယူထားသည့် လူပုဂ္ဂိုလ် တစ်ဦးချင်းနှင့် ကုမ္ပဏီတို့ အပေါ်သို့လည်း ပေးရန်တာဝန်များ ပြန်ဆပ်ရေး အတွက် လုပ်ငန်းများ ပိတ်သိမ်းခြင်း၊ ရရန်ပိုင်ခွင့်များ ရောင်းချခြင်း စသည်တို့ ပြုလုပ်ရန် မလွှဲသာမရှောင်သာ လိုအပ်ချက်များ တစ်ဖန် ကျရောက်စေခဲ့ပြန်သည်။ အကျိုးဆက် တစ်ခု အဖြစ် - ငွေ ထုတ်၍ မရနိုင်သေးသော ဘဏ်စာရင်း (frozen bank accounts) တို့ အတွက် များသောအားဖြင့် မျက်မြင် စာရင်းလက်ကျန်ထက် တန်ဖိုးလျော့သော ဈေးနှုန်းတို့ဖြင့် ဆင့်ပွားဈေးကွက် တစ်ရပ် ပေါ်ပေါက်လာခဲ့ရသည်။ ငွေကြေးဖျက်သိမ်းမှုများ အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသောကြောင့် ယိုင်နဲ့နေပြီး ဖြစ်သည့် ဘဏ်လုပ်ငန်းကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍတို့ အပေါ် ယုံကြည်ကိုးစားမှုများမှာ ဤဘဏ်လုပ်ငန်း အကျပ်အတည်းကြောင့် အကြီးအကျယ် ထိခိုက်ခဲ့ရလေသည်။

အများပြည်သူ ယုံကြည်ကိုးစားမှုကို ပြန်လည် ရရှိနိုင်ရေး အတွက် ပုဂ္ဂလိကဘဏ်များ အနေဖြင့် ၎င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်သူတို့အား ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရန် များစွာ ကြိုးစား အားထုတ်

ခဲ့ကြသည်။ ၂၀၀၇ ဘဏ္ဍာနှစ်မှ စတင်၍ ချေးငွေနှင့် အပ်ငွေ စာရင်းအုပ်စု (portfolios) ပမာဏများ မှန်မှန်တိုးတက် ကြီးထွားလာခြင်းက ၎င်းတို့၏ ကြိုးစားအားထုတ်မှုများ အောင်မြင်ကြောင်း သက်သေထူခဲ့ပါသည်။ သို့သော်လည်း၊ မြန်မာနိုင်ငံတော်၏ ဘဏ်လုပ်ငန်းကဏ္ဍသည် မဖွံ့ဖြိုးသေးဘဲ၊ စီးပွားရေးစနစ်သည်လည်း အဓိကအားဖြင့် ငွေသားပေါ်တွင်သာ အခြေပြု လည်ပတ်နေဆဲ ဖြစ်ပါသည်။

ဘဏ်များ

မြန်မာနိုင်ငံတော်တွင် ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်း ကဏ္ဍ ပိုမို အရေးပါလာလျက် ရှိရာ၊ ၂၀၁၆-ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် နိုင်ငံပိုင်ဘဏ် ၄-ခု၊ ပုဂ္ဂလိကဘဏ် ၂၄-ခု၊ နိုင်ငံခြားဘဏ်များ၏ ကိုယ်စားလှယ်ရုံး ၂၄ -ခု၊ နိုင်ငံခြားဘဏ်ခွဲ ၁၀ -ခု ရှိပါသည်။ (ဇစ်မြစ်၊ http://www.cbm.gov.mm ၊ ၂၀၁၆-ခုနှစ် ဇွန် လ ၂၁ ရက်နေ့တွင် ရယူခဲ့သော အချက်အလက်)

မြန်မာ ဘဏ် ၂၈-ခုတို့တွင် GDP ၏ ၅၅% မျှ ရှိသော ရရန်ပိုင်ခွင့်များ စုဆောင်းမိထားသည်။ GIZ အစီရင်ခံစာအရ နိုင်ငံပိုင်ဘဏ်များသည် လွှမ်းမိုးသည့် အနေအထားတွင် ရှိနေဆဲ ဖြစ်ပါသည်။

၂၀၁၄-ခုနှစ် သြဂုတ်လ စာရင်းများ အရ မြန်မာနိုင်ငံတော်တွင် (နိုင်ငံပိုင်ဘဏ်၊ အစိုးရပါဝင်သော (semi-governmental) ဘဏ် နှင့် ပုဂ္ဂလိကဘဏ်တို့၏) ဘဏ်ခွဲပေါင်း ၁,၃၀၀ လည်ပတ် လုပ်ကိုင်လျက် ရှိပြီး၊ ယင်းတို့အနက် ၄၀% မှာ နိုင်ငံပိုင်ဘဏ်တို့၏ ဘဏ်ခွဲများ ဖြစ်ကြသည်။ ပြီးခဲ့သော နှစ်များ အတွင်း နိုင်ငံပိုင်ဘဏ်တို့၏ ဘဏ်ခွဲ အရေအတွက်သည် တည်ငြိမ်နေခဲ့သော်လည်း၊ ပုဂ္ဂလိကဘဏ်များနှင့် အစိုးရပါဝင်သော ဘဏ်များ အနေဖြင့် ၎င်းတို့၏ ဘဏ်ခွဲ ကွန်ရက်တို့ကို အလျင်အမြန် ချဲ့ထွင်လျက် ရှိသည်။ တစ်နိုင်ငံလုံး အတိုင်းအတာ အရ လူဦးရေ ၁၀၀,၀၀၀ လျှင် ဘဏ်/ဘဏ်ခွဲ ၂.၅-ခု ရှိသည်။ သို့သော်လည်း၊ တိုင်း/ပြည်နယ် အသီးသီး၏ ထူးခြားချက်တို့ကြောင့် ပြည်ထောင်စုအောက် အဆင့်တို့ကို သုံးသပ်သော အခါ အဆိုပါ ညွှန်ကိန်း အတွက် မတူညီသော တန်ဖိုးတို့ကို တွေ့ရသည်။ နေပြည်တော် ပြည်ထောင်စု နယ်မြေတွင် လူဦးရေ ၁၀၀,၀၀၀ လျှင် ဘဏ်/ဘဏ်ခွဲ ၃.၈-ခု ဖြင့် လူတစ်ဦးချင်း အလိုက် ဘဏ်/ဘဏ်ခွဲ အများဆုံး ရှိသည်။ ကရင်ပြည်နယ်မှာ လူဦးရေ ၁၀၀,၀၀၀ လျှင် ဘဏ်/ဘဏ်ခွဲ ၁.၅-ခု ဖြင့် အနည်းဆုံး ဖြစ်သည်။ ယေဘုယျအားဖြင့် ပြည်ထောင်စုထက် နိမ့်သော အဆင့်တွင် ကွဲပြား ခြားနားမှုများ ရှိသော်လည်း ထင်သလောက် မထူးခြားလှပါ။ ယင်းအနေအထား အတွက် အတိုင်းအတာ တစ်ခု အထိ တာဝန်ရှိသည်မှာ ဘဏ်ခွဲပေါင်း ၁,၃၀၀ တွင် ၅၀၀ ကျော်ကို ပိုင်ဆိုင်ထားသော နိုင်ငံပိုင်ဘဏ် နှစ်ခု ဖြစ်သည့် MEB နှင့် MADB (အောက်တွင်ဖော်ပြထားသည့်အတိုင်း) တို့ ဖြစ်ကြသည်။ ထို နိုင်ငံပိုင်ဘဏ် နှစ်ခု၏ ဘဏ်ခွဲများကို နိုင်ငံတစ်ဝန်း ကျေးလက်ဒေသများတွင် အထူး တွေ့ရသည်။ ပုဂ္ဂလိကဘဏ်များနှင့် အစိုးရပါဝင်သော ဘဏ်များ အနေဖြင့်မူ မြို့ပြဒေသများတွင် သိပ်သည်းစွာ စုဝေးနေလျက် ရှိကြပါသည်။

ပြည်တွင်းဘဏ်များကို ယေဘုယျအားဖြင့် ပိုင်ဆိုင်သူ အလိုက် ခွဲခြားသတ်မှတ်နိုင်ပါသည်။ GIZ အစီရင်ခံစာတွင် (၁) အစိုးရပိုင်ဘဏ်များ၊ (၂) အစိုးရပါဝင်သော ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များ၊ (၃) နိုင်ငံခြားဘဏ်များ ဟူ၍ ဘဏ် သုံးမျိုးသုံးစားကို တင်ပြထားပါသည်။

အောက်ဖော်ပြပါ အခန်းငယ်များတွင် ဘဏ်အမျိုးအစားအမျိုးမျိုးကို အသေးစိပ်ကြည့်ရှုနိုင်ရန် ဖော်ပြထားပါသည်။



(Source: GIZ Report, မြန်မာနိုင်ငံတော်ဗဟိုဘဏ် website, MCB)

အစိုးရပိုင်ဘဏ်များ

မြန်မာ့ စီးပွားရေးဘဏ် ("MEB")၊ မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ် ("MFTB") နှင့် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် ("MADB") တို့ အားလုံးကို ဆိုရှယ်လစ်ခေတ် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဘဏ်ဥပဒေ အရ ၁၉၇၅-ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ စတုတ္ထမြောက် နိုင်ငံပိုင်ဘဏ်မှာ မြန်မာ့

ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ("MICB") ဖြစ်ပြီး၊ တိုင်းပြည် အတွင်း စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရေး အတွက် ၁၉၉၀-ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။
နိုင်ငံပိုင်ဘဏ်များသည် ပုဂ္ဂလိကပြိုင်ဘက်ဘဏ်များထံသို့ ဈေးကွက်ဝေစု လက်လွှတ် ဆုံးရှုံးနေကြရသည်ဟု GIZ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ပုဂ္ဂလိကပိုင် ကဏ္ဍမှ ပြိုင်ဘက်တို့၏ ပြုပြင်ပြောင်းလဲမှုများ၊ ကြီးထွား တိုးတက်မှုများကို အမှီလိုက်နိုင်ရန် မနည်း ကြိုးစားနေကြရသည်။ အရင်းအနှီး မတည်မှု၊ သတင်းအချက်အလက် နည်းပညာနှင့် ပေါ်လစီ မူဘောင်တို့တွင် စိန်ခေါ်မှုများ အထူးသဖြင့် ရင်ဆိုင်နေကြရသည်။ မတည်ငွေရင်းကို ပြန်လည် ပြုပြင် ပြောင်းလဲနိုင်စွမ်း မရှိခြင်းက နိုင်ငံပိုင်ဘဏ်များ၏ နောက်ထပ် ကြီးထွားခွင့်ကို ကန့်သတ်ထားသည်။ သတင်းအချက်အလက် နည်းပညာ အသုံးချမှု အတော်များများ ချို့တဲ့နေသည့် အတွက် ဝန်ကျဉ်းထိရောက်စွာ လုပ်ကိုင်ရန် ခက်ခဲနေသည်။ (အချို့သော အုပ်စု အသိုင်းအဝိုင်းတို့သို့ ထောက်ပံ့သည့် ပုံစံဖြင့် ချေးငွေများ ထုတ်ပေးရန် လိုအပ်ခြင်းကဲ့သို့) နိုင်ငံရေး ဆိုင်ရာ ရည်မှန်းချက်များက လွတ်လွတ်လပ်လပ် ဆုံးဖြတ် လုပ်ကိုင်နိုင်ခွင့်တွင် အကန့်အသတ် ရှိနေစေပေသည်။

MEB သည် နိုင်ငံတစ်ဝန်း ဘဏ်ခွဲ ၃၁၀ ကျော်ပါ ပြည်တွင်း ဘဏ်ခွဲလုပ်ငန်း ကွန်ရက် ပိုင်ဆိုင်ထားသည့် အတွက် နိုင်ငံ၏ အကြီးဆုံး ဘဏ် ဖြစ်သည်။ နိုင်ငံအနှံ့ ကျယ်ပြန့်သော ၎င်း၏ ဘဏ်ခွဲကွန်ရက်ဖြင့် MEB သည် မြန်မာနိုင်ငံတော်၏ လူဦးရေ ၇၀% နေထိုင်သော ကျေးလက်ဒေသများတွင် ငွေရေးကြေးရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးပါသည်။ ထို့ပြင်၊ သီးခြား ရည်ရွယ်ထားသော အုပ်စုများကို ဝန်ဆောင်မှု ပေးနိုင်စေရန် MEB က အခြား ဘဏ်များသို့ ချေးငွေများကို ထောက်ပံ့သည့် ပုံစံဖြင့် ထုတ်ချေးပေးပါသည်။ ထို့ကြောင့်၊ အထူးသဖြင့် MADB နှင့် အသေးစား နှင့်အလတ်စား စက်မှု လုပ်ငန်း ဖွံ့ဖြိုးရေး ဘဏ် တို့သည် လယ်သမားများ၊ အသေးစားနှင့် အလတ်စား လုပ်ငန်း (SME) များ အသီးသီး အတွက် ချေးငွေများကို ဈေးကွက်ပေါက်ဈေးထက် များစွာ လျော့နည်းသည့် အတိုးနှုန်းဖြင့် (အောက်တွင်ဖော်ပြထားသည့်အတိုင်း) လျော့နည်း၍ ရရှိပါသည်။ ထိုသို့ ချေးငွေများ လျော့ဈေးဖြင့် ထောက်ပံ့ရသည့် အတွက် MEB အနေဖြင့် အရှုံး များစွာ စုဆောင်းမိလာခဲ့ပါသည်။ OAG ၏ ဖော်ပြချက် အရ - MEB သည် ၁၉၉၀-ခုနှစ် မှ ၂၀၁၂-ခုနှစ် အတွင်း အရှုံးများဖြင့် လုပ်ကိုင်လည်ပတ်နေခဲ့ပါသည်။ အဆိုပါ အရှုံးများကို ကာမိစေရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် နိုင်ငံတော် ရသုံးမှန်းခြေ ငွေစာရင်းမှ ကျပ်ငွေ ၇၉-ဘီလီယံကို သုံးစွဲခဲ့ရပါသည်။

MFTB က နိုင်ငံတကာ ဘဏ်လုပ်ငန်းကို အထူးပြု ဆောင်ရွက်ပါသည်။ MICB ကို ၁၉၉၀-ခုနှစ်တွင် မတည်ထောင်မီ အထိ MFTB သည် ထိုသို့သော လုပ်ငန်းများကို ဆောင်ရွက်သည့် တစ်ခုတည်းသော ဘဏ် ဖြစ်ခဲ့ပါသည်။ အစိုးရဌာနနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတို့ အားလုံး ၎င်းတို့၏ နိုင်ငံခြားသုံးငွေ စာရင်းများကို ဤဘဏ်တွင် ထားရှိရပါသည်။ ပုဂ္ဂလိကပိုင် ကုမ္ပဏီ အချို့၊ အဓိကအားဖြင့် သင်္ဘောသားများ ဖြစ်ကြသည့် လူပုဂ္ဂိုလ် တစ်ဦးချင်းတို့လည်း MFTB တွင် ဘဏ်စာရင်းများ ရှိကြပါသည်။

MADB သည် (၂၀၁၂-ခုနှစ် အချက်အလက်တို့ အရ) ချေးငွေ အားဖြင့် အကြီးမားဆုံးသော နိုင်ငံပိုင်ဘဏ် ဖြစ်ပါသည်။ ၎င်းကို ၁၉၅၃-ခုနှစ် နိုင်ငံတော် စိုက်ပျိုးရေးဘဏ် အက်ဥပဒေအရ တည်ထောင်ခဲ့ပြီး၊ ၁၉၆၉-

ခုနှစ်မှ ၁၉၇၅-ခုနှစ် အထိ ကာလ အတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြည်သူ့ဘဏ်၏ အစိတ်အပိုင်း ဖြစ်ခဲ့ပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ကျေးလက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် အတွက် MADB က လယ်သမားများသို့ ချေးငွေများ ထုတ်ပေးပါသည်။ GIZ အစီရင်ခံစာ အရ MADB ၏ ဖွဲ့စည်းပုံ ပြုပြင် ပြောင်းလဲရန် အဆိုပြုချက်များကို ဆွေးနွေးလျက် ရှိပါသည်။

MICB သည် MEB ၊ MFTB တို့ထက် သေးငယ်သည်။ ပြည်တွင်းသုံးငွေဖြင့် လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် လည်းကောင်း လုပ်ငန်းများ ဆောင်ရွက်သဖြင့် နယ်ပယ် အချို့တွင် MICB သည် MEB သို့မဟုတ် MFTB နှင့် လုပ်ပိုင်ခွင့် ထပ်နေသည်။ MICB ၏ အဓိက လုပ်ငန်းမှာ နိုင်ငံခြားသားဖြင့် ဖက်စပ်လုပ်ငန်းတို့ အပါအဝင် ပုဂ္ဂလိက ကုမ္ပဏီများသို့ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ပေးရန် ဖြစ်ပါသည်။

အစိုးရ ပါဝင်သော ဘဏ်နှင့် ပုဂ္ဂလိက ဘဏ်များ

အစိုးရပါဝင်သည့် ဘဏ်နှင့် ပုဂ္ဂလိကဘဏ်တို့သည် ဈေးကွက် မြှင့်တင်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ခြင်းနှင့် (မြေစားကတ်၊ အကြွေးဝယ်ကတ်တို့ စတင် ဝန်ဆောင်မှု ပေးခြင်း၊ ATM များ တပ်ဆင်ခြင်းတို့ ကဲ့သို့) နည်းပညာ အသစ်များ အသုံးချမှုတို့တွင် နိုင်ငံပိုင်ဘဏ်များနှင့် နှိုင်းယှဉ်လျှင် ရှေ့မှ ဦးဆောင်နေကြပါသည်။ ကမ်းလှမ်းသည့် ဝန်ဆောင်မှု အမျိုးအစား/ထုတ်ကုန် အရ သော်လည်းကောင်း၊ ဈေးနှုန်းတို့ အရ သော်လည်းကောင်း ဘဏ် အချင်းချင်းတို့ အကြား ကွဲပြားခြားနားမှု ထင်ရှားအောင် ဆောင်ရွက်ခွင့်ကို လက်ရှိ နည်းဥပဒေနှင့် စည်းမျဉ်းများက ကန့်သတ်ထားသည်။ အစိုးရပါဝင်သည့် ဘဏ်နှင့် ပုဂ္ဂလိကဘဏ်တို့ အကြား လုပ်ပုံကိုင်ပုံမှာလည်း ထူးမခြားနား ဖြစ်သည်။ အစိုးရပါဝင်သည့် ဘဏ်နှင့် ပုဂ္ဂလိကဘဏ်တို့ အဓိက ကွဲပြား ခြားနားသည့် အချက်မှာ အမြတ်ငွေများကို အသုံးချပုံတွင် ဖြစ်သည်။ ပုဂ္ဂလိကဘဏ် တစ်ခု၏ အမြတ်ငွေတို့သည် များသောအားဖြင့် ၎င်းကို ပိုင်ဆိုင်သော သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုထံသို့ တိုက်ရိုက် ရှေ့ပြောင်း ရောက်ရှိသွားလေ့ရှိသည်။ သို့သော်၊ အများပိုင် ဘဏ်သည် နှိုင်းယှဉ်သောအားဖြင့် ၎င်း၏ အစုရှင်များကို အမြတ်ဝေစု များများ (ပျမ်းမျှ ၂၀% အထိ) ပေးတတ်သည်။ အကြောင်းရင်းမှာ အပ်ငွေ အပေါ် အတိုးနှုန်း မြင့်မားခြင်းနှင့် တစ်စိတ်တစ်ဒေသ ဆက်စပ်နေသည်။ လွန်ခဲ့သည့် နှစ် အနည်းငယ် အတွင်း အဖွဲ့အစည်း အသစ် အချို့ ပေါ်ထွက်လာသလို အချို့ကလည်း ပြန်လည် ဝင်ရောက် လုပ်ကိုင်လာခဲ့သည်။ ၂၀၁၀-ခုနှစ်တွင် မြန်မာ့ ရေ့ဆောင်ဘဏ်၊ ယူနိုက်တက် အမရဘဏ်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်နှင့် ဧရာဝတီဘဏ် ဟူသော ဘဏ် အသစ် လေးခု ဖွဲ့စည်း တည်ထောင် ပေါ်ပေါက်လာခဲ့ကာ၊ ရိုးမဘဏ်က ၎င်း၏ ဘဏ်လုပ်ငန်း လိုင်စင်ကို ၂၀၁၂-ခုနှစ်တွင် အပြည့်အစုံ ပြန်လည် ရရှိခဲ့သည်။ ၂၀၁၃-ခုနှစ်တွင် အစိုးရပါဝင်သောဘဏ် အသစ် နှစ်ခု အနေဖြင့် သမဝါယမဝန်ကြီးဌာနက ထိန်းချုပ်သည့် အသေးစား ငွေရေးကြေးရေးဘဏ်နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနက ထိန်းချုပ်သည့် ဆောက်လုပ်ရေးနှင့် အိမ်ရာ ဖွံ့ဖြိုးမှုဘဏ်တို့ကို တည်ထောင်ခဲ့ကြပါသည်။ ထို့ပြင် မြန်မာ့ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းက လည်းကောင်း၊ မြန်မာနိုင်ငံတော် ခရီးသွားလုပ်ငန်း အသင်းချုပ်က လည်းကောင်း အများပိုင်ဘဏ် တည်ထောင်ရန် အစီအစဉ် အသီးသီး ကြေညာခဲ့ကြပါသည်။

မြန်မာနိုင်ငံတော်တွင် ဘဏ်ခွဲ ရှိသော နိုင်ငံခြားဘဏ်များ

၁၉၆၃-ခုနှစ် မတိုင်မီ အချိန်က နိုင်ငံခြားဘဏ်များသည် ပြည်တွင်းဘဏ်များကဲ့သို့ပင် ဘဏ်လုပ်ငန်းများ အစုံအလင် ဆောင်ရွက်ခွင့် ရှိခဲ့သည်။ နိုင်ငံခြားကုန်သွယ်မှုကဲ့သို့ နယ်ပယ်အချို့တွင် ၎င်းတို့သည်

ပြည်တွင်းဘဏ်များထက် ပိုမို လှုပ်ရှား ဆောင်ရွက်နိုင်ခဲ့ကြသည်။ ၁၉၆၃-ခုနှစ်တွင် Chartered Bank ၊ OCBC နှင့် HSBC တို့ အပါအဝင် နိုင်ငံခြားဘဏ်ပေါင်း ၁၄-ခုကို ထိုအချိန် စစ်အစိုးရက ပြည်သူပိုင် သိမ်းခဲ့ပြီး၊ နိုင်ငံခြားဘဏ်များကို မြန်မာနိုင်ငံတော်တွင် လုပ်ကိုင်ခွင့် လိုင်စင် ကိုခွင့်မပြု ခဲ့တော့ ပါ။ ဘဏ်များအား ပြည်သူပိုင် သိမ်းသည့် ၁၉၆၃-ခုနှစ် တွင် နိုင်ငံခြားဘဏ်များသည် ဘဏ်လုပ်ငန်းကဏ္ဍ အတွင်းရှိ စုစုပေါင်း အရင်းအနှီး၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုလျက် ရှိခဲ့ပါသည်။ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ (၁၉၉၀) က နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးများကို တိုင်းပြည် အတွင်း ပြန်လည် ခွင့်ပြုခဲ့ပါသည်။ နိုင်ငံခြားဘဏ်များက ၎င်းတို့၏ ကိုယ်စားလှယ်ရုံးများကို မြန်မာနိုင်ငံတော်တွင် ၁၉၉၄-ခုနှစ် ကတည်းက စ၍ ဖွင့်လှစ်ခဲ့သော်လည်း၊ မြန်မာနိုင်ငံတော် အတွင်း၌ ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခွင့် မရသေးပါ။ ၎င်းတို့ အနက် အများစုမှာ မြန်မာနိုင်ငံတော်နှင့် ကုန်သွယ်နေသော နိုင်ငံခြားရှိ ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်သူတို့ အတွက် သတင်းအချက်အလက် စုဆောင်းခြင်းကို အဓိကထား ဆောင်ရွက်နေကြပါသည်။

နိုင်ငံခြား စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းဘဏ်များကို ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ပေးရန် နိုင်ငံခြားဘဏ် ၉-ခုအား ခွင့်ပြုမည်ဟု ၂၀၁၄-ခုနှစ် အောက်တိုဘာလတွင် အစိုးရက ကြေညာခဲ့ပါသည်။ ထိုဘဏ် ၉-ခုတို့မှာ - Australia and New Zealand Banking Group Limited ၊ Bangkok Bank ၊ Bank of Tokyo-Mitsubishi UFJ ၊ Industrial and Commercial Bank of China ၊ Malayan Banking Berhad ၊ Mizuho Bank ၊ Overseas-Chinese Banking Corporation ၊ Sumitomo Mitsui Banking Corporation နှင့် United Overseas Bank တို့ ဖြစ်ကြပါသည်။ ထို နိုင်ငံခြားဘဏ် တစ်ခုချင်းကို နေရာ တစ်ခုတည်း၌သာ ဘဏ်ခွဲ တည်ထောင် ဖွင့်လှစ်ခွင့် ပေးပြီး၊ လက်လီ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ဆောင်ရွက်ခွင့် မ ပြု ပါ။ ၎င်း နိုင်ငံခြားဘဏ်တို့ အနေဖြင့် နိုင်ငံခြား စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းဘဏ်များသို့ ချေးငွေ ထုတ်ချေးခြင်း၊ နိုင်ငံခြား စီးပွားရေးလုပ်ငန်း၊ ပြည်တွင်းဘဏ်တို့၏ အပ်ငွေများ လက်ခံခြင်းတို့ကို နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေတို့ဖြင့် ဆောင်ရွက်နိုင်သည်။ ၎င်းတို့ အနေဖြင့် ပြည်တွင်းဘဏ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ချေးငွေ စုပေါင်း ထုတ်ချေးရေး အစီအစဉ် (syndicated loan extension program) အရ ပြည်တွင်း ကုမ္ပဏီများသို့လည်း ငွေချေးနိုင်ပါသည်။ ဘဏ်အချင်းချင်း အကြား စျေးကွက်တွင် ပါဝင်ဆောင်ရွက်ခြင်း၊ ပြည်တွင်းဘဏ်များသို့ ငွေချေးခြင်း၊ နိုင်ငံခြားသုံးငွေ လုပ်ငန်း လုပ်ကိုင်ခြင်း စသည်တို့ဖြင့် ထိုသို့ ရွေးချယ်ထားသော နိုင်ငံခြားဘဏ်တို့က ပြည်တွင်း ဘဏ်လုပ်ငန်းကဏ္ဍ၏ ဖွံ့ဖြိုး တိုးတက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ကြလိမ့်မည်ဟု မျှော်လင့်ထားသည်။ ချထားပေးသော လုပ်ငန်း လိုင်စင်၏ လုပ်ကိုင်ခွင့် နယ်ပယ်ကို တိုးချဲ့ခြင်း သို့မဟုတ် စည်းကမ်းချက်များ ဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်ရန် ၁၂-လ မှ ၂၄-လ အတွင်း စဉ်းစားသုံးသပ်မည် ဖြစ်ပါသည်။ ၂၀၁၅-ခုနှစ် အောက်တိုဘာလ ၁၀ ရက် အခြေအနေများ အရ - အဆိုပါ နိုင်ငံခြားဘဏ် ၉-ခုလုံး ဘဏ်ခွဲ ဖွင့်လှစ်ကာ လုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ (ဇစ်မြစ်၊ http://www.mcb.gov.mm/ ၂၀၁၆-ခုနှစ် မတ်လ ၂၄ ရက်တွင် ရယူသော အချက်အလက်များ အရ)။

မြန်မာနိုင်ငံတော် အတွင်း ဘဏ်လုပ်ငန်းများ စတင် လုပ်ကိုင်နိုင်ရန် ကြိုတင် ပြင်ဆင်ရန် အလို့ငှာ BIDV ၊ E.SUN Commercial Bank ၊ Shinhan Bank နှင့် State Bank of India ဟူသော နိုင်ငံခြားဘဏ် လေးခုသို့ ကနဦး

အတည်ပြုချက် ထုတ်ပေးမည် ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် က ၂၀၁၆-ခုနှစ် မတ်လ ၄ ရက်နေ့တွင် ကြေညာခဲ့ပါသည်။ လိုင်စင် ရရှိသော နိုင်ငံခြားဘဏ်များ အနေဖြင့် အထက်တွင် ဖော်ပြပါ တူညီသော စည်းကမ်းချက်များ အတိုင်း လိုက်နာရမည် ဖြစ်ပါသည်။ (ဇစ်မြစ်၊ http://www.mcb.gov.mm/sites/default/files/regulate_launder/press_release_licensing_decision.pdf ၊ ၂၀၁၆-ခုနှစ် မတ်လ ၂၄ ရက်တွင် ရယူသော အချက်အလက်များ အရ)

မိုဘိုင်းဖုန်းသုံး ဘဏ်လုပ်ငန်း

ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်သူတို့က မိုဘိုင်းဖုန်းဖြင့် ရယူ အသုံးပြုနိုင်ကြရေး ဆောင်ရွက်ပေးရန် ပြည်တွင်းဘဏ်တို့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် က ၂၀၁၃-ခုနှစ် ဒီဇင်ဘာလကထဲက စတင်၍ ခွင့်ပြုခဲ့ပါသည်။ ရက်တစ်ရက် အတွင်း ပြုလုပ်နိုင်သည့် လွှဲပြောင်းပေးချေမှု အကြိမ်ပေါင်းနှင့် တန်ဖိုးတို့ နှစ်မျိုးလုံးကို ကန့်သတ်ထားရာ၊ တစ်ကြိမ်လျှင် အများဆုံး တန်ဖိုးကို ကျပ် ၅၀၀,၀၀၀၊ တစ်ရက် အတွင်း စုစုပေါင်း ကျပ် တစ်သန်း ထက် မပိုသော လွှဲပြောင်းပေးချေမှု အများဆုံး သုံးကြိမ်ဟု သတ်မှတ်ထားပါသည်။ အစိုးရသည် အဓိကအားဖြင့် မိုဘိုင်းဖုန်း ကွန်ရက်များကို အသုံးချလျက် တယ်လီဖုန်းများ ဖြန့်ကျက်ထားနိုင်မှုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ရှိ ၅၀% မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈၀% အထိ မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း GIZ အစီရင်ခံစာမှ သိရသည်။ စက်တင်ဘာ ၂၀၁၄ အခြေအနေတို့ အရ ဆက်သွယ်ရေး သိပ်သည်းဆ (teledensity) မှာ (မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း က ၁၁.၆ သန်း၊ Ooredoo က ၁.၆ သန်းနှင့် Telenor က ၀.၂၆ သန်း အသီးသီးဖြင့်) ၂၅.၀၈% သို့ ရောက်ရှိခဲ့ပြီ ဖြစ်ရာ၊ မိုဘိုင်းဖုန်းသုံး ဘဏ်လုပ်ငန်းကွန်ရက်များ တိုးချဲ့ရန် အတွက် အလားအလာ များစွာ ရှိကြောင်း တွေ့မြင်နိုင်ပါသည်။

မိုဘိုင်းဖုန်းသုံး ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ပြည်တွင်းဘဏ် ငါးခု (သမဝါယမဘဏ်လီမိတက် ၊ ပထမ ပုဂ္ဂလိကဘဏ် ၊ မြဝတီဘဏ် ၊ အင်းဝ နှင့် ဧရာဝတီဘဏ်) တို့က စတင် ဆောင်ရွက်ပေးနေကြပြီ ဖြစ်သည်။ သို့ပါသော်လည်း ဘဏ်က အသုံးပြုသော မိုဘိုင်းဖုန်း ကွန်ရက် ဆက်သွယ်ရေး လုပ်ငန်း လုပ်ကိုင်သူ အော်ပရေတာ၏ နည်းပညာ အပေါ်တွင် မူတည်လျက် ဘဏ်က ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းရပ်တို့မှာ ဘဏ်တစ်ခုနှင့် တစ်ခုတို့ အကြား ကွဲပြားနိုင်ပါသည်။ မိုဘိုင်းဖုန်းသုံး ဘဏ်စနစ်၏ အကျိုးကျေးဇူးမှာ ဘဏ်သို့ လူကိုယ်တိုင် သွားရောက်ရန် မလိုဘဲ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ရယူနိုင်သည့် အတွက် အချိန်နှင့် ခရီးစရိတ် သက်သာခြင်း ဖြစ်ပါသည်။ မိုဘိုင်းဖုန်းတွင် ငွေကို အီလက်ထရောနစ်နည်းဖြင့် ထားရှိ အသုံးပြုနိုင်သောကြောင့် မိုဘိုင်းဖုန်းသုံး ဘဏ်လုပ်ငန်း အနေဖြင့် လက်ရှိ ငွေသား အခြေပြု စီးပွားရေးစနစ် မှ ငွေသား ကိုင်တွယ်ရမှု ပို၍ နည်းသော ပုံစံသို့ ပြောင်းလဲရာတွင် အထောက်အကူပြုလျက်၊ ငွေရေးကြေးရေး ဝန်ဆောင်မှုများအား အသုံးပြုခွင့်ရှိစေရေးကို မြှင့်တင်ပေးမည် ဖြစ်ပါသည်။

SME ဆိုင်ရာ ငွေရေးကြေးရေး

အသေးစားနှင့် အလတ်စား လုပ်ငန်း ("SMEs") များကို ခိုင်မာ အားကောင်းအောင် ဆောင်ရွက်ပေးရေးသည် မြန်မာအစိုးရ၏ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု အတွက် အခြေခံမူဘောင်တွင် အရေးပါသည့် အချက် တစ်ခု ဖြစ်ပါသည် (မြန်မာ အစိုးရ၊ ၂၀၁၃-ခုနှစ်)။ မြန်မာနိုင်ငံတော်ရှိ စက်မှုလက်မှု လုပ်ငန်း စုစုပေါင်း၏ ၉၉% သည် SME တို့ဖြစ်ကြသော်လည်း ထက်ဝက်ထက် မနည်းမှာ တရားဝင် မှတ်ပုံတင် မထားသဖြင့် ဤကဏ္ဍ

အတွက် တိကျသော စာရင်းအင်းများ မရှိပါ။ အခြေခံ အဆောက်အအုံ ခေတ်မီရေးနှင့် ကျွမ်းကျင် အလုပ်သမားများ ရရှိရေးတို့ အရေးတကြီး လိုအပ်သကဲ့သို့၊ SME တို့ အတွက် ယုံကြည်ကိုးစားနိုင်သည့် ဥပဒေ မူဘောင် စည်းမျဉ်းများနှင့် ငွေရေးကြေးရေးများလည်း လိုအပ်နေပါသည်။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် SME တို့ အတွက် အထူး ရည်ရွယ် တီထွင်ထားသော ချေးငွေ အမျိုးအစားတို့ကို အချို့သော မြန်မာဘဏ်တို့က စတင် ဆောင်ရွက် သို့မဟုတ် စီစဉ်နေကြပြီ ဖြစ်ပါသည်။ ကျန် ဘဏ်များလည်း SME တို့နှင့် ဆက်သွယ် ဆောင်ရွက်ကြသည်။ သို့သော် ၎င်းတို့တွင် SME များ အတွက် ချေးငွေ အမျိုးအစား အထူးတလည် ထားရှိခြင်း၊ ဤအုပ်စု အတွက် သီးခြား ဦးတည် စောင့်ကြည့် လေ့လာခြင်းတို့ မရှိပါ။ (အထူးသဖြင့် SME တို့ အတွက် ဘဏ္ဍာရေးကဏ္ဍ၏ ဝန်ဆောင်ပေးမှု နည်းပါးနေခြင်းနှင့် ပတ်သက်၍) ရနိုင်သမျှ အချက်အလက်များက လည်းကောင်း၊ GIZ က ဘဏ်များ၊ SME များနှင့် တွေ့ဆုံ မေးမြန်းထားခြင်းတို့က လည်းကောင်း၊ SME တို့ အနေဖြင့် ငွေရေးကြေးရေး ဝန်ဆောင်မှုများကို လက်လှမ်းမီ ရရှိနိုင်ရေး လိုအပ်ချက် အကြီးအကျယ် ရှိနေကြောင်း ညွှန်ပြနေပါသည်။ အဆိုပါ SME ငွေရေးကြေးရေး လိုအပ်ချက်ကို တိုင်းတာ သိရှိနိုင်စေမည့် အချက်အလက်များမှာမူ ခိုင်ခိုင်မာမာ မရှိပါ။

ဘဏ်များအနေဖြင့် ၎င်းတို့၏ SME ဆိုင်ရာ ငွေရေးကြေးရေး လုပ်ငန်းပိုင်း ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိက အဟန့်အတားတို့မှာ တင်းကျပ်သော အပေါင်ပစ္စည်း ဆိုင်ရာ လိုအပ်ချက်များ၊ ပုံမှန်အားဖြင့် ၁၂-လ အောက်သာ ပေး၍ အချိန် တိုတောင်းလှသော အကြွေး ပြန်ဆပ်ရန် ကာလတို့ အပါအဝင် ဖြစ်သည့် စည်းမျဉ်း စည်းကမ်း မူဘောင် ကန့်သတ်ချက်များ ဖြစ်ကြကြောင်း ထောက်ပြကြပါသည်။ ချေးငွေ ပမာဏမှာလည်း အပေါင်ပစ္စည်းကို အတင်းအကျပ် ရောင်းလျှင် ရမည့် တန်ဖိုး၏ ၅၀% ကိုသာ ပျမ်းမျှအားဖြင့် ခွင့်ပြုပါသည်။ မြန်မာ့ ဘဏ်လုပ်ငန်း ကဏ္ဍတွင် အငှားဝယ်ခြင်း (hire purchase) သည် မယဉ်ပါးကြသေးသော ငွေချေးသည့် ပုံစံဖြစ်ပြီး၊ စီးပွားရေး လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရေး ရည်ရွယ်ချက်များထက် စားသုံးမှု အတွက် ပိုမို အသုံးပြုလျက် ရှိသည်။ စတင်ခါစ လုပ်ငန်းတို့ အတွက် သီးခြား ရည်ရွယ်ထားသည့် ချေးငွေ အစီအစဉ် မရှိသည့် အပြင်၊ အနည်းဆုံး သုံးနှစ် ရပ်တည်ပြီးသော လုပ်ငန်းတို့ကိုသာ ငွေ ထုတ်ချေးသဖြင့် ရန်ပုံငွေ ရရှိနိုင်ရေးမှာ လုပ်ငန်းသစ်တို့ အတွက် ကြီးမားသော စိန်ခေါ်မှု အဖြစ် တည်ရှိနေဆဲ ဖြစ်သည်။ SME တို့ အတွက် ချေးငွေ အာမခံ စနစ် တစ်ရပ်ကို ၂၀၁၅-ခုနှစ်တွင် တည်ထောင်ရန် ရည်ရွယ်ထားသည်။ သို့သော် ယင်းစနစ်၏ ဖွဲ့စည်းပုံ၊ ယင်းအတွက် ရန်ပုံငွေနှင့် သက်ဆိုင်ရာ ဥပဒေ စည်းမျဉ်း မူဘောင်တို့နှင့် ပတ်သက်၍ ဆွေးနွေး တိုင်ပင်နေကြဆဲ ဖြစ်ပါသည်။

အဖွဲ့အစည်းများနှင့် အခြေခံအဆောက်အအုံ

မြန်မာ့ဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ်တို့ အပြင် အောက်ပါ အဓိကျသော အဖွဲ့အစည်းတို့ လည်း ပါဝင်သည် -

- The Myanmar Banks Association
- The Myanmar Institute of Banking
- Myanmar Payment Union

ပြည်တွင်း ဘဏ်လုပ်ငန်းနယ်ပယ် ဆိုင်ရာ ကိစ္စရပ်များကို တင်ပြ ဆွေးနွေးနိုင်ကြရန်နှင့် နိုင်ငံတကာ အဆင့် (ဥပမာ၊ ASEAN Bankers' Association နှင့်) ပူးပေါင်းဆောင်ရွက်မှုများတွင် ကိုယ်စားပြု ဆောင်ရွက်နိုင်ရန်

အလို့ငှာ Myanmar Banks Association ကို ၁၉၉၉-ခုနှစ် ဧပြီလတွင် ဖွဲ့စည်းခဲ့ပါသည်။ ပြည်တွင်းဘဏ် အားလုံး အဖွဲ့ဝင် ဖြစ်ကြသည်။

Myanmar Institute of Banking ကို ၂၀၀၂-ခုနှစ် တွင် ဖွဲ့စည်းခဲ့ပြီး၊ MBA ၏ ဌာန သဘောဆောင် အစိတ်အပိုင်း တစ်ခု အနေဖြင့် ဘဏ်လုပ်ငန်း ဆိုင်ရာ သင်တန်းများ၊ အထူးသဖြင့် - အခြေခံ အဆင့်မှ အလယ်တန်း စီမံအုပ်ချုပ်သူ အဆင့် အထိ ဘဏ်လုပ်ငန်း သင်တန်းများ - ကို ပို့ချလျက် ပေးလျက် ရှိပါသည်။ ပြည်တွင်း ဘဏ်လုပ်ငန်းများကို အဆင့်မြှင့်တင်နိုင်ရန် အလို့ငှာ၊ ရန်ကုန်မြို့ရှိ Myanmar Institute of Banking တွင် ဘဏ်လုပ်ငန်းနှင့် ပတ်သက်သည့် အထွေထွေ ဘာသာရပ် ဆိုင်ရာ အချိန်ပိုင်းနှင့် အချိန်ပြည့် သင်တန်း အမျိုးမျိုးကို ဖွင့်လှစ် ပို့ချပေးလျက် ရှိပါသည်။ GIZ အစီရင်ခံစာအရဆိုရလျှင် ဆယ်စုနှစ်ပေါင်းများစွာ တစ်သီးတစ်သန့် ရပ်တည်လာခဲ့မှုကြောင့် မြန်မာနိုင်ငံဘဏ်လုပ်ငန်းအဖွဲ့အစည်း (Myanmar Institute of Banking) သည် လေ့ကျင့်သင်တန်းပို့ချခြင်းဆိုင်ရာ အကြောင်းအရာများနှင့် နည်းလမ်းများကို နိုင်ငံတကာအဆင့်အတန်းမီဖြစ်စေရေး မြှင့်တင်ပေးရန်အတွက် ကြိုးပမ်းရှာနေရသည်။ အဆိုပါ သင်တန်းတို့မှ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေး စျေးကွက်တို့၏ ဖွဲ့စည်း တည်ဆောက်ပုံနှင့် လုပ်ငန်းများ အပေါ် ခြုံငုံသုံးသပ်ချက်နှင့် အခြေခံ အသိပညာ ဗဟုသုတတို့ ပေးနိုင်သော်လည်း၊ အထူးပြု ကျွမ်းကျင်သူတို့ အတွက် ဘာသာရပ်များ၊ ဘဏ် စီမံအုပ်ချုပ်ရေး ဆိုင်ရာ ဘာသာရပ်များကို ဦးတည်သော သီးသန့် သင်တန်းများ Myanmar Institute of Banking တွင် မရှိသေးပါ။ ထို့ပြင်၊ သင်တန်း တက်လိုသူ ဦးရေမှာ ဖွင့်လှစ် ပို့ချနိုင်သည့် သင်တန်းတို့ထက် များစွာ ကျော်လွန်နေပါသည်။

မြန်မာနိုင်ငံတော်၏ ငွေပေးချေမှု စနစ်အား ပြုပြင်ပြောင်းလဲနိုင်ရေး အတွက် Myanmar Payment Union ("MPU") ကို ၂၀၁၁-ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ MPU အနေဖြင့် အမျိုးသားအဆင့် ငွေပေးချေမှု ဆိုင်ရာ အမှတ်တံဆိပ် ဖြစ်လာနေပါသည်။ MPU ၏ လုပ်ငန်းများကို ၂၀၁၂-ခုနှစ် စက်တင်ဘာလတွင် စတင် လည်ပတ်ခဲ့ပြီး၊ ၎င်း၏ စီးပွားရေးလုပ်ငန်း ပုံစံမှာ China Union Pay (CUP) နှင့် အလားတူ ဖြစ်ပါသည်။ ဥပမာ - MPU ကတ် ကိုင်ဆောင်သူတိုင်း MPU အဖွဲ့ဝင်ဘဏ် မှန်သမျှ၏ မည်သည့် ATM ၌ မဆို အသုံးပြုနိုင်ပြီး၊ မိမိ ဝယ်ယူသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့ အတွက် MPU အဖွဲ့ဝင်ဘဏ်တို့နှင့် ချိတ်ဆက်ထားသော မည်သည့် အရောင်းဌာန (POS) တွင် မဆို ယင်း MPU ကတ်ဖြင့် ပေးချေနိုင်ပါသည်။ (ငွေသား ထုတ်ခြင်း၊ မိမိ ငွေလက်ကျန် ကြည့်ခြင်း၊ ဘဏ်စာရင်းတို့ အကြား ငွေလွှဲခြင်းနှင့် ဘဏ်စာရင်း ရှင်းတမ်း အသေးစား ရိုက်နှိပ်ခြင်း ဟူသော) ATM သုံး လုပ်ငန်းရပ်တို့ကို ၂၀၁၁-ခုနှစ် နိုဝင်ဘာလတွင် ပြန်လည် စတင်ခဲ့ပြီး၊ ၂၀၁၂-ခုနှစ် အောက်တိုဘာလတွင် MPU Card ကို မိတ်ဆက်ပေးခဲ့ပါသည်။ CUP (China Union Pay) နှင့် JCB (Japan Credit Bureau) တို့၏ ကတ်များ အပြင်၊ Visa နှင့် MasterCard တို့ဖြင့် လွှဲပြောင်း ပေးချေမှု လုပ်ငန်းရပ်များကို နိုင်ငံခြားဘဏ်စာရင်း ပိုင်ရှင်တို့ ၂၀၁၃-ခုနှစ်မှ စ၍ ဆောင်ရွက်နိုင်လာခဲ့သည်။ Visa က ပြည်တွင်းဘဏ် ရှစ်ခုနှင့် လက်တွဲ ဆောင်ရွက်မှု အစီအစဉ်ကို ၂၀၁၃-ခုနှစ်တွင် စတင်ခဲ့ပြီး၊ အလားတူပင် MasterCard က ၂၀၁၂-ခုနှစ် ဩဂုတ်လ ကတည်းက ပြည်တွင်းဘဏ် ကိုးခုနှင့် လက်တွဲ ဆောင်ရွက်လျက် ရှိသည်။ MPU အနေဖြင့် Visa နှင့် MasterCard တို့အား MPU ကွန်ရက်တွင် ပါဝင် ချိတ်ဆက်ရန် ဖိတ်ခေါ်ထားပြီး၊ MPU အမှတ်တံဆိပ်အောက်တွင် နိုင်ငံတကာသုံး အကြွေးဝယ်ကတ် တစ်ခု ထုတ်ဝေရန်လည်း ကြံစည်လျက် ရှိပါသည်။ သို့သော်လည်း၊ MPU ၏ အစုရှယ်ယာရှင် (shareholder) အချို့မှာ အမေရိကန်နိုင်ငံ၏ ပိတ်ဆို့ အရေးယူမှု စာရင်းတွင် ပါဝင်နေဆဲ ဖြစ်၍

အမေရိကန်နိုင်ငံမှ ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းတို့မှာ MPU နှင့် လက်တွဲ လုပ်ကိုင်ရန် တွန့်ဆုတ်နေကြဆဲ ဖြစ်ပါသည်။

၂၀၁၃-ခုနှစ် ဇန်နဝါရီလ အနေအထား အရ မြန်မာနိုင်ငံတော် တစ်ဝန်းရှိ ပြည်တွင်းဘဏ် ၉-ခု နှင့် ကိုယ်စားလှယ်ပေါင်း ၂၈၀ တို့သည် ကမ္ဘာအနှံ့မှ Western Union ကိုယ်စားလှယ်ပေါင်း ၅၀၀,၀၀၀ ခန့်နှင့် ချိတ်ဆက်မိနေပြီ ဖြစ်ပါသည်။ ကမ္ဘာ့ ထိပ်တန်း ငွေလွှဲလုပ်ငန်း နောက်တစ်ခု ဖြစ်သော Xpress Money ကလည်း ပြည်တွင်းဘဏ် နှစ်ခု ဖြစ်သည့် မြန်မာနိုင်ငံသားများဘဏ် (MCB)၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဘဏ် (SMIDB) တို့နှင့် လက်တွဲပူးပေါင်းကာ Xpress Money ၏ နိုင်ငံတကာ ငွေလွှဲပြောင်း ပေးပို့ခြင်း ဆိုင်ရာ ဝန်ဆောင်မှုများကို နိုင်ငံရပ်ခြားတွင် အလုပ်လုပ်နေကြသော မြန်မာနိုင်ငံတော်သားများ စတင် အသုံးပြုနိုင်ရန် ၂၀၁၃-ခုနှစ် ဧပြီလတွင် ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် MoneyGram ကဲ့သို့ နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှု ကုမ္ပဏီများက ၎င်းတို့၏ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ရေး အတွက် ပြည်တွင်းဘဏ်များနှင့် ချိတ်ဆက်ရန် ကြိုးပမ်းလျက် ရှိပါသည်။ International Organization for Migration (IOM) အရ မြန်မာနိုင်ငံတော် အတွင်းသို့ တရားဝင် ငွေလွှဲပြောင်း ပေးပို့မှုမှာ ၂၀၁၂-ခုနှစ်တွင် USD ၅၆၆ သန်းခန့် ရှိပါသည်။ ငွေလွှဲပြောင်း ပေးပို့မှုတို့ အနက် အများစုမှာ တရားဝင် ငွေရေးကြေးရေး ကဏ္ဍ၏ ပြင်ပတွင် ဖြစ်ပေါ်သည့် အတွက် မှတ်တမ်းမှတ်ရာ မရှိကြောင်း၊ ငွေရေးကြေးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အင်တာနက်နှင့် မိုဘိုင်းသုံး ဘဏ်လုပ်ငန်းတို့ ပျံ့နှံ့လာခြင်းတို့ ရှိလာသည်နှင့် အမျှ ငွေလွှဲပေးပို့ခြင်းတို့သည် တရားဝင် ကဏ္ဍသို့ ပြန်လည် ရွှေ့ပြောင်းလာနိုင်ကြောင်း၊ GIZ အစီရင်ခံစာက ထောက်ပြထားပါသည်။ ဘဏ်များသည် မိမိတို့၏ IT စနစ်များကို အဆင့် မြှင့်တင်ခြင်း၊ ပြည်တွင်းတွင် ကွန်ရက် တိုးချဲ့ရုံသာမကဘဲ၊ ပြည်ပတွင်လည်း အဆက်အသွယ်ဘဏ် (correspondent bank) များ အသုံးပြု၍ မိမိတို့၏ ကွန်ရက်များကို တိုးချဲ့ခြင်းတို့ဖြင့် ငွေပေးချေမှု ဆိုင်ရာ ဝန်ဆောင်မှုများ ပိုမို တိုးတက် ကောင်းမွန်လာစေရေး ကြိုးပမ်းလျက် ရှိကြပါသည်။

၇။ အစုရှယ်ယာ ထုတ်ဝေသူ အကြောင်းအရာ

လုပ်ငန်းအကျဉ်း

မြန်မာနိုင်ငံသားများဘဏ်သည် မြန်မာနိုင်ငံတော်တွင် ဖွဲ့စည်း တည်ထောင်ပြီး၊ ဘဏ်လုပ်ငန်း ထုတ်ကုန်/ဝန်ဆောင်မှု အမျိုးမျိုးကို ဆောင်ရွက်ပေးလျက် ရှိသော အများပိုင် ဘဏ်တစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့ဘဏ်သည် လွန်ခဲ့သော ၂၃-နှစ် အတွင်း လုပ်ငန်းများ လည်ပတ် လုပ်ကိုင်လျက် ရှိခဲ့ပြီး၊ ကျွန်ုပ်တို့၏ ရည်မှန်းချက် (mission) မှာ မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူ (customer) တို့ အနေဖြင့် ၎င်းတို့ ပိုင်ဆိုင်သည့် ဘဏ္ဍာရေး အရင်းအမြစ်များအား ဝန်ကျဉ်းထိရောက်စွာ စီမံခန့်ခွဲလျက်၊ ၎င်းတို့၏ ဘဝ ပိုမို တိုးတက်ကောင်းမွန်ရေး အလို့ငှာ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးရန် ဖြစ်ပါသည်။ ထိုရည်မှန်းချက် ပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ခြင်းသည် ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များ၊ အလုပ်သမားများနှင့် အခြား အကျိုးပတ်သက်သူ (stakeholder) တို့ အတွက် အထူး အကျိုး ဖြစ်ထွန်းစေမည်ဟု ကျွန်ုပ်တို့ အခိုင်အမာ ယုံကြည်ပါသည်။

ကျွန်ုပ်တို့ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများတွင် စက်မှုလက်မှု၊ ကူးသန်းရောင်းဝယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းကဏ္ဍတို့မှ လုပ်ငန်းရှင်များ အပြင်၊ အသေးစားနှင့် အလတ်စား လုပ်ငန်း (Small and Medium Enterprise - SME) စွန့်ဦးတီထွင်သူများဖြင့် နယ်ပယ်ပေါင်းစုံမှ ကိုယ်စားပြု ပါဝင်ကြပြီး၊ ကျွန်ုပ်တို့ဘဏ် အနေဖြင့် ပို့ကုန်သွင်းကုန်၊ SME ၊ အငှားဈေးယ်စနစ် (Hire-Purchase) နှင့် ချေးငွေထုတ်ချေး ခြင်း ကဏ္ဍတို့၌ အဓိက လုပ်ကိုင်ဆောင်ရွက်ပါသည်။

ကျွန်ုပ်တို့ဘဏ်သည် မြန်မာနိုင်ငံတော် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့၌ ဘဏ်ခွဲပေါင်း ၂၁ ခုဖြင့် ပြည်တွင်း ဖြန့်ကြက်မှု ကျယ်ကျယ်ပြန့်ပြန့် ရရှိထားပြီး၊ လွှမ်းခြုံနိုင်မှု နောက်ထပ် တိုးချဲ့ရန် အစီအစဉ်များကိုလည်း လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံတော်၏ ငွေပေးချေမှု စနစ် အဆင့်မြှင့်တင်ရေး အစီအစဉ် တစ်ရပ် ဖြစ်သော Myanmar Payment Union ၏ လုပ်ငန်းဆောင်တာများသည် လည်းကောင်း၊ ချေးငွေ သတင်းအချက်အလက်ဌာန Credit Bureau ၏ လုပ်ငန်း ဆောင်တာများသည် လည်းကောင်း ကျွန်ုပ်တို့ဘဏ်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေ သောကြောင့် ထို အဖွဲ့အစည်းတို့တွင် ရှယ်ယာ အနည်းစု အသီးသီးကို မိမိတို့ ရယူ ပိုင်ဆိုင်ထားပါသည်။

ကျွန်ုပ်တို့ဘဏ်သည် ပထမ ဦးဆုံးသော အများပိုင် ဘဏ်တို့ အနက် တစ်ခု အပါအဝင် ဖြစ်သည့်အားလျော်စွာ ခိုင်မာ အားကောင်းသော အမှတ်တံဆိပ် ဂုဏ်သတင်းကို ရရှိထားရာ၊ မြန်မာနိုင်ငံတော်တွင် ထိပ်တန်း ဘဏ် တစ်ခု ဖြစ်စေသည့် အမြော်အမြင် (vision) နှင့် စွမ်းပကား (capacity) တို့ကို ပိုင်ဆိုင်ထားသည်ဟု မိမိတို့ ယုံကြည်ပါသည်။

ကုမ္ပဏီ အကြောင်းအရာနှင့် နောက်ခံသမိုင်း

ကုမ္ပဏီ အကြောင်းအရာများ

မြန်မာနိုင်ငံသားများဘဏ် လီမိတက် ဖြစ်သော ကျွန်ုပ်တို့၏ ကုမ္ပဏီကို စီးပွားရေးနှင့်ကူးသန်းရောင်းဈယ်ရေးဝန်ကြီးဌာန ၏ ၁၉၉၁-ခုနှစ် စက်တင်ဘာလ ၃၀-ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၁/၁၉၉၁ အရ မြန်မာနိုင်ငံတော် အထူးကုမ္ပဏီများ အက်ဥပဒေနှင့် အညီ၊ ပေးရန်တာဝန် ကန့်သတ်ထားသည့် အများနှင့် သက်ဆိုင်သော အထူး ကုမ္ပဏီ တစ်ရပ် အဖြစ် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၂၇၄/၁၉၉၁-၉၂ ဖြင့် ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။

ကုမ္ပဏီ၏ မှတ်ပုံတင်ထားသည့် လိပ်စာ -

အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်။

ကုမ္ပဏီ၏ နောက်ခံသမိုင်း

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေ (၁၉၈၉) အရ အတိတ်ကာလတွင် နိုင်ငံတော်ပိုင် အဖွဲ့အစည်းတို့ကသာ ဘဏ်လုပ်ငန်းများကို လုပ်ကိုင်ခွင့် ရှိခဲ့သော်လည်း၊ မြန်မာအစိုးရက ပြည်သူပိုင် ကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရန် လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍသို့ အချို့သော စီးပွားရေးလုပ်ငန်း အမျိုးအစားတို့အား ဖွင့်ပေးရန် လည်းကောင်း ရည်ရွယ်လျက် (အများနှင့် သက်ဆိုင်သော ကုမ္ပဏီ အပါအဝင်) ပုဂ္ဂလိကကဏ္ဍ လုပ်ငန်း အဖွဲ့အစည်းတို့ကို နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများနှင့် ဖက်စပ် လုပ်ကိုင်လျက် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခွင့် ပြုခဲ့ပါသည်။

ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍတွင် ကုမ္ပဏီ တည်ထောင် လုပ်ကိုင်ကြမည့် အဖွဲ့အစည်း အရေပ်ရပ်ကို မြန်မာအစိုးရက လုပ်ငန်းနယ်ပယ် အလိုက် ဖက်စပ်ပြု တည်ထောင်ပေးခဲ့ပါသည် (**"အစိုးရ-ပုဂ္ဂလိက ဖက်စပ်ကော်ပိုရေးရှင်းများ"**)။ ၁၉၉၀-ခုနှစ် ဇွန်လ ၁၄-ရက်နေ့တွင် ကျင်းပသော အစိုးရ-ပုဂ္ဂလိက ဖက်စပ်ကော်ပိုရေးရှင်းများ တတိယ အစည်းအဝေး၌ မြန်မာနိုင်ငံတော်၏ ငွေရေးကြေးရေး ဝန်ဆောင်မှုများ အရည်အသွေး မြှင့်တင်ရေးကို ရှေးရှုလျက် မြန်မာနိုင်ငံသားများဘဏ်လီမိတက် (MCB) ကို ဖွဲ့စည်းတည်ထောင်ရန် အစိုးရက ခွင့်ပြုခဲ့ပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတော်တွင် အစိုးရရှယ်ယာ တစ်စိတ်တစ်ပိုင်း ပါဝင်သော ဘဏ်တစ်ခုဖြစ်ပြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၁၉၉၂-ခုနှစ် မေလ ၂၅-ရက် နေ့စွဲပါ ဘဏ်လုပ်ငန်းလိုင်စင်အမှတ် မဗဘ/ဂျေ(အိုင်)-၁(၅)၁၉၉၂ ဖြင့် လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

အစိုးရနှင့် ဆက်နွယ်မှု ရှိသော ကုမ္ပဏီ မှန်သမျှကို အထူးကုမ္ပဏီများ အက်ဥပဒေ အရ အထူးကုမ္ပဏီများ အဖြစ် ဖွဲ့စည်း တည်ထောင်ရန် အစိုးရ မူဝါဒ သတ်မှတ်ချက် ထိုစဉ်အခါက ရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များတွင် အောက်ပါ အစိုးရ-ပုဂ္ဂလိက ဖက်စပ်ကော်ပိုရေးရှင်းများ ပါရှိနေသဖြင့် ကျွန်ုပ်တို့သည်လည်း အထူးကုမ္ပဏီများ အက်ဥပဒေနှင့် အညီ အထူးကုမ္ပဏီ တစ်ခု အဖြစ် ၁၉၉၁-ခုနှစ်တွင် ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။

မူလက MCB ကို အစုရှယ်ယာ အတန်းအစား နှစ်မျိုး ထားရှိသော ဘဏ် တစ်ခု အဖြစ် တည်ထောင်ခဲ့ပါသည်။ "က"-အတန်းအစား အစုရှယ်ယာများကို အစိုးရ-ပုဂ္ဂလိက ဖက်စပ်ကော်ပိုရေးရှင်းများ အတွက် လည်းကောင်း၊ "ခ"-အတန်းအစား အစုရှယ်ယာများကို အများပြည်သူ အတွက် လည်းကောင်း သတ်မှတ်ထားရှိခဲ့ပါသည်။ ထိုသို့ ခွဲခြားထားရခြင်း၏ ရည်ရွယ်ချက်မှာ "ခ"-အစုရှယ်ယာများမှ တစ်ဆင့် MCB တွင် အစုရှယ်ယာရှင်များ အဖြစ် အများပြည်သူကို ပါဝင်ခွင့် ပေးရန် ဖြစ်ပါသည်။ ထိုအချိန်က မိမိတို့၏ အစုရှယ်ယာများ ပိုင်ဆိုင်မှု ပုံစံကို အောက်ပါ အတိုင်း တွေ့နိုင်ပါသည် -

အစုရှယ်ယာ ပိုင်ရှင်	**အတန်းအစား**	**တန်ဖိုး (ကျပ်သန်းပေါင်း)**
အစိုးရ-ပုဂ္ဂလိက ဖက်စပ်လုပ်ငန်း (၁)	က	၅.၀၀
အစိုးရ-ပုဂ္ဂလိက ဖက်စပ်လုပ်ငန်း (၂)	က	၁၀.၀၀

အစိုးရ-ပုဂ္ဂလိက ဖက်စပ်လုပ်ငန်း (၃)	က	၁၀.၀၀
အစိုးရ-ပုဂ္ဂလိက ဖက်စပ်လုပ်ငန်း (၅)	က	၅.၀၀
အစိုးရ-ပုဂ္ဂလိက ဖက်စပ်လုပ်ငန်း (၆)	က	၁.၂၅
အစိုးရ-ပုဂ္ဂလိက ဖက်စပ်လုပ်ငန်း (၇)	က	၂.၅၀
အစိုးရ-ပုဂ္ဂလိက ဖက်စပ်လုပ်ငန်း (၈)	က	၁.၂၅
အများပြည်သူ (အစုရှယ်ယာရှင် ၈၄-ဦး)	ခ	၅.၈၁
စုစုပေါင်း		**၄၀.၈၁**

၁၉၉၈-ခုနှစ် မတ်လတွင် အစိုးရ-ပုဂ္ဂလိက ဖက်စပ်ကော်ပိုရေးရှင်း အားလုံးကို အစိုးရ အမိန့် ဖြင့် ဖျက်သိမ်းခဲ့ပါသည်။ သို့ဖြစ်ရာ၊ (ထိုအချိန်တွင် ကျပ် သန်း ၆၀ တန်ဖိုး ရှိသည့်) "က"-အစုရှယ်ယာများကို အောက်ပါ ကုန်သွယ်ရေး ဝန်ကြီးဌာန အဖွဲ့အစည်းများသို့ ရောင်းချခဲ့ရပါသည် -

- မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ ဝန်ထမ်းသက်သာချောင်ချိရေး အသင်းများ
- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ခံ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
- မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊
- ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ခံ မြန်မာနိုင်ငံတော် ကုန်ပစ္စည်း စစ်ဆေးရေးနှင့် ကိုယ်စားလှယ်လုပ်ငန်း

စတင် တည်ထောင်စဉ်ကတည်းက အစိုးရ၏ ကျောထောက်နောက်ခံ ပံ့ပိုးပေးမှုကို ရရှိခဲ့သောကြောင့် MCB အနေဖြင့် ယုံကြည်စိတ်ချရပြီး တည်ငြိမ်သော ဘဏ် တစ်ခု အဖြစ် ဂုဏ်သတင်း မွှေးလာခဲ့ပါသည်။ မြန်မာပြည်သူတို့ အကြား ကျွန်ုပ်တို့၏ ဂုဏ်သတင်း ခိုင်မာသည့် အလျောက်၊ အကျပ်အတည်း အချိန်ကာလများတွင် စိုးရိမ်မှု လွန်ကဲစွာဖြင့် အပ်နှံထားသည့် ငွေများအား ပြန်လည် စုပြုံ ထုတ်ယူကြမှု မိမိတို့ဘဏ်တွင် မဖြစ်ပေါ်ခဲ့ဘဲ ကောင်းစွာ ဆက်လက် ရှင်သန် ရပ်တည်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ အနေဖြင့် ၂၀၀၃-ခုနှစ် ဘဏ်လုပ်ငန်းများ အကျပ်အတည်းကို ကြံ့ကြံ့ခံနိုင်ခဲ့သည့် အပြင်၊ အောက်တွင် ဖော်ပြသည့် အတိုင်း အမြတ်ငွေများ ဆက်လက် ရရှိနိုင်ခဲ့ပါသည်။

၂၀၀၃-ခုနှစ် ဘဏ်လုပ်ငန်းများ အကျပ်အတည်း အတွင်း အမြတ်ငွေ ရရှိမှု	
ဘဏ္ဍာနှစ်	အခွန်မနှုတ်မီ အမြတ်ငွေ (ကျပ်သန်းပေါင်း)
၂၀၀၀-၂၀၀၁	၁၀၈.၅၆
၂၀၀၁-၂၀၀၂	၉၂.၀၃
၂၀၀၂-၂၀၀၃	၁၀၆.၂၁
၂၀၀၃-၂၀၀၄	၁၄၄.၀၀
၂၀၀၄-၂၀၀၅	၈၅.၂၃

YSX တွင် စာရင်းတင်သွင်းရန် သတ်မှတ်ချက်များ အတိုင်း လိုက်နာ ဆောင်ရွက်မှု ရှိစေရေး အလို့ငှာ ကျွန်ုပ်တို့ အနေဖြင့် ၂၀၁၆-ခုနှစ် ဖေဖော်ဝါရီလ ၇-ရက်နေ့တွင် ကုမ္ပဏီ(ဘဏ်) ၏ သာမန်မဟုတ်သော အထွေထွေ အစည်းအဝေးကြီး တစ်ရပ်ကို ခေါ်ယူကျင်းပကာ၊ အစုရှယ်ယာများကို "က"-အစုရှယ်ယာနှင့် "ခ"-အစုရှယ်ယာ အဖြစ် အတန်းအစား ခွဲခြားထားမှုကို ဖယ်ရှားလျက်၊ အစုရှယ်ယာ အတန်းအစား တစ်မျိုးတည်းသာ ပြောင်းလဲ ထားရှိခဲ့ပါသည်။ MCB ရှိ "က"-အစုရှယ်ယာ၏ ရာခိုင်နှုန်းမှာ ပြီးခဲ့သည့် လေးနှစ်တာ ကာလ အတွင်း ကျဆင်းခဲ့ရာ၊ ၂၀၁၆-ခုနှစ်၌ "က"-အစုရှယ်ယာမှာ MCB ၏ အစုရှယ်ယာ မတည်ငွေရင်းတွင် ၁၀% ခန့်သာ ကျန်ရှိပါသည်။ ကုမ္ပဏီ(ဘဏ်) ၏ သင်းဖွဲ့စည်းမျဉ်း(ဟောင်း)များ အရ "က"-အစုရှယ်ယာရှင်တို့ အနေဖြင့် ကုမ္ပဏီ၌ အစုရှယ်ယာ ရာခိုင်နှုန်း မည်မျှပင် ပိုင်ဆိုင်စေကာမူ ဒါရိုက်တာ စုစုပေါင်း ၁၅-ဦး အနက် အုပ်ချုပ်မှုဒါရိုက်တာ အပါအဝင် ဒါရိုက်တာ ၅-ဦးကို ခန့်ထားပိုင်ခွင့် ရှိနေခဲ့သည်။ သို့ဖြစ်၍ အစုရှယ်ယာများအား "က" နှင့် "ခ" ဟု အတန်းအစား နှစ်မျိုး ခွဲခြားထားမှုကို ပယ်ဖျက်လိုက်ခြင်းအားဖြင့်၊ ဒါရိုက်တာများ အမည်တင်သွင်း ရွေးချယ်ရာတွင် "က"-အစုရှယ်ယာရှင်တို့က အချိုးကျထက် ထိန်းချုပ်ခွင့် ပိုမို ကျော်လွန် ရရှိနေမှုကိုလည်း ဖယ်ရှားပြီး ဖြစ်ပါသည်။ "က"-အစုရှယ်ယာနှင့် "ခ"-အစုရှယ်ယာ အဖြစ် အတန်းအစား ခွဲခြားထားမှု ဖယ်ရှား ပယ်ဖျက်ခြင်း အတွက် နိုင်ငံတော် ဗဟိုဘဏ်၏ အတည်ပြုချက်ကို ၂၀၁၆-ခုနှစ် မေလ ၄-ရက်နေ့တွင်လည်းကောင်း၊ DICA ၏ အတည်ပြုချက်ကို ၂၀၁၆-ခုနှစ် မေလ ၃၀-ရက်နေ့တွင်လည်းကောင်း ရရှိခဲ့ပြီး ဖြစ်ပါသည်။

လက်ရှိအချိန်တွင် ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) ၌ အစုရှယ်ယာရှင်ပေါင်း ၁,၆၀၀ ခန့် ရှိပါသည်။

လက်ရှိတွင် ကုမ္ပဏီ (ဘဏ်) ၏ ခွင့်ပြု မတည်ငွေရင်းမှာ ကျပ် ၇၅-ဘီလီယံ ဖြစ်ပြီး၊ အစုရှယ်ယာ တစ်ခု၏ မူရင်းတန်ဖိုး (par value) မှာ ကျပ် ၅,၀၀၀ ဖြစ်ပါသည်။

အားသာချက်များ

ကုမ္ပဏီ အုပ်ချုပ်ပုံ စည်းမျဉ်းမူဘောင်များနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ အားကောင်းခိုင်မာခြင်း (Strong Governance and Management)

ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ငွေဖြစ်လွယ်မှု၊ ငွေသားစီးဆင်းရေး စသည်တို့နှင့် ပတ်သက်၍ အစိုးရထံမှ စီမံအုပ်ချုပ်ရေး အဆင့် ကျွမ်းကျင်မှုများကို မိမိတို့၏ စီးပွားရေးလုပ်ငန်းအား ဝန်ကျဉ်းထိရောက်စွာ လုပ်ကိုင်ရေး အတွက် ကျွန်ုပ်တို့ ရယူ အသုံးချနိုင်ခဲ့ပါသည်။ ပြီးခဲ့သည့် ၂-နှစ်တာ ကာလ အတွင်း ကျွန်ုပ်တို့ ရရှိခဲ့သော လုပ်ငန်းစွမ်းဆောင်ရည်က မိမိတို့၏ စီးပွားရေးလုပ်ငန်းကို မိမိတို့ ရှေ့သို့ ဆက်လက် တိုးတက် ဆောင်ရွက် သွားနိုင်မည် ဖြစ်ကြောင်း ထင်ရှားပြခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၃-ခုနှစ် မတ်လမှ စတင်၍ ဘဏ်တွင် အပ်ငွေများ တိုးတက် လာခဲ့ခြင်းကြောင့် မိမိတို့ အနေဖြင့် ချေးငွေများ ထုတ်ချေးခြင်းဖြင့် စျေးကွက် အတွင်း ရင်းနှီးငွေ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

မြန်မာပြည်သူတို့ အကြား ကျွန်ုပ်တို့၏ ဂုဏ်သတင်း ခိုင်မာသည့် အလျောက်၊ အကျပ်အတည်း အချိန်ကာလများတွင် စိုးရိမ်မှု လွန်ကဲစွာဖြင့် အပ်ငွေများ ပြန်လည် စုပြုံ ထုတ်ယူမှု မိမိတို့ဘဏ်တွင် မဖြစ်ပေါ်ခဲ့ဘဲ ကောင်းစွာ ဆက်လက် ရှင်သန် ရပ်တည်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ အနေဖြင့် ၂၀၁၃-ခုနှစ် ဘဏ်လုပ်ငန်းများ အကျပ်အတည်းကို ကြံ့ကြံ့ခံနိုင်ခဲ့သည့် အပြင် အမြတ်ငွေများ ဆက်လက် ရရှိနိုင်ခဲ့ပါသည်။

အလားတူပင်၊ အချို့သော ကျွန်ုပ်တို့၏ အစိုးရမဟုတ်သော အစုရှယ်ယာရှင်များမှာ အရေးပါ အရာရောက်သော စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြသည့်အားလျော်စွာ ၎င်းတို့ ပိုင်ဆိုင်သော စီမံခန့်ခွဲရေး ဆိုင်ရာ ကျွမ်းကျင်မှုများဖြင့် ဘဏ်၏ စီမံအုပ်ချုပ်ရေးအဖွဲ့ကို စိတ်အားထက်သန်စွာ ကူညီနိုင်ခဲ့ကြပါသည်။

ကျွန်ုပ်တို့၏ အလုပ်သမားများ အတွင်း နတ်ထွက် ပြောင်းရွှေ့မှုနှုန်း (turnover rate) မှာ အနည်းငယ်သာ ရှိပြီး၊ အများစုမှာ ဘဏ်တွင် ကာလ ကြာမြင့်စွာ လုပ်ကိုင်ခဲ့ပြီးသူများ ဖြစ်ကြပါသည်။ အထူးအားဖြင့်၊ အုပ်ချုပ်သူ အဆင့် (executive level) အလုပ်သမား ၂၆-ယောက် အနက် အယောက်-၂၀ မှာ ဘဏ်တွင် ၁၀-နှစ်ထက် မက လုပ်သက် ရှိပြီး၊ ၉-ယောက်မှာ လုပ်သက် အနှစ်-၂၀ ကျော်ပါသည်။ ထို့ကြောင့် မိမိတို့၏ စီမံအုပ်ချုပ်ရေးပိုင်းတွင် ခါးဆက်မပြတ်ဘဲ တည်ငြိမ်၍၊ အကြီးတန်းဝန်ထမ်း အများစုတို့ အနေဖြင့် ကျွန်ုပ်တို့ဘဏ်၏ သမိုင်းကြောင်း အမွေအနှစ်တို့ အကြောင်း အသေးစိတ် သိရှိ နားလည်ထားသူများ ဖြစ်ကြပါသည်။

အမြတ်ငွေ ရရှိမှုနှင့် အမြတ်ဝေစုများ ထုတ်ပေးနိုင်ခဲ့မှု သမိုင်း

ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) စတင် တည်ထောင်ခဲ့သည့် ၁၉၉၁-ခုနှစ်မှ စ၍ နှစ်စဉ် အမြတ်ဝေစု အနေဖြင့် အစုရှယ်ယာတိုင်း မူရင်းတန်ဖိုး (ကျပ် ၅,၀၀၀) ၏ ၁၈% ရရှိစေရေး အတွက် အမြတ် ခွဲဝေပေးရန် ရံပုံငွေကို MCB က သတ်မှတ် လျာထားပေးခဲ့ပါသည်။ ကျွန်ုပ်တို့ဘဏ် လည်ပတ် လုပ်ကိုင်ခဲ့သည့် ၂၃-နှစ်တာ ကာလပတ်လုံး နှစ်စဉ် နှစ်တိုင်း အမြတ်ဝေစု ထုတ်ပေးခဲ့ရာ၊ ၂၀၀၃-ခုနှစ် ဘဏ်လုပ်ငန်းများ အကျုပ်အတည်း ကာလ အတွင်း၌ပင် မပျက်ကွက်ခဲ့သည့် အပြင်၊ လုပ်ငန်းများ ဆက်လက် လည်ပတ်လျက် အထက်တွင် "၂၀၀၃-ခုနှစ် ဘဏ်လုပ်ငန်းများ အကျုပ်အတည်း အတွင်း အမြတ်ငွေ ရရှိမှု" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည့် ဇယား အတိုင်း အမြတ်ငွေများပင် ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) ၏ သမိုင်းတွင် အစုရှယ်ယာ တစ်ခုစီ၏ အမြတ်ဝေစုသည် မူရင်းတန်ဖိုး၏ ၂၅% ထက် ကျော်လွန်ခဲ့မှု ၁၁-ကြိမ် ရှိခဲ့ပြီး၊ ယင်းတို့ အနက် ၅-ကြိမ်မှာ ၂၀၀၀-၂၀၀၅ ခုနှစ်တို့ အတွက် ဖြစ်ပါသည်။

အခွန် တာဝန်ကျေခြင်း (Tax Compliance)

ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) အနေဖြင့် မိမိတို့၏ အခွန် ပေးဆောင်ရေး တာဝန်များအား လိုက်နာဆောင်ရွက်သည့် အစဉ်အလာကို တည်ဆောက် ထိန်းသိမ်းထားပါသည်။ MCB ကို တည်ထောင်ချိန်မှ စ၍ ကျသင့်သည့် အခွန်များကို မပျက်မကွက် ပေးဆောင်ခဲ့ရာ ယခု အထိ ဝင်ငွေခွန် အဖြစ် စုစုပေါင်း ကျပ် ၄.၃-ဘီလီယံ ပေးဆောင်ထားပြီး ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဆိုင်ရာ အခွန် အများဆုံး ထမ်းဆောင်သူများ အနက် မိမိတို့ အနေဖြင့် အဆင့် ၃၈ ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းများ အနက် အခွန် အများဆုံး ပေးဆောင်မှုတွင် MCB သည် အဆင့် ၁၂ ရှိပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နှင့် ပူးပေါင်းဆောင်ရွက်မှု

ကျွန်ုပ်တို့သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နှင့် အနီးကပ် ဆက်ဆံရေးရှိသည့် အစိုးရတစ်စိတ်တစ်ပိုင်းပါ ဘဏ်လုပ်ငန်း ဖြစ်ပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သည် ကျွန်ုပ်တို့ကုမ္ပဏီ (ဘဏ်) ၏ အစုရှယ်ယာရှင် တစ်ဦး ဖြစ်ပြီး၊ ကုန်သွယ်ရေး ဝန်ကြီးဌာနနှင့် ထိုသို့ နီးကပ်သော ဆက်ဆံရေးကြောင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းတွင် လည်းကောင်း၊ အမြတ် ရရှိနိုင်စွမ်းတွင် လည်းကောင်း များစွာ အကျိုးရှိခဲ့ပါသည်။

အထူးအားဖြင့် ဝန်ကြီးဌာန၏ မြန်မာနိုင်ငံတော် ပို့ကုန်/သွင်းကုန် လုပ်ငန်းများ တိုးမြှင့်ရေး အလေးထား ဆောင်ရွက်မှု များတွင် မိမိတို့ ကုမ္ပဏီ (ဘဏ်)ကို ကူညီဆောင်ရွက်ပေးရန် တာဝန် ပေးအပ်ထားပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ ပို့ကုန်/သွင်းကုန် လိုင်စင်ကြေးများ ပေးဆောင်မှု အဆင်ပြေ ချောမွေ့ရေး အလို့ငှာ မိမိတို့ အနေဖြင့် ဝန်ကြီးဌာနနှင့် လက်တွဲ ပူးပေါင်းလျက် အီလက်ထရောနစ် ငွေပေးချေမှုစနစ် (e-payment system) တစ်ရပ်ကို တည်ဆောက် ထားပါသည်။

ကျွန်ပ်တို့၏ အဆိုပါ အီလက်ထရောနစ် ငွေပေးချေမှုစနစ် (e-payment system) မတည်ဆောက်ရသေးမီ အချိန်က ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များ အနေဖြင့် ၎င်းတို့၏ လိုင်စင်ကြေးများကို နေပြည်တော်တွင် ငွေသားဖြင့် သွားရောက် ပေးသွင်းရန် လိုအပ်ခဲ့ပါသည်။ သို့ဖြစ်၍ ထို ပေးချေမှုများ ပြုလုပ်ရန် အလို့ငှာ ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်တို့ အနေဖြင့် ခရီး သွားလာခြင်းတွင် အချိန် များစွာ ကုန်နေခဲ့ရပါသည်။ ကျွန်ပ်တို့၏ အီလက်ထရောနစ် ငွေပေးချေမှု စနစ် (e-payment system) စနစ် တည်ထောင်ပြီးသည့် နောက်ပိုင်းတွင် ကျွန်ပ်တို့နှင့် ဆက်သွယ်ဆောင်ရွက်သူတို့ အနေဖြင့် ပေးချေမှုများကို နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ ငွေသားဖြင့် သွားရောက် ပေးချေ ဆောင်ရွက်ရန် မလိုအပ်တော့ပါ။ မိမိတို့ထံတွင် ဘဏ်စာရင်း တစ်ခု ဖွင့်လှစ်ခြင်းအားဖြင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်တို့သည် လိုအပ်သည့် ငွေပေးချေမှု ကိစ္စများကို နေပြည်တော်သို့ ကိုယ်တိုင် သွားရောက်ရန် မလိုတော့ဘဲ ဆောင်ရွက်နိုင်ပါသည်။ ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်တို့သည် အဆိုပါ ပေးချေမှုများကို အွန်လိုင်း မှတဆင့် မဆောင်ရွက်လိုပါကလည်း ကျွန်ပ်တို့ ၏ဘဏ်ခွဲများမှ တဆင့် ဆောင်ရွက်နိုင်ပါသည်။

ကျွန်ပ်တို့ အနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှ ကော်မရှင်ကြေး ကောက်ခံခြင်း မပြုဘဲ၊ သက်ဆိုင်ရာ ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်ထံမှ မိမိတို့၏ ငွေပေးချေမှုစနစ် စနစ်ကို အသုံးပြုခြင်း အတွက် တစ်ကြိမ်လျှင် ဝန်ဆောင်ခ ကျပ် ၅၀၀ ကောက်ခံပါသည်။ ထိုသို့ ဝန်ဆောင်ခများ ကောက်ခံရရှိခြင်း အပြင်၊ အောက်ပါ ဇယားတွင် ဖော်ပြထားသည့် အတိုင်း မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူတို့ကိုလည်း အရေအတွက် အထူး များပြားစွာ တိုးတက် ရရှိနိုင်ခဲ့ပါသည်။

ဘဏ္ဍာနှစ်	ဖွင့်လှစ်သော ဘဏ်စာရင်း အရေအတွက်	ပို့ကုန်/သွင်းကုန် လိုင်စင် အရေအတွက်
၂၀၁၇-၂၀၁၈	၂,၂၄၉	၁၆,၈၁၀
၂၀၁၈-၂၀၁၉	၇၉၈	၃၇,၀၂၂
၂၀၁၉-၂၀၁၀	၇၃၁	၄၅,၀၇၉
၂၀၁၀-၂၀၁၁	၇၁၁	၅၈,၃၉၁
၂၀၁၁-၂၀၁၂	၅,၅၉၀	၆၆,၆၄၀
၂၀၁၂-၂၀၁၃	၇,၂၀၄	၇၇,၄၇၉
၂၀၁၃-၂၀၁၄	၉,၀၂၆	၂၅၅,၆၃၁
၂၀၁၄-၂၀၁၅	၁၀,၇၃၂	၁၇၀,၉၆၀
၂၀၁၅-၂၀၁၆	၁၂,၉၅၂	၁၈၂,၈၃၂

ယနေ့ အထိ ကျွန်ပ်တို့သည် ယင်းကဲ့သို့သော ဝန်ဆောင်မှုများကို အများပြည်သူသို့ ကမ်းလှမ်းရန် ခွင့်ပြုချက် ရရှိထားသည့် တစ်ခုတည်းသော ဘဏ် ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ တွင် အဆိုပါ ဝန်ဆောင်ခများ အနေဖြင့် မိမိတို့ စုစုပေါင်း ဝင်ငွေ၏ ၀.၄%၊ လုပ်ငန်းလည်ပတ်မှုမှ ဝင်ငွေ၏ ၁.၆% မျှသာ ရှိခဲ့သော်လည်း၊ ဆက်သွယ်ဆောင်ရွက်သူ အသစ်များ တိုးချဲ့နိုင်ခဲ့သည့် အတွက် အကျိုးကျေးဇူး ရရှိခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်၍

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံတော်သို့ ကုန်ပစ္စည်းများ တင်သွင်းရန် အတွက် သွင်းကုန်လိုင်စင် လိုအပ်မှုကို လျှော့ချရန် ဆောင်ရွက်ပါကလည်း ကျွန်ုပ်တို့အား ထိခိုက်လိမ့်မည် မဟုတ်ပါ။

ကုန်သွယ်ရေးကဏ္ဍတွင် မိမိတို့ ထဲထဲဝင်ဝင် ပတ်သက်ရခြင်းမှ တစ်ဆင့် မိမိတို့သည် ယင်းကဏ္ဍ၏ အလေ့အထများ၊ လိုအပ်ချက်များ အကြောင်း အကျွမ်းတဝင် သိရှိ တတ်မြောက်လာခဲ့ရာ၊ မိမိတို့ အနေဖြင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်တို့ ဦးစားပေး ရွေးချယ် ဆက်သွယ် လုပ်ကိုင်လိုသည့် ဘဏ် ဖြစ်လာခဲ့ပါသည်။ ကျွန်ုပ်တို့၏ ထိုကဲ့သို့ အခွင့်အလမ်း သာသော အနေအထားကြောင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်တို့အား ပံ့ပိုးပေးနိုင်သည့် ဝန်ဆောင်မှု အမျိုးအစားများကို ချေးငွေ ထုတ်ချေးခြင်း၊ ငွေလွှဲစာတမ်း (Letter of Credit – LC) ဆောင်ရွက်ပေးခြင်း၊ ကြေးနန်းဖြင့် ငွေလွှဲမှု (Telegraph Transfer) ဆောင်ရွက်ပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee-BG) ဆောင်ရွက်ပေးခြင်း၊ ကုန်သွယ်မှု ငွေရေးကြေးရေး (Trade Financing) ထောက်ပံ့ခြင်းတို့ အပါအဝင် တိုးချဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

စီးပွားရေးလုပ်ငန်း အသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

ကျွန်ုပ်တို့၏ အဓိက အစုရှယ်ယာရှင်များတွင် အထင်ကရ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြီး၊ ကျွန်ုပ်တို့ဘဏ် စတင် တည်ထောင်ချိန်ကတည်းက ကျွန်ုပ်တို့ ဘဏ်တွင် ငွေများ အပ်နှံရန်၊ သို့မဟုတ် အငှားဝယ်ယူရေး ချေးငွေတို့အား ကျွန်ုပ်တို့ ဘဏ်မှ ရယူရန် ၎င်းတို့၏ ဖောက်သည်များကို အားပေး တိုက်တွန်း ကြပါသည်။

ချေးငွေနှင့် အပ်ငွေ အချိုး မြင့်မားခြင်း

အခြားဘဏ်တို့နှင့် နှိုင်းယှဉ်လျှင် ကျွန်ုပ်တို့ ဘဏ် အနေဖြင့် ချေးငွေနှင့် အပ်ငွေ အချိုး ပိုမို မြင့်မားလျက် ရှိနေရာ၊ အကျိုးဆက် အဖြစ် အမြတ်ရှာနိုင်စွမ်း ပိုမို ရရှိစေပါသည်။ ယင်းသည် မြန်မာနိုင်ငံရှိ ငွေချေးယူမှုစျေးကွက်တွင် ရေရှည်ရပ်တည်လာသည့် ဘဏ်၏ အတွေ့အကြုံပေါ်တွင် အခြေခံ၍ အထူးတလည် စီစဉ်ထားသော MCB ချေးငွေများတွင် ဝယ်လိုအားမြင့်မားနေခြင်းကြောင့် ဖြစ်ပါသည်။ MCB ချေးငွေကို ချေးယူသူများသည် ချေးငွေရယူမှု လေးနှစ်မြောက်သည့်ကာလမတိုင်မီအထိ အရင်းငွေကို ပြန်လည်ပေးအပ်ရန်မလိုဘဲ တစ်နှစ်သက်တမ်းတိုးခွင့်ကို အများဆုံးနှစ်ကြိမ် ရယူနိုင်သည်။ အဆိုပါသက်တမ်းတိုးမှုကို MCB ချေးငွေအရာရှိများက လက်တွေ့ကွင်းဆင်းလေ့လာမှုနှင့် လုပ်ငန်းစစ်ဆေးမှုတို့ကို စေ့စပ်သေချာစွာ ပြုလုပ်ပြီးသည့်နောက် အချိန်မီငွေပေးချေနိုင်သူများအတွက်သာ ရရှိနိုင်မည်ဖြစ်သည်။ ထို့အတူ လုပ်ငန်းကောင်းမွန်သူများအတွက်လည်း စျေးကွက်အတွင်း ပြိုင်ဆိုင်မှုမြင့်မားသည်ဟု MCB က ယူဆသော အပေါင်ပစ္စည်းကို မဖြစ်မနေရောင်းချမှုတန်ဖိုး၏ ၄၀% ကျော်ထိ ချေးငွေ ကမ်းလှမ်းပေးနိုင်သည်။ သို့သော်လည်း ချေးငွေအသစ်နှင့် အပ်ငွေအချိုးပမာဏကို ထည့်သွင်းတွက်ချက်ခြင်းအားဖြင့် ယင်းအချိုး မြင့်မားနေပါက ချေးငွေအသစ်လျှောက်ထားချက်များကို ခွင့်ပြုပေးမည် မဟုတ်ပါ။

မဟာဗျူဟာများ

ဘဏ်ခွဲများ၊ အလိုအလျောက်ငွေထုတ်စက်များ (ATM) နှင့် ကတ်သုံး အရောင်းနေရာ POS ကွန်ရက်များ တိုးချဲ့ခြင်း

ကျွန်ုပ်တို့ဘဏ်သည် မိမိ၏ ဘဏ်ခွဲများ ကွန်ရက်ကို တိုးချဲ့ရန် လည်းကောင်း၊ ပြည်တွင်း ဘဏ်လုပ်ငန်း လောက - အထူးသဖြင့်၊ လက်လီ ဘဏ်လုပ်ငန်းနှင့် ကုမ္ပဏီအဖွဲ့အစည်း ဆိုင်ရာ ဘဏ်လုပ်ငန်းတို့တွင် မိမိ အနေအထားကို ခိုင်မာတောင့်တင်းစေရေး ဆောင်ရွက်ရန် လည်းကောင်း ရည်မှန်းပါသည်။ ကျွန်ုပ်တို့ အနေဖြင့် နောင် ၅-နှစ်တာ ကာလ အတွင်း နောက်ထပ် ဘဏ်ခွဲပေါင်း ၅၀ တည်ထောင်ရန် ရည်ရွယ်ထားပါသည်။

ကျွန်ပ်တို့၏ ATM စက်များသည် MPU ကတ်တို့ အပြင် Japan Credit Bureau (JCB) ၏ ကတ်များ၊ China Union Pay ကတ်များကိုလည်း လက်ခံ ကိုင်တွယ် ဆောင်ရွက်ပေးနိုင်ပါသည်။ MPU ကတ်များကိုလည်း ATM စက်တို့တွင်သာ မကဘဲ ကုန်သည်များက လည်း ငွေပေးချေရန် အသုံးပြုနိုင်တော့မည် ဖြစ်ပါသည်။ အဆိုပါ ဝန်ဆောင်မှုတို့မှ နောက်ထပ် ဝင်ငွေများ ပေါ်ထွက်လာရန် မိမိတို့ မျှော်မှန်းပါသည်။

အငှားဝယ် (Hire Purchase) ဝန်ဆောင်မှုများ တိုးချဲ့ခြင်း

တောင်သူလယ်သမားများသို့ စိုက်ပျိုးရေးသုံး စက်ကိရိယာများ ရောင်းချရေးတွင် ကျွန်ပ်တို့ဘဏ်က အထူးသဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ဧရာဝတီ တိုင်းဒေသကြီး တို့၌ အငှားဝယ် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ပါသည်။ သို့ဖြစ်၍ မိမိတို့ အနေဖြင့် အဆိုပါ ဝန်ဆောင်မှုများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုးချဲ့ဆောင်ရွက်ပေးသွားရန် ရည်ရွယ်ပါသည်။

နိုင်ငံခြားကုန်သွယ်ရေးတွင် အချက်အချာပြုဆောင်ရွက် ခြင်း

ကုမ္ဗဏီ (ဘဏ်) တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက အစုရှယ်ယာရှင် အဖြစ် ပါဝင်နေခြင်း၊ ဝန်ကြီးဌာနမှ ဒါရိုက်တာများ ပါဝင်နေခြင်းတို့ကြောင့် မိမိတို့သည် နိုင်ငံခြားကုန်သွယ်ရေး ကဏ္ဍတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ ရရှိလျက် ယှဉ်ပြိုင်နိုင်မှု စွမ်းရည်တွင် အားသာနေပါသည်။ ကျွန်ပ်တို့ အနေဖြင့် အဆိုပါ အားသာချက်ကို အသုံးချလျက် ငွေလွှဲစာတမ်း (Letters of Credit) ၊ ဝယ်သူ၏ ပေးချေနိုင်စွမ်း အပေါ် အာမခံစာ (Standby Letters of Credit) စသည်တို့ ထုတ်ပေးခြင်း၊ စာရွက်စာတမ်းဖြင့် ငွေကောက်ခံပေးခြင်း (Documentary Collection) ၊ Export Factoring, ငွေလွှဲလက်မှတ် (Bills of Exchange) နှင့် ပို့ကုန် ဝယ်သူသို့ ငွေတိုက်ရိုက်ချေးခြင်း (Direct Loans) တို့ ဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက် ကုန်သွယ်မှု ငွေရေးကြေးရေး ကဏ္ဍတွင် ရှေ့ဆောင်သူ ဖြစ်လာရန် ကြိုးပမ်းသွားမည် ဖြစ်ပါသည်။ ကုန်သွယ်ရေး ဆိုင်ရာ ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် ဆက်သွယ် ဆောင်ရွက်သူများ တိုးချဲ့ခြင်းကို မိမိတို့ အင်တိုက်အားတိုက် လုပ်ကိုင်ထားပါသည်။ အထူးသဖြင့် ကျွန်ပ်တို့၏ TT/LC ကုန်သွယ်ရေး ဝန်ဆောင်မှုများကို အသုံးပြုခွင့်ရရန် ပို့ကုန်ဝင်ငွေဖြင့် ဝယ်ဈေး ရာနှုန်းပြည့် တင်သွင်းစေခြင်းကို မကျင့်သုံးတော့ပါ။ ယင်းအစား (နောက်ကြောင်းရာဇဝင်နှင့် ကြွေးမြီ ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများမှ ကျေနပ်ဖွယ်ရာ တွေ့ရှိရခြင်း အပေါ် မူတည်လျက်) မိမိနှင့် ဆက်သွယ်ဆောင်ရွက်သူတို့ အတွက် ပိုမို အဆင်ပြေသော စည်းကမ်းချက်များဖြင့် ဝန်ဆောင်မှု ပေးသောကြောင့် ဆက်သွယ်ဆောင်ရွက်သူများ ပိုမို များပြားလာခဲ့ပါသည်။

ကျွန်ပ်တို့ဘဏ်၏ ကုန်သွယ်ရေး ဝန်ဆောင်မှုများကို အသုံးပြုမည့် ဆက်သွယ်ဆောင်ရွက်သူတို့ လိုအပ်ချက်သည် မိမိတို့ ကိုယ်တိုင် ဖြည့်ဆည်းပေးနိုင်သည့် အတိုင်းအတာထက် ကျော်လွန်ခဲ့ပါက နိုင်ငံခြားဘဏ်များထံမှ ချေးငွေ ရရှိနိုင်ရေး မိမိတို့ ဆက်သွယ်ပေးနိုင်ပါသည်။ ကျွန်ပ်တို့တွင် နိုင်ငံခြားဘဏ်များနှင့် အဆက်အသွယ်များ ရှိနေခြင်းက မိမိတို့ စီးပွားရေးလုပ်ငန်းကို ဤနည်းဖြင့် တိုးချဲ့ရန် အခွင့်အလမ်း ရရှိစေပါသည်။

နှစ်ဆင့် ချေးငွေ အစီအစဉ်

မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့ အကြား အစိုးရခြင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် တစ်ရပ် အဖြစ် ဂျပန်နိုင်ငံ၏ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာန (Japan International Cooperation Agency-JICA) မှ တစ်ဆင့် မြန်မာနိုင်ငံတော်ရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (Small & Medium Enterprise -SME) များအတွက် ချေးငွေများအား မြန်မာ့ပုဂ္ဂလိကဘဏ် ခြောက်ခုတို့မှ တစ်ဆင့် အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးရေး "Two-Step Loans" အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန် ကျွန်ပ်တို့ဘဏ် လည်း ရွေးချယ်ခံခဲ့ရပါသည်။ ၂၀၁၆-ခုနှစ်တွင် စတင်သော ယင်းအစီအစဉ် အရ ဂျပန်နိုင်ငံမှ ထောက်ပံ့သည့် အတိုးနှုန်းနိမ့် ရံပုံငွေများကို အသုံးပြုလျက် မြန်မာ့စီးပွားရေးဘဏ်က တစ်နှစ်လျှင် ၄% ၏အတိုးနှုန်းဖြင့် မိမိတို့

MCB ဘဏ်သို့ ချေးငွေ တစ်ဆင့် ထုတ်ချေးပြီး၊ နောက်တစ်ဆင့် အဖြစ် မိမိတို့ MCB ဘဏ်က SME တို့ထံသို့ တစ်နှစ်လျှင် ၈.၅% အတိုးနှုန်းဖြင့် ချေးငွေ ထုတ်ချေးပေးမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ဘဏ် အနေဖြင့် အဆိုပါ Two-Step Loans အစီအစဉ်တွင် ပါဝင်နိုင်ရေး အတွက် ၂၀၁၅-ခုနှစ် နိုဝင်ဘာလ ၁၂-ရက်နေ့က လျှောက်ထားခဲ့ရာ၊ ၂၀၁၆-ခုနှစ် မေလ ၁၂-ရက်နေ့တွင် ရွေးချယ်ခံခဲ့ရပါသည်။ JICA အနေဖြင့် ပါဝင်ရမည့် ဘဏ်များ ရွေးချယ်ရာတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းမူဘောင်များ (Governance)၊ ပိုင်ဆိုင်မှု ပမာဏ (Asset Size)၊ ဘဏ်ခွဲ အရေအတွက် (Branches)၊ ချေးငွေ ဆန်းစစ်မှု (Credit Analysis)၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတို့တွင် အာရုံစိုက်မှု (SME Focus)၊ မူဝါဒ ဆိုင်ရာ ချေးငွေ အတွေ့အကြုံ ရှိမှု (Policy Loans Experience) စသည့် စံစစ်ချက် Criteria တို့ အပေါ်တွင် အကဲဖြတ်၍ ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ MCB အနေဖြင့် Governance ၊ Credit Analysis နှင့် Policy Loans Experience တို့တွင် "A" အဆင့်များ ရရှိခဲ့ပြီး ရွေးချယ်ခံရခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ အနေဖြင့် MCB ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ၊ လုပ်ထုံးလုပ်နည်း၊ ချေးငွေမူဝါဒနှင့် လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းများ ပွင့်လင်းမြင်သာမှု၊ ချေးငွေလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ဆိုင်ရာ မူဝါဒများ ထည့်သွင်းစဉ်းစားမှုတို့အား လည်းကောင်း၊ ဖော်ပြပါ ချေးငွေတို့ကို MCB သို့ ထုတ်ပေးရာတွင် လက်တွေ့ ဆောင်ရွက်မည့် နည်းလမ်း၊ ယင်းချေးငွေတို့ ဆိုင်ရာ စံပြု စည်းကမ်းသတ်မှတ်ချက်များနှင့် MCB ဝန်ထမ်းတို့ အတွက် လေ့ကျင့် သင်ကြားမှု ရရှိရေးတို့အား လည်းကောင်း JICA နှင့် ဆွေးနွေးလျက်ရှိပါသည်။

ဤအစီအစဉ်၏ အားသာချက်များမှာ -

- ဤအစီအစဉ် အရ ထုတ်ချေးမည့် ချေးငွေများမှာ အတိုးနှုန်း သက်သာသည့် အပြင် ကာလရှည် ပုံစံလည်း ဖြစ်ခြင်း။ ချေးငွေ ပြန်ဆပ်ရန် အဆင်ပြေ လွယ်ကူသောကြောင့် လုပ်ငန်းရှင် အနေဖြင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် အသုံးချရာတွင် များစွာ အထောက်အကူဖြစ်ခြင်း၊
- မိမိတို့အား ခွင့်ပြုထားသည့် အတိုးနှုန်း ကွာဟချက် ၄.၅% ကို မိမိတို့ဘဏ်ရှိ အပ်ငွေများ အသုံးပြုရန် မလိုဘဲ အကျိုးခံစားရခြင်း။

ထို့ကြောင့် ဗဟိုဘဏ်မှ သတ်မှတ် ပြဋ္ဌာန်းထားသည့် ချေးငွေနှင့် အပ်ငွေ အချိုး (Loan-to-Deposit Ratio)၊ ငွေဖြစ်လွယ်မှု အချိုး (Liquidity Ratio) တို့ အတိုင်း ရရှိအောင် စီမံခန့်ခွဲရာတွင် ကျွန်ုပ်တို့ အတွက် အထောက်အကူ ဖြစ်စေပါသည်။

နိုင်ငံတကာ ဘဏ်လုပ်ငန်း

ကျွန်ုပ်တို့၏ နိုင်ငံတကာ ဘဏ်လုပ်ငန်းစနစ်များကို ၂၀၁၃-ခုနှစ်တွင် စတင်ခဲ့ရာ ဤကဏ္ဍတွင် အတွေ့အကြုံ များရရှိခဲ့ပြီး နိုင်ငံခြားဘဏ်များနှင့် အောင်မြင်စွာ ချိတ်ဆက်ဆောင်ရွက် နိုင်ခဲ့ပါသည်။

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer License) ရရှိထားပြီး ဖြစ်ရာ၊ ကျွန်ုပ်တို့ အနေဖြင့် နိုင်ငံတကာ ဘဏ်လုပ်ငန်းတွင် ရှေ့ဆောင် ဘဏ် တစ်ခု ဖြစ်လာရန် အလို့ငှာ မိမိတို့၏ အမြတ်ငွေ ၁၅% ကို ရှာပေးသော နိုင်ငံခြားသုံးငွေ လဲလှယ် ရောင်းဝယ်ရေး လုပ်ငန်းတွင် အခြေခံ စတင်လျက် နိုင်ငံတကာ ဘဏ်လုပ်ငန်း ကွန်ရက် အဆက်အသွယ်များ တိုးချဲ့ တည်ထောင်သွားရန် ရည်ရွယ်ပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ နိုင်ငံခြားသုံးငွေ လဲလှယ် ရောင်းဝယ်ရေး လုပ်ငန်း ပိုမို ဖွံ့ဖြိုးတိုးတက်စေရေး အတွက် နိုင်ငံခြားသုံးငွေ စျေးကွက်ကို စောင့်ကြည့်လေ့လာပြီး ရရှိလာသော သတင်းအချက်အလက်များကို သုံးသပ် ဆန်းစစ်ရန် တာဝန်ဖြင့် သုတေသနနှင့် လေ့ကျင့်သင်ကြားရေးဌာန တစ်ရပ်ကို တည်ထောင်ထားပြီး ဖြစ်ပါသည်။ အရေးပါသော နိုင်ငံတကာ ဘဏ်ကြီး သုံးခုထက် မနည်းက ဤအကြောင်းအရာနှင့် စပ်လျဉ်းသည့် သင်တန်းများသို့ မိမိတို့၏ ဝန်ထမ်းများအား ကမကထပြု စေလွှတ်ပေးခဲ့ပါသည်။

နိုင်ငံတကာဘဏ်လုပ်ငန်းနှင့် စပ်လျဉ်း၍ မိမိတို့ လက်ရှိ လုပ်ကိုင်ပေးနေသော ဝန်ဆောင်မှုများကို ပိုမို တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လည်း ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့ဘဏ် အနေဖြင့် ပင်လယ်ရပ်ခြားငွေလွှဲပို့ခြင်း ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်နေပြီ ဖြစ်ရာ၊ Money Gram နှင့် Trans Fast တို့ကဲ့သို့ နိုင်ငံတကာ ငွေလွှဲပို့ရေး လုပ်ငန်းတို့ဖြင့် ပိုမို ဆက်သွယ် လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ ထိုသို့ လုပ်ကိုင်ခြင်းမှ ဝန်ဆောင်ခ ဝင်ငွေများလည်း တိုးတက်လာမည် ဖြစ်ပါသည်။

ထို့အပြင်၊ ကျွန်ုပ်တို့ ဘဏ်သည် Visa နှင့် MasterCard ကဲ့သို့ အဖွဲ့အစည်းတို့၏ အဖွဲ့ဝင် အဖြစ် ဆောင်ရွက်ကာ၊ ကတ်ကြိုလက်ခံ၍ ရောင်းချသူ(merchant) ၏ ဘဏ်စာရင်း ဖွင့်ပေးခြင်း၊ ကတ်ကိုင်ဆောင်သူ ပေးချေသည့် ငွေကို ကြားမှ လက်ခံကာ၊ ရောင်းသူထံ လွှဲပြောင်းပေး ခြင်း စသည့် acquiring ဝန်ဆောင်မှုများ၊ MasterCard ကတ် Issuing လုပ်ငန်း ့များကို လုပ်ဆောင်၍ကတ်ကိုင်ဆောင်သူများ ပိုမို ရရှိရေးကိုလည်း တိုးချဲ့ဆောင်ရွက်နေပါသည်။

ဆက်သွယ်ဆောင်ရွက်သူ ဦးစားပေး အစီအစဉ်

မိမိတို့ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ ဖောက်သည်များ၏ လိုအပ်ချက် အတိုင်း လိုအပ်သည့် နေရာဒေသတို့တွင် ကျွန်ုပ်တို့ ရောက်ရှိနေရန် ရည်ရွယ်ပါသည်။ သို့ဖြစ်၍ မိမိတို့၏ ဖောက်သည် ဦးစားပေး အစီအစဉ် အရ ဖောက်သည်၏ သီးခြား လိုအပ်ချက်တို့ကို ဆောင်ရွက်ပေးနိုင်ရေး အတွက် ဘဏ်ခွဲငယ် (mini branch) တို့ကို တည်ထောင် အသုံးပြုခဲ့ပါသည်။ ဘဏ်ခွဲငယ်တို့ကို တည်ထောင် ဖွင့်လှစ်ပေးခြင်းဖြင့် အမြတ်အစွန်း ရရှိရေးထက် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးရန် မျှော်လင့်ပါသည်။ စိုက်ပျိုးရေး ကုန်သွယ်မှု နယ်ပယ်မှ မိမိတို့ ဖောက်သည် အများအပြား ရှိရာ ဘုရင့်နောင် လက်ကားစျေးကြီး၌ ဘဏ်ခွဲငယ် ဖွင့်လှစ်ထားသဖြင့် မိမိတို့ဘဏ်မှာ ထိုနေရာ၌ပင် ငွေအပ်နှံမှု လက်ခံပေးသည့် တစ်ခုတည်းသော ဘဏ်ဖြစ်ပါသည်။ အလားတူပင် ပို့ကုန်/သွင်းကုန် လိုင်စင်ကြေးများ လက်ခံပေးရန် အတွက် ကျွန်ုပ်တို့၏ ပန်းဘဲတန်း ဘဏ်ခွဲငယ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရှိ ပို့ကုန် သွင်းကုန် လျှောက်လွှာများ တင်သွင်းရသည့် နေရာတွင်ပင် သွားရောက် ဖွင့်လှစ်ပေးထားပါသည်။

လူအရင်းအမြစ်နှင့် အလုပ်သမား လေ့ကျင့်သင်ကြားရေး

ကျွန်ုပ်တို့ဘဏ်၏ စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်နှင့် ဝန်ထမ်းတို့၏ အရည်အသွေးကို ကျွန်ုပ်တို့ အထူး အလေးထားပါသည်။ ထို့ကြောင့် ယေဘုယျအားဖြင့် မိမိတို့ဘဏ်၏ အလုပ်သမား အလုပ်ထွက်မှုနှုန်း (employee turnover rate) နိမ့်ခြင်းကို မိမိတို့ ဂုဏ်ယူပါသည်။ ထိုသို့ အလုပ်ထွက်မှု နည်းပါးခြင်းကြောင့် မိမိတို့၏ ရွေးချယ်နိုင်ရာ လူသားအရင်းအမြစ် အစုအဝေးရှိ အလုပ်သမားများသည် လုပ်ငန်း အတွေ့အကြုံ ပြည့်ဝကာ မိမိတို့ဘဏ်၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် လုပ်ငန်းစဉ်များကို အကျွမ်းတဝင် ရှိမှု သေချာစေပါသည်။ ကျွန်ုပ်တို့ဘဏ်၏ အားသာချက်များတွင် ဖော်ပြခဲ့သည့် အတိုင်း အုပ်ချုပ်သူ အဆင့် အလုပ်သမား ၂၆-ယောက်တို့ အနက် အယောက် ၂၀ မှာ မိမိတို့ ဘဏ်၌ လုပ်သက် ၁၀-နှစ်ကျော် ရှိကြပြီး၊ ၎င်း တို့ အနက် ၉-ယောက်မှာ လုပ်သက် အနှစ် ၂၀ ကျော် ရှိကြပါသည်။

ကျွန်ုပ်တို့ဘဏ်၏ ဝန်ဆောင်မှုများ အရည်အသွေး ပိုမို တိုးတက် ကောင်းမွန်စေရေး အတွက် မိမိတို့ အလုပ်သမားများ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုတို့ကို အဆင့်မြှင့်တင်ပေးမည့် လေ့ကျင့် သင်ကြားမှု အစီအစဉ်များကို အချိန်မှန်မှန် ဖွင့်လှစ်ပို့ချပါသည်။ လုပ်ငန်းခွင်၌ လက်တွေ့ လေ့ကျင့် သင်ကြားပေးမှုများ အပြင် အလုပ်သမားတို့ အနေဖြင့် မြန်မာနိုင်ငံတော် ဘဏ်များ အသင်းမှ ဖွင့်လှစ် ပို့ချသော သင်တန်းများကို မဖြစ်မနေ တက်ရောက်ရပါသည်။ ရံပုံငွေ ရရှိနိုင်မှု အတွက် လည်းကောင်း၊ လူအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် သတင်းအချက်အလက် နည်းပညာ ဆိုင်ရာ လုပ်ရှားမှုများ အတွက် လည်းကောင်း ကျွန်ုပ်တို့ အနေဖြင့်

မြန်မာနိုင်ငံတော်တွင် လာရောက် လုပ်ကိုင်နေသော နိုင်ငံခြား ဘဏ်၊ ငွေရေးကြေးရေး အဖွဲ့အစည်းတို့ဖြင့် လက်တွဲ ပူးပေါင်း ဆောင်ရွက်သွားရန် ဆွေးနွေး စီစဉ်လျက် ရှိပါသည်။

စီးပွားရေးလုပ်ငန်း အကြောင်း (OUTLINE OF BUSINESS)

အကျဉ်းချုပ်

ကျွန်ုပ်တို့ဘဏ်၏ ရုံးချုပ်နှင့် ပထမဆုံး လုပ်ငန်း လည်ပတ် လုပ်ကိုင်သော ဘဏ်ခွဲကို ရန်ကုန်မြို့ အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်တွင် ဖွင့်လှစ်ပြီး၊ အပ်ငွေများ လက်ခံခြင်း၊ ချေးငွေများ ထုတ်ချေးခြင်းနှင့် ငွေလွှဲခြင်း ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၁၉၉၂-ခုနှစ် မေလ ၂၅-ရက်နေ့ ရက်စွဲဖြင့် MCB သို့ ထုတ်ပေးခဲ့သော ဘဏ်လုပ်ငန်းလိုင်စင် (အမှတ် မဗဘ/ဂျ(အိုင်)-၁(၅)၁၉၉၂) ၌ အခြေခံပါသည်။ မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ (၁၉၉၀)ပုဒ်မ (၂၅) အရ အောက်ပါ လုပ်ငန်းများကို စတင် ဆောင်ရွက်ခွင့် ရှိပါသည် -

- ငွေချေးယူခြင်း သို့မဟုတ် ငွေကြေး ရှာဖွေ စုစည်းခြင်း၊
- အာမခံဖြင့် ဖြစ်စေ၊ အာမခံမဲ့ဖြင့် ဖြစ်စေ ချေးငွေ ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ငွေ ထုတ်ပေးခြင်း၊
- လွှဲပြောင်းနိုင်ခွင့် ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ ငွေပေးအမိန့်လက်မှတ်များ၊ ငွေပေးကတိစာချုပ်များ၊ ငွေလွှဲလက်မှတ်များ၊ ကုန်ပစ္စည်းသင်္ဘောတင် စာရွက်စာတမ်းများ၊ မီးရထား ကုန်တင်တန်ဆာ လက်ခံဖြတ်ပိုင်းများကို လက်မှတ်ရေးထိုး ထုတ်ပေးခြင်း၊ လက်ခံခြင်း၊ လျှောနှုန်းဖြင့် လဲလှယ်ခြင်း၊ ဝယ်ခြင်း၊ ရောင်းခြင်း၊ ကောက်ခံခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊
- ဘဏ်နှင့် ဆက်သွယ်သူများ ကိုယ်စား ငွေချေးစာချုပ်များ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များကို ရောင်းခြင်း၊ ဝယ်ခြင်း
- လုံခြုံမှု အတွက် သိမ်းဆည်းပေးရန် အပ်နှံလာသော ငွေချေးသက်သေခံလက်မှတ် စသည်များ သို့မဟုတ် အဖိုးတန်ပစ္စည်းများကို လက်ခံခြင်း၊
- ငွေနှင့် ငွေချေးသက်သေခံလက်မှတ်များကို ကောက်ခံခြင်းနှင့် လွှဲပို့ခြင်း။

ကျွန်တို့ အနေဖြင့် အပ်ငွေများ လက်ခံခြင်း၊ ငွေချေးခြင်း၊ အာဂုံးဝယ်ခြင်း ဆိုင်ရာ ဘဏ်လုပ်ငန်းများနှင့် နိုင်ငံတကာဘဏ်လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ပါသည်။ ယင်းတို့ အကြောင်း အောက်တွင် ပိုမို အသေးစိတ် ဖော်ပြအပ်ပါသည် -

လက်ရှိတွင် ကျွန်ုပ်တို့ဘဏ်၌ ဘဏ်ခွဲပေါင်း ၂၁-ခု ရှိရာ၊ ၁၉-ခုကို၂၀၁၀-ခုနှစ် နှင့် ၂၀၁၆-ခုနှစ်တို့ အကြား တည်ထောင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၀-ခုနှစ်နှင့် ၂၀၁၆-ခုနှစ် အကြား ဘဏ်၏ ဖွံ့ဖြိုးတိုးတက်မှုကို အောက်ပါ အတိုင်း တွေ့ရှိနိုင်ပါသည် -

အကြောင်းအရာ	၂၀၁၆-ခုနှစ် (ကျပ်ဘီလီယံပေါင်း)	၂၀၁၀-ခုနှစ် (ကျပ်ဘီလီယံပေါင်း)
ထည့်ဝင်ပြီးမတည် ရင်းနှီးငွေ	၄၉.၈	၃.၂
အပ်ငွေ	၁၄၄.၃	၁၂.၂
အသားတင်အမြတ် (အခွန်နှုတ်ပြီး)	၅.၃	၀.၅

နိုင်ငံတကာ ကုန်သွယ်မှုနှင့် နိုင်ငံခြားဘဏ် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Authorized Dealer Licence ကို ၂၀၁၂-ခုနှစ်တွင် ကျွန်ုပ်တို့ဘဏ်အား ထုတ်ပေးခဲ့ပါသည်။ ယခုအခါတွင် ပြည်ပမှ အဆက်အသွယ်ဘဏ် (Correspondent Bank) ပေါင်း ၂၇-ခုနှင့် ချိတ်ဆက်ပြီး မိမိတို့၏ ဖောက်သည်များ အတွက် LC/TT နှင့် နိုင်ငံတကာငွေလွှဲပို့မှု (Remittance) ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက် ရှိပါသည်။ မိမိတို့အနေဖြင့် နိုင်ငံတကာ ငွေလွှဲလုပ်ငန်း လုပ်ကိုင်သော အဖွဲ့အစည်းများ ဖြစ်သော Money Gram စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံတကာ ငွေလွှဲလုပ်ငန်းကို လုပ်ကိုင်လျက် ရှိသည့် အပြင်၊ MasterCard နှင့် Visa တို့ အတွက် acquiring bank လည်း ဖြစ်ပါသည်။

MCB သည် မြန်မာနိုင်ငံတော် အတွင်း ငွေသား ကိုင်ဆောင် ပေးချေရမှုကို လျှော့ချရန်၊ အဖွဲ့ဝင်ဘဏ် အချင်းချင်း ဘဏ်ဝန်ဆောင်မှုများ ပိုမို ပူးပေါင်း ဆောင်ရွက်ရန်၊ ငွေပေးချေမှု စနစ် အဆင့်မြှင့်တင်ရန်၊ ပြည်တွင်း၌ နိုင်ငံတကာကတ်များ အသုံးပြုနိုင်ရန်နှင့် ပြည်တွင်းဘဏ်များကို နိုင်ငံတကာကွန်ရက်များနှင့် ချိတ်ဆက်နိုင်ရန် ဟူသော ရည်ရွယ်ချက်တို့ဖြင့် Myanmar Payment Union (MPU) ကို စတင် တည်ထောင်ကတည်းက ပါဝင်ခဲ့သည့် မူလအဖွဲ့ဝင် ဘဏ် တစ်ခု ဖြစ်ပါသည်။ MPU အဖွဲ့ဝင် ဘဏ် တစ်ခု အနေဖြင့် ကျွန်ုပ်တို့ဘဏ်၏ MCB MPU Card ကို ထုတ်ဝေခဲ့ပြီး၊ ယင်း ကတ်ကိုင်ဆောင်ထားသူတို့သည် ပြည်တွင်း၌(Automatic Teller Machine-ATM) များနှင့် ကတ်သုံးအရောင်းနေရာများ (Points Of Sale-POS) တွင် ငွေထုတ်မှု ငွေပေးချေမှုများ ပြုလုပ်နိုင်ပါသည်။

မဟာဗျူဟာများနှင့် ပတ်သက်၍ တင်ပြချက်၌ ဆွေးနွေးခဲ့သည့် အတိုင်း ကျွန်ုပ်တို့ အနေဖြင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ အတွက် အတိုးနှုန်း သက်သာသည့် "Two-Step Loans" များကို ထုတ်ချေးသွားမည် ဖြစ်ပါသည်။

အပ်နှံငွေများ

ကျွန်ုပ်တို့ဘဏ် စီးပွားရေးလုပ်ငန်းကို ၁၉၉၂-ခုနှစ်တွင် ကျပ်ဖြင့် အပ်နှံငွေများ လက်ခံသော လုပ်ငန်းမှ စတင်ခဲ့ပါသည်။ ကျွန်ုပ်တို့ ဆောင်ရွက်ပေးနေသော အပ်နှံငွေ အမျိုးအစားတို့မှာ စာရင်းရှင်အပ်ငွေ (current deposit)၊ စာရင်းသေ/အချိန်ပိုင်းအပ်ငွေ (time deposit) နှင့် ခေါ်ယူအပ်ငွေ (call deposit) တို့ ဖြစ်ကြပါသည်။

၂၀၁၆ ခုနှစ်
အပ်ငွေအများဆုံးစာရင်းပိုင်ရှင် ၁၀ ဦး

(ကျပ်သန်းပေါင်း)

စဉ်		ငွေပမာဏ	%
၁	ဒါရိုက်တာ (က) + တစ်သီးပုဂ္ဂလ (ခ)*	၁၁,၉၇၄	၈.၂၉%
၂	ဘဏ် (ဂ)	၉,၂၅၀	၆.၄၁%
၃	ဘဏ် (ဃ)	၅,၆၁၇	၃.၈၉%
၄	ဘဏ် (က)	၄,၉၁၇	၃.၄၁%
၅	ကုမ္ပဏီ (က) (စက်မှုလက်မှု)	၄,၂၆၂	၂.၉၅%
၆	အဖွဲ့အစည်း (က)	၄,၁၅၅	၂.၈၈%
၇	ဘဏ် (ဇ)	၄,၀၀၀	၂.၇၇%
၈	ကုမ္ပဏီ (စ)* (ဝန်ဆောင်မှု)	၃,၅၉၉	၂.၄၉%
၉	ကုမ္ပဏီ (ဃ)* (ဝန်ဆောင်မှု)	၃,၄၆၀	၂.၄၀%
၁၀	တစ်သီးပုဂ္ဂလ (က)*	၂,၆၄၀	၁.၈၃%
စုစုပေါင်း		**၅၃,၈၇၄**	**၃၇.၃၂%**

၂၀၁၅ ခုနှစ်
အပ်ငွေအများဆုံးစာရင်းပိုင်ရှင် ၁၀ ဦး

(ကျပ်သန်းပေါင်း)

စဉ်		ငွေပမာဏ	%
၁	ကုမ္ပဏီ (က) (စက်မှုလက်မှု)	၄,၂၉၄	၄.၁၆%
၂	ဘဏ် (က)	၄,၂၇၆	၄.၁၄%
၃	တစ်သီးပုဂ္ဂလ (က)	၄,၀၈၄	၃.၉၆%
၄	အဖွဲ့အစည်း (က)	၃,၈၃၀	၃.၇၁%
၅	ကုမ္ပဏီ (ခ)* (ကုန်သွယ်ရေး)	၃,၇၇၈	၃.၆၆%
၆	ကုမ္ပဏီ (ဂ)* (ကုန်သွယ်ရေး)	၃,၆၆၆	၃.၅၅%
၇	ကုမ္ပဏီ (ဃ)* (ဝန်ဆောင်မှု)	၂,၂၈၀	၂.၂၁%
၈	ဘဏ် (ခ)	၂,၀၀၉	၁.၉၅%
၉	ကုမ္ပဏီ c (စက်မှုလက်မှု)	၁,၉၂၉	၁.၈၇%
၁၀	အဖွဲ့အစည်း (ခ)	၁,၈၃၀	၁.၇၇%
စုစုပေါင်း		**၃၁,၉၇၆**	**၃၀.၉၉%**

* ဤအပ်နှံငွေ များကို ဆက်နွယ်နေသူနှင့် ပတ်သက်သော ဆောင်ရွက်ချက်ကိစ္စများ အဖြစ် အမျိုးအစား ခွဲခြားနိုင်ပါသည်။ ကျေးဇူးပြု၍ ဆက်နွယ်နေသူနှင့် ပတ်သက်သော ဆောင်ရွက်ချက်ကိစ္စများ အဖြစ်လည်း ရည်ညွှန်းပါသည်။

အပ်နှံငွေခွဲတမ်းမှာ ပမာဏအားဖြင့်အောက်ပါအတိုင်းဖြစ်ပါသည်။

	၃၁.၀၃.၂၀၁၆ အထိ		၃၁.၀၃.၂၀၁၅ အထိ	
ချေးငွေပမာဏ	**စုစုပေါင်း အပ်နှံငွေ စာရင်းလက်ကျန် (ကျပ်သန်းပေါင်း)**	**အရေးရပ် အပ်နှံငွေ စာရင်းလက်ကျန်**	**စုစုပေါင်း အပ်နှံငွေ စာရင်းလက်ကျန် (ကျပ်သန်းပေါင်း)**	**အရေးရပ် အပ်နှံငွေ စာရင်းလက်ကျန် %**
ကျပ် သန်း၁၀၀ အောက်	၄၁,၃၄၇.၄၉	၂၈.၆၄%	၃၆,၅၅၇.၇၂	၃၅.၄၃%
ကျပ် သန်း၁၀၀ အထက် မှ ကျပ် သန်း ၅၀၀ အထိ	၃၁,၂၉၃.၃၉	၂၁.၆၈%	၂၂,၃၂၉.၄၀	၂၁.၆၄%
ကျပ် သန်း၅၀၀ အထက် မှ ကျပ် ၁ ဘီလီယံ အထိ	၂၄,၂၁၉.၇၄	၁၆.၇၈%	၁၇,၉၆၂.၄၁	၁၇.၄၁%
ကျပ် ၁ ဘီလီယံ အထက် မှ ကျပ် ၅ ဘီလီယံ အထိ	၃၈,၅၀၉.၆၄	၂၆.၆၇%	၂၆,၃၂၉.၄၀	၂၅.၅၂%
ကျပ် ၅ ဘီလီယံ အထက်	၉,၀၀၀.၀၀	၆.၂၃%	-	၀.၀၀%
စုစုပေါင်း	**၁၄၄,၃၇၀.၂၆**	**၁၀၀%**	**၁၀၃,၁၇၈.၉၃**	**၁၀၀.၀၀%**

အပ်နှံငွေများ အတွက် ပေးရမည့် အတိုးနှုန်းများကို ဗဟိုဘဏ်က သတ်မှတ်ပါသည်။ လက်ရှိအချိန်တွင် အပ်နှံငွေတို့ အတွက် ဗဟိုဘဏ်က သတ်မှတ်ပေးထားသည့် အတိုးနှုန်းများမှာ ၈% မှ ၁၀% အကြား ရှိပါသည်။ စာရင်းရှင်အပ်ငွေ အတွက် အတိုး အကျုံးမဝင်ဘဲ၊ ကျန် အပ်နှံငွေ အမျိုးအစားတို့ အတွက် ကျွန်ုပ်တို့ဘဏ်က ပေးရသည့် အတိုးနှုန်းတို့မှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

ငွေစုဘဏ်အပ်ငွေ - တစ်နှစ်လျှင် ၈.၂၅%၊ အတိုးကို သုံးလ တစ်ကြိမ် ထည့်ပေါင်းပေးပါသည်။

စာရင်းသေအပ်ငွေ - တစ်လ အချိန်ပိုင်း အပ်ငွေ အတွက် တစ်နှစ်လျှင် ၉%၊ သုံးလ အပ်ငွေ အတွက် ၉.၂၅%၊ ခြောက်လ အတွက် ၉.၅၀%၊ ကိုးလ ၉.၇၅% နှင့် တစ်နှစ် အချိန်ပိုင်း အပ်ငွေ အတွက် တစ်နှစ်လျှင် ၁၀% တို့ ဖြစ်ကြပါသည်။

ခေါ်ယူအပ်ငွေ - ကျပ် ၁၀၀,၀၀၀ မှ ကျပ် ၁၀,၀၀၀,၀၀၀ အထိ တစ်နှစ်လျှင် ၄%၊ ကျပ် ၁၀,၁၀၀,၀၀၀ နှင့် အထက် အတွက် တစ်နှစ်လျှင် ၈% တို့ အသီးသီး ဖြစ်ကြပြီး၊ အတိုးကို နေ့စဉ် တွက်ချက်ကာ တစ်လ တစ်ကြိမ် ထည့်ပေါင်း ပေးပါသည်။

အထက်တွင် ဖော်ပြခဲ့သည်တို့ အပြင် ကျွန်ုပ်တို့ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ ဖောက်သည်တို့၏ USD ၊ EUR သို့မဟုတ် SGD အမျိုးအစား နိုင်ငံခြားငွေတို့ အတွက် ဘဏ်စာရင်းများကိုလည်း ဖွင့်လှစ် အသုံးပြုနိုင်ပါသည်။ နိုင်ငံခြားငွေ ဘဏ်စာရင်း အပ်ငွေ အတွက် အတိုး အကျုံးမဝင်ပါ။

ငွေကြေး ထောက်ပံ့ခြင်းနှင့် ချေးငွေများ

ကျွန်ုပ်တို့ဘဏ် အနေဖြင့် ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ ချေးငွေများ (commercial loans) ကိုလည်းကောင်း၊ လက်ရောက် အပေါင် ချေးငွေများ (pledge loans) ကို လည်းကောင်း ဆောင်ရွက်ပေးသည့် အပြင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် အာမခံပေးခြင်း (trade guarantee) ၊ လုပ်ငန်းပြီးမြောက်စေမှု အတွက် အာမခံပေးခြင်း (performance guarantee/bank guarantee) တို့ကိုလည်း ဆောင်ရွက်ပေးပါသည်။ အဆိုပါ ဝန်ဆောင်မှုများကို စက်မှုလက်မှု၊ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ ဝန်ဆောင်မှု၊ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် အထွေထွေ စီးပွားရေးကဏ္ဍမှ လုပ်ငန်းတို့ အတွက် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ဘဏ် အနေဖြင့် ချေးငွေ ထုတ်ချေးရာ၌ ဆုံးရှုံးနိုင်ခြေ နည်းသော ကုန်သွယ်ရေး၊ စက်မှုလက်မှုနှင့် ဝန်ဆောင်မှု စီးပွားရေးလုပ်ငန်းအား ဦးစားပေးပါသည်။ စီးပွားရေး လုပ်ငန်း နယ်ပယ်အလိုက် ချေးငွေများ ခွဲခြားပြထားခြင်းကို အောက်ပါ ဇယားတွင် တွေ့နိုင်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်

ပုဂ္ဂလိကဘဏ်တို့မှ ပုဂ္ဂလိကလုပ်ငန်းရှင်တို့အား ထုတ်ချေးငွေ

ကျပ်သန်းပေါင်း

စဉ်	စီးပွားရေးလုပ်ငန်း	(၃၁.၃.၂၀၁၆)			(၃၁.၃.၂၀၁၅)		
		အရေအတွက်	တန်ဖိုး	%	အရေအတွက်	တန်ဖိုး	%
၁	စက်မှုလက်မှု	၂၅၅	၂၁,၁၄၀.၀၈	၂၂%	၂၀၀	၁၆,၄၀၅.၂၅	၂၂%
၂	သယ်ယူပို့ဆောင်ရေး	၄၂	၁,၅၇၃.၄၈	၂%	၄၂	၁,၃၃၀.၁၇	၂%
၃	ကုန်သွယ်ရေး	၄၄၄	၃၃,၆၁၄.၄၈	၃၆%	၄၄၁	၂၆,၂၁၀.၆၃	၃၇%

၄	ဝန်ဆောင်မှု	၁၀၀	၂၄,၈၆၁.၆၈	၂၇%	၉၆	၁၄,၇၃၃.၆၃	၂၁%
၅	ဆောက်လုပ်ရေး	၉	၁၀,၄၀၉.၁၄	၁၁%	၉	၁၀,၂၄၆.၅၃	၁၄%
၆	စိုက်ပျိုးရေးနှင့် မွေးမြူရေး	၁၆	၄၃၉.၃၅	၀%	၁၉	၅၈၈.၆၂	၁%
၇	အထွေထွေ	၂၄	၁,၇၁၇.၄၀	၂%	၂၂	၂,၀၅၆.၄၄	၃%
	စုစုပေါင်း	**၈၉၀**	**၉၃,၇၅၅.၆၁**	**၁၀၀%**	**၈၂၉**	**၇၁,၅၇၁.၂၇**	**၁၀၀%**

ပြီးခဲ့သည့် ဘဏ္ဍာနှစ် လေးနှစ် အတွင်း ထုတ်ချေးခဲ့သည့် ချေးငွေ အသစ်များနှင့် ပြန်လည် ပေးဆပ်ခဲ့သည့် ချေးငွေများကို အောက်တွင် ဖော်ပြထားပါသည်။

ကျပ်သန်းပေါင်း

ဘဏ္ဍာနှစ်	အသားတင် ချေးငွေ အသစ်များ		လက်ရှိ ချေးငွေများ	
	အရေအတွက်	တန်ဖိုး	အရေအတွက်	တန်ဖိုး
၂၀၁၁-၂၀၁၂			၅၄၂	၂၄,၈၁၇.၂၂
၂၀၁၂-၂၀၁၃	၁၈၂	၁၇,၂၃၉.၂၆	၇၂၄	၄၂,၀၅၆.၄၈
၂၀၁၃-၂၀၁၄	၃၀	၉,၁၄၉.၂၅	၇၅၄	၅၁,၂၀၅.၇၃
၂၀၁၄-၂၀၁၅	၇၅	၂၀,၃၆၅.၅၄	၈၂၉	၇၁,၅၇၁.၂၇
၂၀၁၅-၂၀၁၆	၆၁	၂၂,၁၈၄.၃၄	၈၉၀	၉၃,၇၅၅.၆၁

မြန်မာနိုင်ငံသားများဘက် ၏ (၃၁.၀၃.၂၀၁၆) ရက်နေ့ ရှိ အများဆုံးထုတ်ချေးထားသူ (၁၀) ဦး၏စာရင်း

(ကျပ်သန်းပေါင်း)

စဉ်	**အမည်**	**လုပ်ငန်း**	**ထုတ်ချေးသည့်ရက်စွဲ**	**ချေးငွေပမာဏ**	**ပြန်ဆပ်ရမည့်ရက်စွဲ**
၁	ကုမ္ဂဏီ (က)	ဆောက်လုပ်ရေး	၂၀.၉. ၂၀၁၅	၇,၀၀၀	၂၀.၉.၂၀၁၆
၂	ကုမ္ဂဏီ (ခ)	ဝန်ဆောင်မှု	၁၉.၈. ၂၀၁၅	၃,၅၀၀	၁၉.၈.၂၀၁၆
၃	တစ်သီးပုဂ္ဂိုလ် (ဆ)	ဝန်ဆောင်မှု	၂၆.၆. ၂၀၁၅	၂,၇၀၀	၂၆.၆. ၂၀၁၆
၄	တစ်သီးပုဂ္ဂိုလ် (က)	ဝန်ဆောင်မှု	၁၇.၆. ၂၀၁၅	၂,၅၀၀	၁၇.၆. ၂၀၁၆
၅	တစ်သီးပုဂ္ဂိုလ် (ဇ)	ကုန်သွယ်ရေး	၁၈.၁၁. ၂၀၁၅	၂,၂၀၀	၁၈.၁၁. ၂၀၁၆
၆	တစ်သီးပုဂ္ဂိုလ် (ဈ)	စက်မှုလက်မှု	၁၁.၁၁. ၂၀၁၅	၁,၉၀၀	၁၁.၁၁. ၂၀၁၆
၇	တစ်သီးပုဂ္ဂိုလ် (ဂ)	ဝန်ဆောင်မှု	၁၁.၂. ၂၀၁၆	၁,၈၀၀	၁၁.၂. ၂၀၁၇
၈	တစ်သီးပုဂ္ဂိုလ် (ခ)	ဝန်ဆောင်မှု	၇.၁၂. ၂၀၁၄	၁,၇၅၀	၇.၁၂. ၂၀၁၆
၉	တစ်သီးပုဂ္ဂိုလ် (ညာ)	ဝန်ဆောင်မှု	၂၃.၆. ၂၀၁၅	၁,၆၀၀	၂၃.၆. ၂၀၁၆
၁၀	တစ်သီးပုဂ္ဂိုလ် (ဌ)	ဝန်ဆောင်မှု	၁၀.၆. ၂၀၁၅	၁,၁၀၀	၁၀.၆. ၂၀၁၆

မြန်မာနိုင်ငံသားများဘဏ် ၏ (၃၁.၀၃.၂၀၁၅) ရက်နေ့ ရှိ အများဆုံးထုတ်ချေးထားသူ (၁၀) ဦး၏စာရင်း

(ကျပ်သန်းပေါင်း)

စဉ်	အမည်	လုပ်ငန်း	ထုတ်ချေးသည့်ရက်စွဲ	ချေးငွေပမာဏ	ပြန်ဆပ်ရမည့်ရက်စွဲ
၁	ကုမ္ဍဏီ (က)	ဆောက်လုပ်ရေး	၂၀.၉.၂၀၁၄	၇,၀၀၀	၂၀.၉. ၂၀၁၅
၂	ကုမ္ဍဏီ (ခ)	ဝန်ဆောင်မှု	၁၉.၈. ၂၀၁၄	၃,၅၀၀	၁၉.၈. ၂၀၁၅
၃	တစ်သီးပုဂ္ဂလ (က)	ဝန်ဆောင်မှု	၁၇.၆. ၂၀၁၄	၂,၅၀၀	၁၇.၆. ၂၀၁၅
၄	ဒါရိုက်တာ (က)	ကုန်သွယ်ရေး	၁၆.၈. ၂၀၁၄	၂,၀၀၀	၁၆.၈. ၂၀၁၅
၅	တစ်သီးပုဂ္ဂလ (ခ)	ဝန်ဆောင်မှု	၇.၁၂. ၂၀၁၄	၁,၇၅၀	၇.၁၂. ၂၀၁၅
၆	တစ်သီးပုဂ္ဂလ (ဂ)	ဝန်ဆောင်မှု	၁၁.၂. ၂၀၁၅	၁,၀၀၀	၁၁.၂. ၂၀၁၆
၇	တစ်သီးပုဂ္ဂလ (ဃ)	စက်မှုလက်မှု	၁၅.၁၁. ၂၀၁၄	၁,၀၀၀	၁၅.၁၁. ၂၀၁၅
၈	တစ်သီးပုဂ္ဂလ (c) + (စ)	ဝန်ဆောင်မှု	၂၉.၅. ၂၀၁၄	၉၀၀	၂၉.၅. ၂၀၁၅
၉	ကုမ္ဍဏီ (ဂ)	ဆောက်လုပ်ရေး	၂၁.၉. ၂၀၁၄	၈၀၃	၂၁.၉. ၂၀၁၅
၁၀	ကုမ္ဍဏီ (ဂ)	ဆောက်လုပ်ရေး	၁၈.၆. ၂၀၁၄	၈၀၀	၁၈.၆. ၂၀၁၅

ချေးငွေ အတွက် လျှောက်ထားမှုများ လက်ခံခြင်း၊ ငွေ ထုတ်ပေးခြင်းတို့ကို မိမိတို့၏ (ဘဏ်ခွဲငယ်တို့မှ အပ) ဘဏ်ခွဲများတွင် ဆောင်ရွက်နိုင်ပါသည်။ ချေးငွေ လျှောက်ထားမှု တစ်ရပ် အတွက် ကနဦး ကွင်းဆင်း စိစစ်ခြင်းကို သက်ဆိုင်ရာ ဘဏ်ခွဲရှိ ချေးငွေအရာရှိက ဆောင်ရွက်ပြီး၊ နောက်ဆုံး အတည်ပြုချက် အတွက် ဘဏ်ရုံးချုပ်သို့ ဆက်လက် ပေးပို့ပါသည်။ ကျပ် သန်း ၃၀၀ အထိ ချေးငွေများ အတွက် ကျွန်ုပ်တို့ ဘဏ်မှ ချေးငွေ ကော်မတီ၏ အတည်ပြုချက် လိုအပ်ပြီး၊ ကျပ် သန်း ၃၀၀ ထက် ကျော်လွန်သော ချေးငွေများ အတွက် ကျွန်ုပ်တို့ ဘဏ်မှ ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက် လိုအပ်ပါသည်။

ကျွန်ုပ်တို့ဘဏ်မှ ထုတ်ချေးသော ချေးငွေတို့ အတွက် ကောက်ခံသည့် အတိုးနှုန်းမှာ ချေးငွေ ပမာဏ အပေါ် တစ်နှစ်လျှင် ၁၂% ဖြစ်ပါသည်။ ထို့ပြင်၊ ချေးငွေ ပမာဏ၏ ၁% ကိုလည်း ဝန်ဆောင်ခ အဖြစ် နှစ်စဉ် ကောက်ခံပါသည်။ သို့ဖြစ်၍ ချေးငွေ တစ်ရပ်မှ ကျွန်ုပ်တို့ဘဏ်၏ စုစုပေါင်း ရငွေသည် တစ်နှစ်လျှင် ချေးငွေပမာဏ၏ ၁၃% ဖြစ်ပါသည်။

ချေးငွေ တစ်ရပ်ကို သုံးနှစ် အထိ သက်တမ်း တိုးနိုင်ပြီး၊ အဆိုပါ သက်တမ်း ကုန်ဆုံးပြီးလျှင် မူလ ချေးငွေ ပမာဏ၏ ၂၅%ကို နှစ်တိုင်း မဖြစ်မနေ ပြန်လည် ပေးဆပ်ရမည် ဖြစ်ပါသည်။

၂၀၁၆-ခုနှစ် မတ်လ၌ ကျွန်ုပ်တို့ဘဏ်တွင် ငွေချေးယူထားသူပေါင်း ၈၉၀-ဦး ရှိပြီး၊ ချေးငွေ တန်ဖိုး စုစုပေါင်းမှာ ကျပ် ၉၃.၇၅ ဘီလီယံ ဖြစ်ပါသည်။

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်များအတွက် အဇာဝယ်ယူမှုမှအပ ၂၀၁၆ ခုနှစ် မတ်လအထိ ရှိပြီး ချေးငွေများ၏ ဘဏ်စာရင်းများနှင့် ဆက်စပ်ပမာဏ ခွဲတမ်းတို့ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(ကျပ်သန်းပေါင်း)

ဘဏ္ဍာနှစ်	ဘဏ်စာရင်း	ငွေပမာဏ
၂၀၀၈-၂၀၀၉	၁၀၇	၁,၅၅၅.၇၈
၂၀၀၉-၂၀၁၀	၃၇	၁,၃၃၅.၄၅
၂၀၁၀-၂၀၁၁	၄၈	၅,၀၆၀.၃၆
၂၀၁၁-၂၀၁၂	၉၉	၆,၅၇၂.၁၃
၂၀၁၂-၂၀၁၃	၁၄၄	၁၁,၅၇၈.၁၉
၂၀၁၃-၂၀၁၄	၁၀၁	၁၃,၅၀၆.၁၆
၂၀၁၄-၂၀၁၅	၂၀၂	၂၅,၀၈၅.၀၇
၂၀၁၅-၂၀၁၆	၁၅၂	၂၉,၀၆၂.၄၇
စုစုပေါင်း	**၈၉၀**	**၉၃,၇၅၅.၆၁**

(အင်္ဂါးဝယ်ယူမှု အပါအဝင်) ရှိပြီး ချေးငွေများ ခွဲတမ်းတို့ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ကျပ်သန်းပေါင်း

	၃၁.၀၃.၂၀၁၆ အထိ		၃၁.၀၃.၂၀၁၅ အထိ	
ချေးငွေပမာဏ	**စုစုပေါင်း အပ်နှံငွေ စာရင်းလက်ကျန် (ကျပ်သန်းပေါင်း)**	**အရပ်ရပ် အပ်နှံငွေ စာရင်းလက်ကျန်**	**စုစုပေါင်း အပ်နှံငွေ စာရင်းလက်ကျန် (ကျပ်သန်းပေါင်း)**	**အရပ်ရပ် အပ်နှံငွေ စာရင်းလက်ကျန် %**
ကျပ် သန်း၁၀၀ အောက်	၃၉,၀၃၄ . ၈၈	၃၄%	၃၃,၈၄၆.၀၁	၃၉%
ကျပ် သန်း၁၀၀ အထက် မှ ကျပ် သန်း ၅၀၀ အထိ	၂၈,၄၉၅ .၇၁	၂၅%	၃၂,၇၀၂ . ၇၆	၃၈%
ကျပ် သန်း၅၀၀ အထက် မှ ကျပ် ၁ ဘီလီယံ အထိ	၁၇,၃၆၁. ၆၈	၁၅%	၇,၁၀၈. ၂၆	၈%
ကျပ် ၁ ဘီလီယံ အထက် မှ ကျပ် ၅ ဘီလီယံ အထိ	၂၃,၃၈၃. ၅၈	၂၀%	၆,၄၅၉. ၇၄	၇%
ကျပ် ၅ ဘီလီယံ အထက်	၇,၀၀၀.၀၀	၆%	၇,၀၀၀.၀၀	၈%
စုစုပေါင်း	**၁၁၅,၂၇၅.၀၀**	**၁၀၀%**	**၈၇,၁၁၆.၀၀**	**၁၀၀%**

ကျွန်ုပ်တို့ဘဏ်မှ ဆောင်ရွက်ပေးသော ချေးငွေ အမျိုးအစား အသီးသီးကို အောက်တွင် အသေးစိတ် ရှင်းပြထားပါသည်။

<u>ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ ချေးငွေ (Commercial Loan)</u>

ကူးသန်းရောင်းဝယ်ရေး <u>ဆိုင်ရာ</u> ချေးငွေကို မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်ပစ္စည်း အာမခံ တင်သွင်းမှသာ ထုတ်ချေး ပေးနိုင်ပါသည်။ လက်ခံသည့် အာမခံပစ္စည်း အမျိုးအစားတို့မှာ ယေဘုယျအားဖြင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း၊ အထူးအားဖြင့် အမည်ပေါက်ဂရန်မြေ (ဂရန်)၊ ဘိုးဘဝိုင်မြေ သို့မဟုတ် လန-၃၉ (လယ်ယာမြေ) လက်မှတ်ရ မြေနှင့် သက်ဆိုင်ရာ မြေ အပေါ် ဆောက်လုပ်ထားသည့် အဆောက်အအုံတို့

ဖြစ်ကြပါသည်။ ချေးငွေ ရယူလိုသည့် လုပ်ငန်း၏ အောင်မြင်နိုင်မှုကိုလည်း ထည့်သွင်း စဉ်းစားလျက်၊ ဘဏ်ရာဖြတ်က သတ်မှတ်ပေးသည့် အတိုင်း အာမခံပစ္စည်း၏ အတင်းအကြပ် ရောင်းဈေး ၃၅% အထိ မိမိတို့ ထုတ်ချေးနိုင်ပါသည်။

အမည်ပေါက်ဂရန် စာချုပ်စာတမ်း မူရင်းများကို လက်ရောက် ရယူခြင်း၊ လိုအပ်သည့် အာမခံပေါ်လစီများ ထုတ်ယူ ထိန်းသိမ်း ထားရှိကြောင်း ဘဏ်က ကျေနပ်သည် အထိ စစ်ဆေးတွေ့ရှိရခြင်း၊ လိုအပ်သော ဘဏ်စာရင်းများ ဖွင့်လှစ်ပြီးခြင်းနှင့် (ကတိခံဝန်ချက် တစ်စုံတစ်ရာ အပါအဝင်) လိုအပ်သော စာချုပ်စာတမ်း အားလုံး လက်မှတ်ရေးထိုး ချုပ်ဆိုခြင်းတို့ ဆောင်ရွက်ပြီးမှသာ ချေးငွေကို ထုတ်ပေးပါသည်။

အဆိုပါ ချေးငွေတို့ အပေါ် ကျွန်ုပ်တို့ဘဏ်က ကောက်ခံနိုင်သည့် အတိုးနှုန်းကို ၁၃% ထက် မပိုစေရန် ဗဟိုဘဏ်က သတ်မှတ်ထားပြီး၊ အတိုးငွေများကို သုံးလ တစ်ကြိမ် ကောက်ခံပါသည်။

လက်ရောက်အပေါင် ချေးငွေ (Pledge Loan)

ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ ချေးငွေနှင့် ဆင်တူသော်လည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း အစား (ကောက်ပဲသီးနှံ) လယ်ယာထွက်ကုန် ကဲ့သို့ ဒြပ်ရှိ ပစ္စည်း အာမခံကို လက်ရောက် တင်သွင်းခြင်းဖြင့် ထုတ်ချေးသော ချေးငွေ ဖြစ်ပါသည်။ အာမခံပစ္စည်းများကို စနစ်တကျ ခွဲခြား သိုလှောင်ထားပြီး၊ ချေးငွေ ပြန်လည် ပေးဆပ်ချိန်၌ အမည်ပေါက် ပိုင်ဆိုင်သူ၏ ထောက်ခံလက်မှတ် အရ ပြန်လည် ထုတ်ပေးပါသည်။ လက်ရောက်အာမခံ (သို့) ရွှေ့ပြောင်းနိုင်သော ပစ္စည်းဖြင့် ချေးငွေ အတွက် စည်းကမ်းသတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်များမှာ ကူးသန်းရောင်းဝယ်ရေး (သို့) မရွှေ့မပြောင်းနိုင်သော အာမခံပစ္စည်းဖြင့် ချေးငွေနှင့် အတူတူပင် ဖြစ်ပါသည်။

ကြားဝင် အာမခံပေးခြင်း (Guarantee)

ကုန်ပစ္စည်း ရောင်းသူနှင့် ဝယ်သူတို့ အကြား ဘဏ်ကိစ္စကို အဆင်ပြေ ချောမွေစွာ ပြီးမြောက်နိုင်ရန်နှင့် ငွေသား စီးဆင်းမှု ပိုမို ကောင်းမွန်စေရန် ကျွန်ုပ်တို့ဘဏ်က ကုန်သွယ်ရေး ဆိုင်ရာ အာမခံများကို ဝန်ဆောင်မှု ပေးပါသည်။ ယေဘုယျအားဖြင့် အဆိုပါ အာမခံတို့ကိုလည်း မရွှေ့မပြောင်းနိုင်သော အပေါင်ပစ္စည်းဖြင့်သာ ဆောင်ရွက် ပေးပြီး၊ သက်တမ်းမှာလည်း လပိုင်းမျှသာ ဖြစ်တတ်ပါသည်။

လူပုဂ္ဂိုလ် တစ်ဦးချင်း၊ ကုမ္ပဏီ၊ အစိုးရဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းတို့က အရေးကြီးသည့် စီမံကိန်း လုပ်ငန်းတို့နှင့် စပ်လျဉ်း၍ တောင်းဆိုသည့် လုပ်ငန်းပြီးမြောက်ရေး (performance guarantee) တစ်နည်းအားဖြင့် ဘဏ်အာမခံ (bank guarantee) တို့ကိုလည်း ဆောင်ရွက်ပေးပါသည်။

အငှားဝယ် စနစ် ဆိုင်ရာ ငွေကြေး ထောက်ပံ့ခြင်း (Hire Purchase Financing)

ကျွန်ုပ်တို့ဘဏ် အနေဖြင့် ပုံမှန် ချေးငွေ အမျိုးအစားတို့ အပြင် အရစ်ကျ ပေးချေခွင့်ဖြင့် အငှား ရောင်းဝယ်သည့် စနစ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးပါသည်။ ဤသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံတော်၏ အချို့သော လက်မှုလုပ်ငန်းတို့အား စက်မှုလုပ်ငန်း အဖြစ် ပြောင်းလဲရန် အတွက် ဈေးကွက်အတွင်း အရင်းအနှီး လိုအပ်ချက် ရှိနေသည်ကို ဖြည့်ဆည်းပေးရာ ရောက်ပေသည်။ ဥပမာ၊ စိုက်ပျိုးရေးသုံး စက်ကိရိယာ တန်ဆာပလာတို့တွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့် မတည်ငွေကို ထိုသို့သော အငှားဝယ် စနစ်တို့မှ တစ်ဆင့် လယ်သမားတို့ အနေဖြင့် လက်လှမ်းမီ ရရှိနိုင်ပြီ ဖြစ်သည်။ ယင်းမှ တစ်ဆင့် စိုက်ပျိုးရေးကဏ္ဍတွင် စက်ယန္တရား အသုံးချမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာလျက်၊ ရောင်းဝယ်ရေးလုပ်ငန်းများ၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စက်မှုလက်မှု လုပ်ငန်းများမှ အကြီးစား စက်မှုလုပ်ငန်းများ အဖြစ်သို့ ကူးပြောင်းရာတွင် အထောက်အကူ ပေးလျက် ရှိပါသည်။

လက်ရှိတွင် ကျွန်ုပ်တို့ဘဏ်သည် ကုမ္ပဏီ ၁၇-ခုနှင့် ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းသုံး စက်ပစ္စည်း ကိရိယာ အမျိုးမျိုး၊ လူနေတိုက်ခန်း၊ မော်တော်ယာဉ်နှင့် လက်ကိုင်ဖုန်းတို့ကို ရောင်းချရာ၌ အငှားဝယ်စနစ်ကို ကျင့်သုံးနေပါသည်။ ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့ အထိ အငှားဝယ်စနစ်တွင် စုစုပေါင်း ခွင့်ပြုပြီး တန်ဖိုး ကျပ် ၂၇.၉၉ ဘီလီယံ ရှိပြီး၊ အငှားဝယ်စာရင်းပေါင်း ၇,၇၀၆ ခု ရှိနေပါသည်။ ထိုအောင်မြင်မှုကို အသိအမှတ်ပြုလျက် မိမိတို့ အနေဖြင့် အငှားဝယ်စနစ်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုးချဲ့ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

ယင်းစနစ်တွင် မိမိတို့ဘဏ်နှင့် ဝယ်သူတို့ အကြား အငှားဝယ်ခြင်း ဆိုင်ရာ သဘောတူညီချက် တစ်ခု ချုပ်ဆိုပြီး၊ ဝယ်ယူသည့် ပစ္စည်းကို ရောင်းသူထံမှ ဝယ်သူက ရရှိချိန်တွင် ရောင်းသူက ပစ္စည်း၏ ပိုင်ရေးဆိုင်ခွင့် (title) ကို မိမိတို့ဘဏ်သို့ လွှဲပြောင်းပေးအပ်ပါသည်။ ချေးငွေ အပြေအကြေ ပြန်လည် ပေးချေပြီးချိန်တွင်မှသာ ပစ္စည်း၏ ပိုင်ရေးဆိုင်ခွင့်သည် ဝယ်သူထံသို့ လွှဲပြောင်း ရောက်ရှိမည် ဖြစ်ပါသည်။

<u>အတိုး/အရင်း ပြန်ဆပ်ရန် ပျက်ကွက်နေသည့် ချေးငွေ (Non Performing Loan-NPL)</u>

ကျွန်ုပ်တို့ဘဏ်တွင် အတိုး/အရင်း ပျက်ကွက်သည့် ချေးငွေတို့ကို နည်းလမ်း လေးခုဖြင့် စီမံခန့်ခွဲပါသည် -

- ငွေချေးရန်/မချေးရန် ဆုံးဖြတ်ရာတွင် တင်းကြပ်သော မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးခြင်း၊
- ငွေချေးရန် ဆုံးဖြတ်လျှင် အာမခံပစ္စည်းနှင့် ကတိကဝတ်များ လုံလုံလောက်လောက် ပေးစေခြင်း၊
- ချေးထားသည့် ငွေ အပေါ် အတိုး/အရင်း ပြန်ဆပ်မှုများကို တက်တက်ကြွကြွ စောင့်ကြပ် စိစစ်ခြင်း၊
- ပျက်ကွက်သော ချေးငွေတို့ အပေါ် ဥပဒေ အရ အရေးယူ ဆောင်ရွက်ခြင်း။

ချေးငွေ လျှောက်ထား ရရှိနိုင်ရေးနှင့် စပ်လျဉ်းသော မိမိတို့၏ တင်းကြပ်သည့် သတ်မှတ်ချက်များကြောင့် မိမိတို့၏ ချေးငွေ ရယူသူ အများစုမှာ ၎င်းတို့၏ တာဝန်ကို ကောင်းစွာ ဖြည့်ဆည်း ဆောင်ရွက်နိုင်ကြသည့် အတွက် မိမိတို့ဘဏ် အနေဖြင့် NPL မရှိသလောက် ဖြစ်ပါသည်။

ချေးငွေများ စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းတွင် မိမိတို့ အနေဖြင့် ငွေချေးယူထားသူ မြီစားတို့ထံ (ပေးသွင်းရမည့် တန်ဖိုးနှင့် ပေးသွင်းရမည့် နေ့ရက်တို့ ဖော်ပြထားသည့်) သတိပေးစာများကို ပေးဆပ်ရမည့် နေ့ရက် မတိုင်မီ ၁၅-ရက် ကြိုတင်၍ ပေးပို့သည် အပြင်၊ မိုဘိုင်းဖုန်းများသို့ ဆက်သွယ်၍လည်း သတိပေးပါသည်။ ပေးသွင်းရန် ပျက်ကွက်လျှင် ပျက်ကွက်ချင်း ကြွေးမြီအရာရှိက မြီစားထံ ကွင်းဆင်း သွားရောက်ကာ ငွေ ကောက်ခံမည် ဖြစ်ပါသည်။

ချေးငွေ ပျက်ကွက်မှု ရှိလာလျှင် တရားဥပဒေ အရ အရေးယူ ဆောင်ရွက်တော့မည် ဖြစ်ကြောင်း သတိပေးစာ တစ်စောင်ကို ဘဏ်က ပျက်ကွက်သူ မြီစားထံ ပေးပို့မည် ဖြစ်သည်။ ထိုသို့ သတိပေးသော်လည်း မပေးဆပ်သေးပါက ဘဏ်၏ တောင်းဆိုလွှာ ထုတ်ကာ၊ သက်ဆိုင်ရာ အာမခံပစ္စည်းကို အတည်ပြု ဆောင်ရွက်နိုင်ရေး အတွက် မြန်မာနိုင်ငံတော်၏ တရားရုံးတို့တွင် လျှောက်ထားမည် ဖြစ်ပါသည်။

အတိုးငွေ မပျက်မကွက် ပေးဆပ်မှု ရှိသည့် အချို့သော မြီစားတို့ အတွက် ဒါရိုက်တာအဖွဲ့ အတည်ပြုချက်ဖြင့် ချေးငွေ၏ သက်တမ်းကို တိုးချဲ့ပေးနိုင်ပါသည်။ ယင်းက အတိုးငွေ အချိန်မှန်မှန် ပေးသွင်းခြင်းကိုလည်း အားပေးပါသည်။ တိုးပေးသည့် သက်တမ်း ကုန်လွန်သောအခါတွင်မူ မြီစားကို ပေးရန် ရှိသမျှ အတိုး အရင်း အားလုံး ပြန်လည် ပေးဆပ်စေပါသည်။

လက်ရှိတွင် ကျွန်ုပ်တို့ဘဏ်၌ NPL ကို အောက်ပါ အတိုင်း အဓိပ္ပာယ် ဖွင့်ဆိုသည် -

- စံမပြည့်သော ချေးငွေ - အတိုး/အရင်း ၆လ-၁၂လ ပျက်ကွက်နေပြီ ဖြစ်သော ချေးငွေ။
- ရရန် မသေချာသော ချေးငွေ - အတိုး/အရင်း ၁၂လ-၂၄လ ပျက်ကွက်နေပြီ ဖြစ်သော ချေးငွေ။

- ရလမ်း မရှိသော ချေးငွေ - အတိုး/အရင်း ၂၄လ ထက်ကျော်၍ ပျက်ကွက်နေပြီ ဖြစ်သော ချေးငွေ။

ဗဟိုဘဏ်က ပြောင်းလဲသတ်မှတ်ထားသော အောက်ပါ NPL အဓိပ္ပာယ် ဖွင့်ဆိုချက်များ အသစ်များကို အတည်ပြုသောအခါ ကျွန်ုပ်တို့ဘဏ်က လိုက်နာ ကျင့်သုံးသွားမည် ဖြစ်ပါသည်.

- သတိထားရမည့် ချေးငွေ (Watch loans) - အတိုး/အရင်း ၃၁-ရက်မှ ရက်ပေါင်း ၆၀ အကြား ပျက်ကွက်နေပြီ ဖြစ်သော ချေးငွေ။
- စံမပြည့်သော ချေးငွေ (Sub-standard) - အတိုး/အရင်း ၆၁-ရက်မှ ရက်ပေါင်း ၉၀ အကြား ပျက်ကွက်နေပြီ ဖြစ်သော ချေးငွေ။
- ရရန် မသေချာသော ချေးငွေ (Doubtful Loans) - အတိုး/အရင်း ၉၁-ရက်မှ ရက်ပေါင်း ၁၈၀ အကြား ပျက်ကွက်နေပြီ ဖြစ်သော ချေးငွေ။
- ရလမ်း မရှိသော ချေးငွေ (Bad Loans) - အတိုး/အရင်း ရက်ပေါင်း ၁၈၀ ထက် ကျော်၍ ပျက်ကွက်နေပြီ ဖြစ်သော ချေးငွေ။

NPL များ လျော့ချရန် အတွက် ကျွန်ုပ်တို့ဘဏ်၏ မဟာဗျူဟာမှာ ချေးငွေ လျှောက်ထားသည့် လုပ်ငန်းတို့ထံ ကွင်းဆင်း သွားရောက်ကာ သေသေချာချာ စုံစမ်းစစ်ဆေးလျက်၊ စီးပွားရေး ကောင်းမွန်သည့် လုပ်ငန်းများကိုသာ စိစစ် ရွေးချယ်ပြီး ငွေထုတ်ချေးခြင်း ဖြစ်ပါသည်။ ယခုအခါတွင် ဘဏ်ခွဲများလည်း တိုးချဲ့ဖွင့်လှစ်လျက် ရှိရာ၊ ဘဏ်ခွဲ ရှိရာ မြို့များတွင် လုပ်ငန်းနှင့် အာမခံ ကောင်းမွန်သူ လုပ်ငန်းရှင်များထံ ဘဏ်ဝန်ထမ်းမှ သွားရောက် လေ့လာ စိစစ်ပြီး လုပ်ငန်း ကောင်းမွန် တိုးတက်နေသူများကို ရွေးချယ်၍ ထုတ်ချေးရန် အစီအစဉ်များ အကောင်အထည် ဖော်နေပါသည်။

ထို့ပြင် ကျွန်ုပ်တို့ ဘဏ် အနေဖြင့် ဆုံးရှုံးနိုင်ခြေ များသော စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ ချေးငွေ ထုတ်ချေးခြင်းကို ဦးစား မပေးပါ။ ဆုံးရှုံးနိုင်ခြေ မြင့်မားပါက၊ အောက်ပါ အတိုင်း စီမံခန့်ခွဲပါသည် -

- အတိုး/အရင်း ပေးဆပ်မှု မမှန်သည့် မြီစားတို့အား ချေးငွေ သက်တမ်းစေ့ချိန်တွင် သက်တမ်း နောက်ထပ် တိုးမပေးတော့ဘဲ ချေးငွေ အတိုး အရင်း အားလုံး ပြန်လည် ရှင်းလင်း ပေးဆပ်စေခြင်း၊
- ၃-လပတ် အတိုး ပေးချေမှု မှန်ကန်ပြီး သက်တမ်း စေ့ချိန်တွင် ချေးငွေ အရင်းကို အလွယ်တကူ ပေးဆပ်နိုင်သည့် လုပ်ငန်းရှင်တို့အား ချေးငွေ သက်တမ်း တိုးမြှင့်ပေးခြင်းနှင့် နောက်ထပ် ချေးငွေ ထုတ်ပေးခြင်း။

၃၁ ရက် မတ်လ ၂၀၁၆ ရက်နေ့ အထိ NPL ခွဲတမ်း ကိုအောက်ပါအတိုင်း ဖော်ပြထားပါသည်

၃၁ ရက် မတ်လ ၂၀၁၆ ရက်နေ့ အထိ NPL ခွဲတမ်း

NPL များကိုအောက်နှစ်များအလိုက်ခွဲခြားထားပါသည် (Categorized under NPLs since)

(ကျပ်သန်းပေါင်း)

ဘဏ္ဍာနှစ်	ဘဏ်စာရင်း	ငွေပမာဏ
၂၀၀၈-၂၀၀၉	၁	၅.၀၉
၂၀၀၉-၂၀၁၀	၁	၈.၉၃
၂၀၁၀-၂၀၁၁	၃	၁၂၉.၆၉
၂၀၁၁-၂၀၁၂	၁	၂၁.၅၆

၂၀၁၂-၂၀၁၃	၄	၂၂၃.၉၄
၂၀၁၃-၂၀၁၄	၁၉	၈၉၉.၃၀
၂၀၁၄-၂၀၁၅	၇	၁၀၅၃.၁၆
၂၀၁၅-၂၀၁၆	၁၃	၇၅၆.၆၆
စုစုပေါင်း	**၄၉**	**၃,၀၉၈.၃၃**

<u>အာမခံပစ္စည်း (Security)</u>

၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့၌ ကျွန်ုပ်တို့ ဘဏ်တွင် ရှိနေသော အာမခံပစ္စည်းများကို အောက်ပါ အတိုင်း တွေ့နိုင်ပါသည် -

၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်၌ MCB ရှိ အာမခံပစ္စည်း အမျိုးအစားများ

စဉ်	**လက်ခံသည့် အာမခံပစ္စည်း အမျိုးအစား**	**ချေးငွေ အရေအတွက်**	**ချေးငွေ ပမာဏ (ကျပ်သန်းပေါင်း)**	**%**
၁	မြေနှင့် အဆောက်အဦး	၈၉၉	၉၃,၄၅၅.၆၁	၈၁.၀၇%
၂	ရွှေနှင့် ရွှေထည် လက်ဝတ်လက်စား	-	-	--
၃	အပ်နှံငွေ (ငွေစုဘဏ်စာရင်း၊ ငွေစုလက်မှတ်)	-	-	-
၄	သီးနှံထွက်ကုန်	၁	၃၀၀.၀၀	၀.၂၆%
၅	အဖွဲ့အစည်းပေး အာမခံ (အာဏာဝယ်)	၇,၇၀၆	၂၁,၅၂၀. ၂၄	၁၈.၆၇%
၆	အစိုးရငွေတိုက်စာချုပ်	-	-	-
	စုစုပေါင်း	၈,၅၉၆	၁၁၅,၂၇၅.၈၅	၁၀၀.၀၀ %

<u>သက်တမ်းစေ့ရောက်မှု</u>

အပ်နှံငွေများနှင့် ငွေကြေးထောက်ပံ့ခြင်းနှင့် ချေးငွေများ အပိုင်းနှစ်ပိုင်းစလုံးကို အကျဉ်းချုပ်အားဖြင့်ဆိုရလျှင် ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များဆိုင်ရာ ဘဏ္ဍာရေးစာချုပ်စာတမ်းများ၏ သက်တမ်းစေ့ရောက်မှုမှာ အောက်တွင်ဖော်ပြထားသည့် အတိုင်းဖြစ်သည်။

(ကျပ်သန်းပေါင်း)

ချေးငွေနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားများ	၁နှစ်အောက်	၁နှစ်မှ ၃နှစ်အထိ	၃နှစ်ထက်ကျော်လွန်
စာရင်းပိုထုတ်ချေးငွေ (အဘားဂယ်မှအပ)	၉၃,၇၅၆	-	-
အဘားဂယ်	၁၅,၈၅၆	၅,၆၆၃	-
အစိုးရငွေတိုက်စာချုပ	၁,၈၀၀	၂၄,၅၀၀	-
အစိုးရငွေတိုက် လတ်မှတ် (Treasury Bills)	-	-	-
စုစုပေါင်း	**၁၁၁,၄၁၂**	**၃၀,၁၆၃**	**-**

(ကျပ်သန်းပေါင်း)

အပ်နှံ ငွေ အမျိုးအစားများ နှင့် အခြားဘဏ်လုပ်ငန်း ဆိုင်ရာ ထုတ် ကုန် များ	**၁နှစ်အောက်**	**၁နှစ်မှ ၃နှစ်အထိ**	**၃နှစ်ထက်ကျော်လွန်**
အပ်နှံငွေ	၁၄၄,၃၇၀	-	-
ငွေလွှဲအမိန့်	၂၉၈	-	-
ဘဏ်အာမခံ	၇,၅၈၄	-	-
စုစုပေါင်း	**၁၅၂,၂၅၁**	**-**	**-**

ပြည်တွင်း ငွေလွှဲပို့ရေး ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ MCB ဘဏ် အနေဖြင့် ဘဏ်ခွဲ ဖွင့်လှစ်ထားရာ မည်သည့် မြို့နယ်သို့ မဆို ပြည်တွင်း ငွေလွှဲပို့ခြင်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးပါသည်။ ဘဏ်ခွဲ ဆိုရာ၌ MCB လက်အောက်ခံ ဘဏ်ခွဲကိုသာ ဆိုလိုခြင်း မဟုတ်ဘဲ သမဝါယမဘဏ်၊ ဧရာဝတီဘဏ်၊ မြန်မာ့အရှေ့တိုင်းဘဏ်၊ အသေးစားနှင့် အလတ်စား စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၊ ဆောင်လုပ်ရေးနှင့် အိမ်ရာ ဖွံ့ဖြိုးရေး ဘဏ်၊ မြဝတီဘဏ်၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်နှင့် Asia-Yangon Bank တို့ အပါအဝင် MCB နှင့် အဆက်အသွယ် ပြုလုပ်ထားသော မည်သည့် ဘဏ်/ဘဏ်ခွဲကို ဖြစ်စေ အသုံးပြုနိုင်ပါသည်။

နိုင်ငံတကာ ဘဏ်လုပ်ငန်း

ကျွန်ုပ်တို့ MCB ဘဏ် အနေဖြင့် နိုင်ငံတကာ ဘဏ်လုပ်ငန်းနှင့် ကုန်သွယ်ရေး ငွေကြေး ထောက်ပံ့မှုနှင့် စပ်လျဉ်းသော ဝန်ဆောင်မှု အမျိုးမျိုးကို ဆောင်ရွက်ပေးလျက် ရှိပါသည်။ ကျွန်ုပ်တို့ MCB သည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးပန်ကြီးဌာန နှင့် နီးစပ်သည့် ဆက်ဆံရေး ရရှိထားခြင်းက MCB နှင့် ဆက်သွယ်ဆောင်ရွက်သူ ဖောက်သည်များ၏ လိုအပ်ချက်များကို မိမိတို့ ဖြည့်ဆည်းပေးနိုင်စွမ်း ပိုမို တိုးတက်စေခဲ့ပါသည်။ ကျွန်ုပ်တို့၏ နိုင်ငံတကာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုတို့တွင် -

ပို့ကုန် သွင်းကုန် ဆိုင်ရာ ဝန်ဆောင်မှုများ (LC/TT)

ကျွန်ုပ်တို့ MCB အနေဖြင့် ငွေလွှဲစာတမ်းများ ထုတ်ပေးခြင်း အပြင် ၎င်းတို့ လိုအပ်သည့် ငွေလွှဲပို့ခြင်း ဆိုင်ရာ ဝန်ဆောင်မှုများဖြင့် ကုန်သည်များအား အကူအညီပေးနေပါသည်။ အဆိုပါ နိုင်ငံတကာ ငွေလွှဲပို့ခြင်းတို့တွင် ပို့ကုန်ရငွေများ၊ ကုန်ဖိုး ပေးချေခြင်းများ၊ လုပ်ခလစာများ၊ အထွေထွေ အသုံးစရိတ်များ၊ ဝန်ဆောင်ခများ လွှဲပို့ပေးခြင်းတို့ ပါဝင်ပါသည်။

နိုင်ငံတကာငွေလွှဲပို့ခြင်းနှင့် ငွေကြေးလွှဲပြောင်းပေးပို့ခြင်း

ကျွန်ုပ်တို့ MCB အနေဖြင့် အင်္ဂလန်နိုင်ငံမှ Money Gram International Limited-MGIL ၊ နယူယောက်မြို့မှ Trans Fast World Wide Money Transfer (T.F) စသည့် နိုင်ငံတကာ ငွေလွှဲ ဝန်ဆောင်မှု လုပ်ငန်းအဖွဲ့အစည်းများနှင့် လက်တွဲ ပူးပေါင်းလျက် နိုင်ငံတကာ ငွေကြေး လွှဲပြောင်း ပေးပို့ရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။ ကနဦးဌ အဆိုပါ လုပ်ငန်းတို့ကို ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော မြန်မာ နိုင်ငံသားနှင့် အစိုးရ ဝန်ထမ်းတို့က မြန်မာနိုင်ငံတော်သို့ ငွေပြန်ပို့ရာတွင် အသုံးပြုခဲ့ကြပါသည်။ ဝန်ဆောင်ခ ပေးရပြီး၊ ယခုအခါ မိမိတို့ MCB မှ လုပ်ကိုင်ပေးသဖြင့်၊ လုံခြုံမှု ရှိပြီး နည်းလမ်းတကျ ဖြစ်သည့် ပုံစံဖြင့် မြန်မာနိုင်ငံတော်သို့ ငွေလွှဲနိုင်ပြီ ဖြစ်ပါသည်။

နိုင်ငံခြားသုံးငွေ

၁၉၉၈-ခုနှစ်တွင် အစိုးရ အမိန့်ဖြင့် နိုင်ငံခြားသုံးငွေ လဲလှယ် ရောင်းဝယ်သည့် လုပ်ငန်းကို မတားမြစ်မီ ကျွန်ုပ်တို့ MCB သည် ၁၉၉၄-ခုနှစ်ကတည်းက ယင်း လုပ်ငန်းကို လုပ်ကိုင်ခဲ့ဖူးသည့် ဘဏ် တစ်ခု ဖြစ်ပါသည်။ ၂၀၁၁-ခုနှစ်တွင် Money Changer များကို တဖန် ပြန်လည် ခွင့်ပြုခဲ့ရာ၊ MCB ၏ လိုင်စင်ကို ၂၀၁၁-ခုနှစ် အောက်တိုဘာလ ၂၄-ရက်နေ့တွင် ရရှိခဲ့ပြီး၊ ယင်း ဝန်ဆောင်မှုကို ပြန်လည် စတင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ကျွန်ုပ်တို့ဘဏ် အနေဖြင့် USD ၊ EURO နှင့် SGD ငွေကြေးအမျိုးအစားတို့ လဲလှယ် ရောင်းဝယ်ရေး ဝန်ဆောင်မှုများကို အောက်ပါ ဌာနများတွင် ဆောင်ရွက်ပေးလျက် ရှိပါသည် -

နေရာ	ဖွင့်လှစ်သည့် ရက်စွဲ
ကျောက်တံတားဘဏ် (ရန်ကုန်)	၂၄ အောက်တိုဘာ ၂၀၁၁
မူဆယ်ဘဏ်ခွဲ	၆ ဒီဇင်ဘာ ၂၀၁၁
မန္တလေးဘဏ်ခွဲ	၁၄ စက်တင်ဘာ ၂၀၁၂
ဒေါပုံ ဘဏ်ခွဲငယ်	၇ မေ ၂၀၁၄

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း လိုင်စင် ရရှိသူ (Authorised Dealer)

ကျွန်ုပ်တို့ MCB သို့ Authorized Dealer License ကို ၂၀၁၂-ခုနှစ် သြဂုတ်လ ၁၇-ရက်နေ့တွင် ထုတ်ပေးခဲ့ရာ၊ နိုင်ငံခြား တိုင်းပြည်တို့နှင့် ဆက်သွယ်၍ နိုင်ငံခြားငွေ လွှဲပြောင်း ပေးပို့ခြင်း ဘဏ်လုပ်ငန်းများ လုပ်ကိုင်ခွင့် ရခဲ့ပါသည်။ MCB အနေဖြင့် ၂၀၁၃-ခုနှစ် ဇန်နဝါရီလ ၅-ရက်နေ့တွင် ဘဏ်အချင်းချင်း ငွေရေးကြေးရေး ဆိုင်ရာ ကြေးနန်း ဆက်သွယ်ရေး အတွက် ကမ္ဘာလုံး ဆိုင်ရာ အဖွဲ့အစည်း (Society for Worldwide Inter-bank Financial Telecommunication - SWIFT) ၏ အဖွဲ့ဝင် ဖြစ်လာခဲ့ပါသည်။ ယင်းနောက် United Oversea Bank (UOB) ၊ Oversea Chinese Banking Corporation (OCBC) ၊ United Bank of India ၊ Krung Thai Bank ၊

Malayan Banking Berhad (May Bank) ၊ DBS Bank ၊ Commerz Bank ၊ ICBC ၊ Maruhan ၊ Kasikorn ၊ Industrial Bank of Korea စသည့် နိုင်ငံခြားဘဏ်တို့ဖြင့် အဆက်အသွယ်ဘဏ် (Correspondent Bank) ဆက်ဆံရေးများ ထူထောင်ခဲ့ပါသည်။

MCB အနေဖြင့် မိမိတို့နှင့် ဆက်သွယ်ဆောင်ရွက်သူတို့အား အောက်ပါ နိုင်ငံခြားငွေ ဝန်ဆောင်မှုများ ပေးနိုင်ပါသည် -

- နိုင်ငံခြားငွေ စာရင်းရှင် ဘဏ်စာရင်း
- ပို့ကုန်/သွင်းကုန် ဆိုင်ရာ ငွေလွှဲပို့ခြင်း
- ငွေသား ထုတ်ပေးခြင်း
- ဘဏ်အာမခံ ဆောင်ရွက်ပေးခြင်း
- ဘဏ်စာရင်း လွှဲပြောင်းပေးခြင်း
- နိုင်ငံခြားသုံးငွေ စျေးကွက် ဆိုင်ရာ အရောင်းအဝယ် လုပ်ငန်းများ

663 မိုဘိုင်း ငွေကြေး (663 Mobile Money)

<u>အကျဉ်းချုပ်</u>

၂၀၁၃-ခုနှစ် နောင်းပိုင်း အချိန်က မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ မိုဘိုင်းဘဏ်လုပ်ငန်း ဆိုင်ရာ မူဝါဒ (မူကြမ်း) ကို ထုတ်ပြန်ခဲ့ပြီးနောက်၊ မိုဘိုင်း ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ဦးစွာ စတင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် ဘဏ်တို့ အနက် ကျွန်ုပ်တို့ MCB ဘဏ်သည် တစ်ခု အပါအဝင် ဖြစ်ခဲ့ပါသည်။ ၂၀၁၆-ခုနှစ် မတ်လက မိုဘိုင်း ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်း ဆိုင်ရာ မူဝါဒ ကြေညာချက်ဖြင့် မိုဘိုင်းငွေကြေးလုပ်ငန်းကို ပုံစံ မရွေး ခွင့်ပြုခဲ့ခြင်းမှာ အလားအလာ ကောင်းသည့် တိုးတက်မှု တစ်ရပ် ဖြစ်ပြီး၊ ယင်းမှ တစ်ဆင့် MCB အတွက် အရေးပါသည့် စျေးကွက် အသစ်များ လက်လှမ်းမီ ရရှိလာလိမ့်မည်ဟု မိမိတို့ မျှော်လင့်ထားပါသည်။

လွန်ခဲ့သည့် ၂-နှစ် အချိန်၌ ထို မိုဘိုင်းငွေကြေး လုပ်ငန်းများကို ကျွန်ုပ်တို့ စတင် အကောင်အထည် ဖော်ခဲ့ကတည်းက ကျွန်ုပ်တို့ MCB သည် ရှေ့ဆောင်သည့် အနေအထားတွင် ရှိနေခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ဒြပ်ရှိ ဘဏ်ခွဲများ တည်ဆောက်ခြင်း အစား ကိုယ်စားလှယ်ဖြင့် ဘဏ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း (agnecy banking) သို့မဟုတ် ဘဏ်ခွဲ မထားဘဲ ဘဏ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း (branchless banking) ပုံစံတို့သို့ ပြောင်းလဲ လုပ်ကိုင်သွားရေန် ဖြစ်ပါသည်။ ထိုပုံစံတို့မှာ စရိတ် ပိုမို သက်သာသည့် အပြင်၊ ဒြပ်ရှိ ဘဏ်ခွဲတို့ထက် ပိုမို လျင်မြန်စွာ တိုးချဲ့ တည်ထောင်သွားနိုင်သည့် အတွက် ဘဏ် မရှိသော၊ ကျေးလက်ဒေသတွင် နေထိုင်ကြသော လူထု လူတန်းစား အများစုကြီးသို့ ဝန်ဆောင်မှု ပိုမို ထိထိရောက်ရောက် ပေးနိုင်မည် ဖြစ်ပါသည်။ ယင်းမှ တစ်ဆင့် - လုံခြုံ ထိရောက်သည့် ပေးချေမှု နည်းလမ်း ရရှိလာပြီး၊ ပထဝီ အနေအထား အကန့်အသတ်ကြောင့် စီးပွားရေး လုပ်ကိုင်ခြင်း အပေါ် အတားအဆီး ဖြစ်နေမှု မရှိတော့သည့် အတွက် ထိုကဲ့သို့သော အသိုက်အဝန်းတို့၏ လူမှုဘဝ အဆင့်အတန်းကိုလည်း အရည်အသွေး မြှင့်တင်ပေးနိုင်ပေသည်။ ၎င်းတို့အနေဖြင့် "ဟွန်ဒီ" စနစ်ကဲ့သို့သော တရားမဝင် သို့မဟုတ် "Shadow ဘဏ်လုပ်ငန်းစနစ်များကို မတတ်သာသည့်အဆုံး ကျင့်သုံးရန် မလိုအပ်တော့ပါ။

<u>စီမံကိန်း အကျဉ်းချုပ်</u>

ကျွန်ုပ်တို့ အနေဖြင့် မြန်မာနိုင်ငံတော်သားများ ပေးချေမှု ဆိုင်ရာ ဝန်ဆောင်မှုများ (Myanmar Citizens Payment Services- MCPS) ဟု ခေါ်တွင်သည့် သီးခြား လွတ်လပ်စွာ ရပ်တည်မည့် စီးပွားရေးလုပ်ငန်း တစ်ခုကို တည်ထောင်ခဲ့ပြီး၊ ယင်းလုပ်ငန်းကို စီးပွားရေးကဏ္ဍ အသီးသီးမှ ကုမ္ပဏီများက consortium တစ်ရပ် အဖြစ် လက်တွဲ ပူးပေါင်းကာ ဦးစီး ဦးဆောင်ပြုသွားမည် ဖြစ်ပါသည်။

ဘဏ် လုံးဝ မရှိသေးသော ကျေးလက်ဒေသများသို့ ဘဏ်လုပ်ငန်း ဝန်ဆောင်မှု တိုးချဲ့ရေး အဆင်ပြေ ချောမွေ့စေမည့် မိုဘိုင်းပေးချေမှု စနစ် တစ်ရပ်ကို ဖော်ဆောင်ရန် ၂၀၁၅-ခုနှစ် မေလ ၂၂-ရက်နေ့တွင် ကျွန်ုပ်တို့ ခွင့်ပြုချက် ရရှိခဲ့ပြီး၊ MCPS ကို ၂၀၁၅ ဇူလိုင်လတွင် အကြို အနေဖြင့် စတင်ခဲ့ပါသည်။ ၆၆၃ မိုဘိုင်း ငွေကြေး (“663” Mobile Money) အမှတ်တံဆိပ်ဖြင့် ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လုပ်ငန်းများ စမ်းသပ် ဆောင်ရွက်ခဲ့ပါသည်။ မိုဘိုင်း (Mobile) ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (Information and Communication Technology-ICT) တို့ကို အသုံးချလျက်၊ “၆၆၃” မိုဘိုင်းပိုက်ဆံ အနေဖြင့် အောက်ပါ ဝန်ဆောင်မှုကို ကို ဆောင်ရွက် ပေးနိုင်ပါသည် -

a) မိုဘိုင်းဆက်သွယ်ရေး အသုံးပြုခ ကြေးတင်ပေးငွေကို ဖြည့်တင်းခြင်း၊

b) အခွန်အခ၊ ဘီလ် အမျိုးမျိုး ပေးဆောင်ခြင်း၊

c) မိတ်ဆွေ အချင်းချင်း တိုက်ရိုက် ငွေလွှဲပို့ခြင်း၊

d) ရောင်းသူ/ကုန်သည်သို့ ပေးချေမှုများ ဆောင်ရွက်ခြင်း

e) အငှားဝယ်စနစ် ဆိုင်ရာ ပေးချေမှုတို့ကဲ့သို့ လစဉ် ပုံမှန် ပေးချေရန် လိုအပ်ချက်များ ဆောင်ရွက်ခြင်း။

မိုဘိုင်းပေးချေမှု လုပ်ငန်းရပ် တစ်ကြိမ်လျှင် အများဆုံး တန်ဖိုးကို ကျပ် ၁၀-သိန်းဟု ကန့်သတ်ထားပြီး၊ ပုံမှန်အားဖြင့် ဝန်ဆောင်ခ ကောက်ခံမည် ဖြစ်ပါသည်။

MCB မိုဘိုင်းငွေကြေး လုပ်ငန်း၏ အားသာချက်မှာ ပူးပေါင်း ပါဝင် ဆောင်ရွက်လျက် ရှိသော လက်တွဲဘက်များ ဖြစ်ကြပါသည်။ ၎င်းတို့ အနေဖြင့် ကြီးမားကျယ်ပြန့်သော အဆက်အသွယ်များ ကွန်ရက်ဖွဲ့ ရရှိထားသည့် “၆၆၃” အထူးကိုယ်စားလှယ်များ အဖြစ် ဆောင်ရွက်ကာ မိုဘိုင်း ငွေရေးကြေးရေး ဝန်ဆောင်မှုများ ရယူနိုင်ရာ ဌာနများအား စီစဉ် ရွေးချယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့တွင် အထောက်အကူ ပေးကြပါသည်။ ၎င်းတို့သည် သက်ဆိုင်ရာ နယ်ပယ် အသီးသီးတို့တွင် မြို့ပြရော၊ ကျေးလက်ပါ နိုင်ငံတစ်ဝန်းလုံးသို့ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ဖြန့်ချိပေးနေကြသော ထိပ်တန်း အဖွဲ့အစည်းများ ဖြစ်ကြပြီး၊ နည်းပညာနှင့် လုပ်ငန်းလည်ပတ်မှု အပိုင်း အတွက် Myanmar Payment and Solution Services (MPSS) ၊ စိုက်ပျိုးရေးနှင့် လူသုံးကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့ အပိုင်း အတွက် Capital Diamond Star Group (CDSG) ၊ Good Brothers Co., Ltd ၊ New Golden Gate (1991) Co., Ltd နှင့် Shwe Me Co.,Ltd တို့ ပါဝင်ကြပါသည်။

MCPS စနစ်တွင် “e-wallet” ဝန်ဆောင်မှု ပါရှိသည်။ ထို e-wallet ကို မည်သည့် ၆၆၃ ကိုယ်စားလှယ်ထံတွင် မဆို လျှောက်လွှာတင် ရယူနိုင်ပြီး၊ ပေးချေမှု လုပ်ငန်းရပ် အမျိုးအစား အားလုံး အတွက် ချက်ချင်း အသုံးပြုနိုင်မည် ဖြစ်သည်။ အဆိုပါ ကိုယ်စားလှယ်ထံ တင်သွင်းထားသည့် လျှောက်လွှာကို ကောက်ယူခြင်းဖြင့် ဆက်သွယ်ဆောင်ရွက်သူအား သိရှိခြင်း (Know Your Customer-KYC) နှင့် မှတ်တမ်းမှတ်ရာ ဆိုင်ရာ ဗဟိုဘဏ်၏ သတ်မှတ်ချက်များကိုလည်း လိုက်နာ ဆောင်ရွက်ပြီး ဖြစ်ပေမည်။ ဝန်ဆောင်မှု ရယူသူ (subscriber)၊ ကြားခံ ဆောင်ရွက်ပေးသူ ကိုယ်စားလှယ် (agent) နှင့် ပေးချေမှု ရရှိမည့် ကုန်သည် (merchant) တို့ အားလုံးသည် MCPS ဝန်ဆောင်မှုများကို (USSD)၊ Keypad ဖုန်း အမျိုးမျိုးမှ Java ပရိုဂရမ်များ၊ စမတ်ဖုန်းတို့မှ Andriod App များတို့ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံတော်ရှိ မည်သည့် ဆက်သွယ်ရေး အော်ပရေတာဖြင့် လည်းကောင်း အသုံးပြုနိုင်ကြမည် ဖြစ်ပါသည်။ မိမိတို့ အနေဖြင့် ဤစနစ်ကို ပိုမို ကြီးမားသော

ကိုယ်စားလှယ်များ၊ ကုန်သည်များ၏ အရောင်းစက် (POS) တို့ဖြင့် အသုံးပြု၍ ရအောင် ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့ MCB ဘဏ်မှ MCPS ထုတ်ကုန်၏ အသုံးဝင်လွယ်ကူမှုကို လည်းကောင်း၊ မိမိတို့၏ မိဘိုင်း ငွေရေးကြေးရေး ဝန်ဆောင်မှုများအား လက်လှမ်းမီ ရရှိနိုင်မှုကို လည်းကောင်း ပိုမို မြင့်မား တိုးတက် ကောင်းမွန်စေမည် ဖြစ်ပါသည်။

၂၀၁၆-ခုနှစ် မေလ စာရင်းများ အရ "၆၆၃" မိဘိုင်း ငွေကြေး ဝန်ဆောင်မှု ကွန်ရက်တွင် ကိုယ်စားလှယ်ပေါင်း ၇၀၀ ကျော်၊ ကုန်သည်ပေါင်း ၈၀၀ နှင့် အောက်မြန်မာပြည်မှ ဝန်ဆောင်မှု အသုံးပြုသူပေါင်း ၆,၆၀၀ ကျော် ရှိနေပြီ ဖြစ်ပါသည်။ ၆၆၃-စနစ်မှ ဝင်ငွေ ရလမ်း အပြင်၊ MCB အနေဖြင့် "၆၆၃"-စနစ် မတိုင်မီက ဘဏ်ဝန်ဆောင်မှု မရနိုင် သို့မဟုတ် မလုံမလောက်သာ ရနိုင်ခဲ့ကြသည့် "၆၆၃"-စနစ် ဖောက်သည်တို့အား မိမိ၏ ဘဏ်လုပ်ငန်းသို့ ဆက်သွယ် ဆောင်ရွက်သူ အသစ်များ အနေဖြင့် နောက်ထပ် တစ်ဆင့် တိုးတက် အသုံးပြုရန် cross selling ပြုလုပ် ဆွဲဆောင်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ကဲ့သို့ စျေးကွက်သစ် တစ်ရပ်တွင် မိဘိုင်းငွေကြေး စနစ် ပတ်ဝန်းကျင် တစ်ရပ် အောင်မြင်စွာ တည်ဆောက်ရန်မှာ မည်သည့် ဆောင်ရွက်သူ အတွက် မဆို အလွန်ပင် ခက်ခဲနိုင်သည့် စိန်ခေါ်မှု ဖြစ်နိုင်ပါသည်။ MCPS အကောင်အထည်ဖော်ရေးအဖွဲ့တွင် - မြန်မာနိုင်ငံတော် အတွင်း ဘဏ်လုပ်ငန်း ဝန်ဆောင်မှု လုံလောက်စွာ မရရှိသေးသော၊ မကြာသေးမီကမှ မိဘိုင်းဆက်သွယ်ရေး နည်းပညာ ရောက်ရှိခဲ့သော ကျေးလက်ဒေသတို့ရှိ ပြည်သူတို့ထံ ငွေရေးကြေးရေး ဝန်ဆောင်မှုများ ယူဆောင်လာပေးရန် အခိုင်အမာ သန္ဓိဋ္ဌာန်ချထားသူများ ပါဝင်ကြပါသည်။ မိမိတို့ လုပ်ငန်းများ၏ အောင်မြင်မှုမှာ ချက်ချင်း လက်ငင်း သိသာချင်မှ သိသာမည် ဖြစ်သော်လည်း၊ mobile ဆက်သွယ်ရေး ကိရိယာဖြင့် ငွေကြေး ဝန်ဆောင်မှုများ ရယူ အသုံးပြုနိုင်ခွင့် ပေးသည့် mobile money စနစ်သည် ဆန်းသစ်တီထွင်မှုများဖြင့် အစဉ်အမြဲ ပြောင်းလဲနေသည့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ထိထိရောက်ရောက် ယှဉ်ပြိုင်နိုင်ရေးဌ MCB အား အထောက်အကူ ဖြစ်စေလိမ့်မည်ဟု မိမိတို့ ယုံကြည်ပါသည်။

သတင်းအချက်အလက် နည်းပညာ (Information Technology)

<u>အီလက်ထရွန်နစ်နည်းဖြင့် လိုင်စင်ကြေး ပေးဆောင်ခြင်း (E-Payment)</u>

သွင်းကုန် လိုင်စင်ကြေးများ ပေးသွင်းရန် အလို့ငှာ နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သို့ ငွေသား အမြောက်အမြား သယ်ဆောင်နေရသည့် အန္တရာယ်ကို ပယျောက်စေရေး ရည်ရွယ်ချက်ဖြင့် အီလက်ထရွန်နစ်နည်းဖြင့် ငွေပေးချေခြင်း စနစ် တစ်ရပ်ကို ၂၀၁၇-ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ယင်းစနစ် အရ ပို့ကုန် သွင်းကုန် လုပ်ငန်းရှင် တစ်ဦး အနေဖြင့် ကျွန်ုပ်တို့ MCB ဘဏ်တွင် စာရင်းရှင် ဘဏ်စာရင်း တစ်ခု ဖွင့်လှစ်ကာ၊ သက်ဆိုင်ရာ လိုင်စင်ကြေးများကို ကျွန်ုပ်တို့၏ e-payment စနစ်မှ တစ်ဆင့် ပေးသွင်းရန်သာ လိုအပ်ပါသည်။

<u>အင်တာနက် တွင် ရောင်းဝယ်ဖောက်ကားရေး ဝန်ဆောင်မှု (E-Commerce Service)</u>

ကျွန်ုပ်တို့၏ MCB MPU ကတ်ကို အသုံးပြုသူ အနေဖြင့် ၎င်း၏ မိဘိုင်းဖုန်း လက်ကျန်ငွေ ဖြည့်တင်းခြင်း၊ လေယာဉ် လက်မှတ်၊ အဝေးပြေး ကားလက်မှတ်တို့ ဝယ်ယူခြင်း၊ အွန်လိုင်း အရောင်းဆိုင်များမှ စျေးဝယ်ခြင်း စသည်တို့ကို အလွယ်တကူ လုပ်ဆောင်နိုင်ပါသည်။

<u>ပေးချေမှုကတ် ဆိုင်ရာ စီးပွားရေးလုပ်ငန်း</u>

နိုင်ငံတကာသုံးကတ်

ကမ္ဘာတစ်ဝန်းမှ လာရောက်သူတို့က ၎င်းတို့ ကိုင်ဆောင်လာသော Visa နှင့် MasterCard ကတ်တို့ဖြင့် ပေးချေခြင်းတို့ကို လက်ခံ ဆောင်ရွက်ရန် အလို့ငှာ၊ MCB အနေဖြင့် Visa နှင့် MasterCard ကတ်လုပ်ငန်း အဖွဲ့အစည်းတို့မှ လိုင်စင် ရယူကာ မြန်မာနိုင်ငံတော် အတွင်း ဟိုတယ်၊ စားသောက်ဆိုင်တို့တွင် ယင်း အဖွဲ့အစည်းတို့၏ Point of Sales(POS) devices ပေါင်း ၆၄-စုံကို တပ်ဆင်ပေးနိုင်ခဲ့ပါသည်။ ယင်းသို့

ဆောင်ရွက်ပေးခြင်းမှ MCB အနေဖြင့် ဝန်ဆောင်ခ ဝင်ငွေများ ရရှိသည့် အပြင်၊ ပြည်ပ၌ သက်ဆိုင်ရာ နိုင်ငံ၏ ငွေကြေးဖြင့် ဖွင့်လှစ်ထားရှိရသည့် မိမိဘဏ်၏ နိုင်ငံခြားစာရင်းများ (Nostro Accounts) အတွက် လိုအပ်သော ငွေများကိုလည်း ဖြည့်တင်း ပေးနိုင်ပါသည်။

ဟိုတယ်၊ စားသောက်ဆိုင်နှင့် ကုန်တိုက်ကြီးများတွင် အဆိုပါ Visa နှင့် MasterCard ကတ်တို့ဖြင့် ပေးချေမှုကို လက်ခံနိုင်ရန် မှတ်ပုံတင်ခြင်း၊ ဘဏ်စာရင်းဖွင့်ခြင်း စသည့် acquiring ဝန်ဆောင်မှုများကို ကျွန်ုပ်တို့ MCB ဘဏ်က ဆောင်ရွက်ပေးပါသည်။

မြန်မာနိုင်ငံတော်သားတို့သည်လည်း နိုင်ငံခြားတွင် Master Card ကိုင်ဆောင်ကာ ပေးချေမှုများ ပြုလုပ်နိုင်ရန် အလို့ငှာ ထိုင်းနိုင်ငံမှ နည်းပညာ ပံ့ပိုးသူ 2C2P နှင့် လက်တွဲပူးပေါင်းလျက် MCB ၏ ကိုယ်ပိုင် Master Card ကို "Citizen Card" အမည်ဖြင့် ထုတ်ဝေထားပါသည်။

ပြည်တွင်းသုံးကတ်

ယခုအချိန်၌ ကျွန်ုပ်တို့ MCB ဘဏ်၏ ATM ကတ်ကို အသုံးပြုလျက် MCB ၏ ATM စက်တွင် ဖြစ်စေ၊ MPU စနစ် အဖွဲ့ဝင် အခြားဘဏ်တို့၏ ATM စက်တွင် ဖြစ်စေ ငွေသား ထုတ်ယူနိုင်ပြီ ဖြစ်ပါသည်။ MCB က အဖွဲ့ဝင်ဘဏ် တစ်ခု အဖြစ် ပါဝင်သည့် MPU ကွန်ရက်သည် China Union Pay (CUP) နှင့် Japan Credit Bureau (JCB) တို့မှ ထုတ်ဝေထားသော ကတ်များကိုလည်း လက်ခံ ဆောင်ရွက်နိုင်ပါသည်။ MCB ဘဏ်တွင် ATM ကတ် ကိုင်ဆောင်သူ ဘဏ်စာရင်းပေါင်း ၁,၉၉၄-ခု၊ POS စက်ပေါင်း ၇-ခုနှင့် ATM စက်ပေါင်း ၄-ခု ရှိနေပြီး၊ နောက်ထပ် ATM စက်များ တိုးချဲ့တပ်ဆင်သွားရန်လည်း ဆောင်ရွက်နေပါသည်။ MPU ကတ်၊ CUP ကတ်နှင့် JCB ကတ်တို့ကို ဟိုတယ်နှင့် ကုန်တိုက်ကြီးတို့၌ MCB က ဖြစ်စေ၊ အခြား MPU အဖွဲ့ဝင်ဘဏ် တစ်ခုခုက ဖြစ်စေ တပ်ဆင်ပေးထားသည့် POS စက် မှန်သမျှတွင်လည်း အသုံးပြုနိုင်ပါသည်။

<u>လျှပ်စစ်သုံးစွဲခ စသည့်တို့ ပေးဆောင်ခြင်း (Utilities Payments)</u>
မန္တလေးမြို့တွင်လည်း MCB အနေဖြင့် Easy Pay Co., Ltd (Y-Pay) နှင့် လက်တွဲပူးပေါင်းလျက် လျှပ်စစ်မီတာခများကို အင်တာနက် အွန်လိုင်း စနစ်ဖြင့် ပေးချေနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။ ရန်ကုန်မြို့ရှိ အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ ကြည့်မြင်တိုင်နှင့် လှိုင်မြို့နယ်တို့၌ လျှပ်စစ် သုံးစွဲခ မီတာဘီလ်များကို အွန်လိုင်းမှ ပေးဆောင်နိုင်ရေး ဝန်ဆောင်မှုများအား MCB ရုံးချုပ်က စတင်ဆောင်ရွက်ပေးနေပြီ ဖြစ်ပါသည်။

ဘဏ်လုပ်ငန်း ဝန်ဆောင်မှု ပေးသည့် လမ်းကြောင်းစနစ် (Delivery Channels)

ဘဏ်ခွဲများ

ကျွန်ုပ်တို့ MCB ၏ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို မြန်မာနိုင်ငံတော်တစ်ဝန်း ဖြန့်ကြက်ထားသည့် MCB ၏ ဘဏ်ခွဲတို့မှ တစ်ဆင့် အမိက ဆောင်ရွက်ပေးပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့် အညီ ကျွန်ုပ်တို့တွင် ဘဏ်ခွဲ အမျိုးအစား ၃-ခု ထားရှိပြီး၊ ၎င်းတို့ကို ခွင့်ပြုထားသည့် လုပ်ငန်းရပ်များမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည် -

<u>ဘဏ်ခွဲကြီး (Full Branch)</u>
ဘဏ်ခွဲကြီး တစ်ခု အနေဖြင့် ဘဏ်လုပ်ငန်းရပ် အားလုံးကို ဆောင်ရွက်နိုင်ပါသည်။ ဘဏ်ခွဲကြီးကို MCB ဘဏ်က ပိုင်ဆိုင်သော မြေတွင်သာ ဖွင့်လှစ်ခွင့် ရှိပြီး၊ ငွေတိုက် (vault) တစ်ခု ပါရှိရန်လည်း လိုအပ်ပါသည်။ ဘဏ်ခွဲကြီး၏ အလုပ်ချိန်တို့မှာ ဗဟိုဘဏ်က သတ်မှတ်သည့် အတိုင်း ဖြစ်ပြီး၊ ဘဏ်ခွဲကြီးတွင် ၎င်း၏ ဘဏ်စာရင်းများနှင့် ငွေများကိုလည်း ထားရှိနိုင်ပါသည်။

ဘဏ်ခွဲ (Branch)

သာမန် ဘဏ်ခွဲ တစ်ရပ်ကို MCB သို့ အနည်းဆုံး ၁၀-နှစ် ဌားရမ်းထားသည့် မြေ/အဆောက်အဦးတွင် ဖွင့်လှစ်နိုင်ပြီး၊ ဘဏ်လုပ်ငန်း အားလုံး ဆောင်ရွက်နိုင်ပါသည်။ ဘဏ်ခွဲ တည်ရှိရာ မြေနှင့် အဆောက်အဦးကို ပိုင်ဆိုင်ရန် မလိုအပ်ပါ။ ဘဏ်ခွဲ အလုပ်ချိန်တို့မှာ ဗဟိုဘဏ်က သတ်မှတ်သည့် အတိုင်း ဖြစ်ပြီး၊ ဘဏ်ခွဲ၏ ဘဏ်စာရင်းများနှင့် ငွေများကို ဘဏ်ခွဲကြီးသို့ နေ့စဉ် ပေးပို့ သိမ်းဆည်းရှိရပါမည်။

ဘဏ်ခွဲငယ် (Mini Branch)

ဘဏ်ခွဲငယ် တစ်ရပ်ကို MCB သို့ အနည်းဆုံး ၁၀-နှစ် ဌားရမ်းထားသည့် မြေ/အဆောက်အဦးတွင် ဖွင့်လှစ်နိုင်ပြီး၊ ဘဏ်လုပ်ငန်းတို့ အနက် အပ်ငွေ လက်ခံခြင်း၊ ငွေထုတ်ပေးခြင်းနှင့် ငွေလွှဲခြင်းတို့ကိုသာ ဆောင်ရွက်ခွင့် ရှိပါသည်။ ဘဏ်ခွဲငယ်၏ အလုပ်ချိန်တို့ကို သက်ဆိုင်ရာ စျေးကွက်၏ သီးခြား လိုအပ်ချက် အလိုက် ဗဟိုဘဏ်၏ အတည်ပြုချက်ဖြင့် သတ်မှတ်နိုင်ပါသည်။ ဘဏ်ခွဲငယ်၏ ဘဏ်စာရင်းများနှင့် ငွေများကို ဘဏ်ခွဲကြီးသို့ နေ့စဉ် ပေးပို့ သိမ်းဆည်းရှိရပါမည်။

ယနေ့ အထိ MCB အနေဖြင့် မြန်မာနိုင်ငံတော်တစ်ဝန်း၌ အောက်ပါ ဘဏ်ခွဲ ၂၁-ခုကို ဖွင့်လှစ်ပြီး ဖြစ်ပါသည် -

စဉ်	**ဘဏ်/ဘဏ်ခွဲ အမည်**	**တိုင်း/ ပြည်နယ်**	**လိပ်စာ နှင့် တည်နေရာ**	**ပိုင်ဆိုင်မှု**
၁.	ကျောက်တံတား ဘဏ် (ရုံးချုပ်)	ရန်ကုန် တိုင်းဒေသကြီး	အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊	MCB ပိုင်
၂.	မန္တလေး ဘဏ်ခွဲ	မန္တလေး တိုင်းဒေသကြီး	၂၇-လမ်း နှင့် ၈၁-လမ်းထောင့်၊ ချမ်းအေးသာစံ မြို့နယ်၊ မန္တလေးမြို့။	MCB ပိုင်
၃.	ဘုရင့်နောင် ဘဏ်ခွဲ	ရန်ကုန် တိုင်းဒေသကြီး	အမှတ် ည-၅၂/ဘီ၊ ယုဇနလမ်း၊ ဘုရင့်နောင် ပွဲရုံတန်း၊ မရန်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။	MCB ပိုင်
၄.	နေပြည်တော် ဘဏ်ခွဲ	မန္တလေး တိုင်းဒေသကြီး	အမှတ် ၅၊ အဆင့်မြင့် သီရိရတနာဈေးဝင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။	MCB ပိုင်
၅.	မြင်းခြံ ဘဏ်ခွဲ	မန္တလေး တိုင်းဒေသကြီး	အမှတ် ၂၄၊ ၁၂-လမ်း၊ ၈-ရပ်ကွက်၊ မြင်းခြံမြို့။	MCB ပိုင်
၆.	မုံရွာ ဘဏ်ခွဲ	စစ်ကိုင်း တိုင်းဒေသကြီး	အမှတ် ၂၆၆၊ ဗိုလ်ချုပ်လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ မုံရွာမြို့။	အငှား (နှစ်ပေါင်း ၅၀ + ၁၀ + ၁၀)
၇.	မူဆယ် ဘဏ်ခွဲ	ရှမ်း ပြည်နယ်	အမှတ် AA-၁၂/က၊ မူဆယ် ၁၀၅-မိုင် ကုန်သွယ်ရေးဇုန်၊ မိုင်းယုရွာ၊ မူဆယ်။	MCB ပိုင်
၈.	ရေစကြို ဘဏ်ခွဲ	မကွေး တိုင်းဒေသကြီး	အမှတ် ၁၃၊ ၂-ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ရေစကြို။	MCB ပိုင်
၉.	တန့်ဆည် ဘဏ်ခွဲ	စစ်ကိုင်း တိုင်းဒေသကြီး	အမှတ် ၁၁၁၂/က၊ ဝက်ပါ(တ) ပေါ်ဦးရပ်ကွက်၊ တန့်ဆည်မြို့။	ကုန်သွယ်ရေးဝန်ကြီးဌာနမှ အငှား (နှစ်ပေါင်း ၅၀ + ၁၀ + ၁၀)
၁၀.	မန္တလေး ဘဏ်ခွဲငယ်	မန္တလေး တိုင်းဒေသကြီး	အမှတ် ၂၅၊ ပြည်ကြီးမင်္ဂလာ ကားဝင်း၊ စွယ်တော်ဘုရား (အရှေ့မြောက်)၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။	MCB ပိုင် (ဘဏ်ခွဲ ကြီးပြောင်းရန် စီစဉ်နေ)
၁၁.	မုံရွာ ဘဏ်ခွဲငယ်	စစ်ကိုင်း တိုင်းဒေသကြီး	ပထမထပ်၊ ချင်းတွင်းရတနာဈေး၊ အောင်မင်္ဂလာရပ်ကွက်၊ မုံရွာမြို့။	MCB ပိုင်
၁၂.	ဒေါပုံ ဘဏ်ခွဲငယ်	ရန်ကုန် တိုင်းဒေသကြီး	အမှတ် ၁၄/E ၊မင်းနန္ဒာလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊	Capital Hypermart (ကာလတိုငှား)
၁၃.	လားရှိုး ဘဏ်ခွဲ	ရှမ်း ပြည်နယ်	တိုက် ၃၊ အခန်း (၁/၂)၊ သိန္ဓီလမ်း၊ ၈-ရပ်ကွက်၊ လားရှိုးမြို့။	MCB ပိုင်

၁၄.	အောင်လံ ဘဏ်ခွဲ	မကွေး တိုင်းဒေသကြီး	အမှတ် ၁၈၆/၈၇၈၊ ပြည်လမ်း၊ စမ်းချောင်း ရပ်ကွက်၊ အောင်လံမြို့။	MCB ပိုင်
၁၅.	ဘုရင့်နောင် ဘဏ်ခွဲငယ်	ရန်ကုန် တိုင်းဒေသကြီး	အမှတ် ဘီ/၈၁-၈၂၊ ကျွန်းရွှေဝါလမ်း၊ ခရေလမ်းကြား၊ ကန့်ကော်လမ်းမကြီး၊ မရန်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။	ဘုရင့်နောင် ကုန်စည်ဒိုင် (ကာလတို အငှား)
၁၆.	ပန်းဘဲတန်း ဘဏ်ခွဲငယ်	ရန်ကုန် တိုင်းဒေသကြီး	အမှတ် ၂၂၈/၂၄၀၊ ကမ်းနားလမ်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ပန်းဘဲတန်း မြို့နယ်၊ ရန်ကုန်မြို့။	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (ကာလတို အငှား)
၁၇.	ပုဇွန်တောင် ဘဏ်ခွဲ	ရန်ကုန် တိုင်းဒေသကြီး	အမှတ် ၃၁၊ ပ-ထပ်၊ ဒု-ထပ်၊ အမှတ် ၃၃-အေ၊ မြေညီထပ်၊ ပ-ထပ်၊ ဒု-ထပ်၊ တတိယထပ်၊ အနော်ရထာလမ်း၊ ၂-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။	MCB ပိုင် (မြေကို ကျပ် ၂,၀၁၁,၈၂၃,၂၈၈ ဖြင့် ဝယ်ထား)
၁၈.	မြောက်ဥက္ကလာပ ဘဏ်ခွဲ	ရန်ကုန် တိုင်းဒေသကြီး	အမှတ် ၅၃၅/က၊ မြေညီထပ်၊ ခေမာသီလမ်း၊ ဃ-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။	MCB ပိုင် (မြေကို ကျပ် ၂၁၂,၅၄၂,၅၈၆ ဖြင့် ဝယ်ထား)
၁၉.	ပြည် ဘဏ်ခွဲ	ပဲခူးတိုင်းဒေသကြီး	အမှတ် ၁၀၅၊ လမ်းမတော်လမ်း နဲ့ ထီးစု လမ်း ထောင့်၊ ကျောင်းကြီးအိုးတန်း ရပ်ကွက်၊ ပြည်မြို့ ။	MCB ပိုင်
၂၀.	လသာ ဘဏ်ခွဲ	ရန်ကုန် တိုင်းဒေသကြီး	အမှတ် ၄၄၄၊ , ၁၇လမ်း နှင့် ကမ်းနားလမ်းထောင့်၊ မြေညီထပ်၊ လသာမြို့ နယ်၊ ရန်ကုန်မြို့ ။	အငှား (၁၀ နှစ် အငှား)
၂၁.	စစ်တွေ ဘဏ်ခွဲ	ရခိုင်ပြည်နယ်	အမှတ် ၄၄၊ ကုန်သည်လမ်း၊ မော်လိတ်ရပ်ကွက်၊ စစ်တွေမြို့ နယ်၊ ရခိုင်ပြည်နယ်။	အငှား (၁၀ နှစ် အငှား)

ပြည် ဘဏ်ခွဲ၊လသာဘဏ်ခွဲ နှင့် စစ်တွေ ဘဏ်ခွဲ များကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တွင်ဖွင့်လှစ်ခဲ့ပါသည်။

အထက်တွင် ငှားယူထားကြောင်း ညွှန်ပြထားသည့် ဘဏ်ခွဲ ၅-ခုတို့အတွက်မှ လွဲ၍ အခြားဘဏ်ခွဲတို့ တည်ရှိရာ မြေ/အဆောက်အဦးကို ကျွန်ုပ်တို့ MCB ဘဏ်က အပြည့်အဝ ပိုင်ဆိုင်ပါသည်။

MCB တွင် ဘဏ်ခွဲ စုစုပေါင်း ၂၁-ခု ရှိပြီး၊ ယင်းတွင် ကျွန်ုပ်တို့ဘဏ်က ပိုင်ဆိုင်သော အဆောက်အဦး ၁၄-ခု၊ ကာလရှည် ငှားယူထားသော အဆောက်အဦး ၄-ခုနှင့် နှစ်စဉ် တစ်နှစ်စီ သက်တမ်းတိုးခွင့်ဖြင့် ငှားယူထားသည့် အဆောက်အဦး ၃-ခု ပါရှိပါသည်။

ကျွန်ပ်တို့ ဘဏ်ခွဲများ၏ ရင်းနှီးငွေ အပေါ် ပြန်ရနှုန်းကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။ (*) အမှတ်အသားက သက်ဆိုင်ရာ ဘဏ်ခွဲ၏ အရှုံးအမြတ် စာရင်းတွင် သက်ဆိုင်ရာ ဒေသရှိ ဘဏ်ခွဲငယ်ကိုပါ ထည့်သွင်း တွက်ချက်ထားကြောင်း ညွှန်ပြပါသည်။

ရင်းနှီးငွေ အပေါ် ပြန်ရနှုန်း (Return of Investment-ROI)

(ကျပ်သန်းပေါင်း)

စဉ်	ဘဏ်/ဘဏ်ခွဲ အမည်	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်			၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်		
		အခွန်မနုတ်မီ အရှုံး/အမြတ်	ရင်းနှီးငွေ	ROI	အခွန်မနုတ်မီ အရှုံး/အမြတ်	ရင်းနှီးငွေ	ROI
၁	ကျောက်တံတား (*)	၃,၃၉၈.၇	၁,၅၆၃.၉	၂၁၇.၃%	၂,၂၀၀.၂	၁,၁၆၄.၁	၁၈၉.၀%
၂	မန္တလေး (*)	၁,၉၀၀.၉	၄၀၀.၀	၄၇၅.၂%	၁,၆၄၁.၄	၃၉၆.၄	၄၁၄.၁%
၃	ဘုရင့်နောင် (*)	၇၇၂.၆	၅၂၇.၈	၁၄၆.၄%	၅၆၀.၂	၄၅၈.၆	၁၂၂.၂%
၄	နေပြည်တော်	၆၃.၃	၈၅၄.၀	၇.၄%	၁၃၀.၂	၈၅၁.၉	၁၅.၃%
၅	မြင်းခြံ	၁၈၉.၉	၆၉၅.၈	၂၇.၃%	၁၇၈.၇	၇၀၄.၆	၂၅.၄%
၆	မုံရွာ (*)	၆၁၀.၁	၂၁၁.၈	၂၈၈.၀%	၄၉၁.၀	၂၁၉.၁	၂၂၄.၁%
၇	မူဆယ်	(၉၇.၀)	၃၅၂.၃	(၂၇.၅%)	(၈၉.၅)	၃၅၉.၈	(၂၄.၉%)
၈	ရေစကြို	၁၃.၄	၂၃၇.၂	၅.၆%	(၇၀.၁)	၂၄၁.၅	(၂၉.၀%)
၉	တန့်ဆည်	၅၈.၆	၂၇၀.၆	၂၁.၇%	၄၄.၈	၂၇၂.၆	၁၆.၄%
၁၀	လားရှိုး	(၄၄.၀)	၂၄၁.၃	(၁၈.၃%)	(၅၇.၆)	၂၄၇.၈	(၂၃.၂%)
၁၁	အောင်လံ	၂၉၄.၁	၃၉၀.၇	၇၅.၃%	၇၇.၆	၃၉၅.၀	၁၉.၇%
၁၂	ပုဇွန်တောင်	(၄၄.၆)	၂,၀၅၆.၇	(၂.၂%)			
၁၃	မြောက်ဥက္ကလာပ	(၂၀.၄)	၂၅၄.၂	(၈.၀%)			
	စုစုပေါင်း	၇,၀၉၅.၆	၈,၀၅၆.၄	၈၈.၁%	၅,၁၀၇.၁	၅,၃၁၁.၃	၉၆.၂%

အထက်တွင် ဖော်ပြခဲ့သည်တို့ အပြင် အောက်ပါ ဘဏ်ခွဲ ၅-ခုကိုလည်း ၂၀၁၆-ခုနှစ်တွက် တည်ထောင်သွားမည် ဖြစ်ပါသည်။

စဉ်	အမည်	တိုင်း/ပြည်နယ်	လိပ်စာနှင့် တည်နေရာ	ပိုင်ဆိုင်မှု	ဖွင့်လှစ်မည့် နေ့ (ခန့်မှန်း)
၁.	ပြည် ဘဏ်ခွဲ	ပဲခူး တိုင်းဒေသကြီး။	အမှတ် ၁၀၅၅၊ လမ်းမတော်လမ်း၊ ကျောက်ကြီးဦးတန်းရပ်ကွက်၊ ပြည်မြို့။	MCB ပိုင် (မြေကို ကျပ် ၂၃၅,၈၆၁,၇၆၀ ဖြင့် ဝယ်ထား)	၁ မေ ၂၀၁၆
၂.	စစ်တွေ ဘဏ်ခွဲ	ရခိုင် ပြည်နယ်။	အမှတ် ၄၄၊ ကုန်သည်လမ်း၊ မောလိတ်ရပ်ကွက်၊ စစ်တွေမြို့။	Good Brothers Co. Ltd (၁၀-နှစ် အငှား)	၇ ဇွန် ၂၀၁၆
၃.	ပုသိမ် ဘဏ်ခွဲ	ဧရာဝတီ တိုင်းဒေသကြီး။	အမှတ် ၃၂၊ ကုန်သည်လမ်း၊ ရကအ (၄) ဇုန်၊ ပုသိမ်မြို့။	MCB ပိုင် (မြေကို ကျပ် ၈၈၇,၇၂၉,၄၅၂ ဖြင့် ဝယ်ထား)	နှစ်မကုန်မီ
၄.	လသာ ဘဏ်ခွဲ	ရန်ကုန် တိုင်းဒေသကြီး။	အမှတ် ၄၄၄၊ ကမ်းနားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။	၁၀-နှစ် အငှား	၄ ဇွန် ၂၀၁၆
၅.	မြိတ် ဘဏ်ခွဲ	တနင်္သာရီ တိုင်းဒေသကြီး။	အမှတ် ၂၉၊ ဗိုလ်ချုပ်လမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။	MCB ပိုင် (မြေကို ကျပ် ၇၈၃,၈၅၀,၇၀၀ ဖြင့် ဝယ်ထား)	နှစ်မကုန်မီ
၆.	သီလဝါ ဘဏ်ခွဲကြီး	ရန်ကုန် တိုင်းဒေသကြီး။	သီလဝါ အထူးစီးပွားရေးဇုန်၊ သံလျင်မြို့နယ်၊ ရန်ကုန်တိုင်း။	MCB ပိုင် (မြေကို ကျပ် ၇၃၈,၇၂၀,၀၀၀ ဖြင့် ဝယ်ထား)	၂၀၁၇-ခုနှစ် မတိုင်မီ

မြိတ်နှင့် ပုသိမ်မြို့တို့တွင် ဖွင့်လှစ်ရန် အဆိုပြုထားသည့် ဘဏ်ခွဲတို့အား စတင် ဆောက်လုပ် မွမ်းမံ ပြင်ဆင်နေပြီ ဖြစ်ပါသည်။

ကျွန်ုပ်တို့ MCB ဘဏ် အနေဖြင့် အခြား နေရာဒေသများတွင်လည်း ဘဏ်ခွဲများ တည်ထောင် ဖွင့်လှစ်ရန် ဖြစ်နိုင်ခြေ ဆန်းစစ်ချက်များ တက်တက်ကြွကြွ ဆောင်ရွက်လျက် ရှိပြီး၊ နောင် ၅-နှစ် အတွင်း နောက်ထပ် ဘဏ်ခွဲ ၅၀-ခု အောက်ပါအတိုင်း တည်ထောင် ဖွင့်လှစ်သွားရန် ရည်ရွယ်ပါသည် -

နှစ်	MCB ပိုင်	ငှား	စုစုပေါင်း
၂၀၁၆-၂၀၁၇	၄	၂	၆
၂၀၁၇-၂၀၁၈	၄	၃	၇
၂၀၁၈-၂၀၁၉	၅	၅	၁၀
၂၀၁၉-၂၀၂၀	၆	၆	၁၂
၂၀၂၀-၂၀၂၁	၇	၈	၁၅

စုစုပေါင်း	**၂၆**	**၂၄**	**၅၀**

MCB ဘဏ် အနေဖြင့် ဘဏ်ခွဲ အသစ်များ တည်ထောင် ဖွင့်လှစ်ရာ၌ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး - အထူးသဖြင့်၊ စီးပွားရေးစနစ် အတွက် ငွေရေးကြေးရေး ဝန်ဆောင်မှုများ ခိုင်မာ အားကောင်းစေရေး ဆိုင်ရာ - မူဝါဒ ပေါ်လစီနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် ငွေရေးကြေးရေး ဝန်ဆောင်မှုများကို ကျေးလက်ဒေသတို့ အပါအဝင် နိုင်ငံ တစ်ဝန်းလုံးတွင် ဆောင်ရွက်ပေးသွားနိုင်ရန် မျှော်လင့်ပါသည်။ ဒေသ တစ်ခုတွင် ဘဏ်ခွဲ အသစ် တည်ထောင် ဖွင့်လှစ်ခြင်းအားဖြင့် (၎င်းဒေသတွင် ဘဏ်ခွဲ ရောက်ရှိပြီး ဖြစ်သော) အခြားဘဏ်တို့အား ကျွန်ုပ်တို့ MCB က ဝန်ဆောင်ခများ ပေးနေရခြင်းကို ရှောင်ရှားနိုင်ပြီး၊ မိမိတို့ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူတို့ဖြင့် ပိုမို နီးစပ်သော ဖောက်သည် ဆက်ဆံရေးများ တည်ဆောက်နိုင်ခွင့် ရရှိစေပါသည်။

MCB ၏ ဘဏ်ခွဲများ ကွန်ရက် တိုးချဲ့ရာတွင် MCB ၏ ပစ္စုပ္ပ နှိုင်းယှဉ် အနာဂတ် ဆိုင်ရာ မဟာဗျူဟာနှင့် ကိုက်ညီမှု ရှိစေရန် လည်းကောင်း၊ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုတို့ အတွက် MCB ၏ ဖြစ်နိုင်ခြေဆန်းစစ်ချက်နှင့် အမြတ်ရနိုင်စွမ်း ဆန်းစစ်ချက်တို့မှ မဖြစ်မနေ လိုအပ်ကြောင်း ညွှန်ပြထားသည့် ဝယ်လိုအား ရှိနေစေရန်ကို လည်းကောင်း သေချာအောင် ဂရုစိုက်ပါသည်။ ထို့ပြင် ဘဏ်ခွဲ အတွက် နေရာသစ်တိုင်း MCB ၏ ရုပ်ဝတ္ထုပိုင်းနှင့် သတင်းအချက်အလက် လုံခြုံရေး လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိစေရေး၊ စည်းမျဉ်းဥပဒေ သတ်မှတ်ချက် အားလုံးနှင့် ကိုက်ညီရေး သေချာအောင် ဂရုစိုက်ပါသည်။

ဘဏ်ခွဲသစ် တစ်ခု တည်ထောင် ဖွင့်လှစ်ရန် လုပ်ငန်းစဉ်မှာ - ဒါရိုက်တာများအဖွဲ့က မဟာဗျူဟာကျသည့် အဆိုပြု နေရာဒေသတို့ အတွက် ဦးစွာ ဖြစ်နိုင်ခြေလေ့လာချက် ဆောင်ရွက်ရန် အတည်ပြုပေးမည် ဖြစ်သည်။ ထို့နောက် ယင်း နေရာဒေသ/အဆောက်အဦး တစ်ခုစီကို ကျွန်ုပ်တို့၏ အုပ်ချုပ်ရေးအဖွဲ့က အကဲဖြတ် သုံးသပ်မည် ဖြစ်သည်။ ကျွန်ုပ်တို့ ဒါရိုက်တာများအဖွဲ့က နေရာ တစ်ခုကို အတည်ပြု ရွေးချယ်ပြီး၊ ဘဏ်ခွဲသစ် ဖွင့်လှစ်ရန် အစီအစဉ်များ အသေးစိတ် ရေးဆွဲပြီးသောအခါ ဗဟိုဘဏ်၏ ခွင့်ပြုချက် ရရှိရန် လျှောက်လွှာ တင်သွင်းမည် ဖြစ်သည်။ ထိုလျှောက်လွှာတွင် ကျွန်ုပ်တို့ ဆောင်ရွက်ထားသော ဖြစ်နိုင်ခြေဆန်းစစ်ချက် အပြင်၊ လျှောက်ထားသည့် ဘဏ်ခွဲ အသစ် တည်ထောင် ဖွင့်လှစ်ခြင်းကြောင့် သက်ဆိုင်ရာ နေရာဒေသ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုတွင် မည်သို့ အကျိုးရှိနိုင်ကြောင်း ရှင်းလင်း တင်ပြထားသည့် အစီရင်ခံစာ ပူးတွဲ တင်ပြ ရမည် ဖြစ်ပါသည်။

ဘဏ်ခွဲ တည်ထောင် ဖွင့်လှစ်ခြင်း လုပ်ငန်းများ အတွက် လိုအပ်သည့် မတည်ငွေရင်း အသုံးစရိတ်ကို လျှော့ချနိုင်ရေး အတွက် ကျွန်ုပ်တို့ အနေဖြင့် ဘဏ်ခွဲတစ်ချို့ကို အပိုင်ဂယ်ယူပြီး အချို့ကို နှစ်ရှည်ငှားရမ်းသုံးစွဲ ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

အခြား ရင်းနှီးမြှုပ်နှံမှုများ

MCB ၏ အဓိက စီးပွားရေးလုပ်ငန်း အမျိုးအစားတို့ အပြင် MCB အနေဖြင့် အောက်ပါ မြန်မာကုမ္ပဏီ အသီးသီးတွင် အနည်းစု (minority) ရှယ်ယာ ပိုင်ဆိုင်မှု ရယူထားပါသည် -

ကုမ္ပဏီ အမည်	**အဓိက လုပ်ငန်း**	**ပင်မ လုပ်ငန်း တည်နေရာ**	**ကုမ္ပဏီတွင် MCB ၏ ပိုင်ဆိုင်မှု %**	**MCB ၏ ထည့်ဝင်ငွေ**
Myanmar Payment Union Public Co., Ltd	ဘဏ္ဍာရေး ဝန်ဆောင်မှု	ရန်ကုန်မြို့	၄.၃၅ %	ကျပ် သန်း ၂၀၀
Credit Bureau	ဘဏ္ဍာရေး	ရန်ကုန်မြို့	၃.၃၄ %	USD 100,000

အထက် ဖော်ပြပါ အကျိုးစပ်ဆိုင်မှု နှစ်ခု အနက် မည်သည့် အကျိုးစပ်ဆိုင်မှုကမျှ ကျွန်ုပ်တို့ MCB ကုမ္ပဏီ၏ ပြီးခဲ့သည့် ကပ်လျက် ဘဏ္ဍာနှစ် ၂-နှစ် အတွင်း ရှိခဲ့သည့် အသားတင် ရရန်ပိုင်ခွင့်များ၊ အသားတင် ပေးရန်တာဝန်များ၊ အခွန်မပေးဆောင်မီ အမြတ်တို့၏ ၁၀% အထိ မရှိပါ။

ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု (RISK MANAGEMENT)

ကျွန်ုပ်တို့ MCB ဘဏ် အနေဖြင့် MCB ၏ ချေးငွေလုပ်ငန်း၊ MCB လည်ပတ် လုပ်ကိုင်နေရသော ပတ်ဝန်းကျင်တို့နှင့် သီးခြား သက်ဆိုင်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ရင်ဆိုင်ရပါသည်။ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း၏ ရည်ရွယ်ချက်မှာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များအား မည်သို့ မည်ပုံ ကိုင်တွယ် ဆောင်ရွက်ရမည်ဟု ချမှတ်ထားသည့် မူဝါဒ ပေါ်လစီများနှင့် လုပ်ထုံးလုပ်နည်းများကို တိတိကျကျ တင်းတင်းကြပ်ကြပ် လိုက်နာ ဆောင်ရွက်မှု ရှိရေး သေချာစေရန် ဂရုစိုက် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။

လုပ်ငန်း လည်ပတ် လုပ်ကိုင်မှု ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း (Operational Risk Management)

လုပ်ငန်း လည်ပတ် လုပ်ကိုင်မှု ဆိုင်ရာ ဆုံးရှုံးနိုင်ခြေတွင် လိမ်လည်လှည့်ဖြားမှု၊ တံဆိပ် - ထိုးမြဲလက်မှတ် - စာရွက်စာတမ်း စသည်**တို့အား** လိမ်လည် အတုပြုမှု၊ နည်းလမ်းမကျစွာ ပြုမူမှု၊ အမှားပြုလုပ်မှု၊ လစ်ဟင်းမှု၊ စနစ်ပျက်ပြားမှုနှင့် အခြား ပြင်ပ အန္တရာယ် အကြောင်းရင်းတို့ကို ကိုင်တွယ် ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် ထို ဆုံးရှုံးနိုင်ခြေတို့နှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများအား စာဖြင့် ရေးသား ချမှတ်ထားပြီး၊ မိမိတို့ အလုပ်သမားများ အတွင်း အသိပညာ ဗဟုသုတ မြှင့်တင်ရေး အတွက် အချိန်မှန်မှန် လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပါသည်။

နိုင်ငံခြားသုံးငွေ လဲလှယ်ရောင်းဝယ်ခြင်း ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း (Exchange Risk Management)

နိုင်ငံခြားသုံးငွေ လဲလှယ်ရောင်းဝယ်ခြင်း ဆိုင်ရာ ဆုံးရှုံးနိုင်ခြေမှာ စျေးကွက် အတွင်း ပေါက်စျေးများ အတက်အကျမှ တစ်ဆင့် မိမိတို့ ရငွေ တန်ဖိုး အပြောင်းအလဲကြောင့် ပေါ်ပေါက်ပါသည်။ ကျွန်ုပ်တို့၏ နိုင်ငံခြားသုံးငွေ လဲလှယ်ရောင်းဝယ်ခြင်း ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအား စီမံခန့်ခွဲရန်မှာ ကျွန်ုပ်တို့၏ သုတေသနနှင့် လေ့ကျင့်သင်ကြားရေး ဌာန၏ တာဝန် ဖြစ်ပါသည်။ ထိုဌာနက နိုင်ငံခြားသုံးငွေ စျေးနှုန်း အတက်အကျများကို ပုံမှန် စောင့်ကြည့် စစ်ဆေးပါသည်။ နိုင်ငံခြားသုံးငွေ လဲလှယ် ရောင်းဝယ်မှု မှန်သမျှကို ဗဟိုဘဏ်က သတ်မှတ်ထားသည့် နေ့စဉ် ရည်ညွှန်းနှုန်း (daily reference rate) အရ တန်ဖိုး ပြန်လည် သတ်မှတ် သို့မဟုတ် ညှိနှိုင်းပါသည်။ Nostro account အားလုံးကို လစဉ် စာရင်းရှင်း ကိုက်ညီပြီး၊ ရက်ပေါင်း ၃၀ ထက် ကျော်လွန်၍ ကျန်ရှိနေသည့် စာရင်းသွင်းချက် တစ်စုံတစ်ရာ ရှိခဲ့လျှင် ရှင်းလင်းပေးရန် စီမံအုပ်ချုပ်ရေးအဖွဲ့က အကဲဖြတ် သုံးသပ်ပါသည်။

ငွေဖြစ်လွယ်မှု ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း (Liquidity Risk Management)

ကျွန်ုပ်တို့ အနေဖြင့် ငွေကြေး တောင်းခံလာမှုများကို ဖြေရှင်းပေးနိုင်သည့် အတိုင်းအတာဖြင့် ငွေဖြစ်လွယ်မှု လုံလောက်စွာ ရှိရေး သေချာစေရန် ဂရုစိုက် ဆောင်ရွက်ရပါသည်။ ငွေဖြစ်လွယ်မှု ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း အတွက် ကျွန်ုပ်တို့ ဘဏ်၏ ငွေစာရင်းဌာနတွင် အဓိက တာဝန် ရှိပါသည်။

သတင်းအချက်အလက် နည်းပညာ ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲခြင်း (IT Risk Management)

သတင်းအချက်အလက် နည်းပညာ ဆိုင်ရာ ဆုံးရှုံးနိုင်ခြေကို ကျွန်ုပ်တို့၏ IT Risk Management အဖွဲ့က စီမံခန့်ခွဲပါသည်။ ယင်းတွင် ကိုယ်ထိလက်ရောက် ဝင်ရောက်ခြင်း၊ ကိုင်တွယ်ခြင်းတို့ကို CCTV ဖြင့် စောင့်ကြပ်ထိန်းချုပ်ခြင်း အပါအဝင် စနစ် အသုံးပြုခွင့် ဆိုင်ရာ ထိန်းချုပ်မှုများ (access control systems) လည်း ပါဝင်ပါသည်။ IT ဝန်ထမ်းများ အတွက် ပုံမှန် သင်တန်းများလည်း ပို့ချပေးပါသည်။

ဥပဒေစည်းမျဉ်း လိုက်နာမှု သေချာစေရေးနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး (COMPLIANCE AND ANTI MONEY LAUNDERING)

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ၂၀၁၉-ခုနှစ် ဇွန်လ ၃-ရက် နေ့စွဲပါ ညွှန်ကြားချက် အမှတ် ၄/၂၀၁၉ နှင့် အညီ၊ ကျွန်ုပ်တို့ဘဏ်တွင် ဥပဒေစည်းမျဉ်း လိုက်နာမှု သေချာစေရေး အဖွဲ့ (compliance unit) တစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ထားပြီး ဖြစ်ပါသည်။ ယင်းအဖွဲ့တွင် ဘဏ် အရာရှိ အားလုံး ပါဝင်ပြီး၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သံသယဖြစ်ဖွယ် လွှဲပြောင်းပေးချေမှုတို့ကို သတင်းပို့ခြင်း၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူအား သိရှိရေး (Know-Your-Client) နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်အား ဝိရိယပြု ရယူခြင်း (Customer Due Diligence) လုပ်ထုံးလုပ်နည်းများ အတိုင်း ကျင့်သုံးခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်ရပါသည်။ ဤအရေးကိစ္စတို့နှင် စပ်လျဉ်း၍ အလုပ်သမားတို့၏ အသိပညာ ဗဟုသုတ မြှင့်တင်ရေး အတွက် လေ့ကျင့်သင်ကြားမှု အစီအစဉ်များကို စဉ်ဆက် မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။ သံသယဖြစ်ဖွယ် လွှဲပြောင်းပေးချေမှု တစ်စုံတစ်ရာ ကြုံတွေ့ခဲ့ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ထဲရေးဝန်ကြီးဌာနသို့ ချက်ချင်း သတင်းပို့ပြီး၊ ယင်းနောက် ဘဏ်၏ အကြီးတန်း အထွေထွေမန်နေဂျာထံ အစီရင်ခံ တင်ပြရန် အလုပ်သမားများကို တိုက်တွန်းထားပါသည်။

ငွေချေးမှု လုပ်ထုံးလုပ်နည်း

ချေးငွေများ

ချေးငွေ ရရှိလိုကြောင်း လျှောက်လွှာများကို စိစစ်ရာတွင် ကျွန်ုပ်တို့သည် ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များ အတိုင်း လိုက်နာ ဆောင်ရွက်ရပါသည်။ အထူးအားဖြင့် ကျွန်ုပ်တို့ ထုတ်ချေးသော ချေးငွေများ ပြန်လည် ပေးဆပ်မှု ပျက်ကွက်ခြင်း အန္တရာယ်ကို လျော့ပါး သက်သာစေရေး အတွက် အောက်ပါ လုပ်ထုံးလုပ်နည်း အတိုင်း ဆောင်ရွက်ပါသည် -

- ချေးငွေ လျှောက်ထားရသည့် အကြောင်းရင်း ဆိုင်ရာ အထောက်အထားများကို စိစစ်ခြင်း၊
- ချေးငွေ လျှောက်ထားသူ၏ ဘဏ္ဍာရေး ရှင်းတမ်းများကို စိစစ်ခြင်း၊
- အဆိုပြုသော အာမခံပစ္စည်း အခြေအနေ အပေါ် ထိုက်သင့်သော ဝိရိယ စိုက်ထုတ် လေ့လာမှု ပြုခြင်း၊
- အဆိုပြုသော အာမခံပစ္စည်း အပေါ် ဘဏ်ရာဖြတ်က တန်ဖိုး သတ်မှတ်ပေးခြင်း
- အာမခံပစ္စည်း၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍ ဥပဒေအကြံပေး ၏ အတည်ပြုချက်ဖြင့်သာ ဆက်လက် ဆောင်ရွက်ခြင်း။

ကျွန်ုပ်တို့ MCB ဘဏ် အနေဖြင့် ချေးငွေ၏ စည်းကမ်း သတ်မှတ်ချက်များနှင့် ပတ်သက်၍ ချေးငွေ လျှောက်ထားသူနှင့် ဆွေးနွေး ညှိနှိုင်းကာ ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်ပါသည်။ MCB အတွက် အသေးအဖွဲမျှသာ ဖြစ်သော ချေးငွေ ပမာဏတို့ အတွက်သာ ယင်းကဲ့သို့ အတည်ပြုချက် ချမှတ်ပေးပါသည်။

အငှားဝယ် စနစ် (Hire Purchase)

အငှားဝယ်ခြင်း ဆိုင်ရာ လျှောက်လွှာ တစ်ရပ် ရရှိသော အခါ ကျွန်ုပ်တို့ဘဏ်၏ လုပ်ထုံးလုပ်နည်းနှင့် အညီ လျှောက်ထားသူ၏ ကြွေးမြီ အခြေအနေနှင့် ပြန်လည် ပေးဆပ်နိုင်စွမ်းကို အတည်ပြုရပါသည်။ လျှောက်ထားသူ၏ ပြန်လည် ပေးဆပ်နိုင်စွမ်း အပေါ် ကျွန်ုပ်တို့ ယုံကြည် စိတ်ချမှသာ အငှားဝယ်ခွင့်ပြုပါသည်။ ထို့ပြင် လျှောက်ထားသူ၏ စီးပွားရေးလုပ်ငန်း အတွက် လိုအပ်သော ကိစ္စ အတွက်သာ ယင်းကဲ့သို့ အငှားဝယ်မှု အစီအစဉ်ကို ခွင့်ပြုသောအားဖြင့် ကျွန်ုပ်တို့၏ ဆုံးရှုံးနိုင်ခြေကို နောက်ထပ် စီမံခန့်ခွဲပါသည်။ ထိုအကြောင်းကြောင့် လည်းကောင်း၊ ကျွန်ုပ်တို့ဘဏ်၏ အငှားဝယ်စနစ် ဆိုင်ရာ တင်းကြပ်သော မူဝါဒများကြောင့် လည်းကောင်း ဤစီးပွားရေးလုပ်ငန်းရပ် အနေဖြင့် ကျွန်ုပ်တို့ဘဏ် အတွက် နှိုင်းယှဉ်သောအားဖြင့် ဆုံးရှုံးနိုင်ခြေ အနည်းအကျဉ်းမျှသာ ရှိပါသည်။

သတင်းအချက်အလက် နည်းပညာ

ကျွန်ုပ်တို့ဘဏ် အနေဖြင့် မိမိတို့၏ သတင်းအချက်အလက် နည်းပညာ စနစ်များကို မကြာမီတွင် အဆင့်မြှင့်တင်သွားရန် IT အခြေခံ အဆောက်အအုံ များပိုမို ဖွံ့ဖြိုးတိုးတက်အောင် အခွင့်အလမ်းများ ရှာဖွေ သွားကြမည်ဖြစ်ပါသည်။

ဘဏ်တွင်း စာရင်းစစ်

ကျွန်ုပ်တို့ ဘဏ်တွင်း စာရင်းစစ်ဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

- ဘဏ်၏ ဌာနများနှင့် အလုပ်သမားများက ဘဏ်၏ ဌာနတွင်း ပေါ်လစီမူဝါဒနှင့် ညွှန်ကြားချက်များအား လည်းကောင်း၊ နိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော အမိန့်နှင့် စည်းမျဉ်းဥပဒေများအား လည်းကောင်း လိုက်နာ ဆောင်ရွက်မှု ရှိရေး စောင့်ကြပ်စစ်ဆေးရန်၊
- အလုပ်သမားများ အနေဖြင့် ၎င်းတို့၏ တာဝန် ဝတ္တရားများ ထမ်းဆောင်ရာတွင် ပေါ့ပေါ့ဆဆ သို့မဟုတ် မဆင်မခြင် ဆောင်ရွက်မှုများ ရှိမရှိ စောင့်ကြပ်စစ်ဆေးရန်၊
- စီမံအုပ်ချုပ်ရေး ဝန်ထမ်းများနှင့် အလုပ်သမားများ အနေဖြင့် အသုံးစရိတ်နှင့် အတည်ပြုခွင့်ရှိ ချေးငွေ ပမာဏတို့ ဆိုင်ရာ ကန့်သတ်နှုန်းထားများ အတွက် လမ်းညွှန်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးရန်၊
- MCB ပြင်ပမှ စာရင်းစစ်နှင့် ဆက်သွယ် ဆက်ဆံရန်၊
- ဘဏ်ခွဲတို့ အပေါ် ပုံမှန်နှင့် ရှောင်တခင် စစ်ဆေးမှုများ ပြုလုပ်ရန်၊
- ဘဏ်၏ အသုံးစရိတ်များ အပေါ် စာရင်း စစ်ဆေးရန်။

အာမခံထားရှိခြင်း (INSURANCE)

ကျွန်ုပ်တို့ဘဏ် အနေဖြင့် ၅ကျပ် ၁၀၀,၀၀၀ မှစ ၅ ကျပ် ၁သန်းကြား အပ်နှံထားသည့် မိမိ၏ ဖောက်သည်တို့၏ အပ်နှံငွေအသီးသီးကို အာမခံ ချက်ထားပေးပါသည်။ ကျွန်ုပ်တို့၏ ရန်ကုန်နှင့် မန္တလေးတို့ရှိ ဝန်ထမ်းတို့ အတွက် လက်ရှိ အချိန်တွင် ရရှိနိုင်သည့် အတိုင်း မတော်တဆ ထိခိုက်မှု အာမခံ ပေါ်လစီများ ထားရှိပေးပါသည်။ ကျွန်ုပ်တို့ ငွေကြေးဌာန အတွက် သမာဓိအာမခံ (fidelity insurane) ပေါ်လစီ ထားရှိပါသည်။ ကျွန်ုပ်တို့၏ အဆောက်အဦးတို့ အတွက် ငွေတိုက်အာမခံနှင့် မီး အာမခံပေါ်လစီတို့ကိုလည်း ထားရှိပါသည်။

လူအရင်းအမြစ်များ

လွန်ခဲ့သည့် ၂၃-နှစ် အတွင်း MCB အနေဖြင့် အတွေ့အကြုံ ပြည့်စုံပြီး ကျွမ်းကျင်သော အလုပ်သမားများဖြင့် မိမိ၏ လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ သဘောထားမှာ အလုပ်သမားများကို နိုင်ငံတော်ဗဟိုဘဏ်က ဖွင့်လှစ် ပို့ချသော သင်တန်းများ သို့မဟုတ် နိုင်ငံခြားဘဏ်များနှင့် မြန်မာနိုင်ငံတော် ဘဏ်များ အသင်းတို့ ပူးပေါင်း ဖွင့်လှစ်သော သင်တန်းများသို့ ပြည်တွင်းတွင် ဖြစ်စေ၊ ပြည်ပတွင် ဖြစ်စေ တက်ရောက်နိုင်ရေး အခွင့်အလမ်း ပေးရန် ဖြစ်ပါသည်။

ကျွန်ုပ်တို့ MCB ဘဏ် အနေဖြင့် အလုပ်သမားများကို စနစ်တကျ ရှာဖွေ စုဆောင်းရေး လုပ်ငန်းစဉ်ဖြင့် ရွေးချယ် ခန့်ထားပါသည်။ အသစ်ခန့်ထားခြင်း ခံရသူတိုင်းအား လုပ်ငန်းခွင်၌ ဝင်ရောက်လုပ်ကိုင်ခြင်း မပြုမီ စနစ်တကျ လေ့ကျင့် သင်ကြားပေးပါသည်။

၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့ တွင် ကျွန်ုပ်တို့ MCB ဘဏ်၏ ခန့်အပ်ခဲ့ ပြီး ဝန်ထမ်းအင်အား မှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

		အရာရှိဦးရေ	**ဝန်ထမ်းဦးရေ**	**စုစုပေါင်း**
၁.	ရုံးချုပ် / ကျောက်တံတား ဘဏ်ခွဲ	၅၄	၂၁၃	၂၆၇
၂.	မန္တလေး ဘဏ်ခွဲ	၁၆	၂၆	၄၂
၃.	ဘုရင့်နောင် ဘဏ်ခွဲ	၄	၂၂	၂၆
၄.	နေပြည်တော် ဘဏ်ခွဲ	၃	၂၄	၂၇
၅.	မြင်းခြံ ဘဏ်ခွဲ	၃	၁၉	၂၂
၆.	မုံရွာ ဘဏ်ခွဲ	၄	၂၄	၂၈
၇.	မူဆယ် ဘဏ်ခွဲ	၃	၁၂	၁၅
၈.	ရေစကြိုဘဏ်ခွဲ	၄	၁၉	၂၃
၉.	တန့်ဆည်ဘဏ်ခွဲ	၂	၁၉	၂၁
၁၀.	မန္တလေး ဘဏ်ခွဲငယ်	၂	၄	၆
၁၁.	မုံရွာ ဘဏ်ခွဲငယ်	-	၅	၅
၁၂.	ဒေါပုံ ဘဏ်ခွဲငယ်	၂	၇	၉
၁၃.	လားရှိုး ဘဏ်ခွဲ	၂	၁၅	၁၇
၁၄.	အောင်လံ ဘဏ်ခွဲ	၃	၁၆	၁၉
၁၅.	ဘုရင့်နောင် ဘဏ်ခွဲငယ်	၂	၄	၆
၁၆.	ပန်းဘဲတန်း ဘဏ်ခွဲငယ်	၁	၆	၇
၁၇.	ပုဇွန်တောင် ဘဏ်ခွဲ	၁	၉	၁၀
၁၈.	မြောက်ဥက္ကလာပ ဘဏ်ခွဲ	၂	၈	၁၀
	စုစုပေါင်း	**၁၀၈**	**၄၅၂**	**၅၆၀**

ကျွန်ုပ်တို့၏ ဝန်ထမ်း ပေါင်း ၅၆၀ အနက်၊ ၄၂၁-ဦးမှာ တက္ကသိုလ်ဘွဲ့ရများ ဖြစ်ကြပြီး၊ ၃၂-ဦးမှာ အထက်တန်း အောင်လက်မှတ် ကိုင်ဆောင်ထားသူများ၊ ၁၀၇-ဦးမှာ အလယ်တန်း အောင်ပြီးသူများ ဖြစ်ကြပါသည်။ ၎င်းတို့၏ ပညာအရည်အချင်းတို့မှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

က.	စီးပွားရေး/ဝါကီဇွဲဘွဲ့	၃၄	ဦး	M.Com, B.Com, B.Econ (Eco), B.A Eco, B.P.A, M.Econ (Stat), B.Econ (Stat)
ခ.	အင်ဂျင်နီယာဘွဲ့	၁၅	ဦး	M.E (Elect:), B.E Mech, B.E (IT), B. Tech (EP), A.G.T.I (Civil), A.G.T.I (CNC)
ဂ.	အိုင်တီ/ကွန်ပျူတာဘွဲ့	၁၁	ဦး	M.C. Tech (Hons:), B.C.Sc
ဃ.	ဥပဒေဘွဲ့	၁၈	ဦး	LL. M, LL. B
င.	ဝိဇ္ဇာ/သိပ္ပံဘွဲ့	၃၄၃	ဦး	M. Sc, B. Sc, M.A, B.A
စ.	အထက်တန်း အောင်လက်မှတ်ရ	၃၂	ဦး	
ဆ.	အလယ်တန်း-အထက်တန်း	၁၀၇	ဦး	
	စုစုပေါင်း	**၅၆၀**	**ဦး**	

အောက်ပါ စာရင်းတွင် အရေးပါသော အုပ်ချုပ်ရေး အဆင့် ဝန်ထမ်းများ၊ ၎င်းတို့၏ ပညာအရည်အချင်းနှင့် ဌာနတို့ကို ဖော်ပြထားပါသည်။

မြန်မာနိုင်ငံသားများဘဏ်၏ စီမံအုပ်ချုပ်မှုပိုင်း ဝန်ထမ်းများစာရင်း

စဉ်	အမည်	ပညာ အရည်အချင်း	မွေးသက္ကရာဇ်	စတင်ခန့်ထားသည့် ရက်စွဲ	ဌာန
၁.	ဦးမြင့်ဝင်း အုပ်ချုပ်မှုဒါရိုက်တာ (ရုံးချုပ်)	AGTI (M.T) B.E (Mech:)	၁ သြဂုတ် ၁၉၅၁	၁ ဧပြီ ၂၀၁၂ (၄-နှစ်)	
၂.	ဦးမျိုးမြင့်အောင် အကြီးတန်း အထွေထွေမန်နေဂျာ (ရုံးချုပ်)	B.E (Mech:)	၁၆ အောက်တိုဘာ ၁၉၅၃	၂ စက်တင်ဘာ ၂၀၁၃ (၂-နှစ် ၇-လ)	နိုင်ငံတကာဘဏ်လုပ်ငန်းဌာန
၃.	ဒေါ်မီမီကျော် အထွေထွေမန်နေဂျာ (ရုံးချုပ်)	B.Sc (Hons:) M.Sc (Botany) Diploma in Banking	၂၁ သြဂုတ် ၁၉၆၈	၂ ဇန်နဝါရီ ၁၉၉၅ (၂၁-နှစ် ၃-လ)	SME ဌာန
၄.	ဦးလှဝင်း အထွေထွေမန်နေဂျာ (ရုံးချုပ်)	B.Sc (Physis) (Q)	၂၅ မေ ၁၉၆၆	၁၆ အောက်တိုဘာ ၁၉၉၅ (၂၀-နှစ် ၅-လ)	IT ဌာန

၅.	ဒေါ်ဆွေဆွေမြင့် အထွေထွေမန်နေဂျာ (ရုံးချုပ်)	B.Sc (Maths:) (Q)II Diploma in Banking	၅ ဒီဇင်ဘာ ၁၉၆၇	၂၃ ဧပြီ ၁၉၉၆ (၁၉-နှစ် ၁၁-လ)	ငွေစာရင်း ဌာန
၆.	ဦးဘသန်း အထွေထွေမန်နေဂျာ (ရုံးချုပ်)	B.Sc (Physics)	၁၀ နိုဝင်ဘာ ၁၉၅၃	၁၄ နိုဝင်ဘာ ၂၀၁၃ (၂-နှစ် ၄-လ)	ချေးငွေဌာန
၇.	ဦးအောင်ကျော်လှိုင် အထွေထွေမန်နေဂျာ (ရုံးချုပ်)	B.Sc (Physics) DSA	၂၃ ဒီဇင်ဘာ ၁၉၅၃	၂ ဇန်နဝါရီ ၂၀၁၄ (၂-နှစ် ၃-လ)	စီမံရေးရာဌာန
၈.	ဒေါ်ချိုချိုအေး အထွေထွေမန်နေဂျာ (မန္တလေး ဘဏ်ခွဲ)	B.Sc (Maths:)	၂၈ မေ ၁၉၆၇	၁၅ မေ ၁၉၉၆ (၁၉-နှစ် ၁၀-လ)	မန္တလေးဘဏ်ခွဲ တာဝန်ခံ
၉.	ဦးနေလ ဒုတိယ အထွေထွေမန်နေဂျာ (ရုံးချုပ်)	B.Sc (Maths:)	၁၁ ဖေဖော်ဝါရီ ၁၉၆၁	၃ ဒီဇင်ဘာ ၁၉၉၁ (၂၄-နှစ် ၃-လ)	ငွေကြေးဌာန
၁၀.	ဒေါ်ညီညီကြိုင် ဒုတိယ အထွေထွေမန်နေဂျာ (ရုံးချုပ်)	B.A (History) (Q)	၂၈ ဖေဖော်ဝါရီ ၁၉၆၆	၁ စက်တင်ဘာ ၁၉၉၂ (၂၃-နှစ် ၇-လ)	ချေးငွေဌာန
၁၁.	ဦးဇော်ဝင်း ဒုတိယ အထွေထွေမန်နေဂျာ (မူဆယ် ဘဏ်ခွဲ)၏	B.Sc (Maths:)	၁၀ မေ ၁၉၆၆	၃ သြဂုတ် ၁၉၉၃ (၂၄-နှစ် ၇-လ)	မူဆယ်ဘဏ်ခွဲ တာဝန်ခံ
၁၂.	ဒေါ်အမာချို ဒုတိယ အထွေထွေမန်နေဂျာ (ရေစကြို ဘဏ်ခွဲ)	B.Sc (Botany) (Q)	၃၁ ဇန်နဝါရီ ၁၉၇၁	၁၅ မေ ၁၉၉၆ (၁၉-နှစ် ၁၀-လ)	ရေစကြိုဘဏ်ခွဲ တာဝန်ခံ
၁၃.	ဦးဇော်မျိုးဦး ဒုတိယ အထွေထွေမန်နေဂျာ (ရုံးချုပ်)	B.Sc (Zoology)	၇ ဒီဇင်ဘာ ၁၉၇၂	၂ အောက်တိုဘာ ၁၉၉၆ (၁၉-နှစ် ၅-လ)	IT ဌာန
၁၄.	ဒေါ်ဆွေဆွေလှိုင် ဒုတိယ အထွေထွေမန်နေဂျာ (မုံရွာ ဘဏ်ခွဲ)	B.A (Psychology)	၅ ဇွန် ၁၉၅၆	၁ မတ် ၁၉၉၆ (၂၀-နှစ် ၁-လ)	မုံရွာဘဏ်ခွဲ တာဝန်ခံ
၁၅.	ဒေါ်ဆုဝင်းမြတ် ဒုတိယ	B.Sc (Hons:) Botany Diploma in Banking	၂၆ သြဂုတ် ၁၉၇၂	၂ ဒီဇင်ဘာ ၁၉၉၆ (၁၉-နှစ် ၄-လ)	IB ဌာန

	အထွေထွေမန်နေဂျာ (ရုံးချုပ်)				
၁၆.	ဒေါ်အိသင်ဇာကျော် ဒုတိယ အထွေထွေမန်နေဂျာ (ရုံးချုပ်)	B.Econ (Economics) Dip in Accounting LCCI, Dip in Banking	၁၇ စက်တင်ဘာ ၁၉၇၈	၁ သြဂုတ် ၂၀၀၀ (၁၅-နှစ် ၈-လ)	IB ဌာန
၁၇.	ဦးညွန့်အောင် ဒုတိယ အထွေထွေမန်နေဂျာ (ရုံးချုပ်)	AGTI (MP) B.Sc (Physics) (Q)	၁၃ ဇူလိုင် ၁၉၆၅	၄ မေ ၂၀၁၅ (၁၀-လ)	စီမံရေးရာဌာန
၁၈.	ဦးအောင်ကျော်မင်း လက်ထောက်အထွေ ထွေမန်နေဂျာ (ရုံးချုပ်)	B.Sc (Botany) Diploma in Banking	၂၃ နိုဝင်ဘာ ၁၉၆၄	၂ ဇန်နဝါရီ ၁၉၉၅ (၂၁-နှစ် ၃-လ)	စီမံရေးရာဌာန
၁၉.	ဒေါ်မိုမိုဦး လက်ထောက်အထွေ ထွေမန်နေဂျာ (ရုံးချုပ်)	B.Sc (Botany) Diploma in Accounting	၂၇ နိုဝင်ဘာ ၁၉၅၈	၂ မေ ၁၉၉၅ (၂၀-နှစ် ၁၁-လ)	စာရင်းစစ်ဌာန
၂၀.	ဒေါ်အေးအေးမြင့် လက်ထောက်အထွေ ထွေမန်နေဂျာ (ရုံးချုပ်)	B.Sc (Zoology) (Q)	၂၆ ဇူလိုင် ၁၉၆၄	၁ ဇွန် ၁၉၉၅ (၂၀-နှစ် ၉-လ)	ငွေစာရင်းဌာန
၂၁.	ဦးရဲမြင့် လက်ထောက်အထွေ ထွေမန်နေဂျာ (မန္တလေး ဘဏ်ခွဲ)	B.Sc (Maths)	၂ ဇန်နဝါရီ ၁၉၅၇	၁၅ မေ ၁၉၉၆ (၁၉-နှစ် ၁၀-လ)	ချေးငွေဌာန၊ မန္တလေးဘဏ်ခွဲ
၂၂.	ဒေါ်သီတာ လက်ထောက်အထွေ ထွေမန်နေဂျာ (တန့်ဆည်ဘဏ်ခွဲ)	B.A (Myanmar)	၅ ဇူလိုင် ၁၉၆၉	၁၅ မေ ၁၉၉၆ (၁၉-နှစ် ၁၀-လ)	တန့်ဆည်ဘဏ်ခွဲ တာဝန်ခံ
၂၃.	ဒေါ်သီတာစိုး လက်ထောက်အထွေ ထွေမန်နေဂျာ (ဘုရင့်နောင် ဘဏ်ခွဲ)	B.A (Myanmar)	၃ အောက်တိုဘာ ၁၉၇၅	၂၇ ဇန်နဝါရီ ၁၉၉၇ (၁၉-နှစ် ၂-လ)	ဘုရင့်နောင်ဘဏ်ခွဲ တာဝန်ခံ
၂၄.	ဒေါ်မိုးသီဂီထွန်း လက်ထောက်အထွေ ထွေမန်နေဂျာ	B.Sc (Maths)	၇ ဇူလိုင် ၁၉၇၄	၁၂ မေ ၁၉၉၇ (၁၈-နှစ် ၁၀-လ)	SME ဌာန

	(ရုံးချုပ်)				
၂၅.	ဒေါ်ခင်သန်းရီ လက်ထောက်အထွေ ထွမန်နေဂျာ (နေပြည်တော် ဘဏ်ခွဲ)	B.A (Psychology)	၁၉ ဇန်နဝါရီ ၁၉၆၂	၁၇ ဧပြီ ၂၀၀၀ (၁၅-နှစ် ၉-လ)	နေပြည်တော်ဘဏ်ခွဲ တာဝန်ခံ
၂၆.	ဦးသီဟဇော် လက်ထောက်အထွေ ထွမန်နေဂျာ (ရုံးချုပ်)	B.A (English) IADCS (NCC) Dip in NE	၁၃ ဧပြီ ၁၉၈၄	၄ မေ ၂၀၀၉ (၆-နှစ် ၁၀-လ)	I.C ဌာန

လူအရင်းအမြစ်များနှင့် ကျွမ်းကျင်တတ်မြောက်မှုများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကျွန်ုပ်တို့ MCB ဘဏ်တွင် အောက်ပါတို့ကို တာဝန်ယူ ဆောင်ရွက်မည့် စီမံခန့်ခွဲရေးနှင့် HR ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းထားပါသည် -

- ဘဏ်လုပ်ငန်း အခြေခံများ သင်တန်း ပို့ချခြင်း၊
- မြန်မာနိုင်ငံတော် ဘဏ်များ အသင်းက ဖွင့်လှစ်ပို့ချသော သင်တန်းများသို့ သင်တန်းသားများ စေလွှတ်ခြင်း၊
- နိုင်ငံခြားဘဏ်များက ဖွင့်လှစ်ပို့ချသော နိုင်ငံတကာ ဘဏ်လုပ်ငန်း ဆိုင်ရာ သင်တန်း၊ ဟောပြောပွဲနှင့် အလုပ်ရုံသင်တန်းတို့သို့ ပါဝင်တက်ရောက်သူများ စေလွှတ်ခြင်း
- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန က ဖွင့်လှစ် ပို့ချသော ကုန်သွယ်ရေး သင်တန်းများသို့ ပါဝင်တက်ရောက်သူများ စေလွှတ်ခြင်း၊
- မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတို့တွင် ဖွင့်လှစ် ပို့ချသော ငွေကြေးခဝါချမှု ဆန့်ကျင်ရေးနှင့် အကြမ်းဖက်မှု ငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေး ဆိုင်ရာ သင်တန်းများသို့ ပါဝင်တက်ရောက်သူများ စေလွှတ်ခြင်း။

ထို့အပြင်၊ ဘဏ်၏ ဖောက်သည်တို့အား ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများ ပိုမို တိုးတက် ကောင်းမွန်စေရေး အတွက် The Sun Institute မှ ဖွင့်လှစ် ပို့ချသော သင်တန်းများသို့ လည်းကောင်း၊ Prodigna Training for Success လုပ်ငန်းမှ ဌာနတွင်း လာရောက် ပို့ချသော သင်တန်းများသို့လည်းကောင်း သင်တန်းသားများ စေလွှတ် တက်ရောက်စေခဲ့ပါသည်။

ဈေးကွက်တင်ခြင်းနှင့် အရောင်းမြှင့်တင်ခြင်း (SALES AND MARKETING)

ကျွန်ုပ်တို့ဘဏ်၏ ထုတ်ကုန်/ဝန်ဆောင်မှုများ အတွက် အဓိက အရောင်းဌာနတို့မှာ မြန်မာနိုင်ငံတော် တစ်ဝန်းရှိ မိမိတို့၏ ဘဏ်ခွဲများပင် ဖြစ်ပါသည်။

ပို့ကုန် သွင်းကုန် လုပ်ငန်းရှင် အားလုံး အတွက် လိုင်စင်ကြေး ပေးချေရေး ဝန်ဆောင်မှု ဆောင်ရွက်ပေးရသူ ကျွန်ုပ်တို့ MCB ဘဏ် အနေဖြင့် ပို့ကုန် သွင်းကုန် လုပ်ငန်းရှင် အဖြစ် မှတ်ပုံတင်ထားသော ကုမ္ပဏီ အားလုံးနှင့် ထိတွေ့ ဆက်ဆံရပါသည်။ လက်ရှိတွင် ထိုသို့သော ကုမ္ပဏီပေါင်း ၁၀,၇၀၀ ကျော်အား ဝန်ဆောင်မှု ပေးနေသည်နှင့် အညီ မိမိတို့ အနေဖြင့် မိမိတို့ဘဏ်၏ ထုတ်ကုန်/ဝန်ဆောင်မှုများကို ၎င်းကုမ္ပဏီတို့အား အသိပေး တင်ပြကာ အရောင်းမြှင့်တင်ခွင့် ရရှိပါသည်။

ကျွန်ပ်တို့၏ မိုဘိုင်း ပေးချေခြင်းနှင့် အဝှားဝယ်ခြင်း ဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပတ်သက်၍လည်း မိမိတို့ဘဏ်၏ ဖောက်သည်များ ရှိရာ နေရာဒေသများသို့ သွားရောက်ကာ ကြော်ငြာလှုပ်ရှားမှုများ ဆောင်ရွက်ပါသည်။

ပြိုင်ဆိုင်မှု

မြန်မာနိုင်ငံတော်၏ လက်ရှိ ဘဏ်လုပ်ငန်း ကဏ္ဍတွင် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် အစိုးရ တစ်စိတ်တစ်ပိုင်းပါ ဘဏ်များ၊ နိုင်ငံခြားဘဏ်တို့၏ ကိုယ်စားလှယ်ရုံးများ၊ နိုင်ငံခြားဘဏ်တို့၏ ဘဏ်ခွဲများ ပါဝင်ကြပါသည်။ ၂၀၁၆-ခုနှစ် ဇွန်လ ၂၁-ရက် အချက်အလက်များ အရ၊ နိုင်ငံပိုင်ဘဏ် ၄-ခု၊ ပုဂ္ဂလိကဘဏ် ၂၄-ခု၊ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ၂၄-ခုနှင့် နိုင်ငံခြားဘဏ် ၁၀-ခုတို့၏ ဘဏ်ခွဲ ၁၀-ခု ရှိနေပါသည် (ဇစ်မြစ်၊ http://www.cbm.gov.mm/ ၊၂၀၁၆-ခုနှစ် ဇွန်လ ၂၁-ရက် အချက်အလက်များ အရ)

၂၀၁၄-ခုနှစ် မတ်လ ၃၁-ရက်နေ့ ရရန်ပိုင်ခွင့်များ အရ နိုင်ငံပိုင်ဘဏ်တို့၏ စျေးကွက်ဝေစုမှာ ၆၄.၃% ရှိခဲ့ပြီး၊ ပုဂ္ဂလိကဘဏ်နှင့် အစိုးရ တစ်စိတ်တစ်ပိုင်းပါ ဘဏ်တို့က ကျန် ၃၅.၇% စျေးကွက်ဝေစု ရရှိထားခဲ့ကြပါသည်။

နိုင်ငံပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ်နှင့် အစိုးရ တစ်စိတ်တစ်ပိုင်းပါ ဘဏ်တို့ အနေဖြင့် ၎င်းတို့ ကမ်းလှမ်းနိုင်သော ဝန်ဆောင်မှု အမျိုးအစားတို့တွင် ကန့်သတ်ချက် များစွာ ရှိနေသဖြင့် အလွန် နည်းကျဉ်းသော ဘဏ်ထုတ်ကုန် အမျိုးအစားတို့ကိုသာ ဆောင်ရွက်ပေးခွင့် ရှိပါသည်။ လက်ရှိ စည်းမျဉ်း ဥပဒေ ကျင့်သုံးမှုတွင် နိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ပေးထားသည့် ငွေစုဘဏ်နှင့် ချေးငွေ ဆိုင်ရာ အတိုးနှုန်း ကွာဟချက် ၅.၀%ဖြင့် အနိမ့်ဆုံးနှင့် အမြင့်ဆုံး အကန့်အသတ်များကို ဘဏ်လုပ်ငန်း နယ်ပယ် တစ်ခုလုံးက လိုက်နာရပါသည်။ ထို့ကြောင့် ဘဏ်တို့ အနေဖြင့် ဂုဏ်သတင်း၊ ဝန်ဆောင်မှု အဆင့်အတန်းနှင့် စျေးကွက်တွင် ရှုပ်ဝတ္တု အားဖြင့် ရောက်ရှိ ရပ်တည်ရှိမှု အနေအထားတို့တွင်သာ ကိုယ်ပိုင် အရည်အသွေးပြ ပြိုင်ဆိုင်ကြရပါသည်။ ၂၀၁၄-ခုနှစ် အောက်တိုဘာလတွင် နိုင်ငံခြားဘဏ် ၉-ခုတို့အား နိုင်ငံခြားကုမ္ပဏီများနှင့် ပြည်တွင်းဘဏ်တို့သို့ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခွင့်ပြုမည် ဖြစ်ကြောင်း အစိုးရက ကြေညာခဲ့ပါသည်။

၂၀၁၅-ခုနှစ် အောက်တိုဘာလ ၁၀-ရက်နေ့ အချက်အလက်များ အရ အဆိုပါ နိုင်ငံခြားဘဏ် ၉-ခုလုံး လုပ်ငန်းများ စတည် လည်ပတ်နေပြီ ဖြစ်ပါသည်။ (ဇစ်မြစ် - http://www.cbm.gov.mm/ ၊၂၀၁၅-ခုနှစ် အောက်တိုဘာလ ၁၀-ရက်နေ့ အချက်အလက်များ အရ)။ နိုင်ငံခြားဘဏ် တစ်ခုလျှင် ဘဏ်ခွဲ တစ်ခုသာ၊ တစ်နေရာ၌သာ ဖွင့်လှစ်ခွင့် ပေးထားပြီး၊ လက်လီ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ကမ်းလှမ်း ဆောင်ရွက်ခွင့်လည်း မရှိပါ။ နိုင်ငံခြားဘဏ်တို့ အနေဖြင့် လက်ကားဘဏ်လုပ်ငန်း ဆောင်ရွက်ခြင်း၊ နိုင်ငံခြားကော်ပိုရေးနှင့် ပြည်တွင်းဘဏ်တို့အား နိုင်ငံတကာငွေကြေးနှင့် ကျပ် အပ်နှံငွေများ လက်ခံခြင်း၊ ချေးငွေ ထုတ်ချေးခြင်းတို့သာ ဆောင်ရွက်ခွင့် ရှိပါသည်။ ပြည်တွင်း ကုမ္ပဏီတို့သို့ ချေးငွေ ထုတ်ချေးလိုပါက ပြည်တွင်းဘဏ်များနှင့် ပေါင်းစပ်ညှိနှိုင်းလျက် စုပေါင်းချေးငွေ အစီအစဉ် (syndicated loan extension) ဖြင့် ဆောင်ရွက်နိုင်ပါသည် (ဇစ်မြစ်၊ GIZ အစီရင်ခံစာ)။

နောက်ထပ် အချက်အလက်များ အတွက် "လုပ်ငန်းနယ်ပယ် ဆိုင်ရာ သတင်းအချက်အလက်များ" ခေါင်းစဉ်အောက်တွင် ကြည့်ရှုပါရန်။

အရေးပါသော ပဋိညာဉ် စာချုပ်များ (MATERIAL CONTRACTS)

MCB က အခြားသူတို့နှင့် ပြုလုပ် ချုပ်ဆိုထားသည့် အရေးပါသော ပဋိညာဉ်စာချုပ်တို့ကို အောက်ပါဇယားတွင် စာရင်း ပြုစု ဖော်ပြထားပါသည်။

အခြားဘက်စာချုပ်ဝင်များ	**ရည်ရွယ်ချက်**	**ရက်စွဲ**
2C2P (Myanmar) Co., Ltd.	ပေးချေမှု ကိုင်တွယ် ဆောင်ရွက်ခြင်း ဝန်ဆောင်မှုများ တပ်ဆင်ရန်နှင့် အကျိုးတူ ပူပေါင်း ဆောင်ရွက်ရန်	၂၀၁၄-ခုနှစ် စက်တင်ဘာလ ၁၈-ရက်
MasterCard International Incorporated	MasterCard acquiring နှင့် ထုတ်ပေးခြင်း ဝန်ဆောင်မှုများ ဆောင်ရွက်ရန်	၂၀၁၃-ခုနှစ် ဧပြီလ ၅-ရက်
Visa Worldwide Pte. Limited	Visa Card acquiring ဝန်ဆောင်မှုများ ဆောင်ရွက်ရန်	၂၀၁၃-ခုနှစ် ဧပြီလ ၂၅-ရက်
Consortium (Myanmar Payment Solution Services, Capital Diamond Star Group Ltd., Good Brother Co.Ltd., New Golden Gate Co,Ltd., Shwe Me' Co,Ltd.,)	မိုဘိုင်း ငွေကြေး ဝန်ဆောင်များ ဆောင်ရွက်ပေးမည့် Myanmar Citizens Payment Services (MCPS) ကို ဖွဲ့စည်းရန်	၂၀၁၅-ခုနှစ် ဖေဖော်ဝါရီလ ၃-ရက်
Trans-Fast Remittance, LLC	ပြည်ပရောက် မြန်မာလုပ်သားများ အတွက် ကျွှာအနှံ့ ငွေလွှဲပို့မှု လုံခြုံစိတ်ချ မြန်ဆန်စွာ ဆောင်ရွက်ပေးရန်	၂၀၁၄-ခုနှစ် နိုဝင်ဘာလ ၁၈-ရက်
MoneyGram Payment Systems, Inc	ပြည်ပရောက် မြန်မာလုပ်သားများ အတွက် ကျွှာအနှံ့ ငွေလွှဲပို့မှု လုံခြုံစိတ်ချ မြန်ဆန်စွာ ဆောင်ရွက်ပေးရန်	၂၀၁၃-ခုနှစ် မေလ ၁၇-ရက်
Blitz IT Consultants Pte Ltd	Blitz IT Consultants Pte Ltd ၏ SWIFT Messaging System မှ SWIFT Care ဝန်ဆောင်မှုများ ရယူရန်	၂၀၁၂-ခုနှစ် ဒီဇင်ဘာလ ၁-ရက်
INTL Global Currencies Ltd	နိုင်ငံတကာ အဖွဲ့အစည်းများ အတွက် ငွေလွှဲပို့ရေး ဝန်ဆောင်မှုများ ပူးပေါင်း ဆောင်ရွက်ရန်	၂၀၁၃-ခုနှစ် ဒီဇင်ဘာလ ၁၁-ရက်
Industrial & Commercial Bank of China Limited, Yangon Branch	ဘဏ်လုပ်ငန်း ဆိုင်ရာနှင့် ဖောက်သည် လိုအပ်ချက် အတိုင်း ကျွှာတစ်ဝန်းလုံး၌ ကုန်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန်	၂၀၁၅-ခုနှစ် နိုဝင်ဘာလ ၅-ရက်
Commerz bank	ဘဏ်လုပ်ငန်း ဆိုင်ရာနှင့် ဖောက်သည် လိုအပ်ချက် အတိုင်း ဥရောပ၌ ကုန်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန် / လက်ရောက် အပေါင်သဘောတူညီချက်	၂၀၁၃-ခုနှစ် စက်တင်ဘာလ ၂၃-ရက်

၈။ စီမံအုပ်ချုပ်ရေးအဖွဲ့မှ လုပ်ငန်း အခြေအနေ သုံးသပ်တင်ပြချက်

အောက်ပါ တင်ပြချက်နှင့် သုံးသပ်ချက်ကို နောက်ဆက်တွဲ ဇယား (၁) နှင့် ဇယား (၂) တို့ပါ သက်ဆိုင်ရာ မတ်လ ၃၁-ရက်နေ့တို့တွင် ကုန်ဆုံးသော ၂၀၁၅-ခုနှစ်နှင့် ၂၀၁၆-ခုနှစ် ဘဏ္ဍာနှစ်တို့ အတွက် ကျွန်ုပ်တို့ ကုမ္ပဏီ၏ စာရင်းစစ်ပြီး ဘဏ္ဍာရေးရှင်းတမ်း အသီးသီးတို့နှင့် အတူ ယှဉ်တွဲ၍ ဖတ်ရှုသင့်ပါသည်။

ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ချက် ရလဒ် အပေါ် သက်ရောက်သည့် အထွေထွေ အချက်များ

မြန်မာနိုင်ငံတော်၏ အထွေထွေ စီးပွားရေး အခြေအနေ

ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ချက် ရလဒ်သည် မြန်မာနိုင်ငံတော်၏ အထွေထွေ စီးပွားရေး အခြေအနေ အပေါ် မူတည်ပါသည်။

အစိုးရ၏ စည်းမျဉ်းဥပဒေများ

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများသည် အစိုးရ စည်းမျဉ်း ဥပဒေများ၏ လွှမ်းမိုး ကြပ်မတ်မှုအောက် ကျရောက်ပြီး၊ လုပ်ကိုင်ခွင့် လိုင်စင်နှင့် ခွင့်ပြုမိန့် ပါမစ်များ လိုအပ်ပါသည်။ အစိုးရ၏ စည်းမျဉ်းဥပဒေများတွင် တစ်စုံတစ်ရာ ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ္ဍာရေး ဆောင်ရွက်ချက်များ၏ စွမ်းဆောင်ရည်နှင့် လုပ်ငန်းဆောင်ရွက်ချက် ရလဒ်များ အပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ အသေးစိတ်များ အတွက် "မြန်မာနိုင်ငံတော်၏ အရေးကြီးသော ဥပဒေနှင့် စည်းမျဉ်းများ အကျဉ်းချုပ်" တွင် ကြည့်ပါရန်။

MCB ၏ လုပ်ငန်းဆောင်ရွက်ချက် ရလဒ် အပေါ် သက်ရောက်သည့် အခြား အချက်များ

အပ်ငွေများ တိုးတက်မှု

MCB ၏ ငွေကြေးများ၏ အဓိက အရင်းအမြစ်မှာ ကာလတို အပ်ငွေများ ဖြစ်ပါသည်။ ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့ရှိ အချက်အလက်များ အရ MCB ၏ အပ်ငွေများသည် ယင်း၏ စုစုပေါင်း ပေးရန်တာဝန်များ၏ ၈၅.၇% ရှိပါသည်။

ကျွန်ုပ်တို့ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူတို့၏ အပ်ငွေများ အနက် သိသာထင်ရှားသည့် အစိတ်အပိုင်းသည် သက်တမ်းစေ့ချိန်တွင် ဆက်လက် အပ်နှံထားရှိသဖြင့်၊ အချိန်ကာလ အတန်ကြာ အထိ ရန်ပုံငွေများ အတွက် တည်ငြိမ်သော အရင်းအမြစ် အဖြစ် ရပ်တည်နေခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ဘဏ်၌ ငွေအပ်နှံထားသူများ အနက် သိသာထင်ရှားသည့် အပိုင်းက အပ်ငွေများကို သက်တမ်းစေ့ချိန်တွင် ဆက်လက် အပ်နှံခြင်း မပြုပါက သို့မဟုတ် ကျွန်ုပ်တို့ဘဏ်၏ ရရန်ပိုင်ခွင့်များ၏ သက်တမ်းစေ့မည့် အချိန်ထက် ပိုမို တိုတောင်းသော သက်တမ်း အတွက်သာ အပ်နှံခဲ့ပါက၊ ကျွန်ုပ်တို့ အနေဖြင့် နောက်ထပ် အပ်ငွေများ ရရှိရန် အလို့ငှာ အတိုးနှုန်းများ တိုးမြှင့်ပေးရပြီး၊ ယင်းကြောင့် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ချက် ရလဒ်များကို အရေးပါသော အတိုင်းအတာဖြင့် ထိခိုက် နစ်နာစေနိုင်ပါသည်။

ပြိုင်ဆိုင်မှု

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ စည်းမျဉ်းများတွင် ငွေစုစာရင်းနှင့် အချိန်ပိုင်းအပ်ငွေတို့ အတွက် ပေးရမည့် အနိမ့်ဆုံး အတိုးနှုန်းကို တစ်နှစ်လျှင် ၈.၀% အဖြစ် သတ်မှတ်ပေးထားပါသည်။ သို့ရာတွင်၊ အပ်ငွေများ ရရှိရန် ပြိုင်ဆိုင်ရခြင်းကြောင့် ကျွန်ုပ်တို့ အနေဖြင့် ဗဟိုဘဏ်က သတ်မှတ်ထားသော အနိမ့်ဆုံး အတိုးနှုန်းထက် ပိုမို မြင့်မားသည့် အတိုးနှုန်း ပေးပါမည်ဟု ကမ်းလှမ်းရန် လိုအပ်ကောင်း လိုအပ်စေနိုင်ပါသည်။ ယင်းကြောင့် အမြတ်များ ကျဆင်းနိုင်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ချက် ရလဒ်များ နှိုင်းယှဉ်ချက်

ပြီးခဲ့သော ဘဏ္ဍာရေး ကာလ နှစ်ခု အတွင်း ကျွန်ုပ်တို့ MCB ဘဏ် ၏ တိုးတက် ပြောင်းလဲမှုကို အောက်တွင် ဖော်ပြထားပါသည် -

စဉ်	အကြောင်းအရာ	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်
၁.	ထည့်ဝင်ပြီး မတည်ငွေရင်း	၄၉.၈၇ ဘီလီယံ	၃၇.၁၁ ဘီလီယံ
၂.	အမြတ်ဝေစု လျာထားချက် (ကျပ်)	၃.၄၀ ဘီလီယံ	၂.၂၇ ဘီလီယံ
၃.	အခွန်ပေးဆောင်ခြင်း (ကျပ်)	၁.၇၉ဘီလီယံ	˚၁.၂၈ ဘီလီယံ
၄.	ဘဏ်ခွဲများ	၁၈	၁၆
၅.	အပ်ငွေများ (ကျပ်)	၁၄၄.၃၇ ဘီလီယံ	၁၀၃.၁ ဘီလီယံ
၆.	အသားတင်အမြတ် (အခွန်နုတ်ပြီး)	၅.၃၀ ဘီလီယံ	၃.၇၇ ဘီလီယံ

၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့ရှိ MCB ၏ လုပ်ငန်းအခြေအနေများအား ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက အောက်ပါ အတိုင်း တွေ့ရပါသည် -

(ကျပ်သန်းပေါင်း)

		ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆	ဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅	အတိုး/ အလျော့	%
က.	အပ်ငွေ	၁၄၄,၃၇၀.၂၆	၁၀၃,၁၇၈.၉၃	၄၁,၉၁၁.၃၃	၄၀
ခ.	ချေးငွေ	၁၁၅,၂၇၅.၈၅	၈၇,၁၁၆.၇၈	၂၈,၁၅၉.၀၇	၃၂
ဂ.	ရင်းနှီးမြှုပ်နှံမှု	၅၀,၈၅၁.၇၉	၃၁,၆၂၀.၅၂	၁၉,၂၃၁.၂၇	၆၁
ဃ.	ငွေလွှဲ	၂၁၉,၂၃၀.၇၁	၁၇၀,၂၆၆.၇၅	၄၈,၉၆၃.၉၆	၂၉
င.	ငွေပေးအမိန့်	၆၉,၀၁၆.၅၅	၅၉,၃၄၄.၀၀	၉,၆၇၂.၅၅	၁၆

ရပိုင်ခွင့်များ

MCB ၏ စုစုပေါင်း ရရန်ပိုင်ခွင့်များသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် ကျပ် ၁၆၄.၂၀ သန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ကျပ် ၂၂၉.၈၁ သန်းသို့ တိုးတက်လာပြီး၊ ယင်းတိုးတက်မှုမှာ အဓိကအားဖြင့် ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေတို့သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် ကျပ် ၈၇.၁၂ သန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ကျပ် ၁၁၅.၂၈ သန်းသို့ လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၃၁.၆၂ သန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၅၀.၈၅ သန်းသို့ လည်းကောင်း တိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။

MCB က ပိုင်ဆိုင်သော စုစုပေါင်း ရပိုင်ခွင့်များမှ ကောက်နှုတ်ချက်ကို အောက်တွင် ဖော်ပြထားပါသည်။

(ကျပ်ထောင်ပေါင်း)

ရပိုင်ခွင့်များ	၂၀၁၈-၂၀၁၆	၂၀၁၄-၂၀၁၈
လက်ငင်းရရန်ပိုင်ခွင့်များ		
ဘဏ်ရှိငွေ	၈,၉၈၉,၂၇၈	၅,၄၉၆,၂၃၃
မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရှိငွေ	၉,၇၀၈,၉၂၂	၇,၅၆၀,၄၈၉
အခြားဘဏ်များရှိငွေ	၂၁,၇၁၈,၃၉၉	၁၂,၅၄၀,၇၉၉
ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေ	၁၁၅,၂၇၅,၈၄၉	၈၇,၁၁၆,၇၈၀
ကြိုတင်ပေးချေးငွေနှင့် ရရန်ရှိငွေများ	၇,၅၆၉,၆၁၈	၆,၈၀၁,၇၃၈
ရင်းနှီးမြှုပ်နှံမှု	၅၀,၈၅၁,၇၉၃	၃၁,၆၂၀,၅၁၉
ပုံသေပိုင်ပစ္စည်းများ	၈,၀၅၆,၄၀၇	၅,၃၁၁,၃၄၄
စရိတ်-ရွှေ့ဆိုင်း	၅၈,၈၃၆	၁၃၆,၀၉၁
အာမခံခြင်း/လက်မှတ်ထိုးခြင်းနှင့် လက်ခံခြင်းများ	၇,၅၈၃,၇၁၆	၇,၆၁၉,၉၈၅
စုစုပေါင်း ရပိုင်ခွင့်များ	**၂,၂၉,၈၁၂,၈၁၈**	**၁၆၄,၂၀၃,၉၇၈**

ပေးရန်တာဝန်များ

MCB ၏ စုစုပေါင်း ပေးရန်တာဝန်များသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၁၁၉.၃၀ သန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁၆၈.၃၄ သန်းသို့ တိုးတက်လာပြီး၊ ယင်းမှာ အဓိကအားဖြင့် စုစုပေါင်း အပ်ငွေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၁၀၃.၁၈ သန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁၄၄.၃၇ သန်းသို့ တိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။

(ကျပ်ထောင်ပေါင်း)

ပေးရန်တာဝန်များ	၂၀၁၅-၂၀၁၆	၂၀၁၄-၂၀၁၅
စုစုပေါင်းအပ်ငွေများ	၁၄၄,၃၇၀,၂၆၄	၁၀၃,၁၇၈,၉၃၆
အခြား ပေးရန်တာဝန်များ	၁၀,၇၅၅,၇၆၅	၄,၀၃၂,၁၅၄
ငွေပေးအမိန့်လွှာများ	၂၉၇,၅၀၆	၈၂၂,၉၇၂
အမြတ်ဝေစုလျာထား	၁,၇၈၈,၃၆၁	၂,၂၆၉,၉၃၂
ဝင်ငွေခွန်လျာထားငွေ	၃,၃၉၇,၃၇၇	၁,၂၈၁,၄၀၀
မတောင်းခံသေးသော အမြတ်ဝေစု	၁၅၃,၀၃၈	၉၉,၃၀၈
အာမခံခြင်း/လက်မှတ်ထိုးခြင်းနှင့် လက်ခံခြင်းများ	၇,၅၈၃,၇၁၆	၇,၆၁၉,၉၈၅
စုစုပေါင်း ပေးရန်တာဝန်များ	**၁၆၈,၃၄၆,၀၂၇**	**၁၁၉,၃၀၄,၆၈၇**

အစုရှယ်ယာများ

အစုရှယ်ယာရှင်များ ရပိုင်ခွင့် (Shareholder's equity) မှာ ၂၀၁၅-ခုနှစ် မတ်လ ၃၁-ရက်နေ့တွင် ၄၄.၉၀ ဘီလီယံမှ ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့တွင် ၆၁.၄၇ ဘီလီယံသို့ တိုးတက်လာခဲ့ပြီး နှစ်စဉ် တိုးတက်လျက် ရှိပါသည်။ MCB အနေဖြင့် ၎င်း၏ လက်ရှိ အစုရှယ်ယာရှင်များသို့ အစုရှယ်ယာ အသစ်များ ထုတ်ဝေခဲ့ပြီး၊ MCB ၏ အစုရှယ်ယာများ အတွက် ဝယ်လိုအား ရှိနေခဲ့ပါသည်။

ရင်းနှီးငွေ ထည့်ဝင်မှု (Capital Contribution)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထိ MCB ၏ အစုရှယ်ယာ မတည်ငွေရင်းသည် ကျပ် ၃၇,၁၁၂.၈၃ သန်းမှ ကျပ် ၄၉,၈၆၉.၇၇ သန်း သို့ ကျပ် ၁၂,၇၅၆.၉၃ သန်း (၃၄.၃၇%) တိုးမြင့်ခဲ့ပါသည်။ ယင်းမှာ မြန်မာနိုင်ငံတော်တွင် လာရောက် လုပ်ကိုင်ခွင့် ရလာသော နိုင်ငံတကာဘဏ်များနှင့် ထိထိရောက်ရောက် ယှဉ်ပြိုင်နိုင်ရေး အတွက် မတည်ငွေရင်းကို ကျပ် ၅၀-ဘီလီယံ အထိ တိုးမြှင့်ရန် ရည်ရွယ်သော MCB ၏ မတည်ငွေရင်း တိုးမြှင့်ရေး အစီအစဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။

စဉ်	ဘဏ္ဍာနှစ်	ထည့်ဝင်ပြီး အစုရှယ်ယာတန်ဖိုး	စုစုပေါင်း အစုရှယ်ယာ တန်ဖိုး	(ကျပ်သန်းပေါင်း) တိုးတက်မှု ရာခိုင်နှုန်း
၁.	၁၉၉၁-၁၉၉၂ မှ ၁၉၉၆-၁၉၉၇ အထိ	-	၁၁၀.၀၀	-
၂.	၂၀၀၂-၂၀၀၃	၅၀.၀၀	၁၆၀.၀၀	၄၅.၄၅%
၃.	၂၀၀၄-၂၀၀၅	၆၀.၀၀	၂၂၀.၀၀	၃၇.၅၀%
၄.	၂၀၀၆-၂၀၀၇	၁၅၄.၂၅	၃၇၄.၂၅	၇၀.၁၁%
၅.	၂၀၀၈-၂၀၀၉	၄၈၇.၀၅	၈၆၁.၃၀	၁၃၀.၁၄%
၆.	၂၀၀၉-၂၀၀၉	၃၈.၇၁	၉၀၀.၀၀	၄.၄၉%
၇.	၂၀၀၉-၂၀၁၀	၂,၃၂၃.၈၁	၃,၂၂၃.၈၁	၂၅၈.၂၀%
၈.	၂၀၁၀-၂၀၁၁	၅၈.၀၂	၃,၂၈၁.၈၃	၁.၈၁%
၉.	၂၀၁၁-၂၀၁၂	၁,၅၀၀.၆၇	၄,၇၈၂.၅၀	၄၅.၇၃%
၁၀.	၂၀၁၂-၂၀၁၃	၁၃,၀၇၈.၀၉	၁၇,၈၆၀.၅၉	၂၇၃.၄၆%
၁၁.	၂၀၁၃-၂၀၁၄	၄၁၀.၂၉	၁၈,၂၇၀.၈၈	၂.၃၀%
၁၂.	၂၀၁၄-၂၀၁၅	၁၈,၈၄၁.၉၅	၃၇,၁၁၂.၈၃	၁၀၃.၁၃%
၁၃.	၂၀၁၅-၂၀၁၆	**၁၂,၇၅၆.၉၄**	**၄၉,၈၆၉.၇၇**	**၃၄.၃၇**

အမြတ်အရြေအနေ

မတည်ငွေရင်း တိုးမြှင့်မှု၏ အကျိုးဆက် အဖြစ် MCB ၏ အမြတ်ငွေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၃,၇၇၀.၂၁ သန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၅,၃၀၇.၂၉ သန်းထိ ကျပ် ၁,၅၃၇.၀၈ သန်း တိုးတက်လာခဲ့ပါသည်။

ပုံမှန် ဆောင်ရွက်နေသာ ချေးငွေ လုပ်ငန်းများအပြင် MCB က လက်ရောက် အပေါင်စနစ် (pledge) ချေးငွေ ထုတ်ချေးခြင်း၊ မော်တော်ယာဉ်နှင့် လယ်ယာသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများအား အငှားဝယ်စနစ် (hire purchase) ချေးငွေကို တိုးချဲ့ဆောင်ရွက်ခဲ့ခြင်း၊ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းကြောင့် ငွေလွှဲဝင်ငွေများ တိုးတက်လာခြင်း စသည်တို့ကြောင့် အမြတ်ငွေ ပိုလာခြင်း ဖြစ်ပါသည်။

အမြတ်ငွေနှင့် အမြတ်ဝေစုလျာထားခြင်း

အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း MCB ၏ အမြတ်ငွေများမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၃,၇၇၀.၂၁ သန်း ရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၅,၃၀၇.၂၉ သန်း ရှိလာသည် အထိ ကျပ် ၁,၅၃၇.၀၈ သန်း တိုးတက်လာခဲ့ပါသည်။ အမြတ်ငွေ တိုးတက်လာသည်နှင့် အညီ နိုင်ငံတော်သို့ ဝင်ငွေခွန်လည်း ပိုမို ပေးဆောင်နိုင်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ စည်းကြပ်နှစ် အတွက် ကျွန်ုပ်တို့ MCB ဘဏ်မှာ ဝင်ငွေခွန် အများဆုံး ပေးဆောင်သူ စာရင်းတွင် အဆင့် ၃၈ ဖြင့် လည်းကောင်း၊ ဝင်ငွေခွန် အများဆုံး ပေးဆောင်သည့် ဘဏ်များ စာရင်းတွင် အဆင့် ၁၂ ဖြင့် ရပ်တည်ခဲ့ပါသည်။

ကျွန်ုပ်တို့ MCB ဘဏ်၏ နိုင်မာတောင့်တင်းမှုနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်ရေးတို့ကြောင့် ကဏ္ဍပေါင်းစုံရှိ စီးပွားရေးလုပ်ငန်းများနှင့် လူပုဂ္ဂိုလ် တစ်ဦးချင်းတို့ထံမှ အပ်ငွေများ တိုးတက်ရရှိခဲ့ရာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၁၀၃ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁၄၄ ဘီလီယံ ရှိလာသည် အထိ စုစုပေါင်း အပ်ငွေများ ၄၀% တိုးတက်ခဲ့ပါသည်။ MCB ဘဏ်၏ အဓိက ဝင်ငွေ ရလမ်း တစ်ခု ဖြစ်သည့် ချေးငွေ လုပ်ငန်းများ အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၈၇ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁၁၅ ဘီလီယံ အထိ ၃၂% တိုးတက်လာခဲ့ပါသည်။ ကာလတိုနှင့် ကာလရှည် ရင်းနှီးမြှုပ်နှံမှုတို့မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၃၂ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၅၁ ဘီလီယံ အထိ ၆၁%ဖြင့် လည်းကောင်း၊ ပြည်တွင်းငွေလွှဲလုပ်ငန်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၁၇၀ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၂၁၉ ဘီလီယံ အထိ ၂၉% ဖြင့် လည်းကောင်း အသီးသီး တိုးတက်ခဲ့ပါသည်။

ကျွန်ုပ်တို့ MCB ဘဏ်၏ လုပ်ငန်း အားလုံးကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေ၊ ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေတို့နှင့် အညီ ဆောင်ရွက်သောကြောင့် MCB အနေဖြင့် ကဏ္ဍ အားလုံးတွင် ဆုံးရှုံးနိုင်ခြေ အနည်းဆုံးဖြင့် ဝင်ငွေ ပိုမို ရရှိအောင် ဆောင်ရွက်နိုင်ပါသည်။

အပ်နှံငွေများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့ အတွက် အပ်ငွေ ပမာဏများကို အောက်တွင် ဖော်ပြထားပါသည်။ အပ်ငွေ အမျိုးအစား အားလုံးတွင် ဦးရေနှင့် ပမာဏ နှစ်မျိုးစလုံး ဘဏ္ဍာနှစ် အလိုက် တိုးတက်လာခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စာရင်းရှင် (ကျပ်) အပ်ငွေ လူဦးရေ တိုးသော်လည်း ပမာဏ လျော့နည်းရခြင်းမှာ ယင်းဘဏ္ဍာနှစ်တွင် Called Deposit (နေ့စဉ် အတိုး တွက်ချက်ပေးသော ခေါ်ယူ အပ်ငွေစာရင်း) ကို စတင် ဆောင်ရွက်ပေးခဲ့ရာ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ အနေဖြင့် ၎င်းတို့၏ ငွေများကို စာရင်းရှင်အပ်ငွေ စာရင်းမှ ခေါ်ယူအပ်ငွေ စာရင်းသို့ ပြောင်းရွှေ့ခဲ့ကြခြင်းကြောင့် ဖြစ်ပါသည်။

စာရင်းရှင် (နိုင်ငံခြားသုံးငွေ) အပ်ငွေ တိုးတက်လာခဲ့ခြင်းမှာ Capital Diamond star ၊ Parami Energy Services co.၊ Mawlamyine Cement Co. ၊ Royal Lake Hotel ၊ Yangon Bus public Co. စသည့် ကုမ္ပဏီများမှ အပ်နှံငွေများကြောင့် ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်သောအားဖြင့်) ငွေစုဘဏ်အပ်ငွေ တိုးတက်နှုန်း လျော့နည်းသွားခြင်းမှာ ATM ကတ် ဆိုင်ရာ အပ်ငွေ အတွက် ငွေစုဘဏ်နှင့် တူညီသော အတိုးနှုန်း ရနိုင်လာခြင်း၊ အချိန်ပိုင်း (ပုံသေ တစ်လ) အပ်ငွေ အမျိုးအစား အတွက် MCB က ၉% အတိုးနှုန်း ပေးခြင်းနှင့် ခေါ်ယူအပ်ငွေ အပေါ်တွင်လည်း အတိုးများ ပိုပေးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်တို့ MCB ဘဏ်မှ ထုတ်ဝေသော Citizen ကတ်ကို ၂၀၁၅-ခုနှစ် ဖေဖော်ဝါရီလတွင် စတင် ဆောင်ရွက်ပေးခဲ့ရာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း (ဖေဖော်ဝါရီလနှင့် မတ်လ) နှစ်လသာ

ဆောင်ရွက်ခဲ့ရပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အရောင်းနှင့် ဈေးကွက်မြှင့်တင်ရေးများလည်း ဆောင်ရွက်ခဲ့သဖြင့် Citizen ကတ်ကိုင်ဆောင်သူ အရေအတွက်နှင့် ကတ် ဆိုင်ရာ အပ်ငွေ ပမာဏလည်း တိုးတက်လာခဲ့ပါသည်။

ကုမ္ပဏီများမှ လုပ်ခလစာများကို ATM စာရင်းများသို့ ထည့်သွင်းလာကြသဖြင့် စာရင်းရှင်အပ်ငွေ (ATM) များ တိုးတက်လာခဲ့ပါသည်။ MCB အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ATM အပ်ငွေများကို ငွေစုဘဏ် အပ်ငွေများ အတိုင်း အတိုးနှုန်း ၈.၂၅% စတင် ပေးခဲ့သဖြင့် ATM ဘက်တွင် အပ်ငွေ ပိုမို များပြားလာခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်သောအားဖြင့်) အချိန်ပိုင်း/ပုံသေ အပ်ငွေ တိုးတက်နှုန်း လျော့နည်းသွားခြင်းမှာ အသစ် တည်ထောင်ခါစ အခြား ဘဏ်တို့ အနေဖြင့် လုပ်ငန်းများ စတင် လည်ပတ် လုပ်ကိုင်လာကြပြီ ဖြစ်၍ အချိန်ပိုင်း/ပုံသေအပ်ငွေ စာရင်းများမှ ငွေများ ပြန်လည် ထုတ်ယူ အသုံးချလာသောကြောင့် ဖြစ်ပါသည် (ဘဏ်အသစ်တို့ အနေဖြင့် လုပ်ငန်းများ မစတင်နိုင်သေးမီ ပိုလျှံနေသည့် ငွေများကို အချိန်ပိုင်း/ပုံသေအပ်ငွေ စာရင်းများတွင် ထည့်ထားလေ့ရှိပါသည်)။

ခေါ်ယူအပ်ငွေ တိုးလာရခြင်းမှာ အတိုးကို နေ့စဉ် လက်ကျန်ငွေ အပေါ် တွက်ချက်ပေး၍ မိမိငွေများကို မကြာခဏ အသွင်း အထုတ် လုပ်ရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်းတို့ အတွက် ငွေစုဘဏ်ထက် ပိုမို အကျိုးရှိသောကြောင့် ဖြစ်ပါသည်။

(ကျပ်သန်းပေါင်း)

	၂၀၁၆	၂၀၁၅	ယခင်နှစ် အပေါ် တိုးတက်မှု	
			ပမာဏ	%
စာရင်းရှင်အပ်ငွေ (ကျပ်)	၁၈,၃၆၅	၁၄,၅၀၅	၃,၈၆၀	၂၆.၆၁
စာရင်းရှင်အပ်ငွေ (နိုင်ငံခြားသုံးငွေ)	၁၅,၁၃၈	၆,၁၂၈	၉, ၀၁၀	၁၄၇.၀၃
ငွေစုဘဏ်အပ်ငွေ	၅၄,၆၅၇	၅၁,၁၉၆	၃,၄၆၁	၆.၇၆
အချိန်ပိုင်းအပ်ငွေ	၄၆,၇၇၄	၃၀,၂၉၇	၁၆,၄၇၇	၅၄.၃၈
ခေါ်ယူအပ်ငွေ	၉,၄၃၇	၁,၀၅၃	၈,၃၈၃	၇၉၆.၂၀
စုစုပေါင်း အပ်ငွေ	**၁၄၄,၃၇၀**	**၁၀၃,၁၇၉**	**၄၁,၁၉၁**	၃၉.၉၂
ချေးငွေ	၁၁၅,၂၇၆	၈၇,၁၁၆	၂၈,၁၆၀	၃၂.၃၂
ရင်းနှီးမြှုပ်နှံမှု	၅၀,၈၅၂	၃၁,၆၂၁	၁၉,၂၃၁	၆၀.၈၂
ငွေပေးအမိန့်လက်မှတ်	၆၉,၀၁၇	၅၉,၃၄၄	၉,၆၇၃	၁၆.၃
ပြည်တွင်းငွေလွှဲ (မိမိဘဏ်အချင်းချင်း)	၇၄,၃၆၀	၅၄,၁၆၇	၂၀,၁၉၃	၃၇.၂၈
ပြည်တွင်းငွေလွှဲ (မိတ်ဖက်ဘဏ်)	၁၄၄,၇၈၀	၁၁၆,၀၉၉	၂၈,၆၈၁	၂၄.၇၀

ဘဏ်အာမခံများ (Bank Guarantees)

ကျွန်ုပ်တို့ MCB ဘဏ် အနေဖြင့် ပြည်တွင်းရှိ ကုမ္ပဏီများသို့ performance guarantee နှင့် bid bond guarantee တို့ကို ဆောင်ရွက်ပေးလျက် ရှိရာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ထိုသို့သော အာမခံတို့၏ ပမာဏမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(ကျပ်ပေါင်း)

	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်		၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်		နှိုင်းယှဉ်ချက်	
	အရေအတွက်	ပမာဏ	အရေအတွက်	ပမာဏ	အရေအတွက်	ပမာဏ
သွင်းကုန်ချေးငွေစာရင်း (USD)	၂	၂,၄၀၁,၄၀၀,၀၄၄	၁	၉၉,၄၁၃,၆၀၀	၁	၂,၃၀၁,၉၈၆,၄၄၄
သွင်းကုန်ချေးငွေစာရင်း (Euro)		-	၅	၂,၂၀၇,၃၇၄,၈၉၈	(၅)	(၂,၂၀၇,၃၇၄,၈၉၈)
ဘဏ်အာမခံ (USD)	၂၄	၇၆၈,၄၂၃,၁၂၈	၃၁	၁,၁၃၈,၀၁၀,၃၄၄	(၇)	(၃၆၉,၅၈၇,၂၁၆)
စုစုပေါင်း	၂၆	၃,၁၆၉,၈၂၃,၁၇၂	၃၇	၃,၄၄၄,၇၉၈,၈၄၂	(၁၁)	(၂၇၄,၉၇၅,၆၇၀)

(ကျပ်သန်းပေါင်း)

	၃၁.၃.၂၀၁၆			၃၁.၃.၂၀၁၅			နှိုင်းယှဉ်ချက်		
	အရေ အတွက်	ပမာဏ	ကော်မရှင် ကြေး	အရေ အတွက်	ပမာဏ	ကော်မရှင် ကြေး	အရေ အတွက်	ပမာဏ	ကော်မရှင် ကြေး
Performance guarantee, Bid bond guarantee	၁၃	၄,၃၂၁.၇၅	၃၂၇.၆၈	၁၀	၄,၁၇၅.၁၈	၁၈၂.၈၃	+ ၃	+ ၁၄၆.၅၇	+ ၁၄၄.၈၅

နိုင်ငံတကာဘဏ်လုပ်ငန်း (International Banking)

MCB အနေဖြင့် ၁၉၉၄-ခုနှစ်မှ ၁၉၉၈-ခုနှစ်ထိ ကာလ အတွင်း နိုင်ငံခြားဘဏ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်၏ မူဝါဒ အရ ၁၉၉၈-ခုနှစ်တွင် ရပ်နားခဲ့ပါသည်။ ၂၀၁၁-ခုနှစ်တွင် နိုင်ငံခြားသုံးငွေ လဲလှယ်ရောင်းဝယ်ခွင့် လိုင်စင် (Money Changer License) ကိုလည်းကောင်း၊ ၂၀၁၂-ခုနှစ်တွင် ပြည်ပ ဘဏ်များနှင့် ဆက်သွယ်၍ ငွေလွှဲပြောင်းပေးချေခြင်းများ ဆောင်ရွက်နိုင်သော နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer License) ကိုလည်းကောင်း MCB ရရှိခဲ့ပါသည်။

နိုင်ငံခြားသုံးငွေ လဲလှယ်ရောင်းဝယ်ရေး ကောင်တာများမှ အမြတ် ရရှိမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၁၃.၈၃ သန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၆.၃၂ သန်း အသီးသီး ဖြစ်ကြပါသည်။

AD လိုင်စင်ရ ဘဏ်များအား လုပ်ကိုင်ခွင့်ပြုထားသည့် လေလံစနစ် (auction) ဖြင့် နိုင်ငံခြားငွေ ရောင်းဝယ်ရာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၁၀၁.၇၉ သန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၃၁၀.၃၆ သန်း ရှိခဲ့ရာ၊ လက်ငင်း ဘဏ္ဍာနှစ်တွင် အမြတ်ငွေ ကျပ် ၂၀၈.၅၇ သန်း ပိုလာခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ ဘဏ်၏ ဝင်ငွေမှာ ပြီးခဲ့သောနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၅၆.၇ သန်း တိုးတက်လာခဲ့ပါသည်။ ယင်းမှာ ပို့ကုန်/သွင်းကုန် ဆိုင်ရာ ငွေလွှဲပို့မှု၊ ပို့ကုန်/သွင်းကုန် ဆိုင်ရာ ချေးငွေ အထောက်အပံ့ ဆောင်ရွက်ရမှု၊ ဘဏ်အာမခံဖြင့် ဘဏ္ဍာရေး အထောက်အပံ့ပေးရမှုတို့ များပြားလာခြင်းကြောင့် ဖြစ်ပါသည်။

<u>၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့ အကြား နိုင်ငံခြားငွေလုပ်ငန်းများမှ ဝင်ငွေများ နှိုင်းယှဉ်ခြင်း</u>

(ကျပ်သန်းပေါင်း)

အကြောင်းအရာ	**၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်**	**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်**	**တိုးတက်မှု**	
ပို့ကုန်/သွင်းကုန် ဆိုင်ရာ ငွေလွှဲပို့မှု	၃၂၆.၃၀	၁၆၅.၁၅	(+)	၁၆၀.၁၅
ငွေကြေး လွှဲပြောင်းပေးပို့ရေး ဝန်ဆောင်မှုများ	၅.၀၉	၄.၈၉	(+)	၀.၂၀
ဘဏ်အာမခံ	၇.၀၇	၁၄.၁၇	(-)	(၇.၁၀)
စာရင်းလွှဲပြောင်း ပေးပို့ငွေနှင့် အခြား ဝန်ဆောင်မှုများ	၂,၅၇၄.၇၈	၅၄၈.၈၇	(+)	၂,၀၂၅.၉၁
စုစုပေါင်း ဝင်ငွေ	၂,၉၁၃.၂၄	၇၃၃.၀၈	(+)	၂,၁၈၀.၁၆

Myanmar Payment Union (MPU)

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ လမ်းညွှန်မှုဖြင့် အောက်ဖော်ပြပါ ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျွန်ုပ်တို့ MCB ဘဏ်သည် မြန်မာနိုင်ငံတော် ငွေပေးချေမှု ဆိုင်ရာ အသင်းတွင် အဖွဲ့ဝင် အဖြစ် ဝင်ရောက် ဆောင်ရွက်လျက် ရှိပါသည် -

- မြန်မာနိုင်ငံတော်တခုလုံး ငွေပေးချေမှု ဆိုင်ရာ နိုင်ငံအဆင့် ဌာန (National Payment Switch-NPS) အဖြစ် ဆောင်ရွက်ရန်၊
- ပြည်တွင်း ငွေသား ကိုင်ဆောင် ပေးချေမှုကို လျော့ချရန်၊
- လက်ရှိ ငွေပေးချေမှု စနစ်ကို အဆင့်မြှင့်တင်ပေးရန်၊
- အဖွဲ့ဝင် အချင်းချင်း ဘဏ်ဝန်ဆောင်မှုများ ပိုမို ပူးပေါင်း ဆောင်ရွက်လာနိုင်ရန်၊

- နိုင်ငံတကာ ကတ်များ ပြည်တွင်းတွင် အသုံးပြုနိုင်ရန်၊
- ပြည်တွင်းဘဏ်များမှ ထုတ်ဝေသည့် MPU အမှတ်တံဆိပ် ပူးတွဲပါ (MPU Co., Brand) ကတ်များဖြင့် မြန်မာနိုင်ငံသားများ နိုင်ငံတကာတွင် အသုံးပြုနိုင်ရန်။

MCB သည် ၂၀၁၁-ခုနှစ် စက်တင်ဘာလ ၁၅-ရက်နေ့၌ MPU ကို တည်ထောင်ခဲ့စဉ်ကတည်းက မူလအဖွဲ့ဝင်ဘဏ် ၁၆-ဘဏ် အနက် တစ်ဘဏ် အပါအဝင် ဖြစ်ခဲ့ပါသည်။ ယခုအချိန်တွင် MPU အဖွဲ့ဝင်ပေါင်း ၂၃-ဘဏ် အထိ ရှိလာပြီ ဖြစ်ပါသည်။

မိမိတို့ ATM ကတ်စနစ် များကို MPU စနစ်ဖြင့် ချိတ်ဆက်ထားရာ၊ MPU အဖွဲ့ဝင်ဘဏ်များ၏ ATM စက်များတွင် ငွေထုတ်ရန် အတွက် အသုံးပြုနိုင်ခဲ့ပါသည်။ ယခုအခါ MPU အနေဖြင့် အင်တာနက်သုံး ကူးသန်းရောင်းဝယ်ရေး e-commerce ဝန်ဆောင်မှုများကို စတင် ဆောင်ရွက်ပေးနေရာ မိမိတို့၏ ATM ကတ်တို့ကို ATM စက်တို့တွင်သာမက ကုန်တိုက်ကြီးများရှိ ငွေချေကောင်တာ POS စက် များတွင်လည်း အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

၂၀၁၅-ခုနှစ် စက်တင်ဘာလမှ စ၍ MCB (ရန်ကုန်ရုံးချုပ်) ရှိ ငွေပေးချေကတ် ဆိုင်ရာ ဌာနစိတ် အနေဖြင့် ATM ကတ် ကိုင်ဆောင်သူ ဘဏ်စာရင်းပေါင်း ၃,၈၆၁-ခု ဖွင့်လှစ်ပေးခဲ့ပြီး၊ ATM စက် ၄-ခုနှင့် POS စက် ၇-ခုတို့ကိုလည်း တပ်ဆင်ပေးခဲ့ပါသည်။ MPU အဖွဲ့ဝင် ဘဏ်များ၏ MPU ကတ်များ အပြင် China Union Pay (CUP) ကတ်များ၊ Japan Credit Payment (JCP) ကတ်များဖြင့် ငွေထုတ်ခြင်း၊ e-commerce ဝန်ဆောင်မှုများ ပေးခြင်းနှင့် ကုမ္ပဏီဝန်ထမ်း လစာပေးသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက် ရှိပါသည်။ ထို့ပြင်၊ Capital Hypermart တွင် နောက်ထပ် POS စက် တပ်ဆင်ခြင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၊ Premier (လှိုင်သာယာ) စက်ရုံ၊ Premier (သာကေတ) စက်ရုံ၊ Capital Insurance နှင့် Diamond Star ရုံးတို့တွင် နောက်ထပ် ATM စက်များ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

လျှပ်စစ်မီတာခ ပေးဆောင်ခြင်း လုပ်ငန်းများကို ကျောက်တံတားမြို့နယ်၊ လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ အလုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗဟန်းမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် သင်္ဃန်းကျွန်းမြို့နယ် စုစုပေါင်း ၉-မြို့နယ်တို့တွင် ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံတကာ ငွေလွှဲလုပ်ငန်း

ကျွန်ုပ်တို့ ဘဏ် အနေဖြင့် အင်္ဂလန်နိုင်ငံ အခြေစိုက် Money Gram International Limited (MGIL)၊ နယူးယောက်မြို့ အခြေစိုက် Trans Fast World Wide Money Transfer (T.F) စသည်တို့ အပါအဝင် နိုင်ငံတကာ ငွေလွှဲလုပ်ငန်းများနှင့် ချိတ်ဆက်ကာ ပြည်ပရှိ အလုပ်သမားတို့ထံမှ မြန်မာနိုင်ငံတော် အတွင်းသို့ ငွေလွှဲပို့မှုများ အဆင်ပြေ ချောမွေ့စေရေး ဆောင်ရွက်ခဲ့ရာ၊ ယင်းမှ ဝင်ငွေများ ရရှိခဲ့ပါသည်။

International Money Express နှင့် MoneyGram International Limited တို့ အတွက် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတကာ ငွေလွှဲမှု လုပ်ငန်းရပ်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(USD)

ငွေလွှဲ ဝန်ဆောင် မှုများ	၂၀၁၅-၂၀၁၆			၂၀၁၄-၂၀၁၅			နှိုင်းယှဉ်ချက်		
	အကြိမ် ပေါင်း	ငွေပမာဏ	ကော်မရှင် ကြေး	အကြိမ် ပေါင်း	ငွေပမာဏ	ကော်မရှင် ကြေး	အကြိမ် ပေါင်း	ငွေပမာဏ	ကော်မရှင် ကြေး
Money Gram	၄၄၈	၃၉၀,၆၉၀.၉၁	၃,၂၇၉.၅၁	၄၄၀	၄၀၆,၆၇၀.၂၈	၃,၅၅၂.၅၅	၈	(၁၅,၉၇၉.၃၇)	(၂၇၃.၀၄)

MCB အနေဖြင့် တွင် UOB (Singapore) တွင် USD ၊ EURO နှင့် SGD ငွေကြေး အမျိုးအစား ဘဏ်စာရင်းများ ဖွင့်လှစ်ထားပြီး၊ တို့တွင်လည်း United Bank of India ၊ OCBC (Singapore) ၊ Development Bank of Singapore ၊ Krung Thai Bank (Public) နှင့် May Bank (Malaysia) တို့တွင်လည်း USD ငွေကြေး အမျိုးအစား ဘဏ်စာရင်းများကို လည်းကောင်း၊ Commerz Bank တွင် EURO ငွေကြေး အမျိုးအစား ဘဏ်စာရင်းကို လည်းကောင်း ဖွင့်လှစ်ထားပါသည်။ မြန်မာနိုင်ငံတော် အပါအဝင် စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ ထိုင်း၊ ကိုရီးယား၊ ဂျာမနီ၊ ဗီယက်နမ် စသည့် နိုင်ငံပေါင်း ၁၃-နိုင်ငံရှိ United Overseas Bank ၊ OCBC Bank ၊ May Bank ၊ DBS Bank ၊ United Bank of India ၊ Krung thai Bank ၊ Shinhan Bank ၊ Commerz Bank ၊ Busan Bank ၊ Korea Exchange Bank ၊ Cathay United Bank နှင့် Export Import Bank (Thailand) အပါအဝင် ဘဏ်ပေါင်း ၂၈-ဘဏ်ဖြင့် RMA Relationship ထူထောင်ပြီး ဖြစ်ပါသည်။

MCB သည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့ ငွေလွှဲ ပေးပို့ခြင်း ဘဏ်လုပ်ငန်း ဆိုင်ရာဝန်ဆောင်မှု များကို International FC Stone နှင့်ဆောင်ရွက်သွားရန် နှင့် MCB တွင်ရှိသော International FC Stone ၏ကျပ်ငွေ စာရင်းမှတဆင့် မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့ ငွေလွှဲ ပေးပို့ခြင်း ဝန်ဆောင်မှု လုပ်ငန်းကို ဆောင်ရွက်သွားရန် အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ခွင့်ပြုချက် ရရှိပြီးဖြစ်ပါသည်။

Visa Card ၊ MasterCard Acquiring နှင့် Issuing

နိုင်ငံတကာမှ ရောက်ရှိလာကြသည့် Visa သို့မဟုတ် MasterCard ကတ် ကိုင်ဆောင်သူများ အနေဖြင့် ယင်းကတ်များကို အသုံးပြု၍ ဟိုတယ်၊ စားသောက်ဆိုင် စသည်တို့တွင် ငွေပေးချေနိုင်စေရေး အတွက် POSစက်များကို စုစုပေါင်း ၆၄ နေရာတွင် တပ်ဆင်ပေးပြီး၊ ယင်းလုပ်ငန်းမှ ဝန်ဆောင်ခများ ရရှိလျက် ရှိရာ၊ ပြည်ပမှ ဘဏ်များတွင် မိမိတို့ MCB က ထားရှိရသည့် နိုင်ငံခြားငွေ စာရင်းများ (Nostro Account) တွင် လိုအပ်နေသည့် နိုင်ငံခြားငွေများကိုလည်း ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။
ပြည်ပရောက် မြန်မာနိုင်ငံသားများ အနေဖြင့် နိုင်ငံခြားရှိ စားသောက်ဆိုင်များ၊ ကုန်တိုက်ကြီးများ၊ ဟိုတယ်များတွင် ငွေပေးချေခြင်းကို လည်းကောင်း၊ ပြည်တွင်းတွင်လည်း အင်တာနက်မှ တစ်ဆင့် ဟိုတယ်ခန်း မှာခြင်း၊ လေယာဉ် လက်မှတ် ဝယ်ခြင်း၊ အွန်လိုင်း စျေးဝယ်ခြင်းတို့ကို လည်းကောင်း ပြုလုပ်နိုင်ရန် MCB အနေဖြင့် နည်းပညာပိုင်း ဝန်ဆောင်သူ ထိုင်းနိုင်ငံရှိ 2C2P ကုမ္ပဏီနှင့် ပူးပေါင်း၍ MasterCard အမျိုးအစား "Citizen Card"ကို ထုတ်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက် ပေးလျက် ရှိပါသည်။

Visa နှင့် MasterCard တို့ ဆိုင်ရာ ဝန်ဆောင်မှုများကို ၂၀၁၄-ခုနှစ် ဖေဖော်ဝါရီလ ၂၈-ရက်နေ့မှ စ၍ MCB က မိမိ၏ နိုင်ငံတကာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ အနက် တစ်ခု အဖြစ် စတင် ဆောင်ရွက်ပေးခဲ့ရာ၊ မှတ်ပုံတင်ခဲ့ကြသော ကတ် အရေအတွက်နှင့် သက်ဆိုင်ရာ ငွေတန်ဖိုးတို့မှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(USD)

	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်		၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်		နှိုင်းယှဉ်ချက်	
	ခုရေ	တန်ဖိုး	ခုရေ	တန်ဖိုး	ခုရေ	တန်ဖိုး
Visa Acquiring	၂၀,၈၀၃	၅,၆၈၇,၈၂၆,.၃၆	၁၉,၉၆၅	၆,၈၉၄,၉၇၁.၈၀	(+)၈၃၈	(-)၁,၂၀၇,၁၄၅.၄၄
Master Card Acquiring	၁၁,၁၉၄	၃,၁၇၈,၅၇၇.၆၂	၁၀,၁၄၈	၃,၅၅၂,၉၉၁.၀၉	(+)၁၀၄၆	(-)၃၇၄,၄၁၃.၄၇

ထို့ပြင်၊ ၂၀၁၄-ခုနှစ် ဒီဇင်ဘာလ ၂၃-ရက်နေ့တွင် ကျွန်ုပ်တို့ MCB ဘဏ်က ကိုယ်ပိုင် Citizen Card များကို စတင်ထုတ်ဝေခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ ထုတ်ဝေပြီးသော ကတ်ပေါင်းမှာ ၄၃၁-ခု ဖြစ်ပြီး၊ သုံးစွဲပြီးသော ငွေမှာ USD ၆၇၅,၉၅၆ ဖြစ်ပါသည်။

မိုဘိုင်း ငွေပေးချေစနစ် (Mobile Payment)

ဘဏ်ခွဲ မရှိသော ကျေးလက်ဒေသများ အရောက် တယ်လီဖုန်းဖြင့် ငွေပေးပို့နိုင်သည့် မိုဘိုင်း ငွေပေးချေစနစ်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ တင်ပြခဲ့ရာ ၂၀၁၅-ခုနှစ် မေလ ၂၂-ရက်နေ့တွင် ခွင့်ပြုချက် ရရှိခဲ့ပါသည်။ ယခုအခါ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် စမ်းသပ် ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီ ဖြစ်ပါသည်။ ယင်း Mobile Payment စနစ် သုံးကာ ဘဏ်ခွဲ မရှိသော ဒေသများ အထိ အိမ်တိုင်ရာရောက် စနစ်ဖြင့် တစ်နေရာမှ တစ်နေရာ ငွေများ အလွယ်တကူ ပေးပို့နိုင်ခြင်းမှ MCB အတွက် ဝန်ဆောင်ခများ နောက်ထပ် ရရှိရန် မျှော်လင့်ရပါသည်။

အီလက်ထရွန်နစ် ငွေပေးချေမှု စနစ် စတင် ဆောင်ရွက်ခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးပန်ကြီးဌာန သို့ သွင်းကုန် လိုင်စင်ကြေးများ ပေးသွင်းရာတွင် နေပြည်တော်သို့ ကိုယ်တိုင် သွားရောက်ရန် မလိုဘဲ ဆောင်ရွက်နိုင်ရန် အတွက် ၂၀၁၇-ခုနှစ် စက်တင်ဘာလ ၁-ရက်နေ့တွင် e-payment စနစ် တစ်ရပ်ကို စတင် ဆောင်ရွက်ခဲ့ပါသည်။ ယင်းစနစ် အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးပန်ကြီးဌာန ၌ ဖွင့်လှစ်ထားရှိသည့် ကျွန်ုပ်တို့ MCB ဘဏ်၏ ပန်းဘဲတန်းဘဏ်ခွဲတွင် လိုင်စင်ကြေးများကို စာရင်း ဖွင့်လှစ် ပေးသွင်းပြီး၊ နေပြည်တော်ရှိ ကုန်သွယ်ရေး ဝန်ကြီးဌာနသို့ အွန်လိုင်းမှ တစ်ဆင့် လွှဲပြောင်းပေးနိုင်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ဤစနစ်ကို ကုမ္ပဏီပေါင်း ၁၂,၉၅၂ ခုက သွင်းကုန်လိုင်စင်ပေါင်း ၁၈၂,၈၃၂ ၊ လိုင်စင်ကြေးပေါင်း ကျပ် ၄,၁၇၀.၀၄ သန်း အတွက် အသုံးပြုခဲ့ကြရာ၊ ကျွန်ုပ်တို့ MCB ဘဏ် အတွက် ဘဏ်လုပ်ငန်း ဝန်ဆောင်ခ ကျပ် ၉၁.၄၂ သန်း ရရှိခဲ့ပါသည်။

ဖော်ပြပါ စနစ်၏ လုပ်ငန်း တိုးတက်မှု အခြေအနေကို အောက်ပါ အတိုင်း တွေ့နိုင်ပါသည်။

(ကျပ်သန်းပေါင်း)

ဘဏ္ဍာနှစ်	ဖွင့်လှစ်သည့် ဘဏ်စာရင်း အရေအတွက်	သွင်းကုန် လိုင်စင် အရေအတွက်	ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပို့ငွေ	ဘဏ်လုပ်ငန်း ဝန်ဆောင်ခ
၂၀၀၇-၂၀၀၈	၂,၂၄၉	၁၆,၈၁၀	၁၉၉.၅၉	၀.၅၄
၂၀၀၈-၂၀၀၉	၇၉၈	၃၇,၀၂၂	၄,၂၂.၄၁	၃.၆၅
၂၀၀၉-၂၀၁၀	၇၃၁	၄၅,၀၇၉	၅၂၀.၉၀	၄.၅၁
၂၀၁၀-၂၀၁၁	၇၁၁	၅၈,၃၉၁	၆၄၇.၈၀	၂၁.၈၆
၂၀၁၁-၂၀၁၂	၅,၅၉၀	၆၆,၆၄၀	၈၁၂.၈၈	၃၃.၃၃
၂၀၁၂-၂၀၁၃	၇,၂၀၄	၇၇,၄၇၉	၃,၂၇၇.၉၄	၃၈.၇၄
၂၀၁၃-၂၀၁၄	၉,၀၂၆	၂၅၅,၆၃၁	၃,၃၄၇.၉၇	၇၄.၀၃
၂၀၁၄-၂၀၁၅	၁၀,၇၃၂	၁၇၀,၉၆၀	၃,၈၀၉.၄၅	၈၅.၄၈
၂၀၁၅-၂၀၁၆	၁၂,၉၅၂	၁၈၂,၈၃၂	၄,၁၇၀.၀၄	၉၁.၄၂

ဘဏ်၏ ကြေပ်မတ်ခြင်းနှင့် စာရင်းစစ်ဆေးခြင်း

[ကျွန်ုပ်တို့ MB ဘဏ်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် စည်းမျဉ်း ကြေပ်မတ်စစ်ဆေးခြင်းကို အချိန်အခါ သင့်တော်စွာ ဆောင်ရွက်ခဲ့ပြီး၊ ယင်းဘဏ္ဍာနှစ် အတွက် စာရင်းစစ်ဆေးခြင်းကို U Hla Tun & Associates Limited က တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။]

ထို့ပြင်၊ မြန်မာနိုင်ငံတော် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ ပုဒ်မ-၄၉ နှင့် အညီ စာရင်းစစ်ကော်မတီကို အစုရှယ်ယာရှင်များက ရွေးချယ် ခန့်ထားသည့် အဖွဲ့ဝင် သုံးဦးဖြင့် ဖွဲ့စည်းထားပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း စာရင်းစစ်ကော်မတီ အနေဖြင့် ဘဏ်၏ အပ်ငွေလုပ်ငန်း၊ ချေးငွေလုပ်ငန်း၊ စာရင်းကိုင်လုပ်ငန်းနှင့် စီမံအုပ်ချုပ်ရေး လုပ်ငန်းများကို စောင့်ကြေပ်စစ်ဆေးရေး ဆိုင်ရာ အစည်းအဝေး ၁၂-ကြိမ် ကျင်းပခဲ့သည့် အပြင်၊ ဝင်ငွေ-အသုံးစရိတ်၊ ၃-လပတ် စာရင်း စိစစ်ချက်နှင့် နှစ်ပတ်လည် စာရင်း စိစစ်ချက်တို့ အတွက် အစည်းအဝေးများကိုလည်း လစဉ် ကျင်းပခဲ့ပါသည်။ စာရင်းစစ်ကော်မတီ အနေဖြင့် ဘဏ္ဍာတိုက်ရှိ ငွေသား လက်ကျန်နှင့် ချေးငွေ ဆိုင်ရာ အာမခံ အစီအစဉ်များကိုလည်း စစ်ဆေးပါသည်။ ထို့ပြင်၊ အပ်ငွေ၊ ချေးငွေနှင့် အခြား ဘဏ္ဍာရေး ကိစ္စများနှင့် စပ်လျဉ်း၍ ကုမ္ပဏီနှင့် ဒါရိုက်တာအဖွဲ့ထံ အကြံဉာဏ်များလည်း ပေးပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့် အညီ အတွင်းစာရင်းစစ် လုပ်ငန်းတာဝန်ကို စာရင်းစစ်ကော်မတီ၏ တိုက်ရိုက် ကြီးကြေပ်မှုအောက်တွင် ထားရှိပါသည်။ အတွင်းစာရင်းစစ် လုပ်ငန်းတာဝန်များတွင် နေ့စဉ်စာရင်းများ၊ ချေးငွေလုပ်ငန်းရပ်များနှင့် စီမံအုပ်ချုပ်ရေး လုပ်ငန်းရပ်များကို စဉ်ဆက်မပြတ် စောင့်ကြေပ်စစ်ဆေးခြင်း၊ လစဉ်ရှင်းတမ်းများနှင့် ဘဏ္ဍာတိုက် ငွေသားလက်ကျန်ကို အခါအားလျော်စွာ စာရင်းစစ်ခြင်း၊ နေ့စဉ် ငွေသားလက်ကျန်နှင့် ဘဏ်ခွဲများကို စစ်ဆေးခြင်းတို့ ပါဝင်ပါသည်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး

ကျွန်ုပ်တို့ အနေဖြင့် မြန်မာနိုင်ငံတော်ဘဏ်များ အသင်းမှ ဖွင့်လှစ် ပို့ချသော ဘဏ်လုပ်ငန်း ဆိုင်ရာ စာတွေ့လက်တွေ့ သင်တန်းများကို လည်းကောင်း၊ နိုင်ငံခြားဘဏ်များက လာရောက် ဖွင့်လှစ် ပို့ချသော နိုင်ငံတကာ ဘဏ်လုပ်ငန်း ဆိုင်ရာ သင်တန်းများနှင့် ဟောပြောပွဲများကိုလည်းကောင်း မိမိတို့ အလုပ်သမားများ တက်ရောက်နိုင်ရေး စီစဉ်ပေးထားပါသည်။ ထို့ပြင် မိမိတို့ အလုပ်သမားများကို Visa နှင့် MasterCard ကဲ့သို့ နိုင်ငံတကာကတ် ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်သည့် သင်တန်းများ အတွက် ထိုင်းနိုင်ငံသို့လည်း စေလွှတ်ခဲ့ပါသည်။ MCB ဘဏ် အနေဖြင့် ပိုမို ထိရောက်မှု ရှိစေရေး အတွက် မိမိ၏ ဖွဲ့စည်းတည်ဆောက်ပုံကို ပြောင်းလဲ ပြင်ဆင်ပြီး၊ လူသားအရင်းအမြစ် စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်သွားရန် ရည်ရွယ်ထားပါသည်။

ဘဏ္ဍာရေး ခိုင်မာမှု အခြေအနေ

ဘဏ္ဍာရေး ခိုင်မာမှုကို တိုင်းတာရာတွင် မတည်ငွေရင်း လုံလောက်မှု အချိုး (Capital Adequacy Measurement) မှာ ၂၀၁၅-ခုနှစ် မတ်လ ၃၁-ရက်နေ့ အခြေအနေ အရ ၇၀.၂၄%၊ ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့ အခြေအနေ အရ မှာ ၇၃.၅၁% ဖြစ်ပါသည်။ ငွေသား အချိုး (Cash Ratio) မှာ ၂၀၁၅-ခုနှစ် မတ်လ ၃၁-ရက်နေ့ အခြေအနေ အရ ၃၂.၇၁%၊ ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့ အခြေအနေ အရ မှာ ၄၃.၂၉% ဖြစ်ပါသည်။ တိုး/ရင်းပျက်ကွက် ချေးငွေ အချိုး (NPL ratio) မှာ ၂၀၁၅-ခုနှစ် မတ်လ ၃၁-ရက်နေ့ အခြေအနေ အရ ၂.၂၁%၊ ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့ အခြေအနေ အရ မှာ ၂.၀၆% ဖြစ်ပါသည်။ ယင်း ကိန်းဂဏန်းတို့က ကျွန်ုပ်တို့ MCB ဘဏ်၏ ဘဏ္ဍာရေး ခိုင်မာမှုကို ထင်ရှားပြနေပါသည်။

MCB ၏ ဘဏ္ဍာရေး အခြေအနေကို အောက်ပါ အတိုင်း တွေ့နိုင်ပါသည် -

		ဗဟိုဘဏ် သတ်မှတ်ချက်	၂၀၁၆ မတ်လ ၃၁-ရက်နေ့ရှိ အခြေအနေ
က.	ငွေဖြစ်လွယ်မှု အချိုး (Liquidity Ratio)	၂၀.၀၀%	၄၉.၆၇%
ခ.	သီးသန့်ငွေ လိုအပ်ချက် (Reserve Requirement)	ကျပ် ၆, ၀၀၇ သန်း၊ (၀) အပ်ငွေ စုစုပေါင်း၏ ၅%	ကျပ် ၇, ၉၄၉ သန်း ရှိ၍ လုံလောက်သည်
ဂ.	မတည်ငွေရင်း လုံလောက်မှု အချိုး (Capital Adequacy Measurement)	၁၀.၀၀%	၇၃.၅၁%
ဃ.	တိုး/ရင်း ပျက်ကွက် ချေးငွေ အချိုး (NPL ratio)	-	၂.၆၉%

* အထက်ပါ NPL အချိုးသည် အောက်တွင်ဖော်ပြထားသည့်အတိုင်း ဗဟိုဘဏ်က ပြင်ဆင်ထားသော NPL အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အခြေခံထားခြင်းဖြစ်သည်။

- Watch Loans : ၃၁-၆၀ ရက်ကာလအတွက် အတိုး/အရင်း ပေးချေမှုပျက်ကွက်ခြင်း။
- Sub-standard Loans : ၆၁-၉၀ ရက်ကာလအတွက် အတိုး/အရင်း ပေးချေမှုပျက်ကွက်ခြင်း။
- Doubtful Loans : ၉၁-၁၈၀ ရက်ကာလအတွက် အတိုး/အရင်း ပေးချေမှုပျက်ကွက်ခြင်း။
- Bad Loans : ၁၈၀ ရက်ထက်ပိုသော ကာလအတွက် အတိုး/အရင်း ပေးချေမှုပျက်ကွက်ခြင်း။

၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်တို့ ဆိုင်ရာ ငွေသား စီးဆင်းမှု ရှင်းတမ်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(ကျပ်ထောင်ပေါင်း)

	၂၀၁၅-၂၀၁၆	၂၀၁၄-၂၀၁၅
(၁) လုပ်ငန်းဆောင်ရွက်ချက်များ အရ ငွေသားစီးဆင်းမှုများ		
အတိုးရငွေနှင့် ကော်မရှင်ရငွေ	၂၁,၉၂၅,၃၈၁	၁၄,၃၂၁,၉၈၈
အတိုးစရိတ်ပေးငွေ	(၈,၉၉၄,၇၆၀)	(၆,၀၇၉,၉၁၃)
ဝန်ထမ်းများနှင့် အခြားသူများသို့ ပေးငွေများ	(၅,၄၆၃,၄၃၉)	(၂,၈၃၃,၁၁၉)
လုပ်ငန်းဆောင်ရွက်မှု ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ ပြောင်းလဲမှုများ မပါဝင်သေးသော လုပ်ငန်းဆောင်ရွက်မှု အမြတ်	၇,၄၆၇,၁၈၂	၅,၄၀၈,၉၅၆
လုပ်ငန်းဆောင်ရွက်မှု ရပိုင်ခွင့်များ ပြောင်းလဲမှု		
ချေးငွေနှင့် စာရင်းပိုထုတ်ငွေ	(၂၈,၁၅၉,၀၆၉)	(၂၆,၂၆၈,၃၄၆)
ရရန်ရှိငွေများနှင့် ကြိုတင်ပေးငွေများ	(၂၆၀,၉၁၉)	(၃,၃၁၄,၇၃၁)
လုပ်ငန်းဆောင်ရွက်မှု ပေးရန်တာဝန်များ ပြောင်းလဲမှု		
ဆက်သွယ်ဆောင်ရွက်သူများထံမှ အပ်ငွေများ	၄၁,၁၉၁,၃၂၈	၂၆,၂၃၀,၅၁၄
အခြား ပေးရန်တာဝန်များ	၆,၁၉၈,၁၄၅	၁,၈၃၄,၃၃၈

ဝင်ငွေခွန် မနုတ်မီ လုပ်ငန်းဆောင်ရွက်မှု အရ အသားတင် ငွေသားစီးဆင်းမှု	၂၆,၄၃၆,၆၆၇	၃,၈၉၀,၇၃၁
ဝင်ငွေခွန် ပေးချေငွေ	(၁,၇၇၀,၀၀၀)	(၁,၂၈၁,၄၀၀)
လုပ်ငန်းဆောင်ရွက်မှုများ အရ အသားတင် ငွေသားစီးဆင်းမှု	၂၄,၆၆၆,၆၆၇	၂,၆၀၉,၃၃၁
(၂) ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ချက်များ အရ ငွေသားစီးဆင်းမှုများ		
အစိုးရငွေတိုက်စာချုပ်များ၊ ရင်းနှီးမြှုပ်နှံမှုများ	(၁၉,၂၃၁,၂၇၅)	(၁၂,၈၃၂,၇၇၅)
ပုံသေပိုင် ပစ္စည်းများ ဝယ်ယူမှု	(၃,၀၇၀,၈၁၁)	(၁,၇၈၈,၈၆၈)
ပုံသေပိုင် ပစ္စည်းများ ရောင်းရငွေ	-	၃၅,၃၀၀
အမြတ်ဝေစု ရရှိခြင်း	၂၁၈	၁၇၀
အခြား ရပိုင်ခွင့်များ (ရွှေ့ဆိုင်း အသုံးစရိတ်)	-	(၄၀,၈၀၁)
ရင်းနှီးမြှုပ်နှံမှုများမှ အသားတင် ငွေသား စီးဆင်းမှု	(၂၂,၃၀၁,၈၆၈)	(၁၄,၆၂၆,၉၇၄)
(၃) ဘဏ္ဍာရေး ဆိုင်ရာ ဆောင်ရွက်ချက်များ အရ ငွေသားစီးဆင်းမှုများ		
အစုရှယ်ယာများ ထုတ်ဝေ ရောင်းချခြင်း	၁၄,၆၇၀,၄၈၀	၂၁,၆၁၄,၅၃၇
အမြတ်ဝေစု ထုတ်ပေးခြင်း	(၂,၂၁၆,၂၀၁)	(၁,၅၁၅,၇၅၄)
ဘဏ္ဍာရေး ဆိုင်ရာ ဆောင်ရွက်ချက်များမှ အသားတင် ငွေသားစီးဆင်းမှုများ	၁၂,၄၅၄,၂၇၉	၂၀,၀၉၈,၇၈၃
ငွေနှင့် ငွေသားညီမျှသော ကိရိယာများ အသားတင် တိုး/(လျော့)မှု = (၁+၂+၃)	၁၄,၈၁၉,၀၇၈	၈,၀၈၁,၁၄၀
နှစ်စရှိ ငွေနှင့် ငွေသားညီမျှသော ကိရိယာများ လက်ကျန် (ဇယားလ ၁-ရက်)	၂၅,၅၉၇,၅၂၁	၁၇,၅၁၆,၃၈၁
နှစ်ဆုံးရှိ ငွေနှင့် ငွေသားညီမျှသော ကိရိယာများ လက်ကျန် (မတ်လ ၃၁-ရက်)	၄၀,၄၁၆,၅၉၉	၂၅,၅၉၇,၅၂၁

ငွေဖြစ်လွယ်မှုနှင့် မတည်ငွေ အတွက် အရင်းအမြစ်များ (Liquidity and Capital Resources)

MCB ၏ ငွေဖြစ်လွယ်မှု အရင်းအမြစ်များမှာ အောက်ပါ လက်ငင်း ရရန်ပိုင်ခွင့်များ ဖြစ်ပါသည် -

- MCB ရှိငွေ
- မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရှိငွေ
- အခြားဘဏ်များရှိ ငွေ
- ကာလတို ရင်းနှီးမြှုပ်နှံမှုများ (အစိုးရငွေတိုက်စာချုပ်၊ အခြားဘဏ်များရှိ အချိန်ပိုင်း/ပုံသေ အပ်နှံငွေ)
- ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေ
- ကြိုတင်ပေးငွေနှင့် ရရန်ရှိငွေများ

ဘဏ်အချင်းချင်း ချေးငွေများ (Interbank Borrowings)

ဘဏ်အချင်းချင်း ချေးငွေကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဝယ်ယူထားသော အစိုးရငွေတိုက်စာချုပ်များကို လက်ရောက် အပေါင်ပေးလျက် ပြုလုပ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် လက်ငင်းတွင် ချေးငွေရယူထားခြင်းမရှိပါ။

၁၉၉၀-ခုနှစ် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအား အထောက်အထားပြုလျက် ကျွန်ုပ်တို့ MCB ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းတို့သည် မိမိတို့၏ ဘဏ္ဍာရေး အခြေအနေကို လုံလောက်စွာ ထင်ဟပ်ပြသပါသည်။ ဤဘဏ္ဍာရေးရှင်းတမ်းတို့တွင် ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ် အတွက်

အစုရှယ်ယာရှင်များ ရပိုင်ခွင့် ပြောင်းလဲမှု ရှင်းတမ်း (statement of changes in equity) ၊ ဝင်ငွေ ရှင်းတမ်းနှင့် ငွေသားစီးဆင်းမှု ရှင်းတမ်းတို့ ပါဝင်ပါသည်။

ကျွန်ုပ်တို့ MCB ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာကုမ္ပဏီများ အက်ဥပဒေနှင့် မြန်မာဘဏ္ဍာရေး အစီရင်ခံခြင်းစံများနှင့် အညီ သက်ဆိုင်ရာ မတ်လ ၃၁-ရက်နေ့ ကုန်ဆုံးသော နှစ် အသီးသီး အတွက် ဘဏ်၏ ဘဏ္ဍာရေး အခြေအနေနှင့် ထိုနေ့ ကုန်ဆုံးသောနှစ် အတွက် ဘဏ်၏ လုပ်ငန်းရလဒ်များကို မှန်ကန်လုံလောက်စွာ ဖော်ပြပါသည်။

သုံးသပ်ချက်

ပြည်တွင်းဘဏ်လုပ်ငန်းနှင့် နိုင်ငံခြားဘဏ်လုပ်ငန်း နှစ်မျိုးလုံးတွင် တိုးတက်မှု ရှိ၍ အမြတ်ငွေတွင်လည်း လိုက်လျောညီထွေ တိုးတက်မှု ရှိကြောင်း တွေ့ရပါသည်။

ပြီးခဲ့သော ဘဏ္ဍာရေးကာလနှင့် နှိုင်းယှဉ်ပါက ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့ ကုန်ဆုံးသည့် ဘဏ္ဍာရေးကာလ၌ အစုရှယ်ယာရှင်များ ပိုင်ဆိုင်သော Shareholders' equity မှာ အောက်ပါ အတိုင်း တိုးတက်လာပါသည် -

(ကျပ်သန်းပေါင်း)

		၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်
က.	ထည့်ဝင် [ပေးသွင်း] ပြီး မတည်ငွေရင်း	၄၉,၈၆၉.၇၇	၃၇,၁၁၂.၈၃
ခ.	ဥပဒေ အရ ထားရှိရသော သီးသန့် ရန်ပုံငွေ	၄,၃၂၂.၈၅	၂,၉၉၁.၂၃
ဂ.	အခြား သီးသန့် ရန်ပုံငွေ	၂,၃၁၅.၅၂	၁,၇၄၇.၃၃
ဃ.	ရှယ်ယာ ပရီမီယံ	၄,၇၉၉.၄၆	၂,၈၈၅.၉၂
င.	မခွဲဝေသေးသော အမြတ်	၈၄.၀၂	၈၆.၈၀
စ.	ငွေကြေးလဲလှယ်မှုဆိုင်ရာ ထိန်းညှိခြင်း ရန်ပုံငွေ (Exchange Equalization Fund)	၇၅.၁၈	၇၅.၁၈
	ပေါင်း	**၆၁,၄၆၆.၇၉**	**၄၄,၈၉၉.၂၉**

၉။ အစုရှယ်ယာထုတ်ဝေသူ၏ စီမံခန့်ခွဲမှု၊ အစုရှယ်ယာရှင်များ နှင့် အစုရှယ်ယာများ ဆိုင်ရာအကြောင်းအရာ ဒါရိုက်တာအဖွဲ့ဝင်များ

အမည်	မွေးနေ့သက္ကရာဇ်၊ (ကျား/မ)၊ နိုင်ငံသား	လိပ်စာ	ဒါရိုက်တာ အဖွဲ့ဝင် စဖြစ်သည့် နေ့	(၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက် အချက်အလက်များ အရ) ပိုင်ဆိုင်သည့် အစုရှယ်ယာပေါင်း
ဦးတိုးအောင်မြင့်	- ၂၃ သြဂုတ် ၁၉၅၈ - (ကျား) - မြန်မာ	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ နေပြည်တော်	၂၄ ဇွန် ၂၀၁၁	မရှိပါ
ဦးမောင်မောင်တင်	- ၂၉ အောက်တိုဘာ ၁၉၆၆ - (ကျား) - မြန်မာ	အမှတ် ၁၈၇၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်မြို့	၂၇ ဇူလိုင် ၂၀၁၃	၂,၀၀၀ ၊ တိုက်ရိုက် ပိုင်ဆိုင်သည်။
ဦးမြင့်ဝင်း	- ၁ သြဂုတ် ၁၉၅၁ - (ကျား) - မြန်မာ	အမှတ် ၁၂၊ စက်ဆန်း၊ မင်္ဂလာတောင်ညွှန့်	၂၄ မေ ၂၀၁၁	၂,၇၀၀ ၊ တိုက်ရိုက် ပိုင်ဆိုင်သည်။
ဦးစိုးနိုင် @ ဦးကိုကိုကြီး	- ၁၆ ဒီဇင်ဘာ ၁၉၆၃ - (ကျား) - မြန်မာ	အမှတ် ၁၂၆/A၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့	၁၁ ဇူလိုင် ၂၀၁၅	Capital Diamond Star Group ၏တိုက်ရိုက် ပိုင်ဆိုင်မှုမှ တစ်ဆင့် ၁,၁၃၇, ၀၀၀ ပိုင်ဆိုင်သည်။ Diamond Star Group (DSG) ၏ တိုက်ရိုက် ပိုင်ဆိုင်မှုမှ တစ်ဆင့် ၉,၂၅,၁၆၀ ပိုင်ဆိုင်သည်။ Capital Financial Holding Co Ltd ၏ တိုက်ရိုက်ပိုင်ဆိုင်သည် ၂၀၀,၀၀၀ ပိုင်ဆိုင်သည်။

ဦးလှဦး	- ၁၂ ဖွန် ၁၉၆၈ - (ကျား) - မြန်မာ	အမှတ် ၂၂၊ ဘုရင့်နောင်လမ်း။ သီရိမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	၂၇ ဇူလိုင် ၂၀၁၃	VSK International Ltd. မှ တစ်ဆင့် ၂၀၀,၀၀၀ ပိုင်ဆိုင်သည်။ Good Brother's Co., Ltd. မှ တစ်ဆင့် ၄၅၀,၀၀၀ ပိုင်ဆိုင်သည်။ Good Brothers' Machinery Co., Ltd. မှ တစ်ဆင့် ၄၀၀, ၀၀၀ ပိုင်ဆိုင်သည်။
ဦးထွန်းလွင်	- ၁၈ သြဂုတ် ၁၉၆၈ - (ကျား) - မြန်မာ	အမှတ် ၇၈၅/၇၈၇၊ ၁၁-လွှာ(ယာ)၊ ၁၃-လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့	၁၃ ဇူလိုင် ၂၀၁၄	Shwe Me' Co., Ltd. မှ တစ်ဆင့် ၆၀၀,၀၀၀ ပိုင်ဆိုင်သည်။
ဦးအုန်းဆိုင်	- ၂၂ ဒီဇင်ဘာ ၁၉၅၇ - (ကျား) - မြန်မာ	အမှတ် ၇၇၁၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့	၁၁ ဇူလိုင် ၂၀၁၅	Star Union Investment Ltd. မှ တစ်ဆင့် ၂၀၅,၀၀၀ ပိုင်ဆိုင်သည်။
ဦးဇေယျာသူရမွန်	- ၂၅ အောက်တိုဘာ ၁၉၆၆ - (ကျား) - မြန်မာ	အမှတ် ၉/ ၁၀ (ခ)၊ Palm Court Villa ၊ မရမ်းကုန်းမြို့နယ်	၂၇ ဇူလိုင် ၂၀၁၃	Zeya & Associates Co., Ltd. မှ တစ်ဆင့် ၁၁,၀၀၀ ပိုင်ဆိုင်သည်။ ၁၀,၀၀၀ တိုက်ရိုက်ပိုင်ဆိုင်သည်။
ဦးအောင်အောင်	- ၂၄ ဖွန် -၁၉၇၁ - (ကျား) - မြန်မာ	အမှတ် ၁၆၊ ၂-လမ်း၊ လှိုင်ရတနာမွန် အိမ်ရာ၊ အင်းစိန်လမ်း၊ ၁၂-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊	၂၇ ဇူလိုင် ၂၀၁၃	၁၀,၀၀၀ ၊ တိုက်ရိုက် ပိုင်ဆိုင်သည်။ Ahtar Oo Co., Ltd. မှ တစ်ဆင့် ယာယီ ၆၀, ၀၀၀ ပိုင်ဆိုင်သည်။
ဦးရန်နိုင်ထွန်း	- ၃၀ ဒီဇင်ဘာ ၁၉၆၃ - (ကျား) - မြန်မာ -	အမှတ် ၅၁၁ (ဘီ) ၊ ဇေယျသိဒ္ဓိရပ်ကွက်၊ စံပယ်အိမ်ရာ၊ နေပြည်တော်။	၃၀ ဇူလိုင် ၂၀၁၆	-
ဦးဖော်လင်းထွန့် (သီးခြားလွတ်လပ်သော ဒါရိုက်တာ)	- ၈ ဖေဖော်ဝါရီ ၁၉၇၂ - (ကျား) - မြန်မာ	အမှတ် ၂၆၊ အင်္ဂပူလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။	၃၀ ဇူလိုင် ၂၀၁၆	-
ဒေါက်တာ ဦးမောင်အောင် (သီးခြား လွတ်လပ်သော ဒါရိုက်တာ)	- ၃၀ ဖွန် ၁၉၅၂ - (ကျား) - မြန်မာ	အခန်း (၆၀၄)၊ တက္ကသိုလ်ရိပ်မွန်အိမ်ယာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။	၃၀ ဇူလိုင် ၂၀၁၆	-

ကိုယ်ရေးအချက်အလက်များ

ဦးတိုးအောင်မြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်)

ဦးတိုးအောင်မြင့်၏ မွေးနေ့သက္ကရာဇ်မှာ ၂၃ သြဂုတ် ၁၉၅၈ ဖြစ်ပြီး၊ အဘအမည်မှာ ဦးရဲမြင့် ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ Bachelor of Science (Geology) ဖြစ်ပါသည်။ ၎င်းသည် MCB ၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပြီး MCB ၏ ဥက္ကဋ္ဌ ရာထူးတွင် တာဝန် ထမ်းဆောင်နေပါသည်။ ၎င်းသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၏ အမြဲတမ်း အတွင်းဝန်လည်း ဖြစ်ပါသည်။

ဦးမြင့်ဝင်း (အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်)

ဦးမြင့်ဝင်း၏ မွေးနေ့သက္ကရာဇ်မှာ ၁-၈-၁၉၅၁ ဖြစ်ပြီး၊ အဘအမည် ဦးကျော်ညိမ်း ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ A.G.T.I (M.T) နှင့် B.E (Mech) တို့ ဖြစ်ကြပါသည်။ ၎င်းသည် MCB ၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပြီး၊ တွင် ၂၀၁၂-ခုနှစ် ဧပြီလ ၂-ရက်နေ့ကတည်းက MCB တွင် ရောက်ရှိနေခြင်း ဖြစ်ပါသည်။ ၎င်းအနေဖြင့် ကုန်သွယ်ရေးဝန်ကြီးဌာနခ ၌လည်း ၁၉၇၆-ခုနှစ် ဇန်နဝါရီလ ၅-ရက်နေ့မှ ၂၀၁၂-ခုနှစ် မတ်လ ၃၁-ရက်နေ့ထိ ကာလ အတွင်း ဒုတိယ စက်ရုံမှူးနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် စသည့် ရာထူးနေရာ အမျိုးမျိုးတို့တွင် တာဝန် ထမ်းဆောင်ခဲ့ပါသည်။

ဦးမောင်မောင်တင် (ဒါရိုက်တာ ၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်)

ဒေါက်တာ မောင်မောင်တင်သည် သမိုင်း၊ ဥပဒေ၊ ဝါဏိဇ္ဇဗေဒနှင့် စီးပွားရေး ဘာသာရပ်တို့တွင် ဒီပလိုမာ လက်မှတ်များ၊ ဘွဲ့ဒီဂရီများဖြင့် အလွန် ထူးချွန်သော ပညာ အရည်အချင်းများ ရရှိထားသူ ဖြစ်ပါသည်။ ၎င်းသည် Gems 2006 Pte Ltd ၏ CEO ဖြစ်ပြီး၊ Farmer Phoeyazar Group of Companies ၏ CEO နှင့် Managing Director လည်း ဖြစ်ပါသည်။

ဦးစိုးနိုင် @ ဦးကိုကိုကြီး (ဒါရိုက်တာ ၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်)

မိသားစု စီးပွားရေးလုပ်ငန်းဖြစ်သည့် Diamond Star Co., Ltd. တွင် အုပ်ချုပ်မှုဒါရိုက်တာ အဖြစ် ၁၉၉၆ခုနှစ်တွင် လုပ်ကိုင်ခဲ့ပါသည်၊ ယခု အခါ Capital Diamond StarGroup Managing Director နှင့် Capital Diamond Star Foundation ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေပါသည်။

ဦးလှဦး (ဒါရိုက်တာ ၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်)

ဦးလှဦးသည် Good Brother's Co., Ltd နှင့် Good Brother's Machinery Co., Ltd တို့၏ Executive Director ဖြစ်ပါသည်။ ၎င်းသည် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ (SME) နှင့် စက်မှုလက်မှု ငွေကြေး ထောက်ပံ့ရေး ဆိုင်ရာ အတွေ့အကြုံ များစွာ ရှိသူဖြစ်ပါသည်၊ SME ချေးငွေများနှင့် ပတ်သက်၍ အကြံဉာဏ်များ ပေးခြင်း၊ ဒေသတွင်း စီးပွားရေး ပတ်ဝန်းကျင် အတွင်း လိုက်လျောညီထွေ ဖြစ်ရေး အတွက် မည်သို့ ပြုပြင် ပြောင်းလဲနိုင်ကြောင်း ထောက်ပြခြင်းတို့ဖြင့် ကျွန်ုပ်တို့ MCB ဘဏ် သို့ အကျိုးပြု ဆောင်ရွက်လျက် ရှိပါသည်။

ဦးဇေယျသူရမွန် (ဒါရိုက်တာ ၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်)

ဦးဇေယျသူရမွန်သည် B.A in History နှင့် A.G.T.I (Mechanical Power) ပညာ အရည်အချင်းများ ရရှိထားပြီး၊ Zeya & Associate Co., Ltd. ၏ ဥက္ကဋ္ဌ / CEO ဖြစ်ပါသည်၊ အစိုးရဝန်ကြီးဌာနများနှင့် ပြည်တွင်း သုံးစွဲသူများ အတွက် လိုအပ်သော နာမည်ကြီး လျှပ်စစ်ပစ္စည်းများကို တင်သွင်း ရောင်းချရာတွင် အဓိက ကျွမ်းကျင်သူ

ဖြစ်ပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံတော် မြောက်ပိုင်း၌ လေစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်ရေး အတွက် ဖြစ်နိုင်ခြေ လေ့လာဆန်းစစ်ချက် တစ်ရပ်ကို ဆောင်ရွက်လျက် ရှိပါသည်။

ဦးအောင်အောင် (ဒါရိုက်တာ ၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်)

ဦးအောင်အောင်သည် Computer Science နှင့် MBA ဘွဲ့များ ရရှိထားပြီး၊ မြန်မာနိုင်ငံတော် ကွန်ပျူတာ အသင်းချုပ်တွင် အလုပ်အမှုဆောင် ကော်မတီဝင် တစ်ဦး ဖြစ်ကာ၊ ICT ပညာရေးနှင့် အတိုင်ပင်ခံလုပ်ငန်းတို့တွင် တက်တက်ကြွကြွ ဆောင်ရွက်နေသူ ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ပုဂ္ဂလိကပိုင် IT ကုမ္ပဏီ တစ်ခု ဖြစ်သော Ahtaroo Co., Ltd ကို တည်ထောင် လုပ်ကိုင်နေပြီး၊ MCB ၏ ဒါရိုက်တာအဖွဲ့တွင် ပါဝင် ဆောင်ရွက်လျက် ရှိပါသည်။ ၎င်းအနေဖြင့် MCB ၏ Mobile money လုပ်ငန်း အကောင်အထည်ဖော်ရေးကို ၂၀၁၃-ခုနှစ်ကတည်းက ကြီးကြပ်ပေးနေသူ ဖြစ်ပါသည်။

ဦးထွန်းလွင် (ဒါရိုက်တာ ၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်)

ဦးထွန်းလွင်သည် ရန်ကုန်တက္ကသိုလ်မှ Bachelor of Science ဘွဲ့ ရရှိထားပြီး၊ ၂၀၀၀-ခုနှစ် ကတည်းက Shwe Me` Industrial Co., Ltd ၏ MD အဖြစ် လည်းကောင်း၊ ၂၀၁၁-ခုနှစ်တွင် Shwe Me` Logistics Services Co., Ltd ၏ MD အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းသည် ၂၀၁၂-ခုနှစ်မှ စ၍ Myanmar Agricultural & General Development Public ၏ ဥက္ကဋ္ဌ အဖြစ် တာဝန် ထမ်းဆောင်လျက် ပါသည်။

ဦးအုန်းဆိုင် (ဒါရိုက်တာ ၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်)

ဦးအုန်းဆိုင်သည် ၁၉၉၁-ခုနှစ်ကတည်းက တွင် New Golden Gate (1991) Co., Ltd. ၏ ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ Shwe Taw Win International Trading Co., Ltd ၏ MD လည်း ဖြစ်ပါသည်။ ၎င်းသည် ၂၀၁၀-ခုနှစ်မှ ၂၀၁၄-ခုနှစ် အတွင်း ရန်ကုန်တိုင်းဒေသကြီး ဆိုင်ရာ စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ယခုအခါ Myanmar Onion, Garlic and Culinary Production and Exporting Association ၏ အကြံပေးပုဂ္ဂိုလ် အဖြစ် ဆောင်ရွက်နေပါသည်။

ဦးရန်နိုင်ထွန်း (ဒါရိုက်တာ ၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်)

ဦး ရန်နိုင်ထွန်း၏ မွေးနေ့သက္ကရာဇ်မှာ ၃၀ ဒီဇင်ဘာ ၁၉၆၃ ဖြစ်ပြီး၊ အဘအမည်မှာ ဗိုလ်ကြီး မြင့်ခိုင် (ငြိမ်း)ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ Bachelor of (B.A) in Histroy ဖြစ်ပါသည်။ ၎င်းသည် MCB ၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ၏ ညွှန်ကြားရေးမှူးချုပ် လည်း ဖြစ်ပါသည်။

ဦးဇော်လင်းထွဋ် (သီးခြားလွတ်လပ်သော ဒါရိုက်တာ၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်)

ဦးဇော်လင်းထွဋ် ၏ မွေးနေ့သက္ကရာဇ်မှာ ၈ ဖေဖော်ဝါရီ ၁၉၇၂ ဖြစ်ပြီး၊ အဘအမည်မှာ ဦးတင်ထွဋ် ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ Master of Banking and Finance, Master of Business Law, Master of Business Administration and Bachelor of Science in Geology ဖြစ်ပါသည်။ ၎င်းသည် နိုင်ငံပေါင်းစုံပါဝင်သောကုမ္ပဏီ နှင့် မြန်မာပြည်အခြေစိုက် ဦးဆောင်ဘဏ် တို့တွင် လုပ်ကိုင်ခဲ့ ဖူးပါသည်။

ဒေါက်တာဦးမောင်အောင် (သီးခြားလွတ်လပ်သော ဒါရိုက်တာ၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်)

ဒေါက်တာဦးမောင်အောင် ၏ မွေးနေ့သက္ကရာဇ်မှာ ၃၀ ဇွန် ၁၉၅၂ ဖြစ်ပြီး၊ အဘအမည်မှာ ဦးပိုက်ထွေး ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ Ph.D in Economics ဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံသားများ ဘဏ်လီမိတက် တွင် အကြံပေးပုဂ္ဂိုလ် ဖြစ်ပါသည်။

<u>ဒါရိုက်တာအဖွဲ့၏ အခန်းကဏ္ဍ</u>

မြန်မာနိုင်ငံတော်ကုမ္ပဏီများ အက်ဥပဒေတွင် သတ်မှတ် ပါရှိသည်တို့ အပြင်၊ ကျွန်တို့ ကုမ္ပဏီ (ဘဏ်) ၏ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ အုပ်ချုပ်ရေးပိုင်း ကိစ္စများ အတွက် တာဝန်ရှိပြီး၊ ၎င်း၏ သီးခြား တာဝန် ဝတ္တရားများတွင် အောက်ပါတို့ ပါဝင်ပါသည် -

- ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းတွင် ဖော်ပြထားသည့် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်ရန်၊
- ကုမ္ပဏီက ရယူရန် အခွင့်အာဏာရှိသော မည်သည့် ပိုင်ဆိုင်ပစ္စည်း၊ ရပိုင်ခွင့် သို့မဟုတ် အထူးအခွင့်အရေးကို မဆို ဒါရိုက်တာအဖွဲ့က သင့်သည် ထင်သော စည်းကမ်းသတ်မှတ်ချက်များဖြင့် ကုမ္ပဏီ အတွက် ဝယ်ယူ သို့မဟုတ် အခြားနည်း ရယူခြင်း၊
- မန်နေဂျာ၊ အတွင်းရေးမှူး၊ စာရင်းကိုင်၊ ငွေကိုင်၊ အရာရှိ၊ စာရေး၊ ကိုယ်စားလှယ်နှင့် ဝန်ထမ်းတို့ကို အမြဲတမ်း သို့မဟုတ် ယာယီ သို့မဟုတ် အထူး ဝန်ဆောင်မှုများ ပေးရန် အလို့ငှာ ဒါရိုက်တာအဖွဲ့က သင့်သည် ထင်သည့် အတိုင်း အခါအားလျော်စွာ ခန့်ထားခြင်း၊ ဒါရိုက်တာအဖွဲ့၏ သဘော အတိုင်း ရာထူးမှ ဖယ်ရှား သို့မဟုတ် ဆိုင်းငံ့ခြင်း၊ ထိုသို့ ခန့်ထားခြင်းခံရသူတို့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို သတ်မှတ်ပေးခြင်း၊ ၎င်းတို့၏ လစာ သို့မဟုတ် အခကြေးငွေများကို သတ်မှတ်ပေးခြင်းနှင့် ဒါရိုက်တာအဖွဲ့က သင့်သည် ထင်သည့် အတိုင်း အာမခံ တင်သွင်းစေခြင်း၊
- ကုမ္ပဏီက ပြုလုပ် ချုပ်ဆိုထားသည့် ပဋိညာဉ် သို့မဟုတ် သဘောတူညီချက် တစ်စုံတစ်ရာ၏ ဖြည့်ဆည်းဆောင်ရွက်မှုကို ကုမ္ပဏီပိုင် ပစ္စည်း အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသအား အာမခံပစ္စည်း သို့မဟုတ် အပေါင်ပစ္စည်း အဖြစ် ထား၍ သို့မဟုတ် ဒါရိုက်တာအဖွဲ့က သင့်သည် ထင်သော အခြားနည်းဖြင့် အာမခံခြင်း၊
- ကျွန်ုပ်တို့ ကုမ္ပဏီ သို့မဟုတ် ယင်း၏ အရာရှိ တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စများနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်း၊ တရားစီရင်မှုတွင် ခုခံကာကွယ်ခြင်း၊ ကြေအေးခြင်း၊ တရားစွဲဆိုမှုကို ရုပ်သိမ်းခြင်း၊ ထိုပြင်၊ ကုမ္ပဏီက သို့မဟုတ် ကုမ္ပဏီ အပေါ် တောင်းဆိုမှု၊ ကြွေးမြီ ပေးရန် အချိန်စေ့ရောက်မှု တစ်စုံတစ်ရာကို ပေးချေခြင်း၊ စွန့်လွှတ်ခြင်း၊ ညှိနှိုင်းခြင်း၊ အပေးအယူလုပ်ခြင်း သို့မဟုတ် ပေးချေရမည့် အချိန်ရှေ့ဆိုင်းခြင်း၊
- ကုမ္ပဏီ၏ ဘဏ္ဍာငွေများ အနက် ကုမ္ပဏီ၏ ကိစ္စများ အလို့ငှာ ငွေကြေး အဖြစ် ချက်ချင်း အသုံးမလိုသော တစ်စိတ်တစ်ဒေသကို ဒါရိုက်တာအဖွဲ့က သင့်သည် ထင်သည့် လုံခြုံရေးအာမခံ သို့မဟုတ် အခြား ကိစ္စတို့တွင် ၎င်းတို့ သင့်သည် ထင်သည့် နည်းလမ်းဖြင့် အခါအားလျော်စွာ ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံ ထားသည်တို့ကို ပြောင်းလဲ သို့မဟုတ် ထုခွဲရောင်းချခြင်း၊
- ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း၊ ယင်း၏ အရာရှိများနှင့် ဝန်ထမ်းများ၊ ကုမ္ပဏီ၏ အစုရှင်များ အားလုံး သို့မဟုတ် တစ်ချို့တစ်ဝက်ကို ကြပ်မတ်ရေးနှင့် သက်ဆိုင်သည့် စည်းကမ်းများကို လည်းကောင်း၊ ကုမ္ပဏီ၏ ရည်ရွယ်ချက်များကို အောင်မြင်စွာ ပြည့်မြောက်စေရေး အတွက် အထောက်အကူဖြစ်စေမည့် အခြား ကိစ္စတို့ အတွက် စည်းကမ်းများကို လည်းကောင်း အခါအားလျော်စွာ ချမှတ်ခြင်း၊ ပြောင်းလဲခြင်းနှင့် ပယ်ဖျက်ခြင်း၊

- ရှေ့တွင် ဆိုခဲ့သည့် ကိစ္စ တစ်ခုခုနှင့် ပတ်သက်၍ သို့မဟုတ် ယင်းကိစ္စ အတွက် သို့မဟုတ် ကုမ္ပဏီ အကျိုး အတွက် သင့်တော်သည့် ညှိနှိုင်းမှုနှင့် ပဋိညာဉ် မှန်သမျှကို လည်းကောင်း အခြား မည်သည့် အရာ လုပ်ရပ် စာချုပ်စာတမ်းကို မဆို လည်းကောင်း ကုမ္ပဏီ၏ အမည်ဖြင့် ကုမ္ပဏီ၏ ကိုယ်စား ပြုလုပ်ချုပ်ဆိုခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း အတွက် သင့်တော် သို့မဟတ် လိုအပ်သော အရာနှင့် လုပ်ရပ် မှန်သမျှ လုပ်ကိုင် ဆောင်ရွက်ခြင်း။

အဓိက စီမံအုပ်ချုပ်သူများ

အမည်	**ရာထူး**	**မွေးနေ့သတ္တရာဇ၊ ကျား/မ ၊ နိုင်ငံသား**	**လိပ်စာ**	**MCB တွင် အလုပ်စဝင်သည့် ရက်**	**(၃၁-၃-၂၀၁၆ အချက်အလက်များ အရ) ပိုင်ဆိုင်သည့် အစုရှယ်ယာပေါင်း**
ဦးမြင့်ဝင်း	အုပ်ချုပ်မှု ဒါရိုက်တာ	- ၁- ၈-၁၉၅၁ - (ကျား) - မြန်မာ	၁၂၊ စက်စန်း၊ မင်္ဂလာတောင်ညွှန့် မြို့နယ်၊ ရန်ကုန်မြို့။	၁-၄-၂၀၁၂	၂,၇၀၀
ဦးမျိုးမြင့်အောင်	အကြီးတန်း အထွေထွေမန်နေဂျာ	- ၁၆-၁၀-၁၉၅၃ - (ကျား) - မြန်မာ	၁၂/ သီရိဂုဏ် အိမ်ရာ၊ သယံနိုးကျွန်း မြို့နယ်၊ ရန်ကုန်မြို့။	၂၉-၉-၂၀၁၃	-
ဒေါ်မီမီကျော်	အထွေထွေမန်နေဂျာ	- ၂၁- ၈-၁၉၆၈ - (မ) - မြန်မာ	၂၀/၈ ဗောဒျည်လမ်း၊ သုဝဏ္ဏ မြို့နယ်၊ ရန်ကုန်မြို့။	၂-၁-၁၉၉၅	၂၀ နှင့် ၄,၀၀၀ (ယာယီ အတည်ပြု)
ဦးလှဝင်း	အထွေထွေမန်နေဂျာ	- ၂၅-၅-၁၉၆၆ - (ကျား) - မြန်မာ	၃၅၆ ရတနာလမ်း၊ ၁၃-ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့	၁၆-၁၀-၁၉၉၅	၂၂ နှင့် ၄,၀၀၀ (ယာယီ အတည်ပြု)
ဒေါ်ဆွေဆွေမြင့်	အထွေထွေမန်နေဂျာ	- ၅-၁၂-၁၉၆၇ - (မ) - မြန်မာ	အခန်း-၆၊ တိုက်-၁၃၂၂ ရန်ကင်း မြို့နယ်၊ ရန်ကုန်မြို့။	၂-၃-၁၉၉၆	၄၀
ဦးဘသန်း	အထွေထွေမန်နေဂျာ	- ၁၀-၁၁-၁၉၅၃ - (ကျား) - မြန်မာ	E/IJ/၀၀၂၂၊ သုမင်္ဂလာလမ်း၊ ၁၀ လိပ်ရပ်ကွက်၊ သယံနိုးကျွန်း မြို့နယ်၊ ရန်ကုန်မြို့	၁၄-၁၁-၂၀၁၃	၃၁ နှင့် ၄,၀၀၀ (ယာယီ အတည်ပြု)
ဦးအောင်ကျော်လှိုင်	အထွေထွေမန်နေဂျာ	- ၂၃-၁၂-၁၉၅၃ - (ကျား) - မြန်မာ	အခန်း-၂၀၁၊ ၃-လွှာ၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ ဗဟန်း မြို့နယ်၊ ရန်ကုန်မြို့။	၂-၁-၂၀၁၄	-
ဒေါ်ချိုချိုအေး	အထွေထွေမန်နေဂျာ	- ၂၈-၅.-၁၉၆၇ - (မ) - မြန်မာ	ရုံးကြီးစာတိုက်၊ လမ်း-၇၀နှင့်၃၀ ကြား၊ ချမ်းအေးသာစံ မြို့နယ်၊ မန္တလေး။	၁၅-၅-၁၉၉၆	၁၄၀

ကိုယ်ရေးအချက်အလက်များ

ဦးမြင့်ဝင်း (အုပ်ချုပ်မှုဒါရိုက်တာ၊ MCB)

ဦးမြင့်ဝင်း၏ မွေးနေ့သက္ကရာဇ်မှာ ၁-၈-၁၉၅၁ ဖြစ်ပြီး၊ အဘအမည် ဦးကျော်ညိမ်း ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ A.G.T.I (M.T) နှင့် B.E (Mech) တို့ ဖြစ်ကြပါသည်။ ၎င်းသည် MCB ၏ ဒါရိုက်တာ တစ်ဦး ဖြစ်ပြီး၊ တွင် ၂၀၁၂-ခုနှစ် ဇူလိုင် ၂-ရက်နေ့ကတည်းက MCB တွင် ရောက်ရှိနေခြင်း ဖြစ်ပါသည်။ ၎င်းအနေဖြင့် ကုန်သွယ်ရေးဝန်ကြီးဌာနခွဲလည်း ၁၉၇၆-ခုနှစ် ဇန်နဝါရီလ ၅-ရက်နေ့မှ ၂၀၁၂-ခုနှစ် မတ်လ ၃၁-ရက်နေ့ထိ ကာလ အတွင်း ဒုတိယ စက်ရုံမှူးနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် စသည့် ရာထူးနေရာ အမျိုးမျိုးတို့တွင် တာဝန် ထမ်းဆောင်ခဲ့ပါသည်။

ဦးမျိုးမြင့်အောင် (အကြီးတန်း အထွေထွေမန်နေဂျာ၊ နိုင်ငံတကာဘဏ်လုပ်ငန်းဌာန၊ MCB)

ဦးမျိုးမြင့်အောင်၏ မွေးနေ့သက္ကရာဇ်မှာ ၁၆-၁၀-၁၉၅၃ ဖြစ်ပြီး၊ အဘအမည် ဦးအောင်ခင် ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ B.E (Mech) ဖြစ်ပါသည်။ ၎င်းအနေဖြင့် ယခင်က Myanmar Investment and Commercial Bank တွင် GM ဖြစ်ခဲ့ပြီး၊ ၂၀၁၃-ခုနှစ် စက်တင်ဘာလ ၂-ရက်နေ့မှ ယနေ့ထိ MCB ၏ International Banking Department တွင် အကြီးတန်း GM အဖြစ် တာဝန် ထမ်းဆောင်လျက် ရှိပါသည်။

ဒေါ်ဆွေဆွေမြင့် (အထွေထွေမန်နေဂျာ၊ ငွေစာရင်းဌာန၊ MCB)

ဒေါ်ဆွေဆွေမြင့်၏ မွေးနေ့သက္ကရာဇ်မှာ ၅-၁၂-၁၉၆၇ ဖြစ်ပြီး၊ အဘအမည်မှာ ဦးလှမြင့် ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ B.Sc (Maths) Q II ဖြစ်ပါသည်။ ၎င်းသည် MCB (Head Office) ၏ Account Department ၌ GM ရာထူးဖြင့် တာဝန် ထမ်းဆောင်နေပါသည်။

ဦးလှဝင်း (အထွေထွေမန်နေဂျာ၊ အိုင်တီဌာန၊ MCB)

ဦးလှဝင်း၏ မွေးနေ့သက္ကရာဇ်မှာ ၂၅-၅-၁၉၆၆ ဖြစ်ပြီး၊ အဘအမည် ဦးကျော်သိန်း ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ B.Sc (Phys) Q ဖြစ်ပါသည်။ ၎င်းသည် MCB (Head Office) ၏ IT Department ၌ GM ရာထူးဖြင့် တာဝန် ထမ်းဆောင်နေပါသည်။

ဒေါ်မိမိကျော် (အထွေထွေမန်နေဂျာ၊ SME နှင့် HP ဌာန၊ MCB)

ဒေါ်မိမိကျော်၏ မွေးနေ့သက္ကရာဇ်မှာ ၂၁-၈-၁၉၆၈ ဖြစ်ပြီး၊ အဘအမည် ဦးကျော်အောင် ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ Diploma in Banking (DB-III) ၊ B.Sc (Hons) နှင့် M.Sc (Botany) တို့ ဖြစ်ကြပါသည်။ ၎င်းသည် MCB (Head Office) ၏ အသေးစားနှင့် အလတ်စား လုပ်ငန်းများ၊ အငှားဝယ်လုပ်ငန်းများ ဌာနခွဲ GM ရာထူးဖြင့် တာဝန် ထမ်းဆောင်နေပါသည်။

ဦးဘသန်း (အထွေထွေမန်နေဂျာ၊ ချေးငွေဌာန၊ MCB)

ဦးဘသန်း၏ မွေးနေ့သက္ကရာဇ်မှာ ၁၀-၁၁-၁၉၅၃ ဖြစ်ပြီး၊ အဘအမည် ဦးလှဖြူသန်း ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ Bachelor of Science (Physics) ဖြစ်ပါသည်။ ၎င်းသည် ယခင်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေး ညွှန်ကြားမှု ဦးစီးဌာနတွင်

ညွှန်ကြားရေးမှူး ဖြစ်ခဲ့ပြီး၊ ယခုအခါ MCB (Head Office) ၏ Loan Department ၌ GM ရာထူးဖြင့် တာဝန်ထမ်းဆောင်နေပါသည်။

ဦးအောင်ကျော်လှိုင် (အထွေထွေမန်နေဂျာ၊ စီမံရေးရာဌာန၊ MCB)

ဦးအောင်ကျော်လှိုင်၏ မွေးနေ့သက္ကရာဇ်မှာ ၂၃-၁၂-၁၉၅၃ ဖြစ်ပြီး၊ အဘအမည် ဦးဘိုးတင့် ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ ကာကွယ်ရေးတက္ကသိုလ်မှ B.Sc (Physics) ၎င်းသည် ယခင်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးပန်ကြီးဌာန ၊ စားသုံးသူရေးရာ ညွှန်ကြားမှု ဦးစီးဌာနတွင် ညွှန်ကြားရေးမှူး ဖြစ်ခဲ့ပြီး၊ ယခုအခါ MCB (Head Office) ၏ Administration Department ၌ GM ရာထူးဖြင့် တာဝန်ထမ်းဆောင်နေပါသည်။

ဒေါ်ချိုချိုအေး (အထွေထွေမန်နေဂျာ၊ ငွေစာရင်းဌာန၊ MCB)

ဒေါ်ချိုချိုအေး ၏ မွေးနေ့သက္ကရာဇ်မှာ ၂၈-၅-၁၉၆၇ ဖြစ်ပြီး၊ အဘအမည် ဦးစံညွန့် ဖြစ်ပါသည်။ ၎င်း၏ ပညာအရည်အချင်းမှာ B.Sc (Maths) ဖြစ်ပါသည်။ ၎င်းသည် MCB (မန္တလေးဘဏ်ခွဲ) ၏ Account Department ၌ GM ရာထူးဖြင့် တာဝန် ထမ်းဆောင်နေပါသည်။

အရေးကြီးသော နောက်ကြောင်း အချက်အလက်များ

ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) ၏ ဒါရိုက်တာ သို့မဟုတ် အဓိက စီမံအုပ်ချုပ်သူ မည်သူ တစ်ဦးတစ်ယောက်မျှ -

- လွန်ခဲ့သည့် ၃-နှစ် အတွင်း မည်သည့် အချိန်ကမျှ ၎င်း အပေါ် သို့မဟုတ် ၎င်းက ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ မန်နေဂျာ သို့မဟုတ် စီမံခန့်ခွဲရေးကိုယ်စားလှယ် အဖြစ် ဆောင်ရွက်သည့် ကုမ္ပဏီ အပေါ် ဒေဝါလီခံခြင်း ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်ဖြင့် အသနားခံစာ သို့မဟုတ် တောင်းဆိုလွှာ လျှောက်ထားတင်သွင်းမှု မခံခဲ့ရပါ။
- ထောင်ဒဏ် ကျသင့်နိုင်သော ပြစ်မှု တစ်စုံတစ်ရာဖြင့် ထင်ရှားစီရင်ခြင်း မခံရဖူးပါ၊ ယင်းကိစ္စ အတွက် မပြီးမပြတ်သေးသော ပြစ်မှု ကြားနာ စီရင်နေခြင်းအောက်တွင် ကျရောက်နေခြင်း မရှိပါ။
- ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာ၊ မန်နေဂျာ သို့မဟုတ် စီမံခန့်ခွဲရေးကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ရေး အတွက် အရည်အချင်း ပျက်ယွင်းခြင်း မရှိဖူးပါ။
- အကျိုးဝင် သက်ဆိုင်သော ဥပဒေ သို့မဟုတ် စည်းမျဉ်း တစ်စုံတစ်ရာ၏ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကြောင်း စုံစမ်းစစ်ဆေးခံရသည့် ကုမ္ပဏီ တစ်ရပ်ရပ်၏ စီမံခန့်ခွဲမှု သို့မဟုတ် ကိစ္စများ ဆောင်ရွက်မှုတို့ဖြင့် ပတ်သက်ခဲ့ဖူးခြင်း မရှိပါ။

အခကြေးငွေနှင့် ပစ္စည်းဖြင့် အကျိုးခံစားခွင့်

ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) ၏ ဒါရိုက်တာများ၊ အဓိက စီမံအုပ်ချုပ်သူများနှင့် စီမံခန့်ခွဲရေးကိုယ်စားလှယ်တို့အား (က) ပြီးခဲ့သည့် ကပ်လျက် ဘဏ္ဍာနှစ် ၂-နှစ်တွင် နှစ်အလိုက် ပေးခဲ့သော အခကြေးငွေနှင့် ငွေမဟုတ်သည့် အကျိုးခံစားခွင့်များ စုစုပေါင်း၊ (ခ) လက်ရှိ ဘဏ္ဍာနှစ် တစ်နှစ်လုံးတွင် ပေးခဲ့သော၊ ပေးမည့် အခကြေးငွေနှင့် ငွေမဟုတ်သည့် အကျိုးခံစားခွင့်များ စုစုပေါင်း ခန့်မှန်းခြေတို့ကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်	၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွက် ခန့်မှန်းခြေ
ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) ၏ ဒါရိုက်တာများ၊ အဓိက စီမံအုပ်ချုပ်သူများနှင့် စီမံခန့်ခွဲရေးကိုယ်စားလှယ် တို့အား ပေးသော အခကြေးငွေနှင့် ငွေမဟုတ်သည့် အကျိုးခံစားခွင့်များ စုစုပေါင်း၊	၈၅,၁၅၀,၀၀၀	၁၁၃,၂၅၇,၅၀၀	၂၁၀,၀၀၀,၀၀၀

စီမံခန့် ခွဲရေးဆိုင်ရာ အစီအရင်ခံမှု ဖွဲ့ စည်းတည်ဆောက်ပုံ (MANAGEMENT REPORTING STRUCTURE)



Myanmar Citizens Bank Ltd

Information Technology Department Organization Chart

Strength	
Officer	13
Staff	26
Total	39

Myanmar Citizens Bank Ltd

Loan Department Organization Chart

Strength	
Officer	11
Staff	24
Total	35

Myanmar Citizens Bank Ltd

SME & H.P Department Organization Chart

Strength	
Officer	12
Staff	24
Total	36



Myanmar Citizens Bank Ltd

Accounts & Finance Department Organization Chart

Strength	
Officer	30
Staff	89
Total	119

Myanmar Citizens Bank Ltd.
International Banking Department Organization Chart



ကုမ္ပဏီ အုပ်ချုပ်ပုံ စနစ် မူဘောင်များ (CORPORATE GOVERNANCE)

ဒါရိုက်တာအဖွဲ့ ကော်မတီများ

၂၀၁၅-ခုနှစ် ဇူလိုင်လ ၁၇-ရက်နေ့တွင် ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်ဖြင့် စာရင်းစစ်ကော်မတီ၊ ချေးငွေကော်မတီ၊ အခကြေးငွေ ဆိုင်ရာ ကော်မတီနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေး ကော်မတီတို့ကို ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ကော်မတီ တစ်ခုချင်းစီသည် ဒါရိုက်တာအဖွဲ့က ချမှတ်ပေးသော စည်းကမ်းချက်များ၊ စံနှုန်း သတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရပါသည်။

စာရင်းစစ်ကော်မတီ

ကျွန်ုပ်တို့ ကုမ္ပဏီတွင် စာရင်းစစ်ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းလိုက်သည်။ စာရင်းစစ်ကော်မတီ၏ အဓိက လုပ်ငန်းတာဝန်များတွင် အောက်ပါတို့ ပါဝင်သည် -

က. <u>ဘဏ်တွင်း စာရင်းစစ်တို့၏ တာဝန် ဝတ္တရားများကို လည်းကောင်း၊ စစ်ဆေးပုံနည်းစနစ်များ (ဥပမာ ဝန်ထမ်းတို့၏ တာဝန် ဝတ္တရားများနှင့် ပတ်သက်၍ သာမန် စစ်ဆေးခြင်းနှင့် ငွေစာရင်းတို့နှင့် ပတ်သက်၍ စစ်ဆေးခြင်း) ကို လည်းကောင်း သတ်မှတ်ပေးရမည်။ ယင်းတွင် အောက်ပါတို့ ပါဝင်နိုင်သည် -</u>

- ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ၊
- ဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် မမှားယွင်းစေရန် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ ပြည့်စုံခြင်း ရှိမရှိ၊
- ခေတ်စနစ်နှင့် အညီ ပြုပြင် ပြောင်းလဲရန် လိုအပ်လာသော ညွှန်ကြားချက်များကို အချိန်နှင့် တပြေးညီ ပြန်လည် ပြင်ဆင် ထုတ်ပြန်မှု ရှိမရှိ၊
- ငွေကြေးခဝါချမှု ဆန့်ကျင်ရေးနှင့် အကြမ်းဖက်မှု ငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေး (Anti Money Laundering/Counter Financing of Terrorism)၊ ငွေရေးကြေးရေး ဆိုင်ရာ

အထူးတပ်ဖွဲ့ (Financial Action Task Force) ၊ Patriot Act တို့နှင့် စပ်လျဉ်း၍ အထူး ထုတ်ပြန်ရန် လိုအပ်လာသော ညွှန်ကြားချက်များအား ထုတ်ပြန်ထားမှု ရှိမရှိ၊

- ညွှန်ကြားချက်များအား လိုက်နာ ဆောင်ရွက်မှု အားနည်းသောကြောင့် ဖြစ်စေ၊ လုပ်ငန်း မကျွမ်းကျင်၍ ဖြစ်စေ အမှားများ၊ မသမာမှုများ ဆောင်ရွက်ထားခြင်း ရှိမရှိ၊
- ယခင် နှစ်အလိုက် စစ်ဆေးချက်များတွင် တွေ့ရှိခဲ့သော မှားယွင်းမှုများ ထပ်မံ ဖြစ်ပွားခြင်း ရှိမရှိ၊
- ဗဟိုဘဏ်မှ ထုတ်ပြန်ချက်များ အပေါ် ဌာနတွင်းမှ ထပ်ဆင့် ထုတ်ပြန်ထားပေးခြင်းများ ရှိမရှိ၊
- ဌာနကို ရွေးချယ်၍ စစ်ဆေးခြင်း၊ လျှပ်တပြက် စစ်ဆေးခြင်း၊ စာရင်းဇယားများနှင့် အထောက်အထား စာရွက်စာတမ်းများကို မှီတည်၍ (physical audit) စစ်ဆေးခြင်း၊ ကွန်ပျူတာတွင်းရှိ အချက်အလက်တို့ ပေါ် မှီတည်၍ (online audit) စစ်ဆေးခြင်း။

ခ. <u>ငှားရမ်းခြင်း အတွက် စီမံဆောင်ရွက်ပေးရမည်။</u>

တရားဝင် ဖွဲ့စည်းထားသော ပြင်ပ စာရင်းစစ် အဖွဲ့များ အနက် အောက်ပါ စံစစ်ချက်တို့ အပေါ် မူတည်ကာ ရွေးချယ်ရမည် -

- ဘဏ်လုပ်ငန်း ဆိုင်ရာ စာရင်းစစ် အတွေ့အကြုံ ရှိခြင်း၊
- နာမည်ကောင်း ရှိခြင်း၊
- ငှားရမ်းစရိတ် သင့်တင့်မျှတခြင်း၊
- ဘဏ် အတွက် ရေရှည် အသုံးဝင်မည့် တွေ့ရှိချက်များ (sustainable findings) ရနိုင်ခြင်း၊
- ကာလစည်းကမ်း သတ်မှတ်ချက် အရ ပြင်ပ စာရင်းစစ် အဖွဲ့ ပြောင်းလဲ ငှားရမ်းရာတွင် ယခင် ငှားရမ်းခဲ့သော အဖွဲ့အစည်းနှင့် ဆက်နွယ်မှု ကင်းခြင်း၊
- အားနည်းချက်များကို ရှာတွေ့နိုင်ခြင်းသာမကဘဲ ဖြေရှင်းပေးနိုင်မည့် နည်းလမ်းများကို အကြံပြုနိုင်ခြင်း။

ဂ. <u>စာရင်းစစ် အစီရင်ခံစာများအား ပြန်လည် သုံးသပ်ရမည်။</u>

- ဘဏ်တွင်း စာရင်းစစ်နှင့် ပြင်ပစာရင်းစစ်တို့၏ တွေ့ရှိချက်များ တိကျမှု ရှိမရှိ၊ ဘဏ်၏ လုပ်ဆောင်မှုတွင် အားနည်းချက်များ ဖော်ထုတ်နိုင်မှု ရှိမရှိ သုံးသပ်ရမည်။
- ဘဏ်တွင်း စာရင်းစစ်၊ ပြင်ပစာရင်းစစ်နှင့် ဗဟိုဘဏ် စာရင်းစစ် အဖွဲ့တို့၏ အစီရင်ခံစာများတွင် မှီတည်ပြီး၊ ကုစားမှုများ ဆောင်ရွက်ရန် ညွှန်ကြားရမည်။
- ဆောင်ရွက်ချက် ပြီးမြောက်မှု အစီရင်ခံစာများ အပေါ် ထပ်မံ စိစစ်ပြီး လိုအပ်သော ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ပေးရမည်။

ဃ. <u>သမရိုးကျစာရင်းစစ်ခြင်း အပြင် အွန်လိုင်း စာရင်းစစ်မှု ပြုလုပ်နိုင်ရန် စီမံဆောင်ရွက် ပေးရမည်။</u>

- သတင်းအချက်အလက် နည်းပညာ အသုံးပြုခြင်းနှင့် ယင်းမှ တစ်ဆင့် သမရိုးကျ (manual) ဘဏ်စာရင်းရေးသွင်းခြင်းနှင့် ဝန်ဆောင်မှုများ အစား online ဆောင်ရွက်ပေးခြင်း ပိုမို များပြားလာသည်နှင့် အညီ စာရင်းစစ်ခြင်းလုပ်ငန်းကိုလည်း ကွန်ပျူတာတွင်း (online) ဆောင်ရွက်သွားနိုင်ရန် စီမံဆောင်ရွက်ရမည်။

- ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ အားလုံးကို Core Banking ဖြင့် ဆောင်ရွက်သည့် အခါ ဘဏ်တွင်းစာရင်းစစ်များ online စာရင်းစစ်တတ်ရန် IT သင်တန်းများ၊ တက်ရောက်စေခြင်းတို့ကို စီမံထားရမည်။

<u>ကော်မတီဝင်များ</u>

အမည်	**တာဝန်**
ဦးဇော်လင်းထွန်း	ဥက္ကဋ္ဌ
ဦးတင့်လွင်	ကော်မတီဝင်
ဦးသန်းဝင်းရွှေ	ကော်မတီဝင်

ချေးငွေကော်မတီ

ကျွန်ုပ်တို့ ကုမ္ပဏီတွင် ချေးငွေကော်မတီ တစ်ရပ်ကို ဖွဲ့စည်းလိုက်သည်။ ချေးငွေကော်မတီ၏ အဓိက လုပ်ငန်းတာဝန်များတွင် အောက်ပါတို့ အပါအဝင် ဖြစ်သည် -

က. <u>ချေးငွေမူဝါဒ ချမှတ်ခြင်း</u>

- နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်၊ စာရင်းပိုထုတ်ချေးငွေနှင့် လှည့်ပတ်ရန်ပုံငွေ ချေးငွေ စသည့် ချေးငွေ အမျိုးအစားများနှင့် ကာလများ သတ်မှတ်ခြင်း၊
- ချေးငွေ ရယူရန် အရည်အချင်း ပြည့်မီသည့် လုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်း၊
- ချေးငွေ ဦးစားပေး ထုတ်ချေးမည့် လုပ်ငန်းကဏ္ဍနှင့် ဒေသ သတ်မှတ်ခြင်း၊
- လူတစ်ဦးချင်း အလိုက် သို့မဟုတ် အဖွဲ့အစည်း တစ်ခုချင်း အလိုက် သို့မဟုတ် ချေးငွေအမှုတွဲ (portfolio) တစ်ခုချင်း အလိုက် အမြင့်ဆုံး ထုတ်ချေးနိုင်သည့် ပမာဏ သတ်မှတ်ခြင်း၊
- ရယူမည့် အာမခံ အမျိုးအစားများ သတ်မှတ်ခြင်းနှင့် အာမခံ အမျိုးအစား အလိုက် အမြင့်ဆုံး ခွင့်ပြုနိုင်သည့် ရာခိုင်နှုန်း သတ်မှတ်ခြင်း၊
- ချေးငွေ အမျိုးအစား အလိုက် အတိုးနှုန်း သတ်မှတ်ခြင်း၊
- ခွင့်ပြုချေးငွေမှ မသုံးခဲ့သည့် အပိုင်း အတွက် ကောက်ခံသည့် အခ (Commitment Fee) သတ်မှတ်ခြင်း၊
- တရားရုံးစွဲနှင့် အခြား စရိတ်များ သတ်မှတ်ခြင်း

တို့ ပါဝင်သည့် မူဝါဒများ ချမှတ်ရမည်။

ခ. <u>ချေးငွေ စိစစ်ခြင်းနှင့် ချေးငွေ အုပ်ချုပ်ရေး ဆိုင်ရာ လုပ်ငန်း လမ်းညွှန်များ ချမှတ်ခြင်း</u>

အောက်ပါတို့ အတွက် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပေးထားရမည် -

- ပဏာမ လူတွေ့ မေးမြန်း အကဲဖြတ်ခြင်း၊
- ကွင်းဆင်း စစ်ဆေး အကဲဖြတ်ခြင်း၊

- အစီရင်ခံခြင်း လုပ်ငန်းစဉ်များ၊
- ချေးငွေအုပ်ချုပ်ရေး (loan administration) ဆိုင်ရာ လုပ်ငန်းများ ဖြစ်သော စာချုပ်စာတမ်း ချုပ်ဆိုခြင်း၊ ချေးငွေ ထုတ်ပေးခြင်း၊ အတိုး ကောက်ခံခြင်း၊ အရင်း ပြန်လည် ပေးဆပ်မှု ကောက်ခံခြင်း၊ ချေးငွေ ပြေကြေ၍ အာမခံ စာချုပ်စာတမ်းများ ပြန်လည် ထုတ်ပေးခြင်း၊ အတိုး/အရင်း ပေးသွင်းရန် အတွက် နှီးဆော်စာ နှိုးတစ်စာများ အကြောင်းကြားခြင်း။

ဂ. <u>တိုး/ရင်း ပျက်ကွက် ချေးငွေ (Non-Performing Loans) တို့ အတွက် တရားစွဲဆိုရေး လမ်းညွှန်ချက်များ ချမှတ်ခြင်း</u>

- တရားစွဲဆိုရန် အမှုဖွင့်လှစ်ခြင်း ၊
- ဥပဒေ အကြံပေး ဌားရမ်းခြင်း၊
- ဥပဒေအကြံပေးစရိတ်နှင့် တရားရုံးစရိတ်များ အတွက် သတ်မှတ်ခြင်း၊
- လေလံတင် ရောင်းချခြင်း၊
- တရားမမှု အပြင် ရာဇဝတ်ကြောင်းဖြင့် အရေးယူခြင်း

စသည့် လုပ်ငန်းရပ်များ အတွက် လုပ်ငန်းစဉ်များ ချမှတ်ရပါမည်။

ဃ. <u>ကြွေးဆုံး ပြန်လည် ရရှိရန် တရားစွဲဆိုခြင်း အစား အခြား စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ ချမှတ်ခြင်း။</u>

ရရန် မသေချာသော ကြွေးမြီများနှင့် ကြွေးဆုံးများ အတွက် ပြန်လည် ပေးဆပ်လာရန် အထောက်အကူ ဖြစ်စေသော

- ကြွေးမြီ ပမာဏ လျှော့ပေးခြင်း၊
- အတိုးနှုန်း လျှော့ပေးခြင်း၊
- လျှော့နှုန်းဖြင့် ရောင်းချခြင်း (factoring)
- ဘဏ်မှ ဝယ်ယူခြင်း

စသည်တို့ အတွက် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပေးထားရမည်။

င. <u>ချေးငွေထုတ်ချေးရန်၊ တရားစွဲဆိုရန် အတည်ပြု ဆုံးဖြတ်မှု ဆိုင်ရာ လုပ်ထုံးလုပ်နည်း။</u>

စ. <u>ချေးငွေ လုပ်ငန်းစဉ်များအား ပြန်လည် သုံးသပ်ခြင်းနှင့် ပြင်ဆင် ဖြည့်စွက် သတ်မှတ်ခြင်း</u>

<u>ကော်မတီဝင်များ</u>

အမည်	**တာဝန်**
ဦးအုန်းဆိုင်	ဥက္ကဋ္ဌ
ဦးလှဦး	ကော်မတီဝင်
ဦးအောင်အောင်	ကော်မတီဝင်
ဦးမောင်မောင်တင်	ကော်မတီဝင်

<u>လစာချီးမြှင့်ရေး ကော်မတီ</u>

က. <u>ဝန်ထမ်း ရေးရာ မူဝါဒများ ချမှတ်ခြင်း</u>

- အခြေခံ ဝန်ထမ်း ဖွဲ့စည်းပုံအား သတ်မှတ်ပေးရမည်။
- ဌာနများ၊ ဘဏ္ဍာခွဲများ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းလိုအပ်ချက် အရ ဖွဲ့စည်းပုံပါ ဝန်ထမ်း အင်အားကို ပြင်ဆင် သတ်မှတ်ရန် လိုအပ်သည့် အခါ စီမံ ဆောင်ရွက်ပေးရမည်။
- ရာထူး အလိုက် လုပ်ပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများ သတ်မှတ်ပေးရမည်။
- အုပ်ချုပ်မှု လမ်းကြောင်း စနစ် (chains of command) သတ်မှတ်ပေးရမည်။

ခ. <u>လုပ်ခလစာနှင့် အလုပ်ချိန် သတ်မှတ်ခြင်း။</u>

- နေ့တွက်လုပ်ခ၊ အခြေခံလစာ? အချိန်ပိုလုပ်ခ၊ အပိုထောက်ပံ့ကြေး (allowance) နှင့် အခြား ထောက်ပံ့စရိတ်များ (benefits) တို့ ဆိုင်ရာ နှုန်းထားများကို သတ်မှတ်ပေးရမည်။
- အထူး ထောက်ပံ့ငွေများ ပေးရန် ကိစ္စရပ်များ (ဝေးလံဒေသ၊ သဘာဝ ဘေးအန္တရာယ်နှင့် အခြား အန္တရာယ်များ ကျရောက်လျက် ရှိသည့် ဒေသများတွင် တာဝန်ထမ်းဆောင်မှု) ရှိပါက ဖြစ်စဉ် တစ်ခုချင်း အလိုက် သတ်မှတ်ပေးရမည်။

ဂ. <u>လစာပေးစနစ် သတ်မှတ်ခြင်း</u>

လစာ သတ်မှတ် ပေးချေခြင်း ဆိုင်ရာ စနစ် အတွက် -

- မူလ သတ်မှတ်ထားသော အခြေခံ လစာနှုန်းထား အတိုင်း ပုံသေ ချီးမြှင့်ခြင်း၊
- လုပ်သက် အပေါ် မူတည်ပြီး နှစ်တိုး သတ်မှတ် ချီးမြှင့်ခြင်း၊
- လစာကို လုပ်ငန်းစွမ်းဆောင်မှု အပေါ် မူတည်ပြီး မပေါက်ကြားစေရေး တာဝန်ဖြင့် ချီးမြှင့်ခြင်း၊
- အခြား လစာပေး စနစ်များဖြင့် ချီးမြှင့်ခြင်း

တို့ အနက် တစ်ခုခုအား သတ်မှတ်ပေးရမည်။

အခြေအနေပေါ် မူတည်ပြီး လစာပေးစနစ် ပြောင်းလဲရန် လိုအပ်ပါကလည်း စီမံဆောင်ရွက်ပေးရမည်။

ဃ. <u>အခြေခံလစာ နှုန်းထား ပြင်ဆင်ခြင်း</u>

ကျွမ်းကျင်ဝန်ထမ်းများ ထိန်းသိမ်းထားနိုင်ရေး၊ အခြေခံ လူနေမှု စနစ်နှင့် ကိုက်ညီသော လစာနှုန်း ဖြစ်ရေး၊ နိုင်ငံတော်မှ ပြဋ္ဌာန်းသော လုပ်ခလစာ နှုန်းထားများနှင့် လိုက်လျောညီထွေ ရှိရေးတို့ အတွက် အခြေခံ လစာနှုန်းထားများ ပြင်ဆင်ရန် လိုအပ်သည့် အခါ စီမံဆောင်ရွက်ရမည်။

င. <u>ကျွမ်းကျင်ပညာရှင်နှင့် အကြံပေးများ အတွက် လစာချီးမြှင့်ခြင်း</u>

လုပ်ငန်းအနေအထား အလိုက် လုပ်ငန်း တစ်ခု / စီမံကိန်း တစ်ခု အတွက် ပုတ်ပြတ် သတ်မှတ် ချီးမြှင့်ခြင်း (သို့မဟုတ်) လစဉ် ပုံသေ လစာ ချီးမြင့်ခြင်းများကို စီမံဆောင်ရွက်ပေးရမည်။

ကော်မတီဝင်များ

	အမည်	**တာဝန်**
၁	ဦးစိုးနိုင်@ဦးကိုကိုကြီး	ဥက္ကဋ္ဌ
၂	ဦးမြင့်ဝင်း	ကော်မတီဝင်
၃	ဦးတိုးအောင်မြင့်	ကော်မတီဝင်
၄	ဦးဇေယျသူရမွန်	ကော်မတီဝင်

ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေး ကော်မတီ

က. ဖွဲ့စည်းထားသော ကော်မတီ အရပ်ရပ်နှင့် စပ်လျဉ်းသည့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုများကို စိစစ် အကဲဖြတ်ခြင်း။

ဖွဲ့စည်းထားသည့် ကော်မတီ အရပ်ရပ်နှင့် စပ်လျဉ်း၍ -

- ငွေရေးကြေးရေး အခြေအနေ၊
- ချေးငွေ ဆိုင်ရာ မူဝါဒ၊
- ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့မှု အခြေအနေ၊
- ဘဏ်ခွဲများ တိုးချဲ့ ဖွင့်လှစ်မှု၊
- သတင်းအချက်အလက် နည်းပညာ ဆိုင်ရာ အကျိုးအပြစ်များ၊
- ဒေသတွင်းနှင့် နိုင်ငံတကာ ဘဏ်လုပ်ငန်းများ အခြေအနေ၊
- သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်း ကန့်သတ်ချက်များနှင့် ညွှန်ကြားချက်များက ဘဏ်လုပ်ငန်း အပေါ် သက်ရောက်မှု အခြေအနေ၊
- နိုင်ငံရေးတည်ငြိမ်မှုနှင့် လူမှုစီးပွားရေးတိုးတက်မှု အခြေအနေများ အပေါ် မူတည်ပြီး ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုများ ထိရောက်မှု ရှိမရှိ

တို့ကို တစ်နှစ်ချင်း အလိုက် စိစစ် အကဲဖြတ်သွားရမည် ဖြစ်သည်။

ခ. ယခင် အတွေ့အကြုံများ အပေါ် မူတည်ပြီး လက်ရှိကျင့်သုံးလျက် ရှိသော ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုများ သင့်လျော်မှု ရှိမရှိ စိစစ် အကဲဖြတ်ခြင်း၊ အနာဂတ်ကာလ ရှေ့လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေ ရှိနိုင်မည့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုများ ကြိုတင် ဆောင်ရွက်ခြင်း။

- IT နည်းပညာ အားနည်းမှုကြောင့် ဘဏ်လုပ်ငန်းများ အပေါ် သက်ရောက်ခဲ့မှုများ (ဥပမာ Millennium Bug)၊
- ငွေကြေး လွယ်ကူမှု ဆိုင်ရာ အကျပ်အတည်းများ (liquidity crises) ၏ ကူးစက် သက်ရောက်မှုများ (domino effects)၊
- သဘာဝဘေးအန္တရာယ်နှင့် အကြမ်းဖက်လုပ်ရပ်များ၏ သက်ရောက်မှုများ၊

- ဘဏ်အသစ်များ ပေါ်ပေါက်လာမှု၊
- ဘဏ်များပေါင်းစည်းမှု (mergers)၊
- နိုင်ငံရေးအခြေအနေနှင့် နိုင်ငံတကာ ပိတ်ဆို့မှု အခြေအနေများ၊
- ဘဏ်လုပ်ငန်းတို့ အပေါ် သြဇာသက်ရောက်မှု ရှိသော World Bank ၊ IMF စသည်တို့၏ စည်းကမ်းသတ်မှတ်ချက်များ အရ ပြောင်းလဲ ဆောင်ရွက်လာရမည့် လုပ်ငန်းစဉ်နှင့် အခက်အခဲများ

ကို မူတည်ပြီး လက်ရှိနှင့် အနာဂတ် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုများကို စီမံဆောင်ရွက်ရမည်။

ဂ. <u>နိုင်ငံခြားသုံးငွေ လဲလှယ်နှုန်း အရ ဆုံးရှုံးနိုင်ခြေကို စိစစ်ခြင်း</u>

နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် နိုင်ငံခြားငွေကြေး အရန်ငွေ လုံလောက်မှု အခြေအနေ အရ နိုင်ငံခြားငွေကြေး၏ အကျိုးသက်ရောက်မှု များစွာ ရှိနိုင်သဖြင့် အောက်ပါ အစီအမံများကို ကြိုတင် စီစဉ်ထားရမည် -

- ဘဏ်၏ ပင်မ ထားရှိရမည့် နိုင်ငံခြားငွေ အမျိုးအစား သတ်မှတ်ခြင်း၊
- ငွေလဲနှုန်း အပြောင်းအလဲကြောင့် ဆုံးရှုံးနိုင်ခြေမှ ကာကွယ်သည့် ငွေရေးကြေးရေး အစီအမံ (hedging) များ အကောင်အထည်ဖော်ခြင်း။

ဃ. <u>အတိုးနှုန်းများ အရ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲခြင်း။</u>

- မမျှော်လင့်သော အတိုးနှုန်း ပြောင်းလဲမှု (unexpected interest rate changes) များက ဘဏ်၏ ဝင်ငွေ ရရှိမှု အပေါ် များစွာ သက်ရောက်မှု ရှိသဖြင့် ဆုံးရှုံးနိုင်ခြေ အနည်းဆုံး ဖြစ်စေရန် အတွက် အပ်ငွေ အမျိုးအစား သတ်မှတ်ခြင်းနှင့် အပ်ငွေ အတွက် လက်ခံနိုင်သည့် ပမာဏများ သတ်မှတ်ခြင်းကို စီမံဆောင်ရွက်ရမည်။
- အပ်ငွေ အပေါ် ပေးရသည့် အတိုးနှုန်းနှင့် ချေးငွေ အပေါ် ရရှိသည့် အတိုးနှုန်းတို့ အကြား ကွာခြားချက် (spread) ကို ဘဏ်အချင်းချင်း ယှဉ်ပြိုင်နိုင်မှု အနေအထားအား မထိခိုက်စေဘဲ အမြင့်ဆုံး ရရှိရန် စီမံဆောင်ရွက်ရမည်။

င. <u>လုပ်ငန်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲခြင်း</u>

- လုပ်ငန်းဌာန အမျိုးအစား အလိုက် ဝင်ငွေနှင့် အသုံးစရိတ် အရ အရှုံးပေါ်မှုအား အနည်းဆုံးဖြစ်စေရန် ၊
- ဥပဒေနှင့် ငြိစွန်းသော လုပ်ဆောင်မှုများ ရှိပါ ဆောလျင်စွာ သိရှိစေရန်၊
- လုပ်ထုံးလုပ်နည်း စည်းကမ်းနှင့် မကိုက်ညီဘဲ ဆောင်ရွက်ပေးမှု အရ ဆုံးရှုံးနိုင်ခြေ ဖြစ်ပေါ်လာမှု မရှိစေရန်။
- စာရင်း စစ်ဆေးခြင်း ဆိုင်ရာ အသုံးစရိတ်၊ ဥပေဒေ ဆိုင်ရာ ကုန်ကျစရိတ်၊ တရားစွဲဆိုခြင်း ဆိုင်ရာ စရိတ်စကများ၊ ပြင်ပကျွမ်းကျင်မှု ငှားရမ်းခြင်း (outsourcing) ဆိုင်ရာ စရိတ်များကို ရရှိလာသည့် အကျိုးအမြတ်နှင့် လိုက်လျောညီထွေ ဖြစ်ပြီး စရိတ် အသက်သာဆုံး ဖြစ်စေရန်

စီမံဆောင်ရွက်ရမည်။

ကော်မတီဝင်များ

	အမည်	**တာဝန်**
၁	ဦးစိုးနိုင်@ဦးကိုကိုကြီး	ဥက္ကဋ္ဌ
၂	ဦးထွန်းလွင်	ကော်မတီဝင်
၃	ဦးဇေယျသူရမွန်	ကော်မတီဝင်
၄	ဦးတိုးအောင်မြင့်	ကော်မတီဝင်
၅	ဦးမြင့်ဝင်း	ကော်မတီဝင်

ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ စီမံခန့်ခွဲမှုကော်မတီ (Assets and Liability Management Committee)

ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ စီမံခန့်ခွဲမှုကော်မတီ၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များမှာ

- လက်ကျန်စာရင်းရှင်းတမ်းဆိုင်ရာ မူဝါဒများကို ထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်မှုရှိခြင်း သေချာစေရန်။
- ဖြစ်နိုင်သော အန္တရာယ်အဆင့်ကို ကန့်သတ်၍ အများဆုံးအမြတ်အစွန်း ရရှိစေရန်အလို့ငှာ ဘဏ်၏လက်ကျန်စာရင်းရှင်းတမ်းကို အသင့်တော်ဆုံး ဖွဲ့စည်းတည်ဆောက်ပုံတစ်ရပ်အဖြစ် ပုံစံဖော်ဆောင်ရန်။
- မတည်ရင်းနှီးငွေလုံလောက်မှုနှင့် အန္တရာယ်အမျိုးမျိုးကွဲပြားနေမှုတို့ကို ထိန်းချုပ်ရန်။
- ဘဏ်၏ ငွေပေါ်လွယ်မှု စီမံခန့်ခွဲရေးမူဝါဒကို ဆုံးဖြတ်သတ်မှတ်ရန်။
- ဘဏ်၏ လက်ရှိ ငွေပေါ်လွယ်မှုအချိုးနှင့် အရင်းအမြစ် အခြေအနေတို့ကို ထိန်းချုပ်ရန်။
- ဘဏ်၏ အရင်းအနှီးစျေးကွက်မူဝါဒကို ပုံစံဖော်ဆောင်ရန်။
- ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ လုပ်ငန်းကိစ္စများ အရွယ်အစားနှင့် ပမာဏတို့၏ အင်အားကို ထိန်းချုပ်ရန်။
- ညွှန်းကိန်းများ (ROE၊ ROA စသည်ဖြင့်) ကို အခြေခံဆောင်ရွက်မှု၏ အင်အားကို ထိန်းချုပ်ရန်။

အဖွဲ့ဝင်များ

စဉ်	**အမည်**	**ရာထူးတာဝန်**
၁။	ဦးထွန်းလွင်	ဥက္ကဋ္ဌ
၂။	ဦးမြင့်ဝင်း	အဖွဲ့ဝင်
၃။	ဦးလှဦး	အဖွဲ့ဝင်

စည်းမျဉ်းလိုက်နာမှုနှင့် ထုတ်ဖော်တင်ပြမှု ကော်မတီ (Compliance and Disclosure Committee)

လိုက်နာမှုဆိုင်ရာ တာဝန်ဝတ္တရားများ

- ကော်မတီသည် ဘဏ်၏ စည်းမျဉ်းလိုက်နာမှုဆိုင်ရာအစီအစဉ်များ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ အပါအဝင် စည်းမျဉ်းလိုက်နာမှုမရှိသည့် ကိစ္စရပ်များ၊ အရေးပါအရာရောက်သော ဥပဒေရေးရာ သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေး လိုက်နာမှုဆိုင်ရာ ထုတ်ဖော်ချက်၊ အစိုးရ သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေး အေဂျင်စီများမှ အရေးကြီး အစီရင်ခံစာများ သို့မဟုတ် မေးမြန်းစုံစမ်းချက်များ အစရှိသည်တို့နှင့်စပ်လျဉ်းသော တာဝန်ဝတ္တရားများကို ကြီးကြပ်ရမည်။

- ကော်မတီသည် သက်ဆိုင်သော ဥပဒေရေးရာနှင့် စည်းကမ်းထိန်းသိမ်းရေး သတ်မှတ်ချက်များကို စည်းမျဉ်းလိုက်နာမှုရှိနေဆဲဖြစ်ကြောင်း သေချာစေရန်အတွက် ဖော်ထုတ်တွေ့ရှိသည့် စည်းမျဉ်းလိုက်နာမှု ချို့ယွင်းချက်များအားလုံးကို ပြန်လည်ကုစားခြင်းဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုနှင့် အကောင်အထည်ဖော်ဆောင်မှုတို့ကို ကြီးကြပ်ကွပ်ကဲရမည်။

- ကော်မတီသည် သက်ဆိုင်သော ဥပဒေရေးရာနှင့် စည်းကမ်းထိန်းသိမ်းရေး သတ်မှတ်ချက်များကို စည်းမျဉ်းလိုက်နာမှုရှိကြောင်း သေချာစေရန်အတွက် ဘဏ်က ဆောင်ရွက်သည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်၊ အဆိုပါ ဆောင်ရွက်ချက်များ၏ ရလဒ်များ၊ နောင်တွင် ဆောင်ရွက်မည့် စည်းမျဉ်းလိုက်နာမှုဆိုင်ရာ အကြံပြုချက်များ၏ ပုံစံ၊ အကြောင်းအရာနှင့် နည်းလမ်းတို့ကို အသေးစိတ်ဖော်ပြထားသော အဆိုပါတွေ့ရှိချက်များကို ပြုစု၍ ဘုတ်အဖွဲ့ထံသို့ တစ်လလျှင်တစ်ကြိမ် အစီရင်ခံ တင်ပြရမည်။

- ကော်မတီသည် အဆိုပါ ပြန်ကြားချက်များကို တင်ပြခြင်း မပြုမီတွင် ဘဏ်က အဆိုပြုသည့် စည်းကမ်းထိန်းသိမ်းသူများထံသို့ ပြန်ကြားချက်များကို သုံးသပ်၍ အတည်ပြုရမည်။

- ကော်မတီသည် စည်းကမ်းထိန်းသိမ်းသူများက တောင်းဆိုလာသည့် သတင်းအချက်အလက်တောင်းခံမှုများ အားလုံးနှင့် တစ်ရပ်ရပ်ကို အချိန်မီ တိတိကျကျ ဖြေရှင်းထားပြီးဖြစ်ကြောင်း သေချာစေရန် ဆောင်ရွက်ရမည်။

- ကော်မတီသည် သက်ဆိုင်သော ဥပဒေရေးရာနှင့် စည်းကမ်းထိန်းသိမ်းရေး သတ်မှတ်ချက်များကို စည်းမျဉ်းလိုက်နာမှုအပါအဝင် ဘဏ်၏ စည်းမျဉ်းလိုက်နာမှုအစီအစဉ်ကို စောင့်ကြည့်စစ်ဆေးရမည်။

ထုတ်ဖော်တင်ပြမှုဆိုင်ရာ တာဝန်ဝတ္တရားများ

က။ တိုးတက်ဖြစ်ပေါ်မှုများ၊ အပြောင်းအလဲများ သို့မဟုတ် အခြားအချက်များဖြင့် မည်သည့်အချိန်တွင် ဘဏ်၏ အရေးကိစ္စများတွင် အရေးကြီးသော သတင်းအချက်အလက် သို့မဟုတ် အရေးကြီးသောအပြောင်းအလဲများ ဖြစ်ပေါ်သည်ဆိုခြင်းကို ဆုံးဖြတ်သတ်မှတ်ရမည်။ ထိုသို့

ဆုံးဖြတ်သတ်မှတ်ရာတွင် ကော်မတီသည် အဆိုပါ ဖြစ်ရပ်၊ တိုးတက်ဖြစ်ပေါ်မှု သို့မဟုတ် အပြောင်းအလဲများသည် အောက်ဖော်ပြပါတို့အပေါ် ထိခိုက်နိုင်မှုကို ဆန်းစစ်ရမည်။

- ဘဏ်၏ ရင်းနှီးခွင့်များ၊ ပေးရန်တာဝန်များနှင့် ဝင်ငွေများ၊
- ဘဏ်၏ ဂုဏ်သတင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ချက်အလုံးစုံ၊
- ဘဏ်၏ မဟာဗျူဟာမြောက်ရည်မှန်းချက်၊
- ဘဏ်၏ ငွေချေးသက်သေခံလက်မှတ်များ၏ စျေးနှုန်းနှင့် စျေးကွက်တန်ဖိုး၊

၁။ အောက်ပါတို့ကို ဆောင်ရွက်ထားခြင်း သေချာစေရန်အလို့ငှာ ကော်ပိုရေးရှင်း၏ ထိန်းချုပ်မှုများနှင့် လုပ်ထုံးလုပ်နည်းများကို သုံးသပ်ခြင်းနှင့် လိုအပ်ပါက တည်းဖြတ်ပြင်ဆင်ရာတွင် ကူညီရမည်။

- ရန်ကုန်စတော့အိပ်ချိန်းသို့ ထုတ်ဖော်တင်ပြရန် လိုအပ်သည့် သတင်းအချက်အလက်များနှင့် အများပြည်သူသို့ ထုတ်ဖော်တင်ပြမည့် အခြားစာဖြင့်ရေးသားထားသော အချက်အလက်များကို မှန်မှန်ကန်ကန်တိတိကျကျ သို့မဟုတ် အချိန်မီ မှတ်တမ်းတင်ခြင်း၊ စီမံဆောင်ရွက်ခြင်း၊ အကျဉ်းချုပ်ရေးသားခြင်းနှင့် အစီရင်ခံခြင်း၊
- အဆိုပါ သတင်းအချက်အလက်များကို စုစည်း၍ လိုအပ်သော ထုတ်ဖော်တင်ပြချက်နှင့်ပတ်သက်၍ အချိန်မီ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် သင့်လျော်သည့်အတိုင်း အကြီးတန်းအရာရှိများအပါအဝင် စီမံခန့်ခွဲမှုအဖွဲ့ထံ အစီရင်ခံခြင်း။

၈။ ထုတ်ဖော်တင်ပြမှုဆိုင်ရာ ထိန်းချုပ်မှုများနှင့် လုပ်ထုံးလုပ်နည်းများ ခိုင်မာမှုကို မှတ်တမ်းတင်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အဆိုပါ ထိန်းချုပ်မှုများနှင့် လုပ်ထုံးလုပ်နည်းများ ထိရောက်အကျိုးရှိမှုကို အကဲဖြတ်ခြင်းတို့တွင် ကူညီရမည်။

<u>**အဖွဲ့ဝင်များ**</u>

စဉ်	**အမည်**	**ရာထူးတာဝန်**
၁။	ဦးစိုးနိုင် @ ဦးကိုကိုကြီး	ဥက္ကဋ္ဌ
၂။	ဦးမြင့်ဝင်း	အဖွဲ့ဝင်
၃။	ဦးသန်းဝင်းရွှေ	အဖွဲ့ဝင်
၄။	ဒေါက်တာဦးမောင်အောင်	အဖွဲ့ဝင်
၅။	ဦးဇော်လင်းထွန်း	အဖွဲ့ဝင်

ဘဏ်တွင်း စာရင်းစစ် (Internal Audit)

ဘဏ်တွင်း စာရင်းစစ် စနစ်ကို စာရင်းစစ်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ထားရှိပါသည်။

ပြီးခဲ့သော ဘဏ္ဍာနှစ် ၂-နှစ် အတွက် ပြင်ပ စာရင်းစစ်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွက် ကျွန်ုပ်တို့ကုမ္ပဏီ၏ ပြင်ပ စာရင်းစစ်မှာ အမှတ် ၆၄ဘီ၊ ရွှေဂုဏ်ပလာဇာ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ U Hla Tun & Associates Ltd ဖြစ်ပါသည်။ U Hla Tun & Associates Ltd မှ လာရောက်ဆောင်ရွက်သည့် ကိုယ်စားလှယ်မှာ ဦးမောင်မောင်အောင် ဖြစ်ပါသည်။ ဦးမောင်မောင်အောင်သည် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ B.Com, C.P.A ဘွဲ့များ ရရှိထားပြီး၊ မြန်မာနိုင်ငံတော်၏ Certified Public Accountant တစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီ အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဘဏ္ဍာရေး ရှင်းတမ်းများအား စာရင်း စစ်ဆေးပေးမှု အတွက် စုစုပေါင်း ၃,၁၅၀,၀၀၀ ပေးချေခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွက် ကျွန်ုပ်တို့ကုမ္ပဏီ၏ ပြင်ပ စာရင်းစစ်မှာ အမှတ် ၆၄ဘီ၊ ရွှေဂုဏ်ပလာဇာ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ U Hla Tun & Associates Ltd. ဖြစ်ပါသည်။ U Hla Tun & Associates Ltd မှ လာရောက်ဆောင်ရွက်သည့် ကိုယ်စားလှယ်မှာ ဦးမောင်မောင်အောင် ဖြစ်ပါသည်။ ဦးမောင်မောင်အောင်သည် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ B.Com, C.P.A ဘွဲ့များ ရရှိထားပြီး၊ မြန်မာနိုင်ငံတော်၏ Certified Public Accountant တစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီ အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဘဏ္ဍာရေး ရှင်းတမ်းများအား စာရင်း စစ်ဆေးပေးမှု အတွက် စုစုပေါင်း ကျပ် ၇,၃၅၀,၀၀၀ ပေးချေခဲ့ပါသည်။

အစုရှယ်ယာရှင်များ

၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက် စာရင်းများ အရ ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) ၏ အစုရှယ်ယာ အများဆုံး ပိုင်ဆိုင်သူ အစုရှယ်ယာရှင် ၁၀-ဦးကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

စဉ်	အမည်	လိပ်စာ	အစုရှယ်ယာများ	
			အရေအတွက်	ရာခိုင်နှုန်း
၁	Capital Diamond Star Group Ltd	တိုက် C-2 ၊ အမှတ် (၉)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်, ရန်ကုန်မြို့။	၁၁,၃၇,၀၀၀	၁၆.၇၀
၂	Ministry Of Commerce	ရုံးအမှတ် (၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ နေပြည်တော်။	၁၀၂,၃၄၁၀	၁၅.၀၃
၃	Diamond Star Co.,Ltd	တိုက် C-2 ၊ အမှတ် (၉)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်, ရန်ကုန်မြို့။	၉၂၅,၁၆၀	၁၃.၅၉
၄	Shwe Me Co.,Ltd	၇၉/၈၁ ပထမထပ်၊ အခန်း ၁၀၂ အနော်ရထာလမ်း၊ ၃၉-လမ်းနှင့် လမ်း-၄၀ကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။	၅၅၈,၀၀၀	၈.၇၈
၅	Good Brothers Co.,Ltd.	၂၂ ဘုရင့်နောင်လမ်း၊ သီရိမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန် ရန်ကုန်မြို့ ။	၄၅၀,၀၀၀	၆.၆၁
၆	Good Brothers Machinery Co.,Ltd.	၂၂ ဘုရင့်နောင်လမ်း၊ သီရိမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ။ ။	၄၀၀,၀၀၀	၅.၈၈
၇	JDS CO.,LTD.	တိုက် C-2 ၊ အမှတ် (၉)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်, ရန်ကုန်မြို့။	၄၀၀,၀၀၀	၅.၈၈
၈	PAC LINK Trading Co.,Ltd	တိုက် C-2 ၊ အမှတ် (၉)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်, ရန်ကုန်မြို့။	၄၀၀,၀၀၀	၅.၈၈
၉	FARMER PHOYAZAR Co.,Ltd	၁၈၇ ဗိုလ်မြတ်ထွန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။	၂၄၀,၀၀၀	၃.၅၃
၁၀	Star Union Investment Ltd	၇၇၁ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။	၂၀၅,၀၀၀	၃.၀၁
	စုစုပေါင်း ထည့်ဝင်ပြီး မတည်ငွေရင်း		**၅,၇၇၈,၅၇၀**	**၈၄.၈၇**

* အစုရှယ်ယာများ အရေအတွက်တွင် လာမည့် စာပိုဒ်တွင် ဖော်ပြသော ၃၀-၆-၂၀၁၆ အထိ ထုတ်ဝေထားသည့် အစုရှယ်ယာများ မပါဝင်ပါ။

အစုရှယ်ယာရှင်တိုင်းတွင် တူညီသော မဲပေးခွင့် ရှိပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) အနေဖြင့် ၂၀၁၆-ခုနှစ် ဇွန်လ ၃၀-ရက်နေ့ အထိ ကုမ္ပဏီ၏ လက်ရှိ အစုရှယ်ယာရှင်များသို့ နောက်ထပ် အစုရှယ်ယာများ ထုတ်ပေးထားခြင်း ရှိပါသည်။ ထို အစုရှယ်ယာသစ်များ အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အတည်ပြုချက် ရရှိရေး အတွက် စောင့်ဆိုင်းနေဆဲ ဖြစ်ပါသည်။ အတည်ပြုချက် ရရှိခဲ့ပါက တွေ့ရမည့် အပြောင်းအလဲများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

VSK International Co.,Ltd	၂၀၀,၀၀၀	၆,၅၄၆	၂၀၆,၅၄၆		ဦးလှဦး	၁,၁၀၁,၈၉၃	၁၀.၅၉%
Good Brother's Machinery Co.,Ltd	၄၀၀,၀၀၀	၂၂,၂၀၀	၄,၂၂,၂၀၀		ဦးလှဦး		
Good Brother's Co.,Ltd	၄၅၀,၀၀၀	၂၃,၁၄၇	၄,၇၃,၁၄၇		ဦးလှဦး		
Star Union Investment Co.,Ltd	၂၀၅,၀၀၀	၁၆၄,၅၈၃	၃၆၉,၅၈၃		ဦးအုန်းဆိုင်	၃၆၉,၅၈၃	၃.၅၅%
Farmer PhoeyazarCo.,Ltd	၂၄၂,၀၀၀		၂၄၂,၀၀၀	၂၆,၇၆၇	ဦးမောင်မောင်တင်	၂၆၈,၇၆၇	၂.၅၈%
ShweMe'Co.,Ltd	၅၉၈,၀၀၀	၂၄၀,၄၈၂	၈၃၈,၄၈၂		ဦးထွန်းလွင်	၈၃၈,၄၈၂	၈.၀၆%
JDS Co.,Ltd	၄၀၀,၀၀၀	၂၂,၂၀၀	၄,၂၂,၂၀၀		ဒေါ်မိုးမိုး	၄,၂၂,၂၀၀	၄.၀၆%
PAC Link Trading Limited	၄၀၀,၀၀၀	၂၂,၂၀၀	၄,၂၂,၂၀၀		ဒေါ်အေးစန္ဒာလွင်	၄,၂၂,၂၀၀	၄.၀၆%
Diamond Star Co.,Ltd	၉၂၅,၁၆၀	၂၂,၂၀၀	၉၄၇,၃၆၀		ဦးစိုးနိုင်(ခ)ဦးကိုကိုကြီး	၄,၂၁၇,၄၃၂	၄၀.၅၅%
Capital Diamond Star Group	၁,၁၃၇,၀၀၀	၄၃၀,၄၆၉	၁,၅၆၇,၄၆၉		ဦးစိုးနိုင်(ခ)ဦးကိုကိုကြီး		
Capital Financial Holding Ltd	-	၁,၇၀၂,၆၀၃	၁,၇၀၂,၆၀၃		ဦးစိုးနိုင်(ခ)ဦးကိုကိုကြီး		
Athar Oo Co.,Ltd	၁၀,၀၀၀	၁၂၁,၄၆၀	၁၃၁,၄၆၀		ဦးအောင်အောင်	၁၃၁,၄၆၀	၁.၂၆%
Zeya & Associate Co.,Ltd	၂၁,၀၀၀	-	၂၁,၀၀၀		ဦးဇေယျ သူရမ္ဘန်	၂၁,၀၀၀	၀.၂၀%
Steel King Co.,Ltd	၆,၀၀၀	-	၆,၀၀၀		ဦးကျော်ကျော်ဦး	၆,၀၀၀	၀.၀၆%
Pyay Chan Thar Co., Ltd.			၁,၀၀၀	၄၀၀,၀၀၀		၄၀၁,၀၀၀	၃.၈၆%

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း စည်းမျဉ်း (၁၀) အရ ၂၀၁၆-ခုနှစ် မတ်လတွင် အစုရှယ်ယာများ ထုတ်ဝေရရှိခဲ့သော အထက် ဖော်ပြပါ အစုရှယ်ယာရှင်များသည် ၎င်းတို့၏ အစုရှယ်ယာများ စတော့အိပ်ချိန်းစာရင်းတင်သွင်းသည့် နေ့ရက်မှ သုံးလ ပိတ်ထားခြင်း ခံရသည့် ကာလ (lock-up period) အောက် ကျရောက်မည် ဖြစ်သည်။

အမြတ်ဝေစုနှင့် အမြတ်ဝေစု ဆိုင်ရာ မူဝါဒ

ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့ အတွက် အစုရှယ်ယာ တစ်ခုလျှင် အမြတ်ဝေစု ကျပ် ၆၅၀ အသီးသီး ကြေညာခဲ့ပါသည်။ ရှေ့နှစ်က ကြေညာခဲ့သော အမြတ်ဝေစုတို့ အတွက် ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် စုစုပေါင်း ကျပ် ၂,၂၆၉,၉၃၁,၄၄၀ နှင့် ၃,၃၉၇,၃၇၇,၃၀၂ အသီးသီး ထုတ်ပေးခဲ့ပါသည်။

အမြတ်ဝေစု ပေးမပေးကို ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်ပိုင်ခွင့် ရှိပါသည်။ ကျွန်ုပ်တို့က အနာဂတ်ကာလ၌ အမြတ်ဝေစု ပေးခြင်း မပေးခြင်းသည် ကျွန်ုပ်တို့၏ ဝင်ငွေများ၊ ဘဏ္ဍာရေး အခြေအနေ၊ ငွေသားစီးဆင်းမှုနှင့် ရင်းနှီးငွေ လိုအပ်ချက်တို့ အပေါ် မူတည်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ယခင်က အမြတ်ငွေများကို အမြတ်ဝေစုအဖြစ် ခွဲဝေပေးခဲ့ ပါသည်။ နောင်တွင် အမြတ်ဝေစုများပေးနိုင်ရန်အာမခံနိုင်ခြင်းမရှိပါ။ အစုရှယ်ယာ

တန်ဖိုး မြှင့်တင်နိုင်ရေးရှေးရှုလျက် အမြတ်ငွေများကို လုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်ရန် MCB က ဆောင်ရွက်ဖွယ်ရှိပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများ အကြောင်း ဖော်ပြချက်

အစုရှယ်ယာ မတည်ငွေရင်း၏ ဖွဲ့စည်းပုံ

၂၀၁၆-ခုနှစ် ဇူလိုင် လ ၃၁-ရက် အခြေအနေ အရ ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) ၏ အစုရှယ်ယာ မတည်ငွေရင်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

		အစုရှယ်ယာ မူရင်းတန်ဖိုးဖြင့် စုစုပေါင်း တန်ဖိုး (ကျပ် သန်း ပေါင်း)
က	**ခွင့်ပြုမတည်ငွေရင်း**	
	အစုရှယ်ယာ တစ်ခုလျှင် မူရင်းတန်ဖိုး ကျပ် ၅,၀၀၀ ရှိ အစုရှယ်ယာ အရေအတွက် ၁၅,၀၀၀,၀၀၀ အဖြစ် ခွဲခြမ်းထားသော ကျပ် ၇၅,၀၀၀,၀၀၀,၀၀၀	၇၅,၀၀၀.၀၀
ခ	**ထုတ်ဝေ လျှောက်ထား ပေးသွင်းပြီး အစုရှယ်ယာ မတည်ငွေရင်း**	
	အစုရှယ်ယာ တစ်ခုလျှင် မူရင်းတန်ဖိုး ကျပ် ၅,၀၀၀ ရှိ အစုရှယ်ယာပေါင်း ၁၀၄,၀၀၉,၆၆ ခု	၅၂,၀၀၄.၉၃
ဂ	**အစုရှယ်ယာ ပရီမီယံ စာရင်း**	၅,၁၁၉.၇၃

ကျွန်ုပ်တို့ ကုမ္ပဏီ အနေဖြင့် ကျွန်ုပ်တို့၏ အစုရှယ်ယာများအား သီးသန့် ချန်ထားခွင့် (option) မပေးပါ။

ထုတ်ဝေပြီးသော အစုရှယ်ယာ အားလုံး အတွက် မူရင်းတန်ဖိုး အပြည့်အဝ ပေးသွင်းပြီး ဖြစ်ပါသည်။ အပြည့်အဝ ပေးသွင်းပြီးသော အစုရှယ်ယာ တစ်ခုလျှင် မဲခွဲဆုံးဖြတ်ရာတွင် မဲတစ်မဲ ပေးခွင့်ရှိပြီး၊ ကုမ္ပဏီက ကြေညာပါက ကြေညာသည့် အမြတ်ဝေစုကို ရပိုင်ခွင့် ပါရှိပါသည်။ အစုရှယ်ယာများတွင် စွဲကပ်သော ရပိုင်ခွင့်နှင့် အခွင့်ထူးတို့ အကြောင်း အသေးစိတ် အတွက် အောက်တွင် ဆက်လက် ဖော်ပြထားသည့် "ကျွန်ုပ်တို့ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ"တွင် ကြည့်ရှုပါရန်။

အစုရှယ်ယာ မတည်ငွေရင်း သမိုင်းကြောင်း

၂၀၀၂-ခုနှစ်မှ စတင်၍ MCB အနေဖြင့် မိမိ၏ အစုရှယ်ယာ မတည်ငွေရင်းကို နှစ်စဉ် တိုးမြှင့်ခဲ့ပါသည်။ ယင်းသို့ နှစ်စဉ် တိုးချဲ့ရသည့် အဓိက အကြောင်းရင်းမှာ MCB ၏ အပ်ငွေများသည် အစုရှယ်ယာ မတည်ငွေရင်း၏ ၂၄-ဆ ရှိနေသည့် အတွက် အစုရှယ်ယာ မတည်ငွေရင်းကို တိုးမြှင့်ရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ၂၀၀၃-ခုနှစ် ဇူလိုင်လ ၁၄-ရက် နေ့စွဲပါ ညွှန်ကြားချက်ကြောင့် ဖြစ်ပါသည်။ ယင်းနောက် MCB အနေဖြင့် မိမိနှင့် ဆက်သွယ်ဆောင်ရွက်သူများ၊ အပ်ငွေများ တိုးတက် ရရှိနိုင်ရေး အတွက်၊ ၂၀၀၉-ခုနှစ်မှ စတင်၍ မိမိ၏ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ရန် အစီအစဉ် ချမှတ် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင်၊ နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorised Dealer Licence) အတွက် သတ်မှတ်ချက် အရ MCB က အနိမ့်ဆုံး ရှိရမည့်မတည်ငွေရင်းမှာ USD 4 million ဖြစ်လာခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အကြား ကာလ အတွင်း ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) ၏ အစုရှယ်ယာ မတည်ငွေရင်း သမိုင်းကြောင်းကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

(ကျပ်သန်းပေါင်း)

ဘဏ္ဍာနှစ်	ထည့်ဝင်ပြီး အစုရှယ်ယာ တန်ဖိုး	စုစုပေါင်း အစုရှယ်ယာ တန်ဖိုး	အစုရှယ်ယာ တစ်ခု၏ ထုတ်ဝေရှိန် စျေးနှုန်း	အပြောင်းအလဲ ရာခိုင်နှုန်း
၂၀၁၄-၂၀၁၅	၁၈,၈၄၁.၉၅	၃၇,၁၁၂.၈၃	၅,၇၅၀	၁၀၃.၁၃%
၂၀၁၅-၂၀၁၆	၁၂,၇၅၆.၉၄	၄၉,၈၆၉.၇၇	၅,၇၅၀	၃၄.၃၇%

နောင် အနာဂတ်တွင် ကျွန်ုပ်တို့ ဘဏ် အနေဖြင့် မိမိ၏ အစုရှယ်ယာ မတည်ငွေရင်းကို အောက်ပါ အချိန်ဇယား အတိုင်း တိုးမြှင့်သွားရန် ရည်ရွယ်ပါသည် -

နှစ်	ထည့်ဝင်ပြီးမတည်ငွေရင်း ((cumulative)
၂၀၁၆-၂၀၁၇	၆၀ ဘီလီယံကျပ်
၂၀၁၇-၂၀၁၈	၆၅ ဘီလီယံကျပ်
၂၀၁၈-၂၀၁၉	၇၀ ဘီလီယံကျပ်
၂၀၁၉-၂၀၂၀	၇၂ ဘီလီယံကျပ်
၂၀၂၀-၂၀၂၁	၇၅ ဘီလီယံကျပ်

ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ

ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများမှ ကောက်နုတ်ချက် အချို့ကို အောက်တွင် ဖော်ပြထားပါသည်။ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ အပြည့်အစုံကို ကုမ္ပဏီ၏ ရုံးခန်းတွင် ကြည့်ရှုနိုင်ပါသည်။ (အင်္ဂလိပ်စာ ဘာသာပြန်၌) အောက်ပါ ကောက်နုတ်ချက်တို့ အတွင်း အင်္ဂလိပ် အက္ခရာ အကြီးဖြင့် စတင်သော စာလုံးများ (capitalized terms) ၏ အဓိပ္ပာယ်သည် အဆိုပါ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ (ဆီလျော်ရာ) တွင် သတ်မှတ်ထားသည့် အဓိပ္ပာယ် အတိုင်း ဖြစ်ပါသည်။

သင်းဖွဲ့မှတ်တမ်း

<u>အစုရှင်များ၏ တာဝန်(Liability of the Shareholders)</u>

အစုရှင်များ၏ ကြွေးမြီတာဝန်ကို ကန့် သတ်ထားပါသည်။

<u>ကုမ္ပဏီ၏ မတည်ရင်းနှီးငွေ</u>

ကုမ္ပဏီ၏ မတည်ရင်းနှီးငွေသည် ကျပ် ၇၅,၀၀၀,၀၀၀,၀၀၀/- (ကျပ်သန်းပေါင်းခုနစ်သောင်းငါးထောင်) ဖြစ်ပြီး ၎င်းကို အစုရှယ်ယာတစ်ခုလျှင် ၅,၀၀၀/- (ကျပ်ငါးထောင်) နှုန်းဖြင့် အစုရှယ်ယာ ၁၅,၀၀၀,၀၀၀/-

(တစ်ဆယ့်ငါးသန်း) ခုအဖြစ် ခွဲဝေပိုင်းခြားပေးမည် ဖြစ်သည်။ ဒါရိုက်တာများသည် ၎င်းတို့အနေဖြင့် သင့်တော်သည်ဟု ထင်မြင်သည့် အချိန်နှင့် စည်းကမ်းသတ်မှတ်ချက်များဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာကို ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ထုတ်ပေးခြင်း၊ ခွဲဝေပေးခြင်း သို့မဟုတ် အခြားနည်း ရှင်းထုတ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။ အထူးလုပ်ပိုင်ခွင့်များ၊ အခွင့်အရေးများ သို့မဟုတ် အခြေအနေများရှိသည့် ဦးစားပေး၊ ရွှေ့ဆိုင်း သို့မဟုတ် သတ်မှတ်ချက်ပြည့်မီသော အစုရှယ်ယာများနှင့်အတူ ပူးတွဲပါရှိသည့် လုပ်ပိုင်ခွင့်များကို ပြင်ဆင်ပြောင်းလဲနိုင်မည်ဆိုလျှင် ထိုသို့ အထူးလုပ်ပိုင်ခွင့်များ၊ အခွင့်အရေးများ သို့မဟုတ် အခြေအနေများရှိသည့် ဦးစားပေး၊ ရွှေ့ဆိုင်းနှင့် သတ်မှတ်ချက်ပြည့်မီသော အစုရှယ်ယာများကို ထုတ်ပေးနိုင်မည်ဖြစ်သည်။

<u>ကုမ္ပဏီ၏ ရည်ရွယ်ချက်များ</u>

ကုမ္ပဏီတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ -

၁) ရန်ကုန်မြို့တွင် လုပ်ငန်းတည်ရာဌာန၏ ရုံးချုပ်ရှိ၍ ပြည်ထောင်စု မြန်မာနိုင်ငံတွင်လည်းကောင်း၊ ကမ္ဘာပေါ်ရှိမည်သည့်ဒေသတွင်မဆိုလည်ကောင်း၊ အခါအားလျှော်စွာ သတ်မှတ်သည့်ဘဏ်ခွဲများ၊ သို့မဟုတ် ကိုယ်စားလှယ်ဌာနများရှိမည့် ဘဏ်၏လုပ်ငန်းကို တည်ထောင်၍ ဆောင်ရွက်ရန်။

၂) အဓိကလုပ်ငန်းအနေဖြင့် စာရင်းရှင်တွင်သော် လည်းကောင်း၊ အခြားနည်းသော် လည်းကောင်း အတိုး ဖြင့်ဖြစ်စေ၊ အတိုးမပါပဲ ဖြစ်စေ အပ်ငွေများလက်ခံခြင်းကို ဆောင်ရွက်ရန်၊ ယင်းအပ်ငွေများကို ချက်လက် မှတ်၊ငွေလွှဲလက်မှတ်သို့မဟုတ်အမိန့်လက်မှတ်ဖြင့်ထုတ်ယူနိုင်ရမည်။

၃) ယင်း၏ ဘဏ်ခွဲများနှင့် ဌာနအားလုံးတွင် ငွေချေးယူခြင်း၊ သို့မဟုတ် ငွေကြေးရှာဖွေစုစည်းခြင်း၊ အာမခံဖြင့်ဖြစ်စေ၊ အာမခံမပါဘဲဖြစ်စေ ချေးငွေထုတ်ပေးခြင်း၊ သို့မဟုတ် ကြိုတင်ငွေထုတ်ပေးခြင်း၊ လွှဲပြောင်းနိုင်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ငွေပေးအမိန့်လက်မှတ်များ၊ ငွေပေးကတိစာချုပ်များ၊ ကူပွန်အတိုးလက်မှတ်များ၊ ငွေလွှဲလက်မှတ်များ၊ ကုန်ပစ္စည်းသဘော်တင်စာရွက်စာတမ်းများ၊ မီးရထား ကုန်တင်တန်ဆာလက်ခံဖြတ်ပိုင်းများ၊ ဂရမ်းလက်မှတ်များ၊ ဒီဘင်ချားများ၊ ဒီဘင်ချာ အစုစတော့(ခ်)များ၊ သက်သေခံလက်မှတ်များ၊ ယာယီလက်မှတ်များနှင့် အခြားစာချုပ်စာတမ်း များနှင့် ငွေချေးသက် သေခံလက်မှတ်များကို လက်မှတ်ရေးထိုးခြင်း၊ ထုတ်ပေးခြင်း၊ လက်ခံခြင်း၊ လျှောနှုန်းဖြင့် လဲလှယ်ခြင်း၊ ဂယ်ခြင်း၊ ရောင်းခြင်း၊ ထောက်ခံခြင်း၊ ရောင်းဂယ်ဖောက်ကားခြင်း၊ ငွေလွှဲစာတမ်းများ၊ ခရီးသွားများနှင့် အခြားအလားတူ ချက်လက်မှတ်များနှင့် နိုင်ငံခြားသွားခရီးသည်ဆောင်ယူသည့် ငွေလွှဲလက်မှတ်များ ထုတ်ပေးခြင်း၊ ရွှေတုံး၊ ငွေတုံးနှင့် ရွှေဒဂါး၊ ငွေဒဂါးများကို ဂယ်ခြင်း၊ ရောင်းခြင်းနှင့် ရောင်းဂယ်ဖောက် ကားခြင်း၊ နိုင်ငံခြားငွေစက္ကူအပါအဝင် နိုင်ငံခြားသုံးငွေဂယ်ခြင်းနှင့် ရောင်းခြင်းအစုစတော့(ခ်)များ၊ ရန်ပုံငွေများ၊ အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ ဒီဘင်ချာအစုစတော့(ခ်)၊ ငွေချေးစာချုပ်များ၊ တာဝန်များ၊ ငွေချေးသက်သေခံလက်မှတ်များနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုးရယူခြင်း၊ လက်ရှိထား၊ ကောမရှင်ဖြင့် ထုတ်ပေးခြင်း၊ အာမခံခြင်းနှင့် ရောင်းဂယ်ဖောက်ကားခြင်း၊ ကုမ္ပဏီ၏အစိတ်အပိုင်းများ သို့မဟုတ် အခြားသူများကိုယ်စား

ငွေချေးစာချုပ်များ၊ ယာယီလက်မှတ်များ သို့မဟုတ်အခြား ငွေချေးသက်သေခံ လက်မှတ်မျိုးကို ဝယ်ခြင်း၊ ရောင်းခြင်း၊ ချေးငွေများနှင့် ကြေးတင်ထုတ်ပေးငွေများအတွက် စကားကမ်းလှမ်း စေ့စပ်ခြင်း၊ အပ်နှံလာသည့် သို့မဟုတ် လုံခြုံမှုအတွက် သိမ်းဆည်းပေးရန် သို့မဟုတ် အခြားနည်းဖြင့် ငွေချေးစာချုပ်များ၊ ယာယီလက်မှတ်များ သို့မဟုတ် အဖိုးတန်ပစ္စည်းများကို လက်ခံခြင်း၊ ငွေနှင့်ငွေချေး သက်သေခံ လက်မှတ် များကို ကောက်ခံခြင်း နှင့် လွှဲပြောင်းခြင်းဖြစ်သည့် ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ရန်။

၄) လက်ဝတ်လက်စားများ၊ ကျောက်မျက်ရတနာများ၊ ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများနှင့် အခြားအဖိုးတန်အရာဝတ္ထုများနှင့် စာချုပ်စာတမ်းများကို ထိန်းသိမ်းပေးရန်အတွက်လက်ခံရန်။

၅) အများပြည်သူချေးငွေသို့မဟုတ် ပုဂ္ဂလိက ချေးငွေများအတွက် ပဋ္ဌာဉ်ပြုလုပ်ရန်၊ ယင်းချေးငွေများအတွက် စကားကမ်းလှမ်းစေ့စပ်ရန်နှင့် ထုတ်ပေးရန်၊

၆) အများပြည်သူသို့ဖြစ်စေ၊ ပုဂ္ဂလိကသို့ဖြစ်စေ နိုင်ငံတော်ချေးငွေများ၊ မြန်မာ့စီးပါယ်ချေးငွေများ သို့မဟုတ်အခြားချေးငွေများ ထုတ်ပေးခြင်းကိုသော်လည်းကောင်း၊ ကုမ္ပဏီ၊ ကော်ပိုရေးရှင်းသို့မဟုတ် အသင်းအဖွဲ့တစ်ခုခု၏ အစုရှယ်ယာများ၊ အစုစတော့(ခ်)များ၊ ဒီဘင်ချာများ သို့မဟုတ် ဒီဘင်ချာအစုစတော့(ခ်)များ ထုတ်ပေးခြင်းကိုသော်လည်းကောင်း အားပေးချီးမြှင့်ရန်၊ ပြုလုပ်ရန်၊ စိတ်ချမှုရရှိအောင်ဆောင်ရွက်ပေးရန်၊ အာမခံရန်၊ ယင်းသို့ ထုတ်ပေးခြင်းကို စီမံအုပ်ချုပ်ရာ၌လည်းကောင်း၊ ပြုလုပ်ရာ၌လည်းကောင်း ပါဝင်ဆောင်ရွက်ရန်၊ အဆိုပါ ထုတ်ပေးခြင်းကိစ္စအတွက် ငွေထုတ်ချေးရန်။

၇) အာမခံလုပ်ငန်းနှင့် စိုက်လျော်အာမခံလုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်ဆောင်ရွက်ရန်၊ ထို့ပြင် အဆိုပါ လုပ်ငန်းနှင့် ဆက်စပ်သော မည်သည့်တာဝန်မျိုးကို မဆိုခံယူရန်။

၈) တည်ဆဲစီးပွားရေးလုပ်ငန်းတစ်ခုခု သို့မဟုတ် စက်မှုလုပ်ငန်းတစ်ခုခု သို့မဟုတ် စီးပွားရေးလုပ်ငန်းသစ်တစ်ခုခု သို့မဟုတ် စက်မှုလုပ်ငန်းသစ်တစ်ခုခုကို အားပေးချီးမြှင့်ရန်၊ ငွေချေးခြင်းဖြင့် ငွေကြေးပံ့ပိုးမှု ပေးရန် သို့မဟုတ် ယင်းသို့အားပေးချီးမြှင့်ရာ၌ဖြစ်စေ ကူညီရန်၊ ထို့ပြင် ဆင်းဒီကိတ် အဖွဲ့(ငွေရေးကြေးရေး အဖွဲ့အစည်း)များမှ တစ်ဆင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အဆိုပါလုပ်ငန်းများကို တိုးတတ်ဖွံ့ဖြိုးအောင် ပြုလုပ်ရန်၊ သို့မဟုတ်ဖွဲ့စည်းရန်၊ ထို့ပြင် အဆိုပါ စီးပွားရေးလုပ်ငန်းများ၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ဒီဘင်ချာအစုစတော့(ခ်)များကို မူလလက်မှတ်ရေးထိုးခြင်းဖြင့်သော်လည်းကောင်း၊ တင်ဒါခေါ် ခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ရယူရန်၊ ထို့အပြင် ထိုအစုရှယ်ယာစသည်တို့ကို စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မပါဘဲဖြစ်စေ လက်မှတ်ရေး ထိုး၍ ယူခြင်းကို အာမခံရန်နှင့် ထိုအစုရှယ်ယာစသည်တို့ကို ပိုင်ဆိုင်ကြောင်းရရှိသည် သို့မဟုတ် ပိုင်ဆိုင်ခြင်းနှင့်ဆက်စပ်သည့်အခွင့်အရေးများနှင့် အာဏာများကို သုံးစွဲ၍အတည်ဖြစ်အောင် ဆောင်ရွက်ရန်။

၉)	အစိုးရများအတွက်ဖြစ်စေ၊ ဒေသန္တရအာဏာပိုင်များအတွက်ဖြစ်စေ အခြားသူ သို့မဟုတ် သူများအတွက်ဖြစ်စေ ကိုယ်စားလှယ်များအဖြစ်ဆောင်ရွက်ရန်၊ ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်ရန်နှင့် တာဝန်ကင်းလွတ်စေကြောင်းလက်မှတ်များပေးရန် လုပ်ပိုင်ခွင့်အပါအဝင်ဖြစ်သည့် ဘဏ်လုပ်ငန်း လုပ်ကိုင် သည့် ကုမ္ပဏီ၏စီမံအုပ်ချုပ်မှု ကိုယ်စားလှယ်လုပ်ငန်းမှတစ်ပါး ကိုယ်စားလှယ်လုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်ဆောင်ရွက်ရန်။

၁၀)	ယုံကြည်အပ်နှံမှုများကို တာဝန်ခံယူ၍ ဆောင်ရွက်ရန်။

၁၁)	အမွေပစ္စည်းများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ အမွေစားအမွေခံတို့အား ခွဲဝေချထားပေးရာတွင်လည်းကောင်း၊ သေတမ်းစာအတည်ပြုသူ သို့မဟုတ် ယုံကြည်အပ်နှံခံရသူ သို့မဟုတ် အခြားသူအဖြစ် ဆောင်ရွက်ခြင်း။

၁၂)	ရယူရန်လိုအပ်သည် သို့မဟုတ် သင့်တော်သည်ဟု ကုမ္ပဏီက ထင်မြင်ယူဆသော သို့မဟုတ် ကုမ္ပဏီ၏ ထင်မြင်ချက်အရ၊ ရယူခြင်းဖြင့် ကုမ္ပဏီလက်ရှိထားသည့် ငွေချေးသက်သေခံလက်မှတ်များကို ငွေကြေးဖြစ်အောင်ထုခွဲခြင်းကို လွယ်ကူစေဘွယ်ရာ အကြောင်းရှိသည့် သို့မဟုတ် စိုးရိမ်းမကင်းဖြစ်ရသည့် ဆုံးရှုံးမှု သို့မဟုတ် တာဝန်တစ်ခုခုကို တားမြစ်ဘွယ်ရာ အကြောင်းရှိသည့် သို့မဟုတ် ယုတ်လျော့စေဘွယ်ရာ အကြောင်းရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း သို့မဟုတ် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့်အခွင့်အရေးများ၊ သို့မဟုတ် အထူးအခွင့်အရေးများကို ဝယ်ယူခြင်းဖြင့်ဖြစ်စေ၊ အငှားချထားခြင်းဖြင့်စေ၊ လဲလှယ်ခြင်းဖြင့်ဖြစ်စေ၊ ငှားရမ်းခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရယူရန်၊

၁၃)	ကုမ္ပဏီ၏ ကိစ္စအတွက် လိုအပ်သော သို့မဟုတ် သင့်တော်သော မည်သည့်အဆောက်အအုံများ၊ သို့မဟုတ် လုပ်ငန်းရပ်များကိုမဆို ဆောက်လုပ်ရန်၊ ထိန်းသိမ်းရန်နှင့် ပြောင်းလဲရန်၊

၁၄)	ချေးငွေများအတွက်ဖြစ်စေ၊ ကြိုတင်ထုတ်ပေးငွေအတွက်ဖြစ်စေ အာမခံ၏ တစ်စိတ်တစ်ဒေသဖြစ် သော၊ သို့မဟုတ် အဆိုပါ အာမခံနှင့်သက်ဆိုင်သော ပစ္စည်းတစ်ရပ်ရပ် ကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင် သည့်ပစ္စည်း၊ သို့မဟုတ် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတွင် အခွင့်အရေး၊ ပိုင်ဆိုင်ခွင့်၊ သို့မဟုတ် အကျိုး သက်ဆိုင်ခွင့်တစ်ရပ်ရပ်ကိုလည်းကောင်းရယူရန်၊ လက်ရှိထားရန်နှင့် ယေဘူယျအားဖြင့် စီမံခန့်ခွဲရန်၊

၁၅)	ယင်း၏တောင်းဆိုပိုင်ခွင့် တစ်ခုခုအတွက် ရရှိစေရန်၊ သို့မဟုတ် အချို့အဝက် ရရှိစေရန်အတွက် ကုမ္ပဏီ၏လက်သို့ ရောက်ရှိလာနိုင်သော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအားလုံးကို စီမံအုပ်ချုပ်ရန်၊ ရောင်းချရန်နှင့် ငွေကြေးဖြစ်အောင်ထုခွဲရန်၊

၁၆) ဤကုမ္ပဏီ၏ ရည်ရွယ်ချက်များနှင့်တူညီသောရည်ရွယ်များရှိသည့် အခြားကုမ္ပဏီတစ်ခုခုနှင့် ပူးပေါင်းရန်၊ ထိုပြင်နိုင်ငံအတွင်း မည်သည့်အရပ်ဒေသ၌မဆိုရှိသည့် တည်ဆဲဘဏ်တစ်ခုခု၏ ရရန်ပိုင်ခွင့်များနှင့်ကြွေးမြီတာဝန်များကိုလည်း ကုမ္ပဏီအတွက် အကျိုးရှိ၍ သင့်လျော်မည့် စည်းကမ်းချက်များဖြင့် တာဝန်ခံယူရန်၊ ပူးပေါင်းရန်နှင့် လွှဲပြောင်းယူရန်။

၁၇) ကုမ္ပဏီ၏ လုပ်ငန်းများကိစ္စအလို့ငှာ ပြည်ထောင်စုမြန်မာနိုင်ငံတွင်ဖြစ်စေ၊ အခြားအရပ်ဒေသ တွင်ဖြစ်စေ၊ ငွေချေးယူရန်နှင့် ထို့သို့ ချေးယူသော ငွေများအတွက် ရရန်ပိုင်ခွင့်များ ပေါင်နှံခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အာမခံပေးရန်၊

၁၈) ကုမ္ပဏီ၏ ရည်ရွယ်ချက်များနှင့် တူညီသော ရည်ရွယ်ချက်များရှိသည့် အခြားကုမ္ပဏီတစ်ခုခုတွင် အစုရှယ်ယာများယူရန် သို့မဟုတ် အခြားနည်းရယူ၍ လက်ရှိထားရန်၊

၁၉) ကုမ္ပဏီ၏ အမှုထမ်းများ၊ သို့မဟုတ် အမှုထမ်းဟောင်းများ၊ သို့မဟုတ် ထိုသူများ၏ မှီခိုနေထိုင်သူများအဆက်အနွယ်များအား အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်သည့် အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ၊ ရန်ပုံငွေများ၊ ယုံကြည်အပ်နှံခြင်းခံရသည့် အဖွဲ့များနှင့် အဆင်သင့်သော လွယ်ကူမှုများ တည်ထောင်ရန်နှင့် ထောက်ပံ့ရန်၊ သို့မဟုတ် ဆိုခဲ့သည့် အသင်းအဖွဲ့စသည်များ တည်ထောင်ထောက်ပံ့ရာတွင် အကူအညီ ပေးရန်၊ ပင်စင်လစာနှင့် စရိတ်ကြေးငွေထုတ်ပေးရန်နှင့် အာမခံအတွက် ငွေးပေးသွင်းရန်၊ ကုသိုလ်ရေး သို့မ ဟုတ် ကောင်းမှုပြုရေးကိစ္စများ အတွက်သော်လည်းကောင်း၊ ပြပွဲများ၊ သို့မဟုတ် အများပြည်သူနှင့် ဆိုင် သော ယေဘုယျဖြစ်သော သို့မဟုတ် အသုံးဝင်သော ကိစ္စများအတွက်သော်လည်းကောင်း ငွေထည့်ဝင် ရန်၊ သို့မဟုတ် ငွေထုတ်ပေးရန်၊

၂၀) ကုမ္ပဏီ၏ပစ္စည်းနှင့် အခွင့်အရေးအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ ရောင်းချရန်၊ တိုးတတ် ကောင်းမွန်အောင်ပြုလုပ်ရန်၊ စီမံအုပ်ချုပ်ရန်၊ တိုးတတ်ဖွံ့ဖြိုးအောင်ပြုလုပ်ရန်၊ လဲလှယ်ရန်၊ အငှားချထား ရန်၊ ပေါင်နှံရန်၊ ထုခွဲရန်၊ အကျိုးဖြစ်ထွန်းအောင် ပြုလုပ်ရန်၊ သို့မဟုတ် အခြားနည်း စီမံခန့်ခွဲရန်၊

၂၁) သူတစ်ဦးတစ်ယောက်၏ သို့မဟုတ် ကုမ္ပဏီ၏လုပ်ငန်းသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၇၇-စ တွင် ရေတွက်ပြထားသည့် သို့မဟုတ် အကြောင်းအရာဖော်ပြထားသည့် လုပ်ငန်မျိုးဖြစ်လျှင် ယင်းလုပ်ငန်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရယူရန်နှင့်တာဝန်ခံယူရန်၊

၂၂) ကုမ္ပဏီ၏အကျိုးငှာ ဘဏ်လုပ်ငန်းလေ့လာသင်ယူရန်အတွက် နိုင်ငံခြားတိုင်းပြည်သို့ သွားရောက် ရန်အလို့ငှာ နည်းလမ်းတကျ ရွေးချယ်ထားသူ သို့မဟုတ် ရွေးချယ်ထားသူများအား လက်ဆောင်ပဏ္ဍာများ အဖြစ်ဖြင့်ဖြစ်စေ၊ ချေးငွေးများအဖြစ်ဖြင့်ဖြစ်စေ၊ ပညာသင်ဆုများနှင့် စရိတ်ကြေးငွေထုတ်ပေးရန်၊

၂၃) ကုမ္ဏီကိုသော်လည်းကောင်း၊ ယင်းကုမ္ဏီက သို့မဟုတ် ယင်းကုမ္ဏီကိုယ်စား အားပေးချီးမြှင့်သည့်ဖွဲ့စည်းသည် တည်ထောင်သည် မှတ်ပုံတင်သည် အခြားကုမ္ဏီတစ်ခုခုကိုသော်လည်းကောင်း အားပေးချီးမြှင့်ခြင်း၊ ဖွဲ့စည်းခြင်း၊ တည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်းအတွက် ကုန်ကျစရိတ်အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေးဆောင်ရန်နှင့် ယင်းကိစ္စများ၏ ကနဦး(ပဏာမ)ဖြစ်၍ ယင်းကိစ္စများနှင့် ဆက်စပ်နေသော ကုန်ကျစရိတ်အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေးဆောင်ရန် ထို့ပြင် ကုမ္ဏီ၏ သို့မဟုတ် ထိုသို့ အားပေးချီးမြှင့်သည့် ဖွဲ့စည်းသည် တည်ထောင်သည် သို့မဟုတ် မှတ်ပုံတင်သည် အခြား ကုမ္ဏီတစ်ခုခု၏ အစုရှယ်ယာ သို့မဟုတ် ဒီဘင်ချာ သို့မဟုတ် အခြားတာဝန်အားလုံးကို ဖြစ်စေ၊ တစ်ခုခု ကိုဖြစ်စေ ယူခြင်း၊ စီမံခြင်း သို့မဟုတ် အာမခံခြင်းအတွက် သင့်တော်သည်ဟု မှတ်ယူရမည့် တရားဝင်ပေး ဆောင်ရမည်ဖြစ်သော ကော်မရှင်၊ ပွဲခ၊ လျှော့နှုန်း၊ အာမခံကြေးနှင့် အခြားကုန်ကျစရိတ် အားလုံးကိုပေး ဆောင်ရန်၊

၂၄) ဘဏ်၏လုပ်ငန်းများကို အားပေးချီးမြှင့်ခြင်း သို့မဟုတ် တိုးတတ်စေခြင်းနှင့် ဆက်စပ်နေသော သို့မဟုတ် အထောက်အပံ့ဖြစ်စေသော အခြားကိစ္စအားလုံးပြုလုပ်ရန်၊

၂၅) မြန်မာနိုင်ငံကုမ္ဏီများ အက်ဥပဒေပုဒ်မ ၂၇၇-စ ပါ အပိုဒ်များ ၁ မှ ၁၇ အထိတွင် ဖော်ပြထားသည့် လုပ်ငန်းများအပြင် ယင်းအက်ဥပဒေပုဒ်မ ၂၇၇-ဆပါ ပြဋ္ဌာန်းချက်နှင့်အညီ မြန်မာနိုင်ငံအစိုးရက အစိုးရပြန်တမ်း၌ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သီးခြားဖော်ပြမည့် ဘဏ်လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ဏီက တရားဝင်ပြုလုပ်နိုင်သော အခြားလုပ်ငန်းမျိုးအားလုံးကို ပြုလုပ်ရန်၊

(၂၆) ဘဏ်၏ အစုရှယ်ယာများအား ဥပဒေနှင့် အညီ စနစ်တကျ ရောင်းဝယ်နိုင်ရေး နှင့် ရင်းနှီးမြှုပ်နှံသူများ အပေါ် လွယ်ကူချောမွေ့စေရန်အတွက် ဥပဒေနှင့်အညီ ကာကွယ်ပေးရန်။

သင်းဖွဲ့စည်းမျဉ်းများ

<u>ဒါရိုက်တာများ ခန့်အပ်ခြင်း၊ အရည်အချင်းသတ်မှတ်ခြင်းနှင့် ထုတ်ပယ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ</u>

၇၄။ ဒါရိုက်တာတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။ ပုဂ္ဂလိကဖြစ်လျှင် ကျပ်၅,၀၀၀,၀၀၀ (ကျပ်ငါးသန်း)ထက် မနည်း၊ အဖွဲ့အစည်းဖြစ်လျှင် ကျပ် ၁၀,၀၀၀,၀၀၀ (ကျပ်တစ်ဆယ်သန်း) အောက်မနည်း အစုရှယ်ယာများ ဝယ်ယူခဲ့ပြီးဖြစ်ရမည်။ အထွေထွေအစည်းအဝေးကြီးမှ အခြားနည်းသတ်မှတ်ထားခြင်းမရှိလျှင် ဒါရိုက်တာဦးရေမှာ ငါးဦးအောက်မနည်း (သို့ မဟုတ်) တစ်ဆယ့်ငါးဦးထက် မပိုရ။

၈၃။ ဒါရိုက်တာ၏ရာထူးသည် အောက်ပါအကြောင်းများကြောင့် ရပ်စဲရမည်။
(က) အက်ဥပဒေပုဒ်မ ၈၅ ပုဒ်မခွဲ (၁)တွင် သီးခြားဖော်ပြထားသော အချိန်အတွင်းသော်လည်းကောင်း၊ ထို ့နောက်မည်သည့်အချိန်တွင်မဆိုသော်လည်းကောင်း မိမိအား ဒါရိုက်တာရာထူးအတွက်

အရည်အချင်းပြည့်စုံစေရန် လိုအပ်သောအစုရှယ်ယာများကို ရယူရန်ပျက်ကွက်လျှင် သို့မဟုတ် ပိုင်ဆိုင်ခြင်းမှရပ်စဲလျှင်၊ သို့မဟုတ်

(ခ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခြင်းခံရလျှင်၊ သို့မဟုတ်

(ဂ) စိတ်ပေါ့သွပ်သူဖြစ်ကြောင်း စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးကဆုံးဖြတ်ခြင်းခံရလျှင်၊ သို့မဟုတ်

(ဃ)ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်မရဘဲ တစ်ဆက်တည်းဖြစ်သော ဒါရိုက်တာအစည်းအဝေးသုံးခုသို့တက်ရောက်ရန်ပျက်ကွက်ခြင်း၊ သို့မဟုတ် တစ်ဆက်တည်းဖြစ်သော သုံးလအတွင်းကျင်းပသည့် ဒါရိုက်တာအစည်းအဝေးအားလုံးသို့တက်ရောက်ရန်ပျက်ကွက်ခြင်း၊ ထိုနှစ်ရပ်အနက် ပိုမိုရှည်လျားသော ကာလအပိုင်းအခြားအတွက် ပျက်ကွက်ခြင်းရှိခဲ့သော်၊ သို့မဟုတ်

(င) ကုမ္ပဏီ နှင့်တစ်စာ ရေးသားပေးပို့၍ ရာထူးမှနုတ်ထွက်လျှင်၊ သို့မဟုတ်

(စ) ကုမ္ပဏီ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် နုတ်ပယ်ခံရလျှင်၊ သို့မဟုတ်

(ဆ) ဆုံးဖြတ်ချက်မရရှိဘဲ ထိုသူ သို့မဟုတ် ထိုသူကအစုရှင်အဖြစ်ပိုင်ဆိုင်သော အစုစပ်လုပ်ငန်း သို့မဟုတ် ထိုသူဒါရိုက်တာအဖြစ်ပါဝင်သော ပုဂ္ဂလိကပိုင်ကုမ္ပဏီသည် မန်နေဂျင်းဒါရိုက်တာ သို့မဟုတ် လုပ်ငန်းလုပ်ကိုင်သူမှတစ်ပါး၊ ကုမ္ပဏီတွင်အကျိုးအမြတ်ရှိမည့် မည်သည့်ရာထူးကိုမဆို ကုမ္ပဏီ၏အထွေထွေအစည်းအဝေးကြီး၏ အခွင့်အမိန့်မရရှိဘဲ ဆက်ခံခြင်း သို့မဟုတ် ဆောင်ရွက်လုပ်ကိုင်ခြင်းပြုလျှင်၊ သို့မဟုတ်

(ဇ) အက်ဥပဒေပုဒ်မ ၈၆ (စ) အရ ဆန့်ကျင်ကျူးလွန်လျှင်၊ သို့မဟုတ်

(ဈ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးပန်ကြီးဌာနမှ ယင်း၏ခန့်ထားခြင်းကို ရုတ်သိမ်းလျှင်

၈၆။ တစ်နှစ်လျှင်တစ်ခါ နှုတ်ထွက်ပေးရမည် ဒါရိုက်တာများမှာ မိမိတို့အား ရွေးကောက်လိုက်သည့်အချိန်မှ စ၍ ရာထူးတွင် အချိန်ကာလအကြာဆုံး ထမ်းရွက်သူများဖြစ်ရမည်။ သို့ရာတွင် တစ်နေ့တည်း ရွေးချယ်ခံရသူများအနက် ယင်းတို့အချင်းချင်း အခြားနည်း သဘောတူမှုမရှိလျှင် မည်သည့်ဒါရိုက်တာ နှုတ်ထွက်ပေးရမည်ကို မဲချ၍ ဆုံးဖြတ်ရမည်။

၈၇။ နှုတ်ထွက်ပေးရသော ဒါရိုက်တာတစ်ဦး၌ ပြန်လည်ရွေးကောက်တင်မြှောက်ခြင်း ခံခွင့်ရှိစေရမည်။

၈၈။ ကုမ္ပဏီသည် အထက်ဖော်ပြပါနည်းလမ်းအတိုင်း ဒါရိုက်တာတစ်ဦးက အထွေထွေအစည်းအဝေးကြီး တွင် နှုတ်ထွက်ပေးရသဖြင့် လစ်လပ်သောနေရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးအား ရွေးကောက်တင်မြှောက်ခြင်း ဖြင့် ဖြည့်သွင်းနိုင်သည်။

၈၉။ ဒါရိုက်တာများ ရွေးကောက်တင်မြှောက်ရမည့် မည်သည့်အစည်းအဝေး၌မဆို နုတ်ထွက်သွားသော ဒါရိုက်တာများ၏ နေရာများတွင် လူစားမဖြည့်ရသေးလျှင် ထိုအစည်းအဝေးကို နောက်ရက်သတ္တပတ်အတွင်း ထိုနေ့၊ ထိုအချိန်နှင့် ထိုနေရာ၌ပင် ရွှေ့ဆိုင်းကျင်းပရမည်။ ထိုသို့ရွှေ့ဆိုင်းကျင်းပသည့်အစည်း အဝေး၌ နုတ်ထွက်ပေးသော ဒါရိုက်တာများ၏ နေရာများကိုဖြည့်နိုင်လျှင် နုတ်ထွက်ပေးထားသော ဒါရိုက်တာများ၏ နေရာများ သို့မဟုတ် လူသစ်မဖြည့်ရသေးသော နေရာများတွင် သက်ဆိုင်ရာ ဒါရိုက်တာဟောင်းများကို ရွှေ့ဆိုင်း ထားသော အစည်းအဝေး၌ ပြန်လည်ရွေးကောက်တင်မြှောက်သည်ဟု မှတ်ယူရမည်။

၉၀။ ဤစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ကုမ္ပဏီသည် ဒါရိုက်တာများဦးရေကို တိုးမြှင့်ခြင်း သို့မဟုတ် လျော့ချခြင်းကို အခါအားလျော်စွာ ပြုနိုင်သည့်အပြင် ယင်းတို့၏အရည်အချင်းကိုလည်း ပြင်ဆင်နိုင်သည်။

၉၁။ အက်ဥပဒေပုဒ်မ ၈၆(ဆ)ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ့ထို့အပြင်တည်ဆဲရှိသည့်မည့်သည့် သဘောတူစာချုပ်နှင့်မဆို မဆန့်ကျင်စေဘဲ ကုမ္ပဏီသည်၊ မည်သည့်ဒါရိုက်တာကိုမဆို၊ ထိုသူ၏ရာထူး သက်တမ်းမကုန်ဆုံးမီ အထူးဆုံးဖြတ်ချက်ဖြင့် ထုတ်ပယ်နိုင်ပြီး၊ ထိုရာထူးအတွက် အခြားအရည်အချင်းရှိ ပုဂ္ဂိုလ်တစ်ဦး ကိုသာမန် ဆုံးဖြတ်ချက်ဖြင့်အစားခန့်ထားနိုင်သည်။ ထိုသို့ ခန့်ထားခြင်းခံရသူသည်၊ မိမိအစား ဝင်ရောက်ရာ နေရာမှ ဒါရိုက်တာအားနှုတ်ပယ်ခြင်းမပြုခဲ့လျှင် ယင်းလက်ရှိ ထားမည်ဖြစ်သည့် အချိန်ကာလအတွက်သာလျှင် ရာထူးသက်တမ်းရှိရမည်။

၉၂။ ရာထူးမှနှုတ်ထွက်မည့်ဒါရိုက်တာတစ်ဦးမဟုတ်၍ ဒါရိုက်တာများကရွေးကောက်ရန်အတွက် ထောက်ခံမထားလျှင် မည်သူတစ်ဦးတစ်ယောက်မျှ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးတွင် ဒါရိုက်တာ ရာထူးအတွက် ရွေးကောက်ခံခွင့်မရှိစေရ။ အက်ဥပဒေအရ အဆိုပါ အစည်းအဝေးကျင်းပရန် နေ့ရက်မတိုင်မီ အနည်းဆုံး ရက်(၂၀) ပြည့်နှင့် (၂၈)ရက် ထက်မပိုဘဲကြိုတင်၍ ထိုသူ သို့မဟုတ် ယင်းအားတင်မြှောက်ရန် ရည်ရွယ်သောအခြားအစုရှင်က အဆိုပါသူအား ဒါရိုက်တာလောင်းအဖြစ် ထုတ်ဖော်သည့် သို့မဟုတ် အဆိုပါ သူအား တင်မြှောက်ရန် ရည်ရွယ်သည့် နှိုတစ်စာကို ရေးသား၍ နည်းလမ်းတစ်ကျလက်မှတ်ရေးထိုးပြီး ရုံးတွင်ပို့ထားမှသာလျှင်၊ ဒါရိုက်တာအဖြစ်ရွေးကောက် ခံခွင့်ရှိသည်။

၉၃။ ကုမ္ပဏီသည် ဒါရိုက်တာများနှင့်မန်နေဂျာများ၏ မှတ်ပုံတင်စာရင်းကို မှတ်ပုံတင်ရုံးတွင်ထားရှိရမည်။ ထို့အပြင် အက်ဥပဒေပုဒ်မ ၈၇ ပါပြဋ္ဌာန်းချက်များနှင့် အညီ နည်းလမ်းတစ်ကျ လိုက်နာဆောင်ရွက်ရမည်။

<u>အုပ်ချုပ်မှုဒါရိုက်တာခန့်အပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ</u>

၁၁၂။ ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာကို ဒါရိုက်တာများမှ ရွေးချယ်တာဝန်ပေးအပ်ရန်ဖြစ်ပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာသည် ဒါရိုက်တာအဖွဲ့၏ ယေဘုယျကြီးကြပ်ကွပ်ကဲမှုကိုခံယူလျှက် ကုမ္ပဏီ၏အလုပ်ကိစ္စအရပ်ရပ်ကို စီမံအုပ်ချုပ်ရမည်။

၁၁၃။ ကြီးကြပ်အုပ်ချုပ်မှုဒါရိုက်တာသည် ဒါရိုက်တာအဖွဲ့က မိမိအတွက် သတ်မှတ်ထားသောစည်းမျဉ်းများကို လိုက်နာရမည်။ ဒါရိုက်တာများက လိုအပ်သည့်အခါတိုင်း ကြီးကြပ်အုပ်ချုပ်မှုဒါရိုက်တာက မိမိကြီးကြပ်မှုအောက်တွင် ရှိသော သို့မဟုတ် ယင်းကအရေးယူထားသော ကုမ္ပဏီနှင့်သက်ဆိုင်သည့် လုပ်ငန်းကိစ္စအရပ်ရပ်နှင့်စပ်လျဉ်း၍ ဒါရိုက်တာများထံစာရင်းရှင်းတမ်းတင်ပြရမည်။

၁၁၄။ ဒါရိုက်တာများသည် ဤစည်းမျဉ်းများအရ ဒါရိုက်တာများသုံးစွဲနိုင်သည့်လုပ်ပိုင်ခွင့်များကို ကြီးကြပ်အုပ်ချုပ်မှု ဒါရိုက်တာများအား ယင်းတို့သင့်သည်ထင်မြင်သည့်အတိုင်း အခါအားလျော်စွာအပ်နှင်းနိုင်သည်။

အဆိုပါလုပ်ပိုင်ခွင့်များကို မိမိတို့ သင့်လျော်သည့်ထင်မြင်သည့် အချိန်ကာလအတွက် မိမိတို့ ့သင့်လျော်သည်ဟုထင်မြင်သည့် ကိစ္စရပ်နှင့် ရည်ရွယ်ချက်များအလို ့ဌာ သင့်လျော်သည်ထင်မြင်သည့်စည်းကမ်းချက်များ၊ ကန့်သတ်ချက်များဖြင့်အပ်နှင်းနိုင်သည်။ ယင်းတို့ကအဆိုပါ လုပ်ပိုင်ခွင့်များကို ထိုကိစ္စအတွက် ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်အားလုံး သို့မဟုတ် တစ်ခုခုနှင့်ပြိုင်တူသုံးစွဲရန်လည်းကောင်း ချန်လှပ်၍သော်လည်းကောင်း၊ အစားထိုး၍သော်လည်းကောင်း အပ်နှင်းနိုင်သည်။ အဆိုပါ လုပ်ပိုင်ခွင့်အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ အခါအားလျော်စွာပယ်ဖျက်ခြင်း၊ ရုတ်သိမ်းခြင်း သို့ မဟုတ် ပြောင်းလဲပြင်ဆင်ခြင်းပြုနိုင်သည်။

<u>အကျိုးသက်ဆိုင်သောဒါရိုက်တာများဆိုင်ရာ ပြဋ္ဌာန်းချက်များ</u>

၈၅။ အက်ဥပဒေပုဒ်မ ၈၆(စ) တွင် အခြားနည်းပြဋ္ဌာန်းထားသည်မှတစ်ပါး ဤကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးသည် ဤကုမ္ပဏီကတည်ထောင်သည့် အစုရှယ်ယာပိုင်ရှင်အဖြစ်ဖြင့်သော်လည်းကောင်း၊ သို့မဟုတ် ရောင်းသူအဖြစ်ဖြင့် သော်လည်းကောင်း အကျိုးသက်ဆိုင်ခွင့်ရှိသော အခြားကုမ္ပဏီတစ်ခုခုတွင် ဒါရိုက်တာထမ်းရွက်ခြင်းပြုနိုင်သည်။ အဆိုပါဒါရိုက်တာသည် အဆိုပါအခြားကုမ္ပဏီတွင် ဒါရိုက်တာအဖြစ် သို့မဟုတ် အစုရှင်အဖြစ်ထမ်းရွက်ခြင်းကြောင့် ရရှိသော အကျိုးကျေးဇူးများအတွက် ကုမ္ပဏီသို့ စာရင်းပြရန် တာဝန်မရှိစေရ။

<u>ဒါရိုက်တာများ၏ ချေးယူနိုင်သော အခွင့်အာဏာများဆိုင်ရာ ပြဋ္ဌာန်းချက်များ</u>

၄၁။ ဒါရိုက်တာများသည် အခါအားလျော်စွာ ယင်းတို့၏သဘောအတိုင်း ငွေကြေးရှာဖွေစုစည်းခြင်း၊ သို့မဟုတ် ငွေချေးယူခြင်း၊ သို့မဟုတ် ငွေရရှိအောင်ပြုလုပ်ခြင်းများ ပြုလုပ်နိုင်သည်။ အထူးအားဖြင့် အောက်ဖော်ပြပါ လုပ်ပိုင်ခွင့်များရှိရမည်။

(က) ဒီဘင်ချာများ၊ ဒီဘင်ချာအစုစတော့(ခ်)၊ ငွေချေးစာချုပ်များ၊ တာဝန်များနှင့် အခြားငွေချေးသက်သေခံလက်မှတ် အမျိုးမျိုးကို အာမခံဖြင့်ဖြစ်စေ၊ အာမခံမပါပဲဖြစ်စေ ထုတ်ပေးရန်၊ အဆိုပါဒီဘင်ချာစသည်များကို ပေးအပ်ခြင်းဖြင့်ဖြစ်စေ၊ လွှဲပြောင်းမှု စာချုပ်စာတမ်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အစဉ်အမြဲသော်လည်းကောင်း၊ ကာလအပိုင်းအခြားသတ်မှတ်၍သော်လည်းကောင်း၊ အခြားနည်းသော်လည်းကောင်း လွှဲပြောင်းနိုင်အောင်ပြုလုပ်ရန် လုပ်ပိုင်ခွင့် အပြည့်အဝဖြင့် ယင်းဒီဘင်ချာစသည်များကို သင့်လျော်သည်ဟုထင်မြင်သည့်အတိုင်း ရေးဆွဲရန် နှင့်ခိုင်လုံအောင်ပြုလုပ်ရန်၊ ထိုပြင်ကုမ္ပဏီ၏လုပ်ငန်းရပ်အပေါ်တွင် ယုံကြည်အပ်နှံမှုစာချုပ် ချုပ်ဆို၍သော် လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း အဆိုပါဒီဘင်ချာ စသည်များအတွက်ကြွေးမြီဆိုင်ရာ တာဝန်ခံရန်၊ သို့မဟုတ် အာမခံရန်၊

(ခ) ဒီဘင်ချာများ၊ ဒီဘင်ချာအစုစတော့(ခ်)၊ ငွေချေးစာချုပ်များ၊ တာဝန်များ၊ အစုရှယ်ယာများ၊ အစုစတော့(ခ်)များနှင့် အခြား ငွေချေးသက်သေခံလက်မှတ်များကို ဖန်တီးခြင်း၊ ထုတ်ပေးခြင်း၊ သို့မဟုတ် ပြောင်းလွှဲခြင်းကို လွယ်ကူစေရန် နှင့် အားပေးရန်၊ ထိုပြင်အဆိုပါ ငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်း၍

ယုံကြည်အပ်နှံခြင်းခံရသူ အဖြစ်ဆောင်ရွက်ရန်၊ ထိုပြင် စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းရပ်များကို ကုမ္ပဏီများအဖြစ်ပြောင်းလဲရာတွင် ပါဝင်ဆောင်ရွက်ရန်၊

(ဂ) ဒီဘင်ချာများ၊ ဒီဘင်ချာအစုစတော့(ခ်)၊ ငွေချေးစာချုပ်များ၊ တာဝန်များ၊ သို့မဟုတ် ငွေချေး သက်သေခံ လက်မှတ်များ ငွေထုတ်ပေးရာ၌အာမခံပေးရန်၊ ထို့ပြင်ထိုငွေချေးသက်သေခံလက်မှတ် များပေါ်တွင် အတိုးငွေပေးခြင်းကိုဖြစ်စေ၊ ကုမ္ပဏီ၏အစုစတော့(ခ်) သို့မဟုတ် အစုရှယ်ယာပေါ်တွင် အမြတ်ဝေစုပေးခြင်းကိုဖြစ်စေ အာမခံပေးရန်၊

၄၂။ ဒါရိုက်တာများသည် မိမိတို့သင့်သည်ဟုထင်မြင်သည့် နည်းလမ်းအတိုင်း၊ သင့်သည်ထင်မြင်သည့်စည်းကမ်းချက် များဖြင့် အဆိုပါငွေများ ပြန်လည်ပေးဆပ်ရန်အတွက် ငွေကြေးစုစည်းနိုင်သည်။ သို့မဟုတ်ငွေရရှိအောင် ပြုလုပ်နိုင်သည်။ အထူးသဖြင့်အမြဲတမ်းငွေချေးစာချုပ်များ၊ ပြန်ရွေးနိုင်ခွင့်ရှိသော ဒီဘင်ချာများ၊ ပြန်ရွေးနိုင်ခွင့်ရှိသော ဒီဘင်ချာအစုစတော့(ခ်)များထုတ်ခြင်း၊ သို့မဟုတ်ပေါင်နှံခြင်း၊ ကြွေးမြီဆိုင်ရာ တာဝန်တင်ရှိခြင်း၊ သို့မဟုတ် အခြားအာမခံချက်များဖြင့်ငွေချေးရန် ကုမ္ပဏီ၏ (လက်ရှိနှင့်နောင်ရမည့်) ပစ္စည်းအားလုံး ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဝန်ခံချက်အဖြစ်ပေးနိုင်သည်။

<u>အစုရှယ်ယာရှင်များ၏ မဲပေးပိုင်ခွင့်များဆိုင်ရာ ပြဋ္ဌာန်းချက်များ</u>

၆၂။ အထွေထွေအစည်းအဝေးကြီး၌ သာမန်အစုရှယ်ယာပိုင်ရှင်အဖြစ် အစုရှင်များမှတ်ပုံတင်စာရင်းတွင် ရေးသွင်းထားသော အစုရှင်တိုင်းသည် မဲပေးပိုင်ခွင့်ရှိရမည်၊ သို့မဟုတ် ဆောင်ရွက်ချက်များတွင်ပါဝင်သော ဆောင်ရွက်ပိုင်ခွင့်ရှိရမည်။ သာမန်အစုရှယ်ယာတစ်ခုစီအတွက် မဲတစ်မဲပေးပိုင်ခွင့်ရှိရမည်။

၆၃။ လက်ပြစနစ်ဖြင့် မဲခွဲရာတွင် ကိုယ်တိုင်တက်ရောက်သော အစုရှင်တိုင်းသည် မဲတစ်မဲသာပေးနိုင်ခွင့်ရှိရမည်။ မဲပြားစနစ်ဖြင့် မဲခွဲရာတွင် အစုရှင်အသီးသီးမှာ မိမိပိုင်ဆိုင်သည့်အစုရှယ်ယာတစ်စုလျှင် မဲတစ်မဲစီ ပေးနိုင်ခွင့်ရှိရမည်။

၆၄။ အစုရှင်သည် ကိုယ်စားမဲ ပေးသူခန့်၍စေလွှတ်သော ကော်ပိုရေးရှင်းသော်လည်းကောင်း၊ အက်ဥပဒေပုဒ်မ ၈၀ အရ၊ နည်းလမ်းတစ်ကျအာဏာ အပ်နှင်းထားသော ကိုယ်စားလှယ်ခန့်၍ စေလွှတ်သော ကုမ္ပဏီသော်လည်းကောင်း၊ မဟုတ်လျှင် ကိုယ်တိုင်မတက်ရောက်သော မည်သည့်အစုရှင်မျှ လက်ပြစနစ်ဖြင့် မဲပေးပိုင်ခွင့်မရှိစေရ။ ထိုကိစ္စတွင်အဆိုပါကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်သည် ကုမ္ပဏီ၏အစုရှင်ဖြစ်ဘိသကဲ့သို့ လက်ပြစနစ်ဖြင့်မဲပေးနိုင်သည်။

၆၅။ ဆက်ခံခြင်းအပိုဒ်အရ အစုရှယ်ယာများကိုလွှဲပြောင်းခွင့်ရှိသူတစ်ဦးဦးသည် အဆိုပါအစုရှယ်ယာများ၏ မှတ်ပုံဝင်ပိုင်ရှင်က မဲပေးသည့်နည်းလမ်းအတိုင်း အထွေထွေအစည်းဝေးကြီးတွင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ မဲပေးနိုင်သည်။ သို့ရာတွင် ဒါရိုက်တာများက အဆိုပါ အစည်းအဝေး၌ ထိုကိစ္စနှင့်စပ်လျဉ်း၍ယင်း၏ မဲပေးပိုင်ခွင့်ကို

ယခင် (အလျင်)က လက်ခံပြီးမဟုတ်လျှင် မိမိမဲပေးလိုရာအစည်းအဝေး၊ သို့မဟုတ် ရှေ့ဆိုင်းအစည်းအဝေး ဆိုင်သင့်ရာရာ မပြုလုပ်မီ အနည်းဆုံး ခုနစ်ဆယ့်နှစ်နာရီ ကြိုတင်၍ မိမိအစုရှယ်ယာများကိုလွှဲပြောင်းပိုင်ခွင့်ရှိကြောင်း ဒါရိုက်တာများယုံကြည်ကျေနပ်အောင်ပြုလုပ်ရမည်။

၆၆။ အစုရှယ်ယာတစ်ခု၏ တွဲဖက်မှတ်ပုံဝင် ပိုင်ရှင်များရှိသည့်အခါ ထိုသူများအနက် တစ်ဦးဦးသည်မည်သည့် အစည်းအဝေးတွင်မဆို ထိုအစုရှယ်ယာနှင့်စပ်လျဉ်း၍ ထိုသူတစ်ဦးတည်းကသာ ပိုင်ဆိုင်ခွင့်ရှိဘိ သကဲ့သို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားမဲပေးသူခန့်၍ဖြစ်စေ မဲပေးနိုင်သည်။ ထို့ပြင် မည်သည့် အစည်းအဝေးတွင်မဆို အဆိုပါတွဲဖက်ပိုင်ရှင်တစ်ဦးထက်ပို၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားမဲပေးသူခန့်၍ဖြစ်စေ တက်ရောက်လျှင်၊ ထိုတက်ရောက်သူများအနက် အဆိုပါအစုရှယ်ယာများနှင့်စပ်လျဉ်း၍ မှတ်ပုံစာရင်းတွင် အမည် ရှေးဦးစွာ (ပထမ) ရေးသွင်းထားသူ တစ်ဦးတည်းသာလျှင် မဲပေးပိုင်ခွင့်ရှိရမည်။

၆၇။ အထက်တွင်ပါရှိသည့် ဆက်ခံခြင်းအပိုဒ်များအရ လွှဲပြောင်းထားသည့်အစုရှယ်ယာများကို ပိုင်ဆိုင်ခွင့်ရှိသည့် အုပ်ထိန်းသူတစ်ဦးဦး သို့မဟုတ် အခြားသူသည် အဆိုပါအစုရှယ်ယာများ၏မှတ်ပုံဝင် ပိုင်ရှင်ဖြစ်ဘိသကဲ့သို့ အထွေထွေအစည်းအဝေးကြီးတွင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ မဲပေးနိုင်သည်။ သို့ရာတွင် ဒါရိုက်တာများက အဆိုပါ အစည်းအဝေး သို့မဟုတ် အစည်းအဝေးများ၌ ထိုကိစ္စနှင့်စပ်လျဉ်း၍ယင်း၏ မဲပေးပိုင်ခွင့်ကို ယခင် (အလျင်)က လက်ခံပြီးမဟုတ်လျှင် ထိုသူအနေဖြင့်မိမိဆောင်ရွက်ခွင့်ရှိကြောင်းကို အစည်းအဝေးမကျင်းပမီ ၇၂ နာရီကြိုတင်၍ ဒါရိုက်တာလူကြီးများ ယုံကြည်ကျေနပ်အောင်ပြုလုပ်ရမည်။

၆၈။ မဲများကိုကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားမဲပေးသူခန့်၍ဖြစ်စေ၊ ကုမ္ပဏီဖြစ်လျှင် အက်ဥပဒေပုဒ်မ ၈၀ တွင်ဖော်ပြ ထားသည့်အတိုင်း နည်းလမ်းတစ်ကျအာဏာအပ်နှင်းထားသည့် ကိုယ်စားလှယ်ကဖြစ်စေ မဲပေးနိုင်သည်။

၆၉။ ကိုယ်စားမဲပေးသူခန့်စာကို ရေးသား၍ ခန့်ထားသူကဖြစ်စေ၊ ယင်း၏စာဖြင့်ရေးသားထား၍ နည်းလမ်းတကျ အာဏာအပ်နှင်းထားသည့် ကိုယ်စားလှယ်ကဖြစ်စေ လက်မှတ်ရေးထိုးရမည်။ သို့မဟုတ် အဆိုပါ ခန့်ထားသူက ကော်ပိုရေးရှင်းဖြစ်လျှင် ကော်ပိုရေးရှင်းတံဆိပ် ခပ်နှိပ်ရမည်။ သို့မဟုတ် ကော်ပိုရေးရှင်း၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်။ မဲပေးပိုင်ခွင့်အရည်အချင်းရှိသည့်ကုမ္ပဏီ၏ အစုရှင်မဟုတ်သူမည်သူကိုမျှ ကိုယ်စားမဲပေးသူ အဖြစ်မခန့်ရ။ သို့ရာတွင် ကော်ပိုရေးရှင်းသည် ကုမ္ပဏီ၏ အစုရှင်ဖြစ်လျှင် ကုမ္ပဏီ၏အစုရှင်ဖြစ်သည် ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ကော်ပိုရေးရှင်း၏အရာရှိတစ်ဦးကို မိမိ၏ကိုယ်စားမဲပေးသူအဖြစ် ခန့်နိုင်သည်။

၇၀။ ကိုယ်စားမဲပေးသူခန့်စာနှင့် ကိုယ်စားလှယ်လွှဲစာ၊ သို့မဟုတ် ယင်းစာကို အခြားအခွင့်အာဏာရ လက်မှတ်ရေးထိုး လျှင် ယင်းအခွင့်အာဏာ သို့မဟုတ် ထိုလုပ်ပိုင်ခွင့် သို့မဟုတ် အခွင့်အာဏာအတွက် နိုတြီပဗွလစ်ဖြင့် မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသည့် မိတ္တူ ကို အဆိုပါစာတွင် အမည်ဖော်ပြထားသူက မဲပေးရန်ကြံရွယ်သော အစည်းအဝေးကျင်းပမည့် အချိန်မတိုင်မီ၊

ခုနစ်ဆယ့်နှစ်နာရီအောက် မနည်းစေဘဲ ကုမ္ပဏီ၏မှတ်ပုံတင်ရုံးတွင် ပေးအပ် ရမည်၊ ထိုသို့ ပေးအပ်ရန်ပျက်ကွက်လျှင် ကိုယ်စားမဲပေးသူခန့်လွှာမှာ ခိုင်လုံသည်ဟုမမှတ်ယူရ။

၇၁။ ကိုယ်စားမဲပေးသူခန့်စာပါ စည်းကမ်းချက်များနှင့်အညီ ပေးသည့်မဲသည်၊ ကိုယ်စားမဲပေးသူကိုခန့်သည့် အစုရှင် သေဆုံးခြင်း သို့မဟုတ် ကိုယ်စားမဲပေးသူခန့်စာကို ရုပ်သိမ်းခြင်း သို့မဟုတ် ထိုခန့်စာနှင့်သက်ဆိုင်သည့် အစုရှယ်ယာကို လွှဲပြောင်းခြင်းရှိပြီးစေကာမူ ခိုင်လုံစေရမည်။ သို့ရာတွင် ထိုကဲ့သို့ သေဆုံးခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ စာဖြင့်ရေးသားသော အကြောင်းကြားချက်ကို မဲမပေးမီကြိုတင်၍ ရုံးတွင် သော်လည်းကောင်း၊ အစည်းအဝေးသဘာပတိထံ၌သော်လည်းကောင်း ရရှိပြီးမဖြစ်စေရ။

၇၂။ ကိုယ်စားမဲပေးသူခန့်စာတိုင်းသည် သီးခြားသတ်မှတ်ထားသော အစည်းအဝေးအတွက်ဖြစ်စေ၊ အခြားကိစ္စအတွက်ဖြစ်စေ၊ အောက်ပါပုံစံအတိုင်း၊ သို့မဟုတ် အခြေအနေအရပုံစံ၏ သဘောနှင့် နီးစပ်နိုင်သမျှ နီးစပ်သည့်ပုံစံအတိုင်း ဖြစ်စေရမည်။

အစုရှင်တစ်ဦးဖြစ်သူ ကျွန်ုပ်က ----------မြို့နေ ----------အား (ထိုသူမတက်ရောက်လျှင်) ---------- မြို့ နေ ----------အား ----------နေတွင် ကျင်းပမည်ဖြစ်သော ကုမ္ပဏီ၏ သာမန်၊ သို့မဟုတ် အထူးအထွေထွေအစည်း အဝေးကြီး၌လည်းကောင်း၊ ထိုအစည်းအဝေးကို ရွှေ့ ဆိုင်းကျင်းပသည့် နောက်အစည်းအဝေး၌လည်းကောင်း၊ ကျွန်ုပ်အတွက်မဲပေးရန် ကျွန်ုပ်၏ကိုယ်စားမဲပေးသူအဖြစ် ဤစာဖြင့်ခန့်လိုက်သည်။

----------ခုနှစ် ----------လ ----------ရက်နေ့တွင် လက်မှတ်ရေးထိုး ပါသည်။

၇၃။ စိတ်ပေါ့သွပ်သူ အစုရှင်တစ်ဦးသည် သို့မဟုတ် ရူးသွပ်ခြင်းနှင့် စပ်လျဉ်း၍ စီရင်ပိုင်ခွင့်အာဏာ ရှိသော တရားရုံးက အမိန့်ချမှတ်ခြင်းခံရသော အစုရှင်တစ်ဦးသည် လက်ပြပေးရသည့်အခါ၌သော်လည်းကောင်း၊ မဲပြားစနစ်ဖြင့် မဲပေးရသည့်အခါ၌သော်လည်းကောင်း၊ မိမိ၏ကော်မတီမှ တစ်ဆင့်ဖြစ်စေ၊ အခြားတရားဝင် အုပ်ထိမ်းသူမှတစ်ဆင့်ဖြစ်စေ မဲပေးနိုင်သည်။ ထို့အပြင် အဆိုပါကော်မတီ သို့မဟုတ် တရားဝင်အုပ်ထိန်းသူသည် မဲပြားစနစ်ဖြင့် မဲပေးရာတွင် ကိုယ်စားမဲပေးသူခန့်၍ မဲပေးနိုင်သည်။

<u>အစုရှယ်ယာများ ထုတ်ပေးခြင်း၊ အမျိုးအစားခွဲစားခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ</u>

၆။ ကုမ္ပဏီ၏ခွင့်ပြုမတည်ငွေရင်းသည် ကျပ် ၇၅,၀၀၀,၀၀၀,၀၀၀/- (ကျပ်သန်းခုနစ်သောင်းငါးထောင်) ဖြစ်ပြီး၊ ထိုငွေရင်းကိုတစ်စုလျှင် ကျပ် ၅,၀၀၀/- (ကျပ်ငါးထောင်)တန် အစုရှယ်ယာပေါင်း ၁၅,၀၀၀,၀၀၀ (တစ်ဆယ်ငါးသန်း)အဖြစ် ခွဲဝေပိုင်းခြားထားသည်။ တည်ဆဲဥပဒေများအရ ကန့်သတ်ချက်မရှိခဲ့လျှင် သူတစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုသည် အကန့်အသတ်မရှိ ဝယ်ယူနိုင်သည်။

၉။ အထက်တွင်ဆိုခဲ့သည်များနှင့် မဆန့်ကျင်စေဘဲ ဒါရိုက်တာများသည် သူတစ်ဦးတစ်ယောက်အား ကုမ္ပဏီ၏အစု ရှယ်ယာကို ဒါရိုက်တာများသင့်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့် သတ်မှတ်ရင်းတန်ဖိုးထက် မြှင့်၍ဖြစ်စေ၊ သတ်မှတ်ရင်းတန်ဖိုးနှင့် အညီဖြစ်စေ (အက်ဥပဒေပုဒ်မ ၁၀၅-ကပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ) သတ်မှတ်ရင်းတန်ဖိုးအောက် လျော့၍ဖြစ်စေ ဒါရိုက်တာများသင့်သည် ထင်မြင်သည့်အချိန်၌ ထုတ်ပေး၍ခွဲဝေနိုင်သည်။ သို့မဟုတ် အခြားနည်းထုခွဲနိုင်သည်။ ထို့အပြင် သူတစ်ဦးတစ်ယောက်အား ဒါရိုက်တာများ သင့်သည်ထင်မြင်သည့်အချိန်အတွင်း သင့်သည်ထင်မြင်သည့်အဖိုးအစားအနားဖြင့် အစုရှယ်ယာများအတွက် သတ်မှတ်ရင်းတန်ဖိုးနှင့်အညီဖြစ်စေ၊ သတ်မှတ်တန်ဖိုးထက်မြှင့်၍ဖြစ်စေ ငွေတောင်းဆိုခွင့်ပြုရန် လုပ်ပိုင်ခွင့်အပြည့် အဝရှိသည်။

၁၀။ ကုမ္ပဏီသည်သူတစ်ဦးတစ်ယောက်အား ကုမ္ပဏီ၏အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ သို့မဟုတ် ဒီဘင်ချာအစု စတော့(ခ်)ကို (အကြွင်းမဲ့) ချွင်းချက်မရှိ သို့မဟုတ် စည်းကမ်းချက်ဖြင့် လက်မှတ်ရေးထိုး၍ယူရန် သဘောတူညီသည့် အတွက်သော်လည်းကောင်း၊ ကုမ္ပဏီ၏အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ဒီဘင်ချာအစု စတော့(ခ်)အတွက် (အကြွင်းမဲ့) ခြွင်းချက်မရှိသော၊ သို့မဟုတ် စည်းကမ်းချက်ဖြင့်ဖြစ်သော ထည့်ဝင်ငွေများရယူသည့်အတွက် သို့မဟုတ် ရယူရန်သဘောတူညီသည့်အတွက်သော်လည်းကောင်း မည်သည့်အချိန်အခါ၌မဆို ကော်မရှင်ပေးနိုင်သည်။ သို့ရာတွင် အစုရှယ်ယာများနှင့် စပ်လျဉ်းသည့်ကော်မရှင်ကို မတည်ငွေရင်းထဲမှပေးလျှင် သို့မဟုတ် ပေးရန်ဖြစ်လျှင် တည်ဆဲဥပဒေများအရ စည်းကမ်းချက်နှင့် လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရမည့်ပြင် လက်မှတ်ရေးထိုး၍ ယူသည့် သို့မဟုတ် လက်မှတ်ရေးထိုး၍ယူရမည်ဖြစ်သည့် အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ဒီဘင်ချာအစု စတော့(ခ်)ပေါ်တွင် ကော်မရှင်ငွေပေါင်း သို့မဟုတ် နှုန်းထားသည် ၂% (နှစ်)ရာခိုင်နှုန်းထက်မပိုစေရ။
ကော်မရှင်ကို ငွေလက်ငင်းဖြင့်ဖြစ်စေ၊ ကုမ္ပဏီ၏အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ဒီဘင်ချာအစု စတော့(ခ်) ဖြင့်ဖြစ်စေ ပေးဆောင်နိုင်သည် သို့မဟုတ် အပြေပေးနိုင်သည်။

<u>အစုရှယ်ယာသက်သေခံလက်မှတ်များဆိုင်ရာ ပြဋ္ဌာန်းချက်များ</u>

၁၃။ အထက်ပါအတိုင်းဆောင်ရွက်ရန် သတ်မှတ်ချက်မှ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစုရှယ်ယာပိုင်ဆိုင်ကြောင်း သက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းပြု မည်ဖြစ်ပြီး၊ ယင်းသို့ထုတ်ဝေသော အီလက်ထရောနစ် နည်းစနစ်အရ သက်သေခံလက်မှတ်သည် ဒါရိုက်တာအဖွဲ့ အစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့်အညီ တည်ဆဲဥပဒေနှင့်ညီညွတ်ပြီး၊ ကုမ္ပဏီ (ဘဏ်)အတွက် ခိုင်မာပြည့်စုံသော အထောက်အထား အသိအမှတ်ပြုချက် ရှိစေရမည်ဖြစ်သည်။

၁၄။ အစုရှင်အသီးသီးသည် မိမိ၏အမည်ဖြင့် မှတ်ပုံတင်ထားသည့် အစုရှယ်ယာများအတွက် သက်သေခံလက်မှတ် တစ်စောင်ကိုဖြစ်စေ၊ ဒါရိုက်တာများက သဘောတူလျှင် (ဒါရိုက်တာများက အခါအားလျော်စွာ သတ်မှတ်သည့်အခကြေးငွေကို ပေးဆောင်သည့်အခါ) အဆိုပါ အစုရှယ်ယာတစ်ခု သို့မဟုတ်

တစ်ခုထက်ပိုသော အစုရှယ်ယာများအတွက် သက်သေခံလက်မှတ်များကိုဖြစ်စေ ရထိုက်ခွင့်ရှိစေရမည်။ အစုရှယ်ယာများထုတ်ပေးခြင်း ဆိုင်ရာ စည်းကမ်းချက်များတွင် အခြားနည်းပြဋ္ဌာန်းမထားလျှင် ကုမ္ပဏီက အဆိုပါ သက်သေခံလက်မှတ်ကို အစုရှယ်ယာများ ခွဲဝေသတ်မှတ်ပေးသည့် နေ့ရက်နောက်၊ သို့မဟုတ် အစုရှယ်ယာများ လွှဲပြောင်းမှုကို မှတ်ပုံတင်သည့်နေ့ရက်နောက်သုံးလအတွင်း အက်ဥပဒေပုဒ်မ ၁၇၈ အရလိုက်နာဆောင်ရွက်ခြင်းအနေဖြင့် ပြီးစီးပြည့်စုံအောင် ပြုလုပ်ရမည်။ အစုရှယ်ယာများဆိုင်ရာ သက်သေခံလက်မှတ်အသီးသီးတွင် ယင်းနှင့်သက်ဆိုင် သည့်အစုရှယ်ယာများ၏ အမှတ်စဉ်နှင့် အရေအတွက်ကို လည်းကောင်း၊ အစုရှယ်ယာများအတွက်ပေးပြီးသည့် ငွေပေါင်းကိုလည်းကောင်း သီးခြားဖော်ပြရမည်။

၁၅။ အစုရှယ်ယာ သက်သေခံလက်မှတ်တစ်ခု ပုံသဏ္ဌာန်ပျက်လျှင်၊ ပျောက်ဆုံးလျှင် သို့မဟုတ် ပျက်စီးလျှင်၊ သက်သေခံလက်မှတ်အသစ် သို့မဟုတ် သက်သေခံလက်မှတ်အသစ်များကို သက်သေခံလက်မှတ်တစ်ခုလျှင် ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့်ငွေ ပေးဆောင်သည့်အခါလည်းကောင်း၊ သက်သေခံ အထောက်အထားနှင့် လျော်ကြေးခံယန်ချုပ်နှင့် စပ်လျဉ်း၍ ဒါရိုက်တာများသင့်သည် ထင်မြင်သည့် စည်းကမ်းချက်များရှိလျှင် ယင်းစည်းကမ်းချက်များဖြင့်လည်းကောင်း ထုတ်ပေးနိုင်သည်။

၁၆။ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော သူများ၏အမည်များဖြင့် မှတ်ပုံတင်ထားသည့် အစုရှယ်ယာများဆိုင်ရာ သက်သေခံလက်မှတ်ကို မှတ်ပုံစာရင်းတွင် ပထမ(ရှေးဦးစွာ) စာရင်းသွင်းထားသူအား ပေးအပ်ရမည်။

<u>တရားဝင်လက်မှတ်ရရှိထားခြင်းမဟုတ်သော အစုရှယ်ယာဆိုင်ရာ ပြဋ္ဌာန်းချက်များ</u>

-

<u>တရားဝင်လက်မှတ်ရရှိထားသော အစုရှယ်ယာများ လွှဲပြောင်းခြင်းနှင့် တဆင့်ပေးပို့ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ</u>

၂၄။ အစုရှယ်ယာလွှဲပြောင်းသည့် စာချုပ်စာတမ်းကို နည်းလမ်းတကျ တံဆိပ်ခေါင်းကပ်၍ လွှဲပြောင်းသူနှင့် လွှဲပြောင်ခြင်းခံရသူ နှစ်ဦးလုံးက လက်မှတ်ရေးထိုးရမည်။ အစုရှယ်ယာနှင့်စပ်လျဉ်း၍ လွှဲပြောင်းခြင်းခံရသူ၏ အမည်ကို မှတ်ပုံစာရင်းတွင် ရေးသွင်းခြင်းမပြုရသေးမမျှ ကာလပတ်လုံး၊ ထိုအစုရှယ်ယာကို လွှဲပြောင်းသူ ပိုင်ဆိုင်လျှက်ပင် ရှိသေးသည်ဟု မှတ်ယူရမည်။

၂၅။ အစုရှယ်ယာတစ်ခုခုကို လွှဲပြောင်းသည့်စာရွက်စာတမ်းသည် သာမန်အားဖြင့်အစုရှယ်ယာ ပြောင်းလဲပေးနေကျ ပုံစံအတိုင်းဖြစ်ရမည်။ သို့မဟုတ် အောက်ပါပုံစံအတိုင်း ဖြစ်ရမည်။ သို့မဟုတ် အခြေအနေအရ အောက်ပါပုံစံနှင့် နီးစပ်နိုင်သမျှ နီးစပ်သည့် ပုံစံအတိုင်းဖြစ်ရမည်။
(နောက်တွင်လွှဲပြောင်းသူ ဟုခေါ်တွင်မည့်) ကျွန်ုပ် ----------သည်၊ (နောက်တွင် လွှဲပြောင်းခြင်း ခံရသူ ဟုခေါ်တွင်မည့်) ----------က အဖိုးအစားအနားအဖြစ် ကျပ် ---------- ----------ပေးသောကြောင့်၊ ဤလွှဲပြောင်းမှုစာဖြင့် အဆိုပါလွှဲပြောင်းခြင်းခံရသူ၊

ယင်း၏သေတမ်းစာအတည်ပြုသူ၊ အမွေပစ္စည်းထိန်းနှင့် လွှဲအပ်ခံရသူများ၏လက်သို့ လွှဲပြောင်းခြင်းမပြုမီက တည်ရှိသော စည်းကမ်းသတ်မှတ်ချက်များ ဖြင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်တွင် လွှဲပြောင်းပေးသူ ကျွန်ုပ်ပိုင်ဆိုင်သော နံပါတ် ----------ရိုက်နှိပ်ထားသော အစုရှယ်ယာ (အစုရှယ်ယာများ) ကိုလွှဲပြောင်းပေးအပ်ပါသည်။ လွှဲပြောင်းခြင်းခံရသူ ကျွန်ုပ်ကလည်း၊ လွှဲပြောင်းပေးသောအစုရှယ်ယာ (အစုရှယ်ယာများ) ကို အဆိုပါ စည်းကမ်းသတ်မှတ်ချက်များဖြင့် လက်ခံရန်သဘောတူပါကြောင်း။

၁၉----------ခုနှစ်၊ ----------လ ---------- ရက်နေ ့တွင် လက်မှတ်ရေးထိုးသည်။

အသိသက်သေ။

၂၆။ အထက်တွင်ဆိုခဲ့သည့်အတိုင်း နည်းလမ်းတစ်ကျ တံဆိပ်ခေါင်းကပ်၍ ချုပ်ဆိုထားသော လွှဲပြောင်းမှုစာချုပ်စာတမ်းအသီးသီးကို၊ စာချုပ်စာတမ်းတွင်ဖော်ပြထားသည့် အစုရှယ်ယာများဆိုင်ရာ သက်သေခံလက်မှတ်၊ သို့မဟုတ် ယာယီလက်မှတ်နှင့်အတူ မှတ်ပုံတင်ရန်အတွက် ကုမ္ပဏီသို့ယင်း၏ မှတ်ပုံတင်ရုံး (အလုပ်တိုက်) ၌ပေးဆပ်ရမည်။ မှတ်ပုံတင်ရမည့်လွှဲပြောင်းမှုစာချုပ်စာတမ်း အားလုံးကို ကုမ္ပဏီကယူထားနိုင်သည်။ သို့ရာတွင် ဒါရိုက်တာများက မှတ်ပုံတင်ရန်ငြင်းပယ်သည့် လွှဲပြောင်းမှုစာချုပ်စာတမ်းတစ်ခုခုကို၊ ယင်းစာချုပ်စာတမ်း ပေးအပ်သောသူထံ ပြန်လည်ပေးရမည်။

၂၉။ အရွယ်မရောက်သေးသူအားဖြစ်စေ၊ စိတ်ပေါ့သွပ်သူအားဖြစ်စေ၊ မည်သည့်လွှဲပြောင်းပေးမှုမျှ မပြုလုပ်ရ။

၃၀။ လွှဲပြောင်းခြင်း သို့မဟုတ် ဆက်ခံခြင်းနှင့်စပ်လျဉ်း၍ လွှဲပြောင်းသည့် သို့မဟုတ် ဆက်ခံသည့်အစုရှယ်ယာ ၁၀၀အုပ်စု သို့မဟုတ် အစုရှယ်ယာ ၁၀၀၏ တစ်စိတ်တစ်ဒေသ အုပ်စုတစ်စုလျှင် <u>ဒါရိုက်တာအဖွဲ့ကသတ်မှတ်သည့်</u> အခင်ငွေကို ကုမ္ပဏီသို့ ့ပေးဆောင်ရမည်။ ယင်းအခင်ငွေကို ဒါရိုက်တာများကလိုအပ်လျှင် အစုရှယ်ယာများမှတ်ပုံတင်ခြင်း မပြုမီ ပေးဆောင်ရမည်။

၃၁။ လွှဲပြောင်းမှုစာအုပ်များနှင့် အစုရှင်များနှင့် ဒီဘင်ချာပိုင်ရှင်များ မှတ်ပုံစာရင်းကို ကုမ္ပဏီ၏မှတ်ပုံဝင်ရုံး (အလုပ်တိုက်) တည်ရှိရာ နယ်မြေတွင် ဖြန့်ချိသည့် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော နေ့စဉ်သတင်းစာနှင့် မြန်မာဘာသာဖြင့်ထုတ်ဝေသော နေ့စဉ်သတင်းစာတွင် တစ်ကြိမ်၊ ခုနှစ်ရက်ကြိုတင် နှိုတစ်စာပေး၍ ပိတ်ထားနိုင်သည်။ ထိုသို့ပိတ်ထားသည့် အချိန်ကာလသည် ဒါရိုက်တာများသင့်သည်ထင်မြင်သည့် အချိန်ကာလ အတွင်းဖြစ်၍ တစ်နှစ်လျှင်စုစုပေါင်း (၄၅)ရက်ထက်မပိုစေရ။

၃၂။ သေဆုံးသောအစုရှယ်ယာပိုင်ရှင်၏ သေတမ်းစာ အတည်ပြုသူ သို့မဟုတ် အမွေပစ္စည်းထိန်းသာလျှင် အဆိုပါ အစုရှယ်ယာပိုင်ရှင်၏ အမည်ဖြင့် မှတ်ပုံတင်ထားသည့် အစုရှယ်ယာများတွင် ပိုင်ဆိုင်ခွင့်ရှိသူအဖြစ် ကုမ္ပဏီက အသိအမှတ်ပြုသူဖြစ်ရမည်။ မှတ်ပုံတင်ထားသည့် အစုရှယ်ယာများ၏တွဲဖက် ပိုင်ရှင်များအနက် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများ သေဆုံးသည့် ကိစ္စတွင် ကျန်ရစ်သူများသာလျှင် အဆိုပါအစုရှယ်ယာများတွင်

ပိုင်ဆိုင်ခွင့် သို့မဟုတ် အကျိုးသက်ဆိုင်ခွင့်ရှိသူများအဖြစ် ကုမ္ပဏီကအသိအမှတ်ပြုသူများဖြစ်ရမည်။ သို့ရာတွင် ဤစည်းမျဉ်းများပါ မည်သည့်အချက်ကမျှ သေဆုံးသူက အခြားသူတစ်ဦးဦးနှင့် တွဲဖက်ပိုင်ဆိုင်သည့် အစုရှယ်ယာများပေါ်တွင် တင်ရှိသောကြွေးမြီတာဝန်မှ ယင်း၏အမွေပစ္စည်းကို ကင်းလွတ်ခွင့်မပြုရ။ ကုမ္ပဏီသည် အဆိုပါသေတမ်းစာ အတည်ပြုသူ၊ သို့မဟုတ်၊ အမွေထိန်းပစ္စည်းက သေတမ်းစာ အတည်ပြုလျှာသို့မဟုတ် အမွေထိန်းစာ သို့မဟုတ် အခြားတရားဝင် ကိုယ်စားဆောင်ရွက်ခွင့် လက်မှတ်ဆိုင်သည့်ရာရာကို မြန်မာနိုင်ငံရှိ နည်းလမ်းတကျ ဖွဲ့စည်းထားသည့် တရားရုံး သို့မဟုတ် အာဏာပိုင်ထံမှ ရှေးဦးစွာရယူထားပြီးမဟုတ်လျှင် ယင်းတို့အား အသိအမှတ်ပြုရန် တာဝန်မရှိစေရ၊ သို့ရာတွင် ဒါရိုက်တာများကသင့်သည်ထင်မြင်သော မည်သည့်ကိစ္စ တွင်မဆို သေတမ်းစာအတည်ပြုလျှာ သို့မဟုတ် အမွေထိန်းစာ သို့မဟုတ် အခြားတရားဝင်ကိုယ်စား ဆောင်ရွက်ခွင့် လက်မှတ် တင်ပြရမည့် တာဝန်မှကင်းလွတ်ခွင့်ပြုနိုင်သည့်ပြင် နောက်အပိုဒ်အရ သေဆုံးသည့်အစုရှယ်ယာပိုင်ရှင်၏ အမည်ဖြင့် တည်ရှိနေသောအစုရှယ်ယာများကို အကြွေးမဲ့ (လုံးဝ) ရပိုင်ခွင့်ရှိသူဖြစ်သည်ဟု တောင်းဆိုသူ၏အမည်ကို အစုရှယ်ယာပိုင်ရှင်အဖြစ် ဒါရိုက်တာများသင့်သည် ထင်မြင်သည့် လျော်ကြေးနှင့် စပ်လျဉ်းသော စည်းကမ်းချက်များဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မှတ်ပုံတင်ပေးနိုင်သည်။

၃၃။ အထက်တစ်ဆက်တည်းဖြစ်သော အပိုဒ်ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ အစုရှယ်ယာပိုင်ရှင်တစ်ဦးဦး သေဆုံးခြင်းကြောင့်ဖြစ်စေ၊ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခြင်းခံရသောကြောင့်ဖြစ်စေ စည်းမျဉ်းများနှင့်အညီ လွှဲပြောင်းခြင်းမှတစ်ပါး အခြားတရားဝင်နည်းလမ်းကြောင့်ဖြစ်စေ အစုရှယ်ယာများကို ပိုင်ဆိုင်ခွင့်ရရှိလာသူသည် ဤအပိုဒ်အရ ရထိုက်ခွင့်ရှိသူအနေဖြင့် ဆောင်ရွက်ရန်ကြံ့ရွယ်သူဖြစ်ကြောင်း ဒါရိုက်တာများကလုံလောက်သည်ဟု ထင်မြင်သည့် သက်သေခံအထောက်အထား သို့မဟုတ် ယင်း၏ပိုင်ဆိုင်ခွင့် သက်သေခံအထောက်အထားကို တင်ပြသည့်အခါ ဒါရိုက်တာများ၏ (ယင်းတို့က ပေးရန်တာဝန်မရှိသော) ခွင့်ပြုချက်ဖြင့် အဆိုပါ အစုရှယ်ယာများ နှင့် စပ်လျဉ်း၍ အစုရှင်အဖြစ် မှတ်ပုံတင်နိုင်သည်။ သို့မဟုတ် အထက်တွင်ပါရှိသော လွှဲပြောင်းမှုနှင့်သက်ဆိုင်သည့် စည်းမျဉ်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ အဆိုပါအစုရှယ်ယာများကို လွှဲပြောင်းနိုင်သည်။ ဤစာပိုဒ်ကို "ဆက်ခံခြင်းအပိုဒ်" ဟူ၍ ရည်ညွှန်းထားသည်။

၃၄။ အစုရှယ်ယာများ ဆက်ခံခြင်းအသီးသီးကို၊ ဒါရိုက်တာများလိုအပ်သည့် နည်းလမ်းဖြင့် မှန်မမှန် စစ်ဆေးရမည်။ ထိုသို့မှန်မမှန် စစ်ဆေးခြင်း မပြုရသေးလျှင် ကုမ္ပဏီသည် ဆက်ခံခြင်းတစ်ခုခုကို မှတ်ပုံတင်ပေးရန် ငြင်းဆိုနိုင်သည်။

<u>မတည်ရင်းနှီးငွေပြောင်းလဲမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ</u>

၃၇။ ကုမ္ပဏီသည်အထူးဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ ယင်းတို့သည်သင့်လျော်သည်ဟု မှတ်ယူသည့်ငွေပေါင်းနှင့် အမျိုးအစားရှိ အစုရှယ်ယာအသစ်များကို ဖန်တီးခြင်းဖြင့်လည်းကောင်း၊ ယင်း၏မတည်ငွေရင်းကို အခါအားလျော်စွာ တိုးမြှင့်နိုင်သည်။

၃၈။ အစုရှယ်ယာအသစ်များသည်၊ လက်ရှိပိုင်ခွင့်ရှိခြင်း၊ လွှဲပြောင်းခြင်း၊ ဆက်ခံခြင်း၊ သိမ်းယူခြင်း စသည်တို့နှင့်စပ်လျဉ်း၍ မူလအစုရှယ်ယာမတည်ငွေရင်းရှိ အစုရှယ်ယာများနည်းတူ၊ တူညီသောပြဋ္ဌာန်းချက်နှင့် သက်ဆိုင်စေရမည်။

၃၉။ ကုမ္ပဏီသည် အထူးဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ ဥပဒေအရအခိုက်အတန့်အားဖြင့် ခွင့်ပြုသည့်နည်းလမ်းဖြင့် လည်းကောင်း၊ ယင်း၏မတည်ငွေရင်းကို အခါအားလျော်စွာ လျှော့နိုင်သည်။ ထိုပြင် မတည်ငွေရင်းကို၊ ပြန်လည်တောင်းဆိုနိုင်သည်ဟူသော အချက်ပေါ်တွင်သော်လည်းကောင်း၊ အခြားနည်းပြုလုပ်နိုင်သည်ဟူသော အချက်ပေါ်တွင်သော်လည်းကောင်း၊ အခြေပြု၍ထုတ်ပေးနိုင်သည်။

<u>အမြတ်ဝေစုများနှင့် အရန်ထားရှိမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ</u>

၁၁၈။ ဒါရိုက်တာများသည် အမြတ်ငွေစုများထုတ်ပေးရန် မထောက်ခံမီ၊ ကုမ္ပဏီ၏နှစ်စဉ်အသားတင်အမြတ်ငွေထဲမှ ယင်းအမြတ်ငွေ၏နှစ်ဆယ့်ငါးရာခိုင်နှုန်းထက် မနည်းသည့်ငွေနှင့်ညီမျှသော ငွေကိုထည့်ဝင်ပြီးဖြစ်သည့် မတည်ငွေ၏ ပမာဏနှင့် ညီမျှသည့်တိုင် သီးသန့်ရန်ပုံငွေတွင် လွှဲပြောင်းထားရှိရမည်။ ဒါရိုက်တာများသည် အက်ဥပဒေပုဒ်မ ၂၇၈(၆) ၏ လိုအပ်ချက်အရ သီးသန့်ရန်ပုံငွေဖွင့်လှစ်ပြီး ယင်းရန်ပုံငွေတွင်ရှိသည့် ငွေပမာဏကို အက်ဥပဒေ ပုဒ်မ ၂၂၇-၆ (၃)တွင် ဖော်ပြထားသည့် နည်းလမ်းအတိုင်း ရင်းနှီးမြှုပ်နှံရမည်။

၁၁၉။ ကုမ္ပဏီ၏အမြတ်ငွေများကို၊ ဤစည်းမျဉ်းများက ဖန်တီးထားသည့် သို့မဟုတ် ဖန်တီးရန်ခွင့်ပြုသည့်၊ ထိုအမြတ်ငွေများနှင့် သက်ဆိုင်သော အထူးအခွင့်အရေးများရှိလျှင်၊ ယင်းအထူးအခွင့်အရေးများနှင့် မဆန့်ကျင်စေ ဘဲလည်းကောင်း၊ ဤစည်းမျဉ်းများပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲလည်းကောင်း၊ အစုရှင်များအား အမြတ်ဝေစုကြေညာသည့် နေ့ရက်တွင် ယင်းတို့အသီးသီးပိုင်ဆိုင်သည့် အစုရှယ်ယာများပေါ်တွင် ပေးပြီးဖြစ်သည့် မတည်ငွေရင်း၏ အချိုးအစားအလိုက် ခွဲဝေပေးရမည်။

၁၂၀။ သို့ရာတွင်မတောင်းဆိုမီ အစုရှယ်ယာများအပေါ် ကြိုတင်ပေးထားသည့် မတည်ငွေအပေါ်တွင် အတိုးပေးနေရလျှင် ယင်းမတည်ငွေပေါ်တွင် အမြတ်ဝေစု ရရှိပိုင်ခွင့် မရှိစေရ။

၁၂၁။ ကုမ္ပဏီသည် အထွေထွေအစည်းအဝေးကြီးတွင် အမြတ်ဝေစုများကိုကြေညာနိုင်သည်။ သို့ရာတွင် မည်သည့်အမြတ်ဝေစုမျှ ဒါရိုက်တာများက ထောက်ခံသည့်ငွေထက် မပိုစေရ။ ထိုအပြင် အစုရှယ်ယာများ၏ မှတ်ပုံဝင်ပိုင်ရှင်မှတစ်ပါး မည်သည့်ပုဂ္ဂိုလ်ကိုမျှ ထုတ်မပေးရ။

၁၂၂။ မည်သည့်သက်ဆိုင်ရာနှစ်၏ အမြတ်ဝေစုကိုမျှ အမြတ်ငွေထဲမှ သို့မဟုတ် မခွဲဝေရသေးသည့် အမြတ်ငွေထဲမှ မဟုတ်လျှင် ထုတ်ပေးခြင်းမပြုရ။ အဆိုပါ အမြတ်ဝေစုများအတွက် ကုမ္ပဏီက အတိုးများမပေးစေရ။

၁၂၃။ ကုမ္ပဏီ၏အသားတင်အမြတ်ငွေများနှင့် စပ်လျဉ်းသည့် ဒါရိုက်တာများ၏ကြေညာချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၁၂၄။ ကြားဖြတ်အမြတ်ဝေစုထုတ်ပေးခြင်းသည် ကုမ္ပဏီ၏ အခြေအနေအရ တရားမျှတသည်ဟု ဒါရိုက်တာများက ယူဆလျှင် အစုရှင်များအား ကြားဖြတ်အမြတ်ဝေစုများကို အခါအားလျော်စွာ ထုတ်ပေးနိုင်သည်။

၁၂၅။ ဒါရိုက်တာများသည် ကုမ္ပဏီက လက်ရှိထားသည့်ပိုင်ဆိုင်ခွင့်ရှိသော အမြတ်ဝေစုများကို ထုတ်မပေးပဲထားရှိနိုင် သည့်ပြင် ပိုင်ဆိုင်ခွင့်လက်ရှိထားရှိခြင်းနှင့်ဆိုင်သည့် ကြွေးမြီများ၊ သို့မဟုတ် တာဝန်ခံချက်များနှင့်စပ်လျဉ်း၍ အပြေပေးဆပ်ရန်အတွက် ထိုငွေများကို အသုံးပြုနိုင်သည်။

၁၂၆။ အစုရှယ်ယာများလွှဲပြောင်းပြီးနောက် ကြေညာသည့် အမြတ်ဝေစုကို အစုရှယ်ယာများလွှဲပြောင်းမှုကို မှတ်ပုံမတင်မီ အမြတ်ဝေစု တောင်းဆိုပိုင်ခွင့် မရှိစေရ။

၁၂၇။ ဒါရိုက်တာများသည် အစုရှယ်ယာဆက်ခံခြင်းအပိုဒ်အရ၊ တစ်ဦးတစ်ယောက်သောသူသည် အစုရှင်ဖြစ်နိုင်ခြင်း၊ သို့မဟုတ် ထိုအပိုဒ်အရ၊ တစ်ဦးတစ်ယောက်သောသူက လွှဲပြောင်းပိုင်ခွင့်ရှိခြင်းနှင့် သက်ဆိုင်သည့်အစုရှယ်ယာများ အတွက် ပေးရမည့်အမြတ်ဝေစုများကို ထိုအစုရှယ်ယာများနှင့် စပ်လျဉ်း၍ ထိုသူအစုရှင်ဖြစ်လာသည့်တိုင်အောင် သို့မဟုတ် ယင်းအစုရှယ်များကို ထိုသူက နည်းလမ်းတကျ လွှဲပြောင်းပြီးသည့်တိုင်အောင် မပေးဘဲထားနိုင်သည်။

၁၂၈။ အစုရှယ်ယာများကိုတွဲဖက်ပိုင်ဆိုင်သူများအဖြစ်ဖြင့် လူအများကိုမှတ်ပုံတင်ထားလျှင် ထိုသူများအနက် တစ်ဦးဦးက ယင်းအစုရှယ်ယာများနှင့်စပ်လျဉ်း၍ ပေးရမည့်အမြတ်ဝေစုအားလုံးနှင့် အမြတ်ဝေစုနှင့်သက်ဆိုင်သည့်ငွေများအတွက် ရရှိကြောင်းခိုင်လုံသည့် ပြေစာလက်မှတ်များ ထုတ်ပေးနိုင်သည်။

၁၂၉။ အခြားနည်းညွှန်ကြားထားခြင်း မရှိလျှင်၊ အမြတ်ဝေစုကို ရထိုက်ခွင့်ရှိသည့် အစုရှင်ထံသို့သော်လည်းကောင်း၊ အခြားသူထံသို့သော်လည်းကောင်း၊ ယင်း၏မှတ်ပုံဝင်လိပ်စာ တပ်၍ ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ ဂါရမ်းလက်မှတ်ဖြင့်ဖြစ်စေ၊ စာပို့တိုက်မှပေးပို့နိုင်သည်။ တွဲဖက်အစုရှယ်ယာပိုင်ရှင်များကိစ္စ၌ မှတ်ပုံတင်စာအုပ်တွင် တွဲဖက်ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ဦးစွာနာမည်ပေါက်သူ၏ မှတ်ပုံဝင်လိပ်စာသို့ ထုတ်ပေးနိုင်သည်။ ထိုသို့ပေးပို့သည့် ချက်လက်မှတ်ကို သို့မဟုတ် ဂါရမ်းလက်မှတ်ကို ပေးပို့ခံရသူ၏အမိန့်အတိုင်း ငွေပေးရမည်။

၁၃၀။ အမြတ်ဝေစုထုတ်ပေးကြောင်း ကြေညာသည့်နို့တစ်စာကို၊ ကြားဖြတ်အမြတ်ဝေစုအတွက်ဖြစ်စေ၊ အခြားအမြတ်ဝေစုအတွက်ဖြစ်စေ မှတ်ပုံတင်ထားသည့် အစုရှယ်ယာပိုင်ရှင်များထံ နောက်တွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ပေးပို့ရမည်။

၁၃၁။ ကြေညာသည့်နေ့မှ တစ်နှစ်အတွင်း တောင်းဆိုခြင်းမပြုသည့် အမြတ်ငေစုအားလုံးကို တောင်းဆိုခြင်း မပြုသေးသမျှ ကာလပတ်လုံး ဒါရိုက်တာများက ကုမ္ပဏီ၏ အကျိုးကျေးဇူးအလို့ငှာ ရင်းနှီးမြှုပ်နှံနိုင်သည်။ သို့မဟုတ် အခြားနည်းလမ်း အသုံးပြုနိုင်သည်။

<u>ကုမ္ပဏီ၏ ငွေစာရင်းများနှင့် အခြားစာရွက်စာတမ်းများကို စစ်ဆေးရန်အတွက် အစုရှယ်ယာရှင်များ၏ အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ</u>

၁၃၂။ ဒါရိုက်တာများသည်၊ အောက်ပါများနှင့် စပ်လျဉ်း၍ ငွေစာရင်းစာအုပ်များကို ထားရှိစေရမည်-

(က) ကုမ္ပဏီ၏ရင်ငွေနှင့် သုံးငွေ၊ ထိုရင်ငွေသုံးငွေများနှင့် သက်ဆိုင်သည့်ကိစ္စများ၊

(ခ) ကုမ္ပဏီက ကုန်ပစ္စည်းရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ဂ) ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များနှင့် ကြွေးမြီတာဝန်များ။

၁၃၃။ ငွေစာရင်းစာအုပ်များကို ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးတွင်ဖြစ်စေ၊ ဒါရိုက်တာများက သင့်သည်ထင်မြင်သည့် အခြားနေရာတွင်ဖြစ်စေ ထားရှိရမည့်ပြင် ဒါရိုက်တာများက ရုံးချိန်အတွင်း ကြည့်ရှုစစ်ဆေးပိုင်ခွင့်ရှိရမည်။

၁၃၄။ ဒါရိုက်တာများသည် ဒါရိုက်တာမဟုတ်သည့် အစုရှင်များအား ငွေစာရင်းစာအုပ်များကိုဖြစ်စေ၊ ငွေစာရင်း စာအုပ်တစ်ခုခုဖြစ်စေ၊ စစ်ဆေးခွင့် ပေးသင့်မပေးသင့်နှင့် မည်သည့်အတိုင်းအတာအထိ မည်သည့်အချိန်တွင် မည်သည့်နေရာများ၌ မည်သည့်စည်းကမ်းချက် သို့မဟုတ် စည်းမျဉ်းများအရ ကြည့်ရှုစစ်ဆေးခွင့် ပေးရမည်ကို အခါအားလျော်စွာ သတ်မှတ်ရမည်။ (ဒါရိုက်တာမဟုတ်သည့်) မည်သည့်အစုရှင်များမျှ ဥပဒေက အပ်နှင်းသည့် အတိုင်းမှတစ်ပါး သို့မဟုတ် ဒါရိုက်တာများက ဖြစ်စေ၊ ကုမ္ပဏီက အထွေထွေအစည်းအဝေးကြီးတွင်ဖြစ်စေ ခွင့်ပြုသည့်အတိုင်းမှတစ်ပါး ကုမ္ပဏီ၏ မည်သည့်စာရင်းစာအုပ် သို့မဟုတ် စာချုပ်စာတမ်းကိုမျှ စစ်ဆေးပိုင်ခွင့် မရှိစေရ။

၁၃၅။ အရှုံးမြတ်စာရင်းတွင် အက်ဥပဒေပါ ပုဒ်မ ၁၃၁၊ ပုဒ်မခွဲ (၃) တွင်ရည်ညွှန်းထားသော အကြောင်းအရာများ အပြင် သင့်လျော်ဆုံးသော ခေါင်းစဉ်များဖြင့် စုစုပေါင်းဝင်ငွေကို ရရှိရာ ဝင်ငွေလမ်းများအလိုက် ခွဲပြပြီး၊ စုစုပေါင်း သုံးငွေကို ရုံးစရိတ်၊ လစာများနှင့် အခြားစရိတ်များခွဲခြား၍ပြရမည်။ အစည်းအဝေးသို့အရှုံးနှင့် အမြတ်ငွေများကို တရားမျှတမှုနှင့်ကန်စွာ တင်ပြနိုင်ရန်၊ စာရင်းရှင်းသောနှစ်တွင် ရရှိသောဝင်ငွေထဲမှ အသုံးငွေအဖြစ် ပြသင့်သော အသုံးစရိတ်တိုင်းကို စာရင်းများတွင်ဖော်ပြရမည်။ နှစ်ပေါင်းများစွာဖြန့်ပြီးကုန်ကျရမည့် အသုံးစရိတ်မျိုးကို တစ်နှစ်နှစ်တွင် အသုံးပြုသော်၊ ထိုအသုံးစရိတ်များ၏ စုစုပေါင်းငွေကိုဖော်ပြပြီး၊ ယင်းအသုံးစရိတ်များထဲမှ အစိတ်အပိုင်းကိုသာ ထိုနှစ်တွင်ရရှိသော ဝင်ငွေထဲမှ ကုန်ကျသောအသုံးစရိတ်အဖြစ်ပြရသော အကြောင်းကို ဖော်ပြရမည်။

၁၃၆။ ကုမ္ပဏီ၏ ဒါရိုက်တာများက ကုမ္ပဏီစတည်ထောင်ပြီး တစ်ဆယ့်ရှစ်လ မကျော်လွန်သည့်နေ့ရက်တစ်ရက်နှင့် ထိုနောက် ပြက္ခဒိန်နှစ်တိုင်း တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်

ကနဦးကိစ္စတွင် ကုမ္ပဏီစတည်ထောင်သည့်နေ့မှ စ၍၊ ထိုနောက်လစဉ်စာရင်းကို အစည်းအဝေးကျင်းပသည့်နေ့မတိုင်မီ ယခင်နောက်ဆုံးစာရင်း ပြုစုသည့်နေ့မှ ကိုးလမကျော်လွန်စေဘဲ လက်ကျန်ငွေစာရင်းနှင့် အရှုံးမြတ်စာရင်းကို ကုမ္ပဏီ၏အထွေထွေ အစည်းအဝေးကြီးတွင် တင်ပြရမည်။

၁၃၇။ အဆိုပါလက်ကျန်ငွေစာရင်းနှင့် အရှုံးအမြတ်ငွေစာရင်းတိုင်းကို နောက်တွင်ပြဋ္ဌာန်းထားသည့်အတိုင်း ကုမ္ပဏီ၏ စာရင်းစစ်များက စစ်ဆေးပြီး ကြီးကြပ်အုပ်ချုပ်မှု ဒါရိုက်တာနှင့် အနည်းဆုံး ဒါရိုက်တာနှစ်ဦး သို့မဟုတ် ကုမ္ပဏီ၏ ဒါရိုက်တာအားလုံးက လက်မှတ်ရေးထိုးရမည်။ အက်ဥပဒေပုဒ်မ ၁၃၂နှင့် ၁၃၃တို့ပါ ပြဋ္ဌာန်းချက်များကို နည်းလမ်းတစ်ကျ လိုက်နာရမည့်အပြင် စာရင်းစစ်၏ အစီရင်ခံစာနှင့် ဒါရိုက်တာများ၏အစီရင်ခံစာများပါ ပူးတွဲပါရှိရမည်။

၁၃၈။ ဒါရိုက်တာများသည် လက်ကျန်ငွေစာရင်းတိုင်းနှင့်အတူ ကုမ္ပဏီ၏အလုပ်များ၏ အခြေအနေ၊ အမြတ်ဝေစု အဖြစ်ယင်းတို့က အမြတ်ငွေထဲမှ ထုတ်ပေးရန် ထောက်ခံသည့် ငွေပမာဏ(ရှိလျှင်) ယင်းငွေပမာဏ၊ သီးသန့်ရန်ပုံငွေ ထဲသို့ထည့်ရန် ရည်ရွယ်သည့်ပမာဏ (ရှိလျှင်) ယင်းငွေပမာဏတို့ကို ဤကိစ္စနှင့်စပ်လျဉ်း၍ အထက်တွင်ဖော်ပြပါ ပြဋ္ဌာန်းချက်များအတိုင်း အစီရင်ခံစာပြုလုပ်၍ ပူးတွဲတင်သွင်းရမည်။ ယင်းအစီရင်ခံစာကို ဤကိစ္စအလို့ငှာ ဒါရိုက်တာအဖွဲ့က ခွင့်ပြုပါက၊ ကုမ္ပဏီ၏ ဒါရိုက်တာများကိုယ်စား ဥက္ကဋ္ဌက လက်မှတ်ရေးထိုးနိုင်သည်။ သို့မဟုတ် ဒါရိုက်တာအားလုံးက လက်မှတ်ရေးထိုးနိုင်သည်။

၁၃၉။ ကုမ္ပဏီသည်ပုံနှိပ်ရိုက်ထားသည့် စစ်ဆေးပြီးဖြစ်သော ယင်းလက်ကျန်ငွေစာရင်းနှင့် အရှုံးအမြတ်ငွေစာရင်း တစ်စောင်စီနှင့် ဒါရိုက်တာများနှင့် စာရင်းစစ်များ၏ အစီရင်ခံစာများကို တင်ပြမည့်အစည်းအဝေး မကျင်းပမီအနည်းဆုံး တစ်ဆယ့်လေးရက် ကြိုတင်ပြီး ကုမ္ပဏီ၏ အစုရှင်များ၏ မှတ်ပုံတင်လိပ်စာသို့ နောက်တွင် နို့တစ်စာများပေးပို့ရန် ညွှန်ကြားထားသည့် နည်းလမ်းအတိုင်းပေးပို့ရမည်။ ယင်းလက်ကျန်ငွေစာရင်း၊ အရှုံးအမြတ်စာရင်းနှင့် အစီအရင်ခံစာများကို အစည်းအဝေးမတိုင်မီ တစ်ဆယ့်လေးရက် အတောအတွင်း ကုမ္ပဏီ၏ အစုရှင်များ စစ်ဆေးရန် ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးတွင် အပ်နှံထားရမည်။

၁၀။ ဆက်နွယ်နေသူနှင့် ပတ်သက်သော ဆောင်ရွက်ချက်ကိစ္စများ (RELATED PARTY TRANSACTIONS)

ဆက်နွယ်နေသူများနှင့် ဆောင်ရွက်သည့် အရေးပါသော ကိစ္စများ

အောက်ပါတို့မှာ ဆက်နွယ်နေသူများနှင့် ပတ်သက်သော ဆောင်ရွက်ချက်ကိစ္စများ (transactions) ဖြစ်ကြပြီး၊ ဇယားတွင် ဆက်နွယ်နေသူ (related party) အားလုံးနှင့် ဆောင်ရွက်ထားသည့် ကိစ္စများကို ဖော်ပြထားပါသည်။

အငှားဝယ်ခြင်း (Hire Purchase)

MCB နှင့် ဆက်နွယ်နေသူ တစ်ဦး ဖြစ်သော Good Brothers Co. Ltd., နှင့် စိုက်ပျိုးရေးသုံး စက်ကိရိယာများနှင့် ပတ်သက်ကာ အငှားဝယ် အခြေခံဖြင့် ဆောင်ရွက်သော ကိစ္စများ ရှိပါသည်။ ယင်းဆောင်ရွက်ချက်ကိစ္စများမှ ဝင်ငွေ များစွာ ရရှိပြီး၊ Good Brothers Co. Ltd., သို့ ကျသင့်သော ကော်မရှင်ကြေး၊ ဝန်ဆောင်ခံနှင့် ငှားရမ်းခတို့မှာ တူညီသော လုပ်ငန်းနယ်ပယ် အတွင်း အခြား ဘဏ်များက သတ်မှတ်သည့် နှုန်းထားများ အတိုင်း အလားတူ ဖြစ်ပါသည်။ MCB နှင့် ဆက်နွယ်နေသူ တစ်ဦး ဖြစ်သည် ဟူသော အကြောင်းရင်းဖြင့် Good Brothers Co. Ltd., အား အထူး အခွင့်အရေး တစ်စုံတစ်ရာ ပေးခဲ့ခြင်း မရှိပါ။

၃၁ ရက် မတ်လ ၂၀၁၆ အထိ အငှားဝယ်ခြင်းနှင့် ပတ်သတ်ဆက်နွယ်နေသော ဆောင်ရွက်ချက်ကိစ္စများ

စဉ်.	အမည်	ကုမ္ပဏီအမည်	ခွင့်ပြုချေးငွေ (ကျပ်သန်းပေါင်း)	အာမခံငွေပမာဏ (ကျပ်သန်းပေါင်း)
၁	ဦးလှဦး	Good Brothers Co. Ltd	၁၆,၃၁၆.၆၃	၂,၆၁၆.၅၁
၂	ဦးစိုးနိုင် @ ဦးကိုကိုကြီး	Capital Automative co. ltd	၂,၄၂၉.၀၀	၃၂၅.၇၅
၃	ဦးမောင်မောင်တင်	Farmer PhoeYarzar co. ltd	၅၃၉.၉၃	၃၅၀.၄၀
	Total		**၁၉,၂၈၅.၅၆**	**၃,၂၉၂.၆၆**

မြေနှင့် အဆောက်အဦး

စစ်တွေဘဏ်ခွဲ အဆောက်အဦးကို MCB နှင့် ဆက်နွယ်နေသူ တစ်ဦး ဖြစ်သော Good Brother Co. Ltd., က ပိုင်ဆိုင်ပါသည်။ အဆိုပါ အဆောက်အဦး အတွက် ငှားရမ်းခမှာ ဈေးကွက် အတွင်း ပေါက်ဈေးနှင့် ကိုက်ညီပြီး၊ Good Brother Co. Ltd., အား အထူး အခွင့်အရေး တစ်စုံတစ်ရာ ပေးခဲ့ခြင်း မရှိပါ။

အထွေထွေ

MCB နှင့် ဆက်နွယ်နေသူ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ အထူး အခွင့်အရေး ပေးခြင်း မရှိပါ။ ၎င်းတို့အား အခြား ဆက်သွယ်ဆောင်ရွက်သူများထံမှ ကောက်ခံသည့် အတိုးနှုန်းများ အတိုင်း အလားတူ ကောက်ခံပါသည်။

စဉ်	*အမည်*	*ခွင့်ပြုချေးငွေ (ကျပ်)*	*ချေးငွေ အမျိုးအစား*	*ဝင်ငွေ သတ်မှတ်ချက် (ကျပ်)*
၁.	ဦးစိုးနိုင် @ ဦးကိုကိုကြီး	၂,၀၀၀,၀၀၀,၀၀၀	ချေးငွေ	၂၁,၉၃၆,၀၀၀.၀၀
၂.	ဦးလှဦး	၁၂၀,၀၀၀,၀၀၀	ကုန်သွယ်ရေး အာမခံ	၇,၁၀၂,၀၀၀.၀၀
၃.	ဦးပြည့်ဝထွန်း	-	ဘဏ် အာမခံ	၂၇,၃၀၉,၃၆၁.၆၀
၄.	ဦးဇေယျသူရမွန်	-	ဘဏ် အာမခံ	၁၀၈,၉၆၂,၃၇၁.၆၀
	စုစုပေါင်း			**၁၆၅,၃၀၉,၇၃၃.၂၀**

မှတ်ချက်၊ ဦးပြည့်ဝထွန်းသည် ယခင်က ကျွန်ပ်တို့၏ ဒါရိုက်တာ တစ်ဦး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော်လည်း၊ ၁-၈-၂၀၁၅ ရက်နေ့မှ စ၍ ကျွန်ပ်တို့၏ ဒါရိုက်တာ တစ်ဦး မဟုတ်တော့ပါ။

ဦးကိုကိုကြီးက ကျွန်ပ်တို့၏ ဒါရိုက်တာ တစ်ဦး ဖြစ်မလာမီကတည်းက သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းကို စတင် လုပ်ကိုင်ခဲ့ပြီး ဖြစ်ပါသည်။ ၎င်းအနေဖြင့် ၁-၈-၂၀၁၅ မှ စ၍ ကျွန်ပ်တို့၏ ဒါရိုက်တာ တစ်ဦး ဖြစ်လာခဲ့ပါသည်။

ချေးငွေ နှစ်ရပ်လုံး ကို ၁၄-၈-၂၀၁၅ ခုနှစ်တွင် ပြန်လည် ပေးဆပ်ခဲ့ပြီး ဖြစ်ပါသည်။
အောက်ပါ ဇယားတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့နှင့် ၎င်းတို့၏ စာရင်းရှင် လက်ကျန်ငွေ၊ ငွေစုဘဏ် အပ်ငွေ၊ အချိန်ပိုင်းအပ်ငွေနှင့် ခေါ်ယူအပ်ငွေ ပမာဏ အသီးသီးကို လည်းကောင်း၊ ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့ အချက်အလက်များ အရ MCB က ၎င်းတို့ အသီးသီးအား ပေးသည့် အတိုးငွေ ပမာဏတို့ကို လည်းကောင်း ဖော်ပြထားပါသည်။

ကျပ်သန်းပေါင်း

စဉ်	အမည်	စာရင်းရှင်	ငွေစုဘဏ်	အချိန်ပိုင်း	ခေါ်ယူ	စုစုပေါင်း
၁	ဦးစိုးနိုင် @ ဦးကိုကိုကြီး	၆၃၀.၈၉	၃,၅၈၅.၀၉	၇,၁၉၈.၅၄	၅၅၉.၆၅	၁၁၉၇၄.၁၇
၂	ဦးလှဦး	၂၅.၉၁	၂၀.၉၆	-	၁၂၈.၅၂	၁၇၅.၃၉
၃	ဦးအုန်းဆိုင်	-	၂၉.၃၉	-	၀.၃၈	၂၉.၇၇
၄	ဦးအောင်အောင်	-	၀.၀၆	-	-	၀.၀၆
၅	ဦးကျော်ကျော်ဦး	၃၃၁.၂၃	၁၄၃.၃၃	-	-	၄၇၄.၅၆
၆	ဦးဇေယျသူရမွန်	၁.၀၄	၃၈.၀၉	-	-	၃၉.၁၃
၇	ဦးထွန်းလွင်	၁၁.၅၉	၀.၀၁	-	၃၁၁.၅၄	၃၂၃.၁၄

ဆက်နွယ်နေသူတို့အား ပေးသည့် အတိုးနှုန်း

သန်းပေါင်း

စဉ်	အမည်	စုငွေ အပေါ် အတိုး	အချိန်ပိုင်းအပ်ငွေ အပေါ် အတိုး	ခေါ်ယူအပ်ငွေ အပေါ် အတိုး	စုစုပေါင်း
၁	ဦးစိုးနိုင် @ ဦးကိုကိုကြီး	၄၂၄.၂၆	၄၉၅.၉၄	၉၇.၈၉	၁,၀၁၈.၀၉
၂	ဦးလှဦး	၀.၄၁	-	၂၅.၆၀	၂၆.၀၁
၃	ဦးအုန်းဆိုင်	၂၉.၃၉	-	၀.၂၆	၂၉.၆၅
၄	ဦးအောင်အောင်	၂.၃၀	-	-	၂.၃၀
၅	ဦးကျော်ကျော်ဦး	၀.၃၈	-	-	၀.၃၈
၆	ဦးဇေယျသူရမွန်	၁၀.၁၂	-	-	၁၀.၁၂
၇	ဦးထွန်းလွင်	-	-	၁၀၇.၈၈	၁၀၇.၈၈

၃၁-၃- ၂၀၁၆ ရက်နေ့အထိ နိုင်ငံခြားငွေ စာရင်းရှင်အပ်ငွေ

	အမည်	ငွေကြေးအမျိုးအစား		
		USD	EUR	SGD
၁.	ဦးစိုးနိုင် @ ဦးကိုကိုကြီး	၃,၁၄၂,၆၂၀.၀၉		
၂.	ဦးဇေယျသူရမွန်	၉၈,၀၀၈.၈၀	၃၆၂.၃၇	၁၀၀.၀၀
၃.	ဦးထွန်းလွင်	၈,၃၉၅.၀၉		
၄.	ဦးလှဦး	၈၁,၄၅၈.၃၉		
၅.	ဦးကျော်ကျော်ဦး	၁,၂၀၂.၆၀		

အထက်ပါ လူပုဂ္ဂိုလ် (individual) တစ်ဦးဦး/အဖွဲ့အစည်း (entity) တစ်ခုခု ပိုင်ဆိုင်သည့် စာရင်းရှင်၊ ငွေစုဘဏ် အပ်ငွေ၊ အချိန်ပိုင်းအပ်ငွေနှင့် ခေါ်ယူအပ်ငွေတို့အတွက် လည်းကောင်း၊ ၎င်းတို့အား ပေးသော အတိုးငွေတွင် လည်းကောင်း MCB က အထူး အခွင့်အရေး တစ်စုံတစ်ရာ မပေးပါ။

ဆက်နွယ်နေသူ ဆိုင်ရာ ဆောင်ရွက်ဆဲကိစ္စနှင့် အနာဂတ်တွင် ဆောင်ရွက်မည့် ကိစ္စတို့ အတွက် လမ်းညွှန်ချက်နှင့် ပြန်လည်သုံးသပ်ရေး လုပ်ထုံးလုပ်နည်းများ

စံနှုန်းစံထားများနှင့် အဓိပ္ပာယ် သတ်မှတ်ချက်များ

MCB အနေဖြင့် MAS 24 (မြန်မာနိုင်ငံတော် စာရင်းကိုင်စံ ၂၄) တွင် သတ်မှတ်ထားသည့် ဆက်နွယ်နေသူ ဆိုင်ရာ ဖွင့်ဟဖော်ထုတ်ရေး စံနှုန်းစံထား သတ်မှတ်ချက်ကို လက်ခံပါသည်။ အဆိုပါ စံနှုန်းစံထားကို အောက်ပါတို့တွင် ကျင့်သုံးရမည် -

- ဆက်နွယ်နေသူနှင့် ဆက်နွယ်ပုံ၊ ဆောင်ရွက်သည့် ကိစ္စများကို ရှာဖွေသတ်မှတ်ခြင်း၊
- အဖွဲ့အစည်း တစ်ခုနှင့် ယင်း၏ ဆက်နွယ်နေသူတို့ အကြား အပြန်အလှန် ရှိနေကြသော စာရင်းလက်ကျန်များ၊
- အပိုဒ်ခွဲ (က) နှင့် အပိုဒ်ခွဲ (ခ) တို့တွင် ဖော်ပြပါရှိသော အရာတို့အား ဖွင့်ဟဖော်ထုတ်ရန် လိုအပ်သည့် အခြေအနေများကို ရှာဖွေသတ်မှတ်ခြင်း၊
- အဆိုပါ အရာတို့နှင့် ပတ်သက်၍ ပြုလုပ်ရမည့် ဖွင့်ဟဖော်ထုတ်ချက်များကို ဆုံးဖြတ် သတ်မှတ်ခြင်း။

အောက်ပါ အခြေအနေ တစ်ရပ်ရပ်တွင် ပုဂ္ဂိုလ် (party) တစ်ဦးသည် အဖွဲ့အစည်း (entity) တစ်ရပ်နှင့် ဆက်နွယ်နေသူ ဖြစ်သည် -

(က) ယင်းပုဂ္ဂိုလ်က တိုက်ရိုက်ဖြစ်စေ၊ ကြားခံ တစ်စုံတစ်ရာ မှတဆင့် သွယ်ဝိုက်၍ ဖြစ်စေ -

(၁) ထိုအဖွဲ့အစည်းအား ထိန်းချုပ်ခြင်း၊ ထိုအဖွဲ့အစည်း၏ ထိန်းချုပ်မှုကို ခံရခြင်း သို့မဟုတ် ထိုအဖွဲ့အစည်းနှင့် အတူ ဘုံ ထိန်းချုပ်မှု အောက်တွင် ရှိခြင်း (ယင်းတွင် မိခင်အဖွဲ့အစည်း၊ လက်အောက်ခံအဖွဲ့အစည်း သို့မဟုတ် လက်အောက်ခံဖြစ်ဖက် အဖွဲ့အစည်းများ (fellow subsidiaries) ပါဝင်သည်)၊

(၂) ထိုအဖွဲ့အစည်း အပေါ် သိသာထင်ရှားစွာ သြဇာလွှမ်းမိုးခွင့် ရစေသည့် အကျိုးစပ်ဆိုင်မှု ရှိခြင်း၊

(၃) ထိုအဖွဲ့အစည်း အပေါ် ပူးတွဲ ထိန်းချုပ်ခွင့် ရှိခြင်း၊

(ခ) ယင်းပုဂ္ဂိုလ်သည် ထိုအဖွဲ့အစည်း၏ တွဲဖက် (associate) တစ်ရပ် ဖြစ်ခြင်း (MAS- 28 "တွဲဖက်တို့တွင် ရင်းနှီးမြှုပ်နှံခြင်း" ပါ အဓိပ္ပာယ် သတ်မှတ်ချက် အတိုင်း)၊

(ဂ) ယင်းပုဂ္ဂိုလ်သည် ဖက်စပ် (joint venture) တစ်ခု ဖြစ်လျက်၊ ထိုအဖွဲ့အစည်းသည် ဖက်စပ်ဝင် တစ်ရပ် ဖြစ်ခြင်း (MAS 31 "ဖက်စပ်တို့တွင် အကျိုးစပ်ဆိုင်ခြင်း" ပါ အဓိပ္ပာယ် သတ်မှတ်ချက် အတိုင်း)၊

(ဃ) ထိုအဖွဲ့အစည်း၏ သို့မဟုတ် ၎င်း၏ မိခင်အဖွဲ့အစည်း၏ အရေးပါသော စီမံအုပ်ချုပ်သူ အစုအဝေး (key management personnel) တွင် ယင်းပုဂ္ဂိုလ် အပါအဝင် ဖြစ်ခြင်း၊

(င) ယင်းပုဂ္ဂိုလ်သည် အပိုဒ်ခွဲ (က) သို့မဟုတ် (ဃ) တွင် ရည်ညွှန်းထားသည့် လူပုဂ္ဂိုလ် တစ်ဦးဦး၏ နီးစပ်သော မိသားစုဝင် ဖြစ်ခြင်း၊

(စ) ယင်းပုဂ္ဂိုလ်သည် အပိုဒ်ခွဲ(ဃ) သို့မဟုတ် (င) တွင် ရည်ညွှန်းထားသည့် လူပုဂ္ဂိုလ် တစ်ဦးဦးက သီးခြား သော်လည်းကောင်း၊ ပူးတွဲလျက် သော်လည်းကောင်း တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ထိန်းချုပ်ခြင်း ခံရသော အဖွဲ့အစည်း တစ်ရပ် ဖြစ်ခြင်း၊ သို့တည်းမဟုတ် ယင်းပုဂ္ဂိုလ်သည် အပိုဒ်ခွဲ(ဃ) သို့မဟုတ် (င) တွင် ရည်ညွှန်းထားသည့် လူပုဂ္ဂိုလ် တစ်ဦးဦးက တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ သိသာထင်ရှားစွာ သြဇာလွှမ်းမိုးခြင်း ခံရသော အဖွဲ့အစည်း တစ်ရပ် ဖြစ်ခြင်း၊ သို့တည်းမဟုတ် ယင်းကဲ့သို့ အဖွဲ့အစည်း အတွင်း မဲခွဲ ဆုံးဖြတ်ရာ၌ သိသာထင်ရှားသော မဲ အရေအတွက် ပေးပိုင်ခွင့်ကို အခွင့်အာဏာကို အပိုဒ်ခွဲ(ဃ) သို့မဟုတ် (င) တွင် ရည်ညွှန်းထားသည့် လူပုဂ္ဂိုလ် တစ်ဦးဦးက ရရှိထားခြင်း၊

(ဆ) ယင်းပုဂ္ဂိုလ်သည် ထိုအဖွဲ့အစည်း၏ သို့တည်းမဟုတ် ထိုအဖွဲ့အစည်းနှင့် ဆက်နွယ်နေသူ အခြားအဖွဲ့အစည်း တစ်ခုခု၏ အလုပ်သမားများ အကျိုးငှာ ပြုလုပ်ထားသည့် အလုပ်ခန့်ထားမှု အဆုံးသတ်ပြီး နောက်ပိုင်း ခံစားခွင့် အစီအစဉ် (post-employment benefit plan) တစ်ရပ် ဖြစ်ခြင်း။

"ဆက်နွယ်နေသူနှင့် ပတ်သက်သော ဆောင်ရွက်ချက်ကိစ္စ" (related party transaction) ဆိုသည်မှာ တန်ဖိုးကျသင့်လျက် ဖြစ်စေ၊ မကျသင့်ဘဲ ဖြစ်စေ ဆက်နွယ်နေသူတို့ အကြား အရင်းအမြစ်များ၊ ဝန်ဆောင်မှုများ သို့မဟုတ် တာဝန်ဝတ္တရားများ လွှဲပြောင်းပေးခြင်းကို ဆိုလိုသည်။

လူပုဂ္ဂိုလ် တစ်ဦး၏ နီးစပ်သော မိသားစုဝင် ဆိုရာ၌ သက်ဆိုင်ရာ အဖွဲ့အစည်းနှင့် ဆက်ဆံရာတွင် အဆိုပါ လူပုဂ္ဂိုလ် အပေါ် သြဇာလွှမ်းမိုးနိုင်သော သို့မဟုတ် အဆိုပါ လူပုဂ္ဂိုလ်၏ သြဇာလွှမ်းမိုးမှုကို ခံရနိုင်သော မိသားစုဝင်ကို ဆိုလိုသည်။ ယင်းတွင် အောက်ပါတို့ ပါဝင်နိုင်သည် -

(a) အဆိုပါ လူပုဂ္ဂိုလ်၏ အိမ်ထောင်ဖက်နှင့် သားသမီးများ၊

(b) အဆိုပါ လူပုဂ္ဂိုလ်၏ အိမ်ထောင်ဖက်၏ သားသမီးများနှင့်

(c) အဆိုပါ လူပုဂ္ဂိုလ် သို့မဟုတ် အိမ်ထောင်ဖက် အပေါ် မှီခိုနေသူများ။

"ထိန်းချုပ်မှု" (Control) ဆိုသည်မှာ အဖွဲ့အစည်း တစ်ခု၏ လုပ်ငန်းဆောင်တာများမှ ကိုယ်ကျိုး ရရှိအောင် ယင်းအဖွဲ့အစည်း၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်ရေး ဆိုင်ရာ မူဝါဒများအား လွှမ်းမိုးချယ်လှယ်နိုင်ခြင်းကို ဆိုလိုသည်။ "ပူးတွဲထိန်းချုပ်မှု" (joint control) ဆိုသည်မှာ စီးပွားရေး လုပ်ငန်းဆောင်တာ တစ်ခု အပေါ် ထိန်းချုပ်မှုကို သဘောတူညီချက် ပဋ္ဌာန်း တစ်ခု အရ မျှဝေ ကျင့်သုံးခြင်းကို ဆိုလိုသည်။ "သိသာထင်ရှားစွာ သြဇာလွှမ်းမိုးခြင်း" (Significant influence) ဆိုသည်မှာ အဖွဲ့အစည်း တစ်ခုက ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်ရေး မူဝါဒ ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်နိုင်ခွင့် ဖြစ်ပြီး၊ အဆိုပါ မူဝါဒတို့ အပေါ် ထိန်းချုပ်မှု မမြောက်ပါ။ အစုရှယ်ယာ ပိုင်ဆိုင်မှု၊ ဥပဒေပြဋ္ဌာန်းချက် သို့မဟုတ် သဘောတူညီချက် အရ သိသာထင်ရှားစွာ သြဇာလွှမ်းမိုးမှု ရနိုင်သည်။

"အရေးပါသော စီမံအုပ်ချုပ်သူ အစုအဝေး" (Key management personnel) ဆိုသည်မှာ သက်ဆိုင်ရာ အဖွဲ့အစည်း၏ ဒါရိုက်တာ တစ်ဦးဦး အပါအဝင် ၎င်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများ အတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ စီမံကိန်း ရေးဆွဲခြင်း၊ ညွှန်ကြားခြင်းနှင့် ထိန်းချုပ်ခြင်း ပြုလုပ်ရန် အခွင့်အာဏာနှင့် တာဝန်ရှိသော ပုဂ္ဂိုလ်တို့ကို ဆိုလိုသည်။

ဖြစ်နိုင်ဖွယ် ရှိသော ဆက်နွယ်နေသူ ဆက်ဆံရေး တစ်ခုချင်းကို သုံးသပ်ရာတွင် အဆိုပါ ဆက်ဆံရေး၏ ဥပဒေ အရ ပုံစံထက် အနှစ်သာရကို အာရုံစိုက် သုံးသပ်သည်။

ဖွင့်ဟဖော်ထုတ်ခြင်း (Disclosure)

ကျွန်ုပ်တို့၏ ဖွင့်ဟဖော်ထုတ်ခြင်း ဆိုင်ရာ စည်းကမ်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

၁။ မိခင်အဖွဲ့အစည်း (parent) နှင့် လက်အောက်ခံအဖွဲ့အစည်း (subsidiary) တို့ အကြား ဆောင်ရွက်ချက်ကိစ္စများ (transactions) ရှိသည် ဖြစ်စေ မရှိသည် ဖြစ်စေ ဆက်ဆံရေးများ (relationships) ကို ဖွင့်ဟဖော်ထုတ်ရမည်။ အဖွဲ့အစည်း တစ်ရပ်သည် ၎င်း၏ မိခင်အဖွဲ့အစည်း အမည်ကို ဖွင့်ဟ ဖော်ထုတ်ရမည်။ ၎င်း၏ မိခင်အဖွဲ့အစည်းသည် ၎င်းအား နောက်ဆုံး ထိန်းချုပ်သူ (ultimate controlling party) မဟုတ်လျှင် ထိုနောက်ဆုံးထိန်းချုပ်သူ၏ အမည်ကို ဖွင့်ဟဖော်ထုတ်ရမည်။ ၎င်းအဖွဲ့အစည်း၏ မိခင်အဖွဲ့အစည်းနှင့် နောက်ဆုံးထိန်းချုပ်သူတို့ နှစ်ဦးလုံးက အများပြည်သူသို့ ဘဏ္ဍာရေးရှင်းတမ်းများ မထုတ်ပြန်လျှင် ယင်းတို့အောက် ဝါအရင့်ဆုံး အထက်အဖွဲ့အစည်း၏ အမည်ကိုလည်း ဖွင့်ဟ ဖော်ထုတ်ရမည်။

၂။ ဆက်နွယ်နေသူ ဆက်ဆံရေးများ၏ အဖွဲ့အစည်း တစ်ရပ် အပေါ် သက်ရောက်မှုများကို ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ရှုသူတို့ သိမြင်နိုင်ရန် အလို့ငှာ၊ ဆက်နွယ်နေသူတို့ အကြား

ဆောင်ရွက်ချက်ကိစ္စများ ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ ထိန်းချုပ်မှု ရှိပါက သက်ဆိုင်ရာ ဆက်နွယ်နေသူ ဆက်ဆံရေးကို ဖွင့်ဟဖော်ထုတ်သင့်သည်။

၃။ မိခင်အဖွဲ့အစည်းနှင့် လက်အောက်ခံအဖွဲ့အစည်းတို့ အကြား ရှိနေသော ဆက်နွယ်နေသူ ဆက်ဆံရေးများကို ရှာဖွေ သတ်မှတ်ခြင်းသည် MAS 27 ၊ MAS 28 နှင့် MAS 31 တို့ပါ လိုအပ်ချက်များ အပြင် နောက်ထပ် လိုအပ်ချက် ဖြစ်သည်။ MAS 27 ၊ MAS 28 နှင့် MAS 31 တို့က လက်အောက်ခံအဖွဲ့အစည်း၊ တွဲဖက်အဖွဲ့အစည်းနှင့် ပူးတွဲထိန်းချုပ်ခြင်း ခံရသော အဖွဲ့အစည်းတို့၌ သိသာထင်ရှားသည့် အတိုင်းအတာဖြင့် ပြုလုပ်ထားသော ရင်းနှီးမြှုပ်နှံမှုတို့ စာရင်းနှင့် အကြောင်းအရာတို့ကို ဆီလျော်စွာ ဖော်ပြရမည်ဟု သတ်မှတ်ထားသည်။

၄။ မိခင်အဖွဲ့အစည်းက လည်းကောင်း၊ နောက်ဆုံးထိန်းချုပ်သူက လည်းကောင်း အများပြည်သူသို့ ဘဏ္ဍာရေးရှင်းတမ်းများ မထုတ်ပြန်သည့် အဖွဲ့အစည်း တစ်ခု အနေဖြင့် အများပြည်သူသို့ ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်သည့် ယင်းတို့အောက် ဝါအရင့်ဆုံး အထက်အဖွဲ့အစည်း၏ အမည်ကို ဖွင့်ဟဖော်ထုတ်ရမည်။ ဝါအရင့်ဆုံး အထက်အဖွဲ့အစည်း ဆိုသည်မှာ စုပေါင်းထားသည့် (consolidated) အခြေခံဖြင့် ဘဏ္ဍာရေးရှင်းတမ်းများကို အများပြည်သူသို့ ထုတ်ပြန်သည့်၊ ကုမ္ပဏီအုပ်စု အတွင်း အနီးဆုံး အထက်အဖွဲ့အစည်း၏ အထက်တွင် ရှိသည်၊ ပထမဆုံး မိခင်အဖွဲ့အစည်းကို ဆိုလိုသည်။

၅။ အဖွဲ့အစည်း တစ်ခုသည် အရေးပါသည့် စီမံအုပ်ချုပ်သူတို့၏ အောက်ပါ အခကြေးငွေ အမျိုးအစားတို့ကို တစ်မျိုးစီ သီးခြား အနေဖြင့် လည်းကောင်း၊ စုစုပေါင်း အနေဖြင့် လည်းကောင်း ဖွင့်ဟဖော်ထုတ်ရမည် -

(က) အလုပ်သမား ဆိုင်ရာ ကာလတို အကျိုးခံစားခွင့်များ၊

(ခ) အလုပ်ခန့်ထားမှု အဆုံးသတ်ပြီး နောက်ပိုင်း အကျိုးခံစားခွင့်များ၊ (post-employment benefits) ၊

(ဂ) အခြား ကာလရှည် အကျိုးခံစားခွင့်များ၊

(ဃ) အလုပ်ခန့်ထားမှု အဆုံးသတ်ခြင်း ဆိုင်ရာ အကျိုးခံစားခွင့်များ၊

(င) ရှယ်ယာဖြင့် ပေးချေမှုများ။

၆။ ဆက်နွယ်နေသူတို့ အကြား ဆောင်ရွက်ချက်ကိစ္စများ ရှိခဲ့လျှင် အဖွဲ့အစည်းသည် ဘဏ္ဍာရေးရှင်းတမ်းများ အပေါ် ၎င်းဆောင်ရွက်ချက်ကိစ္စများ၏ သက်ရောက်နိုင်မှုကို နားလည်ရန် လိုအပ်သော ၎င်းတို့၏ သဘောသဘာဝ၊ သတင်းအချက်အလက်များနှင့် လက်ကျန်တို့ကို ဖွင့်ဟဖော်ထုတ်ရမည်။ ဤဖွင့်ဟဖော်ထုတ်ရန် လိုအပ်ချက်များသည် အပိုဒ် ၁၆ အရ အရေးပါသည့် စီမံအုပ်ချုပ်သူတို့အား ပေးသော အခကြေးငွေများအား ဖွင့်ဟဖော်ထုတ်ရန် လိုအပ်ချက်တို့ အပြင် နောက်ထပ် သတ်မှတ်သော လိုအပ်ချက်များ ဖြစ်သည်။ ဖွင့်ဟဖော်ထုတ်ချက်တို့တွင် အနည်းဆုံး အောက်ပါတို့ ပါဝင်ရမည် -

(က) ဆောင်ရွက်ချက်ကိစ္စ၏ တန်ဖိုး (the amount of the transactions)၊

(ခ) လက်ကျန်ငွေ ပမာဏများ (the amount of outstanding balances) နှင့်

(ဃ) ၎င်းတို့ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊ အာမခံ ရှိမရှိနှင့် ပေးချေရာတွင် အသုံးပြုမည့် အဖိုးစားနား၏ သဘောသဘာဝ၊

(၂) အာမခံချက် တစ်စုံတစ်ရာ ပေးအပ် သို့မဟုတ် ရရှိလျှင် ယင်း၏ အသေးစိတ် အချက်အလက်များ၊

(ဂ) လက်ကျန်ငွေ ပမာဏတို့နှင့် စပ်လျဉ်း၍ ပြန်ရရန် မသေချာသော (doubtful) ကြွေးမြီ ဆိုင်ရာ လျာထားချက်များ၊

(d) ဆက်နွယ်နေသူတို့ထံမှ ပြန်ရရန် မသေချာသော သို့မဟုတ် ပြန်မရနိုင်တော့သော (bad) ကြွေးမြီများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကာလ အတွင်း အသိအမှတ်ပြုသည့် စရိတ်။

၇။ အပိုဒ် (၆) အရ ဖွင့်ဟဖော်ထုတ်ရေး လိုအပ်ချက်များကို အောက်ပါ အမျိုးအစား တစ်ခုချင်း အတွက် သီးခြားစီ ဖြည့်ဆည်းပေးရမည် -

(က) မိခင်အဖွဲ့အစည်း၊

(ခ) မိမိ အပေါ် ပူးတွဲ ထိန်းချုပ်မှု သို့မဟုတ် သိသာထင်ရှားစွာ သြဇာလွှမ်းမိုးမှု ရှိသော အဖွဲ့အစည်းများ၊

(ဂ) လက်အောက်ခံအဖွဲ့အစည်းများ၊

(ဃ) တွဲဖက်အဖွဲ့အစည်းများ၊

(င) မိမိက ဖက်စပ်ဝင် တစ်ဦး အဖြစ် ပါဝင်သည့် ဖက်စပ်အဖွဲ့အစည်းများ၊

(စ) မိမိ သို့မဟုတ် မိမိ၏ မိခင်အဖွဲ့အစည်းရှိ အရေးပါသည့် စီမံအုပ်ချုပ်သူများ

(ဆ) အခြား ဆက်နွယ်နေသူများ။

၈။ ဆက်နွယ်နေသူတို့ အကြား ပေးရန် သို့မဟုတ် ရရန် ရှိသော တန်ဖိုးတို့ကို အပိုဒ် (၁၈) ပါ အမျိုးအစားများဖြင့် ခွဲခြား၍ ပြရန် လိုအပ်ချက်သည်၊ MAS 1 "ဘဏ္ဍာရေးရှင်းတမ်းများ တင်ပြခြင်း" အရ အချက်အလက်များကို ဘဏ္ဍာရေး အခြေအနေ ဖော်ပြချက် အတွင်း၌ သော်လည်းကောင်း၊ မှတ်ချက်များ အတွင်း၌ သော်လည်းကောင်း တင်ပြရန် လိုအပ်ချက် အပေါ် တိုးချဲ့ခြင်း ဖြစ်သည်။

၉။ ဆက်နွယ်နေသူနှင့် ပြုလုပ်ထားလျှင် ဖွင့်ဟဖော်ထုတ်ရမည့် ဆောင်ရွက်ချက်ကိစ္စ ဥပမာများကို အောက်တွင် ဖော်ပြထားသည် -

(က) (ပြီးပြတ်သည် ဖြစ်စေ၊ မဖြစ်စေ) ကုန်စည်များ ဝယ်ယူမှု သို့မဟုတ် ရောင်းချမှု၊

(ခ) မြေ/အဆောက်အဦးနှင့် အခြား ပိုင်ဆိုင်ပစ္စည်းများ ဝယ်ယူမှု သို့မဟုတ် ရောင်းချမှု၊

(ဂ) ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း သို့မဟုတ် ရယူခြင်း၊

(ဃ) ငှားရမ်းမှုများ၊

(င) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်စေမှု ကိစ္စများ လွှဲပြောင်းပေးခြင်း၊

(စ) လိုင်စင် သဘောတူညီချက်များ အရ လွှဲပြောင်းပေးခြင်း၊

(ဆ) ငွေရေးကြေးရေး အစီအစဉ်များ အရ လွှဲပြောင်းပေးခြင်း (ငွေဖြင့် ဖြစ်စေ၊ ပစ္စည်းဖြင့် ဖြစ်စေ ချေးငွေနှင့် ရင်းနှီးငွေတို့ အပါအဝင်)၊

(ဇ) အာမခံ သို့မဟုတ် အပေါင်ပစ္စည်း တင်သွင်းခြင်း၊

(စျ) အဖွဲ့အစည်း၏ ပေးရန်တာဝန်များကို ကိုယ်စား ဖြေရှင်းပေးခြင်း၊ သို့တည်းမဟုတ် အဖွဲ့အစည်းက အခြားပုဂ္ဂိုလ် တစ်ဦးဦး အတွက် ပေးရန်တာဝန်များကို ဖြေရှင်းပေးခြင်း၊

ကုမ္ပဏီအုပ်စုဝင် အဖွဲ့အစည်းများ အကြား ဆုံးရှုံးနိုင်ခြေ ဝေမျှခံယူသည့် ကြိုတင်သတ်မှတ်ချက်ပါ အကျိုးခံစားခွင့် အစီအစဉ် (defined benefit plan) တွင် မိခင်အဖွဲ့အစည်း သို့မဟုတ် လက်အောက်ခံအဖွဲ့အစည်းက ပါဝင်ခြင်းသည် ဆက်နွယ်နေသူတို့ အကြား ဆောင်ရွက်ချက်ကိစ္စ တစ်ခု ဖြစ်သည် (MAS 19 ၏ အပိုဒ် 34B) ။

၁၀။ ဆက်နွယ်နေသူနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်ကိစ္စများကို လက်တကမ်းမှု ဆောင်ရွက်ချက်များတွင် ကျင့်သုံးသော စည်းကမ်းချက်များနှင့် အလားတူသည့် စည်းကမ်းချက်များ အရ ပြုလုပ်ကြောင်း ဖွင့်ဟဖော်ထုတ်ချက်သည် အဆိုပါ စည်းကမ်းချက်များကို အထောက်အထားပြနိုင်မှသာ ဖွင့်ဟဖော်ထုတ်မှ ပြီးမြောက်သည်။

၁၁။ အဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများ အပေါ် သက်ရောက်မှုကို နားလည်နိုင်ရေး အတွက် သီးခြားစီ ဖွင့်ဟဖော်ထုတ်ရန် လိုအပ်လျှင်မှ အပ၊ သဘောသဘာဝချင်း ဆင်တူသော အချက်များကို စုစုပေါင်း အနေဖြင့် ဖွင့်ဟဖော်ထုတ်နိုင်သည်။

ကျွမ်းကျင်သူများ၊ ဥပဒေ အကျိုးဆောင်အဖွဲ့ နှင့် ဘဏ္ဍာရေးအကြံပေးပုဂ္ဂိုလ်များ၏ အကျိုးစပ်ဆိုင်မှု

အောက်တွင် ဖော်ပြထားသည့် အတိုင်းမှ လွဲ၍ - ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်း အတွင်း အမည် ဖော်ပြခြင်း ခံရသည့် မည်သည့် ကျွမ်းကျင်သူ၊ ဥပဒေ အကျိုးဆောင်အဖွဲ့ သို့မဟုတ် ဘဏ္ဍာရေးအကြံပေးပုဂ္ဂိုလ် တစ်ဦးမျှ - ကျွန်ုပ်တို့က contingent basis ဖြင့် ခန့်ထားခဲ့သည် မဟုတ်ပါ၊ ထို့ပြင်၊ ထိုသူ တို့သည် အရေးပါသော အတိုင်းအတာဖြင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများကို ပိုင်ဆိုင် မထားပါ၊ ထို့ပြင်၊ ကျွန်ုပ်တို့ ကုမ္ပဏီတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အရေးပါသော အတိုင်းအတာဖြင့် စီးပွားရေး အကျိုးစပ်ဆိုင်မှု မရှိပါ၊ ထို့ပြင်၊ စတော့အိပ်ချိန်းတွင် ဤစာရင်းတင်သွင်းခြင်း၏ အောင်မြင်မှုတွင် မူတည်သည့် အရေးပါသော အတိုင်းအတာဖြင့် စီးပွားရေး အကျိုးစပ်ဆိုင်မှု မရှိပါ။ ထို့ပြင်၊ ကျွန်ုပ်တို့ ကုမ္ပဏီနှင့် အခြား အရေးပါသော ဆက်ဆံရေး မရှိပါ။

စတော့အိပ်ချိန်းတွင် ဤစာရင်းတင်သွင်းခြင်းနှင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းခြင်းတို့ကို ၂၀၁၇-ခုနှစ် မတ်လ ၃၁-ရက်နေ့ အမီ အောင်မြင်စွာ ပြီးမြောက်လျှင်၊ ဘဏ္ဍာရေး အကြံပေးပုဂ္ဂိုလ်အား အောင်မြင်မှု ဆုကြေး ပေးပါမည်ဟု ဘဏ္ဍာရေးအကြံပေးပုဂ္ဂိုလ်နှင့် ကျွန်ုပ်တို့ ကုမ္ပဏီ အကြား သဘောတူညီချက်တွင် စည်းကမ်းချက် ပြဋ္ဌာန်း ပါရှိပါသည်။

ဈေးနှုန်း အပေါ် သက်ရောက်နိုင်သည့် မထုတ်ပြန်ရသေးသော သတင်းအချက်လက် (Unpublished Price Sensitive Information-UPSI) အား ဖွင့်ဟဖော်ထုတ်ခြင်း ဆိုင်ရာ မူဝါဒ

စကားဦး

ကျွန်ုပ်တို့ အနေဖြင့် ဖွင့်ဟဖော်ထုတ်ရေး တာဝန်များကို လိုက်နာ ဆောင်ရွက်ရန် လည်းကောင်း၊ ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများအား ဈေးကွက် အတုအယောင် မဟုတ်ဘဲ၊ သတင်းအချက်အလက်များ ပြည့်ပြည့်စုံစုံ ရရှိနိုင်ပြီး စည်းကမ်းတကျ ရှိသော ဈေးကွက် အမှန် အတွင်း ရောင်းဝယ်ကြမှု သေချာအောင် ဆောင်ရွက်ရန် လည်းကောင်း သန္ဌိဋ္ဌာန် ချထားပါသည်။ ထို့ကြောင့် - ကျွန်ုပ်တို့၏ ဖွင့်ဟဖော်ထုတ်ရေး တာဝန်များအား လည်းကောင်း၊ အများပြည်သူတို့ထံ သတင်းအချက်လက်များ ထုတ်ပေးရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအား လည်းကောင်း ကျွန်ုပ်တို့၏ အလုပ်သမားများ နားလည် သဘောပေါက်စေရေး အတွက် ကျွန်ုပ်တို့ အနေဖြင့် မူဝါဒ တစ်ရပ်ကို ချမှတ်ထားပါသည်။

ဈေးနှုန်း အပေါ် သက်ရောက်မှု ရှိနိုင်သော သတင်းအချက်အလက်ကို ဖွင့်ဟဖော်ထုတ်ရန် လိုအပ်စေသည့် အခြေအနေ တစ်ရပ် ဖြစ်ပေါ်ကြောင်း သိရှိလာရသူ မည်သည့် အလုပ်သမား မဆို စည်းမျဉ်းလိုက်နာမှုနှင့် ထုတ်ဖော်တင်ပြမှု ကော်မတီ မှခန့်အပ်ထားသော ထုတ်ဖော်တင်ပြမှုဆိုင်ရာ အရာရှိ နှင့် အုပ်ချုပ်မှုဒါရိုက်တာ တို့ကို အသိပေးရမည်။ ထိုအခါ၊ စည်းမျဉ်းလိုက်နာမှုနှင့် ထုတ်ဖော်တင်ပြမှု ကော်မတီ က သက်ဆိုင်ရာ သတင်းအချက်အလက်ကို စိစစ် သုံးသပ်ပြီး၊ ဖွင့်ဟဖော်ထုတ်ရန် တာဝန် ဖြည့်ဆည်း ဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စ ဟုတ်မဟုတ် စဉ်းစား ဆုံးဖြတ်ရန် ဒါရိုက်တာအဖွဲ့သို့ တင်ပြမည် ဖြစ်သည်။ ထုတ်ဖော်တင်ပြမှုဆိုင်ရာ အရာရှိ သည် ထိုသို့သော သတင်းအချက်အလက်ကို ထုတ်ပြန်ရန် တာဝန်ရှိသူ ဖြစ်သည်။ သက်ဆိုင်ရာ သတင်းအချက်အလက်ကို ဖွင့်ဟဖော်ထုတ်ရန် လိုအပ်သည်ဟု မှတ်ယူပါက၊ ထုတ်ဖော်တင်ပြမှုဆိုင်ရာ အရာရှိ သည် ထို သတင်းအချက်အလက်ကို YSX သို့ ချက်ချင်း ဖွင့်ဟဖော်ထုတ်စေရမည့် အပြင်၊ ကျွန်ုပ်တို့ ကုမ္ပဏီ၏ Website တွင်လည်း ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။

မူဝါဒ

၁။ UPSI ကို ဖွင့်ဟဖော်ထုတ်ရာတွင် လည်းကောင်း၊ YSX ၏ စည်းကမ်းများ အရ ကျွန်ုပ်တို့ ကုမ္ပဏီက ဖွင့်ဟဖော်ထုတ်ပေးရန် လိုအပ်သည့် အခြား သတင်းအချက်အလက် တစ်စုံတစ်ရာကို ဖွင့်ဟဖော်ထုတ်ရာတွင် လည်းကောင်း YSX ၏ စည်းကမ်းများကို လိုက်နာမှု ရှိရေး ကျွန်ုပ်တို့ ကုမ္ပဏီက သေချာစေရမည်။

၂။ UPSI တစ်စုံတစ်ရာကို သိရှိလာသော မည်သည့် အလုပ်သမား မဆို ကျွန်ုပ်တို့ ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ (MD) နှင့် ဌေစာရင်းဌာန အထွေထွေမန်နေဂျာ (GM) တို့အား ထို UPSI အကြောင်း အသိပေးရမည်။ ယင်း UPSI ကို လက်လှမ်းမီ သိရှိနိုင်သည့် အလုပ်သမားများသည် ကျွန်ုပ်တို့ ကုမ္ပဏီမှ အခြား အလုပ်သမားများ မလိုအပ်လျှင် မသိရှိစေရေး စီမံခြင်း အပါအဝင် အဆိုပါ UPSI ကို ကျွန်ုပ်တို့ ကုမ္ပဏီ၏ ပြင်ပသို့ တမင် သို့မဟုတ် မရည်ရွယ်ဘဲ မပေါက်ကြားစေရေး အတွက် ဂရုစိုက် ဆောင်ရွက်ရမည်။

၃။ ကျွန်ုပ်တို့ ကုမ္ပဏီနှင့် ပတ်သက်သည့် သတင်းအချက်အလက် တစ်စုံတစ်ရာကို YSX သို့ ဖွင့်ဟဖော်ထုတ်သော အခါ အောက်ပါ လုပ်ထုံးလုပ်နည်း အတိုင်း လိုက်နာ ဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာ သတင်းအချက်အလက်ကို MD နှင့် ဌေစာရင်းဌာန GM တို့က စိစစ်ရမည်။ ယင်းသို့ စိစစ်ရာတွင် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဖွင့်ဟဖော်ထုတ်ရေး တာဝန်တို့ အရ သက်ဆိုင်ရာ သတင်းအချက်အလက်ကို YSX သို့ ဖွင့်ဟဖော်ထုတ်ရန် လိုအပ်ခြင်း ရှိမရှိ MD နှင့် ဌေစာရင်းဌာန GM တို့က ဆုံးဖြတ်ရမည်။ ဆီလျော်ပါက စီမံအုပ်ချုပ်သူရေးအဖွဲ့ အနေဖြင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့နှင့် ဆွေးနွေးတိုင်ပင်နိုင်သည်။

(ခ) ဘဏ္ဍာရေး ရလဒ်များ၊ ဈေးကွက်နှင့် ပတ်သက်သော လမ်းညွှန်ချက်၊ အဓိကကျသည့် ဝယ်ယူမှုများ သို့မဟုတ် ရောင်းချမှုများ၊ သို့တည်းမဟုတ် ကုမ္ပဏီ၏ ဘဏ္ဍာရေး သို့မဟုတ် ဂုဏ်သတင်းနှင့် စပ်လျဉ်း၍ အရေးပါသည့် ဆုံးရှုံးနိုင်ခြေ ပါဝင်ပတ်သက်နေသည့် အခြား ကုမ္ပဏီရေးရာများကဲ့သို့ အရေးပါသော ကိစ္စများ အတွက် ကြေညာချက်တို့ကို ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သို့ တင်ပြကာ အတည်ပြုချက် ရယူသင့်သည် (သို့ရာတွင် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဖွင့်ဟဖော်ထုတ်ရေး တာဝန်များ အရ အဆင်ပြေမှသာ ထိုသို့ ဆောင်ရွက်ရမည်)။

(ဂ) ဖွင့်ဟဖော်ထုတ်ရေး တာဝန်များ အရ ဖွင့်ဟဖော်ထုတ်မှု ပြုလုပ်ရန် လိုအပ်သည်ဟု ဆုံးဖြတ်ပါက၊ ဌေစာရင်းဌာန GM သည် သက်ဆိုင်ရာ သတင်းအချက်အလက်ကို YSX သို့ ချက်ချင်း ဖွင့်ဟဖော်ထုတ်ရမည်။

၄။ တစ်စိတ်တစ်ပိုင်း/ရွေးချယ်၍ ဖြစ်စေ၊ မရည်ရွယ်ဘဲ ဖြစ်စေ၊ အခြားနည်း ဖြစ်စေ ဖွင့်ဟဖော်ထုတ်မိသည့် UPSI ကို YSX သို့ မဆိုင်းမတွ ဖွင့်ဟဖော်ထုတ်ရန် ကျွန်ုပ်တို့ ကုမ္ပဏီက သေချာစေရမည်။

၅။ YSX သို့ ဖွင့်ဟဖော်ထုတ်သော သတင်းအချက်အလက် အားလုံးကို ကျွန်ုပ်တို့ ကုမ္ပဏီ၏ Website တွင် လွှင့်တင်ခြင်း၊ သတင်းဌာနများနှင့် သတင်းအချက်အလက် အစုအဝေး စနစ်များ (database lists) သို့ အီလက်ထရွန်နစ် နည်းပညာဖြင့် ဖြန့်ဝေခြင်းတို့အား တတ်နိုင်သမျှ အမြန်ဆုံး ဆောင်ရွက်ရမည်။

၆။ စည်းမျဉ်းကြေပ်မတ်ရေး အာဏာပိုင်များ သို့မဟုတ် YSX မှ သတင်းများနှင့် ပတ်သက်၍ မေးမြန်းခြင်း၊ စျေးကွက် အတွင်း ကောလဟလများနှင့် ပတ်သက်၍ အတည်ပြု စုံစမ်းခြင်းတို့ ပြုလုပ်လာပါက သင့်တော် မျှတသည့် တုံ့ပြန်ချက် ပေးရေး ကျွန်ုပ်တို့ ကုမ္ပဏီက သေချာစေရမည်။

၇။ ပိုင်းခြားစိတ်ဖြာ လေ့လာသူများ (analysts)၊ သုတေသန ဝန်ထမ်းများ (research personnel) အသုံးပြုရန် ဝေမျှသော သတင်းအချက်အလက်သည် UPSI မဖြစ်ရေး ကျွန်ုပ်တို့ ကုမ္ပဏီက သေချာစေရမည်။ အတိုချုံး ရှင်းပြခြင်း (briefing) နှင့် အကျယ် တင်ပြခြင်း (presentation) တို့တွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(က) အတိုချုံးရှင်းပြချက်/အကျယ်တင်ပြချက်တွင် ပါဝင်မည့် အကြောင်းအရာတို့ကို YSX သို့ တစ်စုံတစ်ရာ ဖွင့်ဟဖော်ထုတ်ရန် လိုမလို စိစစ်ရန် ငွေစာရင်းဌာန GM ထံသို့ ကြိုတင် တင်ပြရမည်။

(ခ) ဖြစ်နိုင်ပါက အတိုချုံးရှင်းပြချက်/အကျယ်တင်ပြချက်ကို ကျွန်ုပ်တို့ ကုမ္ပဏီမှ ကိုယ်စားလှယ် အနည်းဆုံး နှစ်ဦး တက်ရောက်သင့်သည်။

(ဂ) ထိုသို့ မတက်ရောက်နိုင်လျှင်၊ အတိုချုံးရှင်းပြချက်/အကျယ်တင်ပြချက် ဆောင်ရွက်သူက အခမ်းအနား ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆီလျော်သည့် အတိုင်း မှတ်ချက်ဖိုင် သို့မဟုတ် အခြားနည်း မှတ်တမ်း ပြုလုပ် ထားရှိရန် လိုအပ်သည်။

(ဃ) UPSI ဖွင့်ဟဖော်ထုတ်မှု မရှိစေရေး သေချာစေရမည်။ YSX သို့ ဖွင့်ဟဖော်ထုတ်ထားပြီ မဟုတ်သည့် စျေးနှုန်း ထိရှလွယ်သော သတင်းအချက်အလက်အား ဖွင့်ဟ ဖော်ထုတ်ရာ ရောက်မည် ဆိုပါက အခမ်းအနားတွင် တစ်စုံတစ်ရာ မေးမြန်းမှုကို မဖြေကြားသင့်ပါ။

၈။ ဖွင့်ဟဖော်ထုတ်မှုတို့နှင့် စပ်လျဉ်း၍ တရားဝင် အတည်ပြုချက်နှင့် မှတ်တမ်းမှတ်ရာများ ပြုလုပ်ထားရှိရေး သေချာစေရန် အလို့ငှာ - ပိုင်းခြားစိတ်ဖြာ လေ့လာသူများ ပါဝင်သည့် အစည်းအဝေးများ၊ ရင်းနှီးမြှုပ်နှံသူနှင့် ဆက်ဆံရေး ဆိုင်ရာ အခြား ဟောပြောပွဲများတို့တွင် အခမ်းအနား ဆောင်ရွက်ချက်များကို မှတ်တမ်း ရေးသားခြင်း သို့မဟုတ် ရုပ်/သံ ဖမ်းခြင်းတို့ ဆောင်ရွက်ကာ မိမိတို့ ကုမ္ပဏီ Website ၌ ရရှိနိုင်စေရန် စီစဉ်ထားခြင်း ဆိုင်ရာ အကောင်းဆုံး အလေ့အထများကို ကျွန်ုပ်တို့ ကုမ္ပဏီက တီထွင် ချမှတ်ရမည်။

၉။ သတင်းအချက်အလက် ထုတ်ပြန်ခြင်းနှင့် UPSI ဖွင့်ဟဖော်ထုတ်ခြင်းတို့ကို ဤမူဝါဒနှင့် အညီ တာဝန်ယူ ဆောင်ရွက်ရန် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ငွေစာရင်းဌာန GM တွင် အဓိက တာဝန်ရှိသည်။ ဖွင့်ဟဖော်ထုတ်ခြင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ ကုမ္ပဏီနှင့် YSX တို့ အကြား ပြုလုပ်သော ဆက်သွယ်ပြန်ကြားမှု အားလုံးကို လည်းကောင်း၊ ကျွန်ုပ်တို့ ကုမ္ပဏီက YSX သို့ ဖွင့်ဟဖော်ထုတ်မှုများ လက်တွေ့ ပြုလုပ်ခြင်းကို လည်းကောင်း ငွေစာရင်းဌာန GM ကိုယ်တိုင် ဖြစ်စေ၊ ၎င်း၏ အခွင့်အာဏာရ ကိုယ်စားလှယ်က ဖြစ်စေ ပြုလုပ်ရမည်။ အခြား မည်သည့် အလုပ်သမားကိုမျှ ဖွင့်ဟဖော်ထုတ်ခြင်းနှင့် စပ်လျဉ်း၍ YSX နှင့် ဆက်သွယ်ဆောင်ရွက်ရန် ခွင့်မပြုပါ။ ကျွန်ုပ်တို့ ကုမ္ပဏီ ဒါရိုက်တာအဖွဲ့က

သတင်းအချက်အလက် ထုတ်ပြန်ခြင်းနှင့် UPSI ဖွင့်ဟဖော်ထုတ်ခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်ရန် နောက်ထပ် အလုပ်သမား တစ်ဦးကို သတ်မှတ်နိုင်သည်။

၁၀။ ဤမူဝါဒအား ဖောက်ဖျက် ကျူးလွန်မှုကို အလွန် ကြီးလေးသော ဖောက်ဖျက်မှု အဖြစ် မှတ်ယူမည် ဖြစ်ပြီး၊ ဖောက်ဖျက်သူကို အလုပ်မှ ထုတ်ပစ်နိုင်သည် အထိ ဆီလျော်သလို အရေးယူ အပြစ်ပေးမည် ဖြစ်သည်။

သတင်းအချက်အလက် ဦးစွာ ရနိုင်သူက တရားမဝင် အကျိုးအမြတ် ရှာခြင်း (Insider Trading) ဆိုင်ရာ မူဝါဒ

MCB အနေဖြင့် သတင်းအချက်အလက် ဦးစွာ ရနိုင်သူက တရားမဝင် အကျိုးအမြတ် ရှာခြင်းကို တားဆီးပိတ်ပင်ရန် ဘဏ်တွင်း မူဝါဒ ကိုလည်းကောင်း၊ မိမိဘဏ် အတွင်း မပေါက်ကြားစေဘဲ ထိန်းသိမ်းရမည့် သတင်း အချက်အလက်များအား ကိုင်တွယ်ဆောင်ရွက်ခြင်းနှင့် သတင်းပို့ခြင်း ဆိုင်ရာ မူဝါဒ တစ်ရပ်ကို လည်းကောင်း ပြုစု ရေးသားထားပါသည်။ UPSI ရရှိထားသော MCB အလုပ်သမားများကို ကန့်သတ်ထားသည့် ရှယ်ယာ အရောင်းအဝယ် အချိန်ပိုင်း (trading window) တစ်ရပ် အတွင်းမှ အပ ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများ ရောင်းဝယ်ခြင်း မပြုရန် တားမြစ်ထားသည့် အပြင်၊ ထို UPSI ကို ကျွန်ုပ်တို့ဘဏ် ပြင်ပမှ သူတပါးသို့ ဖွင့်ဟဖော်ထုတ်ခြင်း မပြုရန် ပိတ်ပင်ထားပါသည်။ MCB ၏ အလုပ်သမားများကို ဤမူဝါဒ အကြောင်း ရှင်းပြထားမည် ဖြစ်ပါသည်။

၁၁။ ဘဏ္ဍာရေး သတင်းအချက်အလက်များ

ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်၏ အစီရင်ခံစာ

နောက်ဆက်တွဲ (၁) နှင့် (၂) တို့တွင် ကြည့်ပါရန်။

ဥပဒေရေးရာ အမှု ကိစ္စဆောင်ရွက်ချက်များ

ကျွန်ုပ်တို့၏ ဘဏ္ဍာရေး အနေအထား သို့မဟုတ် အမြတ်ရရှိနိုင်စွမ်း အပေါ် သိသာထင်ရှားသည့် သက်ရောက်မှု ရှိသော သို့တည်းမဟုတ် ဤဖွင့်ဟဖော်ထုတ်ခြင်း စာတမ်းပါ ရက်စွဲ မတိုင်မီ ကပ်လျက် ၁၂-လ အတွင်း ယင်းသို့ ရှိခဲ့နိုင်သော လူမှုစာရင်း (ဒေဝါလီ)ခံခြင်း၊ ပစ္စည်းထိန်းခန့်ထားရခြင်း သို့ မဟုတ် အခြား အလားတူ စီရင်မှုတို့ အပါအဝင် တရား စီရင်ရေး သို့မဟုတ် အနည်ကာ စီရင်ဆုံးဖြတ်ရေး အမှုကိစ္စများ ဆောင်ရွက်ဆဲ ရှိမနေပါ။

နောက်ပိုင်း ဖြစ်ရပ်များ (Subsequent Events)

"အစုရှယ်ယာရှင်များ" ခေါင်းစဉ်ပါ အပိုင်းတွင် ဆွေးနွေး တင်ပြထားသည့် အတိုင်း ကျွန်ုပ်တို့ အနေဖြင့် ကျွန်ုပ်တို့၏ လက်ရှိ အစုရှယ်ယာရှင်များထံသို့ နောက်ထပ် ရှယ်ယာများ ထုတ်ပေးခဲ့ပါသည်။

၁၂။ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် အစုရှယ်ယာစျေးကွက်

မြန်မာနိုင်ငံရှိ ဥပဒေ/လုပ်ထုံးလုပ်နည်းဆိုင်ရာ အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ (“**SE Law**”) သည် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ချက်ချင်းအာဏာသက်ရောက်ခဲ့ပါသည်။ **SE Law** အရ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများ (“**SE Rules**”) ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး **SE Law** နှင့် **SE Rules** တို့ကို အကောင်ထည်ဖော်ဆောင်ရွက်ရန်အတွက် အချို့သောအမိန့်ကြော်ငြာစာများ (မြန်မာနိုင်ငံ ဥပဒေပြဋ္ဌာန်းမှုတွင် အဆင့်နိမ့်ပုံစံတစ်မျိုး) ကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည့်အပြင် ဆက်လက်၍လည်း ထုတ်ပြန်မည်ဖြစ်ပါသည်။

စည်းကမ်းထိန်းသိမ်းသူများနှင့် တရားဥပဒေစည်းနှောင်မှုရှိစေခြင်း

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (“**SECM**”) ကို ၂၀၁၄ ခုနှစ်၊ သြဂုတ်လတွင် ဖွဲ့စည်းခဲ့ပါသည်။ **SECM** သည် မြန်မာနိုင်ငံအရင်းအနှီးစျေးကွက်များ (Capital Markets) ၏ အဓိကစည်းကမ်းထိန်းသိမ်းရေးအဖွဲ့အစည်း ဖြစ်ပါသည်။ **SECM** တွင် ကြီးမားကျယ်ပြန့်သော စီမံခန့်ခွဲရေးဆိုင်ရာလုပ်ပိုင်ခွင့်များရှိပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခွင့် လိုင်စင်ထုတ်ပေးနိုင်ခြင်း၊ စတော့အိပ်ချိန်း သို့မဟုတ် ကောင်တာစျေးကွက်ဆိုင်ရာ ခွင့်ပြုမိန့်တစ်ရပ်ကို ထုတ်ပေးနိုင်ခြင်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ခြင်းနှင့် ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းတစ်ရပ်ကို အတည်ပြုပေးနိုင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။ SE Law ကို အကောင်အထည်ဖော်ဆောင်ရန်အတွက် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင် ဘဏ္ဍာရေးဝန်ကြီးဌာန) (“MOF”) သည် SECM နှင့်ပူးတွဲ၍ နည်းဥပဒေပြဋ္ဌာန်းရေးဆိုင်ရာလုပ်ငန်းဆောင်တာများကို လုပ်ဆောင်ပါသည်။ MOF သည် SECM နှင့် ညှိနှိုင်းဆောင်ရွက်ပြီးနောက် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် SE နည်းဥပဒေများနှင့် အခြားသောပြဋ္ဌာန်းချက်များကို ထုတ်ပြန်ရန်အတွက် လုပ်ပိုင်ခွင့်ရှိပါသည်။ ထို့ပြင် MOF နှင့် SECM တို့သည် အမိန့်ကြော်ငြာစာများနှင့် အခြားသောပြဋ္ဌာန်းချက်များကိုလည်း ထုတ်ပြန်ရန် လုပ်ပိုင်ခွင့်အာဏာများ ရှိကြပါသည်။ ထို့အတူ ပြည်ထောင်စုအစိုးရမှ ငွေချေးသက်သေခံလက်မှတ် စျေးကွက်ကို ထင်ရှားပေါ်လွင်စွာ တည်ထောင်ပြီးစီး၍ MOF တွင် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း ဆုံးဖြတ်သတ်မှတ်ခြင်းမပြုမီ အပြောင်းအလဲကာလအတွင်း MOF သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် SECM တို့ကို ကြီးကြပ်ကွပ်ကဲမည်ဖြစ်ပြီး အမိန့်ကြော်ငြာစာများနှင့် အခြားသောပြဋ္ဌာန်းချက်များကို ထုတ်ပြန်နိုင်သည့် သီးသန့်အာဏာတစ်ရပ်လည်း ၎င်းထံတွင် ရှိပါသည်။ ဥပဒေသက်ရောက်မှု ရှိစေသည့်ကဏ္ဍတွင် လိုင်စင်ပြန်လည်ရုပ်သိမ်းခြင်းစသည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ချမှတ်ခြင်းနှင့် ပြစ်မှုကျူးလွန်သူများကို စီမံခန့်ခွဲရေးအရ ငွေဒဏ်ပြစ်ဒဏ်များ ပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်ရန် SECM အား အာဏာအပ်နှင်းထားပါသည်။ ပြစ်မှုတစ်ရပ်ကို ကျူးလွန်ကြောင်း ခိုင်လုံသည့်အကြောင်းတရားရှိလျှင် ဆက်စပ်သက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးထံမှ သက်သေခံအထောက်အထား ရယူခွင့်၊ စစ်ဆေးခွင့်နှင့်

ဆင့်ခေါ်ခွင့်တို့ SECM တွင်ရှိပါသည်။ သို့သော်ငြား ထိုသို့စုံစမ်းစစ်ဆေးရေးဆိုင်ရာလုပ်ပိုင်ခွင့်သည် ပြည်ထဲရေးဝန်ကြီးဌာန၏ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (BSI) သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့မှ လုပ်ဆောင်ကျင့်သုံးရမည်ဖြစ်သော ပစ္စည်းများကိုသိမ်းဆည်းခွင့် သို့မဟုတ် ဖမ်းဆီးခွင့် လုပ်ပိုင်ခွင့်အာဏာကိုမူ ပေးမထားပါ။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများ

SE Law ဖြင့် စည်းကမ်းသတ်မှတ်ထားသော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများတွင် ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်း၊ ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊ ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်း၊ ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း၊ ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း စသည်တို့ ပါဝင်ပါသည်။ ယင်းစကားရပ်များကို SE Law တွင် အဓိပ္ပါယ်ဖော်ပြထားပါသည်။ ထို့အပြင် အမိန့်ကြော်ငြာစာတစ်ရပ်[ထုတ်ပြန်ခြင်း]ဖြင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအမျိုးအစား[သစ်]တစ်ရပ် ထပ်ပေါင်းထည့်ရန် SECM တွင် လုပ်ပိုင်ခွင့်ရှိပါသည်။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအမျိုးအစားတစ်ရပ်ချင်းစီကို လုပ်ကိုင်ဆောင်ရွက်ရန်အတွက် ယေဘုယျအားဖြင့် သီးခြားလိုင်စင်တစ်ခုစီ လိုအပ်ပါသည်။ မည်သူမဆို လိုင်စင်မရရှိထားဘဲ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုကြရန် တားမြစ်ထားပါသည်။ ယင်းတားမြစ်ချက်ကို ချိုးဖောက်ပါက ပြစ်မှုကြောင်းအရ ပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်သည်။ ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်း၊ ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်းနှင့် ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်းများကို လိုင်စင်ရငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကသာလျှင် လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။ မြန်မာနိုင်ငံဥပဒေအရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ရပ် ဖြစ်ရပါမည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ရပ်သည် SE Rules ပါ ခွင့်ပြုမတည်ရင်းနှီးငွေနှင့် အနည်းဆုံးထည့်ဝင်ပြီးမတည်ရင်းနှီးငွေများရှိခြင်း စသည်တို့ကဲ့သို့သော သတ်မှတ်ချက်များနှင့် ပြည့်မီရမည်ဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းနယ်ပယ်အတိုင်းအတာသည် SE Rules တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ၎င်း၏ လိုင်စင်ရကိုယ်စားလှယ်များမှတစ်ပါး အခြားသူတစ်ဦးဦးကို ၎င်း၏အမည်ဖြင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ဆောင်ရွက်လည်ပတ်ခွင့် မပြုနိုင်ပေ။ ချိုးဖောက်ပါက ပြစ်မှုကြောင်းအရ ပြစ်ဒဏ်ပေးခြင်း ခံရမည်ဖြစ်ပါသည်။ သို့ဖြစ်သည့်အားလျော်စွာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအနေဖြင့် မိမိတို့ကုမ္ပဏီအတွက် ဆက်သွယ်ဆောင်ရွက်သူများနှင့် ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ဖောက်ကားမှုများ ဆောင်ရွက်နေသည့် ၎င်း၏ အရာထမ်းများနှင့် ဝန်ထမ်းများသည် မိမိတို့ကုမ္ပဏီ၏ ကိုယ်စားလှယ်များအဖြစ် လိုင်စင်ရယူထားကြောင်း သေချာစေရမည်ဖြစ်သည်။ သီးခြားအနေဖြင့်

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ တာဝန်ခံ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် SECM ၏ ခွင့်ပြုချက်မရှိဘဲ အခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ရပ်ရပ်တွင်ဖြစ်စေ အခြားကုမ္ပဏီတစ်ရပ်ရပ်တွင်ဖြစ်စေ အခြားစီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်တွင်ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်းကို တားမြစ်ထားပါသည်။ လိုင်စင်ရငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းကို သီးခြားလိုင်စင်မရှိဘဲ ဆောင်ရွက်လုပ်ကိုင်နိုင်သည်။ ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လိုသူ အခြားသူတစ်ဦးဦးသည် လိုင်စင်ရယူရန် လိုအပ်ပါသည်။

လိုင်စင်ကိုင်ဆောင်ထားသူတစ်ဦးသည် ဥပမာအားဖြင့် လိုင်စင်ပါစည်းကမ်းသတ်မှတ်ချက်များကို ဖောက်ဖျက်လျှင်ဖြစ်စေ လိုက်နာဆောင်ရွက်ရမည့် ၎င်း၏ လုပ်ငန်းဆောင်တာများနှင့် တာဝန်များကို ဆောင်ရွက်ရန်ပျက်ကွက်လျှင်ဖြစ်စေ SE Law နှင့် SE Rules တွင် ပြဋ္ဌာန်းထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ ကာလသတ်မှတ်ချက်ဖြင့် လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ပယ်ဖျက်ခြင်းတို့ ပြုလုပ်ခွင့် SECM ထံတွင် ရှိသည်။

ထုတ်ဖော်တင်ပြချက် (Disclosure)

SE Law အရ အများနှင့်သက်ဆိုင်သောကုမ္ပဏီတစ်ရပ်သည် ၎င်း၏ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူတို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီတွင် အလားအလာညွှန်းတမ်းအပါအဝင် အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို SECM သို့ တင်ပြရမည်ဖြစ်ပြီး ထိုသို့ကမ်းလှမ်းရောင်းချခြင်းအတွက် SECM ထံမှ သဘောတူခွင့်ပြုချက်ကိုလည်း တောင်းခံရမည်။ အများနှင့်သက်ဆိုင်သောကုမ္ပဏီတစ်ရပ်သည် ကုမ္ပဏီများအက်ဥပဒေ၊ SE Law နှင့် SE Rules၊ ၎င်းတို့အရ ထုတ်ပြန်ပြဋ္ဌာန်းသည့် အမိန့်ကြော်ငြာစာများတွင် ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များကို လိုက်နာရမည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ SECM သည် ၂၀၁၆ ခုနှစ် ဧပြီ ၇ ရက် နေ့စွဲဖြင့် ညွှန်ကြားချက်အမှတ် ၅/၂၀၁၆ ကို ထုတ်ပြန်ခဲ့ပါသည်။ ကုမ္ပဏီများအက်ဥပဒေအရ သတ်မှတ်ချက်များကို မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်ဖောက်ဖျက်ခြင်းတစ်ရပ်ရပ် နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအလားအလာညွှန်းတမ်းထုတ်ပြန်မှုတွင် သိလျက်နှင့် တာဝန်ရှိသူသည် ငွေဒဏ် ပေးဆောင်ရမည်။ SE Rules ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ချိုးဖောက်သူတစ်ဦးဦးကို ထောင်ဒဏ်ဖြစ်စေ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ပြီး SE Rules ပါ အလားအလာညွှန်းတမ်းသတ်မှတ်ချက်များကို မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်ဖောက်ဖျက်ခြင်းအတွက် အထက်ဖော်ပြပါ ပြစ်မှုဆိုင်ရာပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။ ထို့ပြင် အလားအလာညွှန်းတမ်းတွင် မှားယွင်းသော ဖော်ပြချက်တစ်ရပ်ရပ်ရှိပါက ကုမ္ပဏီများအက်ဥပဒေအရ သတ်မှတ်သည့် သီးခြားအကြောင်းအရာ အချက်အလက်များတွင် ထိုသို့မှားယွင်းသော ရေးသားတင်ပြချက်ကို တမင်ပြုလုပ်သူသည် ကုမ္ပဏီများအက်ဥပဒေအရ ထောင်ဒဏ်သော်လည်းကောင်း ငွေဒဏ်သော်လည်းကောင်း ချမှတ်ခံရမည့်အပြင် ထိုသို့မှားယွင်းစွာဖော်ပြခြင်းသည် SE Law အခန်း (၉) အရ တားမြစ်ထားသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပြီး ယင်းကိစ္စအတွက် တာဝန်ရှိသူသည် ထောင်ဒဏ်သော်လည်းကောင်း ငွေဒဏ်သော်လည်းကောင်း

ချမှတ်ခံရနိုင်သည်။ တရားမကြောင်းအရ တာဝန်ရှိမှုများနှင့်စပ်လျဉ်း၍ SE Law တွင် ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း အလားအလာညွှန်းတမ်းတွင် အဓိပ္ပါယ်လွဲမှားစေနိုင်သော သို့မဟုတ် မမှန်ကန်သောဖော်ပြချက်တစ်ရပ်ရပ်ရှိလျှင် အလားအလာညွှန်းတမ်းထုတ်ပြန်ချိန်တွင် [တာဝန်ယူထားသည့်] ဒါရိုက်တာများနှင့် ယင်းအလားအလာညွှန်းတမ်းကို ထုတ်ပြန်ခွင့်ပြုသူများသည် ကုမ္ပဏီများအက်ဥပဒေအရ ယင်းအလားအလာညွှန်းတမ်းကို ယုံကြည်၍ အစုရှယ်ယာများ ဝယ်ယူထားသူများတွင် ဖြစ်ပေါ်သည့် ဆုံရှုံးနစ်နာမှုများ သို့မဟုတ် ထိခိုက်နစ်နာများအားလုံးအတွက် အတန်အသင့်ခုခံချေပချက်များဖြင့် တာဝန်ရှိစေရမည်။ စာရင်းတင်သွင်းရန်အတွက် ဤထုတ်ဖော်တင်ပြချက်စာတမ်းသည် အလားအလာညွှန်းကိန်းမဟုတ်သည့်အတွက်ကြောင့် အထက်တွင်ဖော်ပြထားသည့် ဥပဒေများ၊ နည်းဥပဒေများနှင့် သက်ဆိုင်မှုမရှိပါ။ SE Rules အရ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီသည် ဆင့်ပွားစျေးကွက်တွင် အစုရှယ်ယာ ရောင်းခြင်း သို့မဟုတ် ဝယ်ယူခြင်းပြုနေကြသော ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးခံစားခွင့်နှင့်စပ်လျဉ်းသော အထူးအစီရင်ခံစာများ၊ နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ဝက်အစီရင်ခံစာတို့ကို SECM ထံ တင်သွင်းရမည်ဖြစ်ပြီး ယင်းစာရွက်စာတမ်းများကို မိတ္တူပြုလုပ်၍ ကုမ္ပဏီ၏တရားဝင်မှတ်ပုံတင်ထားသောရုံးတွင်ဖြစ်စေ ဝက်ဘ်ဆိုက်တွင်ဖြစ်စေ ထားရှိစေရမည်။

တားမြစ်ထားသည့် မမှန်မကန်လိမ်လည်ပြုလုပ်မှု

တားမြစ်ထားသည့်ပြုလုပ်မှုများကို SE Law ၏ အခန်း ၉ တွင် ဖော်ပြထားပြီး အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေသော ပြုလုပ်မှုများဖြစ်သည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသာမက ရင်းနှီးမြှုပ်နှံသူတစ်ဦး သို့မဟုတ် အများနှင့်သက်ဆိုင်သောကုမ္ပဏီတစ်ရပ်တို့အပါအဝင် မည်သူမဆို တားမြစ်ထားသည့်ပြုလုပ်မှုများကို လုပ်ဆောင်ခြင်းမှ တားမြစ်ထားပြီး ချိုးဖောက်ပါက ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်သော်လည်းကောင်း ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်ရပ်လုံးသော်လည်းကောင်း ချမှတ်ခံရမည်။ တားမြစ်ထားသည့်ပြုလုပ်မှုများမှာ –

- ငွေချေးသက်သေခံလက်မှတ်နှင့်ဆက်နွယ်သည့် ဆောင်ရွက်ချက်များနှင့် ငွေချေးသက်သေခံလက်မှတ်စျေးကွက်တို့ပေါ်တွင် ကြီးလေးသော လိမ်လည်လှည့်ဖျားမှု သို့မဟုတ် သက်ရောက်မှု ရှိစေသည့် လိမ်လည်မှု၊ လှည့်ဖျားမှု၊ မှားယွင်းစွာဖော်ပြမှု သို့မဟုတ် အရေးကြီးသတင်းအချက်အလက်များကိုထမ်ချန် မှုစသည်တို့ကဲ့သို့သော လုပ်ဆောင်မှုတစ်ရပ်ရပ်တွင် ပတ်သက်ဆက်နွယ်ခြင်း။

- ငွေချေးသက်သေခံလက်မှတ်များကို ရောင်းရန် သို့မဟုတ် ဝယ်ရန်အတွက် အခြားသူများကို လှုံ့ဆော်ခြင်း သို့မဟုတ် သွေးဆောင်ဖြားယောင်းခြင်းပြုရန်အလို့ငှာ မမှန်ကန်သော သတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် စျေးကွက်အတွင်း ငွေချေးသက်သေခံလက်မှတ်စျေးနှုန်းကို ကြီးလေးစွာသက်ရောက်စေသည့် မပြည့်စုံသော သို့မဟုတ် အချိန်အခါမသင့်သော သတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးခြင်း။

- မိမိအတွက်ဖြစ်စေ အခြားသူများအတွက်ဖြစ်စေ ငွေချေးသက်သေခံလက်မှတ်များကို ရောင်းရန် သို့မဟုတ် ဝယ်ရန်အလို့ငှာ အတွင်းသတင်းအချက်အလက်များကို အသုံးပြုခြင်း၊ သို့မဟုတ် အတွင်းသတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် ပံ့ပိုးပေးခြင်း၊ သို့မဟုတ် ထုတ်ဖော်အသိပေးထားခြင်းမရှိသော အတွင်းသတင်းအချက်အလက်များကို အခြေခံ၍ ငွေချေးသက်သေခံလက်မှတ်များ ရောင်းခြင်း သို့မဟုတ် ဝယ်ခြင်းဆိုင်ရာ အကြံဉာဏ်များကို အခြားသူများထံ ပေးခြင်း။

- မမှန်ကန်သော ရောင်းလိုအားနှင့် ဝယ်လိုအားကို ဖန်တီး၍ ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းတို့တွင် ပူးပေါင်းကြံစည်ခြင်း၊ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ၏ စျေးနှုန်းကို ကြိုးကိုင်ခြယ်လှယ်ရန်အလို့ငှာ အခြားသူများနှင့် ပူးပေါင်းကြံစည်၍ဖြစ်စေ အခြားသူများကို သွေးဆောင်ဖြားယောင်း၍ဖြစ်စေ စဉ်ဆက်မပြတ်ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း၊ သို့မဟုတ် အရောင်းအဝယ်နည်းလမ်းများကို အသုံးပြုခြင်း။

မြန်မာနိုင်ငံရှိ ငွေချေးသက်သေခံလက်မှတ်စျေးကွက်ကို မြှင့်တင်သုံးသပ်ချက်

YSX

နိုင်ငံပိုင်ဘဏ်တစ်ခုဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်ကုမ္ပဏီများဖြစ်သည့် Daiwa Institute of Research နှင့် Japan Exchange Group တို့က ဖက်စပ်ပိုင်ဆိုင်သော Yangon Stock Exchange Joint-Venture Company Limited က YSX ကို ပိုင်ဆိုင်ပါသည်။ YSX တွင် အစုရှယ်ယာ များ ရောင်းဝယ်ဖောက်ကားခြင်းကို ၂၀၁၆ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် စတင်ခဲ့ပါသည်။ လက်တလောတွင် YSX တွင် First Myanmar Investment Co. Ltd. နှင့် Myanmar Thilawa SEZ Holdings Public Ltd. ဟူ၍ စာရင်းတင်သွင်း ထားသည့် ကုမ္ပဏီနှစ်ရပ်ရှိပါသည်။

MSEC

MSEC ကို မြန်မာနိုင်ငံတွင် အရင်းအနှီးစျေးကွက် ဖွံ့ဖြိုးစေရန်အတွက် ဘဏ္ဍာရေးဂန်ကြီးဌာန (စီမံကိန်းနှင့် ဘဏ္ဍာရေးဂန်ကြီးဌာန) ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုဖြစ်သော Daiwa Securities Group Inc တို့အကျိုးတူပူးပေါင်းကာ ၁၉၉၆ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ MSEC သည် YSX မတည်ထောင်နိုင်မီ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (၂)ခု၏ အစုရှယ်ယာများကို ၁၉၉၀ ခုနှစ် နောက်ပိုင်းကာလကတည်းက စတင်၍ ရောင်းဝယ်ခဲ့ကြပါသည်။

ကောင်တာစျေးကွက်များ

အောက်တွင်ဖော်ပြထားသည့် စတော့အိပ်ချိန်းအပြင် SE Law တွင် ကောင်တာ (“**OTC**”) စျေးကွက် သို့မဟုတ် စာရင်းမဝင်သော ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်ခြင်းအတွက် ဖွဲ့စည်းထားသည့်စျေးကွက်နှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ SECM ၏

ခွင့်ပြုချက်ဖြင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ သုံးခုထက်မနည်းစေရဘဲ ယင်းစျေးကွက်ကို ဖွဲ့စည်းနိုင်ပါသည်။ ခွင့်ပြုချက်ရရှိရန်အတွက် သတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများအပြင် ဖွဲ့စည်းမှုဆိုင်ရာကိစ္စရပ်များ၊ ၎င်း၏ လုပ်ငန်းဆောင်တာများနှင့် တာဝန်ဝတ္တရားများကို SE Rules တွင် ပြဋ္ဌာန်းထားပါသည်။ သို့သော်လည်း အကူးအပြောင်းကာလအတွင်း SE Law အရ MSEC ကသာလျှင် စတော့အိပ်ချိန်းနှင့် ကောင်တာစျေးကွက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခွင့်ရှိပါသည်။

စတော့အိပ်ချိန်းစနစ်

စတော့အိပ်ချိန်းသည် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်စျေးကွက်၏ မဏ္ဍိုင်တစ်ရပ်ဖြစ်ပါသည်။ ယင်းကို မြန်မာနိုင်ငံဥပဒေအရ ပေးရန်ရှိတာဝန်ကန့်သတ်ထားသောကုမ္ပဏီ သို့မဟုတ် အကျိုးတူဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းနိုင်ပါသည်။ SE Law ပါ ပြဋ္ဌာန်းချက်များသည် ရှင်းလင်းမှုမရှိသော်လည်း အထူးသဖြင့် YSX နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည်မှာ စတော့အိပ်ချိန်းစျေးကွက်တွင် ရောင်းဝယ်နိုင်သော ရောင်းဝယ်မှုတွင်ပါဝင်သူများသည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများဖြစ်ပြီး စတော့အိပ်ချိန်းတွင် အစုရှယ်ယာပိုင်ဆိုင်သူများဖြစ်ရန် မလိုအပ်ပါဟူ၍ ဖြစ်ပါသည်။ စတော့အိပ်ချိန်းအတွက် SECM ထံမှ ခွင့်ပြုမိန့်ရယူရမည်ဖြစ်ပြီး ၎င်း၏ပဋိညာဉ်စာတမ်းကိုဖြစ်စေ စီးပွားရေးလုပ်ငန်းစည်းမျဉ်းများကိုဖြစ်စေ ပြင်ဆင်ဖြည့်စွက်မှုတစ်ရပ်ရပ်အတွက် ခွင့်ပြုချက်အပါအဝင် ၎င်း၏ ကြီးကြပ်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေး အာဏာကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ခွင့်ပြုမိန့်အတွက် သတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်း အသေးစိတ်တို့ကို SE Rules တွင် ပြဋ္ဌာန်းပေးမည်ဖြစ်သည်။ စတော့အိပ်ချိန်းသည် ရောင်းဝယ်မှုတွင်ပါဝင်သူများနှင့်စပ်လျဉ်း၍ စာရင်းတင်သွင်းမှုဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိစ္စရပ်များကို ဆုံးဖြတ်သတ်မှတ်ရန်အပါအဝင် ၎င်းကိုယ်၎င်း စည်းကမ်းထိန်းသိမ်းခွင့် ရှိပါသည်။

စာရင်းရှင်းလင်းခြင်းနှင့် ငွေကြေးရှင်းလင်းခြင်း

YSX ကဲ့သို့သော စတော့အိပ်ချိန်းတစ်ခုသည် SECM ၏ ခွင့်ပြုချက်မရှိဘဲ ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှု လက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ရှိသော်လည်း SECM ထံသို့ အကြောင်းကြားစာ ပေးပို့ရမည်။ စာရင်းဝင်သော အစုရှယ်ယာများနှင့်စပ်လျဉ်း၍ အီလက်ထရောနစ်နည်းဖြင့်မှတ်တမ်းတင် စာရင်းရေးသွင်း လွှဲပြောင်းခြင်းစနစ် (Book-Entry Transfer System) ကို မြန်မာနိုင်ငံတွင် စတင်အသုံးပြုရမည်ဖြစ်ပြီး YSX သည် ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းဆိုင်ရာ ဗဟိုဌာန ဖြစ်လာမည်။ ကုမ္ပဏီများအက်ဥပဒေတွင် အကောင်အထည်ရှိသော အစုရှယ်ယာလက်မှတ်များကို ထုတ်ပေးမည်ဟု ပြဋ္ဌာန်းထားပြီး၊ ကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အီလက်ထရောနစ်နည်းဖြင့်မှတ်တမ်းတင် စာရင်းရေးသွင်း လွှဲပြောင်းခြင်းစနစ်တို့တွင် ကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ၂၀၁၅ ခုနှစ် သြဂုတ်လ ၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ ကို SECM က ထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၆ ခုနှစ် မတ်လ ၂၈ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာ အမှတ် ၈၆/ ၂၀၁၆ ကို MOF က ထုတ်ပြန်ခဲ့ပါသည်။ YSX တွင် စာရင်းတင်သွင်းထားသော ကုမ္ပဏီများအနေဖြင့် အီလက်ထရောက်နစ်

ငွေချေးသက်သေခံလက်မှတ်များနှင့် ယင်းနှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီညွှန်ကြားမှုဦးစီးဌာနထံတွင် မှတ်ပုံတင်ရန် ယင်းအမိန့်ကြော်ငြာစာက ခွင့်ပြုထားပါသည်။

၁၃။ သက်ဆိုင်သောမြန်မာနိုင်ငံဥပဒေများနှင့် စည်းမျဉ်းများ အနှစ်ချုပ်

မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းကဏ္ဍကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် မှ ကြီးကြပ်ကွပ်ကဲပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (ဇူလိုင်လ ၂၀၁၃ ခုနှစ်) နှင့် ဆင့်ပွားဥပဒေပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံတော်ဗဟိုဘဏ် သည် မြန်မာနိုင်ငံရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဘဏ်များအားလုံးကို စည်းကမ်းထိန်းသိမ်းသူနှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အာဏာပိုင်တစ်ရပ်အဖြစ် ဆောင်ရွက်ပြီး အရင်းအနှီးစျေးကွက်များ ဖော်ထုတ်ရာတွင် ပြဋ္ဌာန်းဥပဒေအရ တာဝန်ဝတ္တရားရှိသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် သည် အတိုးနှုန်းများကို လွတ်လပ်စွာ ချိန်ညှိခြင်း၊ ငွေကြေးနှင့် ငွေကြေးဖလှယ်မှုဆိုင်ရာ လုပ်ငန်းလည်ပတ်မှုများကို ဆောင်ရွက်နိုင်စွမ်းရှိသည်။

ငွေဖြစ်လွယ်မှုအချိုး – ဘဏ်များအနေဖြင့် ၎င်းတို့၏ ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များနှင့် လက်ငင်းပေးရန်တာဝန်များ၏ အချိုးသည် ၂၀% အောက် မလျော့နည်းစေဘဲ ထိန်းသိမ်းထားရမည်ဖြစ်သည

အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် – ဘဏ်များအနေဖြင့် စုစုပေါင်းအပ်ငွေ၏ ၅% နှင့်ညီမျှသော ငွေကို အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်အဖြစ် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး အဆိုပါငွေကို စာရင်းရှင်အပ်ငွေအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၌အပ်နံထားရှိရမည်။.

အတိုးနှုန်းထားများ – စာရင်းသေအပ်ငွေ၊ ငွေစုလက်မှတ်နှင့် အချိန်ပိုင်းအပ်ငွေများအတွက် အနည်းဆုံးအတိုးနှုန်းထားသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အတိုးနှုန်းထား၏ ၂% အောက် မလျော့နည်းစေရပါ။ ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေများအတွက် အမြင့်ဆုံးအတိုးနှုန်းထားသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အတိုးနှုန်းထား၏ ၃% ထက် မကျော်လွန်စေရပါ။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ ညွှန်ကြားချက် (၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့) အရ "တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ကန့်သတ်ချက်များမှ ကင်းရှင်းသော" ချေးငွေအမျိုးအစားအားလုံးကို ကြပ်မတ်ထိန်းသိမ်းရမည်ဖြစ်ပြီး ဤညွှန်ကြားချက်အရ ဘဏ်များသည် ပြည်ပချေးငွေပေးချေမှုကို လက်ခံခြင်းမပြုမီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ သဘောတူခွင့်ပြုချက်ကို ရယူရမည်ဖြစ်သည်။ ညွှန်ကြားချက်ထုတ်ပြန်၍ ပြဋ္ဌာန်းထားသည့်အတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ထံ မတင်သွင်းမီ နိုင်ငံရပ်ခြားမှ "စနစ်တကျနည်းလမ်း" ဖြင့် လွှဲပို့လိုက်သည့် "ချေးငွေများအတွက် ငွေပေးချေမှုများ လုံခြုံခိုင်မာစေရန်" လည်း ဘဏ်များအား ညွှန်ကြားထားပါသည်။ ထို့အပြင် သက်ဆိုင်သော ကုမ္ပဏီ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ချေးငွေပေးချေမှုများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ထံမှ သဘောတူခွင့်ပြုချက်ကို ရယူရန် ညွှန်ကြားထားပါသည်။

ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ထံသို့ အောက်ဖော်ပြပါ အစီရင်ခံစာများကို တင်ပြရမည်ဖြစ်သည်။

၁။ နေ့စဉ်

(က) လက်ငင်းရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်အခြေအနေများ

၂။ အပတ်စဉ်

(က) အပတ်စဉ်ဘဏ္ဍာရေးအခြေအနေ

(ခ) ငွေဖြစ်လွယ်မှုအချိုး

(ဂ) လက်ဝယ်ရှိငွေသား

၃။ လစဉ်

(က) လစဉ်လက်ကျန်စာရင်းရှင်းတမ်း

(ခ) ဝင်ငွေနှင့်အသုံးစရိတ်ရှင်းတမ်း

(ဂ) မတည်ငွေရင်းလုံလောက်မှုအချိုး

၄။ သုံးလပတ်လျှင်တစ်ကြိမ် - အရင်းအတိုး ပေးဆပ်ရန်ပျက်ကွက်သော ချေးငွေရှင်းတမ်း

၅။ နှစ်စဉ် -

(က) နှစ်ပတ်လည်အစီရင်ခံစာ

(ခ) အရှုံးအမြတ်စာရင်း

(ဂ) ဘဏ္ဍာရေးရှင်းတမ်း

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (၂၀၁၂ ခုနှစ် သြဂုတ်လ) နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် မှထုတ်ပြန်သော ညွှန်ကြားချက်များအပါအဝင် ဆင့်ပွားဥပဒေပြဋ္ဌာန်းချက်များ

ကနဦးလွှဲပြောင်းပေးချေမှုများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ ခွင့်ပြုချက်လိုအပ်သော စာရင်းရှင်အပ်ငွေစာရင်း ငွေလွှဲပေးပို့မှုများဆိုင်ရာ သာဓကများကို အဆိုပါဥပဒေများတွင် ဖော်ပြထားပါသည်။ ငွေလုံးငွေရင်း စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ ခွင့်ပြုချက်ကို အစဉ်သဖြင့် လိုအပ်ပါသည်။ အမိန့်ကြော်ငြာစာ အမှတ် ၁၃/၂၀၁၂ နှင့် ၁၅/၂၀၁၂ တို့တွင် ပုဂ္ဂလိကဘဏ်များသည် စာရင်းရှင်အပ်ငွေများကို နိုင်ငံခြားငွေဖြင့် လက်ခံ၊ ဖွင့်လှစ်ခွင့်ရှိသော်လည်း အများဆုံး

အမေရိကန်ဒေါ်လာ ၁၀,၀၀၀ သို့မဟုတ် ၎င်းနှင့်ညီမျှသောပမာဏကို တစ်ပတ်လျှင် နှစ်ကြိမ်သာ ထုတ်ယူခွင့်ရှိကြောင်း ကန့်သတ် ပြဋ္ဌာန်းထားပြီး ပုဂ္ဂလိကဘဏ်များအနေဖြင့် ကိုင်ဆောင်ခွင့်ရှိသော ငွေကြေးအမျိုးအစားများကိုလည်း [ထိုဥပဒေများတွင်] ပြဋ္ဌာန်းထားပါသည်။

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အမိန့်ကြော်ငြာစာ အမှတ် ၇/၂၀၁၄ (၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်)

ပြည်တွင်း၊ ပြည်ပ နိုင်ငံခြားငွေလဲလှယ်မှုများနှင့်စပ်လျဉ်း၍ လက်ခံခြင်း၊ လဲလှယ်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်းတို့အပါအဝင် နိုင်ငံခြားငွေလဲလှယ်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ကိုင်ခွင့်ရှိသည့် နိုင်ငံခြားငွေရောင်းဝယ်ခွင့်လိုင်စင်ကိုင်ဆောင်ထားသူများ၏ တာဝန်ဝတ္တရားများကို အဆိုပါ အမိန့်ကြော်ငြာစာတွင် ပြဋ္ဌာန်းဖော်ပြထားပါသည်။ နိုင်ငံခြားငွေကြေး လွှဲပို့မှုများနှင့် ရောင်းဝယ်ဖောက်ကားမှုများအတွက် လုပ်ငန်းစဉ်များ အထူးသဖြင့် ပြည်ပမှ သို့မဟုတ် ပြည်ပသို့ နိုင်ငံခြားငွေကြေး လက်ခံခြင်းနှင့် ငွေလွှဲပေးပို့မှုတို့အတွက် ခိုင်လုံသော အထောက်အထား သတ်မှတ်ချက်များကို အကြမ်းဖျင်းဖော်ပြထားပါသည်။ အမိန့်ကြော်ငြာစာအရ နိုင်ငံခြားငွေကြေး ရောင်းဝယ်ဖောက်ကားမှုများနှင့်သက်ဆိုင်သော အခြေအနေအများစုအတွက် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ သို့မဟုတ် ၎င်းနှင့်ညီမျှသော နိုင်ငံခြားငွေကြေးကို ငွေဖြစ်လွယ်မှုအများဆုံး (Liquidity Cap) အဖြစ် သတ်မှတ်ထားပါသည်။ ထို့ပြင် နိုင်ငံခြားငွေလဲလှယ်မှု ရောင်းဝယ်ဖောက်ကားမှုများအတွက် လုပ်ငန်းလိုင်စင်ကိုင်ဆောင်သူများအား ပုံပိုးစာရွက်စာတမ်းများ ရယူခြင်းနှင့် အတည်ပြုခြင်းတို့အတွက် အဓိကတာဝန်ဝတ္တရားကို ပြဋ္ဌာန်းထားပါသည်။

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ (၂၀၁၃ ခုနှစ် ဇူလိုင်လ)

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရန် သတင်းအချက်အလက် အလုံအလောက်ပေးနိုင်ရန်အလို့ငှာ ပိုမိုကောင်းမွန်သော ပိုမိုကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှု၊ ခိုင်မာသောစည်းကမ်းထိန်းသိမ်းရေးနှင့် အစီရင်ခံ ၊ ခိုင်မာသော စည်းကမ်းထိန်းသိမ်းရေးနှင့် အစီရင်ခံတင်ပြမှုဆိုင်ရာမူဘောင်နှင့် ပွင့်လင်းမြင်သာမှုအဆင့်တို့ကို ဤဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ (၂၀၁၆ ခုနှစ် ဇန်နဝါရီလ)

ဤငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ ကို ပြည်ထောင်စုလွှတ်တော်က ၂၅ ရက်နေ့ ဇန်နဝါရီလ ၂၀၁၆ တွင်ပြဋ္ဌာန်းခဲ့ ခြင်းဖြစ်ပြီး ယခင် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ ၁၉၉၀ ခုနှစ် ကိုအစားထိုး ပြဋ္ဌာန်းလိုက်သော ဥပဒေဖြစ်သည်။ ဤဥပဒေသည်ဘဏ်လုပ်ငန်းနှင့် ငွေကြေးမူဝါဒကို စီမံထိန်းချုပ်ရန်ရည်ရွယ်ပါသည်။ ဤဥပဒေသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ ကြီးကြပ်ရေးတာဝန်ကိုလည်းကောင်း၊ ဆက်နွယ်သောအဖွဲ့များထံ ငွေချေးငှားပေးခြင်းကဲ့သို့သော ကဏ္ဍများတွင် လိုအပ်ချက်များ၊ ငွေကြေးခဝါချမှုနှင့် ငွေဖြစ်လွယ်မှု နှင့် ကြွေးဆပ်နိုင်မှုတို့ရှိခြင်း သေချာစေရန်အတွက် အစီအမံများကို အားဖြည့်ပေးမည်ဖြစ်ပါသည်။ ဤဥပဒေပါပြဋ္ဌာန်းချက်များ အရ လက်ရှိဘဏ်များအားလုံးကို လုပ်ပိုင်ခွင့်အပ်နှင်းရန် ဤဥပဒေ တွင် ပြဋ္ဌာန်းထားပါသည်။ ပုဂ္ဂလိကဘဏ်များ လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ

သတ်မှတ်ချက်များ၊ သင်းဖွဲ့ဆိုင်ရာအုပ်ချုပ်မှုအစီအမံများ၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်လည်ပတ်မည့် နိုင်ငံခြားဘဏ်များအတွက် သတ်မှတ်ချက်များ အစရှိသည်တို့ကို ဤ ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေတွင် ပြဋ္ဌာန်းဖော်ပြ ထားပါသည်။ မတည်ငွေရင်းလုံလောက်မှု၊ ငွေပေါ်လွယ်မှု၊ ပမာဏကြီးမားသောဆုံးရှုံးနိုင်ခြေအကန့်အသတ်များ (Large Exposure Limits) နှင့် နိုင်ငံတကာတွင် ကျင့်သုံးနေသော အကောင်းဆုံးလုပ်ထုံးလုပ်နည်းများကိုက်ညီသော အခြားစီမံချက်များအတွက် သတ်မှတ်ချက်များကို ဖော်ပြထားသည့်အပြင် မြန်မာနိုင်ငံရှိ သီးခြားအခြေအနေများ အခက်အခဲများအလိုက် လိုက်လျောညီထွေမှုရှိစေရန်လည်း ပြဋ္ဌာန်းထားပါသည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း

မြန်မာနိုင်ငံတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး (“**AML**”) နှင့်စပ်လျဉ်း၍ လက်ရှိအာဏာတည်လျက်ရှိသည့် ဥပဒေပြဋ္ဌာန်းချက်သည် ၂၀၀၂ ခုနှစ် ငွေကြေးခဝါချမှုထိန်းချုပ်ရေးဥပဒေကို အစားထိုးသည့် ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (“**AMLL**”) ဖြစ်ပါသည်။ ၂၀၀၃ ခုနှစ် ငွေကြေးခဝါချမှုထိန်းချုပ်ရေးနည်းဥပဒေသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေကို ထုတ်ပြန်ခြင်းမပြုမီအထိ အာဏာတည်နေဆဲဖြစ်သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သည် AML သတ်မှတ်ပြဋ္ဌာန်းချက်များအား အခြေခံ၍ ပြည်တွင်းပုဂ္ဂလိကဘဏ်များကို ပုံမှန်ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်၍ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ် စက်တင်ဘာလမှစတင်၍ နိုင်ငံပိုင်ဘဏ်များအတွက် အထူးစာရင်းစစ်အစီအစဉ်များကိုလည်း AML စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ဆောင်ခဲ့ပါသည်။ AMLL သည် တရားမဝင်အရင်းအမြစ်များမှ ရရှိလာသည်ဟု သိရှိထားသော ငွေ နှင့်/သို့မဟုတ် ပိုင်ဆိုင်မှုများကို ရယူခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းတို့အပြင် ယင်းပိုင်ဆိုင်မှုများ၏ ဇစ်မြစ်ကို ဖုံးကွယ်ရန်အလို့ငှာ အသွင်ပြောင်းလဲခြင်း သို့မဟုတ် ထိန်ချန်ခြင်း၊ သို့မဟုတ် တရားမဝင်ရန်ပုံငွေများနှင့် ပိုင်ဆိုင်မှုများကို ရယူခြင်း၊ အသွင်ပြောင်းလဲခြင်း သို့မဟုတ် ထိန်ချန်ခြင်းတို့တွင် ပူးပေါင်းပါဝင်ခြင်း အစရှိသည်တို့ကို ပြစ်မှုအဖြစ် ဥပဒေပြဋ္ဌာန်းသတ်မှတ်ခြင်းဖြင့် နိုင်ငံတကာတွင်ကျင့်သုံးနေသော အကောင်းဆုံးလုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံတော်တွင် ကျင့်သုံးလာရန် ရည်ရွယ်ပါသည်။ အဆိုပါ ပြစ်မှုများကို တိုက်ဖျက်ရန်အလို့ငှာ AMLL တွင် အလွှာနှစ်လွှာပါဝင်သော စည်းကမ်းထိန်းသိမ်းရေးစနစ်ကို ထုတ်ဖော်ထားပြီး ၎င်း၏အထက်တွင် အဆင့်မြင့်မူဝါဒ၊ အမျိုးသားအဆင့် အစီရင်ခံတင်ပြခြင်းနှင့် စီမံခန့်ခွဲရေးဆောင်ရွက်ချက်တို့အတွက် တာဝန်ရှိသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ (“**ဗဟိုအဖွဲ့**”) ရှိပါသည်။ ဗဟိုအဖွဲ့၏အောက်တွင် ငွေရေးကြေးရေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (“ **FATF**”) က ဆောင်ရွက်လည်ပတ်ပြီး ယင်းအဖွဲ့သည် (“သတင်းပို့အဖွဲ့အစည်း” ဟု ခေါ်သော) အကျိုးဝင်အဖွဲ့အစည်းများမှ လိုက်နာမှုရှိစေခြင်း၊ အခြေအနေအလိုက် အကဲဖြတ်မှုများနှင့် အစီရင်ခံတင်ပြခြင်းဆိုင်ရာအဖွဲ့အစည်းများနှင့် လိုအပ်သလို တိုက်ရိုက်အပြန်အလှန်ဆက်သွယ်မှုများအတွက် တာဝန်ရှိပါသည်။ AMLL အရ MCB ကို သတင်းပို့အဖွဲ့အစည်းအဖြစ် သတ်မှတ်ပါသည်။

ဗဟိုအဖွဲ့၏ ဆုံးရှုံးနိုင်ခြေဆုံးဖြတ်သတ်မှတ်မှုအပေါ် အခြေခံသော ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများ (**"CDD များ"**) တွင် ပါဝင်ဆောင်ရွက်ရန်အတွက် သတင်းပို့အဖွဲ့အစည်းများ၏ တာဝန်ဝတ္တရားများကို AMLL တွင် ဖော်ပြထားသည်။ ဆောင်ရွက်ရန်သတ်မှတ်ထားမှုနှင့်ညီမျှသော သို့မဟုတ် ပိုမိုသော ပမာဏကို ရောင်းဝယ်ဖောက်ကားခြင်း၊ ဆက်သွယ်ဆောင်ရွက်သူအသစ်တစ်ဦးအတွက် စာရင်းတစ်ရပ် ဖွင့်လှစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာကြေးနန်း သို့မဟုတ် အီလက်ထရောနစ်စနစ်ဖြင့် ငွေလွှဲပို့မှု ဆောင်ရွက်ခြင်း အစရှိသည်တို့ကို မဆောင်ရွက်မီတွင်ဖြစ်စေ၊ ယခင်ရယူထားသော အချက်အလက် မှန်ကန်ခြင်း ရှိမရှိနှင့်စပ်လျဉ်း၍ သံသယရှိခြင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုအတွက် ငွေကြေးထောက်ပံ့ခြင်းတို့နှင့် ဆက်နွယ်သော ဆောင်ရွက်ချက်များကို သံသယရှိခြင်းတို့ ပေါ်ပေါက်ပါက မည်သည့်အချိန်တွင်မဆိုဖြစ်စေ CDD များကို သတင်းပို့အဖွဲ့အစည်းများက ဆောင်ရွက်ရမည်ဖြစ်သည်။ CDD များတွင် လွတ်လပ်သောအရင်းအမြစ်များကို အသုံးပြု၍ ဆက်သွယ်ဆောင်ရွက်သူ မည်သူမည်ဝါဖြစ်ကြောင်းကို ဖော်ထုတ် စစ်ဆေးအတည်ပြုခြင်း၊ ရောင်းဝယ်ဖောက်ကားမှုပြုသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ အကျိုးအမြတ်ခံစားခွင့်ရှိသောပိုင်ရှင်ကို ခွဲခြားဖော်ထုတ်ခြင်း၊ တတိယအဖွဲ့ကိုယ်စား ဆောင်ရွက်သည့် ကိုယ်စားလှယ်တစ်ဦး၏ ကိုယ်စားလှယ် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားအစစ်နှင့်အတူ ၎င်း၏ ခွင့်ပြုချက်အထောက်အထားကို စစ်ဆေးအတည်ပြုခြင်း၊ ပုဂ္ဂိုလ်တစ်ဦးသည် ပြည်တွင်းရှိ အများပြည်သူပိုင်လုပ်ငန်းတာဝန်များ သို့မဟုတ် ရာထူးရာခံတစ်ရပ်ရပ်ကို လက်ခံရရှိထားသူတစ်ဦး သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်၏ ဒါရိုက်တာ၊ လက်ထောက်ဒါရိုက်တာ သို့မဟုတ် ဘုတ်အဖွဲ့ဝင်တစ်ဦးဖြစ်သည်ဆိုပါက "တိုးမြှင့်ဆောင်ရွက်သော CDD များ" ကို ဆောင်ရွက်ခြင်းအစရှိသည်တို့ ပါဝင်ပါသည်။ ထို့အပြင် သတင်းပို့အဖွဲ့အစည်းများသည် CDD များ ဆောင်ရွက်ခြင်းမှတဆင့် ရရှိထားသည့် စာရွက်စာတမ်း သက်သေအထောက်အထားများ အပါအဝင် မှတ်တမ်းမှတ်ရာများ၊ ရောင်းဝယ်ဖောက်ကားသည့် သို့မဟုတ် ရောင်းဝယ်ဖောက်ကားရန်ပြုမည့် နေ့ရက်မှစတင်၍ ငါးနှစ်တာကာလအတွက် ရောင်းဝယ်ဖောက်ကားမှုမှတ်တမ်းများ၊ တင်သွင်းသည့်နေ့ရက်မှစ၍ ငါးနှစ်တာကာလအတွက် FATF သို့ ပေးပို့ထားသော ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ အစီရင်ခံစာမိတ္တူများနှင့် နောက်ဆုံးမွမ်းမံပြင်ဆင်ထားသည့်နေ့မှစ၍ ငါးနှစ်တာကာလအထိ ဆောင်ရွက်ထားသည့် ဆုံးရှုံးနိုင်ခြေအကဲဖြတ်မှုများ အစရှိသည်တို့ကို ထိန်းသိမ်းရန် လိုအပ်ပါသည်။ ဝင်ငွေရရှိမှုများ၊ ငွေကြေးခဝါချမှု၊ ငွေကြေးနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ သို့မဟုတ် အဖိုးတန်ပစ္စည်းများနှင့်ပတ်သက်၍ ထိန်ချန်မှု သို့မဟုတ် သံသယဖြစ်ဖွယ်ကိစ္စရပ်များကို ထုတ်ဖော်ကြေညာရန် ပျက်ကွက်ကြောင်း စွပ်စွဲခံရသူများကို ဖမ်းဆီးရန်လုပ်ပိုင်ခွင့်အာဏာကို AMLL အရ အကောက်ခွန်ဦးစီးဌာနထံ အာဏာအပ်နှင်းထားပါသည်။ ငွေကြေးခဝါချမှုဆိုင်ရာ ပြစ်မှုထင်ရှားခြင်းအတွက် အနည်းဆုံးထောင်ဒဏ်ကို သုံးနှစ်၊ အများဆုံး ၁၀ နှစ်အထိနှင့် ဒဏ်ငွေ ကျပ် ၅၀၀ သန်း တို့ကို ကျခံစေရန် AMLL တွင် ပြဋ္ဌာန်းထားပါသည်။ (ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်များ ချမှတ်မှုအပါအဝင်) အခြားသော စောင့်ကြည့်စစ်ဆေးမှုနှင့် အကဲဖြတ်မှုဆိုင်ရာ သတ်မှတ်ချက်များကို AMLL တွင် ပြဋ္ဌာန်းထားသော်လည်း ယင်းစနစ်များ အတိအကျ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် အချက်များကို ရှင်းရှင်းလင်းလင်း သို့မဟုတ် အသေးစိတ် ဖော်ပြထားခြင်းမရှိပါ။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ

၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (“**ATL**”) တွင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို တိုက်ဖျက်ခြင်းနှင့်ဆက်စပ်သော ရာဇဝတ်ပြစ်မှုများကို ပြဋ္ဌာန်းထားပါသည်။ ATL တွင် ပြစ်မှုအဖြစ် ပြဋ္ဌာန်းထားသည်များမှာ

၁။ အောက်ဖော်ပြပါတို့က ကျူးလွန်ရာတွင် အားပေးခြင်း သို့မဟုတ် ကျူးလွန်ရန် ရည်ရွယ်ခြင်း

(က) အကြမ်းဖက်သမား(များ) အသုံးပြုမည်ဟု ရည်ရွယ်ထားသော၊ အသုံးပြုသော သို့မဟုတ် ထိုသို့ အသုံးပြုမည်ဟု သိထားသော ငွေကြေးများကို ကိုင်တွယ်ဆောင်ရွက်ခြင်း။

(ခ) အကြမ်းဖက်သမား(များ) အသုံးပြုမည်ဟု ရည်ရွယ်ထားသော၊ အသုံးပြုသော သို့မဟုတ် ထိုသို့ အသုံးပြုမည်ဟု သိထားသော ငွေများ၊ ပိုင်ဆိုင်မှု သို့မဟုတ် ဝန်ဆောင်မှုများကို တရားမဝင် လက်ဝယ်ထားရှိခြင်း။

(ဂ) အကြမ်းဖက်သမား(များ) အတွက် ပိုင်ဆိုင်မှုကို ထိန်ချန်ခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်း။

(ဃ) အထက်ပါကိစ္စရပ်များတွင် အားပေးကူညီခြင်း။

၂။ [အောက်ဖော်ပြပါတို့ကို] သိလျက်နှင့် သို့မဟုတ် ပြစ်မှုထိုက်သည်ကို သိနိုင်ခြေရှိလျက်နှင့် ကျူးလွန်ခြင်း

(က) အကြမ်းဖက်သမားပိုင်ဆိုင်မှုကို ရောင်းဝယ်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်း။

(ခ) အကြမ်းဖက်သမားပိုင်ဆိုင်မှုနှင့်ဆက်နွယ်သော ရောင်းဝယ်ခြင်းဆိုင်ရာ လုပ်ဆောင်ချက်များတွင် ပူးပေါင်းပါဝင်ခြင်း သို့မဟုတ် အားပေးကူညီခြင်း။

(ဂ) အကြမ်းဖက်သမားပိုင်ဆိုင်မှုကို အသုံးပြု၍ အကြမ်းဖက်သမားများ အကျိုးအမြတ် ရရှိစေမည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အားပေးကူညီခြင်း။

(ဃ) အကြမ်းဖက်သမားပိုင်ဆိုင်မှုကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် ထိန်းသိမ်းထားရှိခြင်း။

(c) သင့်လျော်မှန်ကန်သော အကြောင်းပြချက်မရှိဘဲ အကြမ်းဖက်သမားပိုင်ဆိုင်မှုကို ရောင်းဝယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် ဆက်နွယ်သော သတင်းအချက်အလက်များကို သတင်းပေးပို့ရန် ပျက်ကွက်ခြင်း။

(စ) အကြမ်းဖက်သမား(များ)နှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုတို့အကြား ပတ်သက်ဆက်နွယ်မှုကို သတင်းပေးပို့ရန် ပျက်ကွက်ခြင်း။

၃။ အကြမ်းဖက်သမားပိုင်ဆိုင်မှုကို ရွှေ့ပြောင်းခြင်း သို့မဟုတ် ရွှေ့ပြောင်းရန် ကြိုးပမ်းခြင်းကို သတင်းပေးရန် ပျက်ကွက်ခြင်း

ATL ပြစ်မှုများတွင် ပြစ်မှုတစ်ရပ်အဖြစ် ထင်ရှားစွဲဆိုနိုင်ရန်အလို့ငှာ အမှန်တကယ်ဖြစ်ရပ်များ (ကိုင်တွယ်ဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းခြင်း စသည်ဖြင့်) မလိုအပ်ပါ။

အနည်းဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၀ နှစ်ဖြစ်ပြီး အများဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ် တစ်သက်တစ်ကျွန်း သို့မဟုတ် သေဒဏ် ဖြစ်ပါသည်။

မြန်မာကုမ္ပဏီများအက်ဥပဒေနှင့် အထူးကုမ္ပဏီများအက်ဥပဒေ

မြန်မာနိုင်ငံရှိ ကုမ္ပဏီများအားလုံးသည် ၁၉၁၄ ခုနှစ် မြန်မာကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း အစိုးရနှင့် ဖက်စပ်ဆောင်ရွက်သော ကုမ္ပဏီများသည် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း လိုက်နာရသည်။

ၛင်းတို့ကို DICA က စီမံညွှန်ကြားသည်။ မြန်မာနိုင်ငံရှိ ကုမ္ပဏီများအားလုံးကို DICA တွင် မှတ်ပုံတင်ရပြီး DICA က ထုတ်ပြန်သည့် လမ်းညွှန်ချက်များ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များကို လိုက်နာရသည်။

၁၄။ အခွန်အခများ

မြန်မာနိုင်ငံတော်၏ ကော်ပိုရိတ်ဝင်ငွေခွန် အကြောင်းနှင့် မြန်မာနိုင်ငံတော်တွင် ချမှတ်ထားသော ဝင်ငွေခွန်၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ အပေါ် အခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ကြောင့် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများအား ဝယ်ယူရန် လျှောက်ထားခြင်း၊ ယင်းတို့အား ပိုင်ဆိုင်ခြင်းနှင့် ထုခွဲရောင်းချခြင်းတို့မှ ပေါ်ပေါက်နိုင်သည့် အခွန်အခ ဆိုင်ရာ အရေးပါသော အကျိုးဆက်များ အကြောင်းတို့ကို အောက်တွင် ရှင်းလင်းတင်ပြထားပါသည်။ ထို တင်ပြချက်သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများကို ပိုင်ဆိုင်ခြင်းနှင့် ပတ်သက်၍ ဖြစ်နိုင်သမျှ အခွန်အခ ဆိုင်ရာ အကျိုးဆက် အားလုံးကို အကြွင်းမဲ့ ပြည့်စုံစွာ ဆန်းစစ်လေ့လာချက် အဖြစ် ရည်ရွယ် ဆောင်ရွက်ထားခြင်း မဟုတ်သလို၊ ဥပဒေရေးရာ အကြံပြုချက် သို့မဟုတ် အခွန်အခ ဆိုင်ရာ အကြံပြုချက်လည်း မဟုတ်ပါ။ ဤဆွေးနွေးတင်ပြချက်သည် Latest Practicable Date ရှိ တည်ဆဲ ဥပဒေများ အပေါ် မှန်ကန်စွာ အဓိပ္ပာယ် ဖွင့်ဆိုကြောင်း မှတ်ယူသော်လည်း၊ ထို ဥပဒေများအား ကျင့်သုံးရန် တာဝန်ရှိသော တရားရုံး သို့မဟုတ် ဘဏ္ဍာရေး အာဏာပိုင်တို့ အနေဖြင့် ယခု အဓိပ္ပာယ် ဖွင့်ဆိုချက် အတိုင်း သဘောတူညီကြလိမ့်မည်ဟု လည်းကောင်း၊ ထို ဥပဒေများတွင် အပြောင်းအလဲ တစ်စုံတစ်ရာ မဖြစ်ပေါ်ဟု လည်းကောင်း အာမခံနိုင်ခြင်း မရှိပါ။ ဖြစ်တည်လျက် ရှိသော်လည်း အများပြည်သူသို့ ထုတ်ပြန် မထားသော သို့တည်းမဟုတ် ယေဘုယျအားဖြင့် အများပြည်သူက မရရှိနိုင်သော ဥပဒေနှင့် အခြား နည်းဥပဒေ စည်းမျဉ်း သို့မဟုတ် တရားဝင် အတည်ပြုနိုင်သည့် အမိန့်ကြော်ငြာစာများ သို့မဟုတ် တရားဝင် အတည်မပြုနိုင်သည့် ရုံးတွင်း လမ်းညွှန်ချက်များလည်း ရှိနေနိုင်ပြီး၊ ယင်းတို့က အောက်ပါ ဆွေးနွေးတင်ပြချက် အပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ မြန်မာနိုင်ငံတော်၏ အခွန်အခတို့နှင့် သို့မဟုတ် အခြား အခွန်အခတို့ကြောင့် အစုရှယ်ယာများအား ပိုင်ဆိုင်ခြင်းနှင့် ထုခွဲရောင်းချခြင်းတို့မှ ပေါ်ပေါက်နိုင်သည့် အခွန်အခ ဆိုင်ရာ အကျိုးဆက်များနှင့် ပတ်သက်၍ အစုရှယ်ယာများတွင် ရင်းနှီးမြှုပ်နှံလိုသူတို့ အနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင် အခွန်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့နှင့် ဆွေးနွေး တိုင်ပင်သင့်ပါသည်။ ကျွန်ုပ်တို့ ကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူခြင်း၊ ပိုင်ဆိုင်ခြင်း သို့မဟုတ် ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်သော အခွန်အခ ဆိုင်ရာ အကျိုးဆက် သို့မဟုတ် ပေးရန်တာဝန် တစ်စုံတစ်ရာ အတွက် ကျွန်ုပ်တို့ ကုမ္ပဏီ၊ ၎င်း၏ ဒါရိုက်တာ တစ်ဦးဦး သို့မဟုတ် ယခု စာရင်းတင်သွင်းခြင်းတွင် ပါဝင်ပတ်သက်သည့် အခြား မည်သူကမျှ တာဝန် မယူပါ။

ပုဂ္ဂိုလ်စု/ကော်ပိုရေးရှင်း ဆိုင်ရာ ဝင်ငွေခွန်

ကုမ္ပဏီများ အက်ဥပဒေ အရ ဖြစ်စေ၊ မြန်မာနိုင်ငံတော်၏ တည်ဆဲ ဥပဒေ တစ်ရပ်ရပ် အရ ဖြစ်စေ မြန်မာနိုင်ငံတော်၌ ဖွဲ့စည်း တည်ထောင်ထားသည့် ကုမ္ပဏီ ဖြစ်လျှင် သော်လည်းကောင်း၊ ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်း အားလုံးကို မြန်မာနိုင်ငံသားတို့ကသာ ပိုင်ဆိုင်လျှင် သော်လည်းကောင်း၊ ဝင်ငွေခွန် ဆိုင်ရာ ကိစ္စများ အလို့ငှာ ယင်းကုမ္ပဏီကို မြန်မာနိုင်ငံသား တစ်ဦး အနေဖြင့် မှတ်ယူသည်။ MCB အပါအဝင် ဖြစ်သည့် ထိုသို့သော ကုမ္ပဏီများကို ပြည်တွင်းနေ နိုင်ငံသားဟု သဘောထားလျက် စုစုပေါင်း ဝင်ငွေ အပေါ် အခြေခံလျက် အခွန် စည်းကြပ်ပါသည်။ ထို အခွန် စည်းကြပ်ထိုက်သော စုစုပေါင်း ဝင်ငွေတွင် စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေနှင့် အခြား ရလမ်းများမှ ရသော ဝင်ငွေတို့ အားလုံး ပါဝင်သည်။ မြန်မာနိုင်ငံတော်၌ မှတ်ပုံတင်၍ တည်ထောင်ထားသည့် ကုမ္ပဏီကို ၎င်း၏ အခွန် စည်းကြပ်ထိုက်သည့် အသားတင် ဝင်ငွေ အပေါ် အခွန် နှစ်ဆယ့်ငါး ရာခိုင်နှုန်း (၂၅%) စည်းကြပ်သည်။

အမြတ်ဝေစု ခွဲဝေခြင်း

MCB ကဲ့သို့ ပြည်တွင်း အခြေစိုက် မြန်မာကုမ္ပဏီထံမှ ခွဲဝေပေးသော အမြတ်ဝေစု ရရှိသည့် အစုရှယ်ယာရှင်သည် ထိုအမြတ်ဝေစု အပေါ် ဝင်ငွေခွန် ကင်းလွတ်ပါသည်။

အစုရှယ်ယာများ ထုခွဲ ရောင်းချခြင်းမှ မြတ်စွန်းငွေ

မြန်မာနိုင်ငံသားက အစုရှယ်ယာများ ထုခွဲရောင်းချခြင်းမှ မြတ်စွန်းငွေ အပေါ် အခြေပစ္စည်းမှ မြတ်စွန်းငွေ အဖြစ် အခွန် တစ်ဆယ် ရာခိုင်နှုန်း (၁၀%) စည်းကြပ်သည်။ အစုရှယ်ယာများ၏ ရောင်းရဝင်ငွေမှ အစုရှယ်ယာများ အတွက် ကုန်ကျခဲ့သည့် စရိတ်ကို နုတ်ခြင်းအားဖြင့် အခွန် စည်းကြပ်ထိုက်သော အခြေပစ္စည်းမှ မြတ်စွန်းငွေကို တွက်ချက်သည်။

တံဆိပ်ခေါင်းခွန်

အစုရှယ်ယာများ ဝယ်ယူသူ အနေဖြင့် ဝယ်ယူသည့် အစုရှယ်ယာများ၏ တန်ဖိုး အပေါ် ၀.၃ ရာခိုင်နှုန်း (၀.၃%) ဖြင့် တံဆိပ်ခေါင်းခွန် ပေးဆောင်ရန် လိုအပ်သည်။

၁၅။ အခြား သတင်းအချက်အလက်များ

YSX နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏ အတည်ပြုချက်တို့မှ လွဲ၍ ဤစတော့အိပ်ချိန်းသို့ စာရင်းတင်သွင်းခြင်းနှင့် ဆက်စပ်လျက် မြန်မာနိုင်ငံတော်တွင် လိုအပ်သမျှသော သဘောတူညီချက်၊ ခွင့်ပြုချက်နှင့် အတည်ပြုချက်များကို ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) က ရယူထားပြီး ဖြစ်ပါသည်။ "ဘဏ္ဍာရေး သတင်းအချက်အလက်များ" ခေါင်းစဉ် အောက်တွင် ဖော်ပြထားသည့် အတိုင်း ကျွန်ုပ်တို့ MCB အနေဖြင့် ၂၀၁၆-ခုနှစ် မတ်လတွင် အစုရှယ်ယာ အသစ်များ ထုတ်ဝေရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ကို တောင်းခံထားဆဲ ဖြစ်ပါသည်။

"စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဆန်းစစ်သုံးသပ်ချက်" တွင် မှတ်ချက်ပြုထားသည်မှ လွဲ၍ ၂၀၁၆-ခုနှစ် မတ်လ ၃၁-ရက်နေ့ နောက်ပိုင်း၌ မိမိတို့ ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေး အခြေအနေနှင့် အလားအလာတို့တွင် အရေးပါသည့် အတိုင်းအတာဖြင့် ဆိုးရွားသည့် အပြောင်းအလဲ တစ်စုံတစ်ရာမျှ မရှိခဲ့ပါ။

စတော့အိပ်ချိန်းသို့ စာရင်းတင်သွင်းခြင်း ဆိုင်ရာ ဤဖွင့်ဟဖော်ထုတ်ချက် စာတမ်းအား အများပြည်သူထံသို့ ထုတ်ပြန်သည့် နေ့ရက်မှ ၁၂-လတာ ကာလ အတွင်း အောက်ပါ စာရွက်စာတမ်းတို့၏ မိတ္တူများကို ကျွန်ုပ်တို့ ကုမ္ပဏီ ရုံခန်း၌ ပုံမှန် အလုပ်ချိန် အတွင်း ကြည့်ရှု စစ်ဆေးနိုင်ရန် ဖွင့်လှစ် ထားရှိပေးမည် ဖြစ်ပါသည် -

- ကျွန်ုပ်တို့ ကုမ္ပဏီ (ဘဏ်) ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ အင်္ဂလိပ်ဘာသာပြန်၊
- ဘဏ္ဍာနှစ် ၂-နှစ် အတွက် စာရင်းစစ်၏ အစီရင်ခံစာများ

နောက်ဆက်တွဲ (၁)

၂၀၁၅-ခုနှစ် မတ်လ ကုန်ဆုံးသော ဘဏ္ဍာနှစ် အတွက် စာရင်းစစ် စစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ

ORGANIZATION:

MYANMAR CITIZENS BANK LIMITED

FINANCIAL STATEMENTS:

- BALANCE SHEET AS AT MARCH 31, 2015.
- STATEMENT OF THE DIRECTORS
- REPORT OF THE INDEPENDENT AUDITOR
- STATEMENT OF INCOME FOR THE YEAR ENDED MARCH 31, 2015.
- STATEMENT OF CHANGES IN EQUITY
- STATEMENT OF CASH FLOWS
- NOTES TO THE FINANCIAL STATEMENTS

PERIOD:

YEAR ENDED MARCH 31, 2015.

U HLA TUN & ASSOCIATES LIMITED
CERTIFIED PUBLIC ACCOUNTANTS
& FINANCIAL CONSULTANTS

MYANMAR CITIZENS BANK LIMITED
BALANCE SHEET AS AT MARCH 31, 2015

(Kyat) (In Thousands)

ASSETS	Note	2015	2014
CURRENT ASSETS			
Cash at Bank	3	5,496,233	5,814,013
Cash with Central Bank of Myanmar	4	7,560,489	3,277,679
Cash with Other Banks	5	12,540,799	8,424,689
Loans & Overdrafts	6	87,116,780	60,848,434
Advances & Receivable	7	6,801,738	3,043,253
Investments	8	31,620,519	18,787,745
Property, Plant & Equipment	9	5,311,344	3,832,394
Deferred Expenditure	10	136,091	178,186
Acceptance, Endorsement & Guarantee		7,619,985	1,090,880
Total Assets		**164,203,978**	**105,297,273**
IABILITIES			
Total Deposits	11	103,178,936	76,948,422
Other Liabilities	12	4,032,154	2,753,551
Payment Orders	-	822,972	267,237
Provision for Dividend		2,269,932	1,536,553
Provision for Income Tax	13	1,281,400	837,645
Dividend Payable (unclaimed)		99,308	78,509
Acceptance, Endorsement & Guarantee		7,619,985	1,090,880
Total Liabilities		**119,304,687**	**83,512,797**
EQUITY			
Issued & Paid Up Capital	14	37,112,826	18,270,881
Share Premium		2,885,917	113,325
Reserves & Retained Earnings	15		
General Reserve (Statutory)		2,991,232	2,043,480
General Provision (Loans)		1,742,336	1,216,969
Reserve for contingencies		5,000	2,000
Exchange Equalization Fund		75,182	75,182
Retained Earnings		86,798	62,639
Total Equity		**44,899,291**	**21,784,476**
Total Equity & Liabilities		**164,203,978**	**105,297,273**

See accompanying notes to the Financial Statements.
Authenticated by Directors;

(U Tun Lwin)
Director

(U Myint Win)
Managing Director

(U Ohn Saing)
Director

Dated: June (16), 2015.

MYANMAR CITIZENS BANK LIMITED
STATEMENT OF THE DIRECTORS

We, U Myint Win, U Tun Lwin and U Ohn Saing, being three Directors of the **"MYANMAR CITIZENS BANK LIMITED"**, do hereby state that, in the opinion of the Directors, the accompanying Financial Statements made up to March 31, 2015 and Notes to the Financial Statements are drawn up so as to give a true and fair view of the state of affairs of the Bank, and of the results of the Bank for the year ended on the date of this statement.

We believe that the Bank will be able to pay its debts as and when they fall due and all accounts receivable are good and recoverable.

We therefore in authentication in accordance with Section 133(1)(i) of the Myanmar Companies Act, set our signatures below.

On behalf of the Board,

.....	.....	.....
(U Tun Lwin)	**(U Myint Win)**	**(U Ohn Saing)**
(Director)	**(Managing Director)**	**(Director)**

Yangon,

Dated : June (16) , 2015.

REPORT OF THE INDEPENDENT AUDITOR
TO THE MEMBERS OF MYANMAR CITIZENS BANK LIMITED

I have audited the accompanying Financial Statements of the **"MYANMAR CITIZENS BANK LIMITED"**, which comprise the Balance Sheet as at March 31, 2015 and the Statement of Income, Statement of Changes in Equity and Statement of Cash Flow for the year ended March 31, 2015.

These Financial Statements are the responsibility of the Bank's management. My responsibility is to express an opinion on these Financial Statements based on my audit.

I conducted my audit in accordance with the Myanmar Standards on Auditing. These Standards require that I comply with ethical requirements and plan and perform the audit to obtain reasonable assurance whether the financial statements are free from material misstatement. My audit includes examining on a test basis, evidence supporting the amounts and disclosures in the financial statements. My audit also includes assessing the accounting policies used and the reasonableness of accounting estimates made by the management, as well as evaluating the overall presentation of the financial statements. I believe that the audit evidence I have obtained is sufficient and appropriate to provide a basis for my audit opinion.

In accordance with Section 145 and Section 145(A) of the Myanmar Companies Act, I report that I have obtained all the information and explanations I have required.

Subject to the Letter to the Management, in my opinion, the Bank's Financial Statements are properly drawn up in accordance with the provisions of the Myanmar Companies Act and Myanmar Financial Reporting Standards, so as to exhibit adequately a true and correct view of the state of affairs of the Bank as at March 31, 2015, and of the results of the Bank for the year ended on that date according to the best of my information and explanations given to me and as shown by the books of the Bank.

The books and records required by the Act to be kept by the Bank, have been maintained in accordance with Section 130 of the Myanmar Companies Act.

In accordance with Section 45 of the Financial Institutions of Myanmar Law (1990), I also report that in my opinion the Financial Statements of the Bank adequately reflect the financial position.

U Maung Maung Aung
Certified Public Accountant
U Hla Tun & Associates Limited
Shwegon Plaza, 64(B), (1st Floor)
Komin Kochin Road, Bahan Township,
Yangon.

Yangon.
Dated : June (17) , 2015.

DN\DIR1\TTH

MYANMAR CITIZENS BANK LIMITED

STATEMENT OF INCOME FOR THE YEAR ENDED MARCH 31, 2015

Kyat (In Thousands)

	Note	2015	2014
Total Interest income	16	10,072,227	7,170,802
Total Interest Expenses	17	(6,079,913)	(4,126,802)
Net Interest Income		**3,992,314**	**3,044,000**
Other Operating Income	18	4,252,759	2,773,046
Total Operating Income		**8,245,073**	**5,817,046**
Operating Expenses			
Staff Expenses	19	(1,543,448)	(1,184,098)
Other Operating Expenses	20	(1,594,728)	(1,282,544)
Total Operating Expenses		**(3,138,176)**	**(2,466,642)**
Net Profit Before Tax		5,106,897	3,350,404
Gain on Disposal of Property, Plant & Equipment		(55,457)	-
Dividend Income		170	180
Provision for Income-tax		(1,281,400)	(837,646)
Net Profit After Tax		**3,770,210**	**2,512,938**
Reserves & Provisions			
General Reserve (Statutory)		(947,752)	(628,235)
General Provision (Loans)		(525,367)	(332,794)
Reserve for Contingencies		(3,000)	-
Retained Earning for the year		**2,294,091**	**1,551,909**

See accompanying notes to the Financial Statements.

Authenticated by Directors;

(U Tun Lwin)	(U Myint Win)	(U Ohn Saing)
Director	**Managing Director**	**Director**

Dated: June (16), 2015.

DW:\MCBENG15\TTS

MYANMAR CITIZENS BANK LIMITED
STATEMENT OF CHANGES IN EQUITY
FOR THE YEAR ENDED 31 MARCH 2015

Kyat (In Thousand)

	Issued & Paid Up Capital	Share Premium	General Reserve (Statutory)	General Provision (Loan)	Reserve for Contingency	Exchange Equalization Fund	Retained Earnings	Total
Balances at (1.4.2013)	17,860,592	79,050	1,415,245	884,175	2,000	101,417	47,046	20,389,525
Changes during the year								-
- Issue of Shares	410,289	34,275	-	-	-	-	-	444,564
- Adjustments	-	-	-	-	-	(26,235)	237	(25,998)
- Profit for the year	-	-	-	-	-	-	1,551,909	1,551,909
- Provision for Reserves	-	-	628,235	332,794	-	-	-	961,029
- Provision for Dividend	-	-	-	-	-	-	(1,536,553)	(1,536,553)
Balances at 31.3.2014	18,270,881	113,325	2,043,480	1,216,969	2,000	75,182	62,639	21,784,476
Changes during the year								-
- Issue of Shares	18,841,945	-	-	-	-	-	-	18,841,945
- Share Premium	-	2,772,592	-	-	-	-	-	2,772,592
- Profit for the year	-	-	-	-	-	-	2,294,091	2,294,091
- Provision for Reserves	-	-	947,752	525,367	3,000	-	-	1,476,119
- Provision for Dividend	-	-	-	-	-	-	(2,269,932)	(2,269,932)
Balances at 31.3.2015	37,112,826	2,885,917	2,991,232	1,742,336	5,000	75,182	86,798	44,899,291

See accompanying notes to the Financial Statements.

MYANMAR CITIZENS BANK LIMITED
STATEMENT OF CASH FLOWS
FOR THE YEAR ENDED 31 MARCH 2015

	Kyat (In Thousand)	
	2015	**2014**
(1) **Cash flows from operating activities**		
Interests and commission receipts	14,321,988	9,943,668
Interest payments	(6,079,913)	(4,126,622)
Cash payments to employees and suppliers	(2,833,119)	(2,209,968)
Operating Profit before working capital changes	5,408,956	3,607,078
Changes in Operating Assets		
Loans & Overdrafts	(26,268,346)	(16,639,695)
Receivable & Advances	(3,314,731)	(1,465,880)
Changes in Operating Liabilities		
Deposits from customers	26,230,514	21,237,544
Other Payable	1,834,338	168,142
Net cash from operating activities before income tax	3,890,731	6,907,189
Income taxes paid	(1,281,400)	(838,314)
Net cash from operating activities	2,609,331	6,068,875
(2) **Cash flows from Investing Activities**		
Treasury Bonds, Investments	(12,832,775)	(5,077,745)
Purchase of Property, Plant & Equipment	(1,788,868)	(1,301,921)
Proceed of Property, Plant and Equipment	35,300	-
Dividends Received	170	180
Other Assets (Deferred Expenditure)	(40,801)	(43,339)
Net cash from investing activities	(14,626,974)	(6,422,825)
(3) **Cash flows from Financing Activities**		
Issue of share	21,614,537	444,564
Dividends paid	(1,515,754)	(888,318)
Net cash from financing activities	20,098,783	(443,754)
Net increase/(decrease) in cash and cash equivalents (1+2+3)	8,081,140	(797,704)
Cash and cash equivalents at beginning of period (1 April)	17,516,381	18,314,085
Cash and cash equivalents at end of period (31 March)	25,597,521	17,516,381

See accompanying notes to the Financial Statements.

MYANMAR CITIZENS BANK LIMITED
NOTES TO THE FINANCIAL STATEMENTS
FOR THE YEAR ENDED MARCH 31, 2015

1.0 Corporate Information

The Myanmar Citizens Bank Limited was incorporated as a public company limited by Shares, as per Notifications No.21/91 of the Ministry of Commerce (Ministry of Trade) dated 30 September, 1991 and the Certificate of Incorporation No.274/91-92 dated 30 October, 1991.

The Central Bank of Myanmar granted the Banking Licence on May 25, 1992 and banking business was commenced on June 2, 1992.

2.0 Summary of Significant Accounting Policies

2.1 Basic of Preparation

The financial statements of the Bank have been prepared under the historical cost convention and in accordance with the Myanmar Financial Reporting Standards.

The financial statements are presented in Myanmar Kyats.

2.2 Foreign Currency Transactions

The financial statements are presented in "Kyats", which is the bank's functional and presentation currency. Foreign currency transactions are translated into Kyats using the prevailing exchange rates at the dates of the transactions.

Foreign exchange gains or losses resulting from such transactions are recognized in the Statement of Income.

2.3 Revenue Recognition

Interest income is recognized using the effective interest method.

Fee and commission income is recognized when services are rendered.

Foreign exchange Profit is gain on sales and purchases of foreign currencies.

2.4 Corporate Income tax

All tax expenses are current taxes and recognized in the Statement of Income. Current tax is the amount, expected to be paid on the taxable income for the year. The tax rate and tax laws applied are those that are enacted or substantively enacted by the Balance Sheet date.

2.5 Property, Plant & Equipments

Property, Plant & Equipments are stated at cost less accumulated depreciation.

Depreciation is computed under the straight-line method over the estimated useful life of these assets other than land which is not depreciated. Rates of depreciation are as follows:,

Building	1.5%, 2.5%
Motor transport	12.5%
Furniture & Fixture	5%
Office Equipment	6.25%, 15%

2.6 Investments

Represents government treasury bonds, fixed deposits, investment in MPU and Credit Bureau and are stated at Cost.

2.7 Deferred Expenditure

Include mainly Branch opening expenses, renovation expenses for branches, banking software expenses, etc. Amortisation of Kyats (83) million was made during the year 2014-2015.

These accounts should be reviewed and classified as capital assets or revenue expenditure and be made necessary adjustments.

2.8 Financial Assets and Financial Liabilities

(i) **Classification**

Financial assets and financial liabilities are classified as follows :

* Loans & Receivables
  Non-derivative financial assets with fixed or determinable payments that are not quoted in an active market are classified as loans and receivables.

* Held-to-maturity
  Non-derivative financial assets with fixed or determinable payments and fixed maturity are classified as held to-maturity when the bank has the intention and ability to hold the assets till maturity.

* Available for sale
  Non-derivative financial assets that are not classified in any of the other categories.

(ii) **Measurement**

Financial assets and financial liabilities are initially measured at fair value plus transaction costs, directly attributable to their acquisition or issue.

(iii) **Recognition and De-recognition**

The Bank recognises all financial assets and financial liabilities, including all regular way purchases and sales of financial assets on the date of transactions. Financial instruments are de-recognised when the contractual right to cash flows and risks and rewards associated with the instruments are substantially transferred, cancelled or expired.

3.0 CASH AT BANK

Details are as follows :-

		Kyat 2015	Kyat 2014
Yangon (Head Office)	- Foreign Currency	328,545,171.09	453,315,444.96
" " (Head Office)	- Kyat	1,197,911,356.08	1,599,519,948.39
Branches		3,969,776,271.74	3,761,177,484.15
	Total	5,496,232,798.91	5,814,012,877.50

4.0 CASH WITH CENTRAL BANK OF MYANMAR

Details are as follows :-

		Kyat 2015	Kyat 2014
Yangon (Head Office)	- Foreign Currency	1,035,073,993.72	622,284,393.72
" " (Head Office)	- Kyat	4,547,485,376.63	1,916,606,747.38
Mandalay (Branch) – Kyat		919,725,505.60	434,848,816.60
Nay Pyi Taw (Branch) – Kyat		1,058,204,536.88	303,938,723.63
	Total	7,560,489,412.83	3,277,678,681.33

5.0 CASH WITH OTHER BANKS

	Kyat 2015	Kyat 2014
CURRENT DEPOSITS		
Deposits with Myanmar Economic Bank	1,299,311,438.54	860,437,990.20
Deposits with Private Bank (Kyat)	1,237,491,561.77	229,640,044.09
Deposits with Private Bank (F.C)	54,411,993.75	8,059,130.86
Deposits with Myanmar Investment & Commercial Bank	6,293,647,498.85	4,032,451,472.75
Deposits with Foreign Correspondent Bank	3,433,510,459.32	3,246,865,418.54
Deposits with Myanmar Foreign Trade Bank (F.C)	222,425,917.95	47,235,016.72
Total	**12,540,798,870.18**	**8,424,689,073.16**

6.0 LOANS AND OVERDRAFTS

As per report to CBM, Loans & Overdraft were classified as follows :-

	2015		2014	
Security Received	**Cases**	**Kyat**	**Cases**	**Kyat**
Land & Building	824	70,226,868,078	930	50,136,790,248
Machinery	7756	16,099,911,778	7624	9,960,462,642
Stock	1	390,000,000	2	480,000,000
Saving Passport	1	400,000,000	6	271,181,373
Total	**8582**	**87,116,779,856**	8562	60,848,434,263

6.1 **Non-Performing Loans**

As per report to Central Bank of Myanmar non performing loans on (40) cases of K 1921.57 (million) as at 31 March 2015, are as follows :-

Non-Performing Loans	Nos.	Kyat (million)
Substandard	18	970.82
Doubtful	8	409.38
Bad Debt	14	541.37
Total	40	1921.57

The ratio of Non-performing Loans to Total Loans portfolio is 2.2%.

6.2 **Ratios Analysis**

			2015	2014
(a)	Total loans to Total Deposits Ratio	=	84%	79%
(b)	Total loans to Shareholder's Equity Ratio	=	194%	279%
(c)	Total loans to Total Assets Ratio	=	53%	58%
(d)	Total loans to Deposits plus Shareholder's Equity Ratio	=	59%	62%

6.3 **Loan Portfolio Management**

(a) **Statutory Limitation**

As per Section 32 of the Financial Institutions of Myanmar Law (amended), the Bank should not lend more than 20% of its capital and reserves to single individual, an enterprise, or an economic group.

(b) As per instruction No.1/2008 of Bank Supervision Committee dated 30 December 2008, loans should not be made,

(1) to the Directors of the Bank and their spouse

(2) to the Companies and Enterprises which include Directors of the Bank and their spouse as Directors, Officers, Partners and Managing Agent.

6.4 The following points relating to the Loan & Overdrafts need to be reviewed.

- The amounts of the loans granted vs. the assessed values of the securities provided.
- The adequacy or otherwise of the value of the security offered especially in view of the current conditions needs to be reviewed.
- To recall unsecured loans.
- To take necessary action for no payment of interests and no repayment of principal.
- To adequately provide for possible loss on bad and doubtful debts.
- Extensions of loans and overdraft should be made very carefully.
- Whether the loans are effectively utilized for proposed business operations and whether they could be successful enough to repay the loan, together with the interest due thereon.

7.0 ADVANCES & RECEIVABLE

Details are as follows:

	Kyat 2015	Kyat 2014
- Suspenses	4,854,561,807	2,008,559,951
- Advance Income-tax (Assessment Year 2014-2015)	-	837,645,941
- Advance Income-tax (Assessment Year 2015-2016)	1,281,400,000	-
- Prepaid Insurance	5,870,423	4,948,324
- Others	659,905,833	192,099,229
Total	**6,801,738,063**	**3,043,253,445**

8.0 INVESTMENTS

	2015 Kyat	2014 Kyat
Fixed Deposit	13,395,536,450.13	7,150,010,000.00
Saving Deposit	856,804,262.68	1,136,734,867.32
Supper Call Deposit	17,178,784.82	-
Term Deposit	1,350,000,000.00	-
Myanmar Payment Union	200,000,000.00	200,000,000.00
Credit Bureau	1,000,000.00	1,000,000.00
Government Treasury Bonds	15,800,000,000.00	10,300,000,000.00
Total	**31,620,519,497.63**	**18,787,744,867.32**

9.0 PROPERTY, PLANT & EQUIPMENT

Detailed are shown in Annexure (1).

10.0 DEFERRED EXPENDITURE

	Kyat	
	2015	2014
Opening balance (1 April)	178,185,750.92	209,582,825.56
Additions during the year	40,801,411.16	43,339,110.00
Written-off during the year	(82,896,466.87)	(74,736,184.64)
Balance at March 31	**136,090,695.21**	**178,185,750.92**

11.0 TOTAL DEPOSITS

	Kyat	
	2015	2014
Deposits – Current	14,287,813,297.12	14,320,704,274.62
Deposits – Foreign Currency	6,127,483,664.46	5,748,750,697.72
Deposits – Saving	51,196,197,440.84	41,970,396,266.43
Deposits – Time	30,297,035,486.00	14,821,551,000.00
ATM Current Deposit	217,145,155.09	87,020,072.00
Call Deposit	1,053,260,905.73	-
Total	**103,178,935,949.24**	**76,948,422,310.77**

12.0 OTHER LIABILITIES

Details are as follows :

	Kyat	
	2015	2014
Other Liabilities	2,956,975,040.58	2,200,035,776.57
Accrued Expenses	1,075,179,800.44	553,514,754.30
Total	**4,032,154,841.02**	**2,753,550,530.87**

13.0 PROVISION FOR INCOME TAX

	Kyat	
	2015	2014
Provision for tax (2013-2014 Income Year)	-	837,645,940.66
Provision for tax (2014-2015 Income Year)	1,281,400,000	-
Total	**1,281,400,000**	**837,645,940.66**

14.0 ISSUE & PAID UP CAPITAL

	Kyat	
	2015	2014
'A' Shares	5,117,051,000	3,211,601,000
'B' Shares	31,995,775,000	15,059,280,000
Total	**37,112,826,000**	**18,270,881,000**

15.0 RESERVES AND RETAINED EARNINGS

Changes during the year are shown in the Statement of Changes in Equity.

16.0 TOTAL INTEREST INCOME

Details are as follows:

	Kyat	
	2015	**2014**
Interest on Loans & Overdraft	7,109,303,283.84	5,798,908,995.87
Interest on Treasury Bond	1,361,758,904.12	1,069,252,054.80
Interest on Deposits (Other Bank)	1,601,165,275.14	302,641,286.86
Total	10,072,227,463.10	7,170,802,337.53

17.0 TOTAL INTEREST EXPENSES

It is observed that total interest expenses is 60% on total interest income, as compared with previous year (2013-2014) of 57%.

18.0 OTHER OPERATING INCOME

Details are as follows :-

	Kyat	
	2015	**2014**
Commission on Payment Orders & Remittances	1,127,941,577.75	657,799,117.13
Service Income	803,710,861.42	610,425,859.79
Share Form Sale & Others	1,569,006,209.82	966,087,529.82
Foreign Exchange Transaction	752,100,511.88	538,733,128.64
Total	**4,252,759,160.87**	**2,773,045,635.38**

19.0 STAFF EXPENSES

Detailed are shown in Annexure (2).

20.0 OTHER OPERATION EXPENSES

It is observed that Other Operating Expenses is 19% on total operating Income, as compared with previous year (2013-2014) of 22%.

Details are shown in Annexure (2).

21.0 FINANCIAL INSTITUTIONS OF MYANMAR LAW

(A) Re: Section (46) – Complied instructions for preparation of reports, in accordance with the accounting standards for financial institutions prescribed by the Central Bank.

(B) Re: Section (49) the Audit Committee consisting of 3 members was formed by the shareholders Annual General Meeting.

(C) Re: Section (31) monthly report on risk-weighted assets is submitted.

22.0 REPORTING TO THE CENTRAL BANK OF MYANMAR

It is observed that the Bank submitted reports and statements to the Central Bank in accordance with the instructions and notification of the Central Bank of Myanmar.

23.0 ANALYSIS AND RATIOS STATEMENTS

The following statements are also attached with the accounts :

a.	Balance Sheet Ratios – for Liquidity Purposes	Annexure 3
b.	Income Statement Ratios	Annexure 4
c.	Statement of Cash Reserve Position and Ratios (at 31.3.2015)	Annexure 5

DW:\MCBNT15\TTS

Annexure (1)

MYANMAR CITIZENS BANK LIMITED

ANNEXURE TO THE BALANCE SHEET AS AT MARCH 31, 2015

Property, Plant & Equipment (Kyat)

Sr No.	Particulars	COSTS				Rate	DEPRECIATION				Net	Net
		at 1.4.2014	Additions	Sales/ Write off	at 31.3.2015	(%)	at 1.4.2014	Sales/ Write off	During the year	Total 31.3.2015	Book Value at 31.3.2015	Book Value at 31.3.2014
1	Land & Building	3,301,663,174.00	1,378,496,064	-	4,680,159,238.00	1.5% 2.5%	98,462,550.56	-	45,767,581.25	144,230,131.81	4,535,929,106.19	3,203,200,623.44
2	Motor Transport	514,965,160.00	238,772,784	(189,233,350.00)	564,504,594.00	12.5%	210,118,947.50	(101,476,471.50)	70,563,071.13	179,205,547.13	385,299,046.87	304,846,212.50
3	Office Equipment	475,545,346.80	157,974,355	-	633,519,701.80	6.25% 15%	212,657,055.95	-	101,575,766.26	314,232,822.21	319,286,879.59	262,888,290.85
4	Furniture & Fixture	75,157,060.52	13,625,060	-	88,782,120.52	5%	13,698,338.02	-	4,255,321.50	17,953,659.52	70,828,461.00	61,458,722.50
	Total	4,367,330,741.32	1,788,868,263	(189,233,350.00)	5,966,965,654.32		534,936,892.03	(101,476,471.50)	222,161,740.14	655,622,160.67	5,311,343,493.65	3,832,393,849.29

CERTIFICATE

We hereby certify that the above Property, Plant & Equipment are the properties of Myanmar Citizens Bank Limited and in existence at March 31, 2015. All the Property, Plant & Equipment purchased during the year were made with the proper sanction of the Board of Directors.

Property, Plant & Equipment purchases and disposal were made with the proper sanction of the Board of Directors.

(Chief Accountant)	(General Manager)	(Managing Director)

myd:MCB-2015.XLS\Cp5

Annexure (2)

MYANMAR CITIZENS BANK LIMITED
ANNEXURE TO THE STATEMENT OF INCOME
FOR THE YEAR ENDED 31 MARCH 2015

	2015	2014
Staff Expenses	**Kyat**	**Kyat**
Salaries & Allowances	1,425,445,064.03	1,071,320,413.64
Uniform Expenses	22,547,000.00	26,094,350.00
Provident Fund Contribution	37,584,000.00	31,629,600.00
Training Fees	10,550,150.00	9,848,272.00
Gratuity	10,000,000.00	27,980,000.00
Social Security Contribution	13,596,950.00	1,862,325.00
Staffs welfare contribution	10,000,000.00	6,000,000.00
Interest on staff welfare fund	13,725,178.51	9,363,243.55
	1,543,448,342.54	**1,184,098,204.19**
Other Operating Expenses		
Honorarium Fee	18,997,917.00	20,710,000.00
B.O.D Meeting Expenses	10,800,000.00	10,695,000.00
Audit Fees	3,000,000.00	2,175,000.00
Consultant fees	1,534,600.00	-
Printing & Stationary	42,651,017.00	47,297,079.00
Rental	49,187,810.00	33,690,851.00
Insurances	15,247,667.48	11,263,507.70
Electricity	47,579,458.00	39,743,284.00
Repairs & Maintenance	40,877,841.36	45,342,964.36
Transportation Expenses	15,534,056.00	8,452,850.00
Postage & Telex Expenses	67,218,721.00	58,210,393.00
Taxes	3,433,719.00	1,652,908.00
Travelling Expenses	40,560,447.00	29,762,819.00
News, Magazine & Books	1,458,950.00	1,040,300.00
License Fees	92,831,231.00	32,340,139.00
A.G.M Expenses	17,049,000.00	11,859,300.00
Oil & Lubricants	108,657,258.00	86,377,479.00
Entertainment	39,216,962.00	35,714,570.00
Meal Allowances	325,375,880.00	258,419,100.00
Donations	31,462,990.00	21,758,023.00
General Expenses	68,764,697.64	81,976,542.36
Advertisement	4,082,000.00	9,740,509.16
Commission & Services Exp:	30,513,542.33	10,955,356.00
Expenditure IB	208,363,214.50	166,287,922.28
Refund Rental Fees HP	25,000.00	348,836.58
Settlement fees for MICB	60,000.00	55,000.00
Write off	1.00	34.00
Loss on Exchange Translation	5,186,224.04	-
Depreciation	222,161,740.14	181,938,364.80
Amortization	82,896,466.87	74,736,184.64
	1,594,728,411.36	**1,282,544,316.88**

Annexure (3)

MYANMAR CITIZENS BANK LIMITED

Analysis and Ratios Statement

Balance Sheet Ratios - (For Liquidity and Solvency Position)

As at March 31, 2015

	KYAT (Million)	PERCENTAGE (%)	
		2015	2014
ASSETS			
Cash & Cash Equivalent	41,399	26.44	26.69
Loans & Overdrafts	87,117	55.64	58.39
Advances and Other Receivable	22,621	14.45	11.07
Property, Plant & Equipment	5,311	3.39	3.68
Intangible	136	0.08	0.17
Total Assets	156,584	100.00	100.00
EQUITY & LIABILITIES			
Capital - Paid up	37,113	23.70	17.53
Reserves & Retained Earning	7,786	4.97	3.37
Provision for Income Tax	1,282	0.82	0.81
Total Deposits	103,179	65.90	73.84
Other Liabilities, etc.	7,224	4.61	4.45
Total Equity & Liabilities	156,584	100.00	100.00

myd:\Mya-citizen state.XLS\Cp5

Annexure (4)

MYANMAR CITIZENS BANK LIMITED

INCOME STATEMENT-RATIOS

YEAR ENDED 31 MARCH 2015

	KYAT	KYAT	Percentage (%)	
	2015 (Million)	2014 (Million)	2015	2014
Total Operating Income			100.00	100.00
Interest Income	10,072.23	7,170.80		
Less:				
Interest Expenses	(6,079.91)	(4,126.80)		
Net Interest Income	3,992.32	3,044.00	48.42	52.33
Add:				
Other Operating Income	4,252.76	2,773.05	51.58	47.67
Total Operating Income	8,245.08	5,817.05	100.00	100.00

myd:\Mya-citizen state.XLS\Cp5

Annexure (5)

MYANMAR CITIZENS BANK LIMITED

STATEMENT OF CASH RESERVE POSITION & RATIOS

AS AT 31 MARCH 2015

		2015 (%)	2014 (%)
1.0	Total Cash Balances to Total Deposits	25%	23%
2.0	Cash & Cash equivalent to Total Deposits (Cash Equivalent including securities investment)	40%	36%
3.0	Total Loans to Total Deposits	84%	79%
4.0	Total Loans to Shareholders' Equity	194%	279%
5.0	Total Loans to Deposit plus Shareholders' Equity	59%	62%
6.0	Total Deposits to Issued & Paid up Capital	2.78 times	4.21 times

နောက်ဆက်တွဲ (၂)

၂၀၁၆-ခုနှစ် မတ်လ ကုန်ဆုံးသော ဘဏ္ဍာနှစ် အတွက် စာရင်းစစ် စစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ

MYANMAR CITIZENS BANK LIMITED

FINANCIAL STATEMENTS
FOR THE YEAR ENDED MARCH 31, 2016.

Currency : Myanmar Kyats

U HLA TUN & ASSOCIATES LIMITED
CERTIFIED PUBLIC ACCOUNTANTS

MYANMAR CITIZENS BANK LIMITED
FINANCIAL STATEMENTS
FOR THE YEAR ENDED MARCH 31,2016.

Contents **Page**

Statement of Management's Reponsibility	1
Independent Auditor's Report	2-3
Statement of Financial Position	4
Statement of Income	5
Statement of Changes in Equity	6
Statement of Cash Flows	7
Notes to the Financial Statements	8 - 18

STATEMENT OF MANAGEMENT'S RESPONSIBILITY FOR MYANMAR CITIZENS BANK LIMITED

It is the responsibility of the management to prepare the financial statements for each financial year which give a true and fair view of the financial position of **Myanmar Citizens Bank Limited** (the Bank) as of March 31, 2016 and of its financial performance and its cash flows for the year then ended. In preparing these financial statements, the management is required to :

- select suitable accounting policies and then apply them consistently; and
- make judgments and estimates that are reasonable and prudent.

The management is responsible for keeping proper accounting records which disclose with reasonable accuracy at any time the financial position of the Bank. They have general responsibility for taking such steps as are reasonably open to them to safeguard the assets of the Bank and to prevent and detect fraud and other irregularities.

We believe that the Bank will be able to pay its debts as and when they fall due and all accounts receivable are good and recoverable.

On behalf of Management

U Tun Lwin	**U Myint Win**	**U Ohn Saing**
Director	**Managing Director**	**Director**

July 12 , 2016.

INDEPENDENT AUDITOR'S REPORT

To the Members of
Myanmar Citizens Bank Limited

We have audited the accompanying financial statements of Myanmar Citizens Bank Limited (the Bank), which comprise the Statements of Financial Position as at March 31, 2016 and Statement of Income, Statement of Changes In Equity and Statement of Cash Flows for the year then ended and a summary of significant accounting policies and other explanatory notes.

Management's Responsibility for the Financial Statements

Management is responsible for the preparation and fair presentation of the financial statements in accordance with Myanmar Financial Reporting Standards ("MFRSs") and the provision of the Myanmar Companies Act. This responsibility includes; designing, implementing and maintaing internal control relevant to the preparation and fair presentation of financial statements that are free from material misstatement, whether due to fraud or error; selecting and applying appropriate accounting policies; and making accounting estimates that are reasonable in the circumstances.

Auditor's Responsibility

Our responsibility is to express an opinion on these financial statements based on our audit. We conducted our audit in accordance with Myanmar Standards on Auditing. Those standards require that we comply with ethical requirements, plan and perform the audit to obtain reasonable assurance whether the financial statements are free from material misstatement.

An audit involves performing procedures to obtain audit evidence about the amounts and disclosures in the financial statements. The procedures selected depend on the auditor's judgment, including the assessment of the risks of material misstatement of the financial statements, whether due to fraud or error. In making those risk assessment, the auditor considers internal control relevant to the entity's preparation and fair presentation of the financial statements in order to design audit procedures that are appropriate in the circumstances, but not for the purpose of expressing an opinion on the effectiveness of the entity's internal control. An audit also includes evaluating the appropriateness of accounting policies used and the reasonableness of accounting estimates made by management, as well as evaluating the overall presentation of the financial statements.

We believe that the audit evidence we have obtained is sufficient and appropriate to provide a basis for our audit opinion.

Opinion

In our opinion,

(i) the Bank's financial statements are properly drawn up in conformity with the provisions of the Myanmar Companies Act and the Myanmar Financial Reporting Standards so as to give a true and fair view of the financial position of the Bank as of March 31, 2016 and of its financial performance and its cash flows for the year then ended, according to the best of our information and explanations given to us and as shown by the books of the Bank.

(ii) we have obtained all the information and explanations we have required and

(iii) the books and records have been maintained by the Bank as required by Section 130 of the Myanmar Companies Act.

In accordance with Section 89(a) of the Financial Institutions Law, we also report that in our opinion the Financial Statements of the Bank adequately reflect the financial position of the Bank and its solvency.

(MAUNG MAUNG AUNG)
Certified Public Accountant
U Hla Tun & Associates Limited
Shwegon Plaza, 64(B), 1st Floor,
Komin Kochin Road, Bahan Township,
Yangon Region.

Dated : July 12, 2016.

MYANMAR CITIZENS BANK LIMITED

STATEMENT OF FINANCIAL POSITION AS AT MARCH 31, 2016

			Kyat (In Thousand)
ASSETS	**Note**	**2016**	**2015**
CURRENT ASSETS			
Cash in hand and at Banks	3	40,416,599	25,597,521
Loans & Overdrafts	4	115,275,849	87,116,780
Advances & Receivable	5	7,569,618	6,801,738
Investments	6	50,851,793	31,620,519
Property, Plant & Equipment	7	8,056,408	5,311,344
Deferred Expenditure	8	58,836	136,091
Acceptance, Endorsement & Guarantee		7,583,716	7,619,985
Total Assets		**229,812,819**	**164,203,978**
LIABILITIES			
Total Deposits	9	144,370,264	103,178,936
Other Liabilities	10	10,755,765	4,032,154
Payment Orders		297,506	822,972
Provision for Dividend		3,397,377	2,269,932
Provision for Income Tax		1,788,361	1,281,400
Dividend Payable (unclaimed)		153,038	99,308
Acceptance, Endorsement & Guarantee		7,583,716	7,619,985
Total Liabilities		**168,346,027**	**119,304,687**
EQUITY			
Issued & Paid Up Capital	11	49,869,765	37,112,826
Share Premium		4,799,458	2,885,917
Reserves & Retained Earnings	12		
General Reserve (Statutory)		4,322,852	2,991,232
General Provision (Loans)		2,305,518	1,742,336
Reserve for contingencies		10,000	5,000
Exchange Equalization Fund		75,182	75,182
Retained Earnings		84,017	86,798
Total Equity		**61,466,792**	**44,899,291**
Total Equity & Liabilities		**229,812,819**	**164,203,978**

See accompanying notes to the Financial Statements.
Authenticated by Directors;

(U Tun Lwin)	**(U Myint Win)**	**(U Ohn Saing)**
Director	**Managing Director**	**Director**

Dated: July , 2016.

MYANMAR CITIZENS BANK LIMITED

STATEMENT OF INCOME FOR THE YEAR ENDED MARCH 31, 2016

	Note	2016	2015
		Kyat (In Thousand)	
Total Interest income	13	16,122,657	10,072,227
Total Interest Expenses	14	(8,994,760)	(6,079,913)
Net Interest Income		**7,127,897**	**3,992,314**
Other Operating Income	15	5,802,724	4,252,759
Total Operating Income		**12,930,621**	**8,245,073**
Operating Expenses			
Staff Expenses	16	(2,363,622)	(1,543,448)
Other Operating Expenses	17	(3,471,569)	(1,594,728)
Total Operating Expenses		**(5,835,191)**	**(3,138,176)**
Net Profit Before Tax		7,095,430	5,106,897
Gain on Disposal of Property, Plant & Equipment		-	(55,457)
Dividend Income		218	170
Provision for Income-tax		(1,788,361)	(1,281,400)
Net Profit After Tax		**5,307,287**	**3,770,210**
Reserves & Provisions			
General Reserve (Statutory)		(1,331,620)	(947,752)
General Provision (Loans)		(563,182)	(525,367)
Reserve for Contingencies		(5,000)	(3,000)
Retained Earning for the year		**3,407,485**	**2,294,091**

See accompanying notes to the Financial Statements.

Authenticated by Directors;

(U Tun Lwin)	**(U Myint Win)**	**(U Ohn Saing)**
Director	**Managing Director**	**Director**

Dated: July , 2016.

MYANMAR CITIZENS BANK LIMITED
STATEMENT OF CHANGES IN EQUITY
FOR THE YEAR ENDED 31 MARCH 2016

Kyat (In Thousand)

	Issued & Paid Up Capital	Share Premium	General Reserve (Statutory)	General Provision (Loan)	Reserve for Contingency	Exchange Equalization Fund	Retained Earnings	Total
Balances at (1.4.2014)	18,270,881	113,325	2,043,480	1,216,969	2,000	75,182	62,639	21,784,476
Changes during the year								-
- Issue of Shares	18,841,945	-	-	-	-	-	-	18,841,945
- Share Premium	-	2,772,592	-	-	-	-	-	2,772,592
- Profit for the year	-	-	-	-	-	-	2,294,091	2,294,091
- Provision for Reserves	-	-	947,752	525,367	3,000	-	-	1,476,119
- Provision for Dividend	-	-	-	-	-	-	(2,269,932)	(2,269,932)
Balances at 31.3.2015	37,112,826	2,885,917	2,991,232	1,742,336	5,000	75,182	86,798	44,899,291
Changes during the year								-
- Issue of Shares	12,756,939	-	-	-	-	-	-	12,756,939
- Share Premium	-	1,913,541	-	-	-	-	-	1,913,541
- Adjustments	-	-	-	-	-	-	(12,889)	(12,889)
- Profit for the year	-	-	-	-	-	-	3,407,485	3,407,485
- Provision for Reserves	-	-	1,331,620	563,182	5,000	-	-	1,899,802
- Provision for Dividend	-	-	-	-	-	-	(3,397,377)	(3,397,377)
Balances at 31.3.2016	49,869,765	4,799,458	4,322,852	2,305,518	10,000	75,182	84,017	61,466,792

See accompanying notes to the Financial Statements.

MYANMAR CITIZENS BANK LIMITED
STATEMENT OF CASH FLOWS
FOR THE YEAR ENDED 31 MARCH 2016

	Kyat (In Thousand)	
	2016	2015
(1) **Cash flows from operating activities**		
Interests and commission receipts	21,925,381	14,321,988
Interest payments	(8,994,760)	(6,079,913)
Cash payments to employees and suppliers	(5,463,439)	(2,833,119)
Operating Profit before working capital changes	7,467,182	5,408,956
Changes in Operating Assets		
Loans & Overdrafts	(28,159,069)	(26,268,346)
Receivable & Advances	(260,919)	(3,314,731)
Changes in Operating Liabilities		
Deposits from customers	41,191,328	26,230,514
Other Payable	6,198,145	1,834,338
Net cash from operating activities before income tax	26,436,667	3,890,731
Income taxes paid	(1,770,000)	(1,281,400)
Net cash from operating activities	24,666,667	2,609,331
(2) **Cash flows from Investing Activities**		
Treasury Bonds, Investments	(19,231,275)	(12,832,775)
Purchase of Property, Plant & Equipment	(3,070,811)	(1,788,868)
Proceed on Sales of Property, Plant and Equipment	-	35,300
Dividends Received	218	170
Other Assets	-	(40,801)
Net cash from investing activities	(22,301,868)	(14,626,974)
(3) **Cash flows from Financing Activities**		
Issue of share	14,670,480	21,614,537
Dividend paid	(2,216,201)	(1,515,754)
Net cash from financing activities	12,454,279	20,098,783
Net increase in cash and cash equivalents (1+2+3)	14,819,078	8,081,140
Cash and cash equivalents at beginning of period (1 April)	25,597,521	17,516,381
Cash and cash equivalents at end of period (31 March)	40,416,599	25,597,521

See accompanying notes to the Financial Statements.

MYANMAR CITIZENS BANK LIMITED
NOTES TO THE FINANCIAL STATEMENTS
FOR THE YEAR ENDED MARCH 31, 2016

1.0 Corporate Information

The Myanmar Citizens Bank Limited was incorporated as a public company limited by Shares, as per Notifications No.21/91 of the Ministry of Commerce (Ministry of Trade) dated 30 September, 1991 and the Certificate of Incorporation No.274/91-92 dated 30 October, 1991.

The Central Bank of Myanmar granted the Banking Licence on May 25, 1992 and banking business was commenced on June 2, 1992.

2.0 Summary of Significant Accounting Policies

2.1 Basic of Preparation

The financial statements of the Bank have been prepared under the historical cost basis and in accordance with the Myanmar Financial Reporting Standards.

The financial statements are presented in Myanmar Kyats.

2.2 Foreign Currency Transactions

The financial statements are presented in "Kyats", which is the bank's functional and presentation currency. Foreign currency transactions are translated into Kyats using the prevailing exchange rates at the dates of the transactions.

Foreign exchange gains or losses resulting from such transactions are recognized in the Statement of Income.

The balance of exchange equalization fund of Kyat 75.18 million, since previous year, should be transferred to the Retained Earning Account.

2.3 Revenue Recognition

Interest income is recognized using the effective interest method.

Fee and commission income is recognized when services are rendered.

Foreign exchange Profit is gain on sales and purchases of foreign currencies.

2.4 Corporate Income tax

All tax expenses are current taxes and recognized in the Statement of Income. Current tax is the amount, expected to be paid on the taxable income for the year. The tax rate and tax laws applied are those that are enacted or substantively enacted by the Balance Sheet date.

2.5 Cash in hand and at Banks

Cash in hand and at banks comprises of cash in hand, cash with Central Bank of Myanmar, State owned banks and other banks.

2.6 Property, Plant & Equipments

Property, Plant & Equipments are stated at cost less accumulated depreciation.

Depreciation is computed under the straight-line method over the estimated useful life of these assets other than land which is not depreciated. Rates of depreciation are as follows:,

Building	1.25%, 2.5%
Motor transport	12.5%
Furniture & Fixture	5%
Office Equipment	6.25%, 10%, 12.5%, 20%

2.7 Investments

Represent government treasury bonds, fixed deposits, investment in MPU and Credit Bureau and are stated at Cost.

2.8 Deferred Expenditure

Include mainly balance of Branch opening expenses, renovation expenses for branches, banking software expenses, etc. Amortisation of Kyats (77.25) million was made during the year 2015-2016.

These accounts should be reviewed and classified as capital assets or revenue expenditure and be made necessary adjustments.

2.9 Financial Assets and Financial Liabilities

(i) Classification

Financial assets and financial liabilities are classified as follows :

* Loans & Receivables
  Non-derivative financial assets with fixed or determinable payments that are not quoted in an active market are classified as loans and receivables.

* Held-to-maturity
  Non-derivative financial assets with fixed or determinable payments and fixed maturity are classified as held to-maturity when the bank has the intention and ability to hold the assets till maturity.

* Available for sale
  Non-derivative financial assets that are not classified in any of the other categories.

(ii) Measurement

Financial assets and financial liabilities are initially measured at fair value plus transaction costs, directly attributable to their acquisition or issue.

(iii) Recognition and De-recognition

The Bank recognises all financial assets and financial liabilities, including all regular way purchases and sales of financial assets on the date of transactions. Financial instruments are de-recognised when the contractual right to cash flows and risks and rewards associated with the instruments are substantially transferred, cancelled or expired.

3.0 CASH IN HAND AND AT BANKS

Details are as follows :-

	Kyat 2016	Kyat 2015
Cash in hand	8,989,277,875.18	5,496,232,798.91
Cash with Central Bank of Myanmar	9,708,922,149.68	7,560,489,412.83
Cash with Other Banks	21,718,399,395.02	12,540,798,870.18
Total	40,416,599,419.88	25,597,521,081.92

4.0 LOANS AND OVERDRAFTS

As per report to CBM, Loans & Overdraft were classified as follows :-

	2016		2015	
Security Received	**Cases**	**Kyat**	**Cases**	**Kyat**
Land & Building	886	92,790,612,446	824	70,226,868,078
Machinery	7709	22,185,236,166	7756	16,099,911,778
Stock	1	300,000,000	1	390,000,000
Saving Passport	-	-	1	400,000,000
Total	**8596**	**115,275,848,612**	**8582**	**87,116,779,856**

4.1 Non-Performing Loans

As per report to Central Bank of Myanmar, non performing loans on (44) cases of K 2374 (million) as at 31 March 2016, are as follows :-

Non-Performing Loans	Nos.	Kyat (million)
Substandard	17	1,194.46
Doubtful	10	429.63
Bad Debt	17	749.91
Total	44	2,374.00

The ratio of Non-performing Loans to Total Loans portfolio is 2.06%.

Legal Actions

The Bank has taken legal action on (33) cases amounting to K. 1,741.63 million as at 31 March 2016.

4.2 Ratios Analysis

			2016	2015
(a)	Total loans to Total Deposits Ratio	=	80%	84%
(b)	Total loans to Shareholder's Equity Ratio	=	187%	194%
(c)	Total loans to Total Assets Ratio	=	50%	53%
(d)	Total loans to Deposits plus Shareholder's Equity Ratio	=	56%	59%

5.0 ADVANCES & RECEIVABLE

Details are as follows:

	Kyat 2016	Kyat 2015
- Suspenses	4,160,831,642	4,854,561,807
- Advance Income-tax (Assessment Year 2015-2016)	-	1,281,400,000
- Advance Income-tax (Assessment Year 2016-2017)	1,788,361,078	-
- Prepaid Insurance	13,937,032	5,870,423
- Others	1,606,487,952	659,905,833
Total	**7,569,617,704**	**6,801,738,063**

6.0 INVESTMENTS

	Kyat 2016	Kyat 2015
Fixed Deposits	21,627,908,547.45	13,395,536,450.13
Saving Deposits	2,592,530,874.08	856,804,262.68
Super Call Deposits	-	17,178,784.82
Term Deposits	-	1,350,000,000.00
Special Deposits	1,354,070.40	
Myanmar Payment Union	200,000,000.00	200,000,000.00
Credit Bureau	130,000,000.00	1,000,000.00
Government Treasury Bonds	26,300,000,000.00	15,800,000,000.00
Total	**50,851,793,491.93**	**31,620,519,497.63**

7.0 PROPERTY, PLANT & EQUIPMENT

Detailed are shown in Annexure (1).

8.0 DEFERRED EXPENDITURE

	Kyat	
	2016	2015
Opening balance (1 April)	136,090,695.21	178,185,750.92
Additions during the year	-	40,801,411.16
Written-off during the year	(77,254,856.87)	(82,896,466.87)
Balance at March 31	**58,835,838.34**	**136,090,695.21**

9.0 TOTAL DEPOSITS

	Kyat	
	2016	2015
Deposits – Current	17,624,380,371.33	14,287,813,297.12
Deposits – Foreign Currency	14,910,293,770.87	6,127,483,664.46
Deposits – Saving	54,657,028,577.09	51,196,197,440.84
Deposits – Time	46,773,868,750.00	30,297,035,486.00
ATM Deposits	740,116,358.93	217,145,155.09
Call Deposits	9,436,519,364.22	1,053,260,905.73
Citizens Cards	228,056,405.84	-
Total	**144,370,263,598.28**	**103,178,935,949.24**

10.0 OTHER LIABILITIES

Details are as follows :

	Kyat	
	2016	**2015**
Other Liabilities	9,534,076,809.27	2,956,975,040.58
Accrued Expenses	1,221,688,289.61	1,075,179,800.44
Total	**10,755,765,098.88**	**4,032,154,841.02**

11.0 ISSUE & PAID UP CAPITAL

	Kyat	
	2016	**2015**
'A' Shares	5,117,055,000	5,117,051,000
'B' Shares	44,752,710,000	31,995,775,000
Total	**49,869,765,000**	**37,112,826,000**

12.0 RESERVES AND RETAINED EARNINGS

Changes during the year are shown in the Statement of Changes in Equity.

13.0 TOTAL INTEREST INCOME

Details are as follows:

	Kyat	
	2016	**2015**
Interest on Loans & Overdraft	11,924,296,024.66	7,109,303,283.84
Interest on Treasury Bond	1,985,578,612.70	1,361,758,904.12
Interest on Deposits (Other Bank)	2,212,782,529.09	1,601,165,275.14
Total	**16,122,657,166.45**	**10,072,227,463.10**

14.0 TOTAL INTEREST EXPENSES

It is observed that total interest expenses is 56% on total interest income, as compared with previous year (2014-2015) of 60%.

15.0 OTHER OPERATING INCOME

Details are as follows :-

	Kyat	
	2016	**2015**
Commission on Payment Orders & Remittances	1,473,934,441.17	1,127,941,577.75
Service Income	1,381,440,383.34	803,710,861.42
Others	17,822,436.22	1,569,006,209.82
Foreign Exchange Transaction	2,929,526,604.50	752,100,511.88
Total	**5,802,723,865.23**	**4,252,759,160.87**

16.0 STAFF EXPENSES

Detailed are shown in Annexure (2).

17.0 OTHER OPERATING EXPENSES

It is observed that Other Operating Expenses is 27% on total operating Income, as compared with previous year (2014-2015) of 19%.

Details are shown in Annexure (2).

18.0 REPORTING TO THE CENTRAL BANK OF MYANMAR

It is observed that the Bank submitted reports and statements to the Central Bank in accordance with the instructions and notification of the Central Bank of Myanmar.

19.0 ANALYSIS AND RATIOS STATEMENTS

The following statements are also attached with the accounts :

a.	Balance Sheet Ratios – for Liquidity Purposes	Annexure 3
b.	Income Statement Ratios	Annexure 4
c.	Statement of Cash Reserve Position and Ratios (at 31.3.2016)	Annexure 5

20.0 RELATED PARTIES

In the normal course of its banking business, the Bank has carried out transactions with related parties on terms agreed between the parties. The related party transactions are conducted on arm's length basis and on normal commercial terms, which are not favorable than those generally available to the public.

The balance of bank guarantee to Zeya & Associate Co., Ltd. as at March 31, 2016 is Kyat 2,868 million.

21.0 APPROVAL OF FINANCIAL STATEMENTS

The financial statement have been authorized for issue in accordance with the resolution of the Board of Directors on May 5, 2016.

Annexure (1)

MYANMAR CITIZENS BANK LIMITED

ANNEXURE TO THE BALANCE SHEET AS AT MARCH 31, 2016

Property, Plant & Equipment (Kyat)

Sr No.	Particulars	COSTS				Rate (%)	DEPRECIATION				Net Book Value at 31.3.2016	Net Book Value at 31.3.2015
		at 1.4.2015	Additions	Sales	at 31.3.2016		at 1.4.2015	Sales	During the year	Total 31.3.2016		
1	Land & Building	4,680,159,238.00	2,521,544,372	-	7,201,703,610.00	1.25% 2.5%	144,230,131.81	-	75,192,249.44	219,422,381.25	6,982,281,228.75	4,535,929,106.19
2	Motor Transport	564,504,594.00	86,058,835	-	650,563,429.00	12.5%	179,205,547.13	-	77,570,427.26	256,775,974.39	393,787,454.61	385,299,046.87
3	Office Equipment	633,519,701.80	409,167,151	(11,644,480.15)	1,031,042,372.65	6.25% 10%, 12.5%, 20%	314,232,822.21	(11,644,424.15)	166,026,772.14	468,615,170.20	562,427,202.45	319,286,879.59
4	Furniture & Fixture	88,782,120.52	54,040,500	-	142,822,620.52	5%	17,953,659.52	-	6,957,354.50	24,911,014.02	117,911,606.50	70,828,461.00
	Total	**5,966,965,654.32**	**3,070,810,858**	**(11,644,480.15)**	**9,026,132,032.17**		**655,622,160.67**	**(11,644,424.15)**	**325,746,803.34**	**969,724,539.86**	**8,056,407,492.31**	**5,311,343,493.65**

CERTIFICATE

We hereby certify that the above Property, Plant & Equipment are the properties of Myanmar Citizens Bank Limited and in existence at March 31, 2016. Property, Plant & Equipment purchases and disposal were made with the proper sanction of the Board of Directors.

(Chief Accountant)	(General Manager)	(Managing Director)

Annexure (2)

MYANMAR CITIZENS BANK LIMITED
ANNEXURE TO THE STATEMENT OF INCOME
FOR THE YEAR ENDED 31 MARCH 2016

	2016	2015
Staff Expenses	Kyat	Kyat
Salaries & Allowances	2,099,100,568.76	1,425,445,064.03
Uniform Expenses	24,648,400.00	22,547,000.00
Provident Fund Contribution	66,734,480.00	37,584,000.00
Training Fees	9,965,118.00	10,550,150.00
Gratuity	30,000,000.00	10,000,000.00
Social Security Contribution	22,062,999.00	13,596,950.00
Staffs welfare contribution	89,200,000.00	10,000,000.00
Interest on staff welfare fund	21,910,314.77	13,725,178.51
	2,363,621,880.53	**1,543,448,342.54**
Other Operating Expenses		
Honorarium Fee	27,034,583.00	18,997,917.00
B.O.D Meeting Expenses	19,725,000.00	10,800,000.00
Audit Fees	13,725,000.00	3,000,000.00
Consultant fees	6,563,050.00	1,534,600.00
Printing & Stationary	53,651,548.00	42,651,017.00
Rental	58,686,400.00	49,187,810.00
Insurances	15,694,496.31	15,247,667.48
Electricity	50,974,628.00	47,579,458.00
Repairs & Maintenance	98,318,578.86	40,877,841.36
Transportation Expenses	22,908,593.00	15,534,056.00
Postage & Telex Expenses	86,303,474.00	67,218,721.00
Taxes	5,206,770.00	3,433,719.00
Travelling Expenses	39,587,606.00	40,560,447.00
News, Magazine & Books	1,580,146.00	1,458,950.00
License Fees	51,457,895.00	92,831,231.00
A.G.M Expenses	21,468,950.00	17,049,000.00
Oil & Lubricants	99,009,791.00	108,657,258.00
Entertainment	53,377,582.00	39,216,962.00
Meal Allowances	355,977,700.00	325,375,880.00
Donations	20,907,308.00	31,462,990.00
General Expenses	100,217,766.65	73,975,922.68
Advertisement	4,831,300.00	4,082,000.00
Commission & Services Exp:	27,887,482.56	30,513,542.33
Expenditure IB	1,828,979,426.11	208,363,214.50
Settlement fees for MICB	60,000.00	60,000.00
CBM Net MCH Fees	4,432,600.00	-
Depreciation	325,746,803.34	222,161,740.14
Amortization	77,254,856.87	82,896,466.87
	3,471,569,334.70	**1,594,728,411.36**

Annexure (3)

MYANMAR CITIZENS BANK LIMITED

Analysis and Ratios Statement

Balance Sheet Ratios - (For Liquidity and Solvency Position)

As at March 31, 2016

	KYAT (Million)	PERCENTAGE (%)	
		2016	2015
ASSETS			
Cash & Cash Equivalent	66,717	30.02	26.44
Loans & Overdrafts	115,276	51.87	55.64
Advances and Other Receivable	32,121	14.45	14.45
Property, Plant & Equipment	8,056	3.63	3.39
Intangible	59	0.03	0.08
Total Assets	222,229	100.00	100.00
EQUITY & LIABILITIES			
Capital - Paid up	49,870	22.44	23.70
Reserves & Retained Earning	11,597	5.22	4.97
Provision for Income Tax	1,788	0.81	0.82
Total Deposits	144,370	64.96	65.90
Other Liabilities, etc.	14,604	6.57	4.61
Total Equity & Liabilities	222,229	100.00	100.00

myd:\Mya-citizen state.XLS\Cp5

Annexure (4)

MYANMAR CITIZENS BANK LIMITED

INCOME STATEMENT-RATIOS

YEAR ENDED 31 MARCH 2016

	KYAT	KYAT	Percentage (%)	
	2016 (Million)	2015 (Million)	2016	2015
Total Operating Income			100.00	100.00
Interest Income	16,122.66	10,072.23		
Interest Expenses	(8,994.76)	(6,079.91)		
Net Interest Income	7,127.90	3,992.32	55.12	48.42
Other Operating Income	5,802.72	4,252.76	44.88	51.58
Total Operating Income	12,930.62	8,245.08	100.00	100.00

myd:\Mya-citizen state.XLS\Cp5

Annexure (5)

MYANMAR CITIZENS BANK LIMITED

STATEMENT OF CASH RESERVE POSITION & RATIOS

AS AT 31 MARCH 2016

		2016 (%)	2015 (%)
1.0	Total Cash Balances to Total Deposits	28%	25%
2.0	Cash & Cash equivalent to Total Deposits	63%	55%
3.0	Total Loans to Total Deposits	80%	84%
4.0	Total Loans to Shareholders' Equity	187%	194%
5.0	Total Loans to Deposits plus Shareholders' Equity	56%	59%
6.0	Total Deposits to Issued & Paid up Capital	2.89 times	2.78 times